www.burmeseclassic.com



www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


သူတို့အရေး
၄။ မောင်သန်းထွန်း
ရွှေချစ်သူမှ ရွှေချစ်သူသို့
၁၀။ ဝင်းငြိမ်း
ရွှေမင်းသား၊ ရွှေမင်းသမီး
၁၆။ ခင်လေးမြင့်
သူများခိုင်းတဲ့အတိုင်း
ရုပ်သေးရုပ်လို
မလုပ်ချင်ဘူး

One Minute Interview
၂၄။ ခင်လေးမြင့်
ခင်ဆွေဦး၊ ခင်မြဇင်
ချစ်သုဝေ၊ စန္ဒီမြင့်လွင်

လူမှုဝန်းကျင်
၃၂။ ခင်လေးမြင့်
မတည့်အတူနေမယ့်
ဝိုင်းစုခိုင်သိန်းနဲ့
ဥက္ကာမြင့်ကြူ
၄၄။ ခင်လေးမြင့်
မြန်မာဖက်ရှင်
ရက်သတ္တပတ်

ရွှေရုပ်ရှင်
၃၈။ ခင်လေးမြင့်
နှင်းဆီနန်းတော်

နိုင်ငံတကာစာမျက်နှာ
ရီတာအောင် (NY) ၅၀။
စန်ဒရာဘူးလော့ခ်
ဇာနည်ညီမိုး ၅၆။
ဆွဲဆောင်မှုအရှိဆုံး
သက်ရှိအမျိုးသား(၂၀၁၃)
ရာပြည့် ၆၂။
EMINEM နှင့်တွေ့ဆုံခြင်း
ဝင်းငြိမ်း ၈၀။

ရမ္ဘက်ဇော
ရွှေနှလုံးသား
မောင်ဖြိုးကျော်(ပဉ္စမ) ၉၀။
အရောင်ဆိုးခြင်း

ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
တင်မိုး ၁၈၈။
ပန်းဖြူတစ်ပွင့်

ရွှေဝတ္ထုရှည်စ/ဆုံး
စံပယ်ဖြူနု ၁၂၄။
အခွဲအခွာ
မင်းဝေဟင် ၂၀၀။
သတ္တယ်ကျွန်းသား

ရွှေအခန်းဆက်ဝတ္ထုရှည်
ခင်ခင်ထူး ၂၄၂။
တောမင်းသမီး

ရွှေဝတ္ထု
၁၀၄။ လင်းခက်နွယ်
မျက်နှာဖုံးတပ်သူများ
၁၁၈။ ငွေလင်းယော်ဦး(မိုးကုတ်)
ဆောင်းညမှုန်ပြာရီ
၁၃၈။ မင်းတင်ထွဋ်
မန်ကျည်းကိုးပင်
၁၄၄။ ထွန်းတောက်ထွန်း
(သင်္ချာ)
သစ္စာအရောင်မည်း
အမှောင်ထဲမှာ
၁၆၂။ မြသွေးနီ
အရွေ့
၁၇၂။ ခင်သန္တာ
ထွက်ပေါက်
၁၈၀။ လှမိုးသစ်
(ကျောက်ဆည်)
အမိအရာ
၂၁၀။ ကျော်ညီလွင်
(ကျောက်ဆည်)
ငှက်ကလေးရေ
၂၁၈။ ယဉ်ယဉ်နု(မန္တလေး)
လမ်းခွဲ

ရသစာတမ်း
၁၅၈။ ရဲသျှမိုး
ငြိစွန်းမှတ်




www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၉၀၊ ဇန်နဝါရီ၊ ၂၀၁၄

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည်

## ရွှေသုတ


**မေတ္တာဦး** ၅၂။
မသေခင်သွားရမယ့်
နေရာပေါင်း
တစ်ထောင်(၈)

**မင်္ဂလာရွှေမောင်း** ၉၈။
စာကောင်းကင်က
လင်းလက်ကြယ်

**မောင်သန်းဆွေ၊ ထားဝယ်၊** ၁၁၂။
ဓမ္မစေတီ
ခေါင်းလောင်းတော်ကြီး
ရှင်းတမ်း

**မောင်စွမ်းရည်** ၁၃၄။
အသည်းညွှန့်မှာ
ကွန့်မြူးသည့်
လိပ်ပြာ

**မောင်သာရ** ၁၅၀။
America ကလာတဲ့
စာတစ်စောင်(၂)

**မောင်ခင်မင်၊ ဓနုဖြူ၊** ၁၇၀။
မြန်မာပြော
အင်္ဂလိပ်ပြော(၄)

**မြင့်သန်း** ၁၉၂။
တတ်လို့ရေးတဲ့စာ

**မောင်အင်း၊ ဥက္ကံ၊** ၂၃၈။
...တ်မဆုတ်နဲ့ ရွှေကလောင်


## ရွှေအသစ်


၂၂၆။ ---------------
၂၄၂။ ---------------



အယ်ဒီတာအဖွဲ့-
တိုက် (၂၁/၂၃)၊ အခန်း (၃-၀၃)၊
၅၂ လမ်း(အောက်ဘလောက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၉၀၁၀၁၁၅
**Email :**
**nyeinfamily@gmail.com**
မျက်နှာဖုံး၊ မေတ္တာလက်ဆောင်နှင့်
အတွင်းပုံနှိပ်သူ
ဦးညာဏ်လှိုင် (၀၅၂၅၃)၊ ဗမ္မာတလှပုံနှိပ်တိုက်
အမှတ် ၁၁၁၀၊ ရွှေတောင်ကြား ၅ လမ်း၊
၆၃ ရပ်ကွက်၊ စက်မှုဇုန် တောင်ဒဂုံ၊ ရန်ကုန်မြို့။
ရွှေထုတ်ဝေသူ -
ဦးညာဏ်လှိုင် (၃၇၁၀)၊ အမှတ် ၁၃၃၊
လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ရွှေဖြန့်ချိရေး -
ဗမ္မာတလှစာပေ၊ အမှတ် ၁၃၃၊
လမ်း ၄၀၊ ကုန်သည်လမ်းနဲ့
မဟာဗန္ဓုလလမ်းကြား၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၈၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅
**E-mail :**
**zabutalu@gmail.com**
**Available at :**
**iTune Store**






www.burmeseclassic.com

www.burmeseclassic.com



သီးလေးသီးလူရွှင်တော်မင်းသမီးများနဲ့ မင်းသားအဖြစ်
အဆိုတော်သရုပ်ဆောင် ထွန်းထွန်း(Examplez)တို့က နှစ်ပါးသွားကပြတင်ဆက်ခဲ့ကြပါတယ်



အဆိုတော်သရုပ်ဆောင် ထွန်းထွန်း(Examplez) နဲ့
လူရွှင်တော်မင်းသမီးများရဲ့ ဖျော်ဖြေတင်ဆက်မှု



အိချောပို၊ ခိုင်သင်းကြည်နဲ့ သက်မွန်မြင့်တို့ရဲ့ဖျော်ဖြေတင်ဆက်မှု



လူရွှင်တော်များအဖြစ် မြင်တွေ့ရတဲ့
အေးမြတ်သူ၊ အိချောပိုနဲ့
လင်းဇာနည်ဇော်



လူရွှင်တော်များအဖြစ် ကပြတင်ဆက်ခဲ့ကြတဲ့ အိချောပို၊ ခိုင်သင်းကြည်
လင်းဇာနည်ဇော်၊ အေးမြတ်သူ၊ သက်မွန်မြင့်နဲ့ ဇာဂနာ

www.burmeseclassic.com

www.burmeseclassic.com


# သူတို့အရေး



## Junction ဈေးဝယ်စင်တာများ ၁၄ နှစ်ပြည့် အလှူပွဲကျင်းပ

Junction Shopping Mall များ တည်ထောင်ဖွင့်လှစ်ခြင်း ၁၄ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ Junction Square ရှေ့ရှိ ရင်ပြင်မှာ မသန်စွမ်းကျောင်းများအတွက် အလှူပွဲအဖြစ် ဇာဂနာ၊ အရိုင်းတို့ စီစဉ်တဲ့ **အလှူတော်ပွဲခင်းသာ** နှစ်ပါးခွင်အစီအစဉ်တင်ဆက်ခဲ့ပါတယ်။ ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြတဲ့ သက်မွန်မြင့်၊ လင်းဇာနည်ဇော်၊ ခိုင်သင်းကြည်၊ အေးမြတ်သူ၊ ရွှေမှုံရတီ၊ အိချောပိုတို့က ဇာဂနာ၊ အရိုင်းတို့နဲ့အတူ လူရွှင်တော်များအဖြစ် ကပြကြပြီး သီးလေးသီးအဖွဲ့မှ လူရွှင်တော်တို့က မင်းသမီးများ၊ အဆိုတော်သရုပ်ဆောင် ထွန်းထွန်း(Examplez)က မင်းသားအဖြစ် နှစ်ပါးသွားကပြ ကြပါတယ်။

❑



ရုပ်ရှင်နဲ့ ဗီဒီယိုရိုက်ကူးရာမှာ ဇာတ်လမ်းစိစစ်နေပြီဖြစ်တဲ့ ထွန်းအိန္ဒြာဗိုက ရုပ်မြင်သံကြားအစီအစဉ်များမှာ တင်ဆက်နေတဲ့ အဆိုပြိုင်ပွဲအစီအစဉ်များကို စိတ်ဝင်စားတဲ့အဆိုတော်ဖြစ်ခြင်းကြောင့် Channel 7 မှ တင်ဆက်နေတဲ့ **အိပ်မက်ဆုံရာ** အစီအစဉ်မှာ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ပေးတော့မယ်လို့ သိရပါတယ်။ **အိပ်မက်ဆုံရာ** မှာ ရေဗက္ကဝင်း၊ ကော်နီ၊ ဖြူဖြူကျော်သိန်းတို့က အကဲဖြတ်ဒိုင်များအဖြစ် ပါဝင်ဆောင်ရွက်ပေးဖူးပြီး ယခု ထွန်းအိန္ဒြာဗိုကို ကမ်းလှမ်းလာခြင်းဖြစ်ပါတယ်။

❑

## အိပ်မက်ဆုံရာမှာ တွေ့ရမယ့် ထွန်းအိန္ဒြာဗို



အိပ်မက်ဆုံရာမှ ဒိုင်အဖြစ် ကမ်းလှမ်းခံရတဲ့ ထွန်းအိန္ဒြာဗို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်းအနုပညာရှင် အဆိုတော် MOS


Pee Mak ဇာတ်ကားထဲမှ
မင်းသမီး Davika Hoorne

www.burmeseclassic.com

www.burmeseclassic.com

# သူတို့အရေး

ရွှေအမြုတေရုပ်စုံမဂ္ဂဇင်း အမှတ် ၂၉၀၊ ဇန်နဝါရီ၊ ၂၀၁၄



မင်းသမီး Davika Hoome နဲ့ စိုင်းစိုင်းခမ်းလှိုင်

## ထိုင်းအနုပညာရှင်များ မြန်မာအနုပညာရှင်များနှင့်တွေ့ဆုံ


ဒီဇင်ဘာလ ၁၂ ရက်နေ့မှာ စတင်ဖွင့်လှစ်တဲ့ ၂၇ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်အကြိုလှုံ့ဆော်ရေး အစီအစဉ်အဖြစ် ထိုင်းနိုင်ငံမှ နာမည်ကြီး အမျိုးသမီးသရုပ်ဆောင်ဖြစ်တဲ့ Davika Hoome (Pee Mak မင်းသမီး)နဲ့ အဆိုတော် MOS တို့ ဒီဇင်ဘာလ ၃ ရက်နေ့က ရောက်ရှိလာကြပြီး Junction Square ရင်ပြင်မှာ မြန်မာအနုပညာရှင်များဖြစ်တဲ့ သိန်းလင်းစိုး၊ မိစန္ဒီ၊ နန်းမြတ်ဖြိုးသင်း၊ ဩရသ၊ ထွန်းထွန်း (Examplez)၊ ဂျောက်ဂျက်၊ ဟဲလေး၊ဘန်နီဖြိုး၊ Snare အဖွဲ့ တို့နဲ့အတူ ဖျော်ဖြေကြပါတယ်။ ဒီပွဲမှာ မိုးစက်ဝိုင်ကလည်း ကူညီအားဖြည့်ပေးခဲ့ပါတယ်။

❑

တေးချစ်ပရိသတ်များက လိုက်ဖက်တယ်လို့ အားပေး ကြတဲ့ သရုပ်ဆောင်၊ ဒါရိုက်တာ ဘုဏ်းသိုက်နဲ့ အဆိုတော်၊ သရုပ်ဆောင် ချမ်းချမ်းတို့ ဇနီးမောင်နှံမှာ ပထမဆုံးရင်သွေး လေး ရတော့မယ်လို့ သိရပါတယ်။

❑

## မိခင်လောင်း ချမ်းချမ်း



ကိုယ်ဝန်ဆောင်ထားရပြီဖြစ်တဲ့ ချမ်းချမ်း



www.burmeseclassic.com

www.burmeseclassic.com




စာကြည့်တိုက်ဖွင့်ပွဲမှာ မိသားစုများနဲ့ အမှတ်တရ




စာကြည့်တိုက်ဖွင့်ပွဲကို တက်ရောက်လာကြသူများ

နေအိမ်မှာ ပြုလုပ်တဲ့ ဒွေးနွေးအလှူကိုလည်း
မိတ်ဆွေများ စုံညီစွာ တက်ရောက်ခဲ့ကြပါတယ်

# ကြည်စိုးထွန်းစာကြည့်တိုက် ဖွင့်လှစ်

ဒီဇင်ဘာလ ၉ ရက်နေ့က အသက် ၆၈ နှစ်ပြည့်ခဲ့သော အကယ်ဒမီများရှင် ဒါရိုက်တာ ကြည်စိုးထွန်းက သူ့ဇာတိမြေ ရွှေဘိုမြို့နယ် ပန်းတောင်းကျေးရွာမှာ **ကြည်စိုးထွန်းစာကြည့်တိုက်** အမည်နဲ့ စာကြည့်တိုက်တစ်ခုကို ဒီဇင်ဘာလ ၇ ရက်နေ့က ဖွင့်လှစ်ပေးခဲ့ပါတယ်။ စာကြည့်တိုက်ဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးကိုယ်တိုင် တက် ရောက်ချီးမြှင့်ခဲ့တယ်လို့ သိရပါတယ်။ စာကြည့်တိုက်ဖွင့်ပွဲ မတိုင်ခင် ၆ ရက်နေ့ညက စာပေဟောပြောပွဲကျင်းပပေးရာမှာ စာရေးဆရာမ နုနုရည်အင်းဝ၊ အကယ်ဒမီဆွေဇင်ထိုက်တို့က စာပေရေးရာများဟောပြောခဲ့ကြပြီး ဆရာ ဦးအောင်ကျော်တိုး(အောင်၊ ရန်ကုန်တက္ကသိုလ်)နဲ့ သရုပ်ဆောင် အကယ်ဒမီ မျိုးသန္တာထွန်းတို့က စင်တင်အင်တာဗျူးတင်ဆက်ပေးခဲ့တဲ့အတွက် ပရိသတ်များသဘောကျခဲ့ကြတယ်လို့ ဆိုပါတယ်။ ဒီဇင်ဘာလ ၉ ရက်နေ့ကလည်း ဦးကြည်စိုးထွန်းနေအိမ်မှာ မိတ်ဆွေများကို နံနက်စာကျွေးခြင်း ဧည့်ခံကျွေးမွေးခဲ့ပါသေးတယ်။ ❑



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်တာစာပေဆုရ (ဒေါ်)ခင်ဆွေဦး၊ (ဦး)အောင်သင်း၊ သိပ္ပံမျိုးတင်



ဘာသာပြန်(သုတ) စာပေဆုအတွက် 'မြန်မာပြည်မှ ...ကျောက်များ' စာအုပ်ဖြင့် စာရေးဆရာ အောင်မြင့်ကြွယ်က ...ခဲ့ပါတယ်



စာပေဗိမာန်ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ ဗိုလ်လွင်ဘိုဘိုအောင်

## ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆု ချီးမြှင့်

နှစ်စဉ်နှစ်တိုင်း ပြန်ကြားရေးဝန်ကြီးဌာနမှ ချီးမြှင့်လေ့ရှိတဲ့ အမျိုးသားစာပေဆုနဲ့ စာပေဗိမာန်စာမူဆုချီးမြှင့်ပွဲကို ၂၀၁၂ ခုနှစ်အတွက် ရွေးချယ်ရာမှာ ရွေးချယ်ရေးမူများပြောင်းပြီး ဒီဇင်ဘာလ ၃ ရက်နေ့ နံနက်က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံမှာ ချီးမြှင့်ခဲ့ပါတယ်။ နှစ်စဉ်တစ်သက်တာစာပေဆုတစ်ဦးတည်းကိုသာ ချီးမြှင့်ခဲ့ရာက ဒီနှစ်မှာမူပြောင်းပြီး ဆရာကြီး၊ ဆရာမကြီးသုံးဦးတို့ကို ချီးမြှင့်ပေးခဲ့ပါတယ်။ ဆရာကြီး ဦးအောင်သင်း၊ ဆရာကြီး သိပ္ပံမျိုးတင်၊ ဆရာမ ကြီး ဒေါ်ခင်ဆွေဦးတို့ကို ပြန်ကြားရေးဝန်ကြီးဌာနမှကျပ် ၁၅ သိန်းစီ ချီးမြှင့်တဲ့အပြင် သမ္မတကြီး ဦးသိန်းစိန်နဲ့မိသားစုတို့က ကျပ် ၅ သိန်းစီ၊ ဒုတိယသမ္မတ ဦးညွန့်ထွန်းမိသားစုတို့က ကျပ် ၄ သိန်းစီ၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မိသားစုတို့က ကျပ် ၅ သိန်းစီကန်တော့ခဲ့ကြကြောင်း သိရပါတယ်။ ဒီနှစ်အမျိုးသားစာပေဆုပေးပွဲမှာ ဒုတိယသမ္မတ ဦးညွန့်ထွန်းကိုယ်တိုင်တက်ရောက်အမှာစကားပြောကြားပေးပြီး တစ်သက်တာ စာပေဆုများကို ချီးမြှင့်ပေးခဲ့ပါတယ်။ အမျိုးသားစာပေဆု ၁၃ ဆုနဲ့ စာပေဗိမာန်စာမူဆု ၂၆ ဆုတို့ကို တာဝန်ရှိပုဂ္ဂိုလ်များက အလှည့်ကျချီးမြှင့်ပေးခဲ့ကြပါတယ်။

■ အောင်သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com



(ရှေ့တန်း) မိုးစန်းဖွန့်(ရာမည)၊ မစန္ဒာ၊ ဒေါက်တာ ဒေါ်ခင်မေရ
မအိ၊ မိချမ်းဝေ၊ နှင်းဝေမြိမ်း၊ (နောက်တန်း) မျိုးမဥ္ဇူ၊ ခင်မြဇင်
သင်းသင်းသာ၊ မပိုင်း၊ တက္ကသိုလ်အေးမြစန္ဒာ

သို့

**ဦးလေးငြိမ်း**

အောက်တိုဘာလထုတ် ရွှေကိုဖတ်ပြီး ဆရာ မင်းလူကို သတိရလိုက်တာ။ ကျွန်တော့်ကို စာတွေဖတ်ချင်လာအောင် ဆွဲဆောင်တဲ့ စာအုပ်တွေထဲမှာ ဆရာ မင်းလူရဲ့ စာအုပ်တွေက အဓိကပါဝင်တယ်။ **ရယ်မောခြင်း လက်ရွေးစင်** စာအုပ်ကို ဖတ်တုန်းက မျက်ရည်ထွက်ရလောက်အောင် ရယ်ခဲ့တာကို သတိရနေမိတယ်။ ဆရာရဲ့ဝတ္ထု၊ ဆရာ့ကို အင်တာဗျူးထားတဲ့ စာတွေနဲ့အတူ သမီးဖြစ်သူ ယုယရဲ့ဝတ္ထုကိုပါ အတူဖတ်ရတာ ကို ဝမ်းသာမိပါတယ်။

ဆရာမ ယုယက ဆရာခြေရာကို နင်းနိုင်မယ့်သူလို့ ယုံကြည်ပါတယ်။ နောက်ပြီး ဆရာ့သမီးဖြစ်တဲ့ 'သူမ' ကိုလည်း ဟာတွေ၊ ကဗျာတွေ ရေးစေချင်ပါတယ်။ သူမရေးခဲ့တဲ့ ကဗျာလေးတစ်ပုဒ်ကို လက်ကမ်းကဗျာ စာအုပ်ကလေးတစ်အုပ်မှာ ဖတ်ဖူးပါတယ်။ ဆော်ဆော်လေး အဆင့်မြင့်တဲ့ ကဗျာလေးပါ။ ဟာရေးဆရာရဲ့ သားသမီးတွေကို 'ဟာရေးဆရာ'ဖြစ်စေချင်တာ ကျွန်တော့်ရဲ့ ငယ်စဉ်ကတည်းက စွဲနေတဲ့ ဆန္ဒတစ်ခုပါ။

ဒီလ ရွှေမှ ဆရာအောင်မြင့်ကျော်(ပခုက္ကူ)ရဲ့ ဟာကိုဖတ်ပြီး ဝမ်းသာကြည်နူး မှုဒိတာပွားမိပါတယ်။ ဆရာမ မြသွေးနီရဲ့ ဝတ္ထုက ငယ်ဘဝတွေကို ပြန်လွမ်းစေပါတယ်။ ဆရာမ ယုဉ်ယဉ်နု(မန္တလေး)ရဲ့ **အုပ်ကြီးကတစ်ရာ နှစ်ရာ** ဝတ္ထုက ဒီနေ့ခေတ်ကို ပေါ်လွင်စေပါတယ်။ ဒီလရဲ့ အကြိုက်ဆုံးဝတ္ထုကတော့ ဆရာနေဇင်လတ်ရဲ့ **နောက်ဆုံးအချိန်ကို ဖြတ်သန်းနေရသော အမေ**ပါ။ သားတစ်ယောက်ရဲ့တာဝန်တွေကို အကောင်း ဆုံးနည်းနဲ့ ကျေပွန်အောင် ထမ်းဆောင်နေတဲ့ဆရာ့ကို လေးစား မိပါတယ်။

ဦးလေးငြိမ်းရေ စာရှည်သွားတဲ့အတွက် သည်းခံပါနော်။

**ဦးလေးငြိမ်း၊ ဆရာမ မသီတာ(စမ်းချောင်း)နှင့်တကွ**
**ရွှေအဖွဲ့သားအားလုံး ကျန်းမာပျော်ရွှင်ပါစေ။**
နေလင်းထွေး(ချောင်းဦး)

*ရွှေအမြုတေမှာပါတဲ့စာတွေကို ကြိုက်တယ်ဆိုတဲ့ အတွက် ကာယကံရှင်များကိုယ်စား ကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့လည်း အားပေးပါ။*

❑

သို့

ရွှေချစ်သူမှ ရွှေချစ်သူသို့

လေးစားရပါသော ဦးဝင်းငြိမ်းခင်ဗျာ…

ကျန်းမာပျော်ရွှင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ဆရာကြီးရှင့် သမီးသိချင်တာလေး တစ်ခုရှိလို့ ဖြေကြားပေးပါဦးရှင့်။ အဆိုတော် မအိုင်ရင်းဇင်မာမြင့်၊ ကိုရဲရင့်အောင်နဲ့ ကိုကောင်းကောင်းတို့ရဲ့ အနုပညာလှုပ်ရှားမှုလေးကို သိချင်လို့ပါ။ မအိုင်ရင်းဇင်မာမြင့်ရဲ့ နောက်ထွက်မယ့် သီချင်းအသစ်တွေကိုလည်း အားပေးနေပါတယ်ရှင်။ နောက်ဆုံးတစ်ခု အနေနဲ့ မအိုင်ရင်းဇင်မာမြင့်၊ ရဲရင့်အောင်နဲ့ ကိုကောင်းကောင်းတို့ရဲ့ ဖုန်းနံပါတ်နဲ့ လိပ်စာအပြည့်အစုံကို ပြောပြပေးစေချင်ပါတယ်။

သမီးအရမ်းနှစ်သက်မြတ်နိုးရတဲ့ မမနှင့် ကိုကို ဒီထက်မက အောင်မြင်ကျော်ကြားတဲ့ အဆိုတော်များဖြစ် ထာဝရရပ်တည်သွားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ အနီးဆုံးလတွင် ဖော်ပြပေးစေချင်ပါတယ်။

ရှိသေလေးစားစွာဖြင့်
ဖွဲ့ပြည့်

သမီး ဖွဲ့ပြည့်က ရွှေအမြုတေရဲ့ ဖုန်းကို မသိဘူးလို့ ထင်ပါတယ်။ ရွှေချစ်သူမှ ရွှေချစ်သူသို့ ကဏ္ဍမှာ တယ်လီဖုန်းနံပါတ်မေးတာတို့၊ လိပ်စာမေးတာတို့ကို ပြန်ကြားလေ့မရှိပါဘူး။ သမီး ဆုတောင်းတာကို သူတို့ကြားရင် ကျေးဇူးတင်ကြမှာပါ။

❏

သို့...

လေးစားချစ်ခင်ရပါသော ဆရာဦးဝင်းငြိမ်းနဲ့ ရွှေအမြုတေ ဒိုင်းတော်သားများ မင်္ဂလာပါရှင်။

ဆရာရေ၊ ဒီတစ်သက် ဆရာ့လက်ကထွက်ရတဲ့ စာရေးဆရာ ဖြစ်ပါတော့မလားနဲ့ အမြဲတမ်းဝမ်းနည်းအားငယ်နေတဲ့ စိတ်တွေကို ချေဖျက်ခွင့်ရလိုက်တဲ့အတွက် ကျေးဇူးအနန္တပါ။ ဆရာ့ရဲ့ နှစ်ကြောင်းရေး တစ်ကြောင်းခြစ်ကြောင့် မွေးဖွားရှင်သန်ခွင့်ရခဲ့တဲ့ ကလောင်ပါ။

ဆရာရေ၊ ဆုပေးပွဲကြီးလည်း နီးလာပြီ။ ရလေ လိုလေ ဆိုတာတွေဆိုတော့လည်း ဆရာ့မွေးနေ့ တက်ရောက်ခွင့်လေးကတော့ တစ်ဆင့်တက်လာတဲ့ အိပ်မက်လေးပေါ့။ ဆရာ့ကို သတိရလို့ ရေးလိုက်တာပါ။ ဝေဖန်အကြံပြုချက်တွေလည်း လုပ်တတ်ပါဘူး။ ဒါပေမဲ့ ရွှေအသစ်ကို အသက်ကန့်သတ်ချက် မထားပါဘူးဆိုလို့ ကျေးဇူးတင်လိုက်တာ။ မဟုတ်ရင် နောင်ဘဝမှပဲ ရွှေအသစ်မှာ ပါခွင့်ရဖို့ ကြိုးစားရမလို ဖြစ်နေပြီပါ။

ဆရာ ကျန်းမာပျော်ရွှင်စွာနဲ့ ရွှေအမြုတေကြီးကို ၂၄ နှစ်သားမှစ၍ နောင်နှစ်များစွာတိုင် ပြုစုယုယနိုင်ပါစေရှင်။

ဆရာ့ရဲ့တပည့်
မေ(လားရှိုး)

ဟုတ်ကဲ့၊ ဆရာမရဲ့ဝတ္ထုကို ဖတ်ပြီးသူတိုင်းက ရွှေအသစ်တစ်ယောက် မဖြစ်နိုင်ဘူး။ ဆရာ၊ ဆရာမပေါင်း တစ်ဦးဦး ကလောင်နာမည်အသစ်နဲ့ ပြန်ရေးတာလို့ ယူဆကြပါတယ်။ နောက်ထပ် စာမူများ ရေးသားပါဦးလို့ တိုက်တွန်းချင်ပါတယ်။

❏

လေးစားရပါသော ဆရာဦးဝင်းငြိမ်းနှင့် ရွှေအမြုတေ အဖွဲ့သားများသို့...

ရွှေအမြုတေက ကျွန်မ လစဉ်ဖတ်နေကျ မဂ္ဂဇင်းတွေထဲက တစ်အုပ်ပါ။ မဂ္ဂဇင်းတွေကို စာရေးလေ့မရှိဖူးပါဘူး။ ဒါပေမဲ့ စက်တင်ဘာရွှေထဲမှာ ပါတဲ့ဝတ္ထုတိုတွေရော၊ ဝတ္ထုရှည်တွေရော အားလုံးလိုလိုကောင်းလွန်းလို့ အရမ်းကြိုက်တယ်ဆိုတဲ့အကြောင်း ပြောချင်လို့ပါ။ အောက်တိုဘာလထုတ် မဖတ်ရသေးပေမဲ့ နိုဝင်ဘာရွှေထဲက ဝတ္ထုတွေကို စက်တင်ဘာလထုတ်လောက် မကြိုက်ပါဘူး။

ကျွန်မက မဂ္ဂဇင်းတစ်အုပ်လုံး ဖတ်နေကျဆိုတော့ သဘောကျတဲ့ ဝတ္ထုတွေဆိုရင် မှတ်ထားပြီး မောင်လေးနဲ့ ညီမလေးကို ဖတ်ခိုင်းပါတယ်။ သူတို့ကလည်း တစ်အုပ်လုံး မဖတ်ချင်တော့ ကျွန်မကို ရွေးခိုင်းပါတယ်။

စက်တင်ဘာလရွှေကိုတော့ အမှတ်တင်ထင်ဖြစ်မိလို့ လတိုင်း စက်တင်ဘာလရွှေလိုမျိုး ကိုယ်အကြိုက်တွေ့တဲ့စာတွေ များများပါရင် ကောင်းမယ်လို့တွေးမိတဲ့အထိပါပဲ။ နိုဝင်ဘာရွှေမှာ ဆရာရွှေမောင်းက ကျွန်မကြိုက်တဲ့ စက်တင်ဘာရွှေအကြောင်း ပြောထားလို့ ဝမ်းသာရပါတယ်။

နိုင်းဝမ်း၊ အောင်ရဲလင်း၊ ထွန်းကိုကို၊ နန်းခင်ဇေယျာ၊ မိုးစက်ပိုင်၊ ရှုရှနိုင်တို့ကိုလည်း ရွှေအမြုတေမှာ အမြဲအဖြစ် စဉ်းစားပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆရာဦးဝင်းငြိမ်းနဲ့ ရွှေအမြုတေအဖွဲ့သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းလျက်...

Aye Augusta Khaing (မိတ္ထီလာ)

စက်တင်ဘာလထုတ်ကို ကြိုက်တယ်ဆိုလို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့မှာ တစ်လနဲ့တစ်လ မာတိကာမထပ်



ဖြိုးအင်း၊ ဗင်းဝေဟာင်၊ ဂုဿဲဇွန်၊
စံပယ်ဖြူနု၊ ယုယ၊ မြေမှုန်လွင်နဲ့ ဝင်းသန္တာ



www.burmeseclassic.com

www.burmeseclassic.com



နန်းခင်ဇေယျာ၊ ပြေတီဦးနဲ့ အိန္ဒြာကျော်ဇင်

*ရအောင် ဆရာ၊ ဆရာမများကို ရွေးချယ်ဖော်ပြပေးနေတာ ဖြစ်ပါတယ်။ ပရိသတ် စိတ်နှလုံးနဲ့ တစ်ထပ်တည်း ကျသွားတဲ့ဝတ္ထုတွေ ရှိသလို မကျေနပ်တဲ့ဝတ္ထုတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ ကျွန်တော်တို့ ကြိုးစားပြီး ရွေးချယ်ဖော်ပြပေးသွားပါ့မယ်။*

❑

သို့

လေးစားအပ်ပါသော ဆရာဦးဝင်းငြိမ်းခင်ဗျာ

ရွှေချစ်သူမှ ရွှေချစ်သူသို့ကဏ္ဍရဲ့ စာမျက်နှာတစ်စိတ်တစ်ပိုင်းကို မဖြုန်းချင်ဘဲ ဖြုန်းလိုက်ရပြန်ပြီ ဆရာရေ။ 'နိုဝင်ဘာ'ကပဲ ကျွန်တော့်ကို အကျိုးမပေးသလား၊ **'ဗိုင်းရပ်စ်'** ဆိုတဲ့ စာမူခေါင်းစဉ်ကလေးကပဲ 'ဗိုင်းရပ်စ်'ဝင်နေတာလား ဆိုတာ ကျွန်တော်တော့ မစဉ်းစားတတ်အောင် ဖြစ်နေပါတယ်။ ၂၀၁၃ နိုဝင်ဘာမှာ မိဘလက်ထဲ ပြန်အပ်လိုက်ရတဲ့ ကျွန်တော့်ရဲ့ 'ဗိုင်းရပ်စ်'စာမူလေးကို ၂၀၁၂ ဒီဇင်ဘာမှာ ဒုတိယအကြိမ် ပြန်ခိုးလိုက်ရတာ ကျွန်တော့်အနေနဲ့ မှတ်မှတ်ထင်ထင်ရှိခဲ့ပါတယ်။(ပထမဆုံး ပုံနှိပ်စာမူလေးမို့ထင်ပါရဲ့)

အကောင်းဘက်က ရှာကျွန်လှည့်တွေးရင်တော့ 'ရွှေ' ပရိသတ်တချို့ရဲ့ ရင်ထဲ တစ်လက်မလောက် ပိုရောက်ချင်ရောက်သွားမှာပေါ့။(အဲလိုပဲ ကိုယ့်ကိုယ်ကို နှိမ့်ချတွေးတတ်တာက အကျင့်ကြီးတစ်ခုလို ဖြစ်နေပြီဆရာ) ဒါနဲ့ လိုရင်းပြောရရင် ၂၀၁၂ ဒီဇင်ဘာမှ ၂၀၁၃ နိုဝင်ဘာထိ ရွေးချယ်ဖော်ပြခံရသော ရွှေအသစ်ပုဒ်ရေ လေးဆယ့်ငါးပုဒ်ထဲက ပရိသတ်အကြိုက် ရွေးချယ်ခြင်း စာမျက်နှာမှာ မြတ်သောခေတ်ရဲ့ **'ဗိုင်းရပ်စ်'**ကို မမြင်မတွေ့ ရတော့ ထူးဆန်းသလို ခံစားရတာ ကျွန်တော်များ သံသယကြီးနေပြီလားလို့ မညှာမတာ တွေးကြည့်ပါတယ်။ 'ငါ'မှ'ငါ'လို့ ကိုယ့်ကိုယ်ကို သွေးနားထင်မရောက်တတ်ဘူးဆိုပေမဲ့ မှတ်ကျောက်တင်စာရင်းထဲ အသိအမှတ်ပြု မခံရအောင်တော့ ကျွန်တော် မမျှော်လင့်ထားပါဘူး။ တစ်ခုတော့ ရှိပါရဲ့ဆရာ။

စာစီသူရဲ့အမှား၊ စာရင်းပြုစုသူရဲ့ လွတ်ထွက်သွားတာမျိုး တစ်ခုခု ရှိကောင်းရှိနိုင်ပါတယ်။ တခြား ကျွန်တော်ဉာဏ်မမီတဲ့ 'ရွှေ'ရဲ့ စည်းမျဉ်းစည်းကမ်း တစ်ခုခု ရှိနေသေးရင်တော့ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံပေါ့ဆရာရယ်။ ရွှေဧည့်သည် အထူးကားတွေ ပေါ်ခါစအချိန်မှာ အမြဲတမ်း မတ်တတ်ရပ်နေကျ ကျွန်တော်က သိပ်တော့ အပြုံးမပျက်ဘူးဆိုပေမဲ့ ရွှေဧည့်သည်က ရွှေဧည့်သည်။ 'ရွှေ'ဧည့်သည်က 'ရွှေ' ဧည့်သည်လေ ဆရာရယ်။ ဆရာရေ။ ပြဿနာမဟုတ်တာကို ပြဿနာလို့ ခံစားနေတာက ကျွန်တော်မဟုတ်ပါဘူး။ မြတ်သောခေတ်ပါ။ ကိုယ်ကျိုးမကြည့်ဘဲ ရသစာပေဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက် အားစိုက်နေတဲ့····။

ဆရာကြီး ကျန်းမာပါစေ

မြတ်သောခေတ်

*ဆောရီးပါ။ ကျွန်တော် တောင်းပန်ပါတယ်။ စာရင်းပြုစုသူက ကျန်ရစ်သွားတာကို စာအုပ်ထွက်ပြီးမှပဲ သိကြပါတယ်။ ကျွန်တော်တို့က မေ့ပေမဲ့ စာဖတ်ပရိသတ်က ဆရာ့ဝတ္ထုကို မမေ့တာ သေချာပါတယ်။ စာရင်းမှာ မပါသွားခြင်းက မတော်တဆဖြစ်တာကြောင့် ကျွန်တော် အလေးအနက်တောင်းပန်ပါတယ်။*

❑

www.burmeseclassic.com

www.burmeseclassic.com

သို့

ဆရာဦးဝင်းငြိမ်းခင်ဗျာ

'အာစရိယ ဂုဏံ အပဟံဝန္ဒာမိပါ'

ကျွန်တော်က ရွှေအမြုတေမဂ္ဂဇင်းရဲ့ ပင်တိုင် စာဖတ်ပရိသတ်တစ်ဦးပါ။ ရွှေကို စွဲစွဲမြဲမြဲ ဖတ်လာတာ ဆယ်စုနှစ်တစ်ခုလောက်တော့ ရှိပါပြီ။ ကျွန်တော်တို့မြို့ဟာ ရန်ကုန်-စစ်တွေ ကားလမ်းမကြီးရဲ့နံဘေး ကစ္ဆပမြစ်နဒီရဲ့ နှုတ်ခမ်းပါးပေါ်တွင် တည်ရှိပါတယ်။ ရပ်ကွက်လေးခုရှိပြီး လူဦးရေသုံးသောင်းကျော် နေထိုင်ကြပါတယ်။ အများပြောအရဆိုရင် တောမြို့ကလေးပေါ့။ အီးပီစီ (EPC)က တစ်နေ့ကို လျှပ်စစ်မီး သုံးနာရီပေးတာနဲ့ လုံလောက်နေတဲ့မြို့ပါ။ အင်တာနက်မရှိ၊ ဘီယာဆိုင်မရှိ၊ ပန်းခြံမရှိတဲ့ မြို့ကလေးပါဆရာ။ (ON) ဖွင့်မရှိတော့ အရာရာ (OFF)အော့ဖ်ဖြစ်နေတဲ့ မြို့ပေါ့။ မြို့ရဲ့ရပ်ကွက်တိုင်းမှာ စာကြည့်တိုက်ကြီးတွေ ရှိကြပါတယ်။ ဖွင့်ပွဲတွေကို Show ပွဲတွေနဲ့ ပြုလုပ်ကြပါတယ်။ စာကြည့်တိုက်တွေတော်တော်များများ ဖွင့်ပြီးကြလို့ သီတင်းတစ်ပတ်အကြာမှာ ပိတ်ထားလိုက်ကြတာ သင်္ကြန်၊ ဝါကျွတ်(သီတင်းကျွတ်)ပွဲတော်တွေကျမှ ဆွမ်းဟင်းချက်ပြုတ်ဖို့ ပြန်လည်ဖွင့်ဖြစ်ကြတော့တယ်။

ကျွန်တော်တို့မြို့မှာ စာအုပ်၊ စာပေတွေ တော်တော် ရှားပါးပါတယ်ဆရာ။ အထူးသဖြင့် ရသစာပေတွေပါ။ ယခင်စာအုပ်အငှားဆိုင်တွေမှာ ရွှေအပါအဝင် အခြားနာမည်ကြီးမဂ္ဂဇင်းတွေ လေး၊ ငါး စောင်လောက်တော့ ငှားဖတ်လို့ရပါတယ်။ အခု စာအုပ်ဆိုင်တွေလည်း ဒေဝါလီခံသွားကြပါပြီ။ စာဖတ်ပရိသတ်တွေမှ မရှိတော့တာ။ မဂ္ဂဇင်းတစ်စောင် ဖတ်ချင်လို့မလွယ်ကူပါဘူး။ ဖတ်ချင်ရင် ကိုယ့်ဟာကိုယ် ဝယ်ဖတ်လိုက်ရုံပေါ့။ ဒါပေမဲ့ ကျွန်တော်တို့မြို့မှာ ထူးခြားနေတာက ရွှေကို တန်ဖိုးထားကြတဲ့ လူငါးယောက်လောက် ရှိနေပါသေးတယ်။ ရွှေဟာ ကျွန်တော့်မြို့ကို တစ်လတစ်စောင် ပုံမှန်ရောက်လာနေပါတယ်။ ရွှေဟာ ကျွန်တော်တို့မြို့ရဲ့ ဧည့်သည်မဟုတ်ပါဘူး ဆရာ။

သူနာပြုဆရာမကြီးတစ်ဦးက ရွှေကို လစဉ်ပေးဝယ်ဖတ်ပါတယ်။ သူ့မိသားစုက ရွှေခရေဇီ (Crazy)တွေပါ။ ကျွန်တော်အပါအဝင် ရွှေချစ်သူသုံးလေးယောက်ဟာ စီနီယာ အလိုက်အဲဒီဆရာမထံမှာ သွားငှားဖတ်ကြပါတယ်။ ကျွန်တော်က စာဖတ်နှေးတော့ နောက်ဆုံးကျမှ ဖတ်ပါတယ်။ ဆရာမက ရွှေချစ်သူမို့ ကျွန်တော်တို့ဟာလည်း ရွှေနဲ့အဆက်မပြတ်ခဲ့ပါဘူး။ သူက စာအုပ်ဖိုးကို တန်ရာတန်ကြေး မသတ်မှတ်ပေးဘူးဆရာ။ ဒါပေမဲ့ ကျွန်တော်တို့က တာဝန်သိစိတ်နဲ့ သူ့ကို ပူဇော်ကြတာ မင်္ဂလာရှိပါတယ်။

'ရသစာပေ ခွန်အားရှိပါစေ၊ ရွှေအမြုတေမဂ္ဂဇင်း အစွန့်ရှည်ပါစေ။ သူနာပြုဆရာမ သက်တော်ရာကျော်ရှည်ပါစေ' ကျွန်တော်တို့ရဲ့ ကြွေးကြော်သံတွေပါ။

ဆရာဦးဝင်းငြိမ်းရေ။

ဆရာ့ အင်တာဗျူး စာအုပ်တွေဖြစ်တဲ့ **ဓားတောင်ကိုကျော်၍ မီးပင်လယ်ဖြတ်ခဲ့သူ** (ဆရာမြသန်းတင့်)၊ **စာပေလူကြမ်းမင်းသား** (ဆရာအောင်သင်း) စာအုပ်တွေကို မတွေ့ရတော့ပါဘူး ဆရာ။ ပြန်လည် ထုတ်ဝေပေးစေချင်ပါတယ်။ ဆရာ့ ဆရာကြီးတွေရဲ့ မေတ္တာ၊ စေတနာတွေကို ဒီတစ်သက်မမေ့နိုင်လို့ပါ ဆရာရေ။ ပြီးတော့ ကျွန်တော်တို့လို ဝတ္ထုတိုရေးချင်ကြတဲ့ လူတွေအတွက် ဆရာဦးအောင်သင်း လမ်းခင်းပြသပေးခဲ့တဲ့ **အောင်သင်းအကြိုက်ဆုံး ဝတ္ထုတိုများ အတွဲ ၁+၂** စာအုပ်တွေကို ပြန်လည်ထုတ်ဝေပေးဖို့ ဆရာ့ကို ပြောပေးစေချင်ပါတယ်ဆရာ။ တကယ့်ကို အကျိုးရှိတဲ့ စာအုပ်မို့ပါ။ ရွှေအသစ်ကဏ္ဍမှာ ကျွန်တော့်စာမူကို ဖော်ပြပေးတဲ့အတွက် ဆရာ့အထူးကျေးဇူးတင်ပါတယ်။

ရွှေရင်ခွင်မှာ ရွှေချစ်ကြသူတိုင်း ကျန်းမာရွှင်လန်းနိုင်ကြပါစေ။

လေးစားစွာဖြင့်

ငြိမ်းမောင်၊ပုဏ္ဏားကျွန်း၊

*ရွှေကို ချစ်ခင်မြတ်နိုးစွာနဲ့ ခဲခဲယဉ်းယဉ်း အားပေးနေတဲ့ ဆရာမကြီးနဲ့ အဖွဲ့သားများကို အထူးကျေးဇူးတင်ပါတယ်။ ဖျော်ဖြေရေးတွေ အားကောင်းလာတာကြောင့် ရသစာပေက မေးမှိန်စပြုနေပါပြီ။ လုံးဝပျောက်မသွားအောင်တော့ ကျွန်တော်တို့လည်း ဝိုင်းဝန်းကြိုးစားနေပါတယ်။ ကျွန်တော့်အင်တာဗျူး*

အိမ့်ချစ်၊ နိုင်းဝမ်းနဲ့ အိုင်ရင်းဝေ်ဗာဖြင့်





www.burmeseclassic.com

www.burmeseclassic.com



နေတိုး၊ ဖစ်ဖစ်ထုန်နဲ့ R[illegible]

*များဖြစ်တဲ့ ခါးတောင်ကို ကျော်၍ မီးပင်လယ်ကို ဖြတ်ခဲ့သူ (ဆရာ မြသန်းတင့်)နဲ့ စာပေလျှကြမ်းမင်းသား (ဆရာ အောင်သင်း)တို့ အင်တာဗျူးနှစ်ခုကို ပေါင်းပြီး မန္တလေးမြို့မှ ပိတောက်ရုံ စာပေတိုက်က ထုတ်ဝေဖို့ စီစဉ်နေပါတယ်။ စာအုပ်ထွက်တဲ့အခါ အားပေးလိုက်ပါဦး။*

❑

သို့

ဦးဝင်းငြိမ်းရှင့်

ကျွန်မက ရွှေအမြုတေမဂ္ဂဇင်းကို ၅ တန်း၊ ၆ တန်း ကျောင်းသူဘဝက ဖတ်လာခဲ့တာ အခု အိမ်ထောင်ကျပြီး သားသမီးရတဲ့အထိလည်း အားပေးဖတ်ရှုနေဆဲဖြစ်ပါတယ်။ ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်းကဏ္ဍမှာ ငယ်ငယ်တုန်းက ဖတ်ခဲ့ရတဲ့ (ရှုမဝမဂ္ဂဇင်း)လို့ထင်ပါတယ်။ အထောက်တော်လှအောင်ရေးတာလားလည်း မသိပါဘူး။ တစ်နေ့ကို တစ်အိမ်မှာ လက်ဖက်သုပ်စားပြီး ရပ်ကွက်ထဲက တစ်အိမ်ချင်းစီရဲ့ အတင်းပြောတဲ့ ဝတ္ထုလေးကို မှတ်မိနေပြီး အရမ်းဖတ်ချင်နေပါတယ်။ ဒီနေ့ လက်ဖက်သုပ်စားမလာတဲ့သူရဲ့အကြောင်းကို ပြောကြပြီး တစ်ယောက်ချင်းစီရဲ့ ဘဝကို ဖွဲ့ထားတာ ပြန်ဖတ်ချင်မိလို့ ဦးဝင်းငြိမ်းမှတ်မိရင် ပြည်လည်ဖော်ပြပေးစေချင်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှ ထွက်ခွာသွားတဲ့ မအေးချမ်းမေရဲ့ အင်တာဗျူးကိုလည်း Internet မှတစ်ဆင့် ဆက်သွယ်ပေးစေချင်ပါတယ်။ ကျန်တဲ့(နိုင်ငံခြားရောက် အနုပညာရှင်များ)သူများရဲ့ Interview တွေတော့ တွေ့ရပြီး အေးချမ်းမေအကြောင်း ဘာမှမသိရလို့ ဘဝင်မကျမိပါဘူး။ ကလေးတစ်ယောက် ရတာသာသိရပြီး ဘာတွေလုပ်နေတယ်၊ ဘယ်သူနဲ့လဲဆိုတာ သူ့ကို အရင်ကတည်းက အားပေးခဲ့တဲ့သူတွေအနေနဲ့ သိချင်မိလို့ ကျွန်မတောင်းဆိုတာ ၂ ခုကို ဦးအနေနဲ့ ဖြည့်ဆည်းပေးနိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ဦးဝင်းငြိမ်း ကျန်းမာပါစေလို့ အမြဲဆုတောင်းလျက်…

မပြည့်ပြည့်

*ဆရာ အထောက်တော် လှအောင်ရဲ့ ဝတ္ထုကိုတော့ ကျွန်တော်လည်း မမှတ်မိတော့ပါ။ ဖော်ပြခဲ့တဲ့မဂ္ဂဇင်း၊ ဖော်ပြခဲ့တဲ့ ခုနှစ်သက္ကရာဇ်လောက်သိရင်တော့ ရှာလို့ရနိုင်ပါတယ်။ အေးချမ်းမေနဲ့ ပတ်သက်ပြီး အဆက်အသွယ်ရခဲ့ရင် ဖော်ပြပေးပါမယ်။*

❑

ဆရာရေ မင်္ဂလာပါ။

နေကောင်းတယ်နော်။

မြို့မှာလာတင်ခဲ့ကြတဲ့ **လက်ပံ၊ တိမ်မင်းသမီး၊ ကယန်းအလှနဲ့ မိုင်တိုင် ၂၆** (ကားကြီးမဟုတ်)မလွှတ်အောင်ကြည့်ခဲ့ပါတယ်။ တစ်ကားကြည့်ပြီးတိုင်း ဆရာ့ကို ဖုန်းဆက်ပြောဖြစ်ခဲ့တာချည်းပါပဲ။ အကယ်ဒမီနီးလာလို့ မဝေဖန်တော့ပါဘူး ဆရာရေ။ လစ်ကွက်၊ ဟာကွက်တွေ အဆက်အစပ် ကင်းမဲ့တာတွေ ပေါ့တီးပေါ့ဆ ရိုက်ထားတာတွေ အများကြီးပါပဲ။ English Subtitle မှာလည်း အလွဲတွေများနေတာတွေ့ရတယ်။ အင်္ဂလိပ်စာတန်းထိုးတာ ကောင်းပါတယ်။ ဒါပေမဲ့ ဇာတ်ကမကောင်းရင်၊ သရုပ်ဆောင်တာ မပီပြင်ရင် ဘာထူးမှာလဲ။ ပြည်ပသွားပြကြတာလည်း ထားပါတော့။ "မ,လှ ရွာလည်ပြ"များဖြစ်နေကြရင်တော့ နောက်မှာ အဆင့်အတန်းရှိတဲ့ကားတွေ သွားပြခွင့်ရခဲ့ရင် တိုင်းတစ်ပါးက ကြိုပြီး "အထင်မကြီး" ဘဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေရင် ဒုက္ခ။ မြန်မာကားကြည့်ပြီး ဒါမှ မြန်မာကားကွလို့ ကြွေးကြော်ရမယ့်ကာလကို မျှော်မော၊မောနေရတယ် ဆရာရယ်။ ချစ်၊ ကြိုက်၊ ကွဲ၊ ညားထဲက ထွက်လာလို့ မျှော်လင့်မိသေမဲ့ သဘာဝပတ်ဝန်းကျင်ကိုရော၊ ရိုးရာယဉ်ကျေးမှုကိုရော ဆီထိမိမိ ရိုက်ပြနိုင်တာ မတွေ့ရပါဘူး။ **ပင်လယ်ထက်က နေဝန်းနီ** နဲ့ ဝေဠုကျော်ကို အကယ်ဒမီရမယ်လို့ ကျွန်တော်ဦးဆုံး တစ်ပေးခဲ့တာပါ။ ဒီနှစ်မှာတော့ ဇာတ်လမ်းမှာ ပျော့ကွက်ဟာကွက်တွေရှိနေပေမဲ့လို့ အရမ်းကြိုးစားထားတဲ့ ဖွေးဖွေးရမယ်ဆိုရင် ထိုက်တန်တယ်ထင်ပါတယ်ခင်ဗျာ။

အန်တီအေးရဲ့ **ထီလူမိုးဆီ** အဆုံးသတ်သွားတာ နှမြောတယ်။ ဂီတပညာရှင်(အဟောင်း/ဝါကြီး)တွေက နောက်တက်ဂီတပညာရှင်(အထူးသဖြင့် အဆိုတော်တွေ)ကို ပြင်းပြင်းထန်ထန် ဝေဖန်တာ သိပ်မလုပ်ကြဘူးနော်ဆရာ။ အဟောင်းတွေကို ပြန်ဆိုနေကြတာကိုလည်း လက်ဆင့်ကမ်းကြသားပဲဆိုပြီး ထိုင်ကြည့်နေကြတာ ဖျက်ဆီးရာရောက်နေတာကိုကျတော့ ခပ်နာနာ မပြောကြဘူး။ ပင်ကိုက အေးချမ်းတဲ့ စိတ်ဓာတ်အခံနဲ့ မာယာမပါတဲ့ အသံနဲ့ ရိုးရိုးရှင်းရှင်းဆိုခဲ့တဲ့ 'ဒေါ်မေရှင်'ရဲ့ *အောင်ခြင်းရှစ်ပါး* ဟာ အန်တီအေးကိုယ်တိုင် အလုပ်မဖြစ်ခဲ့တာ အများအသိပါပဲ။ ခုလည်း ဆိုလိုက်ကြတာ လူစွေတက်အောင် ဆိုရမလိုပါပဲ။ နားထောင်ရင်းက 'အအေးဓာတ်' မရဘဲ 'နားကလော'တာနဲ့ FM တွေကလာရင် ကျွန်တော်ကတော့ ပိတ်ပစ်လိုက်တာပဲ။ ဒီသီချင်းဆိုရင် ဘုရားတန်ဆောင်းမှာ သူတို့အသံလူကြားမှာပဲဆိုတဲ့ 'လောဘ'က နားထဲတန်းပါလာတယ်ပဲ ခံစားမိတယ်။ ခပ်ကြမ်းကြမ်း ရေးရရင် 'ငွေတစ်ပဲနဲ့ ငါးကြင်းခေါင်းတက်ကိုင်'ကြတာပဲလို့ ဝေဖန်ချင်လှတယ်။

'သတ္တာ'နဲ့ 'သတ္တာ'ကို ပီအောင်မဆို(နားမလည်ဘူးထင်ပါတယ်)တဲ့ အဆိုတော်၊ 'ဥပသကာ'က မှန်ပေမဲ့ 'ဥပါသိကာ'ကိုကျတော့ 'ဥပါသကီ'လို့ ဆိုသူကဆိုရဲ့။ ရေးရရင်တော့ ဆုံးမှာမဟုတ်တော့ဘူး။ ပြောရဦးမယ် မထူးတော့ပါဘူး။ 'ကိုညီထွဋ်'က ပြောဖူးတယ် *မှန်းရစ်လေဦး* ကို ဘယ်တော့နားထောင်ထောင် မရိုးဘူးတဲ့၊ ဟုတ်ပါ့၊ အရင်လူတွေဆိုတာ ဖြစ်မှာပါ။ ကျွန်တော် အရမ်းချစ်ရတဲ့ မေချို(ချိုပြုံး) အပါအဝင်ပေါ့။(အဲဒီသီချင်းလည်း အန်တီအေး ဆိုတာ မကောင်းပါဘူး၊ ပိုသွားတယ်ထင်ပါတယ်) ခု ဟိုနှာမည်သုံးလုံးနဲ့ မြန်မာသံလိုလို Rap လိုလို အသံစူးစူး ဘယ်ကြားက ထွက်လာတဲ့ အသံမှန်းမသိတာကြီးနဲ့ ဆိုထားတာများ ကြားရင်တော့လား ဘယ်နေရာရှာမလဲမသိ။ အဲဒီ မမနဲ့ ရေဒီယိုနဲ့ အင်တာဗျူးတစ်ခုမှာ ဗျူးသူက မပြောရပါဘဲ 'မမ သီချင်းတွေက အများကြီး ပရိသတ်ရင်ထဲ ရောက်ခဲ့တာဆိုတော့လေ'ဆိုတာကို တစ်ခါမက ဖွတ်ကြီးဝင်ဝင်ပြောတော့ နားထောင်ရင်းက အံမယ်လေး အံ့ရော အံ့ရော၊ ဒုက္ခ ဒုက္ခ ဟဲ့လို့ အောက်မေ့ခဲ့ရပါသေးဆရာ။ စာရှည်နေလို့ ရပ်လိုက်တော့မယ်။

ဆရာ'သံလွင်ကို'ကိုလည်း ပြောလိုပါရဲ့။ စိန်ချဉ်ပေါင်ရည်/လမင်းမောင်မောင်က မြှောက်ပေးရင် အရူးဖုံနဲ့မြှောက်ဟာတာ တက်အောင်ကမယ့်သူပါလို့ ဆရာရေ။ ရေးဦးမှာ။ ဆရာ ပြောဖူးတယ်လေ ခပ်စပ်စပ်လေး ဝေဖန်ရင် တွေ့ရာသချိုင်း ဓားမဆိုင်းကြဘူးဆိုတော့ စိန်ချဉ်ပေါင်ရည်ကလည်း ရှမ်းဓား၊ တရုတ်ဓား၊ ဆာမူရိုင်းဓားသိုင်းသင်တန်းတွေ တက်ရင်း ရေးရတော့မှာပေါ့နော ဆရာရယ်။

မုန်းလို့ဟုတ်ပါဘူး ဆရာရယ်၊ ရုပ်ရှင်ဂီတကို ချစ်လွန်း၊ မြတ်နိုးလွန်းလို့ဆိုတာ 'ရင်ကွဲရစေ'။

ဆရာကျန်းမာ ချမ်းသာပါစေ၊
ကျန်းမာအရေးအတွက် အလ္လာ အရှင်မြတ်
ကောင်းချီးပေးတော်မူပါစေ။
စိန်ချဉ်ပေါင်ရည်(ခ)လမင်းမောင်မောင်
ပြင်ဦးလွင်

*ဝေဖန်ရေးကို ကြိုဆိုပါတယ်လို့ အနုပညာရှင်တိုင်းက ဆိုကြတာပါပဲ။ လက်တွေ့မှာတော့ ဝေဖန်လိုက်ရင် မျက်စိပျက်ပျက် မျက်နှာပျက်ပျက် ဖြစ်တတ်ကြတာ ကိုယ်တွေ့မို့ ပြောတာပါ။ ဆရာကတော့ ပြင်ဦးလွင်မှာ နေတာဆိုတော့ အားမနာတမ်း ဝေဖန်လို့ ရပါတယ်။ ဆရာ ဆုတောင်းသလို ဖွေးဖွေး ရလိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။*

■

ဝင်းငြိမ်း



နန်းဆုရတီစိုးနဲ့ ဝတ်မှုံရွှေရည်

ဝမ်းနဲ့ ချစ်သုဝေ

www.burmeseclassic.com

www.burmeseclassic.com



# သူများခိုင်းတဲ့အတိုင်း ရုပ်သေးရုပ်လို မလုပ်ချင်ဘူး

ခင်လေးမြင့်
ဓာတ်ပုံ - ကိုလင်း(Studio-K)

အနုပညာပိုးဝင်လာပြီဆိုရင် အဲဒီပိုးကို သတ်ဖို့ မလွယ်ပါဘူး။ အဘိုး၊ အမေ၊ အဒေါ်၊ ဦးလေး စတဲ့ သူတွေက အနုပညာအလုပ်ကို ဘယ်လောက်ပဲလုပ်လုပ် ကျန်တဲ့မျိုးဆက်တွေက ဝါသနာ ဗီဇပါချင်မှ ပါတာပါ။

သရုပ်ဆောင် လင်းဓာနည်ဇော်ရဲ့သမီး မြူလင်းကိုကိုကတော့ အဘိုး၊ အဒေါ်၊ ဦးလေး၊ အမေတွေရဲ့ သွေးကို အပြည့်အဝ ယူထားပါတယ်။ လင်းဓာနည်ဇော်က အနုပညာအလုပ်တွေကို လုပ်ဆောင်နေပေမဲ့ သမီးဖြစ်သူကိုတော့ ပေးမလုပ်ပါဘူး။ ကျောင်းစာကိုပဲ အဓိကထား သင်ယူစေပြီး အနုပညာ အလုပ်ကို စိတ်မဝင်စားစေပါဘူး။ စာပြီးရင်း စာပဲ လုပ်စေချင်နေပေမဲ့ မြူလင်းကိုကိုကတော့ စာကိုလုပ်ရင်း အနုပညာကိုလည်း စိတ်ဝင်စားနေပါတယ်။ အနုပညာကို စိတ်ဝင်စားတဲ့၊ ဝါသနာပါတဲ့ မြူလင်းကိုကိုကို ရွှေအမြုတေမဂ္ဂဇင်းမျက်နှာဖုံးအတွက် ဓာတ်ပုံရိုက်ဖြစ်ပါတယ်။ ဓာတ်ပုံရိုက်ကူးဖို့အတွက် ဝတ်စုံဒီဇိုင်းကို သူများနဲ့ မတူချင်တဲ့ စိတ်ကူးရှိတာကြောင့် ဂျပန်ကာတွန်းဇာတ်ကောင်ရဲ့ ဝတ်စုံဒီဇိုင်းမျိုး မြူလင်းကိုကိုက စီစဉ်ခဲ့ပါတယ်။ မြူလင်းကိုကိုရဲ့ ဝတ်စုံအတွက် ဒီဇိုင်နာ ညီမာသန့်(ဖူးသစ်ဖက်ရှင်)က ဖန်တီးပေးထားတာပါ။ ဝတ်စုံနဲ့ လိုက်ဖက်မယ့် မိတ်ကပ်နဲ့ ဆံပင်ဒီဇိုင်းကို Hana Yu Ki ကပြင်ဆင်ပေးခဲ့ပါတယ်။ မြူလင်းကိုကိုကလည်း ဆယ်ကျော်သက်ဖြစ်တာကြောင့် သူဝတ်ချင်တဲ့ ဝတ်စုံပုံစံများနဲ့ တကယ့်ကို လိုက်ဖက်လှပါတယ်။ ချစ်စဖွယ်ကောင်းတဲ့ မြူလင်းကိုကိုရဲ့ ဓာတ်ပုံများကို ဓာတ်ပုံ ကိုလင်း(Studio -K) က ရိုက်ကူးပေးထားပါတယ်။ မြူလင်းကိုကိုက နိုင်ငံခြားတက္ကသိုလ်တစ်ခုမှာ စီးပွားရေးဘာသာရပ်ကို သင်ယူဖို့ ပြင်ဆင်ထားပါတယ်။

မြူလင်းကိုကိုက ကြော်ငြာတစ်ခု ရိုက်ထားပြီးပြီဆိုတော့ အခုလို ဓာတ်ပုံရိုက်ရတာ အဆင်ပြေလား။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



သမီး အမုန်အတိုင်း
ပြောရရင် ဒါတွေနဲ့
စိမ်းတယ်။ မေမေက
ပေးမလုပ်တော့
စိမ်းတယ်။ ဒါပေမဲ့
ဝါသနာပါတယ်။
အရင်တုန်းကထက်
စာရင်တော့အဲဒီလောက်ကြီး
မခက်တော့ဘူးထင်တယ်။
ဒါပေမဲ့ အများကြီး
ကြိုးစားရပါဦးမယ်။

**မေမေက အနုပညာ
အလုပ် ပေးမလုပ်
တာ အသက်
ငယ်သေးလို့နဲ့
တူတယ်။**
မေမေက သမီးကို
ပညာရေးကိုပဲ လုပ်စေချင်
တာ။ ပညာရေးကိုလုပ်ပြီး
အနုပညာမလုပ်စေချင်ဘူး။
**မေမေနဲ့ ကြော်ငြာရိုက်
ထားတာ ရှိတယ်နော်။**
ဟုတ်တယ်။ အဲဒီတစ်ခုပဲ
ရိုက်ထားတာ။
အဲဒီကြော်ငြာကိုလည်း
မေမေက သူနဲ့
အတူတူမို့လို့
သရုပ်ဆောင်ခိုင်းတာ။





www.burmeseclassic.com

www.burmeseclassic.com

နို့မို့ဆို ငြင်းတယ်။ လက်မခံဘူး။

**သရုပ်ဆောင်ပိုင်းကိုပဲ ပိုလုပ်ချင်တာလား။**

သမီးက အနုပညာနဲ့ ပတ်သက်ရင် အကုန်ဝါသနာပါတယ်။ ဘယ်လောက်ထိ လုပ်ချင်လဲဆိုတော့ သမီးက အခုအချိန်မှာ ဘာမှ မလုပ်ရသေးဘူးလေ။ တကယ်လို့ ပရိသတ်တွေအားပေးမယ် ဆိုရင် အားပေးတဲ့အတိုင်း အတာတစ်ခုအထိ ကြိုးစားသွားမှာပါ။

**မေမေ့ဆီက ခွင့်ပြုချက်ရဖို့ ဘယ်လောက်ထိ ကြိုးစားရမယ်ထင်လဲ။**

မေမေက လုံးဝ ပိတ်ပင်ထားတာတော့ မဟုတ်ပါဘူး။ အနုပညာ အလုပ်ဆိုတာ ရေရှည် မခံဘူးလေ။ ကံပေါ်မှာ အရမ်းမူတည်တယ် ဆိုတော့ သမီးကို ပညာရေးနဲ့ပဲ လုပ်စေချင်တာ။ ဒီအရွယ်ထိ ပညာသင်ပေးပြီးပြီပဲ၊ ကိုယ့်ဘာသာ စဉ်းစားတဲ့။ လုပ်သင့်၊ မလုပ်သင့် ဆိုတာကိုပေါ့။

**အဲဒီလိုပြောတော့ ညီမလေးကိုယ်တိုင်ကရော ဘယ်လိုထင်လဲ။**

သမီးကိုယ်တိုင်ကတော့ အနုပညာအလုပ်ကို လုပ်ချင်တယ်။ ဝါသနာလည်းပါ တယ်။ ဒါပေမဲ့လည်း ကျောင်းတော့ အရင်သွားတက်ဦးမယ်လေ။ ပညာတွေအကုန်စုံတော့မှ သေချာ ပြန်စဉ်းစားရမှာပေါ့။

**မြူလင်းကိုကိုရဲ့ မေမေ ပြောတဲ့စကားထဲမှာ အနုပညာကရေရှည်မခံဘူးဆိုတာ ပါတော့ အဲဒီအပေါ် ဘာများ ပြောချင်လဲ။**

အနုပညာက ရေရှည် မခံဘူးဆိုတာကလေ အနုပညာ က ကံရော၊ ဉာဏ်ရော၊ ဝီရိယ ရော သုံးမျိုးစလုံးပေါင်းမှရ မှာ။ ကိုယ်က ဘယ်လောက် ပဲတော်နေပါစေ၊ ဘယ်လောက် ပဲကြိုးစားနေပါစေ၊ ကံနဲ့ စန်း နဲ့ မရှိရင် ဘယ်လိုမှမတတ် နိုင်ဘူးလေ။ တခြားအလုပ် တွေက ကိုယ်ကြိုးစားရင် ကြိုးစားသလောက် တန်ပြန် ပြန်ရတယ်၊ အနုပညာ အလုပ် က အဲဒီလိုကြီးမရဘူး။

**မြူလင်းကိုကို ကို မေ**





www.burmeseclassic.com

www.burmeseclassic.com

**မေက စာတွေကိုပဲ လုပ်ခိုင်းတော့ လူငယ်ဘဝကို ဘယ်လို ဖြတ်သန်းချင်လဲ။**

အိမ်က အပြင်တွေဘာတွေ သိပ်ပေးမထွက်ပေမဲ့ New Year တို့၊ သူငယ်ချင်းမွေးနေ့တို့ ဘာတို့ဆိုရင် သူငယ်ချင်းတွေနဲ့ လျှောက်လည်တယ်။ အိမ်မှာဆိုရင် Facebook ကြည့်တယ်။ TV ကြည့်တယ်။ ဒါပဲ။ အခုကတော့ စာမေးပွဲပြီးသွားတော့ မလုပ်တော့ဘူး။ အရင်ကတော့ တစ်နေကုန် စာချည်းပဲ လုပ်ဖြစ်နေတာပေါ့။



**အဲဒီလိုဆိုတော့ အရမ်းချုပ်ချယ်တယ်လို့ မခံစားရဘူးလား။**

အပြင်ပေးမထွက်တာကိုတော့ ချုပ်ချယ်တယ်လို့ ခံစားရတယ်။ စာအများကြီး လုပ်ခိုင်းတာတော့ ဘာမှမဖြစ်ပါဘူး။ သမီးကိုယ်တိုင်က လုပ်ချင်လို့ လုပ်တာပဲကိုး။

**တခြား ရွယ်တူကောင်မလေးတွေ အပြင်မှာ သွားတာတွေ့တော့ ဘယ်လိုခံစားရလဲ။**

အရမ်း အားကျတယ်။ အိမ်မှာဆိုရင် စကားပြောချင်စိတ်တောင် ပျောက်သွားတယ်၊ ကိုယ့်ကိုယ်ကို သနားပြီးတော့။ သမီးကို မေမေက စကားပြောနည်းတယ်လို့သာ ပြောတာ။ အိမ်မှာသာ စကားပြောနည်းတာ၊ သမီးသူငယ်ချင်းတွေနဲ့ဆိုရင် ရေပက်မဝင်ဘူး။ အရမ်းပြောတာ၊ ပြောစရာမရှိ ပြောစရာ ရှာပြီးတော့ ပြောတယ်။

**အခုအချိန်မှာ ပညာရေးပိုင်းကို ဘယ်လောက်ထိ ဦးစားပေးလုပ်သင့်တယ် ထင်လဲ။**

ပထမအရွယ် သမီးတို့ ဒီအရွယ်က ပညာရေးက အရေးကြီးဆုံးပဲလို့ ထင်ပါတယ်။ ကိုယ်ကပညာတတ်မှသာ ကိုယ့်ဘဝအတွက် ဆုံးဖြတ်ချက်တွေချနိုင်မှာလေ။ သမီးက ငယ်ငယ်လေးကတည်းက ဒါလုပ်၊ ဟိုဟာလုပ်ဆိုရင် ပြန်မေးတတ်တယ်။ ပြန်မေးပြီး ဘာလို့လုပ်ရမှာလဲ၊ ဘာလဲပေါ့။ အဲဒါကို တချို့က ရိုင်းတယ်လို့ ထင်မှာပေါ့နော်။ ဒါပေမဲ့ ကိုယ့်ကို လုပ်ခိုင်းတဲ့အလုပ်၊ ကိုယ်လုပ်မယ့်ကိစ္စကို ကိုယ်နားမလည်ဘဲနဲ့ သူများ ခိုင်းတဲ့အတိုင်း ရုပ်သေးရုပ်လို လုပ်ရတာကတော့ မကြိုက်ဘူးလေ။ ကိုယ်က တကယ်လို့ ပညာတတ်နေပြီဆိုရင်တော့ ကိုယ့်ဘာသာ စဉ်းစဉ်းစားစားနဲ့ သေချာဆုံးဖြတ်ပြီး လုပ်နိုင်တဲ့အတွက် ပညာရေးကလည်းအရေးကြီးပါတယ်။

**ကိုယ့်ကိုခိုင်းရင် ပြန်မေးတတ်တဲ့အကျင့်ရှိတာပေါ့။**

ဟုတ်တယ်။ ဒါက ဘာလဲ၊ ဘာလို့ လုပ်ရတာလဲ၊ အဲဒီလို အမိန့်ပေးပြီး ဟိုဟာလုပ်၊ ဒီဟာလုပ်ဆိုရင် မျက်နှာက လုံးဝ ရှုပုပ်နေပြီ။

**ဒါဆို မြူနှင်းကိုကိုက သူများကို အမိန့်ပေးချင်လို့ ပညာတွေသင်ယူနေတာလား။**

သူများ အမိန့်ပေးတာတော့ လုံးဝ မလုပ်ချင်ဘူး။ အမိန့်ပေးချင်တာ မဟုတ်ဘူး။ အမိန့်ပေးတဲ့ခေတ်က ဟိုးအရင်တုန်းက



ကျန်ခဲ့ပြီလေ။ အခုက သူများနားလည်အောင်ရှင်းပြပြီးတော့ ခိုင်းတဲ့ ခေတ်လေ။

**ပညာရေးပိုင်းမှာ ပိုပြီး**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားဖြစ်တာရယ်၊ စဉ်းစားမှုလေးတွေ လုပ်တတ်တာက မေမေ့ရဲ့သွန်သင်ဆုံးမမှုတွေ ဘယ်လောက်ထိရှိလို့လို့ ပြောမလဲ။

မေမေက သမီးကို ရိုက်နှက်ပြီး ဟိုဟာလုပ်၊ ဒီဟာလုပ်ပြောတဲ့အထဲမှာ မပါဘူး။ နားလည်အောင် ရှင်းပြပေးတဲ့အထဲမှာပါတယ်။ တခြားသမီးနဲ့ အရွယ်တူဆိုရင် စာလုပ်ဖို့ မိဘတွေက တောက်လျှောက် တွန်းအားပေးနေရတယ်လေ။ သမီးကျတော့ အဲဒီလို လုပ်ပေးစရာမလိုတော့ဘူး။ ကိုယ့်ဘာသာ နားလည်သွားပြီ။ ငါ ဒါလုပ်မှ ဖြစ်မယ်။ ဒါ ကိုယ့်ဘဝအတွက်ဆိုတာ ဖြစ်သွားတဲ့အတွက် ကိုယ့်ဘာသာပဲ လုပ်တော့တာ။ မေမေက နားလည်အောင် ရှင်းပြပေးတာတွေ အရမ်းကို အရေးပါပါတယ်။




မိဘတွေပြောတာ ရှေ့မှာ နားထောင်ပေမဲ့ ကွယ်ရာမှာ လုပ်ချင်တာ လုပ်တတ်တဲ့သူတွေရှိတယ်လေ။

မိဘတွေက နားလည်အောင်ပြောတာကောင်းတယ်။ ဆူရိုက်နေရင် ကလေးတွေက မိဘရှေ့မှာကြောက်ပြီး စာတွေအော်ကျက်ပြပေမဲ့ တကယ် ခေါင်းထဲမဝင်ဘူးလေ။ သမီးလည်း ငယ်ငယ်တုန်းကကြုံဖူးပါတယ်။ ငယ်ငယ်တုန်းကဆိုတော့ ဒီလိုအသိ မရှိခင်ကတော့ အဆူခံခဲ့ရတာပေါ့။ ငယ်ငယ်တုန်းကဆို သမီးစာအုပ်အောက်မှာဖုန်းရှိတယ်။ မေမေကအခန်းထဲဝင်လာရင် စာအုပ်လေးကိုပြန်ချ၊ အခန်းထဲကထွက်တာနဲ့ စာအုပ်အောက်ကနေ ဖုန်းမဟုတ်ရင် iPad နဲ့ ကာတွန်းစာအုပ်တွေရော အစုံပဲ။ စားပွဲခုံပေါ်မှာ စာအုပ်ကတစ်အုပ်ပဲ၊ ဘေးနားမှာက ဆော့စရာပစ္စည်းတွေက အစုံပဲ။ မုန့်ပန်းကန်တွေရော၊ အဲဒီလိုမျိုး လုပ်ခဲ့တာ။ အခုတော့ အဲဒီလို မဟုတ်တော့ပါဘူး။

ဒီဇင်ဘာလတစ်လတော့ ကျောင်းစာမလုပ်ဘဲ ပေးနားထားပြီးနောက်လတွေမှာတော့ သင်တန်းတွေတက်ဖို့ စီစဉ်ပေးမှာလို့ ဘေးမှာရှိတဲ့ မိခင်ဖြစ်သူ လင်းဇာနည်ဇော်က ဆိုပါသေးတယ်။ မိခင်ရဲ့သွန်သင်ဆုံးမမှုနဲ့ ပညာရေးကို ဦးစားပေးနေသလို အနုပညာဝါသနာကိုလည်း မလျှော့တဲ့ မြူလင်းကိုကိုက ဓာတ်ပုံရိုက်ကူးရေးအတွက် အကောင်းဆုံးလုပ်ဆောင်ပေးခဲ့တာပါ။ မြူလင်းကိုကို ဓာတ်ပုံရိုက်ကူးမှုမှာ အဒေါ်ဖြစ်သူ ချစ်ချစ်ဇော်ကလည်း ဘေးနားကနေ ဘယ်လိုအိုက်တင်လေး လုပ်ကြည့်ပါလား၊ မိခင်ဖြစ်သူကလည်း ဖြည်းဖြည်းချင်း စဉ်းစားပြီး အိုက်တင်လုပ်နော်နဲ့ ဂရုစိုက်ပေးခဲ့ကြတာပါ။ မျက်နှာဖုံးရိုက်ကူးမှုအတွက် ပါဝင်လုပ်ဆောင်ပေးသူများအားလုံးကို ကျေးဇူးတင်ရှိပါတယ်။

■ ခင်လေးမြင့်





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းနဲ့ဖတ်တာထက် နှလုံးသားနဲ့ဖတ်တာ ပိုကောင်းပါတယ်

**ခင်လေးမြင့်**

တစ်သက်တာစာပေဆုရှင်အဖြစ် ပြီးခဲ့တဲ့နှစ်များမှာ စာရေးဆရာတစ်ဦးစီပဲ ချီးမြှင့်ခဲ့ရာမှာ ၂၀၁၂ ခုနှစ်အတွက် တစ်သက်တာ စာပေဆုအဖြစ် စာရေးဆရာ သုံးဦးကို ချီးမြှင့်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်အတွက် တစ်သက်တာ စာပေဆုရှင်ထဲမှာ ဆရာမ ခင်ဆွေဦးလည်း ပါဝင်ခဲ့ပါတယ်။ တစ်သက်တာ စာပေဆုရတဲ့အတွက် ဝမ်းသာကျေးဇူးတင်တယ်လို့ ဆရာမ ခင်ဆွေဦးက ဆိုပါတယ်။

**စာရေးဆရာတစ်ယောက်အနေနဲ့ စာဖတ်ပရိသတ်အပေါ် တာဝန်ကျေဖို့ ဘာတွေများ လိုအပ်မလဲ။**

ကျွန်မရဲ့ အသက်က ၈၀ ကျော်သွားပြီ။ စာရေး သက်က ၅၀ ရှိသွားပြီ။ အသက် ၁၂ နှစ်ကစပြီး ဆောင်းပါး၊ ဝတ္ထုတိုများ မဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ သွေးသောက်မဂ္ဂဇင်းတို့မှာ ဝတ္ထုတိုလည်း ရေးတယ်။ ပြောရရင် ဆောင်းပါးနည်းပါတယ်။ ဝတ္ထုတိုလေးတွေ ရေးပါတယ်။ ရေးရင်း ရေးရင်းနဲ့ပဲ စာရေးဆရာဘဝကို ရောက်လာတာပါ။ နောက်ဆုံး လုံးချင်းဝတ္ထုကို အသက် ၂၈ နှစ်မှာ ထုတ်တယ်။ စာရေးဆရာတစ်ယောက်အနေနဲ့ စာဖတ်ပရိသတ်အပေါ် တာဝန်ကျေဖို့ စာများများ ဖတ်ရမယ်။ စာမဖတ်ရင်လည်း ကိုယ့်စာကို သူတို့သဘောကျမှာ မဟုတ်ဘူး။ ပျင်းရင်ပျင်းမယ်။ ဆရာမတို့က ရသစာပေကိုရေးတဲ့အတွက် ဘဝကိုရေးတာလေ။ ဒါပေမဲ့ ဆရာမက ရသရသလေးတွေပါတာရှိတော့ ပရိသတ် ကြိုက်တယ်။ အရေးကြီးတာက သူတို့ဖတ်တဲ့အခါမှာ စိတ်ဝင်တစားဖတ်ဖို့ပဲ။ ခေါင်းနဲ့ဖတ်တာထက် နှလုံးသားနဲ့ ဖတ်တာ ပိုကောင်းပါတယ်။ ဆရာမတို့က နှလုံးသား ရင်းရတာလေ။

**အပေါ်ယံပဲဖတ်တဲ့ စာဖတ်ပရိသတ်တွေ ရှိတယ်ဆိုတော့ ဘယ်လိုခံစားရမလဲ။**

အပေါ်ယံပဲ ဖတ်တယ်ဆိုရင် ဆရာမတို့ ပင်ပန်းရကျိုး နပ်ဘူးပေါ့။

**အခုခေတ် လူငယ်စာရေးဆရာ၊ ဆရာမများကို ပြောချင်တာ ဘာများရှိဦးမလဲ။**

ဒီနေ့ခေတ်ကတော့ တော်တော်တိုးတက်ပြီး နိုးကြားပါတယ်။ ကလေးတွေက တော်တော် တော်ကြတယ်။ ဂျူး ဆိုရင် အရမ်းတော်တာလေ။ တက်လာတဲ့ အခြားစာရေးဆရာ၊ ဆရာမတွေလည်း အများကြီးပါပဲ။ လူငယ်ထဲကပဲ တက်လာတာ။ အကြံပေးချင်တာကတော့ သူတို့လည်း ဆက်ပြီး အတွေးအခေါ်ကောင်းကောင်းရှိတဲ့ စာအုပ်တွေကို သူတို့ကိုယ်တိုင် ပြန်ဖတ်ရမယ်။ ရေးလည်းရေးရမယ်။

**ဆရာမကြီးနဲ့ လာရောက် ဆွေးနွေး အကြံဉာဏ်တောင်းတဲ့ သူတွေရော ရှိလား။**

အဲဒီလို သတ်သတ်ကြီးတော့ မဟုတ်ပါဘူး။ လာလာပြီး ဆွေးနွေးကြရင်းနဲ့ ကိုယ့်ရင်ထဲရှိတာတွေ သူတို့ကို ပြောပေးလိုက်တာပေါ့။

စာတွေ မဖတ်နိုင်ကြတဲ့ သူတွေမှာ အပြစ်မရှိဘဲ ခေတ်ရဲ့သဘောအရ ကိုယ့်အလုပ်ကိုယ် လုပ်နေကြတာ ဖြစ်တဲ့အတွက် အချိန်ရှာပြီး စာဖတ်ကြပါလို့ စာရေးဆရာမ ခင်ဆွေဦးက ဆိုပါတယ်။ ■

ခင်လေးမြင့်



စာရေးဆရာမ (ဒေါ်)ခင်ဆွေဦး



www.burmeseclassic.com

www.burmeseclassic.com



# အမျိုးသားစာပေဆုအတွက် မမျှော်မှန်းဖူးပါ

**ခင်လေးမြင့်**

၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေဆုကို ဆရာမ ခင်မြဇင်က **ကောင်းကင်မိုးတိမ်** ဝတ္ထုတိုများနဲ့ ရရှိခဲ့တာဖြစ်ပါတယ်။ စာရေး ဆရာမ ခင်မြဇင်က တစ်ခုခုကို စိတ်ထိခိုက် ခံစားရတဲ့အခါမှာ စာများရေးသားလေ့ ရှိသူဖြစ်ပါတယ်။

**ဆရာမအနေနဲ့ အမျိုးသားစာပေဆုရှင် ဖြစ်မယ်လို့ မျှော်မှန်းခဲ့ပါလား။**

အမျိုးသားစာပေဆုကတော့ တစ်ခါမှ မမျှော်မှန်းဖူးပါဘူး။ အမှန်အတိုင်း ပြောတာပါ။

**ဆရာမရဲ့ ရေးထားတဲ့ စာတွေတိုင်းကို စာဖတ်ပရိသတ်တွေ အကုန်ဖတ်ခွင့်ရတာမျိုးရှိလား။**

တစ်ခါတလေကျရင် စိတ်ထဲမှာ တစ်ခုခုထိခိုက် ခံစားရလို့ရေးထားတဲ့စာတွေကထုတ်လို့ မရဲဘဲ နှစ်တွေ အကြာကြီး နေမှ ထွက်လာတာမျိုးလည်း ရှိတယ်။ တချို့ကျတော့ လုံးဝ ပျောက်သွားပြီး ကိုယ့်မှာလည်း လက်ခံမရှိ၊ စိစစ်ရေးကလည်း ပယ်လိုက်နဲ့ ကြုံရဖူးပါတယ်။

**အဲဒီလိုမျိုးဆိုတော့ စိတ်ထဲမှာ ဘယ်လိုခံစားရလဲ။**



စာရေးဆရာမ ခင်မြဇင်

တစ်ခါတလေကျတော့ ပြန်ဖတ်ချင်တယ်။ လွမ်းတယ်။ ဒါပေမဲ့ ကိုယ့်မှာလည်း မရှိတော့ဘူး။ မဂ္ဂဇင်းမှာလည်း အဖြဲခံရ တဲ့အတွက် မဂ္ဂဇင်းမှာလည်း မကျန်တော့ဘူး။ အဲဒီလိုမျိုးလေး တွေလည်း ရှိပါတယ်။

**အခုအချိန်မှာ ပိတ်ပင်မှုတွေ မရှိဘဲ လွတ်လပ်စွာ ရေးသား ခွင့်ရတဲ့ စာအုပ်များ ရှိမလား။**

ဟုတ်ကဲ့။ ဖန်တီးဖြစ်ပါတယ်။ **အဝိဇ္ဇာမြို့ကလေး** စာအုပ် ဆိုရင် လွတ်လွတ်လပ်လပ်ရေးခဲ့တာပါ။

**လွတ်လပ်မှု မရှိခင်က ရေးတဲ့စာနဲ့ လွတ်လပ်မှုရှိတဲ့ အချိန် ရေးတဲ့စာတွေရဲ့ပုံစံ ပြောင်းလဲမှုရှိမလား။**

လွတ်လပ်မှု မရှိခင်ကထပ်ဆင့်စဉ်းစားပြီး ဖတ်ရတဲ့စာတွေ ရေးတဲ့အခါကျတော့ ရိုးရိုးပရိသတ်နဲ့ နည်းနည်းကင်းကွာသွား မယ် ထင်တယ်။ အဲဒီအချိန်မှာ ရသစာပေက နည်းနည်းကျဆုံး သွားခဲ့တာဖြစ်လိမ့်မယ်လေ။ ပြည်သူတွေရဲ့ တကယ့်ခံစားချက် အစစ်အမှန်တွေ ကျွန်မတို့စာပေတွေက တိုက်ရိုက် မဖော်ပြနိုင်တဲ့ အခါကျတော့ လွတ်အောင် ကွေ့ကွေ့ကောက်ကောက်လေးတွေ ရေးလာကြတယ်။ ရေးလာတဲ့အခါကျတော့ စာဖတ်သက်ရင့်တဲ့ လူတွေလောက်ပဲ နားလည်တဲ့ခေတ်ကို ရောက်သွားတယ်။ အဲဒီအခါမှာ ကျွန်မတို့နဲ့ စာဖတ်ပရိသတ်တို့ကြားထဲမှာ အကွာ အဟပ်ဖြစ်ပြီး ရသစာပေကို စူးစိုက်မှု၊ လူတွေစိတ်ဝင်စားမှု အားနည်းသွားတယ်လို့လည်း ထင်ပါတယ်။

**အရင်တုန်းက ထုတ်ခွင့်မရဘဲသိမ်းထားတာတွေက ထုတ် ဖို့စာအုပ်တွေများ ရှိသေးလား။**

အခုထွက်ထားတဲ့ **အဝိဇ္ဇာမြို့ကလေး** က အရင်တုန်းက ရေးထားတဲ့စာအုပ်တစ်အုပ်ပါ။ အခုမှထုတ်ဖို့ အခြေအနေ ကြုံလာလို့ ထုတ်ဖြစ်တာပါ။

စာရေးဆရာမ ခင်မြဇင်က အွန်လိုင်းနဲ့ ဝေးကွာနေတာ ကြောင့် အွန်လိုင်းမှာ ရသစာပေရေးသားနေသူတွေအတွက် နေရာရလာမယ်ဆိုရင် ပိုပြီး အဆင်ပြေမယ်လို့ ယူဆကြောင်း ဆိုပါသေးတယ်။

ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# စိတ်ကူးနှစ်ခု ထပ်တူကျတဲ့ မင်္ဂလာပွဲနဲ့ ချစ်သုဝေ

**ခင်လေးမြင့်**

ချစ်သုဝေက ၂၀၁၄ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းမှာ မင်္ဂလာဆောင်နွဲတော့မှာ ဖြစ်ပါတယ်။ ချစ်သုဝေ လက်တွဲမယ့်သူကိုတော့ ပရိသတ်တွေသိပြီးသားပါ။ အဆိုတော်လင်းလင်း ဖြစ်ပါတယ်။

**ချစ်သုဝေနဲ့ လင်းလင်းတို့ရဲ့ မင်္ဂလာပွဲအစီအစဉ်လေး ပြောပြပေးပါလား။**

ကိုလင်း(လင်းလင်း)က ဗုဒ္ဓဘာသာ၊ ထရီဇာက ခရစ်ယာန်ဆိုတော့ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ဘုန်းကြီးကျောင်းမှာ ဘုန်းဘုန်းတွေကို ဆွမ်းကပ်မယ်။ ပြီးရင် Church Married လုပ်မယ်။ ညစာစားပွဲကိုတော့ ဘုရားကျောင်းရဲ့ဘေးနားကခန်းမမှာပဲ လုပ်မယ်။ ထရီဇာတို့နှစ်ယောက်စလုံးရဲ့ဘဝမှာ ဒိုးတူပေါင်ဖက်လုပ်ခဲ့ရတဲ့ မိသားစု၊ မိတ်ဆွေတွေနဲ့ ချောင်းသာဟိုတယ် Max မှာ ညစာစားပွဲလေးလုပ်ဖို့ရှိပါတယ်။

**ချောင်းသာမှာ ညစာစားပွဲလုပ်ဖို့ ရွေးချယ်ဖြစ်တာကရော။**

အဓိကက ထရီဇာက မင်္ဂလာဆောင်ဆိုရင် Church Married ကို အရမ်းလုပ်ချင်တယ်။ ပြီးရင် ကမ်းခြေမှာ ပါတီလုပ်ရတာ အရမ်းသဘောကျတယ်။ ထရီဇာ စိတ်ကူးယဉ်ခဲ့ဖူးတာ နှစ်သက်ခဲ့ဖူးတာ အဲဒီလိုမျိုးလေး၊ ဒါပေမဲ့ အစ်ကို့(လင်းလင်း)ကိုတော့ မပြောပြဖြစ်ဘူး။ ချောင်းသာမှာ သင်္ကြန်တုန်းက သူငယ်ချင်းတွေ သွားဆိုပြီးပြန်လာတော့ မင်္ဂလာဆောင်ရင် ချောင်းသာမှာလုပ်မယ်တဲ့။ အဲဒီတော့ပျော်သွားတာပေါ့။ ကိုယ့်ရဲ့ဆန္ဒလေးလည်းဖြစ်နေတယ်။ သူ့စိတ်ကူးလေးက အဲဒီလိုရှိတော့ ထရီဇာတို့နှစ်ယောက်စိတ်က တစ်ထပ်တည်းကျတယ်။ အစ်ကိုက ထရီဇာဖြစ်စေချင်တာကို လိုက်လုပ်ပေးတဲ့သဘောပါ။ အဲဒါကြောင့် ကမ်းခြေမှာ လုပ်ဖြစ်မှာ။ အလုပ်နဲ့ပတ်သက်တဲ့သူတွေ၊ မိတ်ဆွေတွေအားလုံးအတွက် Church မှာ လုပ်ဖြစ်တယ်။ ချောင်းသာမှာက ထရီဇာတို့ကို အချိန်အများကြီးပေးနိုင်တဲ့သူ၊ သွားဖို့လာဖို့အတွက် အဆင်ပြေတဲ့သူ၊ သွားတာလာတာနဲ့ နှစ်ရက်လောက် အချိန်ကုန်မှာဆိုတော့ ချောင်းသာမှာဆို ၂၀၀ လောက်နဲ့ ပျော်ကြကဲကြမယ့်ပွဲလေးပေါ့။

**မင်္ဂလာပွဲအတွက် ဝတ်စုံတွေအကြောင်း ပြောပြပါဦး။**

ဘုရားကျောင်းမှာက အန်တီပေါက်(မိုးကုတ်ပေါက်ပေါက်)ရယ်၊ ကိုပြည့်စိုးအောင်တို့ရဲ့ ဝတ်စုံတွေ ဝတ်ဖြစ်မယ်။ ကမ်းခြေမှာက မပုံ့(My Favourite)နဲ့ Vivid မသဲရဲ့ ဝတ်စုံတွေ ဝတ်ဖြစ်မယ်။ မိတ်ကပ်ကတော့ ထရီဇာ့ကို အမြဲတမ်းလိမ်းပေးတဲ့ အန်တီနှင်း(ဒီဇင်ဘာနှင်း)ကပဲ လိမ်းပေးမှာပါ။

**မင်္ဂလာပွဲမတိုင်ခင် ချစ်သုဝေနဲ့ လင်းလင်းတို့ရဲ့ မီးအိမ် ကဗျာ ဗီစီဒီ ထွက်ဖြစ်မလား။**

ထရီဇာတို့ မင်္ဂလာပွဲပြီးမှ ထွက်ဖြစ်မယ်။ အဲဒီအခွေမှာ ထရီဇာတို့ ပရိသတ်တွေ အမှတ်ရစေမယ့် Video Clip လေးတစ်ခု ထည့်ပေးချင်လို့ပါ။ ထရီဇာတို့ဘဝမှာ ထရီဇာတို့မိသားစုရယ်၊ အနုပညာအလုပ်တွေ လုပ်နေကြတဲ့သူတွေဖြစ်တဲ့အတွက် ပရိသတ်တွေရှိတယ်။ လူအင်အား အခက်အခဲ၊ နေရာထိုင်ခင်း အခက်အခဲကြောင့် ထရီဇာတို့မင်္ဂလာပွဲကို ပရိသတ်တွေ မပါဝင်နိုင်ဘူး။ အဲဒါကြောင့် ထရီဇာတို့ လက်တွဲကြတဲ့ မြင်ကွင်းကို ပရိသတ်တွေကို အသိပေးတဲ့သဘောအနေနဲ့ အမှတ်တရ ထည့်ပေးမှာပါ။ ချစ်သုဝေက လင်းလင်းနဲ့ ချစ်သူသက်တမ်း ၄ နှစ်မှာ ရွှေလက်တွဲဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ သူတို့ရဲ့ မင်္ဂလာပွဲ များကို ၂၀၁၄ ဇန်နဝါရီ ၃၀ ရက်နဲ့ ဖေဖော်ဝါရီ ၁ ရက်များမှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ■

ခင်လေးမြင့်



လင်းလင်းနဲ့
ချစ်သုဝေ

www.burmeseclassic.com



# ကာလီယိုပါထရာ သို့မဟုတ် စန္ဒီမြင့်လွင်

**ခင်လေးမြင့်**

စန္ဒီမြင့်လွင်က ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလထဲမှာ တစ်ကိုယ်တော်စီးရီးသစ်ထွက်ဖို့ စီစဉ်ထားပါတယ်။ အခုထွက်မယ့်စီးရီးက စန္ဒီမြင့်လွင်အတွက် တတိယမြောက်တစ်ကိုယ်တော်စီးရီးဖြစ်ပြီး *ကာလီယိုပါထရာ* လို့ စီးရီးနာမည်ကို လောလောဆယ်မှာ ပေးထားပါတယ်။ *ကာလီယိုပါထရာ* သီချင်းကို စန္ဒီမြင့်လွင်က ဖြူဖြူကျော်သိန်းနဲ့ တွဲဖက်သီဆိုထားတာဖြစ်ပါတယ်။

**စီးရီးနာမည်ကို လောလောဆယ်မှာ ကာလီယိုပါထရာ လို့ ဘာဖြစ်လို့ ပေးထားတာလဲ။**

အဲဒီသီချင်းက မဖြူ(ဖြူဖြူကျော်သိန်း)နဲ့ တွဲဆိုထားတာပါ။ သီချင်းဟောင်းကို Snare က ကိုနေဝင်းက Remix ပြန်လုပ်ပေးထားတာ။ အခွေထဲမှာ ထူးခြားတာက ထပ်ပါမယ်ဆိုရင်တော့ တခြားနာမည်ပေးမယ်။ ဒါပေမဲ့လောလောဆယ်မှာတော့ ဒီနာမည်ကိုကြိုက်လို့ ပေးထားတာပါ။

**ဖြူဖြူကျော်သိန်းနဲ့ ဘယ်လိုကြောင့် တွဲဆိုဖြစ်တာလဲ။**



စန္ဒီမြင့်လွင်

မဖြူ(ဖြူဖြူကျော်သိန်း)နဲ့ကလည်း သီချင်းတွဲဆိုချင်တယ်။ နောက်ပြီး ထူးထူးခြားခြားလုပ်ရတာ ဝါသနာပါတယ်။ မဖြူကို ဒီသီချင်းပေးကြည့်တော့ မဖြူကလည်း စိတ်ဝင်စားတယ်။ အဲဒါနဲ့ လုပ်ဖြစ်တာ။ ဒီသီချင်းကို ပြန်ဆိုဖို့ ကိုမိုးမိုးက အိုင်ဒီယာပေးတာပါ။

**လောလောဆယ် စီးရီးမှာပါတဲ့ တေးရေးတွေနဲ့ Featuring တွေကို ပြောပြပါဦး။**

တေးရေးတွေက ဇဝါ၊ Snare၊ ဘန်နီဖြိုး၊ မောင်သစ်မင်း၊ ဂျေမီ၊ အောင်သူ၊ ဆောင်းဦးလှိုင်တို့ပါတယ်။ Featuring ကတော့ လောလောဆယ်မှာ ဖြူဖြူကျော်သိန်းနဲ့ အားတီတို့ပါတယ်။

**အတီးတွေကရော။**

အတီးက ကိုကြီးကျော်၊ ဆောင်းဦးလှိုင်၊ ကိုမျိုးကျော်၊ ဇင်မင်း၊ တက်ဒီတို့ပါတယ်။

**အဲဒီတော့ တစ်ခွေလုံး ပြီးပြီပေါ့။**

အတီးပိုင်းတော့ပြီးပြီ။ ဆိုဖို့ပဲ ကျန်တော့တယ်။

**တတိယစီးရီးလည်း ဖြစ်တယ်၊ ရှေ့က နှစ်ခွေကလည်း ပရိသတ်ကြိုက်ထားတာဆိုတော့ ဒီအခွေက ပရိသတ်အတွက် ထူးခြားမှု ပိုပေးနိုင်မလား။**

ပရိသတ်အတွက် အမှတ်တရဖြစ်မယ်လို့ ယုံကြည်ပါတယ်။ တတိယစီးရီးဖြစ်တဲ့အခါကျတော့ ပြီးပြီးရော မလုပ်ချင်ဘူး။ လုပ်ထားတာလည်း အားရတယ်။ သီချင်းတွေလည်း သေချာရွာထားတယ်။

**New Year ဘယ်မှာရှိလဲ။**

New Year က မန္တလေးမှာပါ။ မန္တလေးမှာ New Year က ဒီနှစ်နဲ့ဆို ၂ နှစ်ရှိပြီ။

စန္ဒီမြင့်လွင်က *ကာလီယိုပါထရာ* သီချင်းမှာ Rapping ပိုင်းကိုပဲသီဆိုထားပြီး နေဝင်း(Snare)က ဖန်တီးပေးထားပါတယ်။ တေးရေး မောင်သစ်မင်းရေးထားတဲ့ ဒီသီချင်းကို အယ်လ်ခွန်နီက သီဆိုထားတာဖြစ်ပြီး ဖြူဖြူကျော်သိန်းနဲ့ စန္ဒီမြင့်လွင်တို့ ပုံစံတစ်မျိုးနဲ့ ပြန်လည်သီဆိုထားကြမှာ ဖြစ်ပါတယ်။ ■

**ခင်လေးမြင့်**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



# မတည့်အတူနေမယ့် ဝိုင်းစုခိုင်သိန်း နှင့် ဥက္ကာမြင့်ကြူ


ခင်လေးမြင့်

၂၀၁၄ ခုနှစ်က
ဇင်းသမီးများရဲ့
မင်္ဂလာနှစ်လို့ ဆိုရမှာပါ။
၂၀၁၄ နှစ်ဆန်းပိုင်းမှာ
မင်္ဂလာပွဲ ဆင်နွှဲကြမယ့်
သရုပ်ဆောင်၊ အဆိုရှင်
တော်တော်များများ ရှိပါတယ်။
အဲဒီထဲမှာ ဝိုင်းစုခိုင်သိန်းလည်း
ပါဝင်ပါတယ်။
ဝိုင်းစုခိုင်သိန်းက အမေရိကန်ပြည်
ထောင်စုမှာ နေထိုင်တဲ့ ဥက္ကာမြင့်ကြူ
ဆိုတဲ့သူနဲ့ ၂၀၁၄ ဖေဖော်ဝါရီ ၁၄ မှာ
မင်္ဂလာပွဲကျင်းပမှာ ဖြစ်ပါတယ်။
ဥက္ကာနဲ့ ဝိုင်းစုခိုင်သိန်းတို့ရဲ့ ချစ်သူ
သက်တမ်း ၃ နှစ်ရှိပြီ ဖြစ်ပြီး
ဝိုင်းစုခိုင်သိန်း အမေရိက
ဖျော်ဖြေရေးခရီးသွားချိန်မှာ
စတင်တွေ့ဆုံခဲ့ကြတာ ဖြစ်ပါတယ်။
ရွှေလက်တွဲကြ တော့မယ့်
ဝိုင်းစုခိုင်သိန်းနဲ့ ဥက္ကာမြင့်ကြူတို့ကို
ရွှေအမြုတေမဂ္ဂဇင်းအတွက်
မေးမြန်း ဖြစ်ခဲ့ပါတယ်။
ဥက္ကာမြင့်ကြူ
ဝိုင်းစုခိုင်သိန်းကို ချစ်သူအဖြစ်၊
ဘဝလက်တွဲဖော် အဖြစ်
ဘယ်လိုရွေးချယ်ခဲ့တာလဲ။



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

သူ အနုပညာရှင်ဖြစ်တာ၊ မဖြစ်တာတော့ မဆိုင်ဘူး။ ၂၀၁၀မှာ အမေရိကကို သူ လာတယ်။ ကျွန်တော်တို့နေတဲ့ ဝါရှင်တန်ဒီစီမှာ ပွဲလုပ်ဖို့ အစီအစဉ်တော့ မရှိဘူး။ ပွဲစီစဉ်တဲ့ မသီတာက ကျွန်တော်တို့ဆီကို အဆိုတော်တွေနဲ့ လာလည်မယ်၊ လိုက်ပို့ပေးပါပြောတာနဲ့ အိမ်မှာ သူတို့ နှစ်ညလောက်နေဖြစ်တယ်။ အဲဒီမှာ စတွေ့ပြီး စိတ်ဝင်စားခဲ့တာ။ ကျွန်တော်ကလည်း ဟိုမှာနေတာ ကြာပြီဆိုတော့ သူတို့အနုပညာနဲ့ အဆက်ပြတ်နေတာကြာပြီ။ ဝိုင်းစုခိုင်သိန်းဆိုတာတော့ သိတယ်။ သူ့အနုပညာ လှုပ်ရှားမှုတွေတော့ မသိဘူး။ အဲဒီအချိန်မှာ *အပြစ်မမြင်ပါ* သီချင်းက ပေါက်နေတော့ နားထောင်ဖူးတယ်။

**ဝိုင်းစုကို စပြီး စိတ်ဝင်စားချိန်မှာ ဝိုင်းစုကို အနုပညာရှင်တစ်ယောက် ဖြစ်စေချင်လား၊ သာမန်လူတစ်ယောက် ဖြစ်စေချင်လား။**



ကျွန်တော့်စိတ်ထဲမှာတော့ အဲဒီလိုမျိုး ခွဲခြားထားတာတော့ မရှိပါဘူး။ သူ ဒီအလုပ်လုပ်ရတာ ပျော်တယ်၊ စိတ်ဝင်စားတယ်ဆို ပျော်ပါတယ်။

**ဝိုင်းစုကိုPropose လုပ်တော့ လူချင်းတွေ့ပြီးလုပ်တာလား၊ ဖုန်းထဲကနေပဲလား။**

လူချင်းတွေ့ပြီး Propose လုပ်တာ။ ကျွန်တော်တို့ မြို့ကို လာလည်ပြီး နယူးယောက်ကို ဆက်သွားတယ်။ နယူးယောက်ပွဲကို ကျွန်တော်လိုက်သွားပြီး တွေ့တယ်။ အဲဒီမှာပဲ Propose လုပ်တာ။

**အဖြေကရော ဘယ်လောက်ကြာမှ ရလဲ။**

သူက စဉ်းစားဦးမယ် ပြောပြီး မြန်မာပြည် ပြန်သွားတယ်။ သူ ပြန်သွားပြီး နောက်ထပ် သုံးလအကြာမှာ ကျွန်တော်လည်း မြန်မာပြည်ကိုလာတယ်။ အဲဒီတော့မှ ကျွန်တော် အဖြေရတာ။

**ဝိုင်းစုကို ချစ်တဲ့အချိန်ကစပြီး ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်ခဲ့တာလား။**

Propose လုပ်တယ်။ ကြားထဲမှာလည်း ဖုန်းတွေပြောဖြစ်တယ်။ ချစ်သူဘဝရောက်သွားတယ်။ ချစ်သူဘဝရောက်ပြီး မကြာဘူး ကျွန်တော်က ဘဝလက်တွဲဖော်အဖြစ် ရည်ရွယ်လိုက်တာပါ။

**ဝိုင်းစုရဲ့ နှလုံးသားရေးရာနဲ့ပတ်သက်ပြီး ရှေ့မှာ အဖြစ်အပျက်အချို့ ရှိခဲ့တယ်။ အဲဒီလိုဖြစ်ပျက်ခဲ့မှုနဲ့ပတ်သက်ပြီး ဥက္ကာအပေါ် ပတ်ဝန်းကျင်က ရိုက်ခတ်လာတာမျိုးတွေရော ရှိခဲ့သေးလား။**

အဲဒီလိုမျိုးတွေ ပြောကြတာ ရှိပါတယ်။ အဲဒါတွေကို ခေါင်းထဲမှာ မရှိဘူး။ Past က Past ပဲ။ အခုလက်ရှိနဲ့ Future ပဲ စဉ်းစားတယ်။

**ဥက္ကာနဲ့ ဝိုင်းစုတို့က အနေဝေးပြီး ချစ်သူတွေဖြစ်ခဲ့ကြတာဆိုတော့ ကြားထဲက ပြဿနာတွေရော ရှိခဲ့သေးလား။**

တခြားပြဿနာတွေတော့ မရှိဘူး။ ဒီကြားထဲမှာ ကျွန်တော်တို့က ခဏခဏ စကားများ၊ ရန်ဖြစ် အဲဒီ
လောက်ပဲ ရှိပါတယ်။ ပြတ်
သွားတာတော့ မရှိပါဘူး။

**ဥက္ကာက ဒီမှာလည်း အလုပ်လုပ်မှာဆိုတော့ ဝိုင်းစု
ကိုရော အနုပညာအလုပ်
ဆက်လုပ်စေချင်လား၊ ဥက္ကာ
ရဲ့အလုပ်မှာ ပါဝင်စေချင်လား၊**

ကျွန်တော့်စိတ်ကူး
အမှန်ပြောရရင် သူလည်း
အောင်မြင်နေတဲ့ အချိန်မှာ သူ
ပျော်တဲ့၊ ဝါသနာပါတဲ့ အလုပ်
ကိုပဲ လုပ်စေချင်ပါတယ်။ သူ
နားချင်တဲ့အချိန်မှာတော့ နား
ပါ။ ကျွန်တော် မကန့်ကွက်ပါ
ဘူး။ ကျွန်တော့်ဘက်က
အလုပ်တွေ စိတ်ဝင်စားလို့
သူ လုပ်မယ်ဆိုရင်လည်း
အကောင်းဆုံးပေါ့။

**ဖေဖော်ဝါရီ ၁၄ ချစ်သူ
များနေ့မှာ မင်္ဂလာပွဲလုပ်ဖို့
စီစဉ်တာ အမှတ်တရ ရှိသေး
လား။**

အမှတ်တရရယ်လို့ မရှိ
ပါဘူး။ တစ်နှစ်ပဲ ဖေဖော်ဝါ
ရီ ၁၄ ရန်ကုန်ကို လာတယ်
သူ Show ဆိုတဲ့ဆီ လိုက်
ကြည့်တယ်။ ဒါပါပဲလို့ ဥက္ကာ
မြင့်ကြူက ဖြေပေးပါတယ်
အဲဒီအချိန်မှာ ဝိုင်းစုခိုင်သိန်း
က ထပ်ဖြည့်ပြီး ဖြေပေးပါ
တယ်။

ဝိုင်းစုနဲ့ ကိုဥက္ကာ
တနင်္ဂနွေနဲ့ ဗုဒ္ဓဟူးဖြစ်
တယ်။ တနင်္ဂနွေနဲ့ဗုဒ္ဓဟူး



www.burmeseclassic.com

www.burmeseclassic.com

မြဲတမ်းရန်ဖြစ်တယ်လေ၊ ပ်မတည့်ဘူး။ မတည့်တဲ့ ါကျတော့ ဖေဖော်ဝါရီမှာ လာဆောင်ရင် အိမ်ထောင် ပိုခိုင်မြဲတယ်တဲ့။ တွက် ကြည့်လိုက်တော့ အဲဒီလို ဖြစ်နေတယ်။ အဲဒါဆိုရင် ဖော်ဝါရီမှာ ယူမယ်။ ဖေ ဝါရီမှာ ချစ်သူများနေ့ကို ရင် အလှဆုံးပဲဆိုပြီး တ်တရဖြစ်အောင် ရွေး က်တာလို့ ဖြေပေးတာပါ။

**စုခိုင်သိန်း**

**အခုဆိုရင် ဝိုင်းစုက အနု ညာလောကမှာ အောင်မြင် တယ်။ ဒီလိုအောင်မြင်ချိန် အိမ်ထောင်ပြုဖို့ တော် စဉ်းစားရလား။**

အခု ပရိသတ်က အရင် က်တော့ မဆိုးတော့ပါ သူ့ဟာနဲ့သူ အားပေး ကြတယ်။ အနုပညာကို ညာလိုပဲ အားပေးတတ် တယ်။ တချို့ကတော့ ရှိတာပေါ့။ ဝိုင်းစုစဉ်း တာက အသက်အရွယ်နဲ့ပဲ စားတယ်။ ဘယ်အသက် ယ်မှာ ဘာလုပ်မယ်ဆိုပြီး ယ်ကတည်းက စဉ်း တယ်။ ဖြစ်တာ မဖြစ်တာ တော့ သတ်သတ်ပေါ့။ ယ့်ကံဇာတာနဲ့လည်း ဆိုင် ယ်။ ငယ်ငယ်ကတည်း ဝိုင်းစု အဆိုတော် ဖြစ် င်တယ်။ ကိုယ်ကြိုးစား ယ်။ ကြိုးစားတဲ့အလျောက် ဆင်ပြေတယ်။ အခု သက် ၂၇၊ ၂၈ လောက်မှာ ထောင်ပြုသင့်တယ်လို့ စုအစောကြီးကတည်းက တွက်ထားပြီးသား။ ဟိုး င် အသက် ၂၀ ကျော် က်ကတည်းကပေါ့။

ဘယ်အရွယ်မှာ ကလေးမွေးမယ်။ ဘယ်အရွယ်မှာ မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေမယ်။ ဘယ်အရွယ်မှာတော့ အလုပ်လုပ်သင့်တယ်။ အဲဒါတွေ အကုန်လုံး ကြိုတွက်ထားပြီးသားဖြစ်တဲ့အတွက် ဝိုင်းစုယူသင့်တဲ့အရွယ်မှာ အိမ်ထောင်ပြုတဲ့သဘောပေါ့။

**ဒီလို Plan ချထားပေမဲ့ ဘဝလက်တွဲဖော်အစစ်ကို မတွေ့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ။**

အပျိုကြီး ဖြစ်ရင်ဖြစ်သွားမှာပေါ့။ အဲဒီလိုမျိုးဆိုရင် ယူဖြစ်မှာ မဟုတ်ဘူး။ ကိုယ်ဖြစ်ချင်တဲ့ အရာလေးတွေကို တတ်နိုင်သမျှ ပုံသွင်းယူရတယ်။ ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာတော့ ကံနဲ့ အများကြီးဆိုင်ပါတယ်။

**အမေရိကာခရီးစဉ် သွားရင်း ဥက္ကာနဲ့ တွေ့တာဆိုတော့ Propose လုပ်ချိန်မှာ ဥက္ကာကို ဘယ်လိုအချက်တွေနဲ့ နှိုင်းယှဉ်စဉ်းစားခဲ့လဲ။**

Propose မှာ ဘာမှမပြောခင် သူက အရင်ဆုံး ယူမယ် စပြောတာ။ သူက ပြတ်ပြတ်သားသားပဲ။ ဘာမှမပြောဘူး။ ဝါရှင်တန်ဒီစီက သူတို့အိမ်ကိုသွားလည်တာ။ နယူးယောက် Show ကျတော့ သူလိုက်လာတယ်။ Propose လုပ်တယ်။ ယူမယ်၊ လက်ထပ်မယ်ပြောတာ။ ဝိုင်းစုနည်းနည်းတော့ ကြောင်သွားတယ်။ စဉ်းစားဦးလို့၊ အရမ်းလည်း ဝေးတာကိုး၊ သေချာစဉ်းစားဦးလို့ အနေဝေးရင်ဘာဖြစ်မယ်၊ ညာဖြစ်မယ် အများကြီး ပြောပြတယ်။ ပြောပြရင်း နောက်ဆုံးတော့





www.burmeseclassic.com

www.burmeseclassic.com

သူလည်း တကယ်ချစ်တယ်။ ဝိုင်းစုကလည်း တကယ်ချစ်တယ်။

**ဥက္ကာကို အဖြေပေးတော့ ဘဝလက်တွဲဖော်အဖြစ် ဆုံးဖြတ်ရွေးချယ်ခဲ့တာလား။ ဒီအတိုင်းရည်းစားအဖြစ် အဖြေပေးခဲ့တာလား။**

ဘဝလက်တွဲဖော် အစစ်အမှန်ကိုပဲ ဝိုင်းစု ရွေးချယ်ချင်တဲ့စိတ်ရှိတယ်။ ရှိတဲ့အချိန်မှာ သူနဲ့ သွားတွေ့တယ်။ အဲဒီလို ကွက်တိကျတယ်လို့ပဲ ပြောရမယ်။ ဝိုင်းစု အပျော်ရည်းစားလည်းထားလို့ရတယ်။ ဒါပေမဲ့ မထားတော့ဘူး။ တည်တည်တံ့တံ့ ထားမယ်။ သေချာရွေးချယ်မယ်။ ကိုယ့်အပေါ်ကောင်းတဲ့သူလည်းဖြစ်ရမယ်။ ကိုယ်ကလည်း ချစ်ရမယ်။ အဲဒီလိုမျိုးလူကို ရွေးချယ်မယ်ဆိုတဲ့အချိန်မှာ သူ့ကိုတွေ့တယ်။ သူ့ကိုလေ့လာကြည့်တော့လည်း ကောင်းတယ်။ အဲဒါကြောင့် ရွေးချယ်ဖြစ်သွားခဲ့တာ။



**ဥက္ကာဆီက ဘယ်လိုအချက်တွေကို ကြိုက်ခဲ့တာလဲ။**

သူက ဝိုင်းစုကို ချစ်တယ်။ သဝန်တိုတာလည်း ရှိတယ်။ သူနဲ့ ရန်လည်းဖြစ်တယ်။ အပြန်အလှန်၊ အပေးအယူလုပ်တာလည်း ရှိတယ်။ မိဘအသိုင်းအဝိုင်း အချင်းချင်းလည်း အဆင်ပြေတယ်။ အားလုံး အစစအရာရာ အဆင်ပြေတယ်။ မိသားစုလိုဖြစ်နေတယ်။ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ကိုယ်ပိုင်ရပ်တည်မှု ရှိတယ်။ အဓိကကတော့ ယောကျ်ားပီသဖို့ လိုတယ်။ ယောကျ်ားတစ်ယောက် ရွေးချယ်ပြီဆိုရင် ယောကျ်ားပီသဖို့က အရေးကြီးဆုံးပဲ။ ဝိုင်းစုလိုချင်တဲ့အချက်တွေအားလုံး ရှိတယ်။

**သဝန်တိုမှုဒဏ်ကို ချစ်သူဘဝက ဘယ်လောက်ထိခံခဲ့ရလဲ။**

သဝန်ကတော့ တိုတယ်။ သူက ပြီးရင် ရှုးရှုးဒိုင်းဒိုင်းနဲ့ နှစ်ယောက်စလုံး ပြီးရင်လည်း ဟုတ်တာ မဟုတ်ဘူး။ ရန်ကတော့ ခဏခဏ ဖြစ်တယ်။

**ဝိုင်းစုမှာက နှလုံးသား**
**ရေးရာပြဿနာရှိထားတော့**
**ဥက္ကာကို အဲဒီအကြောင်း**
**ပွင့်ပွင့်လင်းလင်း ပြောထား**
**လား။**

ဝိုင်းစုက အစောကြီး
ကတည်းက ပွင့်ပွင့်လင်း
လင်း ပြောတတ်သူဖြစ်တဲ့
အတွက် သူ Propose စလုပ်
တဲ့အချိန်မှာကိုက ဝိုင်းစုက
ပြောထားပြီးသား။ လူတိုင်း
လူတိုင်းမှာ အမှားအယွင်းရှိ
ခဲ့မယ်။ ဒါကို လက်ခံနိုင်ရင်
ဆက်သွားမယ်။ လူတစ်
ယောက်ကို ရွေးချယ်မယ်ဆို
ရင် ကိုယ်ရွေးချယ်မယ့် လူ
တစ်ယောက်ကို အစအဆုံး
သေချာပြောထားတာ ကောင်း
တယ်။ အစအဆုံး ပြော
တယ်။ သူ လက်ခံတယ်
သူလက်ခံတဲ့အတွက်ကြောင့်
လက်တွဲဖြစ်တယ်။ ဒါက
လည်း တစ်ဘဝလုံးမှာ မှား
ပြီးရင် ပြင်လို့မရဘူးဆိုတာ
ကလည်း မရှိပါဘူး။ အပြစ်
ပြောချင်တဲ့ သူကတော့ ပြော
မှာပဲလေ။ ဒါကြီးကို မှားပြီ
ပြီ၊ နောက်ထပ် ရွေးချယ်လို့
မရတော့ဘူးဆိုတဲ့ပုံစံမျိုးတွေ
ပြောကြတာပဲ။ သူတို့ရော
မရွေးချယ်ဘူးလား။ တစ်ခါ
မှားပြီးရင်လည်း၊ လူတိုင်း
လူတိုင်းမှာ မှားပြီးရင် ပြင်
ဆင်ချိန်တော့ ရှိရမယ်။ မပြင်
ဘဲနဲ့ ဆက်မှားရင်တော့ ပြော
ပေါ့။ ဒီဟာကိုပဲ တစ်ချိန်လုံး
ထောက်ပြပြီး ပြောနေမယ်
ဆိုရင်တော့ မဟုတ်ဘူးပေါ့
ဥပမာ- ဝိုင်းစု မှားခဲ့တယ်
မှားခဲ့တယ်ဆိုတာက သူများ
ကို ဝိုင်းစု မကောင်းတာ လု
ခဲ့တာ မဟုတ်ဘူး။ ကိုယ့်
ဖြစ်ချိန်တန်လို့၊ ငွေကြေးပဲ

www.burmeseclassic.com

လို့ ဖြစ်ခဲ့ပြီ။ အဲဒီဝင့်ကြေး တွေ ကုန်ဆုံးသွားပြီလို့ မှတ် တယ်။

**အဲဒီအကြောင်းအရာနဲ့ ဝိုင်းစုတို့ ရန်ဖြစ်ခဲ့တာမျိုး ရှိခဲ့ သေးလား။**

မရှိခဲ့ဘူး။ ဝိုင်းစုခေါင်း ထဲမှာလည်း ဘာမှမရှိတော့ ဘူး။ ဝိုင်းစုက စိတ်မပြတ် ဘူးဆိုလည်း မပြတ်ဘူး။ အရှဲ့အလမ်းလည်း ကြီး တယ်။ စိတ်ပြတ်ပြီဆိုရင် လည်း လုံးဝကို လှည့် ကြည့်တတ်ဘူး။ ခေါင်းထဲ မှာ မြူတစ်မှုန်တောင် မရှိ တတ်ဘူး။ အဲဒီလိုမျိုးဆိုတာ ကို သူလည်း သိတယ်။ လူ တစ်ယောက်မှာ ဘယ်လို စိတ်ရှိလဲဆိုတာ အရမ်း သိသာတယ်။ မိသားစုဘဝ ကို ပျော်ပျော်ရွှင်ရွှင်လေး လိုချင်တယ်။ အဲဒီအတွက် နှစ်ယောက်အတူ ကြိုးစား ကြတယ်။ သူလည်း ကြိုးစား တယ်။ ဝိုင်းစုလည်း ကြိုးစား တယ်။ အဲဒါပဲ ခေါင်းထဲမှာ ရှိတာ။

**မင်္ဂလာဆောင်ပြီးတာနဲ့ အမေရိကမှာ လိုက်နေမှာ လား။**

ပထမတော့ ဝိုင်းစု လိုက်နေမယ်။ အတူတူ အလုပ်လုပ်ကြမယ်လို့ စဉ်း စားတာ။ အခု ပြန်စဉ်းစား တော့ ဒီမှာလည်း အလုပ် လုပ်လို့ ရနေတာပဲ။ အခုက တော့ ပရိသတ် လက်ခံ နေရင် ဝိုင်းစု ဆက်လုပ်နေဦး မယ်။ နောက်တစ်ခုက သူ့ အလုပ်က ဒီမှာ ပြန်လုပ် လည်း ရတယ်၊ အဆင်ပြေ တယ်ဆိုတဲ့အတွက် ဒီမှာ လည်း စလုပ်နေပြီ။ စလုပ် နေပြီဆိုတော့ သွားလိုက် လာလိုက်ရှိမယ်။ သူ့အလုပ်အတွက် လိုအပ်တဲ့ပစ္စည်း သွားဝယ်တဲ့ အချိန်မှာ သွားတာမျိုး၊ ဟိုဘက်မှာ လုပ်လို့ရတဲ့အလုပ်လုပ်၊ သွားလိုက်လာလိုက်ပေါ့။ နောက်ပိုင်း နှစ်ကြာလာရင်တော့ ဟိုမှာပဲ အခြေချမယ်။ ဝိုင်းစုလည်း အလုပ်လုပ်ခဲ့တာ ဆယ်စုနှစ်လောက် ရှိပြီဆိုတော့ အခုသွားရင် ဘယ်ကဘယ်လို စလုပ်ရမှန်း မသိဘူး။ ကိုယ့်မိဘအသိုင်းအဝိုင်း လည်း ဟိုမှာ မရှိတဲ့အခါကျတော့ အကယ်၍ ကလေးယူမယ်၊ ဘာညာဆိုရင်တောင် ဘယ် ကနေ ဘယ်လိုစလုပ်ရမှန်း မသိဘူး။ ဒီမှာ ကိုယ့်မိဘတွေရှိတော့ အားရှိတယ်။ နောက်ပိုင်း ကလေးယူပြီး ကျောင်းထားတာတို့ ဘာတို့က ဟိုဘက်မှာပဲ ဖြစ်သွားမယ်။

**ဒါဆို ဝိုင်းစု ဇာတ်ကားရိုက်တွေ မလုပ်ဖြစ်တော့ဘူး ထင်တယ်။ စီးရီးရော ဆက် ထွက်ဦးမှာလား။**



စီးရီးကတော့ ဆက်ထွက်မယ်။ ဇာတ်ကားကတော့ အဆင်ပြေတာလေးတွေတော့ ရိုက် ဖြစ်ဦးမှာပါ။ ဒီနှစ်နှစ်၊ သုံးနှစ်ပေါ့။ ကျန်တဲ့ ဟာတွေကတော့ ဖြည်းဖြည်းချင်းပေါ့။ အရမ်းကြီး တော့ မရိုက်ဖြစ်တော့ဘူး။

ဝိုင်းစုခိုင်သိန်းက ဆီဒိုးနားဟိုတယ်မှာ စုလျားရစ်ပတ် မင်္ဂလာပွဲပြုလုပ်မှာဖြစ်ပြီး မင်္ဂလာ ညစာစားပွဲကို ကန်တော်ကြီးပဲလေ့စ်ဟိုတယ်မှာ ပြုလုပ်မှာ ဖြစ်ပါတယ်။ မင်္ဂလာသတို့သမီး အရံများအဖြစ် မိစန္ဒီ၊ မြနှင်းရည်လွင်၊ ပန်းကြဲအဖြစ် နန်းသူဇာ၊ ကြည်နူးနိုင်၊ လက်စွပ် ဗန်းကိုင် အဖြစ် နန်းမြတ်ဖြိုးသင်း၊ Bobby Soxer တို့က ဆောင်ရွက်ပေးသွားကြမှာဖြစ်ပါတယ်။ ■

ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

အောင်တိုင်းကျော် ဗီဒီယို ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ညီမြင်းလွင်က **နှင်းဆီနန်းတော်** ဆိုတဲ့ ဗီဒီယိုဇာတ်ကားကို ရိုက်ကူးထားပါတယ်။ **နှင်းဆီနန်းတော်** ဇာတ်ကားက စတုတ္ထမြောက် **နှင်းဆီကကြိုး**လို့ ဆိုနိုင်ပါတယ်။ ၂၀၀၃ ခုနှစ်မှာ **နှင်းဆီကကြိုး**၊ ၂၀၀၄ ခုနှစ်မှာ **ချောကလက်ဝိုင်**၊ ၂၀၀၇ ခုနှစ်မှာ **နှင်းဆီနက္ခတ်**ဆိုတဲ့ ဇာတ်ကားများမှာ နေသော်နဲ့ ပျိုးဆိုတဲ့ ဇာတ်ကောင်တွေ ပါဝင်သရုပ်ဆောင်ထားပါတယ်။ **နှင်းဆီကကြိုး**က စာရေးဆရာ သွန်းနေစိုးရဲ့ **ချစ်သူဝှက်ထားတဲ့အိပ်မက်** ဝတ္ထုကို ရိုက်ကူးခဲ့တာဖြစ်ပြီး ဒီဇာတ်ကားကို ပရိသတ်များ နှစ်သက်ခဲ့ကြပါတယ်။ နေသော်နဲ့ ပျိုးတို့ရဲ့ ပြိုင်ဆိုင်မှုများမှာ ရှုံးတဲ့သူက နိုင်တဲ့သူရှေ့မှာ ဒူးထောက်ကြေး ပါဝင်တာကြောင့် ရှုံးတဲ့သူတွေက ဒူးထောက်ခဲ့ကြရပါတယ်။






www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီဇာတ်ကားများမှာ ပါတဲ့ Plot တွေကို ပရိသတ်များ သဘောကျသလို ဇာတ်ကောင်များ ဒူးထောက်အရှုံးပေးကြတာကို နှစ်သက်ကြပါတယ်။ **နှင်းဆီကကြိုး၊ ချောကလက်ဝိုင်၊ နှင်းဆီနက္ခတ်** ဇာတ်ကားတို့ကို လူမင်း၊ အိန္ဒြာကျော်ဇင်တို့နဲ့ ရိုက်ကူးထားတာဖြစ်တဲ့အတွက် **နှင်းဆီနန်းတော်** ဇာတ်ကားကိုလည်း လူမင်း၊ အိန္ဒြာကျော်ဇင်တို့နဲ့ပဲ ရိုက်ကူးထားပါတယ်။ **နှင်းဆီနန်းတော်**မှာ နေသော်(လူမင်း)က ပျိုး(အိန္ဒြာကျော်ဇင်)ကို ရက္ခဗေဒစာတမ်းဖတ်ပွဲတစ်ခုမှာ စပြီး စိန်ခေါ်မှုနဲ့ စထားပါတယ်။ **နှင်းဆီကကြိုး**မှာ နေသော်က ပျိုးဆီကို နောက်ကျောပေးပြီး စကားပြောတဲ့ ဗီဒီယိုအခွေတစ်ခွေပို့ပြီး ဖုန်းနဲ့ အလောင်းအစား လုပ်ခဲ့ကြပါတယ်။ **ချောကလက်ဝိုင်** ဇာတ်ကားမှာ Mr.Guitar ဆိုင်မှာ ကျောခိုင်းပြီး စိန်ခေါ်ခဲ့သလို၊ **နှင်းဆီနက္ခတ်**မှာတော့ ပြင်သစ်ပွဲတော်ဖြစ်တဲ့ Carnaval ပွဲတော်မှာ မျက်နှာဖုံးစွပ်ပြီး စိန်ခေါ်မှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ **နှင်းဆီနန်းတော်** ဇာတ်ကားမှာတော့ လူသိရှင်ကြား ပရိဂျက်တာကနေ စိန်ခေါ်လိုက်တာပါ။

အဲဒီလို စိန်ခေါ်မှုက လူသိရှင်ကြားဖြစ်သွားပါတယ်။ နေသော်နဲ့ ပျိုးတို့က သူတို့ရဲ့ အလောင်းအစားကို Facebook ပေါ်မှာ Fan Page တစ်ခုဖွင့်လိုက်ပြီး လူတွေ အားလုံးသိအောင် လုပ်လိုက်ပါတော့တယ်။ ပျိုးကို နေသော်က တစ်ခုခုလုပ်တော့ မယ်ဆိုရင် Facebook ပေါ်ကနေ ကြေညာသလို ပျိုးကလည်း ကြေညာခဲ့ပါတယ်။ အဲဒါကြောင့် နေ... သော်ရဲ့ Fan တွေရှိလာသ... ပျိုးရဲ့ Fan တွေလည်း ရှိလာ... ပါတော့တယ်။ အဲဒါကြော... ပျိုးကိုထောက်ခံတဲ့၊ အားပေး... တဲ့သူတွေက နေသော် ဘ... သူလဲ ဆိုတာကို ဝိုင်းရှာ... ကြတယ်။ အဲဒီလိုနဲ့ နေသော်... ပျိုးတို့ရဲ့ပွဲက တဖြည်းဖြည်း... နဲ့ အခြားသူတွေပါ ပါလာ... ပါတယ်။ နေသော်နဲ့ ပျိုးတို့... လှုပ်ရှားမှုတွေကို Fcaebo... က သူငယ်ချင်းတွေက ကူ... ပေးမှုတွေလည်း လုပ်ပေးကြ... ပါတယ်။





www.burmeseclassic.com

www.burmeseclassic.com




Facebook သုံးတာက ...အချိန်မှာ တော်တော်လေး ...ယ်ပြန့်နေပြီဖြစ်တာ ...ကြောင့် ခေတ်အခြေအနေ ...လိုက် ဒီဇာတ်ကားထဲမှာ ...သုံးထားတာ ဖြစ်ပါ ...ယ်။ **နှင်းဆီနက္ခတ်**ဇာတ် ...အပြီးမှာ နှင်းဆီနဲ့ပတ် ...တ်တာ၊ နေသော်နဲ့ ပျိုးတို့ ...တ်သက်တဲ့ ဇာတ်ကား ...မလာတော့ဘူးလို့ ထင် ...ကြပေမဲ့ ၆ နှစ်ကျော်၊ ...နှစ်နီးပါးမှ **နှင်းဆီနန်း** ...ဆိုပြီး ပြန်ဖြစ်လာတာ ... **နှင်းဆီ နန်းတော်** ဇာတ်ကားက **နှင်းဆီကကြိုး**ရဲ့ နောက်ဆုံးဇာတ်ကား လည်း ဖြစ်လာနိုင်ပါတယ်။ နောက်ဆုံးလည်း မဖြစ်နိုင်ပါဘူး။ ဒါပေမဲ့ လူမင်း၊ အိန္ဒြာကျော်ဇင်တို့ရဲ့ အတွဲဖြစ်ဖို့ဆိုတာတော့ မသေချာတော့ပါဘူး။ **နှင်းဆီနန်းတော်** ဇာတ်ကားက **နှင်းဆီနက္ခတ်**ဆိုတဲ့ ဇာတ်ကားနဲ့ နှစ်များစွာ ကွာခြားတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာလုပ်ခဲ့တဲ့ အိုက်တင်တွေကို ပြန်သတိရမှ ဖြစ်မှာပါ။ ပျိုးဆိုတဲ့ ဇာတ်ကောင် စရိုက်ကို ပြန်ရဖို့ အိန္ဒြာကျော်ဇင်က ကြိုးစားထားသလို အရင်သုံးကားမှာ လုပ်ခဲ့တာနဲ့ နည်းနည်း ပြောင်းသွားအောင် လုပ်ထားပါတယ်။

**နှင်းဆီနှန်းတော်**

ဇာတ်ကားမှာ Plot ဆန်းဆန်းလေးတွေ ပါဝင်ပါတယ်။

'ဇာတ်ဝင်ခန်းတွေ အားလုံးသည် reasonable ဖြစ်ချင်မှ ဖြစ်မယ်။ ဒါပေမဲ့ Entertainment အတွက် ကြည့်လို့ကောင်းအောင် လုပ်ထားတယ်။ တချို့တွေ ပြောမယ်ဆိုရင် ပြောလို့ရတယ်။ ဒီ Plot ကြီးက မဖြစ်နိုင်ပါဘူး။ အဓိပ္ပာယ် မရှိပါဘူးဆို တဲ့ ဟာမျိုးတွေ အများကြီး ပါတယ်။ ဒါပေမဲ့ လည်း ကြည့်လို့တော့ကောင်းတယ်။ Entertainment အနေနဲ့ ပ ကြည့်ရမှာပေါ့' လို့ အိန္ဒြာ ကျော်ဇင်က ဆိုပါတယ်။ နေ သော်နဲ့ ပျိုးဆိုတဲ့ ဇာတ်ကောင် တွေကို ပရိသတ်တွေက မမေ့ ကြသေးပါဘူး။ 'ကားတစ် ကားကို ကြည့်ပြီး သွားရင် ဘယ်လိုပဲဖြစ်ဖြစ်ကြာရင် မေ့ သွားတာပဲ။ နေသော်၊ ပျိုးဆို တဲ့ ဇာတ်ကောင်နာမည်တွေ ကို မမေ့ကြဘူး။ အဲဒီတော့ အူဝဲတို့ ကြိုးစားရကျိုးနပ် တယ်။ အချိန်ဘယ်လောက် ကြာကြာ မမေ့ဘူးဆိုတာ ပရိ သတ်အကြိုက်နဲ့ တွေ့သွား တာလည်းပါမယ်။ လူငယ် ကြိုက်လို့လည်း ပြောနိုင် တယ်' လို့ အိန္ဒြာကျော်ဇင်က ဆိုပါတယ်။

နှင်းဆီနဲ့ ပတ်သက်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ကား **နှင်းဆီနက္ခတ်**
ပြီးမှာတော့ မရိုက်တော့
လို့ စဉ်းစားထားကြပေမဲ့
**နှင်းဆီနန်းတော်**ဆိုတဲ့ ဇာတ်
ကားတော့ ထပ်မံ ပေါ်လာခဲ့
ပါတယ်။ **အဋ္ဌမမြောက်**
နန်းဆိုတဲ့ ဗီဒီယိုဇာတ်ကား
ညီမင်းလွင်နဲ့ လူမင်းတို့
ကူးချိန်မှာ လူမင်းက
ဇာတ်ကားထဲမှာ မင်္ဂလာပါ
ရှိလို့ နှုတ်ဆက်ပြောရ
အစား မင်္ဂလာပါပျိုးဆို
စကားလေးကို ပြောရာ
နေ **နှင်းဆီနန်းတော်**ကို
ည်ဆောက်ဖို့ ဖြစ်လာခဲ့ပါ
တယ်။ နှင်းဆီဇာတ်ကား
တွေရဲ့ ထုံးစံအတိုင်း ပျိုးရဲ့
ကံထဲကို ဘယ်အချိန်မှာ
နှင်းဆီပန်းရောက်လာမယ်။
ရဲ့ နှုတ်ခမ်းမှာ နှင်းဆီ
ကိုက်ထားတာ ဖြစ်စေရ
ဆိုတဲ့ နေသော်ရဲ့ စိန်ခေါ်
တွေ၊ ပျိုးရဲ့ ပြန်လည် စိန်
မှုတွေ **နှင်းဆီနန်းတော်**မှာ
ကြည့်ရှုရမှာဖြစ်ပါတယ်။
**နှင်းဆီနန်းတော်**
ဆိုတဲ့ ဇာတ်ကားနာမည်ရဲ့
အဓိပ္ပာယ်ကဇာတ်လမ်းထဲမှာ
အရေးကြီးတဲ့
အနေအထားတစ်ခုကနေ
ပါနေတဲ့အတွက်
အဲဒီအဓိပ္ပာယ်ကို
ဇာတ်ကားကြည့်မှပဲ
နားလည်ပါစေတော့လို့
ဒါရိုက်တာ ညီမင်းလွင်က
ဆိုပါတယ်။ **နှင်းဆီနန်းတော်**
ဇာတ်ကားကို
နိုဝင်ဘာလထဲမှာပဲ
ရိုက်ကူးပြီးစီးထားတာကြောင့်
ပရိသတ်တွေ
အချိန်နည်းနည်းတော့
စောင့်ရဦးမှာပါ။
ဒီဇာတ်ကားအတွက်
ဇာတ်လမ်းနဲ့ ဇာတ်ညွှန်းကို
ညီမင်းလွင်ကပဲ
ရေးသားထားတာဖြစ်ပါတယ်။

■

**ခင်လေးမြင့်**





www.burmeseclassic.com

www.burmeseclassic.com

# မြန်မာဖက်ရှင်ရက်သတ္တပတ်

## Myanmar Fashion Week 2013

ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com



Talents & Models ကို ဦးဆောင်နေတဲ့ တင်မိုးလွင်က Myanmar Fashion Week (mFW 2013) မြန်မာဖက်ရှင်ရက်သတ္တပတ်ကို ဦးဆောင်ကျင်းပခဲ့ပါတယ်။ ဒီပွဲကို ၂၀၁၃ နိုဝင်ဘာ ၂၆ ရက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။ မြန်မာဖက်ရှင်ရက်သတ္တပတ်ဆိုတဲ့အတိုင်း မြန်မာတွေရဲ့ ဖက်ရှင် ဒီဇိုင်းများ၊ မြန်မာချည်ထည်များကို အသုံးပြုပြီးဆန်းသစ်တဲ့ ဒီဇိုင်းများ ဖန်တီးမှုတို့ကို မြင်တွေ့ရတာဖြစ်ပါတယ်။ ချည်ထည်များပေါ်မှာ ချည်ထိုးများရေးဆွဲပြီး အခြား Accessories များနဲ့ဖန်တီးထားတဲ့မြန်မာမိန်းကလေးများအတွက် ဝတ်စုံဆန်းများကိုလည်း ဒီဇိုင်နာများကတင်ဆက်ပေးခဲ့တာပါ။

Myanmar Fashion Week(mFW2013) ကျင်းပခင် မန္တလေးမှာ မန္တလေးဖက်ရှင်ရက်သတ္တပတ်နဲ့ ရန်ကုန်မှာ ဝင်စင်တာမှာ ရန်ကုန်ဖက်ရှင်ရက်သတ္တပတ်များကို တင်မိုးလွင်က စီစဉ်ကျင်းပခဲ့ပါသေးတယ်။

Myanmar Fashion Week (mFW2013) မှာ ဒီဇိုင်နာ မမဇူ (Zu Zu Collection), ခင်စန်းဝင်း၊ ပန်းသတ်၊ မပို့(My Favourite), ရွှေခင်းစိုး၊ ဥမ္မာကျော်(OMK), Y Stone, စိုင်းလတ်၊ ဉာဏ်ဉာဏ်(လှည်းတန်း)နဲ့ မမီးမီး(မောင်းမကန်)တို့ရဲ့ ဖက်ရှင်ဒီဇိုင်းများပါဝင်ခဲ့တာဖြစ်ပါတယ်။ ခရစ္စမတ်ကာလလည်းဖြစ်တာကြောင့် မြန်မာထိုင်မသိမ်းဝတ်စုံများကိုလည်း တင်ဆက်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကချင်ချုပ်ခုတ်ထည်များကိုအသုံးပြုပြီး အမျိုးသားဝတ်ရှပ်အင်္ကျီများ ဖန်တီးချုပ်လုပ်မှုကိုလည်း တင်ဆက်ပေးခဲ့တာပါ။ တင်မိုးလွင်က ၂၀၁၄ နှစ်ဆန်းမှာ International Fashion Week ကို ပြည်ပမှ ဒီဇိုင်နာများ၊ မြန်မာပြည်မှ ဒီဇိုင်နာများနဲ့ ကျင်းပဦးမှာဖြစ်ပါတယ်။

■ ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


















www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



Gravity ဇာတ်ကားမှ ဂျော့ချ်ကလူနီနဲ့ စန္ဒရာဘူးလော့ခ်

# စန္ဒရာဘူးလော့ခ်

ရီတာအောင် ၊ NY ၊



တီးဝိုင်းအသေးစားကလေးတစ်ခုက ဧည့်ခံဖျော်ဖြေနေလိမ့်မယ်။ ပြီးပြည့်စုံတဲ့ ခံစားချက်ကို ရသွားမှာ။ အဲဒါ အော်စတင်မြို့ မှာရှိတယ်။ Vogue မဂ္ဂဇင်းရဲ့ပင်တိုင်ဆောင်းပါးရှင်က ရုပ်ရှင်မင်းသမီး Sandra Bullock နေထိုင်တဲ့ အော်စတင်မြို့က ကော်ဖီဆိုင်ကလေးကို ညွှန်းနေတာပါ။ မြို့ကလေးက တည်တည်ငြိမ်ငြိမ်ရှိလွန်းတာကြောင့်လည်း ဟောလိဝုဒ်က ကျော်ကြားတဲ့ စန္ဒရာဘူးလော့ခ်လို မင်းသမီးတစ်ယောက် အခြေချနေထိုင် ဖြစ်ခဲ့တာပါ။ နယူးယောက်စ်မြို့တော်ကြီးရဲ့ မြေအောက်ရထား Subway အတွင်းက စိတ်ပျက်စရာ ဆူညံသံတွေနဲ့ ဝေးရာကို ရှောင်ပြေးရင်း လမ်းခရီးမှာ ဒီမြို့ကလေးကို စန္ဒရာ မျက်စိကျသွားခဲ့တာ လွန်ခဲ့တဲ့ ၁၅ နှစ်လောက်ကတည်းကပါ။ နွေးထွေးတဲ့ တက်ဆက်ပြည်နယ် အရိပ်ကို ခိုလှုံဝင်လာတဲ့သူမကို အေးဆေးသက်သာ လက်ခံခဲ့ကြတယ်။ အော်စတင်မြို့ကလေးမှာ 'စန္ဒရာဘူးလော့ခ်၊ ရုပ်ရှင်ငွေကြယ်ပွင့်၊ ကျော်ကြားသူတစ်ယောက်၊

နောက်ဘဝတွေကျရင် တက်ဆက်စ်ပြည်နယ် Austin မြို့လေးကို ပြောင်းရွှေ့နေကြပါစို့။ တကယ် အတည်ပြောနေတာပါ။ အဲဒီနေရာက ငြိမ်းချမ်းတဲ့ နတ်ပြည်ပဲ။ ပိုကောင်းတဲ့ မနက်စာလည်း စားခွင့်ရှိသေးတယ်။ အမေရိကန် ပြည်ထောင်စု Texas ပြည်နယ်ရဲ့မြို့တော်ဖြစ်ပြီး နိုင်ငံအတွင်း နာမည်ကြီးတဲ့ တက္ကသိုလ်ကျောင်း၊ ကောလိပ်ကျောင်းတွေလည်း အများကြီးရှိနေတယ်။ နေထိုင်ကုန်ကျစရိတ်ကို တွက်ကြည့်ရင် အခြားမြို့တွေထက်တောင် သက်သာတယ်။ ဟာန်ဆောင် ပန်ဆောင်မှုတွေလည်း မရှိ၊ အစဉ်တည်ငြိမ်အေးချမ်း နေတတ်တယ်။ အရာရာတိုင်း ပုံမှန်အရှိန်လေးနဲ့ပဲ အေးအေးဆေးဆေး လည်ပတ်နေတယ်။ အံ့ဩစရာ ပိစိသေးသေးလေးတော့ ဖြစ်ပွားနေသား။ ကော်ဖီသောက်ချင်စိတ်ပေါ်လို့ ဆိုင်ထဲဝင်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com


www.burmeseclassic.com

ပါပါရာဇီတွေရဲ့ ပစ်မှတ်' စတာတွေ မေ့ထားလို့ရအောင် စွမ်းဆောင်နိုင်ခဲ့တယ်။ စန္ဒရာက ဒီလိုအနေအထားကို 'သံချပ်ကာ ချပ်ဝတ်တန်ဆာအတွင်းက တွားထွက်နိုင်ခဲ့တဲ့အပြင် လူပီသတဲ့ လူတစ်ယောက်အဖြစ် ရပ်တည်နိုင်တယ်' လို့ကို လွှန်လွှန်ကြူးကြူး ရင်ဖွင့်ထားပါတယ်။ 'အခုမှ ကျွန်မစိတ်နဲ့ကျွန်မ ကိုယ်ဖြစ်ခွင့်ရတာ။ ဒီနေရာက ကျွန်မအတွက် လုံခြုံတယ်။ ခရီးက ပြန်လာလို့ လေယာဉ်ပျံပေါ်က ဆင်းလိုက်တာနဲ့ မြေနံ့သင်းနေတဲ့လေကို ရှူရတယ်။ ပုစဉ်းရင်ကွဲအော်သံတွေ ကြားရတယ်' တဲ့။

ဆောင်းပါးရှင်နဲ့ မင်းသမီးတွေ့ကြချိန်က နေ့လယ်စောင်းပါ။ အော်စတင်မြို့က နာမည်ကျော် Walton's Fancy and Stapleဆိုတဲ့ ဆိုင်ကြီးရှေ့ လမ်းတစ်ဖက်ကမ်းမှာရှိတဲ့ ပန်းအရောင်းဆိုင်ကို စန္ဒရာက ညွှန်ပြပါတယ်။ အဲဒီဆိုင်ကို စန္ဒရာက ဝယ်လိုက်ပြီး ၂၀၀၉ မှာ လူစည်ရာ Downtown ဘက် ရွှေ့ပြောင်းဖွင့်လှစ်ခဲ့တယ်။ အသားညှပ်မုန့်နှင့် ကိတ်မုန့် အရောင်းဆိုင်ပါ တိုးချဲ့ဖွင့်ထားပြီးပါပြီ။ စားပွဲခုံအလွတ် တစ်ခုမှာဝင်ထိုင်ရင်း ချောကလက်ကိတ် မှာစားခိုင်းပါတယ်။ ဆောင်းပါးရှင်က ဘာဖြစ်လို့ အဲဒါကို မှာခိုင်းတာလဲမေးတဲ့အခါ အရမ်းစားကောင်းလို့၊ ပြီးတော့ မှာထားတဲ့ အထဲက သူလည်း နည်းနည်း ယူစားချင်လို့ပါတဲ့။ ဆိုင်က မျက်နှာကြက်မှာ ခပ်မြင့်မြင့်မို့ လေဝင်လေထွက်ကောင်းလှတယ်။ လှလှပပ ပြင်ဆင်ထားတဲ့ ပန်းစည်းတွေ၊ ပန်းခြင်းတွေ အနောက်ဘက်မှာ တွေ့မြင်နေရတယ်။

အဲဒီဆိုင်ရှိတဲ့ လမ်းမကြီးပေါ်မှာပဲ စန္ဒရာပိုင်တဲ့ ပြင်သစ်အစားအသောက်တွေရောင်းတဲ့ စားသောက်ဆိုင်ရှိပြန်ပါတယ်။ အရင်တုန်းက ရှေ့နေရုံးခန်းနေရာကို စန္ဒရာက အသွင်ပြောင်းပစ်လိုက်ခြင်းပါ။ ဆိုင်ဖွင့်ထားတဲ့သက်တမ်း ၃ နှစ်ကျော်လာပါပြီ။ မင်းသမီးက 'ဆိုင်တွေရဲ့ လိုအပ်ချက်တွေ ကျွန်မ


စန္ဒရာဘူးလော့ခ်နဲ့ ဂျော့ချ်ကလူနီ


သားငယ် Louis နဲ့ စန္ဒရာဘူးလော့ခ်




www.burmeseclassic.com

www.burmeseclassic.com



Gravity ရိုက်ကွင်းပေါ်မှာ မြင်တွေ့ရတဲ့ စန်ဒရာဘူးလော့ခ်၊ ဂျော့ချ်ကလွန်နီ



Gravity ဇာတ်ကားမှာ မင်းသမီး စန်ဒရာဘူးလော့ခ်က လူစားထိုးရိုက်ကူးခြင်းမရှိဘဲ အတတ်နိုင်ဆုံး ကိုယ်တိုင်ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်

က အကြံဉာဏ်ပေးရင် ကျွန်မဝန်ထမ်းတွေက လန့်ဖျပ်သွားတတ်တယ်။ ပိုင်ရှင်အကြိုက်က သိပ်ဈေးကြီးတာပဲတဲ့'လေ။ ပြီးတော့ 'ကင်မရာရှေ့မှာ အမူအရာ အိုက်တင် လုပ်ပြရတာ ကျွန်မ တတ်နိုင်တာထက် ပိုလွန်းတယ်။ အဲဒါကို ကျွန်မ မပိုင်ဘူး။ ကျွန်မ နေရာယူနိုင်မှုက သေးသေးလေးပဲရှိတယ်။ အခြားသရုပ်ဆောင်တွေ၊ စက်အဖွဲ့တွေ စတဲ့ သူတွေအားလုံး ပါဝင်ပူးပေါင်းမှ အလုပ်ဖြစ်တာ။ (သူ့ရဲ့ဆိုင်တွင်း လာရောက်စားသောက်နေတဲ့ စားပွဲကိုယ်စီက မိသားစုတွေကို ဝေ့ဝဲကြည့်လိုက်ရင်း) ဒီဆိုင်အလုပ်တွေကမှ ကျွန်မပိုင်တွေ'လို့ ရှင်းပြပါတယ်။

စန်ဒရာက ထောင့်ကျတဲ့ ထိုင်ခုံအမြင့်၊ ပြတင်းပေါက်ဘေးမှာ ဝင်ထိုင်ပါတယ်။ သူမက အဖြူရောင် J Brand ဘောင်းဘီအတိုနဲ့ စပို့ရှပ်အဖြူကို ဝတ်ဆင်ထားတယ်။ (အဲဒီတံဆိပ်ဘောင်းဘီတိုတွေက ချုပ်ရိုး အနားသတ်မရှိ၊ ကပ်ကြေးနဲ့ ကိုက်ညှပ်ထားသလို အနားစမှာ ချည်မျှင်စတွေ တိုးလိုးတွဲလောင်း ဒီဇိုင်းထွင်ထားပါတယ်။) Sam Edelman တံဆိပ် Gladiator တွေ ဝတ်လေ့ရှိတဲ့ ကြိုးသိုင်းဖိနပ်ကို စီးထားတယ်။ ဒီလိုပုံစံနဲ့ သူမကို အော်စကာဆုဆွတ်ခူးခဲ့ဖူးတဲ့မင်းသမီးတစ်ယောက်၊ အနုပညာလောကမှာ ဈေးနှုန်းအမြင့်ဆုံးနဲ့ အအောင်မြင်ဆုံး သရုပ်ဆောင်တစ်ယောက်၊ အဲဒီလောကမှာ နှစ်ပေါင်း ၂၀ ကျော် နေရာယူထားနိုင်သူရယ်လို့ ဖျတ်ခနဲ မှတ်မိဖို့ ခဲယဉ်းလှပါတယ်။

မကြာခင် ရုံတင်သွားခဲ့တဲ့ **The Heat** ရုပ်ရှင်မှာ အတူတူတွဲသရုပ်ဆောင်ခဲ့တဲ့ Melissa McCarthy က 'သူ့ကို မှတ်မိသွားရင်လည်း မလွယ်တော့ဘူး။ ပရိသတ်က ရူးသွားကြရော။ သူနဲ့တွေ့ရတာ အရမ်းပျော်သွားကြတယ်'လို့ ပြောပြပါတယ်။ စန်ဒရာက ဇူလိုင်လမှာ အသက် ၄၉ နှစ်ပြည့်သွားပါပြီ။ မင်းသမီးပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်တွေ အားလုံးဝင်ငွေက သန်းပေါင်း



www.burmeseclassic.com

www.burmeseclassic.com

၃၅၀၀ ဝန်းကျင်မို့ ရင်သပ်ရှုမောအံ့သြစရာ အောင်မြင်နေတာဖြစ်ပါတယ်။

**The Hraet** ရုပ်ရှင်ကို ရိုက်ဖို့ မင်းသမီးရွေးတော့ Chernin Entertainment ထုတ်လုပ်ရေးက စန်ဒရာကို တွန့်ဆုတ်ခြင်း လုံးဝမရှိဘဲ ရွေးချယ်ခဲ့ကြတယ်။ သူမက သဘာဝကျကျ သရုပ်ဆောင်တတ်လို့ ပရိသတ်က ချစ်ခင်ကြတယ်။ ၂၀၀၉ ခုနှစ်တုန်းက **The Blind Side** ရုပ်ရှင်မှာ မိခင်စိတ် ရှိတဲ့ Leigh Anne Tuohy အဖြစ် သရုပ်ဆောင်ကောင်းလွန်းလို့ အော်စကာဆု၊ ရွှေကမ္ဘာလုံးဆုအပြင် လောလိဝုဒ်အဖွဲ့အစည်း အသီးသီးက အကောင်းဆုံးသရုပ်ဆောင်အဖြစ် ဆုတွေ ချီးမြှင့်ခံခဲ့ရတာ မနည်းမနောပါ။ အဲဒီ တစ်နှစ်တည်းမှာပဲ **All About Steve** ရုပ်ရှင်ဖြင့် Razzie ဆု ရွေးချယ်ချီးမြှင့် ခံရတယ်။ အဲဒီဆုကို Golden Raspberry Award လို့လည်း ခေါ်ပါတယ်။ အော်စကာရုပ်နဲ့ ဆန့်ကျင်ဘက် အဆိုးရုံး၊ အညံ့ဆုံး၊ အသုံးမကျဆုံး အနုပညာရှင်ကို ချီးမြှင့်လေ့ရှိကြတယ်။ ၁၉၈၁ ခုနှစ် မတ်လ ၃၁ ရက်နေ့က စတင်ခဲ့ကြတာမို့ ၂၀၁၃ ခုနှစ်မှာ ၃၃ ကြိမ်မြောက် ပွဲတောင် ကျင်းပပြီးစီးသွားခဲ့ပါပြီ။

ဟောလိဝုဒ်မှာ အကောင်းဆုံးဆုရော၊ အဆိုးဆုံးဆုရော ၂ မျိုးစလုံးရဖူးသူ ၆ ယောက်ရှိပါတယ်။ သူတို့ကတော့ မင်းသားကြီး Laurence Olivier (၁၉၀၇-၁၉၈၉)၊ အဆိုတော် မင်းသမီးကြီး Lisa Minnelli, သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူ Kevin Costner, အီတလီအမျိုးသား ဟာသမင်းသား၊ ဒါရိုက်တာ Reberto Benigni, ရုပ်ရှင်သရုပ်ဆောင်၊ မော်ဒယ်လ်ဂဲလ် Halle Berry နဲ့ နောက်ဆုံးတစ်ယောက်က စန်ဒရာဘူးလော့ခ်တို့ပါပဲ။

စန်ဒရာကို ပရိသတ် သဘောကျတာက သူမရဲ့ သရုပ်ဆောင်မှုတွေကို ကြည့်နေရင်း အရင်းနှီးဆုံး မိတ်ဆွေတစ်ယောက်၊ မေ့သလောက်ဖြစ်နေတဲ့ အတူတွဲနေခဲ့ဖူးတဲ့ အခန်းဖော်၊ အချစ်ဆုံး ဝမ်းကွဲညီအစ်မ စသဖြင့် အမှတ်တရဖြစ်လာစေလို့ပါ။ ရိုးရိုးကလေး၊ သိပ်ထူးထူးဆန်းဆန်း မဟုတ်ဘဲနဲ့ တင်းပြည့်ကျပ်ပြည့်အရည်အချင်းကို ပိုင်ဆိုင်ထားသူဖြစ်နေခဲ့တယ်။ **Gravity** ရုပ်ရှင်မှာ အတူတွဲသရုပ်ဆောင်တဲ့ မင်းသားကြီးဂျော့ကလူးနီက "ဆင်ခြင်တုံ တရားရှိတယ်။ ဉာဏ်ရည်ထက်မြက်တယ်။ ပျော်ပျော်နေတတ်တယ်။ စာသင်ခန်းထဲ သိပ်မိုက်တဲ့ မိန်းကလေးတစ်ယောက် ဘေးမှာထိုင်နေရသလိုပဲ" လို့ ချီးကျူးပါတယ်။

ကြင်နာတတ်တဲ့ သူမဟာ သူမရဲ့ အသည်းနှလုံးလို့ တင်စားရမည့်မွေးစားသား(လူမည်းကလေးငယ်) Louis ကို ပြည့်စုံအောင်ထားပေးပေမဲ့ စည်းနဲ့ ကမ်းနဲ့ ကြီးပြင်းစေပါတယ်။ သားလေးကို ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီက စတင်မွေးစားခဲ့ပြီး ယခု ၃ နှစ်အရွယ်ရောက်နေပါပြီ။ သားကလေးကို ချစ်လို့၊ သားအကြိုက် ကလေးအကြိုက်တိရစ္ဆာန်ရုပ်ကလေးတွေ ပါတဲ့ ညဝတ်အင်္ကျီဝတ်ဖို့လည်း သူက ဝန်မလေးပေ။ ခြေထောက်နှစ်ချောင်းပဲရှိတဲ့ ခွေးမလေး Ruby, ခြေသုံးချောင်းရှိတဲ့ ခွေးကလေး Poppy, Rave ဆိုတဲ့ ငါးကလေး၊ မိသားစုနဲ့ကွဲပြီး ခြံနောက်ဖေးမျက်စိလည်ရောက်လာတဲ့ သမင်ကလေး Gofi တို့လည်း မွေးထားပါတယ်။ စန်ဒရာပိုင်တဲ့ ကယ်လီဖိုးနီးယားပြည်နယ်က အိမ်မှာ ကြက်ဖ တစ်ကောင်နဲ့ ကြက်မ ၃ ကောင်တောင် မွေးထားသေးတာပါ။

ရှေ့က စားပွဲပေါ် ရှိနေတဲ့ ဆောင်းပါးရှင်ကို ဧည့်ခံထားတဲ့ အချိုပွဲတချို့ကို စန်ဒရာက ခက်ရင်းနဲ့ ထိုးယူစားလိုက်ရင်း "အရင်ကတော့ အလုပ်ဆိုတာ ကျွန်မဘဝပဲ။ ခုတော့ အိမ်ကခွာချင်စရာ အကြောင်းပြချက်တောင် မရှိတော့ဘူး" လို့ ပြောပြပါတယ်။ ၂၀၀၉ မှာ **The Blind Side** ရုပ်ရှင်ဖြင့် ဝက်ဝက်ကွဲအောင်မြင်ခဲ့ပြီး သူမနဲ့ခင်ပွန်းသည် Jesse James တို့ အိမ်ထောင်ရေးအဆင်မပြေမှုများစွာကြောင့် ၂၀၁၁ ကျ

မှ ရုပ်ရှင်တစ်ကားတည်း **Extreme**[illegible]
**Loud & Incredibly Close** ကို လက်[illegible]
ခံရိုက်ကူးနိုင်ခဲ့တယ်။

အောက်တိုဘာ ၄ ရက်နေ့မှာ
မင်းသားဂျော့ကလူးနီနဲ့ စန်ဒရာဘူး[illegible]
လောခ့်တို့ ခေါင်းဆောင်ထားတဲ့
**Gravity** ရုပ်ရှင် ရုံတင်ပြသခဲ့ပါပြီ[illegible]
ကုန်ကျစရိတ် သန်း ၁၀၀ ရှိခဲ့ပြီး၊ လက်[illegible]
ရှိဝင်ငွေ ၄၇၂ သန်းကျော် ပြန်လည်
သိမ်းပိုက်ထားနိုင်ခဲ့ပါတယ်။ အဲဒီရုပ်ရှင်
ကို ရိုက်ကူးဖို့ မက္ကဆီကန်အမျိုးသား
ဇာတ်ညွှန်းရေးဆရာ၊ ဒါရိုက်တာ၊ ထုတ်
လုပ်သူ Alfonso Cuaron ကိုယ်တိုင် စန်
ဒရာရှိနေတဲ့ အော်စတင်မြို့အထိ လိုက်
သွား ဆွေးနွေးခဲ့တာပါ။

မင်းသမီးက အဲဒီရုပ်ရှင်မှာ NAS[illegible]
Medical Engineer, Dr.Ryan Sto[illegible]
အဖြစ် သရုပ်ဆောင်ထားပါတယ်[illegible]
အာကာသထဲကို ပထမဆုံးအကြိမ်[illegible]
လိုက်ပါသွားရင်း ကမ္ဘာမြေနဲ့ အဆက်[illegible]
အသွယ်တွေပြတ်တောက်၊ အောက်[illegible]
ဂျင် ရှူစရာလည်း ကုန်၊ ကမ္ဘာမြေပေါ်
ပြန်လာနိုင်ဖို့ အသည်းအသန်ကြိုးစား[illegible]
ခဲ့ရပုံတွေကို ပရိသတ်သဘောကျ [illegible]
နပ်ခဲ့ကြတယ်။ ဒါရိုက်တာ ရှင်းပြ[illegible]
အချိန်က သူမတွေ့ကြုံရမယ့် အခက်အ[illegible]
တွေကို နားထောင်ရင်း ကြောက်စိတ်[illegible]
စိုးရိမ်စိတ်တွေ ဝင်ခဲ့ပါသေးတယ်[illegible]
တကယ်တမ်း ရိုက်တဲ့အခါကျတော့
ပထမကြိုတင်တွက်ဆထားတဲ့ အခက်
အခဲတွေက ပြေလည်သွားပြီး ကြို[illegible]
မှန်းဆထားခြင်းမရှိတဲ့ ပြဿနာတွေ[illegible]
ရင်ဆိုင်ခဲ့ကြရတယ်။ မင်းသမီးက [illegible]
စားမထိုးဘဲ အတတ်နိုင်ဆုံး ကိုယ်တိုင်
ကြိုးစားအားတင်း သရုပ်ဆောင်ခဲ့တယ်
အဲဒီ ရုပ်ရှင်အပြီးသတ်ရိုက်ကူးတဲ့နေ့[illegible]
"ကျွန်မတော့ ဒီရုပ်ရှင်နဲ့ လုံးဝဆန့်ကျ[illegible]
ဘက် ရယ်စရာ၊ ဟာသတစ်ခုခု ရိုက်[illegible]
မှဖြစ်တော့မယ်" လို့ စိတ်မောမော
ညည်းညူခဲ့တယ်။ ဒါကြောင့် **The**
**Heat** ဆိုတဲ့ ဟာသကားကို လက်ခံရိုက်
ကူးဖြစ်သွားခဲ့တာပါ။

တွဲဖက်သရုပ်ဆောင်သူ မယ်လ[illegible]



www.burmeseclassic.com

www.burmeseclassic.com

...ကော်ကာသီက 'ဇာတ်လမ်း ဇာတ် ...အရ စန်ဒရာသာ လုပ်ရက်ရင် ...ကားတစ်ခုလုံးက သူ့အတွက် ...ပါပဲ။ ဒါပေမဲ့ သူက ဒါမျိုးတွေ ...ခဲ့ဘူး။ ငါက စန်ဒရာဘူးလော့ခ် ...နင်က ငါ့နောက်မှာပဲနေလို့ သူ ...ရင် ကျွန်မ ခံရမှာပါပဲ။ အဲလိုလုပ် ...အစား သူက ကျွန်မကို လာလေ၊ ...ကို တို့တစ်တွေ အတူတူဘယ်လို ...ရင်ကောင်းမလဲလို့ စဉ်းစားရအောင် ...အမြဲနေရာပေးတယ်။ အံ့သြဖမ်းသာ ...ပါပဲ' လို့ သတင်းထောက်တွေကို ...ပြခဲ့ဖူးတယ်။

စန်ဒရာက 'ကျွန်မကို ကမ်းလှမ်း ...တဲ့ ရုပ်ရှင်အားလုံးထဲမှာ သုံး၊ လေး ...လောက်တော့ လက်မခံဘဲ ငြင်း ...ခဲ့ဖူးတယ်' တဲ့။ ၁၉၈၇ ခုနှစ်က ...ကရုပ်ရှင်တွေ ရိုက်ခဲ့တဲ့ မင်းသမီး ...ယခု ၂၀၁၃ နှစ်ကုန်အထိ ရုပ်ရှင် ...ပေါင်း ၄၁ ကား ရိုက်ခဲ့ပြီးပါပြီ။ The Blind Side ရုပ်ရှင်တုန်းက ရိုက် ...ရိုက် ၂၉ သန်းသာရှိပြီး၊ ဝင်ငွေ ... သန်းကျော်ရအောင် အစွမ်းပြနိုင်ခဲ့ ... ဒါကြောင့်လည်း စန်ဒရာပါဝင် ...ရုပ်ရှင်တွေအားလုံးရဲ့ဝင်ငွေက သန်း ... ၃၅၀၀ အထိ ဖြစ်နေခြင်းပင်။

၂၀၀၉ နောက်ပိုင်း ကိုယ်ရေးကိုယ် ... ကိစ္စတွေကြောင့် သူမ အနုပညာ ...ခန်းတွေ အရှိန်အနည်းငယ်နှေးတဲ့ ...ခဲ့ပေမဲ့ လုံလောက်တဲ့အချိန် အခိုက် ...မှာ သူမဘဝကို ပုံမှန်လည်ပတ် ...ခဲ့တယ်။ စန်ဒရာက 'ကျွန်မတို့ ...လုံး ကိုယ်ရှိနေသင့်တဲ့ နေရာမှာရှိ ...ကြတာပါ။ အခု ကျွန်မ ရှိနေချင်တဲ့ ...အတိအကျမှာ ကျွန်မ ရောက်နေ ...တယ်။ ကျွန်မတို့အနေနဲ့ နောက်ပြန် ...ချင်ရင်လည်း သွားလို့ရတာပါပဲ။ ...ကတော့ မသွားဘူး။ အခု ကျွန်မ ...ရောက်နေတဲ့နေရာကို ကျွန်မ တန်ဖိုး ...ထားတယ်။ ဒီလောက်ရုပ်တည်နိုင်တာ ... ကျေနပ်လှပါပြီ။ ဘယ်အရာကိုမှ ...တစ်စုံတစ်ယောက်က ကြိုတင် ...ဆင်မထားနိုင်ပါဘူး။ အဖြစ်အပျက် တွေ ပြီးဆုံးသွားတဲ့အချိန်နောက်ပြန် လှည့်ပြီး ဖြစ်သွားခဲ့ပြီးပြီ။ ဒါပေမဲ့ ငါ အခုထိုင်နေနိုင်သေးတာကပဲ တော် တော်ကံကောင်းလှချည့်ရဲ့' လို့ စကားကို တစ်ဝက်တစ်ပျက်နဲ့ ရပ်ထားလိုက် တယ်။ စကားမဆုံးပေမဲ့ စန်ဒရာပြော ချင်တဲ့အဓိပ္ပာယ်က ရှင်းလင်းနေပါပြီ။

စန်ဒရာ့ဘဝရဲ့ တစ်ဦးတည်းသော အသည်းကျော်ကလေး သား Louis ကို New Orleans မှာ မွေးခဲ့တာပါ။ သူမရဲ့ ကမ္ဘာထဲကို မွေးစားသားလေးက ၂၀၁၀ ဇန်နဝါရီမှာ ဝင်ရောက်လာခဲ့တယ်။ အသက်အရွယ်အရ ကိုယ်တိုင်ရင်သွေး မမွေးနိုင်မှန်းသိတော့ သူမတစ်သက်လုံး ချစ်ခင်တွယ်တာနိုင်မယ့်ကလေးလေး တစ်ယောက် မွေးစားဖို့ အချိန်အတော် ကြာကြာကတည်းက စိတ်ကူးခဲ့တယ်။ တချို့က **The Blind Side** ရုပ်ရှင်ရိုက် ဖြစ်လို့ ပြင်ပလောကမှာလည်း လူမည်း သားကလေးမွေးစားဖို့ စိတ်ကူးရတာလို့ ဝေဖန်ခဲ့ကြတာ များပါတယ်။

အော်စကာဆုယူတော့ 'ဘယ်က ဘယ်လိုပဲ ရောက်လာလာ၊ ရောက်လာ တဲ့ ရင်သွေးလေးတွေ၊ ကလေးငယ် လေးတွေကို ပြုစုစောင့်ရှောက်တဲ့ မိခင် တိုင်းကို ကျေးဇူးတင်စရာ' လို့ စန်ဒရာ က ပြောခဲ့ဖူးတယ်။ လူတွေက **The Blind Side** ရုပ်ရှင်ထဲက လူဖြူအမျိုးသမီး Leigh Anne Tuohy နဲ့ သူမရဲ့မွေးစား သား Football ကစားတဲ့ ကပ္ပလီဆယ် ကျော်သက် Michael Oher(Big Mike) (မင်းသား Quinton Aaron သရုပ် ဆောင်ခဲ့သည်။)တို့ကို ရည်ညွှန်းပြောဆို ခဲ့တယ်လို့ ထင်ခဲ့ကြတယ်။ စန်ဒရာက သူမနဲ့ မွေးစားသားကလေး လူးဝစ် အကြောင်းကို ပြောသွားခြင်းသာ ဖြစ် ပါတယ်။

မွေးစားသားလေးကို စန်ဒရာက အလွန်ချစ်ခင်ဂရုစိုက်ပါတယ်။ 'သားက ကျွန်မဘဝရဲ့ နံပါတ်တစ်ပါ။ ကျန်တာ တွေကို နံပါတ်တပ်ခိုင်းရင်တော့ ၁၀၁ လို့ သတ်မှတ်ပါတယ်။ ကျွန်မအတွက် တစ်ကနေ ၁၀၀ အထိကတော့ သား အတွက် ပေးထားတာလို့ ဆိုပါတယ်။ ရုပ်ရှင်ရိုက်ကွင်းရှိရာ သားကိုခေါ်သွား ပါတယ်။ အခြား သရုပ်ဆောင်တွေရဲ့ သားသမီးတွေနဲ့အတူ ဆော့ကစားစေပါ တယ်။ ကျွန်မ အလုပ်အကိုင်က ကလေးတစ်ယောက်ရဲ့ လွတ်လပ်မှုတွေ ကို နုတ်ယူသွားဖို့ သိပ်လွယ်ကူပါ တယ်။ ကျွန်မ အလုပ်ကြောင့် သား လေးစိတ် ဖိအားမရှိစေရဘူး။ ရှိခဲ့တယ် ဆိုရင် ကျွန်မ ထွက်သွားမယ်။ ကျွန်မ အလုပ်ကို ဖျက်သိမ်းပစ်မယ်။ သား အပေါ် အနုတ်လက္ခဏာ အကျိုးသက် ရောက်မှုဆိုတာ ရှိလာရင် အထုပ်ပြင်ပြီး Alaska မှာ သွားနေသင့်နေပစ်မယ်' လို့ ပြောပါတယ်။

သားကလေးအဖို့မှာလည်း သူ့ အမေဟာ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး၊ ဟောလိဝုဒ်ရဲ့ ဝင်ငွေစံချိန်အမြင့်ဆုံး သရုပ်ဆောင်တစ်ယောက်ရယ်လို့ သူ နားမလည်ပါဘူး။ သားအမိနှစ်ယောက် အတူ ရှိနိုင်မယ့်အချိန်တွေ များသည် ထက် များအောင် စန်ဒရာက ကြိုးစား ဖန်တီးပါတယ်။ 'ခုနေခါမှာ သား ကလေးတစ်ယောက်တည်းသာ ရှိပေမဲ့ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကလေး ၅ ယောက်ရှိတဲ့ မိခင်ဖြစ်နေရင်လည်း မအံ့ သြကြပါနဲ့။ ကျွန်မအတွက် ဘာ ပြဿ နာမှ မရှိပါဘူး။ ကျွန်မမှာ လက်ရှိဘဝ လေးကို သာယာပျော်ရွှင်နေပါတယ်။ ဘာကိုပဲ ရင်ဆိုင်ရ၊ ရင်ဆိုင်ရ မိသားစု ဆိုတာရှိတယ်။ ကျွန်မတစ်ယောက် တည်း မဟုတ်တော့ဘူးလေ' လို့ မင်းသမီး စန်ဒရာဘူးလော့ခ်က ရင်ဖွင့် သွားခဲ့ပါတယ်။


၂၀၁၄ မှာ စန်ဒရာ ဘယ်ရုပ်ရှင် မှ လက်ခံမထားသေးပါဘူး။ ၂၀၁၅ ခုနှစ်မှာတော့ **Minions** ဆိုတဲ့ ကာတွန်း ရုပ်ရှင်ကားမှာ Scarlet Overkill ကာ တွန်းဇာတ်ကောင်နေရာကနေ အသံနဲ့ သရုပ်ဆောင်ပေးဖို့ အစီအစဉ် ရှိထားပါ ပြီ။ ■

**ရီတာအောင် NY**



www.burmeseclassic.com

www.burmeseclassic.com



# ဆွဲဆောင်မှုအရှိဆုံး သက်ရှိအမျိုးသား (၂၀၁၃)

ဇာနည်ညီမင်း

ကမ္ဘာကျော် People မဂ္ဂဇင်းကြီးက နှစ်စဉ်နှစ်တိုင်း နှစ်တစ်နှစ်ကုန်ဆုံးခါနီးမှာ Sexiest Man Alive ရွေးချယ်လေ့ရှိပါတယ်။ ၂၀၁၃ ခုနှစ်အတွက် ရွေးချယ်ရာမှာတော့ အဆိုကျော်လည်း ဖြစ်၊ သရုပ်ဆောင်လည်းဖြစ်တဲ့ အဒမ်လီဗိုင်းကို ရွေးချယ်ခဲ့ပါတယ်။ သူ့ကို ရွေးချယ်ကြေညာအပြီးမှာ People မဂ္ဂဇင်း ရဲ့ အယ်ဒီတာများက သွားရောက်တွေ့ဆုံမေးမြန်းခဲ့တာကို ရွှေအမြုတေ ပရိသတ်များအတွက် ဖော်ပြပေးလိုက်ပါတယ်။ ❑



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

**ခင်ဗျားကို Sexiest Man Alive အဖြစ် ရွေးချယ်လိုက်ကြောင်း ကြေညာသံကြားရတဲ့အခါ ခင်ဗျား ဘယ်လိုခံစားရပါသလဲ။**

နည်းနည်းတော့ ကြောင်သွားတယ်ဗျ။ ဂီတသမားတစ်ယောက်ဖြစ်တဲ့ ကျွန်တော့်အနေနဲ့ ဂရမ်မီဆုလိုဟာမျိုးကို မျှော်လင့်တာပေါ့။ အခုလိုကြေညာခံရတာကတော့ ပျော်စရာလည်း ကောင်းပါတယ်။ အံ့လည်း အံ့သြမိပါတယ်။

**ဒီလိုကြေညာတာ ခံလိုက်ရတော့ ခင်ဗျားရဲ့နေ့စဉ်ဘဝ ဘာပြောင်းလဲ။**

ဘာမှတော့ မပြောင်းပါဘူး။ ရယ်နေတယ်။

**စိတ်ရှုပ်သွားတာလား။**


အဲဒီလိုလည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က လူအများနဲ့ ပတ်သက်ရတာကိုတော့ သိပ်စိတ်မဝင်စားကြဘူး။ အေးအေးဆေးဆေးပဲ နေချင်တယ်။

**ခင်ဗျားကို စိတ်ရှုပ်စရာ အဖန်တီးဆုံးသူက ဘယ်သူလဲ။**

ကျွန်တော့်တီးဝိုင်းက သူတွေပေါ့။ သူတို့က အချိန်မရွေး ကျွန်တော့်ကိုဆက်သွယ်ပြီး ခေါ်တတ်ကြတယ်။ အထူးသဖြင့် ဘလိတ်ခ်ရှယ်လ်တန်ပေါ့။ သူကလည်း ဆွဲဆောင်မှု အားကောင်းတဲ့သူတစ်ယောက်ပါပဲ။

**လူတွေက ဝေဖန်ကြတာကတော့ ခင်ဗျားက သီချင်းဆိုတဲ့နေရာ၊ သရုပ်ဆောင်တဲ့နေရာမှာတော့ ဆွဲဆောင်မှုရှိအောင် မလုပ်ဘူးလို့ ပြောကြတယ်။**

ဟုတ်ပါတယ်။ ကျွန်တော်က ကျွန်တော့်ခံစားချက်တွေကို ဘယ်တော့မှထုတ်ဖော်ပြလေ့မရှိဘဲ အမြဲဖုံးဖုံးဖိဖိ နေတတ်ပါတယ်။ အဲဒါကြောင့် ပြောတာ ဖြစ်ပါလိမ့်မယ်။




**ခင်ဗျားအမြင်မှာ အမျိုးသမီးတစ်ယောက်ရဲ့ ခန္ဓာကိုယ်ဘယ်အစိတ်အပိုင်းက ဆွဲဆောင်မှုအရှိဆုံးလဲ။**

လူတစ်ယောက်ကို ကြည့်တဲ့အခါမှာ ဘယ်တော့မှ သူ့ခြေထောက်ကို အရင်မကြည့်ပါဘူး။ သူ့မျက်စိကိုပဲ တည့်တည့်ကြည့်ကြတာ အားလုံးပါပဲ။ အယ် သူ မကြည့်တော့တဲ့အချိန်မှာတော့…

**ခင်ဗျားက ကိုယ်လုံးတီးနေရတာကို သဘောကျတယ်လို့ ကြားဖူးတယ်။ အခုနောက်ဆုံး ဘယ်အချိန်က ကိုယ်လုံးတီးနေခဲ့သလဲ။**

မနက်မိုးလင်းရင် ကျွန်တော်က ကိုယ်လုံးတီးပဲ။ ဒီမနက်ပေါ့။ တတ်နိုင်သလောက် ကိုယ်လုံးတီးနေပါတယ်။ ကိုယ့်ခန္ဓာကိုယ်မှာ ဘယ်လိုပဲ ချို့ယွင်းချက်ရှိရှိ ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုပါဘူး။

**ဒီလိုဆိုရင် အိပ်တဲ့အခါမှာရော ကိုယ်လုံးတီးအိပ်တာပဲလား။**

မဟုတ်ပါဘူး။ အတွင်းခံဘောင်းဘီ ဒါမှမဟုတ် ဘောင်းဘီတိုတစ်ထည်တော့ ဝတ်ပါတယ်။ မတင်းလွန်း မချောင်လွန်းတဲ့ ဘောင်းဘီမျိုးကိုဝတ်ပြီး အိပ်တာပါ။


**ခင်ဗျား ဘယ်တုန်းက နောက်ဆုံးငိုခဲ့ဖူးသလဲ။**

လူတိုင်းဟာ တစ်ချိန်ချိန်မှာတော့ ငိုကြရတာပဲ။ မငိုရတာကြာတဲ့အခါမှာ ကျွန်တော်က အီးတီရုပ်ရှင်ကားကို ကြည့်ပါတယ်။ ဒီရုပ်ရှင်ကားက ကျွန်တော့်အတွက်တော့ အကြိုက်ဆုံးရုပ်ရှင်ကားပါပဲ။ ဒီကားကြည့်ပြီး ငိုး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ကလေးတစ်ယောက်လို အော်ဟစ်ငိုကြွေးပါတယ်။

**ကျောင်းမှာတုန်းကရော ဘယ်လိုကလေးမျိုးဖြစ်ခဲ့သလဲ။**


လူရှုပ်လူပွေလေးပေါ့ဗျာ။ ရုပ်ရည်အားဖြင့် ပြောရရင်တော့ ဝက်ခြံထူလွန်းလို့ ဦးထုပ်ကို ၂ နှစ်လောက် ခပ်ငိုက်ငိုက်ဆောင်းပြီး နေခဲ့ရတယ်။ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုလည်း မရှိခဲ့ပါဘူး။ ဂီတကို ဝါသနာပါလာတဲ့အချိန်မှ ဒါတွေအားလုံး ပျောက်သွားတာပါ။

**ခင်ဗျားရေးခဲ့တဲ့ တေးစာသားတွေထဲမှာ ဘယ်သီချင်းက ဆွဲဆောင်မှုအရှိဆုံးလို့ ထင်သလဲ။**

အဲဒီတုန်းက အသက် ၂၀၊ ၂၁ နှစ်လောက်ပဲ ရှိဦးမှာပါ။ ခေါင်းမှာ အကာအကွယ်တွေတပ်ပြီး Woman လို့ အမည်ပေးထားတဲ့သီချင်းကို ကျွန်တော် ရေးခဲ့ပါတယ်။ အဲဒီအထဲမှာပါတဲ့ စာသားတွေကို ကျွန်တော် အကြိုက်ဆုံးပဲ။

**မကြာခင်မှာ လက်ထပ်တော့မယ်လို့ ကြားရတယ်။ ကိုယ့်ကိုယ်ကို အိမ်ထောင်သည်ဖြစ်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ ဘာကြောင့်ဆုံးဖြတ်နိုင်တာလဲ။**

ကျွန်တော် ထင်တယ်။ အိမ်ထောင်သည်ဘဝမှာ ကျွန်တော် ကြာကြာနေနိုင်မှာ မဟုတ်ပါဘူး။ နေချင်လည်း နေနိုင်မှာပေါ့လေ။ လူတစ်ယောက်ကို ခေါင်းခေါက်လိုက်ရင် ဘယ်လိုနေမလဲဆိုတာက တကယ် ခေါင်းခေါက်ကြည့်ပြီးမှ သိမှာပဲလေ။ အိမ်ထောင်ပြုတယ် ဆိုတာကလည်း တကယ်ပြုပြီးမှသာ သိနိုင်မှာပေါ့။



**အိမ်ထောင်ကျပြီးရင် ကလေး အဖေရော မဖြစ်ချင်ဘူးလား။**

မနက်ဖြန်ပဲဖြစ်ဖြစ်၊ နောက် ၅ နှ ကြာမှာပဲဖြစ်ဖြစ် ကလေးတစ်ယော ရရင်တော့ ပျော်စရာကောင်းမှာပဲ။ ဘယ တော့ဖြစ်လာမလဲဆိုတာတော့ မသိဘူ လေ။ ကျွန်တော့်မှာလည်း စီမံကိ မရှိပါဘူး။

**အကြိုက်ဆုံးက ဘာလဲ။**

အကြိုက်ဆုံးကတော့ အ အသောက်ပဲဗျ။ သူများတွေနဲ့ အတူ စားရင် ကျွန်တော်က နောက်ဆုံးမှ အ ပြီးတယ်။

**ပရိသတ်အတွက် လက်မှတ်ထ ပေးရတဲ့အထဲမှာ အထူးခြားဆုံးအ အကြိုက ဘာလဲ။**

မိန်းကလေးတွေက ကျွန်တော့် တွေ့ရင် လက်မှတ်ထိုးပေးဖို့ တောင် ကြပေမဲ့ ဘယ်သူကမှ သူတို့ရင်သ ပေါ်မှာ ထိုးပေးပါလို့ မပြောကြပါဘူ ထမင်းဘူးပေါ်မှာတို့၊ ဆဲလ်ဖုန်းပေ တို့ပဲ ထိုးခိုင်းကြပါတယ်။

**အကြိုက်ဆုံးညက ဘယ်လ မျိုးလဲ။**

ဘာမှအလုပ်မရှိဘဲ ရုပ်ရှင်ကြ ရတာမျိုး၊ ဝိုင်သောက်နေရတာမျိုး နားဒီနားသွားရတာမျိုးကို ကျွန် ကြိုက်ပါတယ်။

**လေ့ကျင့်ခန်းတွေ နေ့စဉ်လု သလား။**

လွန်ခဲ့တဲ့ နှစ်အနည်းငယ်လော တုန်းက ကျွန်တော် ယောဂကျင့် စပြီး ကျင့်ခဲ့တယ်။ အခုတော့ အဲ စဉ်ကို လုံးဝကြိုက်သွားတဲ့အ အလေးမတာမျိုး မလုပ်တော့ဘူ ရှိတဲ့နေ့တွေမှာတောင် ပွဲမသွ ယောဂကျင့်စဉ်ကို ကျင့်ပါတယ် နေ့ကို ၂ နာရီ၊ ၃ နာရီလောက် တယ်။ ကျွန်တော်က လှုပ်လှုပ် တက်တက်ကြွကြွနေရတာကို သ ကျတယ်။ ချွေးထွက်နေတာကို သဘောကျပါတယ်။

**အစားအသောက်နဲ့ပ**




www.burmeseclassic.com

www.burmeseclassic.com



...ဥက မိခင်နဲ့အတူ တွေ့ရတဲ့ လီဗိုင်း




ငယ်စဉ်ကလေးဘဝက ဖခင်နဲ့အတူ တွေ့ရတဲ့ လီဗိုင်း

...ဘာလည် ရှောင်တာမျိုး ရှိပါသ...

အစားအသောက်နဲ့ ပတ်သက်လို့ ... ကျွန်တော်က ကံကောင်းတယ်လို့ ...ရမလား မသိဘူး။ အားလုံးစားတာ ... အဆင်မပြေတာ ဘာမှမရှိဘူး။ ...နံ့ကတော့ ကျွန်တော်နဲ့ အဆင် ...ဘူးဗျ။ ပေါင်မုန့်စားပြီးရင် ...တော်က အိပ်ချင်တယ်။

...ကျန်းမာရေးပေါ်က အမွေးအမှင်တွေ ...ဘာမင်တကာ ထားတာလား။

အဲဒါနဲ့ ပတ်သက်ပြီး ကျွန်တော်က ...ဆိတ်ရိတ်ဖို့ ပျင်းတာလည်းပါ ... သဘာဝမကျဘူးလေဗျာ။ ...ခန္ဓာကိုယ်ထဲက ထွက်လာတဲ့ ...အမွှင်ပဲ ရိတ်ပစ်ဖို့ မလိုပါဘူး။

လီဗိုင်းက သူ့ခန္ဓာကိုယ်ပေါ်မှာ ...တက်တူးထိုးရတာကိုလည်း ဝါသနာ ...ဖြစ်ပါတယ်။ ညာဘက်ပခုံးမှ ရင် ...အထိ ထိုးထားတဲ့ ပန်းနဲ့ ဆွဲကြိုးကို ...ကြာင့်ထိုးထားလဲလို့ မေးကြည့် ... တက်တူးတိုင်းရဲ့နောက်ကွယ်မှာ ...ဒယ်ရှိရမယ်လို့ ပြောလို့မရပါဘူး။ ...တူးပေါက်လို့ ထိုးတာတွေလည်း ...တယ်လို့ ဆိုပါတယ်။ သူ့ဗိုက်သား ...က်မှာတော့ သိမ်းငှက်တစ်ကောင်


ပုံထိုးထားပြီး ညာဘက်ပခုံးမှာ လော့စ်အိန်ဂျလိစ်ဆိုတဲ့ စာထိုးထားပြန်ပါတယ်။ ဘယ်ဘက်ရင်ညွန့်ပေါ်မှာ ရှိတဲ့စာကတော့ သင်္ကာရိုက်စာလုံးများပါ။ ငါးမန်းတွေကို သဘောကျတယ်ဆိုတဲ့ လီဗိုင်းက သူ့ညာဘက်ဝမ်းဗိုက်အစပ်မှာ ငါးမန်းတစ်ကောင်ပုံကို ထိုးထားပြန်ပါတယ်။ ညာဘက်လက်မောင်းနဲ့ လက်ဖျံပေါ်မှာ ရှိတာကတော့ ကျားတစ်ကောင်ရဲ့ပုံပါ။ ကျားကိုလည်း သူက သဘောကျပါတယ်။ ဘယ်ဘက်လက်မောင်းအိုးမှာ ထိုးထားတဲ့ ခိုတစ်ကောင်ရဲ့ပုံကတော့ သူ အသက် ၂၀ နှစ်အရွယ် ၉/၁၁ အရေးအခင်းအပြီး နှစ်ရက်အကြာမှာ ထိုးခဲ့တာလို့ ဆိုပါတယ်။ ဒီပုံနဲ့ပတ်သက်လို့ လီဗိုင်းက ငြိမ်းချမ်းရေးကို ရည်ရွယ်ပြီး ထိုးခဲ့တာလို့ ရှင်းပြပါတယ်။ ညာလက်ဖျံမှာရှိတဲ့ တက်တူးကတော့ တက်တူးထိုးတာ မကြိုက်တဲ့ သူ့အမေရဲ့ခွင့်ပြုချက်နဲ့ နောက်ဆုံးထိုးထားခဲ့တာလို့ လီဗိုင်းက ရှင်းပြခဲ့ပါတယ်။

■ စာနည်ညီမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒက်ထရွိုက်မြို့မှာ ၂၀၁၃ ခုနှစ် အောက်တိုဘာလက မြင်တွေ့ရတဲ့ Eminem

ရက်ပ်ဂီတလောကမှာ တွေ့ရခဲ့တဲ့ မျက်နှာဖြူအဆိုတော် တစ်ယောက်အဖြစ် အောင်မြင်မှု အထွတ်အထိပ်ကို ရောက်နေတုန်းမှာ မူးယစ်ဆေးဝါး သားကောင်အဖြစ်ကို ကျရောက်ခဲ့ရာကနေ ဖိုးနစ်ငှက်တစ်ကောင်အလား ပြန်လည်ရှန်းထပြီး ဂီတလောကထဲကို တစ်ကျော့ပြန် ဝင်ရောက်လာသူ အသက် ၄၁ နှစ် အရွယ်ရှိ လူဖြူရက်ပ် အဆိုတော် Eminem ကို Rolling Stone ဂီတမဂ္ဂဇင်းရဲ့ ဆောင်းပါးရှင် Brian Hiatt က သူ့ရဲ့ဒက်ထရွိုက်မြို့က အသံဖမ်းစတူဒီယိုမှာ အငှမပြောက် စတူဒီယိုအယ်လ်ဘမ် *The Marshall Mathers LP2* အချောသပ်နေတုန်း သွားရောက်တွေ့ဆုံ မေးမြန်းခဲ့တာလေးတွေကို ပြန်လည်တင်ဆက်လိုက်တာပဲ ဖြစ်ပါတယ်။ ❑

# EMINEM နှင့် တွေ့ဆုံခြင်း

## ရာပြည့်

**Brian Hiatt:** မှန်ထဲမှာ ကိုယ့်ကိုယ်ကို ပြန်ကြည့်ပြီး ရွှေရောင်ဆံပင်တွေ ပြန်မြင်လိုက်ရတော့ စိတ်ထဲမှာ ဘယ်လိုများ ခံစားရပါသလဲ။

**Eminem:** ကျွန်တော်ဟာ အသုံးမကျတဲ့ မူးယစ်ဆေးဝါးတွေ အထူးသဖြင့် ဆေးပြားတွေ သုံးစွဲတာကြောင့် အမှောင်ကျခဲ့တဲ့အချိန်တွေကို ဖြတ်သန်းခဲ့ဖူးပါတယ်။ မူးယစ်ဆေးဝါးအစွဲကိုဖြတ်ပြီး ကျွန်တော့်ရဲ့မူရင်းဆံပင် ရွှေရောင်ကို ပြန်ထားတာဟာ ကျွန်တော့်ရဲ့လက်တွေကို သန့်ရှင်းစင်ကြယ်သွားအောင် ဆေးကြောလိုက်သလိုပါပဲ။ ဆံပင်ကို အရောင်ပြန်ဆိုးလိုက်တဲ့ နောက်ပိုင်းတစ်နှစ် နှစ်နှစ်လောက်မှာ ကျွန်တော့်အတွက် မကောင်းတာတွေ ဖြစ်ကောင်းဖြစ်လာနိုင်ပေမဲ့



www.burmeseclassic.com


www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



စတူဒီယိုမှာ မြင်တွေ့ရတဲ့
Eminem နဲ့ Rick Rubin



ငယ်စဉ်ကလေးဘဝက
မိခင် Debbie နဲ့အတူ

အခုအချိန်မှာ ဆေးပြတ်နေတဲ့ ကျွန်တော်က ပိုပြီးနေသာနေပါပြီ။

**Brian Hiatt: ဒီတစ်ခေါက်ထွက်မယ့် ဓာတ်ပြားမှာ အရင်က ထွက်ခဲ့တဲ့ Recovery မှာလောက် အသံက အသက်မပါဘူးနော်၊ အရမ်းပိုပျော်နေလို့လား၊ အသက်ပဲကြီးသွားလို့လား။**

**Eminem:** Recovery မတိုင်ခင် ၂၀၀၉ ခုနှစ်မှာ ထွက်ခဲ့တဲ့ Relapse ဆိုတဲ့ အယ်လ်ဘမ်မှာတုန်းကတော့ အပျော်တွေများနေခဲ့တာပါ။ Recovery မှာကျတော့ နည်းနည်းလေးနက်တာလေးတွေ စမ်းကြည့်လာတယ်။ လေးနက်တဲ့ ခံစားချက်တစ်ခုခု ပေးနိုင်မယ့် သီချင်းမျိုးပေါ့။ အဲ့ဒီနောက် Royce da 5'9" နဲ့တွဲပြီး Bad Meets Evil ဆိုတဲ့ EP ကို ဖန်တီးတဲ့အခါကျတော့မှ ကျွန်တော့်စိတ်တွေ အမှန်တကယ် ပွင့်လင်းစပြုလာတာပါ။ အဲဒီ EP က သီချင်းတစ်ပုဒ်ကို အချုပ်အချယ်တွေမပါဘဲ ဖန်တီးဖို့ ခံစားမှုကို ပေးခဲ့တာလေ။ အခု အယ်လ်ဘမ်အသစ်ဟာ အဲဒီလိုမျိုး ရေးဖွဲ့ထားတာဖြစ်ဖို့ ကျွန်တော် မျှော်လင့်ထားပါတယ်။ အလေးအနက် ခံစားချက်တွေ အသားပေးတာမျိုး မပါဘူးလို့တော့ မဆိုဘူးပေါ့။ ဒါပေမဲ့ နှစ်ခုစလုံး မျှတအောင် ကြိုးစားထားပါတယ်။

**Beian Hiatt: Eminem ရဲ့ မကြာသေးခင် အချိန်ပိုင်းတွေထဲက ဘဝဟာ *Relapse* နဲ့ *Recovery* အယ်လ်ဘမ်တွေ မတိုင်ခင်က ဘဝလောက် အပြောင်းအလဲ စိတ်လှုပ်ရှားစရာတွေ မများဘူး ထင်တယ်နော်။**

**Eminem:** အခုဓာတ်ပြားမှာက ကျ… တော်ဟာ မူးယစ်ဆေးဝါး အလွန်အ… သုံးစွဲတာကို ဖြတ်မရသေးတာလ… မဟုတ်သလို အရင်းနှီးဆုံး သူငယ်ချ… တွေထဲက တစ်ယောက်ဖြစ်တဲ့ P… ကို ဆုံးရှုံးရတဲ့အချိန်လည်း မဟုတ်… လေ။ အဲဒီအချိန်တွေဟာ ကျွန်တေ… အတွက် အရမ်းကို ရက်စက်လွန်းခဲ့… တယ်။ အဲဒီလို ခံစားချက်တွေ… Recovery ကို ဖန်တီးခဲ့ရာမှာ ထည့်… ရေးသားလိုက်ရင် စိတ်ပေါ့သွားမ… ထင်တာလည်းပါတာပေါ့။ ကျွန်တေ… Proof ကို အမြဲသတိရနေပြီး ဒီနေရာ… ရှိနေစေဖို့လည်း ဆုတောင်းမိပါတ… ဒါပေမဲ့ အချိန်တွေက ကွာခြားသွား… လေ။

**Brian Hiatt: ဒီရက်ပိုင်းတွေ… တကယ်ရော ပျော်ရွှင်မှုရခဲ့ပါရဲ့…**

**Eminem:** ပျော်နိုင်သလောက်တော… ပျော်တယ်လို့ ထင်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**Brian Hiatt: Eminem ကို ရွှေရောင်**...**ပထမဆုံး ပြန်မြင်ရတာက စက်**...**ဘာလထုတ် ESPN ရုပ်/သံရဲ့** ... **Musburger နဲ့ တွေ့ဆုံခန်းလို့**...**ပါတယ်။ အဲဒီမှာ Eminem ကို** ...**ရတာ ကိုယ်နဲ့စိတ်နဲ့ မကပ်သလို** ...**သတ်က Eminem ကိုကြည့်ပြီး** ...**သည်ကြဘူးနော်။**

**Eminem:** အဲဒီတုန်းက Berzerk ဗီဒီယို ...ားက ပြကာနီးပြီဆိုတာ သိ ...တော့ Berzerk ရဲ့ မျက်နှာပေးလုပ် ...လေ။ Berzerk သီချင်းတစ်ပုဒ် ... Beastie Boys အဖွဲ့ ခေတ် ...တုန်းကလိုမျိုး ခံစားရပါတယ်။ ...the Mic ဗီဒီယိုမှာ Ad-Rock အဖွဲ့ ...တွေက ဒီလိုမျက်နှာပေးလုပ်ဖူး ...လေ။ ကင်မရာကို လှည့်မကြည့် ... မျက်နှာလွှဲထားတာမျိုးပေါ့။ ကျွန် ...ကတော့ ကိုယ့်ရဲ့ ဟန်နဲ့ပဲ လုပ်ခဲ့ ... ကျွန်တော် ဒီလိုလုပ်ပြတာကို ...သူကမှ နားမလည်ကြဘူးဆိုတော့ ...တော့တောင် ရယ်စရာဖြစ်နေသေး ...လို့ ထင်ပါတယ်။

**Brian Hiatt: *Licensed to Ill* သီချင်း ...ကြောင်း အရင်က Eminem ပြောတာ ကြားဖူးပါတယ်။ Eminem က Beastie Boys ကနေ Paul's Boutique နဲ့ တခြားအဆိုတော်တွေရော အတုယူခဲ့ပါသလား။**

**Eminem:** Paul's Boutique ပေါ်လာတော့ ကျွန်တော်က နားမလည်ဘဲ ကြိုက်တဲ့ ပရိသတ်တွေထဲက တစ်ယောက်ပေါ့။ ဒါဟာ တကယ့်ပါရမီရှင်တစ်ယောက်ရဲ့ လက်ရာပဲဆိုတာ နားလည်နိုင်ဖို့ရာ နှစ်အတော်ကြာခဲ့တာ။ ဒါကိုမသိဘဲ အကြာကြီး အိပ်မောကျနေခဲ့တာ စိတ်မကောင်းပါဘူး။ Licensed to Ill အကြောင်း ပြောစရာကတော့ တကယ်ရှိပါတယ်။ Zeppelin, Run-DMC တို့ရဲ့ နမူနာတချို့နဲ့ ရောနှောဝင်လာတဲ့အခါ ပရိသတ်အပေါ်တောင် ကြမ်းကြမ်းရမ်းရမ်း ပြောတတ်တာမျိုးတွေဟာ Beastie Boys နဲ့ အလားတူပါပဲ။ သူတို့တွေ အသက်အရွယ်ရလာတဲ့အခါမှာ အမြင်တစ်မျိုး ပြောင်းသွားကြမှာပါ။ ဒီလို အသုံးမကျတဲ့ဟာတွေကို သူတို့တစ်တွေရဲ့ နောက်ဆုံးအဖြစ်မဟုတ်ဘဲနဲ့လည်း ပရိသတ်က ရှုံ့သွပ်ခံစားနိုင်ပါတယ်။ ဒါပေမဲ့ တကယ်သာ နောက်ဆုံးဖြစ်ခဲ့ရင်တော့ သူတို့ဟာ အနုပညာသည်တွေအဖြစ် အောင်မြင်လာခဲ့မှာ မဟုတ်ပါဘူး။ ကျွန်တော့်လိုပဲပေါ့။

**Brian Hiatt: အယ်လ်ဘမ်သစ်မှာ Rick Rubin နဲ့တွဲပြီး ဟစ်ဟော့ပ် တချို့ကိုပြန်လည်ဆန်းသစ်ထားတာတွေ တွေ့ရပါတယ်။ အဲဒီက Eminem အတွက် ဘာများပါလိမ့်။**

**Eminem:** နောက်ပိုင်းမှာ ကျွန်တော် သဘောကျတဲ့ အသစ်တွေထဲက တစ်ခုကတော့ ဟိုးတုန်းက ဒရမ်ရိုက်ချက်တွေ၊ အသံတွေနဲ့ အရင်က ဂီတဖက်ရှင်ဟောင်းတွေကို ဒီကနေ့ခေတ်ပုံစံနဲ့ ပြန်စမ်းသပ်ဖို့ ကြိုးစားတာပဲ။ Rick ရောက်မလာခင်ကတည်းက ဒါကို ကျွန်တော်ဦးတည်ပြီး လုပ်နေတာ။ ဒါဟာ တစ်ချိန်က သစ်လွင်လတ်ဆတ်ခဲ့တဲ့ ဟစ်ဟော့ပ်ကို ပြန်ပြီး တမ်းတခံစားတာပါပဲ။

**Brian Hiatt: အဲဒါကို နေ့တိုင်းနေ့တိုင်း ပုံစံနဲ့ တီထွင်ခဲ့တာလား။**

**Eminem:** ဟုတ်တာပေါ့။ ထွက်လာသမျှ သီချင်းတိုင်းနီးပါးက တွေ့ရှိချက်အသစ်တွေချည်းပဲ။ LL Cool J ရဲ့ *Rock the Bells* ကို နားထောင်ကြည့်ပါလား။ ဒီသီချင်းကို ခုနေပြန်ဆိုရင် ကလေးတွေ



၁၉၉၉ ခုနှစ်က ဖျော်ဖြေပွဲတစ်ခုမှ Eminem ရဲ့ဖျော်ဖြေတင်ဆက်မှု



www.burmeseclassic.com

www.burmeseclassic.com

က 'ဘာကြီးလဲဟ၊ ဘယ်ကလာတဲ့ သီချင်းကြီးလဲ' လို့ မေးကောင်းမေးကြမှာလေ။

**Brian Hiatt: Eminem ပထမဆုံးဆိုခဲ့တဲ့ ဟစ်ဟော့ပ်သီချင်းက Ice-T's ရဲ့ *Reckless* နော်။ အဲဒီသီချင်းက နှစ်ပေါင်း သုံးဆယ်လောက် ကြာခဲ့ပြီဖြစ်ပေမဲ့ ဒရမ်ရိုက်ချက်တွေက အခုအထိ ရှူးလောက်အောင် ကောင်းတုန်းပဲ။**

**Eminem:** အဲဒီဒရမ်ရိုက်ချက်ကို ဒီကနေ့ခေတ်ဆီ ယူလာပြီး Drake ကိုသာ အဆိုခိုင်းလိုက်ရင် အရမ်းကို အရူးအမူး ဖြစ်သွားကြမှာပါ။

**Brian Hiatt; Eminem ရဲ့ သီချင်းသစ် *Legacy* မှာ အရင်က ဘဝဇာတ်ကြောင်းကို စူပါဟီးရိုးတစ်ယောက် ပေါ်ပေါက်လာသလိုမျိုး ရေးသားထားတယ်နော်။ Eminem ရဲ့ ပါဝါတွေကို ဟစ်ဟော့ပ်ဂီတကနေ ရခဲ့တာလား။**

**Eminem:** လုံးဝ အတိအကျပဲ။ ဟစ်ဟော့ပ်က ကျွန်တော့်ဘဝကို ကယ်တင်ခဲ့တာပဲ။ ဟစ်ဟော့ပ်ဟာ ကျွန်တော့်ရဲ့ တစ်ခုတည်းသော ကျွမ်းကျင်ရာပဲ။ ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်တော် ကောင်းကောင်းသိတဲ့ တစ်ခုတည်းသော အရာပါ။ တခြားဟာတွေကို ဘယ်လိုလုပ်ရတယ်ဆိုတာ ကျွန်တော် မသိဘူး။ အဲဒါကို ခေါ်တဲ့စကားလုံး ရှိတယ်ထင်ပါတယ်။ သူတို့ဘယ်လိုခေါ်လဲ။ မိုက်မဲတဲ့ ပညာရှိတဲ့လား။

**Brian Hiatt: Eminem က မိုက်မဲတဲ့ ပညာရှိတစ်ယောက် တကယ်ဖြစ်ဖို့ဆိုရင် တော်တဲ့အချက်တွေများ များလွန်းနေမလားထင်မိတယ်။**

**Eminem:** ကျေးဇူးပါ။ ကျွန်တော်ဆိုလိုတာက ဒါဟာ လွတ်လွတ်လပ်လပ် အဓိပ္ပာယ်ဖွင့်နိုင်တဲ့ စကားလုံးပါ။

**Brian Hiatt: LL Cool J ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိကလွဲလို့ တခြားစာအုပ်တွေ မဖတ်ဘူးဆိုပေမဲ့ ကော့မစ်စာအုပ်တွေနဲ့ပဲ Eminem ကြီးပြင်းလာခဲ့တယ်နော်။**

**Eminem:** ကော့မစ်စာအုပ်တွေကို အနုပညာတစ်ရပ်အဖြစ် ချီးမွမ်းရုံမကပါဘူး။ ကော့မစ်လောကကို တကယ်နှစ်သက်တာပါ။ တချို့တွေကပြောတယ်၊ ကျွန်တော့်သီချင်း တချို့က ကာတွန်းဆန်တယ်တဲ့။ ကျွန်တော့်ပြဿနာက တစ်ခုခုကို ဖတ်လိုက်ရင် အဲဒါကို ချမရေးမချင်း လုပ်လို့မရဘူး။ စာဖတ်တဲ့နေရာမှာ အာရုံမစိုက်နိုင်တာလားတော့ မသိဘူး။ ဝါကျတစ်ကြောင်းကို ဖတ်လိုက်မိရင် အတွေးတစ်ခုက ဝင်လာပြန်ရော။ ဒီလိုနဲ့ တခြားအကြောင်းအရာ တစ်ခု တွေးမိပြန်တယ်။ နောက်တစ်ကြောင်းကို ဆက်ဖတ်မယ်လုပ်တော့ အစက ပြန်ဖတ်ရပြန်တယ်။ ခုနက ဖတ်ထားတာ ဘာမှန်းမသိတော့လို့။ ဒီလိုနဲ့ စာပိုဒ်တစ်ပိုဒ်ကို ဆယ်ခေါက်လောက် ပြန်ဖတ်ရတယ်။ ဒါကြောင့် စာမဖတ်ဖြစ်တာပါ။

**Brian Hiatt: အယ်လ်ဘမ်သစ်ထဲမှာ *Thor* ကို ညွှန်းထားတာ တွေ့ရတယ်။ Thor ဟာ Eminem ရဲ့ စူပါဟီးရိုးလား။**

**Eminem:** Spiderman က ကျွန်တော့် အကြိုက်ဆုံး ဖြစ်နေတုန်းပါပဲ။ ဒါပေမဲ့ *Thor* က ကျွန်တော့်စိတ်ထဲမှာ စွဲနေတယ်။ ရုပ်ရှင်က ထွက်တော့မှာကိုး။ သူ့မှာက ဆန်းကြယ်တဲ့ စိတ်လှုပ်ရှားခံစားမှုတွေနဲ့ ဘာသာစကား အခက်အခဲတွေရှိတယ်။ *Thor* ကို ကြည့်ရတာ ဒီကမ္ဘာပေါ်မှာ နေစရာမလိုသလို ခံစားနေရပုံပဲ။ အဲဒီခံစားချက်ကို ကျွန်တော်က ဆက်နွှယ်ခံစားနိုင်တယ်။

**Brian Hiatt: *Survival* ဆိုတဲ့ သီချင်းမှာကြားရတာ Eminem ဟာ အလုပ်လုပ်တာကို ဘယ်တော့မှ ရပ်မှာမဟုတ်ဘူးဆို။ ဒါကရော Eminem ရဲ့ လက်ရှိ အတွေးပဲလား။**

**Eminem:** ဟစ်ဟော့ပ်ရှင်သန်ချီတက်နေသရွေ့ ကျွန်တော်လည်း သွားချင်သလောက် ဝေးဝေးရောက်အောင် သွားမယ်လို့ ကျွန်တော့်စိတ်ရဲ့ တစ်စိတ်တစ်ပိုင်းက ခံစားပါတယ်။ နောက်ဆုံးမှာ ထုတ်လုပ်ရေးဘက် ရောက်ကောင်းရောက်နိုင်တာပေါ့။ ကျွန်တော့်စိတ်ရဲ့ တခြားအပိုင်းကတော့ တစ်နေ့မှာ ကျွန် တော်ဟာ ဇာတ်ခုံနောက်မှာပဲနေပြီး ဂီတ တွေ ဖန်တီးမယ်ပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် ပေါ့။ မိုက်ခရိုဖုန်းကို လက်ကနေ ချ လိုက်တဲ့အခါတိုင်း ဂီတနဲ့ပတ်သက်တာ တစ်ခုခုကိုတော့ လုပ်နေချင်တာ အမြ ပါပဲ။ ဒါက အချိန်ကုန်လွယ်စေတယ် လေ။ လျှော့ပြောထားတာပါ။ အားလုံး သာ ထည့်ရေးလိုက်ပါ။ ဒါပေမဲ့ လူ တိုင်းလူတိုင်းမှာ တစ်ခုခုကို ငြီးငွေ့သွား တယ်ဆိုတဲ့ နေ့မျိုးတွေတော့ ရှိတတ်ပါ တယ်။

**Brian Hiatt: မက်သဒုန်းဆေးတွေ အလွန်အကျွံသုံးခဲ့လို့ သေမလို ဖြစ်ခဲ့ရ သေးတယ်နော်။ ဒီလိုမျိုး ဆေးပြားတွေ အလွန်အကျွံသုံးတာတွေကြောင့် ခန္ဓာ ကိုယ်စနစ်မှာ ဆိုးကျိုးဖြစ် ကျန်ရစ်တာ မျိုးရှိသလား။ ဖျက်မရအောင် ထင် ကျန်ရစ်တာတစ်ခုခု ဒါမှမဟုတ် စိုးရိမ် စရာ အနေအထားတစ်ခုခုများ ရှိ သလား။**

**Eminem:** ရှိမယ် မထင်ပါဘူး။ ကျွန် တော့်ဘဝထဲက တချို့နှစ်တွေကို ရိုက် ပယ်လိုက်ပြီးလောက်ပြီလို့ သိထား တယ်။ ကျွန်တော်က တကယ့်ကို ... ကောင်းတဲ့သူပါ။ ဒါပေမဲ့ စိတ်အ... အလမ်းကြီးလွန်းပြီး စိုးရိမ်စိတ်တွေ ... အားတွေများတဲ့ OCD ရောဂါကတော့ ကျွန်တော့်မှာ အရင်ထက် ဆိုးလာ တယ်။

**Brian Hiatt: OCD ရောဂါရှိတယ်ဆို တာ ကိုယ့်ဘာသာသိတာလား၊ ဆေး... ဝန် စမ်းသပ်စစ်ဆေးပြီး OCD ရောဂါ... တယ်လို့ ပြောထားတာလား။**

**Eminem:** ကိုယ့်ဘာသာပဲ သိထားတာ ပါ။ အဆုံးကျမှ လက်လျှော့ပြီး ဒါ... ဂီတကြောင့်လို့ ပြောနိုင်ပေမဲ့ အဲဒီ... မလုပ်ပါဘူး။ ဆေးစွဲတာ ပြတ်သွား... တော့ ကိုယ့်ကိုယ်ကို မဟုတ်တာ... လုပ်မိတာ သတိပြုမိတယ်။ ခြေ... တန်းတွေကို တစ်လှမ်းချင်းနင်းပြီး ... ရတဲ့ Treadmill လို့ခေါ်တဲ့ တ... ဝိုင်းကြီး လိုမျိုးသလိုပေါ့။ ကျွန်တော့်စိ...



www.burmeseclassic.com

www.burmeseclassic.com

...သာ Treadmill ပေါ် နင်းခိုင်းလို့ရရင် ...ယ်လိုရီ ၅၀၀ လောက်တော့ ကျသွား ... အဲဒီလောက်ကျအောင် ကျွန်တော် ...ူးပါတယ်။ စိတ်ထဲမှာ အတွေးတစ် ...ဖြစ်မိတာကတော့ ငါ ဒါကိုလုပ်ရတာ ... OCD ဝေဒနာသည်မို့လို့လား၊ ဒါမှ ...တ် ဆေးဖြတ်ချင်လို့လားလို့ တွေးမိ ... အဲဒီနောက်တော့ စတူဒီယိုထဲက ...ထပ်တဲ့ ကီးဘုတ်ရှေ့မှာ ဒရမ်တစ် ...နာရီလောက်ကြာအောင် ထိုင်နေမိ ... Snare သံက မမှန်သေးဘူး ဆို ...မျိုးတွေ ရေရွတ်ပြောဆိုရင်ပေါ့။ ...တော့ ကျွန်တော်မသိတော့ဘူး။ အဲဒီ ...မြဲဖြစ်နေတာလား၊ ဒါဟာ ဆေး ...တွေကြောင့် ဖိအားပေးခံရတာလား ...

**Brian Hiatt: OCD ရောဂါရဲ့ လက္ခ ...တစ်ခုဖြစ်တဲ့ အသန့်ရှင်းလွန်တာ ... ဖြစ်တတ်သလား။ ကိုယ့်အိမ်ကို ... သန့်ရှင်းနေစေချင်တာလား။**

Eminem: ဒီလိုတော့လည်း မဟုတ်ပါ ...

**Brian Hiatt: ဒါဆို OCD ရောဂါမရှိ ...ူး။**

Eminem: ရက်ပ်ပါတစ်ယောက် ...က ဒရမ်ဆက်ထဲက High-Hat ...ကို ၀.၁ ဒယ်စီဘယ်လောက်ထား ...တယ်ဆိုတာမျိုး ကျွန်တော်မသိ ... ဒါက အသံရဲ့ အတိုင်းအတာကို ...လုပ်နိုင်သမျှ အနိမ့်ဆုံးဖြစ်အောင် ...မျိုးပါ။ လူအတော်များများက ...ရဲ့ အတိုင်းအတာကို dB (ဒယ်စီ ...လို့ ခေါ်တာမသိကြပါဘူး။ ဒါပေ ...ကျွန်တော်သာ အဲဒီမှာထိုင်နေရင်တော့ ... အသံနဲ့ အဆိုသံကို အတိအကျ ...အောင် ထားရမယ်လို့ ပြောမှာပါ။

**Brian Hiatt:နယ်လှည့်ဖျော်ဖြေပွဲ တစ် ...ောက် ခမ်းခမ်းနားနားလုပ်ဖို့ရော ...ားသလား။**

Eminem: မေးခွန်းကောင်းပဲ။ အခု ...ဟိုနေရာ၊ ဒီနေရာ လိုက်ဆိုပေးတဲ့ ...ရှိပြီး အလုပ်လည်းဖြစ်ပါတယ်။ ...ချိန်တွေက ကျွန်တော့်ကို ကလေးအဖေဖြစ်စေခဲ့သလို ဓာတ်ပြားတစ်ချပ်လည်း ဖြစ်စေခဲ့တယ်။ နယ်လှည့်ဖျော်ဖြေပွဲတွေ ဖျော်ဖြေရတဲ့ ဘဝမျိုး ကျွန်တော့်အတွက် ရှိဦးမှာလားဆိုတာ ကျွန်တော်မသိပါဘူး။ နယ်လှည့်ပွဲတွေ မဆိုတော့ဘူးလို့ ပြောမှာတော့မဟုတ်ဘူးပေါ့။ စင်ပေါ်ပြန်တက်ရတာဟာ ကျွန်တော့်အတွက် ပျော်ရွှင်စရာတစ်ခုဖြစ်နေဆဲပေမဲ့ စတူဒီယိုထဲမှာပဲ ဂီတတွေဖန်တီးနေရတာကောင်းပါတယ်။

**Brian Hiatt: လိင်တူချစ်သူတွေနဲ့ ဘာပြဿနာမှ မရှိပါဘူးလို့ ထပ်ကာထပ်ကာ ပြောခဲ့ပေမဲ့ ၂၀၁၃ ခုနှစ်ထဲမှာတော့ *Rap God* သီချင်းထဲမှာ လိင်တူချစ်သူတွေကို ရွတ်ချခေါ်ဝေါ်တဲ့ Faggot ဆိုတဲ့ စကားလုံးမျိုးတွေ၊ မိန်းမလျာအကြည့်ဆိုတာမျိုးတွေ ဘာဖြစ်လို့ သရော်စော်ကားလုပ်ပြီး သုံးနှုန်းခဲ့တာပါလဲ။**

Eminem: ကျွန်တော် အကြိမ်ပေါင်းတစ်သန်းလောက် ပြောခဲ့တဲ့ စကားကို ပြန်မပြောပြဘဲ ဒီမေးခွန်းကို ဘယ်လိုဖြေရမယ် မသိတော့ပါဘူး။ ဒါပေမဲ့ အဲဒီစကားလုံးက ကျွန်တော် ရက်ပ်အဆိုပြိုင်တဲ့အခါဖြစ်ဖြစ်၊ ဘယ်တော့ပဲဖြစ်ဖြစ်ပေါ့ အဲဒီလို အဓိပ္ပာယ်ရောက်တဲ့ စကားလုံးမျိုးတွေ....။

**Brian Hiatt: လိင်တူဆက်ဆံသူတွေလို့ ဆိုလိုချင်လို့လား။**

Eminem: ဟုတ်တယ်။ ဒါက တစ်ယောက်ယောက်ကို မိန်းမဆိုး၊ လမ်းသူရဲ၊ ငတုံးလို့ခေါ်တာထက် ပိုနာတဲ့ စကားလုံးပေါ့။ ဆိုတော့ ဒီစကားလုံးကို ရက်ပ်ပြိုင်တဲ့နေရာမှာ မသုံးတော့ဘဲ တစ်ယောက်ယောက်ကို ထိခိုက်နစ်နာသွားမှာကိုလည်း တွေးပူရင်း ခေါင်းထဲမှာ အပြေးအလွှား စဉ်းစားရတာ။ မှန်တာမှားတာကို ပြောတာတော့ မဟုတ်ဘူးနော်။ ဒီနေရာမှာ ကျွန်တော့်အလုပ်က တွေ့ကရာတွေ လျှောက်ပြောနေတာလေ၊ လူတွေပျော်အောင်ပေါ့။ ကိုယ့်တိုင်လည်း ပျော်အောင်ပေါ့။ ဒါပေမဲ့ အခု ဒီနေရာမှာထိုင်ပြီး စကားတွေပြောနေတဲ့ Eminem ကတော့ မိန်းမလျာတွေ၊ လိင်ပြောင်းထားသူတွေနဲ့ ဘာပြဿနာမှ မရှိပါဘူး။ လူတွေဟာ ကိုယ်နှစ်သက်ရာ ဘဝမှာ ကိုယ့်ဘာသာ ဖော်ထုတ်ကြေညာပြီး နေနိုင်တဲ့ ကာလမျိုးမှာ ရှင်သန်နေထိုင်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ တခြား ဘာပြောရမလဲတော့ မသိတော့ပါဘူး။ ကျွန်တော်ဟာ ကိုယ့်ကိုယ်ကို ရက်ပ်အဆိုပြိုင်တုန်းကလိုပဲ ပြန်ကြည့်မိနေဆဲပါ။

**Brian Hiatt: အဲဒီတုန်းက Slim Shady ကို ဆိုနေတာမို့လို့ ဒီလိုပြောခဲ့တာလား။ ဒီသီချင်းက လူတချို့ကို ဒေါသဖြစ်အောင် လုပ်ရတာမို့လို့လေ။**

Eminem: ကျွန်တော် ဒီလိုသီချင်းတွေ ဆိုလာခဲ့တာ ၁၄ နှစ်လောက်ရှိပါပြီ။ ကျွန်တော့်ရဲ့ ပုဂ္ဂိုလ်ရေး ရပ်တည်ချက်နဲ့ ကျွန်တော့်အကျင့်စရိုက်ရဲ့ အပြင်ပန်းကို ကျွန်တော့်သီချင်းတွေကနေ ပရိသတ်သိနေကြပြီလို့ ထင်ပါတယ်။ တကယ်လို့ တစ်ယောက်ယောက်က များ အခုနေခါမှာ နားမလည်နိုင်သေးဘူးဆိုလို့ရှိရင် သူတို့ရဲ့ သဘောထားကို ကျွန်တော် ပြောင်းလဲပေးနိုင်စရာ ရှိမယ် မထင်ပါဘူး။

**Brian Hiatt: *Same Love* ကို ကြားဖူးပါသလား။**

Eminem: ဘာကို ကြားဖူးရမှာပါလိမ့်။

**Brian Hiatt: *Same Love* ဆိုတာ Macklemore နဲ့ Ryan Lewis တို့ရဲ့ သီချင်းလေ။**

Eminem: ဘာသီချင်းမျိုးလဲ။

**Brian Hiatt: လိင်တူချင်း မင်္ဂလာဆောင်နှင်းတဲ့ သီချင်းမျိုးပါ။**

Eminem: ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ ကျွန်တော် Macklemore ရဲ့ အယ်လ်ဘမ်တစ်ခုလုံး နားထောင်ဖူးပါတယ်။

**Brian Hiatt: ဒီသီချင်းကို ဘယ်လိုထင်လဲ။ Macklemore က Eminem ပြီးရင် အအောင်မြင်ဆုံး လူဖြူရက်ပ်ပါတစ်ယောက်ဖြစ်နိုင်လောက်ပါတယ်။**

Eminem: ဟုတ်ပါတယ်။ သူက တကယ်မိုက်တာပဲ။ Macklemore က တကယ်မိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

**Brian Hiatt: Eminem က နည်းပညာပိုင်းမှာ အရမ်းကို ကောင်းတာကြောင့် လေးစားခံရသူပါ။ ဟစ်ဟော့ပ် လောကမှာ လူတွေက Macklemore ကို Eminem လို မြင်မယ့်လူ မရှိလောက်သေးပါဘူး။**

**Eminem:** သူ့ရဲ့ နည်းပညာပိုင်းကလည်း အရမ်းကောင်းပါတယ်။ ပြီးတော့ သီချင်းရေးကောင်းတဲ့ သူတစ်ဦးလည်း ဖြစ်ပါတယ်။ သူလုပ်ခဲ့တာတွေက မယုံနိုင်လောက်အောင်ပါပဲ။

**Brian Hiatt: Rap God ကို ဘယ်လို အရှိန်သတ်ခဲ့ရပါသလဲ။**

**Brian Hiatt:** ကိုယ့်ကိုယ်ကို အဆုံးစွန်ရောက်အောင် တွန်းမိနေပြီလို့ ခံစားမိတဲ့အခါ အဲဒါပြီးတာပဲပေါ့။ အဲဒီလို မဟုတ်ရင် ဆက်လုပ်ပေါ့လေ။ ခေါင်းထဲမှာ တွေးသလောက် ကောင်းတာမျိုးတော့ ဘယ်တော့မှ မရဘူးဆိုတော့ အသံကာရန်တစ်ခုကို ပြောမယ်ဆိုရင် ကျွန်တော့်အတွေးထဲမှာပဲ ဝင်နားထောင်မှရမယ်။ ကိုယ့်သဘောနဲ့ကိုယ် လုပ်ရတာဆိုရင်တော့ အခွေကြမ်းသွင်းလိုက်တယ်။ ဓာတ်လမ်းလေးတွေ ဟိုတစ်စ၊ ဒီတစ်စ ပြောမယ်။ ဒါပေမဲ့ အများအားဖြင့်တော့ နည်းပညာပိုင်းကိုပဲ တစ်ချိန်လုံး လုပ်နေမိတာပါ။ ဓာတ်ပြားတစ်ချပ် ထုတ်လာပြီဆိုရင် တစ်ခုခု ငြိစရာတော့ ပါတတ်ပြီး အဲဒါက စာသားပိုင်းတော့ မဟုတ်ပါဘူး။

**Brian Hiatt: အဲဒါကြောင့်** ***My Name Is*** **ဆိုတဲ့ သီချင်းကို အရမ်းမုန်းမိတာလား။**

**Eminem:** အဲဒီသီချင်းမှာ နည်းပညာပိုင်း ကောင်းတာလေးတွေ ပါပါတယ်။ ကိုယ့်ဂုဏ်ကိုယ်ဖော်တာမျိုးတော့ မလုပ်ချင်ပါဘူး။

**Brian Hiatt: အဲဒီသီချင်းမှာ Dre နဲ့ ပထမဆုံး အသံသွင်းဖူးတာ မဟုတ်လား။**

**Eminem:** ဟုတ်ပါတယ်။ အဲဒီအချိန်ကဘာမှ ကြိုတင်ပြင်ဆင်ထားတာ မဟုတ်ဘဲ လုပ်ဖြစ်သွားတာပါ။ မတူတာတွေ

> နယ်လှည့်
> ဖျော်ဖြေပွဲတွေ
> ဖျော်ဖြေရတဲ့
> ဘဝမျိုး
> ကျွန်တော့်အတွက်
> ရှိဦးမှာလားဆိုတာ
> ကျွန်တော် မသိပါဘူး
> နယ်လှည့်ပွဲတွေ
> မဆိုတော့ဘူးလို့
> ပြောမှာတော့
> မဟုတ်ဘူးပေါ့
> စင်ပေါ်
> ပြန်တက်ရတာဟာ
> ကျွန်တော့်အတွက်
> ပျော်ရွှင်စရာတစ်ခု
> ဖြစ်နေဆဲပေမဲ့
> စတူဒီယိုထဲမှာပဲ
> ဂီတတွေ
> ဖန်တီးနေရတာ
> ကောင်းပါတယ်

ကို စုစည်းထားတာလို့ ထင်မိပါတယ်။ အဲဒီစကားလုံးကို ကျွန်တော်မုန်းတာ။ အသံကာရန်တွေက မုန်းစရာကောင်းပေမဲ့ ကိုယ်တိုင်ကြီးမှူး စီစဉ်ရတဲ့ ပုံစံမျိုး ရှိနေပါသေးတယ်။

**Brian Hiatt: ဒီလိုဆိုတော့ မမုန်းတော့ဘူးလား။**

**Eminem:** အဲဒီဓာတ်ပြားကို မမုန်းတော့တာ အရင်ကတည်းကပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က ကိုယ့်ကိုယ်ကို ကျိုတ်ပုန်းအစီအစဉ်မှူး(MC)တစ်ယောက်အဖြစ် အမြဲရှုမြင်လေ့ ရှိလို့ပါ။ ဒီသီချင်းကို မဖန်တီးခင်မှာ Royceနဲ့ စကားပြောဖြစ်တာကို သတိရမိပါတယ်။ 'တို့တွေက ရွှေတွင်းရှာတဲ့ အနုပညာသည်မျိုးတော့ မဟုတ်ဘူး' တဲ့။ ကျွန်တော်လိုချင်

တာက တခြားပုံမှန် အလုပ်တစ်ခုလုပ်... မလိုလောက်အောင်၊ ပြီးတော့ အိ... ကောင်းကောင်းတစ်လုံးနဲ့ မိသားစု... ထောက်ပံ့နိုင်လောက်တဲ့ ငွေကြေး... ပါပဲ။ အဲဒီလိုဆိုတော့ *My Name*... သီချင်း အောင်မြင်သွားတဲ့အခါမှာ ကျွ... တော် တော်တော်လန့်သွားမိတယ်။ '... ဟာ အဲဒီပေါ်မှာ ရက်ပ်လုပ်နေမိပြီလား' လို့ တွေးလာမိတယ်။ ကျွန်တော်... တော့ ရက်ပ်သီချင်းတွေ ဆိုနေမှာ... 'ဟိုင်း-ကျွန်တော့်နာမည်၊ ကျွန်တော်... နာမည်၊ ကျွန်တော့်နာမည် ချီကာ ချီ... Slim Shady ဟိုင်း'။ (ရက်ပ်သီချင်း... လျက်)

**Brian Hiatt: ဒါပဲပေါ့။**

**Eminem:** ဒါပဲလေ။ ဒီသီချင်း... ကမ္ဘာကို မိတ်ဆက်လိုက်တာပဲ။ ဒါ... ဒီလိုမျိုး မိတ်ဆက်ဖြစ်လိုက်တာကို ကျွ... တော်မသိခဲ့ဘူး။

**Brian Hiatt: တစ်ဖက်ကကြည့်... ဆိုရင် အဖွင့်စာသားမှာပါတဲ့ 'ဟိုင်း-... ကလေးတို့ရေ' ဆိုတဲ့ စာသား... Eminem ဦးတည်ရာကို သတိပြု... တာမျိုးလား။**

**Eminem:** ဆိုလိုတာက ဒီသီချင်း... သူ့ကို ဦးတည်ဆိုတာ ကျွန်တော်သိ... တယ်။ ဒီသီချင်းတစ်ပုဒ်လုံးမှာ ... ချင်တာက ကိုယ်စဉ်းစားရသမျှ အ... ပတ်ဆုံးကို D12နဲ့အတူ ပြောပြချင်... ပဲ။ ဓာတ်ပြားသွင်းတော့လည်း အ... ကို အညစ်ပတ်ဆုံးကို ဆိုခဲ့တာ။ ဒါ... ဒါဟာ မကောင်းတဲ့ ဩဇာလွှမ်းမိုး... ဆိုတာ အခုတော့ ကျွန်တော်သိ... 'ဟိုင်း-ကလေးတို့ရေ အခုတော့ ... တို့ရဲ့ ကလေးတွေကိုပဲ တည့်တည့်... တော့မယ်။ ဒါပေမဲ့ နှစ်ပေါင်းတစ်... လောက်အတွင်းမှာ တကယ်ဖြစ်လာ... မဟုတ်ပါဘူး။(သီချင်းညည်းလျ...

**Brian Hiatt: Slim Shady EPနဲ့ ... ရေးတုန်းက ဆင်းရဲဒုက္ခနဲ့ ကြုံခဲ့ရ... နော်။ အဲဒီကနေ တစ်နှစ်အတွင်း... Eminem ဆိုတာ ဖြစ်လာခဲ့တ...**

**Eminem:** ဘာမှ ထူးတယ်လို့တော့ ...



www.burmeseclassic.com

www.burmeseclassic.com

...ဘူး။

**Brian Hiatt: ဒါကို ရုပ်ရှင်တစ်ကား ...ောက်တော့ ရိုက်သင့်တာပေါ့။**

Eminem: (ပြုံးလျက်)ကားကောင်း ...ကားဖြစ်ပါ့မလား။

**Brian Hiatt: ဆေးဝါးအလွဲသုံးတာကို ...တုန်းက စခဲ့တာလဲ။**

Eminem: ဂီတလောကထဲ ဝင်ခါစမှာ ... ဖြစ်တာတွေက သိပ်မြန်လွန်း ... အဲဒီ ဆေးဝါးတွေဟာ အရက်နဲ့ ... ဘာနဲ့မှမတူအောင် ယစ်မူးစေ ... ဒါကို သုံးဖြစ်တာက စင်ပေါ် ...တဲ့အခါ စိတ်ထဲမှာ ပူပန်ဖိစီးတာ ...များလို့ပါ။ ညကလပ်တွေနဲ့ ဒက် ...မြို့က ပွဲတွေမှာဆို ကျွန်တော် ...တွေ မသုံးပါဘူး။ အဲဒီမှာက ပရိ ...က နှစ်ရာလောက်ပဲ ရှိတတ်တာ ... အခုဆိုရင်တော့ ပရိသတ်က တစ် ...ောင်းလောက် ဖြစ်နေပြီ။ ဘယ်လို ...မလဲ၊ ဒီကြောက်စိတ်ကို။ အဲဒီစိတ် ...ယ်ရှားပစ်နိုင်ဖို့ လိုတယ်လေ။ ကျွန် ...က နာမည်သာ ကြီးမလာခဲ့ရင် ဒီ ...ဆေးဝါးတွေ စွဲလာမှာမဟုတ်ဘူးလို့ ...တာမဟုတ်ဘူးနော်။ ဆေးစွဲတဲ့ ...တာတွေ ကျွန်တော်ဖြစ်ဖူးပါ ... ဒါပေမဲ့ ဒီဆေးတွေ သုံးဖြစ်တာ ... စင်ပေါ်တက်မှပါ။ ကျွန်တော့်ကို ...ကြည့်နေကြတဲ့ လူတွေအများကြီး ... ရင်ဆိုင်ကိုင်တွယ်နိုင်ဖို့ လိုတယ်လေ။ ...တာက နောက်ပိုင်းမှာ တစ်ပတ်ကို ...ာက်ရက်၊ ခုနစ်ရက်လောက်သုံးတတ် ...တာပါပဲ။ 'ကဲ အခု မင်းကိုယ်ကြီး ... တေဒ ဆေးဝါးအပေါ် မှီခိုနေရ ...' အဲဒါကို မရရင်ဆိုတဲ့ စိုးရိမ်ပူပန်မှု ... ပိုလို့တောင် ကြီးသေးတယ်။ တစ် ...ည်း အပြီးချလိုက်ရဖို့ကလည်း ...လွန်းနေတော့ ပရိသတ်တွေကို ...တရလက်မှတ် ရေးထိုးပေးနေ ... ဟိုနား နည်းနည်းသောက်လိုက်၊ ... နည်းနည်းသောက်လိုက်နဲ့ပေါ့။ ...တုန်းကတော့ နားမလည်မိခဲ့ဘူး။

**Brian Hiatt: တစ်ယောက်ယောက်က ...ယ့်ကို စိုက်ကြည့်တာမျိုးကို မအောင်မြင်ခင်ကတည်းက Eminem မကြိုက်ခဲ့တာနော်။**

Eminem: ဒါက ဘာနဲ့ ပိုတူသလဲဆိုတော့ 'ဒီလူ ငါ့ကို ရန်လုပ်ချင်လို့ ကြည့်တာလား' ဆိုတဲ့ အတွေးရှုးမျိုးပေါ့။ အများအာရုံစိုက်တာ မခံချင်တဲ့သူတွေအတွက်တော့ ဂီတအလုပ်ဟာ အရွေးမှားတဲ့ ငရဲတွင်းလိုပဲလို့ ကျွန်တော် အမြဲပဲ ပြက်လုံးထုတ်လေ့ရှိပါတယ်။

**Brian Hiatt: ပြဿနာတွေ၊ အခက်အခဲတွေ ကြားထဲမှာပဲ The Marshall Mathers LP ကို ဒုတိယမြောက် အယ်လ်ဘမ်အဖြစ် ထုတ်ခဲ့တယ်နော်။ ဒီအယ်လ်ဘမ်က တကယ်ပဲ။ ဒါကို ဖန်တီးတုန်းက Eminem ရဲ့ စိတ်ထဲမှာ ဘယ်လိုသဘောထား ရှိခဲ့တာလဲ။**

Eminem: ကျွန်တော့် အဖွင့်သီချင်းက မဟုတ်သေးဘူးဆိုပြီး ဓာတ်ပြားတိုက်ကို လူတွေစိတ်ဆိုးကြတာ မှတ်မိနေသေးတယ်။ ကျွန်တော်တွေးမိတာကတော့ 'ဒါဟာ အရွေးမမှန်ဘူးလို့ ဘယ်လိုပြောနိုင်တာလဲ' ပေါ့။ လူဘယ်နှစ်ယောက်ကို ကျွန်တော်က လိုက်ပြီး အသနားခံ ပြောပြနေရဦးမှာလဲ။ နောက်မှာတော့ ကျွန်တော် ဘာကောင်မှမဖြစ်ခင် ကျိတ်ပုန်းအနုပညာရှင်ဘဝက ဆိုခဲ့တဲ့ အသံကာရန်မျိုးအပေါ် လူတွေရဲ့ အပြုသဘောမဆောင်တဲ့ အာရုံစိုက်မှု ရလာခဲ့တယ်။ အခုတော့ ကျွန်တော်က တစ်စုံတစ်ယောက် ဖြစ်နေပြီလေ။

**Brian Hiatt: နာမည်ကြီးဖြစ်လာတော့ ပိုပြီးဆိုးတဲ့ မဟုတ်တာတွေကို တမင်တကာပြောတော့မယ်ဆိုပါတော့။**

Eminem: ဟုတ်တယ်။ အဲဒီလို အသုံးမကျတဲ့ဟာကို ကျွန်တော်နားကို မလည်နိုင်ဘူး။ အခု အဲဒါမျိုး ပြောမယ်လေ။ '(ဆဲလျက်)မင်းက ငါ့ကို ဖျက်ဆီးပြီး ငါ့ရဲ့ အသက်မွေးမှုကိုပါ လုယူသွားမှာမို့လို့။ ငါကမင်းကို ချေမှုန်းတော့မယ်။ ငါ့ရဲ့(ဆဲလျက်)စွမ်းအင်ရှိသမျှနဲ့ မင်းအပေါ် တုံ့ပြန်စော်ကားလို့ ရနိုင်သမျှအားလုံးကိုလုပ်ပြီး ငါ့ကိုမင်း အခုခံစားစေသလို ပြန်ပြီး ခံစားစေရမယ်။ အားလုံးကို(ဆဲလျက်)ဒါပဲ။ ဒါပေမဲ့ တစ်ချိန်တည်းမှာ ငါ့ရဲ့ဂီတကို အမှန်အကန်ဖြစ်စေချင်ခဲ့တယ်။'

**Brian Hiatt: မှန်လိုက်လေ။**

Eminem: အဲဒီလို အသုံးမကျတာမျိုးတွေကို Biggie နဲ့ Tupac တို့ဆီက ကျွန်တော် အများကြီး လေ့လာသိရှိခဲ့တယ်။ ဟစ်ဟော့ပ်ဂီတရဲ့ ကျောင်းသားတစ်ယောက်အဖြစ်နဲ့ နည်းပညာပိုင်းတွေကို လေ့လာနိုင်ပါတယ်။ Big Daddy Kane ဒါမှမဟုတ် Kool G Rap တို့ရဲ့ အသံကာရန်ပုံစံကိုလည်း ယူသုံးနိုင်တယ်။ ဒါပေမဲ့ Tupac ဆီ ရောက်သွားရင် သူက သီချင်းတွေ လုပ်ပေးလိမ့်မယ်။ သူ့ရဲ့ သီချင်းတွေက 'ဒီ CD ကိုဖွင့်ရင် တစ်ယောက်ယောက်ရဲ့ မျက်နှာကို လက်သီးနဲ့ ပိတ်ထိုးပစ်ချင်တယ်ဆိုတဲ့ အပြောမျိုးကို အဆဲအရေးတွေနဲ့ ဆိုတာလေ။ Biggie ကကျတော့ ပုံပြောတဲ့လူ။ ကျွန်တော်က အဲဒါတွေအားလုံး လုပ်ချင်ခဲ့တာ။ အဲဒီတုန်းက ကျွန်တော့်ခေါင်းထဲမှာ မျှော်လင့်ထားတာက ကျိတ်ပုန်းတွေနဲ့ တကယ့်ရက်ပ်ပါအဆိုတော်တွေ နှစ်သက်သွားအောင် နည်းပညာပိုင်းနဲ့ စွမ်းဆောင်ပြဖို့၊ ပြီးတော့ အဲဒါကို သီချင်းအဖြစ် ရေးဖွဲ့ပြီး တစ်စုံတစ်ခုသောခံစားမှုကို ပေးနိုင်ဖို့ပဲ ရှိခဲ့တာပါ။

**Brian Hiatt: အခုထွက်မယ့် LP မှာ Bad Guy နဲ့အတူ *Stan* ကို ပြန်ဆိုထားတယ်နော်။ မူရင်းသီချင်းက အပြောင်းအလဲ အများကြီး ဖြစ်ခဲ့တယ်။ နှစ်ယောက်စလုံးက ပုံပြောတဲ့ နေရာမှာ အပြောင်းအလဲတွေ လုပ်ထားတာ။ ဘာဖြစ်လို့လဲဆိုတော့ Eminem က ကန့်လန့်ကာ နောက်ကွယ်ကနေထွက်ပြီး Slim Shady တကယ် မဟုတ်ဘူးဆိုတာ ပြခဲ့လို့ပါပဲ။**

Eminem: ကျွန်တော့်အတွက် ကောင်းနေတာလေးတွေလည်း ပျက်သွားတာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ အစပိုင်းမှာ ကိုယ့်အပေါ် ဒီလိုတွေးတဲ့၊ ပြောတဲ့လူတွေ တွေ့လိမ့်မယ်။ 'ယိုး မင်းက Slim Shady မဟုတ်လားဟေ့လူ။ ထူးခြား

www.burmeseclassic.com

တာ တစ်ခုခုလုပ်ပြစမ်းပါ။ မိန်းမဆိုး တစ်ယောက်ရဲ့ ခေါင်းကို ဖြတ်ပြလိုက်ပါလား။ မင်းရဲ့ လွှက ဘယ်မှာလဲ ခွေးကောင်ရ' စသဖြင့်ပေါ့။ ဒါပေမဲ့ Dido ရဲ့ စကားလုံးတွေကို အဓိပ္ပာယ်ကောက်ရတာလည်း ကျွန်တော့်အတွက် ပျော်စရာပါ။ ခတ်ပြားပေါ်မှာ ပါတာတွေကို ကောင်းတာတွေပဲ စစ်ယူဖို့ လိုမယ်ဆိုတာ လူတွေသိအောင် ပြောပြဖို့ အခွင့်အရေးကောင်းတစ်ရပ်ပဲလို့ ကျွန်တော်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအညစ်အပတ်တွေထဲမှာ အမှန်တရားတွေ ပါနေလို့ပဲ။ ဒါပေမဲ့ အခြေအမြစ်မရှိတဲ့ အညစ်အပတ်တွေက များနေတာလေ။ ဘယ်လိုများ အဲဒီလို အညစ်အပတ်တွေအပေါ် ရူးသွပ်ကြပါလိမ့်။

**Brian Hiatt: Stan ဆိုတဲ့ စကားက အဘိဓာန်ထဲရောက်တာ ကြာပြီ မဟုတ်လား။ လူတွေက ပြောတတ်ကြတယ်။ ငါက Eminem Stan ပဲ။ Eminem အပေါ် ရူးသွပ်သူပေါ့။ ငါက Katy Perry ကို Stan ဖြစ်မယ်။ Katy Perry ကို အရူးအမူး ကြိုက်တယ်ပေါ့။**

**Eminem:** ဝိုး··· မဟုတ်တာဘဲ။ ရယ်ဖို့တောင်ကောင်းသေး။

**Brian Hiatt: Stan က ရူးသွပ်တာဆိုတော့ နည်းနည်းများ လန့်သွားလား။**

**Eminem:** အမှန်ပဲ။ ပြီးတော့ Stan က သေဆုံးသွားခဲ့ပြီပဲ။ သူက အဲဒီခတ်ပြားမှာပဲ သေသွားခဲ့တာ။ သူ့ရဲ့ ညီမငယ်လေးကိုတော့ ကျွန်တော့်စိတ်ထဲမှာ အမြဲရှိပါတယ်။ သူက ကြီးပြင်းအရွယ်ရောက်ဖို့ လိုဦးမယ်။ ကျွန်တော့်ကို လာသတ်မှာလေ။

**Brian Hiatt: ဒီအယ်လ်ဘမ်မှာ ကိုယ့်ကိုယ်ကို ဝေဖန်ဆန်းစစ်ထားတာတွေ အများကြီး ပါတယ်နော်။ ပြီးတော့ မူရင်း Marshall Mathers LP ထဲက လူတွေရဲ့ အပြင်ပန်းအကျင့်စရိုက်တွေ အပြိုင်နွှဲကြတာမျိုးကိုလည်း ဆက်ပြီး ဆင်နွှဲထားတယ်။ အဲဒီ လမ်းကြောင်းကို လိုက်ဖြစ်တာက ဘာကြောင့်များပါလဲ။**

**Eminem:** ကျွန်တော်သုံးတဲ့ စကားလုံးတွေ၊ ရက်ပ်လုပ်ပြီးဆိုတဲ့ အကြောင်းအရာတွေ ကျွန်တော်တင်ပြသမျှတွေအပေါ် လူတွေ ဘယ်လိုသဘောထားခံစားကြတယ်၊ ဘယ်လိုပြောကြတယ်ဆိုတာ ကျွန်တော်သိပါတယ်။ တစ်ခါတလေမှာတော့ ကိုယ့်အကြောင်း ကိုယ့်ဘာသာပဲ ပြောလိုက်တာက ကောင်းဦးမယ်။ ကျွန်တော့် အကြောင်းကို တွေးနေကြတာသိတယ်လို့။ ဘယ်လိုပဲဖြစ်ဖြစ် လူတွေရဲ့ အပြင်ပန်း အကျင့်စရိုက်တွေကို ခြားထားတဲ့ စည်းတွေက မှုန်ဝါးဝါးဖြစ်နေပြီလေ။ နောက်ရက်မှာတော့ Slim Shady က ကျွန်တော့် မနက်စာကို မီးကျွမ်းသွားအောင် လုပ်လိုက်တယ်။ သူ တမင်တကာကိုလုပ်တာ။

**Brian Hiatt: Eminem သောက်တဲ့ ဆေးထဲမှာ အိပ်ဆေးလည်း ပါတယ်နော်။ ညဘက် အိပ်မပျော်တဲ့ ပြဿနာက တစ်သက်လုံးဖြစ်တာလား။**

**Emenim:** ကျွန်တော် ဂီတလောကထဲဝင်စတုန်းက အဲဒီလို မဖြစ်သေးဘူးထင်ပါတယ်။ ကျွန်တော် Dre နဲ့ လက်မှတ်ထိုးတဲ့အထိပေါ့။ ကယ်လီဖိုးနီးယားမှာ အပြင်ထွက်ဖြစ်တဲ့ ညတစ်ညအကြောင်း ကျွန်တော် စဉ်းစားမိတယ်။ စာရေးနေတာဆိုတော့ မအိပ်ဖြစ်ဘူးလေ။ ကျွန်တော်က Dre အတွက် အကောင်းဆုံးဖြစ်အောင် ရေးပေးချင်တာ။ ကိုယ့်အပေါ် ကျေနပ်သွားစေချင်တာ။ အဲဒါက မူးယစ်ဆေးဝါးပြဿနာရဲ့ အစပိုင်းပဲ။ အရက်သောက်တာလည်း အပါအဝင်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဆေးပြားတွေဘက်သာ မလှည့်ခဲ့ရင် အရက်သမားလုံးလုံးဖြစ်မှာကြောင့်ပဲ။ ပွဲတွေလိုက်ဆိုလာရတဲ့အခါ စိတ်ထဲမှာ ဖိအားတွေ ဝင်လာရာကနေ အိပ်မပျော်တဲ့ ပြဿနာ စလာခဲ့တာပါ။ လူတွေက ကိုယ့်ကိုပဲ ဝိုင်းကြည့်နေကြတာ။ ကိုယ့်စိတ်ထဲမှာတော့ 'ဒီလူတွေက မင်းကို ကျရှုံးနေစေချင်တာ Marshall. သူတို့ မင်းကို စောင့်ကြည့်နေကြတယ်။ သူတို့က မင်းရှုံးနိမ့်မှာကို စောင့်ကြည့်နေကြတာ'လို့ ပြောနေမိတယ်။

**Brian Hiatt: အခု ရော ကောင်း ကောင်း အိပ်လို့ရပြီလား။**

**Eminem:** အများအားဖြင့်တော့ အိပ် ပျော်တယ်လို့ပဲ ဆိုပါစို့။ အရင်တုန်းကလို ပဲ ခုတင်ပေါ်မှာ လှဲရင်း တွေးနေမိတဲ့ ညတွေ ရှိတယ်။ 'ငါ ထလုပ်ရမယ် ဒီစိတ်ကူးကို သီချင်းဖြစ်အောင် ထလုပ် ရမယ်' ဆိုတာမျိုးပေါ့။ ကျွန်တော်က စာရေးစက္ကူနဲ့ ဘောလ်ပင်ကို စိတ်ကူး တာတွေ ချရေးမှတ်ထားဖို့ သုံးတုန်း ပဲ။ လက်ကိုင်ဖုန်းတွေနဲ့ မှတ်ရတာ စိတ်မချဘူး။ ဖုန်းပျောက်သွားရင် မတော်တဆ မှားယွင်းပြီး ဖျက်မိ ဘယ်လိုလုပ်မလဲ။ အခု အယ်လ်ဘမ် လုပ်နေတဲ့ နှစ်နှစ်လောက်ကာလအတွင်း သွားလေရာကို ဘောလ်ပင်နဲ့စာ စက္ကူ သယ်သွားတတ်ပါတယ်။ လို မလိုလိုပေါ့။

**Brian Hiatt: Zombie အဖွဲ့ရဲ့ Ti of the Seaeson ကို ဥပမာပြုထား သီချင်းသစ် *Rhyme or Reason* Eminem ရဲ့ ဘဝမှာ တကယ့်ပြဿ က အနားမှာ ဖခင်ဖြစ်သူ မရှိတာဘဲ ဆိုထားတာ တွေ့ရတယ်နော်။**

**Eminem:** ဒီ တစ် ချက် က တော အပြောင်အပြက်ပြောတာ ဆိုတာ နည်းနည်းတော့ ပိုပါတယ်။ ကျွန်တေ မိဘတွေသာ သေချာတဲ့လမ်း ရွေး ခဲ့ရင် ဒီလောက်ထိ ကျွန်တော် ရောက်မှာ မဟုတ်ဘူးလို့ ပြောချင် ပါ။

**Brain Hiatt: တစ်ပြိုင်တည်းမှာပဲ လိုကြီးမားတဲ့ ပျောက်ဆုံးမှုအတွ ဒေါသမဖြစ်မိဘူးလား။**

**Eminiem:** အဲဒါက အိမ်နီးနားချင်း နဲ့ ပြိုင်ပြီးဖြစ်တာမျိုး မဟုတ်ဘူး တယ်။ ဒီကိစ္စအတွက် ဒေါသဖြစ်မိ ဖြစ်နိုင်ကောင်းပါတယ်။ ဒီအကြေ တွေးမိတိုင်းပေါ့။ မင်းနာမည် ဘယ် လဲ၊ မင်းအဖေက ဘယ်သူလဲဆို အမေးစကားကလည်း ကိုယ့်စိတ်ကို စေပါတယ်။ တကယ်လည်း တ တော့ ကျွန်တော် ပြောရမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

**Hiatt:** အဖေလုပ်တဲ့လူနဲ့ တစ်ခါမှ စကားမပြောဖူးဘူးဆိုတာက အနည်းဆုံးတော့ သူ့မျက်နှာပုံပန်းကို ဘယ်လို ... ဆုံးအားမိတယ်ဆိုတာ ပြောပြသင့်တယ်လို့ မထင်စေဘူးလား။

**Eminem:** တစ်ခါတလေတော့လည်း ... တွေးမိတာ ရှိပါတယ်။ ဒါပေမဲ့ ... တကယ် တွေးသမျှ အားလုံးပြောဖို့ ... မဟုတ်ဘူး။ ဆိုလိုတာက အဲဒီလို ...လည်း ကျွန်တော် အဆင်ပြေပါ ...

**Brian Hiatt:** *Head Light* ဆိုတဲ့ သီချင်းထဲမှာ အမေလုပ်တဲ့သူကို ခွင့် ...တဲ့အကြောင်း၊ ရက်ပ်လုပ်ပြီး ဆို ...တာတွေ့ရတယ်။ တချို့ကိစ္စတွေ ... အသက်အရွယ် ရလာလို့လား၊ အမြင် ...ပြောင်းသွားလို့လား။

**Eminem:** ဟုတ်တယ်။ တချို့ကိစ္စတွေ ... အမြင်ပြောင်းလဲတာမျိုးရှိတယ်။ လူ ...များများကတော့ သူတို့ဘဝမှာ ... ဒီလိုဖြစ်တာမျိုးတွေ မရှိဘူး။ ... ကိုယ်လုပ်တဲ့အရာပဲလို့ ...တော်ယူဆတယ်။ ကျွန်တော်ပြော ... ကျွန်တော် အမေ့ကို ချစ်တယ်။ ...ဖြစ်လို့လဲဆိုတော့ ကျွန်တော့်အမေ ...ပေါ့။ ကျွန်တော့်ရဲ့ အမေဖြစ်တဲ့ ...ပဲ အမြဲတမ်း ချစ်နေမှာပါ။

**Brian Hiatt: အဆိုတော် Kendrick Lamar က သူ့ရဲ့ အယ်လ်ဘမ်ထဲမှာ ...ကိုင်းကို သူ့ရဲ့ *Control* သီချင်း ... စာပိုဒ်ကို လိုက်ဆိုခိုင်းတယ်။ Eminem ရော အဲဒီလိုလုပ်ဖို့ရာ ထူး...နေမလား။**

**Eminem:** ကျွန်တော့်အလုပ်ရဲ့ သဘော ... မင်းဟာ ဗိုလ်ကျတတ်သူတစ် ...ယောက်လိုလား၊ ဒါမှမဟုတ် တစ်ခုခုကို ...ဖို့ ကြိုးစားနေတာလား။ ငတုံး ...ယောက်လို လျှောက်အော်နေမှာ ... ဆိုတာမျိုးပါ။ အရင်တုန်းကတော့ ...တော်က တကယ့်ကို မဆင်မခြင် ...ခဲ့တာပါ။

**Brian Hiatt: Eminem က ကိုယ့် ...လေးတွေရဲ့ သီးခြားလွတ်လပ်ခွင့်ကို တော့ အတော်လေး ဂရုတစိုက်ရှိတယ် နော်။ ကလေးနှစ်ယောက်ဖြစ်တဲ့ Hailieနဲ့ Kimတို့အပြင် အမေဖြစ်သူရဲ့ ဓာတ်ရုပ်တွေကိုပါ သီချင်းတွေထဲမှာ ထည့်ရေးရာက ပရိသတ်တွေ စပ်စုချင်စရာ ဖြစ်ခဲ့ရတဲ့အပေါ် နောင်တများ ရမိသလား။**

**Eminem:** လုံးဝနောင်တရတယ်။ အဲဒီတုန်းက နောက်ဆက်တွဲဖြစ်လာမှာတွေ၊ အများ အမုန်တွေ မတွေးမိခဲ့ဘူး။ တစ်ခါတလေတော့ ကိုယ့်အကြောင်းတွေ ပရိသတ်ကို ပြောပြတာများသွားပြီ ထင်မိတယ်။ ပြောမပြချင်တာတွေရောပေါ့။ ဒါပေမဲ့ လူဘယ်နှယောက်ဆီ ဒီစကားတွေ ရောက်မယ်ဆိုတာ မသိနိုင်ဘူးလေ။ သေချာတာကတော့ ကျွန်တော် အခု နာမည်ကျော်နေပြီး ကိုယ့်အတွေးထဲမှာတော့ အဲဒီလိုဟာတွေနဲ့ နပန်းလုံးနေရတာပဲ။ 'သွားစမ်းပါကွာ၊ မင်းက ဘယ်လောက်နာမည်ကြီးလို့လဲ' ပေါ့။ ကျွန်တော် အဲဒါမျိုးတွေ မပြောသင့်ပါဘူး။

**Brain Hiatt: Eminem က အချစ်ကို တွေ့လိမ့်မယ် မထင်ဘူးလို့ ပြောခဲ့ဖူးတယ်နော်။ ဒါက ဝမ်းနည်းတာမျိုးလား။**

**Eminem:** အဲဒီလိုတော့ မသိဘူးလေ။ ဆိုလိုတာက အချစ်ကို ကျွန်တော် တွေ့နိုင်မယ်၊ မတွေ့နိုင်ဘူး။ ဒါမှမဟုတ် ဘာပဲဖြစ်ဖြစ်ဆိုပါတော့ အဲဒါကို မသိတာ။ အခုတော့ ကျွန်တော်လုပ်သမျှဟာ ရက်ပ်ပါပဲ။ ကျွန်တော့်ဘဝမှာ ရက်ပ်ဂီတရယ်၊ ကိုယ့်အလုပ်ကိုယ် အာရုံစိုက်လုပ်တာရယ်၊ ဖခင်တစ်ယောက်ဖြစ်တာရယ်ပဲ ရှိတယ်။ ကျွန်တော်က စမ်းသပ်ခန်းထဲက ကြွက်ကလေးတစ်ကောင်လိုပါပဲ။ ဒါပေမဲ့ တစ်နေ့နေ့မှာတော့ အဲဒီအကြောင်းကို ကျွန်တော် အဖြေထုတ်နိုင်ပါလိမ့်မယ်။

**Brian Hiatt: အစောပိုင်းမှာတုန်းက Eminem က 'ပျော်နိုင်သလောက်တော့ ပျော်ပါတယ်' လို့ ပြောခဲ့တယ်နော်။ Eminem က ဘဝမှာ အရမ်းကြီးမားတဲ့ အောင်မြင်မှုတွေ ရခဲ့တယ်။ အလုပ်ကြိုးစားတယ်။ မိဘတစ်ယောက်ဖြစ်တယ်။ အခြေခံအားဖြင့် ပြောရရင် ဒီလို အချက်တွေပိုင်ဆိုင်ထားတဲ့ဘဝဟာ လုံလောက်ပြီလား။**

**Eminem:** ကျွန်တော်က ပျော်စရာတွေ့လို့လည်း ပျော်လိုက်တာဟော့လို့ ပြောဖြစ်မှာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်က ကိုယ်မြတ်နိုးတာကို လုပ်နိုင်တယ်။ ကိုယ်မနှစ်သက်တာ တချို့ ရှိတော့ရှိတာပေါ့။ ဒါပေမဲ့ ကျွန်တော် ဟစ်ဟော့ပ်ကို ဆိုနိုင်နေသမျှ ကိုယ်ကြိုးစားပြီး ဖြည့်ဆည်းနေတဲ့ အိပ်မက်မှာ ပျော်မွေ့နေမယ်။ လက်ရှိအချိန်မှာ ရှိတာနဲ့ ကျွန်တော်ရောင့်ရဲတယ်။ စိတ်အာရုံမှာ သိတာကတော့ ငါမသွားဘူး၊ ငါမလုပ်ဘူးလို့ပေါ့။ ဒါပေမဲ့ တချို့ဟာတွေကို ကျွန်တော် နေ့တိုင်း ပုံမှန်လုပ်နိုင်တယ်။ ဒါဟာ ကျွန်တော် ဖြစ်စေချင်တဲ့ပုံစံ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော် တစ်ခုခုကိုလုပ်ရင်း တစ်နေရာရာကိုသွားရင် ကြေညာနေမှာတော့ မဟုတ်ဘူး။ ကျွန်တော်က အဲဒီလို အများအာရုံ စိုက်ခံရအောင် လုပ်တာမျိုး မကြိုက်ဘူး။ ဒါဟာ အဓိပ္ပာယ်လည်း မရှိဘူးလို့ပဲ နားလည်တယ်။ ဒါပေမဲ့ ကျွန်တော် တကယ်ဖြစ်ချင်တဲ့ နောက်ဆုံးအိပ်မက်ကတော့ ကိုယ့်အပေါ် တခြား MC (အစီအစဉ်မှူး)တွေ၊ အပေါင်းအသင်းတွေက လေးစားစေဖို့ပါပဲ။

**Brian Hiatt: သိပ်မကြာသေးခင်က မင်းသမီး Mia Farrow က Twitter ပေါ်မှာ 'Eminem ကို စိတ်ကုန်သွားပြီ' လို့ ရေးခဲ့တယ်။ ဒါကို ပြန်ချေချင်တာမျိုးရှိသလား။**

**Eminem:** (ခဏတာ တိတ်ဆိတ်သွားပြီးနောက်) ကျွန်တော့်ကိုယ် ကျွန်တော်လည်း စိတ်ကုန်မိပါတယ်။

❑

တစ်ကျော့ပြန် ရက်ပ်ပါဖြစ်လာမယ့် Eminem ကို ရက်ပ်ချစ်တဲ့ ပရိသတ်များ စောင့်ကြည့်ကြပါဦးစို့။


■

ရာပြည့်



www.burmeseclassic.com

www.burmeseclassic.com



# မသေခင်သွားရမယ့်နေရာပေါင်းတစ်ထောင်(၈)

# ဂရိပြည်(Greece)

မေဏ္ဍာဦး




www.burmeseclassic.com

www.burmeseclassic.com

NATIONAL ARCHAEOLOGY MUSEUM

အမျိုးသား ရှေးဟောင်းအနုပညာ ပြတိုက်ကိုတော့ အေသင်(Athens)မြို့ရဲ့ ဘဏ္ဍာတိုက်လို့ တင်စားခေါ်ကြပါတယ်။ ရှေးဟောင်း ဂရိအနုပညာပစ္စည်းတွေ၊ ယဉ်ကျေးမှုတွေရဲ့ အကောင်းဆုံး လက်ရာတွေကို ဒီပြတိုက်ကလွဲပြီး ကမ္ဘာပေါ်မှာ တွေ့နိုင်ဘူးတဲ့။ ရှေးဟောင်း ဂရိတွေဖြစ်တဲ့ ဆိုကလယ်ဒစ်(Cycladic)၊ မီနိုအန်(Minoan)၊ မိုင်စီနီယမ် (Mycenaean)နဲ့ ဂန္ထဝင်ဂရိ(Classical Greek)

Meteora Rocks



www.burmeseclassic.com

www.burmeseclassic.com

အနုပညာပစ္စည်းတွေကတော့ ဂရိပြည်ကို မိတ်ဆက်ပေးရတဲ့ မရှိမဖြစ် ပစ္စည်းတွေပေါ့။

ပြတိုက်ရဲ့ မြေညီထပ်မှာရှိတဲ့ ပန်းပုရုပ်များ အခန်းတွေထဲမှာ ပိုစိုင်ဒွန် (Poseidon) နတ်ဘုရားရုပ်က အလွန်ကောင်းတဲ့ ကြေးလက်ရာဖြစ်ပြီး BC ငါးရာစုကတည်းက သွန်းလုပ်ခဲ့တာတဲ့။ ကိုယ်လုံးကိုယ်ထည်က အချိုးကျရုံမက ခွကြီးသုံးခွပါတဲ့ လှံတံကြီးကို ကိုင်ထားပုံကလည်း အပြစ်ရှာမရနိုင်အောင် ကောင်းတဲ့ လက်ရာမွန်ပေါ့။ ပိုစိုင်ဒွန် နတ်ဘုရားက သမုဒ္ဒရာစောင့်နတ်မင်းလို့ ဂရိတွေက ယုံကြည်ထားတာပါ။

ဆွဲဆောင်မှုရှိလှတဲ့ အခြားလက်ရာတွေကတော့ အလွန်ထူးခြားနူးညံ့ပြီး အသက်ရှူမှားလောက်တဲ့ လက်ဝတ်ရတနာတွေပါပဲ။ ရှေးဟောင်းဂရိနဲ့ ဘိုင်ဇန်တိုင်းခေတ်က လက်ဝတ်ရတနာလက်ရာတွေကို ရွှေနဲ့ပြုလုပ်ထားပါတယ်။ ရွှေနဲ့ပြုလုပ်ထားတဲ့ မုတ်ဆိတ်မွေးပါ မျက်နှာဖုံး(အသုဘမှာအသုံးပြု)ကို တစ်ချိန်က အဂ္ဂါမမ်နွန်(Agamemnon) ဘုရင်လို့ ယူဆသတ်မှတ်ခဲ့ပေမဲ့ အခုအခါမှာတော့ BC ၁၅ ရာစုကတည်းက ပြုလုပ်ခဲ့တယ်ဆိုတာ ရှာဖွေတွေ့ရှိခဲ့ပါပြီ။



Asklepios



Bratsera Hotel



Meteora Monastery

ကျွန်မ အဲဒီပြတိုက်ရောက်ခဲ့စဉ်
အင်အားတွေ ကုန်မသွားရအောင်
စားခဲ့ရပါတယ်။ ကြည့်စရာတွေ
များလွန်းလို့ပါပဲ။ ပြတိုက်
ပထမထပ်မှာတော့ သီရာ(ဆဲန်တို
ကျွန်းက ရှာဖွေတွေ့ရှိခဲ့တဲ့ ထူးခြား
တုနှိုင်းမမီ လက်ရာတွေ ပြသထား
ပါ။ အထူးသဖြင့် အိုးထည်အမျိုး
အနုပညာပစ္စည်းလက်ရာတွေက
ဖျားခါအောင် ကောင်းလှပါရဲ့။
(Crete)ကျွန်းက မီနိုဝန်ယဉ်
လက်ရာတွေကလည်း ခေတ်ရှေ့
တယ်လို့ ပြောရမှာပါ။

သီရာလက်ရာတွေ ဖြစ်
အဆောက်အဦတွေမှာ ပန်းပုလက်
နဲ့ မွမ်းမံထားတာတွေကို အထူး
သိမ်းထားခဲ့ရုံမက တချို့ ဆဲန်
ကျွန်းကို ပြန်ပို့ခဲ့ပြီး အများကို
အေသင်မြို့က ပြတိုက်အသစ်မှာ
ထားပါပြီ။


**DELPHI**

ဒဲလ်ဖီ (Delphi)ခေါ်တဲ့ နေ
တော့ ဂရိကျွန်းမှာ အထူး
ရတဲ့ နေရာတစ်ခုပါ။ စကြဝဠာရဲ့




www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ထားခဲ့သလို ဒဲလ်ဖီ ာကာလ်(Oracle)ကလည်း ဗေဒင် မှန်ခဲ့တာလေ။ လွန်ခဲ့တဲ့ တစ်ထောင်ကျော်တုန်းက ဒဲလ်ဖီ ကာလ်ကတော့ ရှေးဟောင်းဂရိ အလွန်အရေးပါတဲ့ နေရာတစ်ခုပါပဲ။ (Apollo)နတ်မင်းရဲ့ ပြောဆိုမှုလို့ ယုံကြည်ခဲ့တာလေ။ လစဉ်ဖွန် နေ့ရောက်တိုင်းမှာ ပရီသီရန် နတ်ထိန်းသည် (Priestess) (သို့မဟုတ်) အသက်ကြီးသူ နတ်ထိန်းတွေဆီကိုသွားပြီး တဲ့ မေးခွန်းတွေ ယူသွားခဲ့ လူတွေက မေးချင်တာတွေကို ည်ကြီးနဲ့ ရက်တွေအကြာကြီး မေးမြန်းလိုတဲ့ မေးခွန်းတွေကို နတ်ထိန်းသည်တွေက ယူထားခဲ့တာ ဂရိပြည်သူပြည်သားတင်မက တိုင်းပြည်က လူတွေကလည်း ရောက်မေးမြန်းခဲ့ကြသတဲ့။

ကမ္ဘာ့ခေါင်းဆောင်တွေကစပြီး သမားအဆုံး အော်ရာကာလ်မှာ ယူ မေးမြန်းဖို့ နှစ်သက်ကြသလို ပူဇော်ဖို့ တိရစ္ဆာန်အမျိုးမျိုး ယူခဲ့ တာတဲ့။ သူတို့မေးခွန်းတွေရဲ့ အဖြေ



Delphi-Charioteer

တွေကို ကျောက်ပြားတွေပေါ်မှာ ကျောက်စာထွင်းထားတာ အခုတိုင် အများအပြား မြင်တွေ့ရဆဲပေါ့။ ဒဲလ်ဖီကတော့ ယနေ့တိုင် ထူးဆန်းလျှို့ဝှက်မှုတွေကို ရင်ခွင်ပိုက်ထားဆဲပါ။ ဒဲလ်ဖီက ကျောက်တောင်စောင်းမှာရှိပြီး ပါနာဆပ်စ်(Parnassus)တောင်ထိပ်ကို မျက်နှာချင်းဆိုင်ထားတဲ့အတွက် အကွက်အကွင်း ကောင်းလှတာပါ။ ဒဲလ်ဖီကို နတ်ဘုရားအားလုံးရဲ့ နတ်ဘုရင်(သိကြားမင်းနဲ့များနှိုင်းလို့ရလေမလား) ဇီရပ်စ်(Zeus)က ဖန်ဆင်းပေးခဲ့တာတဲ့။ စကြဝဠာဗဟိုချက်ရဲ့ ဘူမိနက်သန်ဆိုပြီး သတ်မှတ်ခဲ့တာလေ။ Omphalos ခေါ်တဲ့ ကျောက်တုံးကလည်း ဒဲလ်ဖီမှာရှိဆဲပေါ့။ ရှေးဟောင်း အယူအဆအရ အဲဒီကျောက်တုံးနေရာက ကမ္ဘာကြီးရဲ့ ချက်(ဗဟို)လို့ သတ်မှတ်ခဲ့တာလေ။ အဲဒီကျောက်တုံးရှေ့မှာ နတ်ထိန်းသည်က ထိုင်ပြီး လူတွေဆီက မေးခွန်းတွေကို လက်ခံခဲ့တာပါ။

ဒဲလ်ဖီတောင်စောင်းပေါ်ကို ကျွန်မတက်ခဲ့ရစဉ်က အတော်လေး မောခဲ့ပါရဲ့။ ဒိုရစ်(Doric)တိုင်လုံးတွေနဲ့ ဆောက်ထားတဲ့ အပိုလိုနတ်ဘုရားကျောင်း(ပြိုနေပြီး)ကို တွေ့ခဲ့ရသလို လေးရာစုကတည်ခဲ့တဲ့ ဇာတ်ရုံကလည်း ကောင်းမွန်စွာ ထိန်းသိမ်းထားဆဲပါ။ လေးနှစ်တစ်ကြိမ် နာမည်ကြီး ပိုင်သီယမ်ပွဲတော် (Pythian Festival)ကို ကျင်းပဆဲပါပဲ။ အဲဒီနေရာကနေ ဆက်ပြီး တောင်ပေါ်ကို တက်သွားခဲ့ရင် လမ်းသွယ်လေးက အားကစားကွင်းဆီ ခေါ်ဆောင်သွားပါတယ်။ ဂရိပြည်မှာ အကောင်းဆုံး ထိန်းသိမ်းထားတဲ့ ရှေးဟောင်းအားကစားကွင်းတစ်ခုဖြစ်သတဲ့။

ဒဲလ်ဖီရောက်ရင် အလွန်သွားသင့်တဲ့ နေရာကတော့ ဒဲလ်ဖီရှေးဟောင်းအနုပညာပြတိုက်ပါပဲ။ သိပ်မကြီးလှပေမဲ့ ကျွန်မအတွက်တော့ ကြည့်စရာတွေ အလွန်များလှတာပါ။ ဒဲလ်ဖီရဲ့ ရွှေရောင်ကာလက ရှေးဟောင်းပစ္စည်းတွေ တော်တော်များများ ပြသထားပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကြေးနဲ့ပြုလုပ်ထားတဲ့ နှစ်ဘီးတပ် စစ်ရထားမောင်းသူရဲ့ မူရင်းအရွယ်အစားအတိုင်း ရုပ်တုကတော့ အသက်ဝင်လှပါတယ်။ ပိုင်သီရမ်ကစားပွဲတွေကို ရှေးခေတ်အမိုးဖွင့် ဇာတ်ရုံတွေ၊ အားကစားကွင်းတွေမှာ နှစ်ဘီးတပ် စစ်ရထားတွေနဲ့ ပြိုင်တာတွေ အလွန်ခေတ်စားခဲ့တာကို မှန်းမြော် တွေးနိုင်ခဲ့ပါရဲ့။

**EPIDAURUS**

ပီလိုပွန်နိစ်ဒေသမှာရှိတဲ့ အက်ပီဒေါရပ်စ်(Epidaurus)မှာရှိတဲ့ ဂရိရှေးဟောင်း အမိုးဖွင့်ဇာတ်ရုံကတော့ ပြိုင်စံရှားအောင် နည်းပညာအရရော၊ အကျယ်အဝန်းရော ထူးခြားပြီး ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ဆဲပါ။

အဲဒီရှေးဟောင်း အမိုးဖွင့်ဇာတ်ရုံကို BC လေးရာစုကတည်းက တည်ခဲ့ပေမဲ့ အသံပိုင်းဆိုင်ရာ ကောင်းမွန်မှုကို ယခုခေတ် အသံပိုင်းဆိုင်ရာ ပညာရှင်တွေကို အံ့ဩမှုတွေ ပေးနိုင်စွမ်းရှိဆဲပေါ့။ ကျောက်နဲ့ဆောက်ထားတဲ့ ခုံတန်းတွေကလည်း အချိုးအကျ ကောင်းမွန်ပြီး၊ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်မှုကလည်း လူတွေကို အံ့ဩစေနိုင်ဆဲပါပဲ။ လွန်ခဲ့တဲ့ ရာစုနှစ်မှာ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပေမဲ့ သိပ်ပြီး ပြုပြင်မှုတွေ မလုပ်ခဲ့ရသလို မူရင်းဇာတ်ရုံနဲ့ ခုံတန်းတွေက မြေကြီးအောက်မှာ ဖုံးခဲ့ပေမဲ့ မပျက်စီးသွားခဲ့ပါဘူး။ မူရင်းခုံတန်းက ငါးဆယ့်လေးဆင့်ရှိပြီး လူပေါင်းတစ်သောင်းလေးထောင် တစ်ပြိုင်နက် ထိုင်နိုင်သလို VIP လို့ခေါ်တဲ့ အရေးကြီး ပုဂ္ဂိုလ်များထိုင်ဖို့ အရှေ့ဆုံးခုံတန်းတွေကို အနီရောင်တွေနဲ့ မှတ်သားထားတာ တွေ့နိုင်ဆဲပေါ့။

ဘီစီလေးရာစုက တည်ဆောက်ခဲ့တယ်ဆိုပေမဲ့ အင်ဂျင်နီယာပညာမှာ လုံးဝတိကျမှုရှိသလို သဘာဝတောင်တန်းတွေ နောက်ခံထားတာမို့ အနုပညာမျက်စိနဲ့ကြည့်ရင်လည်း အလွန်လှပတာပါ။ ယခုတိုင် ရှေးဟောင်းဒရာမာ ပွဲတော်ကို အက်ပီဒေါရပ်စ် ဇာတ်ရုံမှာ ကျင်းပဆဲပေါ့။ အော်ပရာဘုရင်မလို့ ခေါ်နိုင်တဲ့ မာရီယာကာလတ်စ်(Callas) ကတော့ သူ့ရဲ့ အော်ပရာဇာတ်ကြီး ဖြေဖျော်ရာမှာ သူမရဲ့ အနှစ်သက်ဆုံးနေရာလို့ ပြောခဲ့ပါရဲ့။ အော်ပရာဇာတ်ကြီးတွေကို ထိုင်ကြည့်တဲ့အခါ ဘာသာစကားကို နားမလည်ရင်တောင်မှ အသံနဲ့ သရုပ်ဆောင်မှုတွေကြောင့် ပဉ္စလက်ဆန်တဲ့ ပွဲတစ်ခုကို ကြည့်နေရသလို ခံစားကြရသတဲ့။

ကျွန်မ အက်ပီဒေါရပ်စ် ရောက်ခဲ့စဉ်က ဇာတ်ခုံရဲ့အလယ်ဗဟိုမှာ စက်ဝိုင်းပုံ မှတ်ထားတဲ့ နေရာမှာရပ်ပြီး အသံပြုခဲ့ဖူးပါတယ်။ အသံက ဇာတ်ရုံကြီးတစ်ခုလုံးကို လိုဏ်သံပေါက်ခဲ့တာကိုး။ ဒါကြောင့် ရှေးခေတ်က မိုက်ခရိုဖုန်းခေါ်တဲ့ အသံချဲ့စက်မရှိဘဲ လူတစ်သောင်းလေးထောင်ကြားနိုင်အောင် ဆိုနိုင်ခဲ့တာလေ။ တချို့ တိုးရစ်တွေက အဲဒီနေရာမှာရပ်ပြီး သီချင်းတစ်ပိုင်းတစ်စဆိုတာလည်း ကြုံခဲ့ရပါရဲ့။

အက်ပီဒေါရပ်စ်ဇာတ်ရုံဘေးမှာ အာစ်ခ်လီပီအိုစ်(Asklepios)ခေါ်တဲ့ ဂရိနတ်ဘုရားရဲ့ ရှေးဟောင်းနေရာလည်း ရှိပါသေးတယ်။ ရှေးခေတ်တုန်းက ဒီနေရာက မကျန်းမာတဲ့ လူနာတွေ ဆေးကုရာနေရာပေါ့။ ဂရိပြည်တွင်းမက ပြည်ပကပါ လာရောက်ကုသကြသတဲ့။ ကုသရာမှာ လေ့ကျင့်ခန်းယူတာ၊ စိတ်ကို ဖြေလျှော့တာ၊ ရေပူရေနွေးစိမ်တာ၊ အတွေးအခေါ်ကောင်းတွေ နားထောင်တာတွေနဲ့ ကုသခဲ့တာတဲ့။ ဒီလိုကုသမှုမျိုးတွေ ယခုအခါမှာတော့ SPA မှာ ကုသပေးတာ ခေတ်စားနေပါပြီ။ သဘာဝကုထုံးကိုကုရင် ဇာတ်ရုံကြီးမှာလည်း ပွဲကြည့်နိုင်ကြတာမို့ စိတ်ရောကိုယ်ပါ ကုသပေးခဲ့မှာ မလွဲပါဘူး။

**MONEMVASSIA**

မိုနမ်ဗာဆီယားကိုတော့ ဂရိမွန်ဆဲန်မီရှယ်လို့ တင်စားခေါ်လေ့ရှိပါတယ်(မွန်ဆဲန်မီရှယ်ကတော့ ပြင်သစ်ပြည် နော်မဲန်ဒီအရပ်က အံ့ဩဖွယ်ကောင်းတဲ့ တောင်ကြီးပေါ့)။ တောင်ပိုင်းပီလိုပွန်နီရှန်းကမ်းရိုးတန်းနားမှာရှိတဲ့ ကျောက်တစ်


Delphi - Temple Aplio



Delphi-Oracle


Hydra Island




www.burmeseclassic.com

www.burmeseclassic.com



လုံးနဲ့ ကျွန်းတစ်ခုလို ဖြစ်နေတာလေ။ ဥရောပအလယ်ခေတ်ကအတိုင်း မြို့ငယ်လေးဖြစ်နေဆဲပါ။ ရှေးခေတ်တုန်းက ဂျီဘရောလ်တာ (Gibraltar) ရေလက်ကြားလိုပဲ ဥရောပအလယ်ခေတ်က ဥရောပအနောက်ပိုင်းဒေသနဲ့ Levant လို့ခေါ်တဲ့ မယ်ဒီတယ်ရေနီယမ်း အရှေ့ပိုင်းကို ဆက်သွယ်တဲ့ သင်္ဘောတွေကို အခွန်အကောက်ယူပြီး ဖြတ်သန်းခွင့်ကို ချုပ်ကိုင်ခဲ့ပါတယ်။

ခံတပ်နဲ့တူတဲ့ မိုနမ်ဗာဆီယာကျွန်းမြို့လေးကို တံတိုင်းနဲ့ပတ်ပတ်လည်ကာထား၊ အိမ်တွေ၊ ဘိုင်ဇန်တိုင်းဘုရားကျောင်းတွေမှာ လူတွေရှိနေဆဲပါပဲ။ ပင်မနယ်မြေရဲ့မြို့ ဂျီဖာရာ (Gefyra)နဲ့တော့ မြေလမ်းခပ်ကျဉ်းကျဉ်းနဲ့ ရှည်လျားစွာ ဆက်သွယ်ထားတာပါ။ ချမ်းသာတဲ့ ဂရိလူမျိုးတွေက မိုနမ်ဗာဆီယာမြို့လေးက အိမ်အို အိမ်ဟောင်းတွေကို ပြင်ဆင်ပြီး အပန်းဖြေအိမ်တွေအဖြစ် ပြောင်းလဲနေထိုင်နေကြပါပြီ။ မြို့လေးက တိတ်ဆိတ်လွန်းပြီး တချို့လမ်းကျဉ်းလေးမှာ လူနှစ်ယောက် မျက်နှာချင်းဆိုင်ဆုံရင် ရှောင်ရခက်အောင် ကျဉ်းသတဲ့။ သုံးရာစုနှစ်က အဆောက်အဦဟောင်းတွေကို ဟိုတယ်မာလ်ဗာဆီယာ


Monemvasia Church





www.burmeseclassic.com

www.burmeseclassic.com



Epidaurus Theater



Monemvassia

(Malvasia)အဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ပါတယ်။ ကျောက်တစ်လုံးကျွန်းလို့ တင်စားထားတဲ့ မိုနမ်ဗာဆီယာမြို့လေးကို ရောက်ရင် နေနိုင်တာလေ၊ အခန်းတိုင်းမှာ ရှေးဟောင်းပစ္စည်းတွေနဲ့ မွမ်းမံထားပြီး အချို့အခန်းတွေမှာ မီးလင်းဖိုရှိပြီး အချို့အခန်းတွေက ပင်လယ်ကို မျက်နှာမူ ထားတာတဲ့။

**MOUNT ATHOS**

ခရစ်ယန်အော်သိုဒေါ့ဇ် (Orthodox)ရဲ့ အမြုတေနေရာလို့ ပြောနိုင်တဲ့ အေသိုစ်တောင်ကတော့ ဂရိပြည်မြောက်ပိုင်းမှာရှိပါတယ်။ ၁၄၅၃ ခုနှစ်မှာ ကွန်စတဲန်တီနိုပဲလ်မြို့ ပျက်ကတည်းက ဘိုင်ဇဲန်တိုင်းအင်ပါယာ ပြီး ဆုံးသွားခဲ့ချိန်မှာ ကွန်စတဲန်တီနိုပဲလ်မြို့က အော်သိုဒေါ့ဇ် ဘုန်းတော်ကြီးတွေ အေသိုစ်တောင်ပေါ်ကို ပြေးပြီး ခိုလှုံခဲ့တာပါ။

အေသိုစ်တောင်နဲ့ဝန်းကျင် သာသနာ့နယ်မြေက တစ်ရာ့လေးဆယ်စတုရန်းမိုင်ကျယ်ဝန်းခဲ့တာ ၁၁ ရာစုကတည်းကပါ။ အဲဒီနေရာကို မိန်းမတွေ၊ တိရစ္ဆာန်အမမျိုးတွေကို လုံးဝခြေချခွင့်မပြုခဲ့ပါဘူး။ အဲဒီနေရာ သွားခွင့်ရတဲ့ ယောကျ်ားတွေမှာတောင် အနှစ်ငါးရာနောက်ပြန်ရောက်သွားသလို ခံစားရတာတဲ့။ ဘုန်းတော်ကြီးကျောင်း လေးဆယ်ကျော်မှာ ဘုန်းတော်ကြီး လေးသောင်းလောက် နေထိုင်ခဲ့ကြပေမဲ့ အခုအခါမှာ ဘုန်းတော်ကြီးကျောင်း နှစ်ဆယ်ကျော်လောက်ပဲ ကျန်တော့တာပါ။ ဘုန်းတော်ကြီးကျောင်းတွေက ခံတပ်ရဲတိုက်ကြီးတွေလို ဆောက်ခဲ့တာ၊ ပင်လယ်ဓားပြတွေ၊ ခရစ်ယာန်ခရူးဆိတ်စစ်ပွဲမှာ ပါဝင်သူတွေနဲ့ အော်တိုမန်တူရကီတွေရဲ့ရန်ကို ရှောင်တဲ့အနေနဲ့ပေါ့။

ဘုန်းတော်ကြီး အပါးနှစ်ထောင်လောက်က လွန်ခဲ့တဲ့ အနှစ်တစ်ထောင်လောက်က ရိုးရာဓလေ့အတိုင်း ဘာသာရေးစာတွေ သင်ကြားရင်း ဝတ်ပြုဆဲပါပဲ။ တန်ဖိုးမဖြတ်နိုင်တဲ့ ဘာသာရေးစာပေတွေ၊ ပန်းချီတွေ၊ ဓာတ်တော်မွေတော်တွေ၊ ယေရှုသခင်ရဲ့ ရုပ်ပုံတော်တွေကို နှစ်ပေါင်းများစွာ ထိန်းသိမ်းထားဆဲပါ။ အေသိုစ်တောင်ပေါ်ကို သွားရောက်ခဲ့ သူတွေကို ဘုန်းတော်ကြီးတွေက သက်သတ်လွတ်ထမင်း ကျွေးလေ့ရှိပေမဲ့ လူတွေကို အကန့်အသတ်နဲ့သာ လက်ခံသတဲ့။ တစ်ရက်ကို နိုင်ငံခြားသား(အမျိုးသားများသာ) ဆယ်ဦးသာ လက်ခံပြီး ဘုန်းတော်ကြီးကျောင်းမှာ တစ်ညသာ တည်းခိုခွင့် ပြုတာပါ။ ဘုန်းတော်ကြီးကျောင်း သွားရာလမ်းကလည်း တောလမ်းဖြစ်ပြီး တိရစ္ဆာန်ရန်တွေလည်းရှိသတဲ့။

**HYDRA**

ဟိုင်ဒြာကျွန်းကတော့ ဆာရိုနစ်ပင်လယ်အော်က ကျွန်းတွေထဲက တစ်ခု

National Archaeological Museum - Athens





ပေါ့။ သဘော်ဆိပ်က လခြမ်းပုံ
အနောက်ဘက်မှာ ကျောက်တော
နဲ့ပါ။ အဲဒီကျွန်းမှာ စက်နဲ့လုပ်
ဘယ်ယာဉ်ရထားမှ သွားလာခွင့်
ဘူး။ မော်တော်ဆိုင်ကယ်
တောင် သွားခွင့်မပြုတာလေ။


www.burmeseclassic.com

www.burmeseclassic.com




Mount Athos




Mask Of Agamemnon

...လှည်းကို သယ်ယူပို့ဆောင်ရေး ...တွက် အသုံးပြုဆဲပါ။ တစ်ချိန်က ...ပညာရှင်တွေ၊ စာရေးဆရာတွေနဲ့ ...သာသူတွေ ခြေချင်းလိမ်သွားခဲ့တဲ့ ...ကတော့ ယနေ့တိုင် စတိုင်ထွားတဲ့ ...အဖြစ် နာမည်ကြီးဆဲပါ။

၁၈၆၀ ခုနှစ်က စက်ရုံကို ဘရတ်ဆီရာ(Bratsera)ဟိုတယ်အဖြစ် ပြောင်းလဲခဲ့တာ ခမ်းနားလှတယ်။ အထူးသဖြင့် ဟိုင်ဒြာရဲ့သမိုင်းတွေ၊ ကြွယ်ဝတဲ့ ကျောက်ဆစ်လက်ရာတွေ၊ သစ်သားရက်မကြီးတွေ ပြင်ဆင်ထားတာလေ။ ဟိုင်ဒြာဆိုတဲ့ အဓိပ္ပာယ်က 'ရေ'ဆိုပေမဲ့ တစ်ကျွန်းလုံးမှာ ဘရတ်ဆီရာဟိုတယ်မှာပဲ ရေကူးကန်တစ်ခုတည်းရှိတာပါ။

**THE MONASTERIES OF THE METEORA**

ကျောက်တောင်တောလို့ တင်စားနိုင်တဲ့ မီတီယိုရာ(Meteora)ကတော့ သီစ်ဆဲလီ(Thessaly)ဒေသမှာရှိပါတယ်။ ပီနီယပ်စ်(Peneus)တောင်ကြားမှာတော့ ကျောက်တောင်တွေက မိုးပေါ်ကိုထောင်တက်နေတာ ပေတစ်ထောင်အထက်မှာပါ။ တောင်တွေကလည်း သီးခြားတောင်တွေဖြစ်ပြီး ကတော့ပုံ၊ လုံးချွန်ပုံနဲ့ ဆူးငြောင့်ပုံတွေဖြစ်နေတာကတော့ နှစ်ခဲ့တဲ့ နှစ်ပေါင်းသန်းသုံးဆယ်က ရေအောက်မှာ ရုပ်လုံးဖော်ခဲ့တာပါ။ မီတီယိုနာဆိုတဲ့ အဓိပ္ပာယ်ကတော့ 'လေထဲမှာ'တဲ့။ သီးခြားတောင်ချွန်တွေ ခြောက်ဆယ်လောက် ထိုးထွက်နေပုံက မီးခိုးခေါင်းတိုင်တွေ အိမ်ခေါင်မိုးပေါ်က ထွက်နေသလိုပါပဲတဲ့။ ဆယ်ရာစုကတည်းက ဘုန်းတော်ကြီးတွေ စတင်နေထိုင်ခဲ့တာ ၁၆ ရာစုမှာတော့ ဘုန်းတော်ကြီးကျောင်း နှစ်ဆယ့်လေးခု တည်ဆောက်နိုင်ခဲ့ပါတယ်။ ဘုန်းတော်ကြီးကျောင်းလေးကျောင်းကိုတော့ ပြတိုက်လို တိုးရစ်တွေကို ဝင်ထွက်ခွင့် ပြုထားတာပါ။

ကျွန်မ မီတီယိုရာက ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းကို ရောက်ခဲ့ဖူးပါတယ်။ ဂရိပြည်ကို ကျွန်မသွားဖို့ စီစဉ်ခဲ့တုန်းက မီတီယိုရာမပါတဲ့ ခရီးစဉ်တွေများလို့ အတော်ကြာကြာ အချိန်ယူပြီး ရွေးချယ်ခဲ့ရတာပါ။ အမြင့်ဆုံးဘုန်းတော်ကြီးကျောင်းကတော့ ပေ ၁၃၆၀ အမြင့်မှာရှိပြီး ၁၄ ရာစုကတည်ခဲ့တာပါ။ အဲဒီဘုန်းတော်ကြီးကျောင်း ကျွန်မရောက်ခဲ့ချိန်မှာ အံ့ဩလို့ မဆုံးတော့ပါဘူး။ ဘာသာရေးဆိုင်ရာ ပန်းချီကားတွေကို ဘုန်းတော်ကြီးတွေ ကဆွဲပြီး ရောင်းနေတာလေ။ ၁၉၂၀ ခုနှစ်တွေအထိ အဲဒီတောင်ပေါ်ကို ကြိုးလှေကားတွေ၊ လူထည့်ပြီး ဆွဲတင်တဲ့ ခြင်းတွေနဲ့ တက်ခဲ့ကြရတာပါ။


အခုအချိန်မှာ စွန့်စွန့်စားစား တောင်တက်သမားတွေကလည်း မီတီယိုရာတောင်တွေကို တက်နေပုံကို အဝေးက မြင်ခဲ့ရတဲ့အခါ ယင်ကောင်တွေ တိုင်ပေါ်မှာ နားနေသလိုပါပဲ။

**မုဒိတာတရားပွားများကြပါစေ။**

■

**မေတ္တာဦး**

www.burmeseclassic.com



Who's Afraid of Virginia Wolf ? ဇာတ်ကား
လစ်ဇ်တေလာနဲ့ ရစ်ချတ်ဘာတန်တို့ရဲ့ သရုပ်ဆောင်

ယခင်လမှအဆက်…
အခန်း(၆)
အဲလစ်ဇဘက်တေလာကို
ကြောက်တာ ဘယ်သူလဲ

*ကျွန်တော်က ရှေ့ချပါ။*
**ရစ်ချတ်ဘာတန်**
*ရင်ဆိုင်လိုက်ကြပါစို့။*
*ကျွန်မဘဝရဲ့အစိတ်အပိုင်း*
*တော်တော်များများလည်း*
*သိက္ခာကျကုန်ပါပြီ။*
**အဲလစ်ဇဘက်တေလာ**

Becket ဇာတ်ကားအတွက်
အော်စကာဆန်ခါတင်စာရင်း
ဝင်ခဲ့ပေမဲ့ တတိယအကြိမ်မြောက်
လွဲခဲ့ရပြန်ပါတယ်။ ဘာတန်က
My Cousin Rachel, The Road
ဇာတ်ကားများအတွက်
ဆန်ခါတင်စာရင်းဝင်ခဲ့ပြီး
The Spy Who Came in from the
Cold ဇာတ်ကားအတွက်လည်း
ဆန်ခါတင်စာရင်းဝင်မယ်လို့

# ရမ္မက်ရော

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



Who's Afraid of Virginia Wolf ? ဇာတ်ကားထဲ
ဇာတ်ကောင် မာသာအဖြစ် လစ်ဇ်က သရုပ်ဆောင်ထား
ဘာတန်ကတော့ ဂျော့ချ်အဖြစ် ပါဝင်သရုပ်ဆောင်ထားပါတ

မျှော်လင့်ခဲ့ကြပါတယ်။ ဘရော့ဒ်ဝေး ဇာတ်ခုံပေါ်မှာ Hamlet ပြဇာတ်နဲ့ ပြိုင်ဘက်မရှိ အောင်ပွဲခံပြီးတဲ့နောက်မှာ ဘာတန်က ရုပ်ရှင်ဇာတ်ကားများမှာ သရုပ်ဆောင်မှုအားလျော့လာခြင်းကြောင့် သူ့ဇာတ်ကားများ ဆန်ခါတင်မဝင်နိုင်သလို အော်စကာဆုလည်း ရနိုင်ခြေမရှိပါဘူး။

၁၉၆၅ ခုနှစ်မှာ သူ စွန့်ပစ်ခဲ့တဲ့ ဇနီးဟောင်း စစ်ဘဲလ်က အသက် ၃၆ နှစ်အရွယ်မှာ အသက် ၂၄ နှစ်သာ ရှိသေးတဲ့ ရော့ခ်ဂီတသမား ဂျော်ဒန် ခရစ္စတိုဖာနဲ့ အိမ်ထောင်ပြုလိုက်ပြီလို့ သတင်းကြားလိုက်ရတော့ ဘာတန် စိတ်သက်သာရာရသွားပါတယ်။ သူ့အနေနဲ့ စစ်ဘဲလ်ကို ကိုယ့်လမ်းကိုယ်လျှောက်နိုင်တဲ့ ခွန်အားရှိစေချင်တာ အမှန်ပါပဲ။ ဒါပေမဲ့ နောက်အိမ်ထောင်ပြုလိုက်ပြီဆိုတဲ့သတင်းကြောင့် သူ့အတွက်ကို ထိခိုက်တယ်လို့တော့လည်း တစ်နည်းအားဖြင့် ခံစားရပါတယ်။ သူ့နေရာမှာ အသက် ၂၄ နှစ်သာရှိသေးတဲ့ ရော့ခ်ဂီတသမားတစ်ယောက်ကို အစားထိုးနိုင်ခြင်းက သူ့အတွက် စိတ်မသက်မသာဖြစ်စေခြင်းပါပဲ။ ဘာတန်ရဲ့စိတ်အစွဲတစ်ခုရှိတာက ဝေလပြည်နယ်သားတွေဟာ တစ်ကမ္ဘာလုံးမှာ ထူးချွန်အပြောင်မြောက်ဆုံးဖြစ်တယ်ဆိုတဲ့ အစွဲပါပဲ။ အထူးသဖြင့် ဝေလပြည်နယ်သားတို့ဟာ လူလတ်ပိုင်းမှာ ပိုပြီးထူးချွန်ကြတယ်လို့ ဆိုပါတယ်။ သူကလည်း မကြာခင်မှာ အသက် ၄၀ ပြည့်တော့မှာဖြစ်ပါတယ်။ ငယ်ရွယ်နုပျိုစဉ်က ပျိုမျစ်တဲ့သူ့အလှနေရာမှာ ရင့်ကျက်လာတဲ့ ယောကျာ်းတစ်ယောက်ရဲ့ရုပ်အဆင်းအင်္ဂါက ပေါ်လွင်လာပါပြီ။ တစ်ခါတလေမှာ သူ့ရုပ်ကို သူကြည့်ပြီး ထိတ်လန့်တုန်လှုပ်မိတာတွေလည်း ရှိပါတယ်။

စစ်ဘဲလ်ကတော့ ဘဝသစ်တစ်ခုကို စခဲ့ပါပြီ။ နယူးယောက်မြို့ မဟတ္တန်ရပ်ကွက်မှာ အာသာလို့ အမည်ပေး
တဲ့ ညကလပ်တစ်ခု ဖွင့်ခဲ့ပါတယ်။
ကလပ်မှာ ခင်ပွန်းသည်ဖြစ်သူ ဂျေ
ခရစ္စတိုဖာရဲ့တီးဝိုင်းက အဲဒီကာလ
က အောင်မြင်ကျော်ကြားနေတဲ့
Wild Ones အဖွဲ့နဲ့အပြိုင်ပါပဲ။ ၁၉
ခုနှစ်များအတွင်းမှာ အာသာနိုက်က
ဟာ အအောင်မြင်ဆုံးဒစ္စကိုကလပ်
အဖြစ် ထင်ရှားခဲ့ပါတယ်။ အနုပညာ
ကြီး အင်ဒီဝါးဟိုးလ်က ဒီကလ
'မှောင်နေတဲ့အလင်း'လို့ တင်စား
တယ်။ 'ကလပ်ပိုင်ရှင်ဖြစ်တဲ့ စစ်
ဘာတန်ခရစ္စတိုဖာဟာ အရင်ပုံစံနဲ့
တော့ဘဲ ခပ်ပျော်ပျော်နေတတ်တဲ့
တစ်ဦးဖြစ်လာခဲ့ပါပြီ။ အမေရိကန်
ထောင်စုမှာ ဖွင့်ထားပေမဲ့ ဒီက
အငွေ့အသက်က အင်္ဂလိပ်ဆန်ပါ
ဒါကြောင့်လည်း ပျော်ချင်သူလူတို့
အာသာကို သွားကြပါတယ်။ ဒီ
မှာ ဆိုဖီယာလောရင်း၊ ဘက်



www.burmeseclassic.com

www.burmeseclassic.com

...ရှိတဲ့ နာမည်ကြီး မင်းသမီးတွေကို ...တော် တွေ့ခဲ့ရဖူးတယ်။ လစ်ဇ် ...က လွဲရင်ပေါ့ လို့ ဝါးဟိုးလ်က ...တယ်။ တကယ်တော့ ဝါးဟိုးလ် ... အရင်တုန်းကတည်းက လစ်ဇ်ကို ...နှစ်သက်ခဲ့သူဖြစ်ပြီး ကလေး ...တည်းက လစ်ဇ်ပုံပါတဲ့ရုပ်ရှင် ...များကို အိပ်ရာထဲအထိ ယူဖတ် ...ပါ။ လစ်ဇ်ဆီကို ဝါးဟိုးလ်က ...ကစာတွေ ရေးခဲ့ဖူးသလို ပိုးဇာပုံ ...လုပ်ငန်း တီထွင်နိုင်ချိန်မှာ အယ်ဒီ ...နဲ့ လစ်ဇ်တေလာတို့ ကွာရှင်း ...သတင်းဖော်ပြထားတဲ့ သတင်း ... ဒီဇိုင်းအဖြစ် ပြုလုပ်ပြီး ပိုးထည် ...ရိုက်နှိပ်ခဲ့ဖူးပါတယ်။ ဒီပိုးထည် ... လစ်ဇ်ရဲ့အသည်းစွဲပိုးထည်စဖြစ်ခဲ့ ...တယ်။

...ဘဲလ်က ဘာတန် စွန့်ပစ်တာ ...ကိုက်ရချိန်မှာ အကြီးအကျယ်အရှက် ...ပါတယ်။ ဒါပေမဲ့ သူ့ဘဝကို ရှင် ...အောင် ကြိုးစားပြီး မဟတ္တန်သို့ ...ရွှေနေထိုင်ကာ အိမ်ထောင်တစ်ခု ...ထူထောင်လိုက်ခြင်းပါ။ စစ် ...ကို ဘာတန်ရဲ့မိတ်ဆွေရင်းချာ ...က အားပေးကူညီကြပါတယ်။ ...အားဖြင့် ရောဘတ်ဟာဒီ၊ ...ဝီလျံ၊ ဖီလစ်ဘာတန်၊ ရုပ်ဟယ် ... ဒါ့ခ်ဘိုဂတ်၊ လော့ဒ်စနိုးဒေါင်း၊ ...ကမင်းသမီးတို့ပါဝင်တဲ့အပြင် ...ငယ်သူငယ်ချင်းဖြစ်တဲ့ ရောဒီ ...ဒေါဝဲလ်တို့ ပါဝင်ပါတယ်။ စစ် ... ပြောင်းပြန်ဖြစ်သွားတာကတော့ ...ပါပဲ။ သူက မိတ်ဆွေအပေါင်း ...များနဲ့ တဖြည်းဖြည်း အလှမ်း ...ပါတယ်။ မိတ်ဆွေတွေကို ...အလိုကျ အဆက်အသွယ်ဖြတ်တဲ့ ... တဖြည်းဖြည်းအလှမ်းကွာဝေး ...ပါတယ်။ အင်မတန်ရင်းနှီးတဲ့ရော ...ဟာဒီက The Spy Who Came ... the Cold ဇာတ်ကားရိုက်ပြီး ...ပိုင်းမှာ ဘာတန်နဲ့ အဆက် ...ယ်မရတော့ဘူးလို့ ဆိုတယ်။ သူ ...မက်ဆေ့ချ်တွေကလည်း ဘာတန်ဆီကို ရောက်ပုံမရတော့ဘူးလို့ ပြောဖူးပါတယ်။ တဖြည်းဖြည်းနဲ့ မိတ်ဆွေများနဲ့ အလှမ်းကွာလာတဲ့ဘာတန်ရဲ့ ဘဝက အထီးကျန်လာပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ရောဘတ်ဟာဒီက 'တကယ်စဉ်းစားကြည့်မယ်ဆိုရင် ဘာတန်ရဲ့အခြေအနေက အင်မတန်ကြောက်စရာကောင်းတဲ့အခြေအနေကို ရောက်နေပါပြီ။ လစ်ဇ်ကို ချစ်လွန်းလို့ ကျန်တဲ့အသိုင်းအဝိုင်းကို သူ အဆက်အသွယ်ဖြတ်သွားခဲ့တာပဲ' လို့ ဆိုတယ်။

ဘာတန်ရဲ့အခြေအနေက တဖြည်းဖြည်းနဲ့ သူငယ်ချင်းတွေနဲ့ ဝေးသထက်ဝေးရာကို စီးမျောပါသွားနေတယ်။ သူ လန်ဒန်ကို ရောက်လာရင်တော့ ကျွန်တော့်ကို ဖုန်းဆက်တတ်တယ်။ ပြီးတော့ 'ဒေါ်ချက်စတာကို နက်ဖြန် လာခဲ့ပါလား' လို့ ဖိတ်တတ်ပါတယ်။ အဲဒီအခါမျိုးမှာ ကျွန်တော်က 'မင်းတို့


Who's Afraid of Virginia Wolf ? ဇာတ်ကားထဲမှ လစ်ရဲ့သရုပ်ဆောင်မှု


Who's Afraid of Virginia Wolf ?
ဇာတ်ကားထဲမှ လင်နဲ့ မယား



www.burmeseclassic.com

www.burmeseclassic.com

ပါတီက လူ ဘယ်နှယောက်ရှိမှာ လဲ’လို့မေးလိုက်ရင်တော့ ‘ဗုဒ္ဓဟူး နေ့မှာ ပါတီအကြီးကြီးတစ်ခုရှိ တယ်။ ကြာသပတေးနေ့မှာလည်း ရှိတာပဲ။ သောကြာနေ့…၊ အဲ သောကြာနေ့ လာလိုက်ပါလား ကွာ’ဆိုလို့ သွားလိုက်ရင် လူရှင်း

ခဲ့ရပါတယ်။ အခု စစ်ဘဲလ်က အိမ် ထောင်ပြုလိုက်ပြီဆိုတော့ မယားစရိတ် ပေးစရာ မလိုတော့ပါဘူး။ အဲဒါကိုပဲ ဘာတန်က အကျေနပ်ကြီး ကျေနပ်နေ ပါတယ်။ သူ့မှာ ယောကျ်ားမာနဆိုတာ မရှိတော့သလိုပါပဲ။ နောက်အိမ်ထောင် ပြုလိုက်တဲ့အတွက် သူ အင်မတန်ချစ်

အရွယ်ရှိပြီဖြစ်တဲ့ လစ်ဇ်က မယုံနိုင်စ ကောင်းလောက်အောင် လှနေဆဲပါ ဒါပေမဲ့ သူ့ခန္ဓာကိုယ်အချိုးအစား တစ်ခါတလေမှာ မယုံနိုင်စရာကော လောက်အောင် ဝဖြိုးလာတတ်ပြီး ချင်ရင်လည်း ပြန်ကျသွားတတ်ပါတ အရပ်က ၅ ပေ ၂ လက်မသာရှိ



Who's Afraid of Virginia Wolf ? ဇာတ်ကား
ဇာတ်ညွှန်းဖတ်ပြီးစမှာ လစ်ဇ်ကိုယ်တိုင်
အရာရာစိတ်တိုင်းမကျဖြစ်နေသော၊ လင်ကို ငြူစူနေသော
အရာရာကိုအေးနိုင်ဖို့ အရက်ကိုအဖော်ပြုနေသော ဇာတ်ကောင်ဖြ
ဗာသာနေရာမှာ သူသရုပ်ဆောင်ဖို့ ဝန်လေးခဲ့ပါသေးတ

သလား မအောက်မေ့နဲ့။ အနည်း ဆုံး လူ ၁၅၀ လောက်တော့ ရှိတာပဲ။ အဲဒီမှာ အရက်ဆိုတာက လည်း ရေစီးသလို မယုံနိုင် လောက်အောင် ပေါပေါများများ ကို တိုက်တာ။

လို့ သူ့မှတ်တမ်းတစ်ခုမှာ ဖော်ပြခဲ့ပါ တယ်။

စစ်ဘဲလ်အိမ်ထောင်မပြုခင်က ဘာတန်အနေနဲ့ မယားစရိတ် ထောက်ပံ့

တဲ့ သမီး ကိတ်နဲ့ အချိန်ပိုပြီးကြာကြာ အတူနေနိုင်တော့မယ်လို့ တွေးပြီးကျေ နပ်မိတယ်။ သမီး ဂျက်ဆီကာကတော့ Long Island မှာ ရှိတဲ့ ပြုစုစောင့်ရှောက် ရေးစခန်းတစ်ခုမှာ ပို့ထားရတာဖြစ်ပြီး မိဘနှစ်ပါးကတော့ ဒီသမီးဆီကို ရောက် ခဲလှပါတယ်။ ဒါနဲ့ပတ်သက်လို့ ဘာ တန်က သူ တာဝန်မကျေဘူးဆိုပြီး ခံ စားရတာတော့ ရှိပါတယ်။

၁၉၆၅ ခုနှစ်မှာ အသက် ၃၂ နှစ်

ခြေတံတိုကာ ရင်သားခပ်ထွားထွ ဖြစ်တာကြောင့် ဝဖြိုးလာရင် ကြ မကောင်းတော့ပါဘူး။ ဝလာတဲ့အ အဝတ်အစားကလည်း သူနဲ့တော် ရှာရဖွေရခက်လာပါတယ်။ ၁၉၆၀ များမှာ သေးသေးသွယ်သွယ် မင်း ငယ်များ ပေါ်ထွက်လာပြီး လူ များလာပါတယ်။ ဒီမင်းသမီးက တွေက ခြေတံလက်တံရှည်ပြီး ခပ်သေးသေးသာ ဖြစ်ကြပါတ



www.burmeseclassic.com

www.burmeseclassic.com

တွေရဲ့အမြင်အာရုံမှာလည်း ဒီလို
သေးသွယ်သွယ် မိန်းကလေးတွေ
အမိကနေရာယူလာကြတာကြောင့်
Jean Shrimpton, Penelope
အစရှိတဲ့ မင်းသမီးငယ်များဟာ
ဆက် ၁၀ နှစ်ကနေ ၁၅ နှစ်အထိ
တဲ့ မင်းသမီးကလေးတွေ ဖြစ်လာ
ပါတယ်။ ၁၉၆၅ ခုနှစ်ကို ရောက်
တဲ့အချိန်မှာ ၁၉၅၀ ခုနှစ်များက
ကြ ရုပ်ရှင်လောကမှာ နေရာ
ကြတဲ့ လစ်ဇ်တေလာ၊ ဆိုဖီယာ
ရင်း၊ ဒေါရစ္စဒေးတို့ရဲ့နေရာကို
သမီးငယ်များက တိုးဝင်လာကြပါ
John Schlesinger ကရိုက်ကူးခဲ့
Darling ဇာတ်ကားမှ မင်းသမီးက
ဂျူလီခရစ္စတီကို ၁၉၆၃ ခုနှစ်မှာ
ကောဆုရစေခဲ့ပါတယ်။ နောက်
နှစ်မှာ ရစ်ချတ်လက်စတာ ရိုက်ကူး
A Hard Day's Night ရုပ်ရှင်ဇာတ်
ပက်တီဗွိုက် ဦးဆောင်ပြီး ဆယ်
သက်သရုပ်ဆောင်ကလေးများ
ထွက်လာခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်
တော့ ယောက်ျားမလေးတစ်ဦးအဖြစ်
ရုပ်ဆောင်တဲ့ ဂျိန်းဖွန်ဒါက Cat
ဇာတ်ကားနဲ့ အောင်မြင်မှုသရဖူ
ဆောင်းသွားပြန်ပါတယ်။

ရုပ်ရှင်လောကမှာ ပြောင်းလဲမှုက
လွန်းပါတယ်။ ဒီ့မတိုင်ခင် ၂
လောက်မှာ အင်ဒီဝါးဟိုးလ် သတိ
တာကို 'ဘရွတ်ကလင်းက မိန်းက
တွေ ခေတ်ကို ရောက်လာတယ်။
တူသလဲဆိုတော့ သူတို့က ကလီ
ဆရာ ဇာတ်ကားမှာ သရုပ်ဆောင်
လစ်ဇ်တေလာ အငယ်စားကလေး
တူတယ်။ ဆံပင်တွေက အရှည်
ထားပြီး မည်းနက်တောက်ပြောင်နေ
တယ်။ မိတ်ကပ်တွေကလည်း
သုံးခဲ့သလို အီဂျစ်မိတ်ကပ်တွေ
လာကြတယ်' လို့ မှတ်တမ်းတင်ခဲ့
ယ်။ The V.I.Ps ရုပ်ရှင်ဇာတ်ကား
စဉ်က Pierre Cardin ဖက်ရှင်
စားလာခဲ့ပါတယ်။ အဲဒီဖက်ရှင်
လစ်ဇ်က သားမွေးအဖြူရောင်ဦး

ထုပ်ဆောင်းပြခဲ့တဲ့အတွက် ဒီဖက်ရှင် ခေတ်စားလာခြင်းပါ။ ၁၉၆၅ ခုနှစ်ကို ရောက်ချိန်မှာတော့ လစ်ဇ်က ဖက်ရှင်တွေ တီထွင်နိုင်တဲ့အခြေအနေ မရှိတော့ပါဘူး။ ဒါကြောင့် လစ်ဇ်ရဲ့ပရိသတ်တွေက လူငယ်ပရိသတ်မရှိတော့ဘဲ ဟိုတုန်းက ချစ်ခဲ့ကြတဲ့ပရိသတ်များသာ ကျန်ပါတော့တယ်။ သူနဲ့ သက်တူရွယ်တူအမျိုးသမီးများက လစ်ဇ်ကို အားကျနေဆဲဖြစ်ပေမဲ့ လူငယ်ပရိသတ်ကတော့ သူ့ကို အားကျခြင်း မရှိတော့ပါဘူး။ ပရိသတ်အများစုကလည်း


Who's Afraid of Virginia Wolf ? ဇာတ်ကားမှ မာသာနဲ့ ဂျော့ချ်

သူ့ရုပ်ရည်၊ သူ့သရုပ်ဆောင်မှု၊ သူ့ဖက်ရှင်ဆိုတာတွေထက် ဘာတန်နဲ့ သူ့ရဲ့ ဆက်ဆံရေးကိုသာ စိတ်ဝင်စားကြပါတော့တယ်။

မင်းသမီးငယ်တွေနဲ့ ယှဉ်ပြိုင်အနိုင်ရဖို့အတွက် လစ်ဇ်က တိုက်ကွက်ပြောင်းရပါတော့တယ်။ နောက်ထပ်လက်ခံလိုက်တဲ့ ကားတစ်ကားမှာ လူလတ်ပိုင်းအမျိုးသမီးတစ်ယောက်အဖြစ် သရုပ်ဆောင်ရတဲ့ ဒါရိုက်တာ အက်ဒဝပ်အယ်လ်ဘီးရဲ့ Who's Afraid of Virginia Wolf ? ဇာတ်ကားပါပဲ။ ဒီဇာတ်ကားက နယူးအင်္ဂလန်ကောလိပ်မှ ပညာတတ်ဇနီးမောင်နှံအကြောင်းကို ဇာတ်အိမ်ဖွဲ့ထားတာပါ။ ဒီဇာတ်ကားရိုက်ကူးဖို့အတွက် လစ်ဇ်က သူ့ခန္ဓာကိုယ် ကိုယ်အလေးချိန် လျှော့ချခြင်းမပြုတဲ့အပြင်

နောက်ထပ် ၂၅ ပေါင်လောက် တက်အောင် စားပစ်လိုက်ပါတယ်။ အနက်ရောင် ပင်ကိုဆံပင်ပေါ်မှာ ဆားနဲ့ငရုတ်ကောင်း ရောစပ်ထားတဲ့အရောင်မျိုး ဆံပင်တုတစ်ခုကို စွပ်ပြီး သရုပ်ဆောင်လိုက်ပါတယ်။ သူ့သရုပ်ဆောင်မှုနဲ့ ဖန်တီးထားတဲ့ ပုံစံကို Life မဂ္ဂဇင်းကြီးက မျက်နှာဖုံးပုံအဖြစ် ဖော်ပြရတဲ့အထိ အောင်မြင်ခဲ့ပြန်ပါတယ်။ သူ့ဖန်တီးမှုနဲ့ ပတ်သက်ပြီး Life မဂ္ဂဇင်းက မေးမြန်းတဲ့အခါမှာ လစ်ဇ်က သူ့ဘဝမှာ ရုပ်ရှင်မင်းသား ရစ်ချတ်ဘာတန်ရဲ့ဇနီးမယားဖြစ်ရတာကို ကျေနပ်နေပြီဖြစ်တဲ့အတွက် ရုပ်ရှင်မင်းသမီး လစ်ဇ်တေလာ ဆိုတာတောင် မေ့နေပြီလို့ ဆိုခဲ့ပါတယ်။ ဒါပေမဲ့ ရုပ်ရှင်မင်းသမီး လစ်ဇ်တေလာဟာ လစ်ဇ်တေလာပါပဲဆိုတာကို သက်သေပြလိုက်ပါပြီ။

လစ်ဇ်က မျိုးဆက်သစ်ရုပ်ရှင်ပရိသတ်များကို မဆွဲဆောင်နိုင်ဘူး ဆိုဦးတော့ သူ့ကို တစ်သက်လုံး အားပေးလာခဲ့ကြတဲ့ အမျိုးသမီးပရိသတ်တွေကိုတော့ သူ ယုံကြည်တယ်။ ဒီပရိသတ်တွေက Velvet Brown ဆိုတဲ့ဇာတ်ကားကတည်းက အားပေးခဲ့ကြတာဖြစ်ပြီး သူနဲ့အတူ ကြီးပြင်းခဲ့ကြသူတွေလို့ ဆိုနိုင်ပါတယ်။ Who's Afraid of Virginia Wolf ? ဇာတ်ကားရဲ့ဇာတ်ကောင်ဖြစ်တဲ့ မာသာ နေရာမှာ လစ်ဇ် သရုပ်ဆောင်ရ



www.burmeseclassic.com

www.burmeseclassic.com

မှာက အသက် ၄၅ နှစ်အရွယ် သွေးဆုံးတဲ့မိန်းမတစ်ယောက်၊ ဆံပင်တွေဖြူပြီး ကိုယ်အလေးချိန် မတန်တဆများနေတဲ့မိန်းမ၊ နောင်တရစရာတွေအများကြီးရှိတဲ့မိန်းမတစ်ယောက်အဖြစ် သရုပ်ဆောင်ရမှာပါ။ ဒီဇာတ်ကောင်စရိုက်က အသက် ၃၀၊ ၄၀၊ ၅၀ အရွယ် အမျိုးသမီးပရိသတ်များအတွက် တုန်လှုပ်ချောက်ချားသွားစေနိုင်တဲ့ စရိုက်လည်း ဖြစ်ပါတယ်။ သူတို့မြင်နေကျ ချောချောလှလှ လစ်ဇ်ဘဝကနေ အသက်အရွယ်အိုမင်းပြီး ဝဝဖိုင့်ဖိုင့် စိတ်ဓာတ်ကျနေတဲ့ အရက်သမတစ်ယောက်အဖြစ် တွေ့ကြရမှာပါ။ နောင်မှာ လစ်ဇ်ပြန်စဉ်းစားမိတာကတော့ သူ့ကို အားကျနေတဲ့ အမျိုးသမီးထုဟာ သူ့ထက်ရှေ့ကျတဲ့ ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုးကိုလည်း အားကျခဲ့ကြမှာပါပဲ။ ဒါပေမဲ့ မွန်ရိုးက သူ့လို သွေးဆုံးအရွယ်ကို မရောက်ခဲ့ဘဲ စောစောစီးစီးကွယ်လွန်သွားခဲ့တာကိုး။ ၁၉၆၃ ခုနှစ်မှာ မွန်ရိုး ကွယ်လွန်တော့ အသက် ၃၆ နှစ်သာရှိသေးပြီး လှဆဲပဆဲ နုနယ်ပျိုမျစ်ဆဲဖြစ်ပါတယ်။ မွန်ရိုးက သားသမီးမထွန်းကားခဲ့ပါဘူး။ သူ့မှာ တွယ်တာစရာ မိသားစုလည်း ပတ်ဝန်းကျင်မှာ မရှိခဲ့ပါဘူး။ ဒါကြောင့် တစ်ယောက်ယောက်က သူ့ကို ဂရုတစိုက်ရှိတယ်ဆိုရင် အဲဒီသူကို တမ်းတမ်းစွဲဖြစ်ခဲ့တာပါပဲ။ လစ်ဇ်ကတော့ မွန်ရိုးနဲ့ မတူပါဘူး။ သူ့ပရိသတ်တွေက ကလေးသရုပ်ဆောင်ဘဝကတည်းက သိခဲ့ကြတာဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ကျခဲ့တယ်။ အခုတော့ အရွယ်လွန်မိန်းမတစ်ယောက် အိမ်ထောင်ဖက်အပေါ်မှာ စိတ်တိုင်းမကျတဲ့ အမျိုးသမီး၊ သူ့ဘဝမှာ စိတ်တိုင်းမကျလေသမျှကို အရက်သောက်ပြီး ဖောက်ခွဲပစ်နေတဲ့မိန်းမတစ်ယောက်အဖြစ် သရုပ်ဆောင်ရမှာပါ။

အာနက်စ်လေမန်းဆိုတဲ့ပုဂ္ဂိုလ်က ဘရော့ဒ်ဝေးဇာတ်ခုံပေါ်မှာ အောင်မြင်ထင်ရှားတဲ့ ပြဇာတ်များကို ရုပ်ရှင်အဖြစ် ကူးပြောင်းရာမှာ အောင်မြင်တဲ့ ဇာတ်ညွှန်းရေးဆရာဖြစ်ပါတယ်။ ဥပမာ The Sound of Music, West Side Story ရုပ်ရှင်ကားတို့ဟာ သူ့လက်ရာများဖြစ်ပြီး စာရေးဆရာကြီး အဲလ်ဖရက်ဟစ်ချ်ကော့ရဲ့ North by Northwest ဝတ္ထုကို ရုပ်ရှင်အဖြစ် ကူးပြောင်းရာမှာလည်း သူပဲ ဇာတ်ညွှန်းရေးခဲ့တာပါ။ သူ့ဝတ္ထု Sweet Smell of Success ကို ရုပ်ရှင်ရိုက်ရာမှာလည်း သူကိုယ်တိုင် ဇာတ်ညွှန်းရေးခဲ့ပါတယ်။

စစ်ဘဲလ်
အိမ်ထောင်
မပြုခင်က
ဘာတန်အခနေနဲ့
မယားစရိတ်
ထောက်ပံ့ခဲ့ရပါတယ်
အခု စစ်ဘဲလ်က
အိမ်ထောင်ပြုလိုက်ပြီ
ဆိုတော့
မယားစရိတ်
ပေးစရာ
မလိုတော့ပါဘူး
အဲဒါကိုပဲ
ဘာတန်က
အကျေနပ်ကြီး
ကျေနပ်နေပါတယ်
သူ့မှာ
ယောကျ်ားမာနဆိုတာ
မရှိတော့သလိုပါပဲ

လေမန်းက The Sandpiper ဇာတ်ကားမှာ သရုပ်ဆောင်နေတဲ့ လစ်ဇ်ကို ချဉ်းကပ်ပြီး Who's Afraid of Virginia Wolf ? ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်ဖို့ စိတ်ဝင်စားသလားလို့ မေးမြန်းခဲ့ပါတယ်။ ဒီဇာတ်လမ်းက ပြဇာတ်ကပြ
မှာ တိုနီဆု ၅ ဆုရရှိတဲ့အထိ ဘရော့ဒ်ဝေးဇာတ်ခုံပေါ်မှာ အောင်မြင်ခဲ့ပါတယ်
ပြဇာတ်ထဲက ဇာတ်ဝင်စကားလုံးတချို့ဟာလည်း အရပ်သုံးစကားဖြစ်တဲ့အထိ အောင်မြင်မှုရခဲ့တဲ့ပြဇာတ်ပါ။ လေမန်းက ဒီပြဇာတ်ကို ရုပ်ရှင်အဖြစ် ကူးပြောင်းဖို့ဇာတ်ညွှန်းရေးဖွဲ့နေပြီး Warner Bros ရုပ်ရှင်ကုမ္ပဏီကြီးက ရိုက်ကူးထုတ်လုပ်မှာ ဖြစ်ပါတယ်။ လေမန်းက လစ်ဇ်ကို မာသာ နေရာမှာ သရုပ်ဆောင်စေချင်ပါတယ်။ ဒါရိုက်တာအဖြစ် ဆောင်ရွက်မယ့် အယ်လ်ဗီကတော့ မာသာ နေရာမှာ ရုပ်ရှင်မင်းသမီး ဘက်တီဒေးဗစ်ကို သုံးချင်ပါတယ်။ မာသာ
ခင်ပွန်းသည် ဂျော့ချ်နေရာမှာတော့ ရုပ်ရှင်မင်းသား ဂျိမ်းစ်မေဆင်ကို ရည်
ပါတယ်။ မာသာနေရာအတွက် နော
ထပ်ရည်ရွယ်သူတစ်ဦးကတော့ ပက်
ရစ်ရှားနီးလ်ပါ။ နောင်မှာ လေမန်း
ပြန်ပြောပြတာကတော့ 'ကျွန်တော် The Night of the Iguana ဇာတ်ကားထဲ
ဇာတ်ဝင်ခန်းတွေမှာ ပြောတဲ့စကား
ကို ကြားပြီးတဲ့အခါမှာတော့ ဂျော့ချ်
ရာမှာ ဘာတန်သာ အသင့်တော်ဆုံး
ကျွန်တော့်ဘာသာ တွေးမိပါတယ်။
တန်ကို သုံးမယ်ဆိုရင် သူနဲ့အပြိုင်
နိုင်မယ့်သူက လစ်ဇ်ကလွဲလို့ တခြား
မဖြစ်နိုင်တော့ပါဘူး။ သူတို့နှစ်ယော
သာ တွဲလိုက်ရင် ပရိသတ်တွေအတွက်
ကားကောင်းတစ်ကား ဖြစ်သွားလိ
မယ်လို့လည်း ယုံကြည်ခဲ့ပါတယ်'
ပြောပြခဲ့ပါတယ်။

ဟောလိဝုဒ်မှာ ရှိတဲ့သူတွေက
တော့ မာသာနဲ့ ဂျော့ချ်အဖြစ် လစ်
ဘာတန်ကို ငြင်းလို့မရကြပါဘူး။ ဇာတ်
ညွှန်းဖတ်ပြီးစမှာ လစ်ဇ်ကိုယ်တိုင်
အရာရာစိတ်တိုင်းမကျဖြစ်နေသော
လင်ကို ငြူစူနေသော၊ အရာရာကို
နိုင်ဖို့ အရက်ကို အဖော်ပြုနေသော
ကောင်ဖြစ်တဲ့ မာသာ နေရာ သူ့သ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ဖို့ ဝန်လေးခဲ့ပါသေးတယ်။ ဒါ ... ဘာတန်က ဇာတ်ညွှန်းကို ဖတ် ...ည်းက သူ လုပ်ရမယ့်အပိုင်းကို ...နေပါပြီ။ လက်ရှိ လစ်ဇ်အနေ ...က လှလွန်းငယ်လွန်းနေတဲ့ ... မာသာနေရာနဲ့ မလိုက်ဖက်ဘူး ...ကိုလည်း နှစ်ယောက်စလုံး ...ပေါက်ပါတယ်။ ဒါပေမဲ့ လစ်ဇ် ...လုပ်နိုင်မယ်ဆိုရင် ဒီကားဟာ ဘာ ... Hamletနဲ့ အောင်မြင်စေခဲ့သလို ...ကို အောင်မြင်မှုအရှိန် မြှင့်တင်ပေး ... ကားဖြစ်လိမ့်မယ်လို့ ယုံကြည် ...ပါတယ်။

လေမန်းက ဘာတန်ကို ဂျော့ချ် ...မှာ ရွေးချယ်ချင်ပေမဲ့ ထုတ်လုပ် ...ကတော့ ဂျော့ချ်နေရာမှာ ပီတာ ... ဒါမှမဟုတ် အာသာဟီလ်တို့ ... ရွေးချယ်ချင်ပါတယ်။ လေမန်းက ...လုပ်သူများ စိတ်တိုင်းကျအောင် ...နေရာအတွက် မင်းသားကြီး ဂျက် ... ဂလန်ဖို့ဒ်တို့ကို ဇာတ်ညွှန်းပြ ...ပါသေးတယ်။ ဒါပေမဲ့ မင်းသား ...များက ဇာတ်ကောင်စရိုက်ဟာ သူ ...တွက် သိက္ခာကျစေတယ်လို့ ထင် ...ကြောင့် ငြင်းခဲ့ကြပါတယ်။ မာ ...နေရာအတွက် လစ်ဇ်ကို လက်ခံ ...ခဲ့နောက်မှာ ဂျော့ချ်နေရာအတွက် ...န်ကို စဉ်းစားဖို့ လစ်ဇ်ကပဲ ထုတ် ...သူများကို တိုက်တွန်းခဲ့တာပါ။ ဒါ ... ထုတ်လုပ်သူများက ယဉ်ယဉ် ...ကျေး ငြင်းပယ်ခဲ့ကြပြီး ဘာတန် ... ချောလွန်းတယ်။ ယောကျ်ားပီသ ...တယ်။ ဂျော့ချ်နေရာနဲ့ မလိုက် ဖက် ... ဆိုကြပါတယ်။ ဒါပေမဲ့ လစ်ဇ် ...ကလည်း ရှင်းပါတယ်။ သူ မာ ...ဖြစ် သရုပ်ဆောင်ရမယ်ဆိုရင် ...နေရာအတွက် သူနဲ့ အလိုက်ဖက် ...င်းသားက ဘာတန်သာ ဖြစ်မယ် ... တောင်းဆိုပြီး နောက်ဆုံးမှာ လေ ...ပဲ အစမ်းရိုက်ကြည့်ကြမယ်လို့ ...စ်ခဲ့တာပါ။ အစမ်းရိုက်ကြချိန်မှာ ...သာတဲ့အဖြေက လုံးဝဥဿုံပြီးပြည့် ...သရုပ်ဆောင်မှုရယ်လို့တော့ မပြော

နိုင်ခဲ့ပါဘူး။ ဒါကြောင့် လေမန်းက ဘာတန်ကို သူ့အနေနဲ့ ဇာတ်ဆောင်ရွေး ချယ်မှုများယွင်းမှာကို စိုးရိမ်ကြောင်း၊ ဘာတန်က သူတို့လိုချင်တဲ့ဇာတ်ရုပ် ထက် သန်မာနေကြောင်း ရှင်းလင်းပြော ကြားခဲ့ပါတယ်။ ဒါပေမဲ့ ထုတ်လုပ်သူ ကလည်း ဘာတန်ကို သဘောကျသွား တာကြောင့် နောက်ဆုံးမှာတော့ ရွေးချယ် လိုက်ပါတယ်။ ဒီကားအတွက် ဘာတန် အနေနဲ့ သရုပ်ဆောင်ခအပြတ် ဒေါ်လာ ၇ သိန်း ၅ သောင်း ရရှိမှာဖြစ်ပြီး လစ်ဇ် ကတော့ သရုပ်ဆောင်ခ ဒေါ်လာ ၁.၁ သန်းနဲ့ ဝင်ငွေအကြမ်းပေါ်မှာ ၁၀ ရာခိုင် နှုန်း ခံစားခွင့်ရမှာ ဖြစ်ပါတယ်။ လစ်ဇ် ကတော့ သရုပ်ဆောင်ခ အနည်းအများ ထက် ဘာတန်နဲ့တွဲပြီး ဒီကားမှာ သရုပ် ဆောင်ခွင့်ရခြင်းကို ကျေနပ်နေပါတယ်။ ဒါကြောင့် လေမန်းကို 'ဒီကားကို ရိုက် တာ ရှင့်ကြောင့် ရိုက်တာပါ။ ကျွန်မအေး ဂျင့်ဖြစ်တဲ့ ဟျူးဖရန့်ချ်ကဆိုရင် ဒေါ် လာ ၁ သန်းလောက်ကတော့ ကျွန်မ အနေနဲ့ မက်လောက်စရာမရှိဘူးလို့ တောင် ပြောခဲ့တာပါ' ဆိုခဲ့ပါတယ်။

ဒီဇာတ်ကားမှာ မာသာ မြှူဆွယ် ခြင်းခံရမယ့် လူငယ်ပါမောက္ခတစ်ဦးနေ ရာမှာ သရုပ်ဆောင်ဖို့ ရောဘတ်ရက်ဒ် ဖို့ဒ်ကို ကမ်းလှမ်းခဲ့ပေမဲ့ ရောဘတ်က လက်မခံခဲ့ပါဘူး။ ဘရော့ဒ်ဝေးဇာတ်ခုံ ပေါ်မှာ အောင်မြင်မှုရနေတဲ့ ဂျော့ချ်စီ ဂဲလ်နဲ့ ဆန်ဒီဒဲနစ္စတို့နှစ်ဦးကို ကမ်းလှမ်း ပြီး သရုပ်ဆောင်စေခဲ့ပါတယ်။

ပြင်သစ်မှာ The Sandpiper ရုပ် ရှင်ဇာတ်ကား ရိုက်ကူးနေစဉ်ကတည်း က လစ်ဇ်၊ ဘာတန်နဲ့ လေမန်းတို့က ဒီဇာတ်ကို နိုင်နိုင်နင်းနင်း ရိုက်ကူးနိုင် မယ့် ဒါရိုက်တာ ရွေးချယ်ကြပါတယ်။ ညစာစားရင်း တိုင်ပင်ဆွေးနွေးကာ ရွေး ချယ်ကြရာမှာ ပထမဆုံး သတိရမိသူ ကတော့ ဖရက်ဇင်နီမန်း ဖြစ်ပါတယ်။

ဒါပေမဲ့ လေမန်းက ဖရက်ဟာ အကျ ဘက်ကို ရောက်နေပြီလို့ အကြောင်းပြ ပါတယ်။ A Man for All Seasons ဇာတ် ကားရိုက်ကူးခဲ့တဲ့ ပေါလ်စကိုဖီးလ်ကို လည်း စဉ်းစားခဲ့ကြပါတယ်။ ဘာတန် က The Wages of Fear သည်းထိတ်ရင် ဖိုဇာတ်ကား ရိုက်ကူးခဲ့တဲ့ ဟင်နရီဂျော့ချ် ကလူဇော့တ်ကိုလည်း အကြံပြုပါသေး တယ်။

သူ့အကြံပြုချက်တွေကို လက်မခံ နိုင်တဲ့ လစ်ဇ်က 'အို...ရှင် ဘာမှကို မသိတာပါလား' လို့ ပြောပြီး ခင်ပွန်း သည်ရဲ့ပခုံးကို လက်သီးနဲ့တစ်ချက် လှမ်းထိုးပါတယ်။ နောက်ဆုံးမှာတော့ ဒါရိုက်တာ ဂျွန်ဖရန့်ကင်ဟိုင်းမားရဲ့နာ မည်ကို စဉ်းစားမိကြပါတယ်။ ဒီဒါရိုက် တာက အောင်မြင်တဲ့ရုပ်ရှင်ဇာတ်ကား များဖြစ်တဲ့ TheManchurian Candidate, The Birdman of Alcatraz နဲ့ 7 Days in May ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးခဲ့သူ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း လေမန်း က ကန့်ကွက်ပြန်ပါတယ်။ အဲဒီဒါရိုက် တာကို သူ တွေ့ပြီးဖြစ်တဲ့အကြောင်း၊ ဇာတ်ဖွင့်ဖွင့်ချင်း သူ့နာမည်ကို အရင် ဦးဆုံး စာတန်းထိုးရမယ်လို့ တောင်းဆို တာကြောင့် သူနဲ့ အပေးအယူမတည့်ခဲ့ ကြောင်း ပြောပြပါတယ်။ လေမန်းရဲ့ စကားကို ကြားလိုက်ရတော့ လစ်ဇ်က 'ဒီလိုဆိုလည်း ထားလိုက်စမ်းပါ။ ပါ ရမီရှင်တစ်ယောက်ကို ကျွန်မ စဉ်းစား မိပြီ' လို့ ဆိုပါတယ်။ စိတ်ဝင်စားလာ တဲ့လေမန်းက 'ဘယ်သူလဲ' လို့ မေး လိုက်တဲ့အခါမှာတော့ လစ်ဇ်က 'မိုက် နီကိုလပ်စ်လေ' လို့ ဖြေပါတယ်။ လေ မန်းက သဘောမကျပါဘူး။ 'သူက ရုပ်ရှင်တစ်ကားမှ မရိုက်ဖူးတာပဲ' လို့ ဆို ပြန်ပါတယ်။ ဒီနေရာမှာတော့ ဘာတန် က ထောက်ခံပြန်ပါတယ်။ သူတို့နှစ် ယောက်က Camelot ဇာတ်ကားမှာ ရင်း နှီးခဲ့ကြဖူးပါတယ်။

သူ့ကိုသာ ရွေးမယ်ဆိုရင်တော့ အင်မတန် စွန့်စားရာရောက်တော့မှာပါ ပဲ။ နီကိုလပ်စ်က ဘာတန်တို့လင်မယား



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်နဲ့ ရောမမှာ တော်တော်ကြီး ရင်းနှီးခဲ့တာပါ။ အသက် ၃၃ နှစ်ရှိပြီး ဘာရော့ဒ်ဝေးဇာတ်ခုံပေါ်မှာ အောင်မြင်ကျော်ကြားတဲ့ ပြဇာတ်သုံးပုဒ်ကို တင်ဆက်ခဲ့ဖူးသူလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ရုပ်ရှင်တော့ တစ်ခါမှမရိုက်ဖူးပါဘူး။ သူ အောင်မြင်တဲ့ ပြဇာတ်များဆိုတာကလည်း ဟာသပြဇာတ်တွေဖြစ်ပြီး ဒရာမာတစ်ပုဒ်မှ မပါပါဘူး။ နီကိုလပ်စ်သာ ဒါရိုက်တာလုပ်ရမယ်ဆိုရင်တော့ သံကြိုးခတ်မထားတဲ့ ကျားနှစ်ကောင်ရှိတဲ့ လှောင်အိမ်ထဲကို ဝင်ရသလို ရှိမှာပါပဲ။

နီကိုလပ်စ်ကို ဘာတန်တို့လင်မယားနှစ်ယောက်စလုံးက ယုံကြည်စိတ်ချပါတယ်။ ပြီးတော့ မူရင်းပြဇာတ်ကလည်း အောင်မြင်ပြီးသားဖြစ်တာကြောင့် စိတ်ပူစရာ မလိုဘူးလို့ တွက်ကြပါတယ်။ မိုက်နီကိုလပ်စ်ရဲ့ နာမည်ရင်းက မိုက်ကယ်လ်အီဂေါ်ဖြစ်ပြီး နယူးယောက်မြို့မှာ အောင်မြင်ထင်ရှားတဲ့ လူပျိုတစ်ယောက်လည်း ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက သူက ဂလိုရီယာစတိန်းနမ်းနဲ့ ဂျက်ကလင်းကနေဒီတို့ကို စိတ်ဝင်စားနေတာပါ။ မစ္စကနေဒီက ရုပ်ရှင်စရိုက်တဲ့ ပထမဆုံးနေ့မှာ တယ်လီဖုန်းဆက်သွယ်ပြီး အောင်မြင်ပါစေလို့ ဆုတောင်းကြောင်း ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။ Warner Bros ကုမ္ပဏီကြီးရဲ့ ဒါရိုက်တာတစ်ဦးက ပြောတာကတော့ 'ကျွန်တော်တို့ဘက်က ၂၄ နာရီလုံးလုံး ဆုံးရှုံးခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ ဒါရိုက်တာက နယူးယောက်ကို သွားပြီး ဂျက်ကလင်းကနေဒီနဲ့ နေ့လယ်စာ သွားစားနေလို့လေ'လို့ ဆိုခဲ့ပါတယ်။

နီကိုလပ်စ်က ကင်မရာသမားအဖြစ် ဟာ့စကဲလ်ကို ခေါ်ယူအသုံးပြုပါတယ်။ ဟာ့စကဲလ်က အဖြူအမည်းဓာတ်ပုံများကို နိုင်နင်းသူဖြစ်ပြီး မလိုအပ်တဲ့မျက်နှာပေါ်က အရေးအကြောင်းတွေကို ဖျောက်ပေးနိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။ သူနဲ့သာရိုက်ရင် လစ်ဇ်

သူ့ကိုသာ
ရွေးမယ်ဆိုရင်တော့
အင်မတန်
စွန့်စားရာ
ရောက်တော့မှာပါပဲ
နီကိုလပ်စ်က
ဘာတန်တို့လင်မယား
နှစ်ယောက်နဲ့
ရောမမှာ
တော်တော်ကြီး
ရင်းနှီးခဲ့တာပါ
အသက် ၃၃ နှစ်ရှိပြီး
ဘာရော့ဒ်ဝေး
ဇာတ်ခုံပေါ်မှာ
အောင်မြင်
ကျော်ကြားတဲ့
ပြဇာတ်သုံးပုဒ်ကို
တင်ဆက်ခဲ့ဖူးသူလည်း
ဖြစ်ပါတယ်
ဒါပေမဲ့
ရုပ်ရှင်တော့
တစ်ခါမှမရိုက်ဖူးပါဘူး

ရဲ့မျက်နှာပေါ်က ဇရာရဲ့အရိပ်တွေကို ဖျောက်ပစ်နိုင်မှာဖြစ်လို့ လစ်ဇ်က ပျော်သလို ဘာတန်ကလည်း သူ့မျက်နှာပေါ်က ဝက်ခြံရာတွေ မပေါ်တော့မှာမို့ ကျေနပ်ပါတယ်။

ဇာတ်ဝင်ခန်းများကို မန်ဆာချူးဆက်ပြည်နယ် နော့သမ်တန်က စမစ်ကောလိပ် ပရိဝုဏ်အတွင်းမှာ တော်တော်များများ ရိုက်ကူးခဲ့ပြီး တချို့ဇာတ်ဝင်ခန်းတွေကိုတော့ Warner Bros စတူဒီယို ၈ မှာ ရိုက်ကူးခဲ့ပါတယ်။

ပထမဆုံး စတင်ရိုက်ကူးတဲ့နေ့မှာ ဘာတန် ဇနီးမောင်နှံတို့ စတူဒီယိုကို ရောက်ရှိလာကြပြီး သူတို့အတွက် ပြင်ဆင်ပေးထားတဲ့ အဝတ်လဲခန်းများကို ကြည့်ကြပါတယ်။ ဒီအခန်းတွေထဲမှာ

လေမန်း ပေးပို့ထားတဲ့လက်ဆောင်တွေ
အဖြူရောင်နှင်းဆီပွင့်များနဲ့ စည်းထား
တဲ့ ပန်းစည်းတွေ၊ စကော့အရက်ပုလင်း
တွေကို တွေ့ကြရပါတယ်။ ပန်းစည်း
တွေကို တွေ့လိုက်တဲ့လစ်ဇ်က ရင်ခုန်
စိတ်လှုပ်ရှားသွားပြီး လေမန်းဘက်
လှည့်ကာ 'တစ်ယောက်ယောက်က
တော့ ကျွန်မအကြိုက်ကို သိနေပြီ'
ဆိုလိုက်ပြီး လေမန်းရဲ့ပါးကို ခပ်ဖွဖွနမ်း
လိုက်ပါတယ်။ ခဏအတွင်းမှာပဲ သူ
အဝတ်လဲခန်းများအတွင်းမှာ အေး
များ၊ ပြန်ကြားရေးတာဝန်ခံများ ရော
ရှိလာကြပါတယ်။ လစ်ဇ်ရဲ့အေးဂျင့်ဖြ
တဲ့ ဟျူးဖရန့်ချ်နဲ့အတူ သူ့သားဖြစ်
ရော်ဘင်လည်း ပါလာပါတယ်။ ဆံပ
ပြင်ဆင်ပေးမယ့် ဘော့ပ်နဲ့ ဆယ်လီဝီ
ဆန်၊ လစ်ဇ် စိတ်တိုင်းကျဝတ်စုံ
ဖန်တီးပေးတဲ့ အိုင်ရင်းရှရော့ဖ်တို့လည်း
ရောက်ရှိလာကြပါတယ်။ ဒါရိုက်တာ
မိုက်ကတော့ ရိုက်ကွင်းပေါ်မှာ ရီ
ဇယ်လုပ်ဖို့ စောင့်နေပါပြီ။

ဇာတ်ခုံပေါ်မှာ ပြဇာတ်များကို
တင်ဆက်ခဲ့ဖူးတဲ့ မိုက်က ပြဇာတ်
တော့မယ့်အတိုင်း ရီဟာဇယ်ကို အ
ကြိမ်ပြုလုပ်စေပါတယ်။ စတူဒီယို
ထဲမှာ ကြီးပြင်းခဲ့ရတဲ့ လစ်ဇ်အ
အကြိမ်ကြိမ် ရီဟာဇယ်လုပ်ရခြင်း
အဆန်းဖြစ်နေပါတယ်။ သူ ကြုံတွေ့
ဖူးတဲ့ ဒါရိုက်တာများက လိုချင်
စကားကို လိုရင်းလောက်သာ ပြော
လစ်ဇ် အာတွေ့သလို ပြောစေခဲ့တာ
တဲ့အပြင် အမူအရာကိုလည်း စိတ်
ရှိသလောက် လုပ်ခွင့်ပြုခဲ့တာပါ။
ရိုက်တာ လုပ်သူက အက်ရှင်လို့
လိုက်ရင် သူ့ဘက်က ဇာတ်
စရိုက် အလိုလိုဝင်သွားစေပြီး စိတ်
ကျလုပ်ဆောင်သွားခဲ့တာချည်းပါ
အခုတော့ ဒါရိုက်တာက ရီဟာဇယ်
အကြိမ်ကြိမ် ခိုင်းနေပါတယ်။ ဒါ
သူတို့လင်မယားနှစ်ယောက်စလုံးက
ဒါရိုက်တာကို လုံးဝယုံကြည်စိတ်
ရွေးချယ်ခဲ့ကြပြီးဖြစ်လို့ ခိုင်း
လုပ်ပေးနေပါတယ်။ ဒါရိုက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com

ည်း အသက်အရွယ်အားဖြင့် မတိမ်း ယိမ်းရှိနေခဲ့တာပါ။ အဲဒီအချိန်တုန်းက ရိုက်တာက ၃၄ နှစ်သာ ရှိပါသေး တယ်။ ဒီကားရိုက်တဲ့အချိန်မှာ လစ်ဇ် အတွက် ၃၅ ကားမြောက် ဖြစ်ပြီး ဒါ ရိုက်တာအတွက်ကတော့ ပထမဆုံးကား ။ ဒါကြောင့်လည်း ဟောလိဝုဒ်လော သားများက ဘာတန်တို့ဇနီးမောင်နှံ ယောက် မိုက်ကို ရွေးချယ်ခဲ့ခြင်းဟာ င်မတန် စွန့်စားရာရောက်တယ်လို့ မြင် ကြခြင်း ဖြစ်ပါတယ်။

ဒီဇာတ်ကားကို ရိုက်ကူးချိန် ၂ လ သာက် ကြာမြင့်မယ်လို့ တွက်ဆခဲ့ကြ မယ့် လက်တွေ့ရိုက်ကူးရာမှာ ၆ လ ကြာခဲ့ပါတယ်။ ၁၉၆၅ ခုနှစ် ဇူလိုင်လ ဒီဇင်ဘာလအထိ ရိုက်ခဲ့ရတာပါ။ ဒါ ကြောင့် ဒီကားဟာလည်း ကလီယိုပါ ရာ ဇာတ်ကားလိုပဲ ခန့်မှန်းထားတာ က် ကုန်ကျစရိတ်တွေ အများကြီး ခဲ့ပါတယ်။ ကားရိုက်နေစဉ်အတွင်း စ်ဇ်ရဲ့ကျန်းမာရေးအခြေအနေကြောင့် ဆိုင်းထားရတဲ့ကာလတွေလည်း ရှိ ပါတယ်။ ဒီတစ်ကြိမ်မှာ မကျန်းမာတာ တော့ အရင်တစ်ခါလို ဖျားနာတာ တ်ဘဲ အစ်ကိုဖြစ်သူ ဟောင်းဝပ် လာကမွေးတဲ့ သားတစ်ယောက်နဲ့ ဆော့နေကြရင်းက မျက်စိမှာ ဒဏ်ရာရရှိ သွားခဲ့တာ ဖြစ်ပါတယ်။ ကားရိုက်ရာ မှာလည်း ဒါရိုက်တာက သူ့ထုံးစံ အတိုင်း ရီဟာဇယ်လုပ်စေပြီးမှ ရိုက်ကူး ဖြစ်လို့ တစ်ရက်မှာတော့ လစ်ဇ် လဲသွားတဲ့အထိ ပင်ပန်းသွားခဲ့ပါတယ်။ င်ပန်းလွန်းတာကြောင့် ရိုက်ကွင်းပေါ် မှာ လစ်ဇ် ရှိုက်ကြီးတငင် ငိုရတဲ့အထိ ဖြစ်ခဲ့တာပါ။ လေမန်းကတော့ မိုက် အနေနဲ့ ရုပ်ရှင်ကားကို ကောင်းသထက် ကောင်းစေချင်တဲ့ဆန္ဒကြောင့် ရီဟာဇယ် အကြိမ်ပေါင်းများစွာ ခိုင်းနေခြင်းဖြစ် တယ်လို့ ယုံကြည်ပါတယ်။ သရုပ် ဆောင်ရာမှာ မိုက်က လစ်ဇ်ရဲ့အသံကို တိုးတိုးဖျော့ဖျော့ ပြောစေချင်ပါတယ်။ လစ်ဇ်က ဒါရိုက်တာခိုင်းသလို မလုပ် ဘဲ သူ moodရှိသလိုသာ ပြောပါတယ်။

ဒါပေမဲ့ လစ်ဇ် သတိထားမိတာက ဒီ ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်နေကြ တဲ့သူ လေးဦး ရှိတဲ့အနက် သူတစ် ယောက်တည်းသာ ပြဇာတ်မကခဲ့ဖူးတဲ့ သူ ဖြစ်တယ်ဆိုတာပါပဲ။ စင်ပေါ်မှာ ဘာတန်နဲ့အတူ ကဗျာရွတ်ဆိုပွဲ ကျင်းပ ပြီးတဲ့နောက် နောက်ထပ်စင်ပေါ်ကို တက်ခွင့်မကြုံတော့ပါဘူး။ ဒါပေမဲ့ မိုက်ရဲ့သင်ပြမှုများဟာ သူ့တစ်သက် တာမှာ အကောင်းဆုံးသရုပ်ဆောင်မှုတွေ ကို ပေါ်ထွက်စေခဲ့တာ ဆိုတာကိုတော့ နောင်မှာ လစ်ဇ် ဝန်ခံခဲ့ရပါတယ်။

ရိုက်ကွင်းပေါ်မှာ လစ်ဇ်၊ မိုက်နဲ့ ဘာတန်တို့ တရင်းတနှီးရှိခဲ့ကြပြီး အဆင်မပြေရှိကြတဲ့အခါများမှာလည်း ဟာသတွေပြောလိုက်ခြင်းဖြင့် တစ်ဦး နဲ့တစ်ဦးကြား ပြေလျော့စေခဲ့ပါတယ်။ တစ်ခါတစ်ရံမှာ ဘာတန်က ကဗျာရှည် တစ်ပုဒ်ကို ရွတ်ပြီး ဒီကဗျာကို ဘယ်သူ ရေးတာလဲ၊ ဘယ်ဇာတ်လမ်းထဲကလဲ စသဖြင့် ပဟေဠိဝှက်တတ်ပါတယ်။ ဒီ နည်းနဲ့ သူတို့သုံးယောက် ရင်းနှီးမှုခိုင်မာ သထက် ခိုင်မာလာခဲ့ပါတယ်။

လေမန်းရဲ့မှတ်တမ်းများအရ အဲဒီ ကာလတုန်းက လစ်ဇ်ဟာ သူ့ကိုယ် အလေးချိန်နဲ့ ပတ်သက်ပြီး တော်တော် စိတ်ပူခဲ့တယ်လို့ ဆိုပါတယ်။ ဒီဇာတ် ကားရိုက်ဖို့အတွက် လေမန်းက ပဲရစ်မှာ လစ်ဇ်ကို လာပြောစဉ်က မာသာအဖြစ် သရုပ်ဆောင်ဖို့အတွက် ဝနိုင်သမျှဝ အောင် ကြိုးစားပါလို့ ဆိုခဲ့ခြင်းကြောင့် လစ်ဇ်ကလည်း ဝမ်းသာအားရနဲ့ သူ့ ကိုယ်အလေးချိန်ကို ထိန်းမနေတော့ဘဲ ဝဖို့သာ ကြိုးစားခဲ့တာပါ။ အရင်က ရှောင်ခဲ့တဲ့ ချိစ်ဘာဂါတို့၊ အာလူး အချောင်းကြော်တို့၊ ရှန်ပိန်တို့ကို စိတ် တိုင်းကျစားသုံးတော့တာပါ။ ကားရိုက် ဖို့အတွက် စားချင်သလောက်စားလာခဲ့ တဲ့ လစ်ဇ်ကို ရိုက်ကွင်းပေါ် ရောက်လာ တဲ့အခါမှာတော့ လေမန်းက လိုတာ ထက်ပိုဝသွားပြီ၊ ဆယ်ပေါင်လောက် ကျသွားအောင် လုပ်ပါဦးဆိုလို့ တော် တော်ဒုက္ခရောက်ခဲ့ရပါသေးတယ်။

ဒါနဲ့ပတ်သက်ပြီး လစ်ဇ်က လေ မန်းကို 'ဒီမယ် ရှင်နဲ့ ဘာတန်က ဒီကား မှာ ကျွန်မ ဝလေကောင်းလေဆိုလို့ ကျွန်မက ဘာမှမထိန်းတော့ဘဲ နေလာ ခဲ့တာ။ ဒီတော့ စာနယ်ဇင်းသမားတွေနဲ့ တွေ့ရင် ရှင်တို့ပြောလို့ ကျွန်မ ဒီလိုဝ အောင်နေခဲ့တယ်ဆိုတာ ပြောပါ။ သူတို့ အမြင်မှာ ကျွန်မဟာ ကိုယ်အလေးချိန် မထိန်းနိုင်တဲ့ မင်းသမီးအိုကြီးတစ် ယောက်လို မမြင်စေချင်ဘူး' လို့ သတိ ပေးစကားဆိုခဲ့ရပါတယ်။

လေမန်းရဲ့မှတ်တမ်းများအရ အဲဒီ အချိန်မှာ လစ်ဇ်က လည်ပင်းကြီးရောဂါ အတွက် ဆေးသောက်နေရချိန်ဖြစ်တာ ကြောင့် ဆယ်ပေါင်ဆိုတာ သူ့အနေနဲ့ အလွယ်တကူ ကျသွားနိုင်တဲ့အနေ အထားရှိတယ်လို့ ဆိုပါတယ်။ အဲဒီဆေး ရဲ့ဆိုးကျိုးတစ်ခုကြောင့်ပဲ လစ်ဇ်ဟာ ရိုက်ကွင်းပေါ်မှာ တုန်တုန်လှုပ်လှုပ်ဖြစ် နေတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ဘာ တန်က သူ့အနားသွားပြီး အနမ်းကလေး များပေးရင်း စိတ်ငြိမ်သွားအောင် ဆောင်ရွက်ပေးရပါတယ်။

တစ်နေ့မှာတော့ ရိုက်ကွင်းပေါ်ကို ရုပ်ရှင် မင်းသမီးကြီး မာလင်းဒိုင်ရာထ ရစ်ချ်ရောက်ရှိလာပြီး သရုပ်ဆောင်လေး ဦးတို့ အဆုံးခန်းမှာ အပြိုင်အဆိုင်လုပ်နေ ကြတာကို ထိုင်ကြည့်နေခဲ့ပါတယ်။ ဇာတ်ဝင်ခန်းအပြီးမှာ မင်းသမီးကြီးက ဘာတန်ဆီသွားပြီး ဒီကားနဲ့ အကယ်ဒမီ သေချာပေါက်ရမယ်လို့ဆိုခဲ့သလို လစ်ဇ် ထံလျှောက်သွားပြီး ပါးကိုနမ်းကာ မင်း သမီးကတော့ တကယ့်သရုပ်ဆောင်တွေ နဲ့ ရင်ပေါင်တန်းပြီး လုပ်နိုင်ပါပေတယ် လို့ ချီးကျူးစကား ဆိုခဲ့ပါတယ်။

မင်းသမီးကြီးရဲ့စကားအဆုံးမှာ လစ်ဇ်က တစ်ချက်ပြုံးလိုက်ပြီး 'ကျေး ဇူးပါပဲ မာလင်း၊ အိမ်ရောက်ရင်တော့ ကျွန်မတို့လင်မယားက…' လို့ ပက်ခနဲ ပြောလိုက်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*


■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# အရောင်ဆိုးခြင်း

## အောင်ဖြိုးကျော်(ပခုက္ကူ)

၁။

ကျွန်မတို့
ပတ်ဝန်းကျင်တွင်
အရောင်များစွာ
ရှိပါသည်။
အဖြူရောင်၊ အနက်ရောင်၊
အပြာရောင်၊ အနီရောင်
စသည်ဖြင့်။ ပန်းချီဆရာမ
မဟုတ်သော်လည်း
ကျောင်းဆရာမ ကျွန်မ
အမှတ် ၂၉၀၊ ဇန်နဝါရီ၊ ၂၀၁၄
အရောင်တွေအကြောင်း
တော်တော်များများတော့
မသိပါ။ သို့သော်
အနည်းအကျဉ်းမျှတော့
သိခဲ့သည်ပေါ့။ ဥပမာ…
အဖြူရောင်ဆိုလျှင်
ငြိမ်းချမ်းခြင်း၊
ရိုးသားခြင်း၊
သန့်ရှင်းစင်ကြယ်ခြင်းတွေကို
ကိုယ်စားပြုသည့်လူများ
နှစ်သက်တတ်သော



www.burmeseclassic.com

www.burmeseclassic.com

မွန်မြတ်ခြင်း၏ ကိုယ်စားပြု အရောင်။ အနက်ရောင်ကျတော့ ဝမ်းနည်းခြင်း အထိမ်းအမှတ်၊ ကောက်ကျစ်ခြင်း၊ ကြမ်းတမ်းရက်စက်ခြင်းတို့၏ကိုယ်စားပြုအရောင်။ အမှောင်။

အနီကျတော့ ရဲရင့်ခြင်း၊ အပြာက တည်ကြည်သစ္စာရှိခြင်းစသည်ဖြင့် အရောင်တိုင်းတွင် မတူခြားနားသီးခြား အဓိပ္ပာယ်တစ်ခုစီဖြင့် ရှင်သန်ပိုင်ဆိုင်ခဲ့ကြသည်ဟု ကျွန်မ ဆိုချင်ပါသည်။ သို့ဆိုလျှင် ကျွန်မတို့ လူသားများတွင်ရော။ တချို့က အဖြူရောင်ကို ချစ်၍၊ တချို့က အနက်ရောင်ကို နှစ်သက်တတ်သလို၊ တချို့ကျ အပြာရောင်ကို စွဲမက်၍ တချို့က အနီရောင်ကို တပ်မက်ကြသည်မို့လား။

လူတစ်ယောက် နှစ်သက်သော အရောင်ကိုမှတ်၍ ထိုသူ၏စိတ်သဘောသည်လည်း သူ နှစ်သက်တတ်သည့် အရောင်၏ဖွင့်ဆိုချက်အတိုင်း ရှိသည်ဟု ထပ်မံ၍ အဓိပ္ပာယ်ဖွင့်ဆိုခဲ့လျှင် မှန်ချင်လည်းမှန်မည်။ မှားချင်လည်း မှားမည်ပေါ့။ မည်သို့ပင် အဓိပ္ပာယ်ဖွင့်ဖွင့် သို့ပင်ဆိုစေ ကျွန်မ အနှစ်သက်ဆုံး အရောင်ကတော့ အနက်ရောင်ပင်။ ကျွန်မ အနက်ရောင်ကို စွဲမက်၍ အနက်ရောင်ကို နှစ်သက်သည်ပေါ့။(သို့ဆိုလျှင် ကျွန်မရဲ့စိတ်ကရော၊ ကျွန်မ ရှင်သန်မှု၊ ဘဝရပ်တည်မှု အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကရော)။

❑

၂။

ရာသီဥတု အရမ်းပူပြင်းချိန်၊ ကျောင်းဝတ်စုံ ဝတ်ချိန်

အနက်ရောင်
ကလေ
သူဖြစ်တည်တဲ့
သူ့ဘဝ
သူ့အရောင်အပေါ်
အရမ်းသစ္စာရှိတာ
အဖြူရောင်က
မြင့်မြတ်
သန့်စင်တယ်
အရည်အချင်းအရ
အားနည်းတယ်
သူ့အပေါ်
ဘာအရောင်ပဲ
လာကျကျ
ဘာအရောင်ပဲ
လာထိထိ
စွန်းလွယ်
ပေလွယ်
ညစ်လွယ်တယ်
မတွန်းလှန်နိုင်ဘူး

မှလွဲလျှင် ကျန်သည့်အချိန်တွေမှာ ဝတ်သည့်အရောင်များမှာ အနက်ရောင်များသာ ဖြစ်ပါသည်။ အလယ်တန်းမှ အထက်တန်းကျောင်းသူဘဝအထိ သူငယ်ချင်းတွေက ဘလက်ရှိစ်၊ နှင်းဆီနက်၊ မဟူရာမင်းသမီး စသည့် ဘွဲ့နာမည်တွေ ပေးအပ်သည်အထိ အနက်ရောင်ကို ကျွန်မ နှစ်သက်ခဲ့တာပါ။

နည်းပညာ ကျောင်းသူဘဝ နောက်ဆုံးနှစ်ပြီးခါနီးမှ ချစ်သူတွေဖြစ်တဲ့ မောင်က (အဲဒီ အနက်ရောင်)ချစ်သည့် ကိစ္စကြီးကို အလိုမကျစွာ ဖွင့်ဟမေးတော့ ကျွန်မသွေးအေး ရိုးသားစွာ ရှင်းပြနိုင်ခဲ့ပါသည်။

'မောင်ရယ်၊ ယု အနက်ရောင်ကိုချစ်တာ။ သူ့ပါဝါကို ချစ်တာ မဟုတ်ဘူး။ သူ့အရည်အချင်းကို ချစ်တာ။ ကောက်ကျစ်ရက်စက်တာတွေက အနက်ရောင်ရဲ့ ပါဝါတွေလို့ မောင် ပြောတယ်နော်။ အနက်ရောင်ရဲ့ အရည်အချင်းကိုရော မောင်သိလား' လို့ ပြန်မေးတော့ မောင်ကလည်း ရိုးရှင်းစွာ ခေါင်းခါပြနိုင်ခဲ့ပါသည်။

'မှတ်ထား မောင်ရဲ့။ အနက်ရောင်ကလေ သူ ဖြစ်တည်တဲ့ သူ့ဘဝ၊ သူ့အရောင်အပေါ် အရမ်းသစ္စာရှိတာ။ အဖြူရောင်က မြင့်မြတ်သန့်စင်တယ်၊ အရည်အချင်းအရ အားနည်းတယ်။ သူ့အပေါ် ဘာအရောင်ပဲ လာကျကျ၊ ဘာအရောင်ပဲ လာထိထိ၊ စွန်းလွယ်၊ ပေလွယ်၊ ညစ်လွယ်တယ်။ မတွန်းလှန်နိုင်ဘူး။ အလွယ်တကူပြောင်းသွားတာ။ ပင်ကိုအရည်အချင်း အားနည်းတယ်။ အနက်ရောင်ကတော့ အဲလို မဟုတ်ဘူး။ တော်ရုံနဲ့ သူ့ဘဝ သူ့အရောင်ကို ပြောင်းမပေးဘူး။ ဘာအရောင်ပဲလာ ထိထိ၊ အညစ်ခံ၊ အပေခံတယ်။ အနက်က အနက်ပဲ ဟော့လို့ ကြွေးကြော်ပြီး ပြန်တွန်းလှန်တယ်။ မတော်သာလို့ အရောခံရင်တောင် သူ့ပင်ကို ဘဝအရောင်ကိုအပျက်မခံဘူး။ မယုံရင် သဘော်ဆေးအဖြူဘူးထဲ အနက်ဘူး ထည့်ကြည့်ပါလား။ ဆတူနော်၊ အဖြူရောင်က လုံးဝ

ပျောက်သွားပြီး အနက်ရော...
ကတော့ မီးခိုးရောင်အ...
ရေးရေးလေး ကျန်ခဲ့လိမ့်မ...
အဲဒီလို သစ္စာရှိတဲ့အရောင်...
ပြီး ယုက အနက်ရောင်...
သစ္စာတရားကို လေးစား...
နှစ်သက်တာ' ဟု ရှည်...
ကြာကြာရှင်းပြမှ (မော...
အပေါ်လည်း အဲဒီအရောင်...
သစ္စာရှိမှာလား) မေး...
အပြုံးနဲ့ ကျွန်မ ခေါင်းညိတ်...
ဖြစ်တယ်။(ဒီလိုဆိုရင်လည်း...
ဝတ်စေ ချစ်စေမျာ)လို့ မော...
ကျေနပ်ပျော်ရွှင်သွားခဲ့...
ရယ်လေ။

ဒါပေမဲ့ မောင်က...
အဖြူရောင်ကိုပဲ နှစ်သက်...
ပါ။ ဝတ်သမျှ အဖြူရော...
တွေများပြီး အနည်း...
ပြောင်းရင်တောင် ဆင်...
ရောင်လောက်သာ ပြောင်း...
ဝတ်ဆင်ခဲ့သူ။ ဆန့်ကျင်ဘက်...
အရောင်နှစ်ခုရဲ့ (စတင်...
ဆုံမှု)ကတော့ နည်းပညာ...
တက္ကသိုလ် Civil မေဂျာ...
ပုံဆွဲစာသင်ဆောင်တစ်ခု...
မှာပါ။ အဖြူရောင် မော...
အနက်ရောင် ကျွန်မ။ မတူ...
တဲ့ ဆန့်ကျင်ဘက်အရော...
နှစ်ခုကို ကံကြမ္မာက ဆုံ...
ခွင့်ပေးလိုက်တာလေ။

❑

၃။

အဲဒီအချိန်တုန်းက န...
ပညာကျောင်းက အ...
ဆောက်ထားတဲ့ နေရာမှ...
မဟုတ်သေးဘူး။ ကျွန်မ...
စက်မှုဇုန်ဘေးနားမှာ...
တာမို့ အိမ်ကနေ ကျောင်း...
၁၀ မိနစ်လောက် လမ်း...
ရုံနဲ့ ရောက်နေပါပြီ။ ကျွ...
တို့ဖွင့်ထားတဲ့ CD ခွေ...
အပ်ငှားတဲ့ဆိုင်ကနေ လှ...



www.burmeseclassic.com

www.burmeseclassic.com

...ရင်တောင် ကျောင်းကို ...ရတာမို့ ကျောင်းတက် ... ကျွန်မအတွက် အရမ်း ...ခဲ့ပြေပါတယ်။

ကျောင်းကလည်း စဖွင့် ... ဆရာ၊ ဆရာမတွေက ... အသစ်၊ ကျောင်းသား ...သူတွေကလည်း အသစ် ...ဆိုတော့ ပျော်စရာတွေ ... စိတ်ညစ်စရာတွေပါ ...အလင်ပါပဲ။ Civil မေဂျာ ... ကျောင်းသားတွေများပြီး ... ချိန်မှာ ဝင်လာတဲ့ ...ဆရာမက နှစ်ယောက် ...မို့ သုံးယောက်တစ် ...ပြီး T-Square နဲ့ ပုံဆွဲ ...မှာ မျဉ်းချပုံဆွဲတာကို ...ပါတယ်။

အတူကျတဲ့ မအိနဲ့ စိုးစိုး ...လည်း ကျွန်မနဲ့ငယ်ငယ် ...တည်းက တွဲလာတဲ့ ...ကြောင်းသိတွေ။ သုံး ...ကလုံး မြန်မာပြည် မြေပုံ ... ဖင်နဲ့ခေါင်းခွဲမရအောင် ...သလို၊ တီကောင်ပုံ၊ ...တွေဆွဲရင် ကြိုးနဲ့ခွဲမရ ... အလယ်တန်း၊ အထက် ...မှာ တော်ခဲ့ကြတာတွေ ...တော့ ၁ စင်တီမီတာစိတ် ...လေးတွေ ဖြောင့်အောင် ...ကြရတဲ့အခါမှာတော့...။

ဖင်ကုတ်၊ ခေါင်းကုတ် ...လိုက်၊ တစ်ယောက်မျက်နှာ ...ယောက်ကြည့်လိုက်၊ ဆွဲ ...ဖျက်လိုက်၊ ချွေးပြန်စိတ် ...ဖြစ်နေကြချိန်မှာ အလိုက် ...ဆိုးမသိ (ကျွန်မရဲ့မောင် ...လာမယ့်ကျောင်းသားက) ...နေတဲ့ T ငှားလိုက်၊ ပေတံ ...လိုက်၊ 2H, 4H ခဲတံငှား ...နဲ့ သုံးယောက်စာထဲက ...နေတဲ့ပစ္စည်းတွေ ခဏခဏ ...ငှားတော့ စိတ်တိုတတ်တဲ့ ကျွန်မက 'သွား၊ ဘာမှ မငှားဘူး။ ဒီမှာ အလုပ်မဖြစ်နိုင်ရတဲ့ ကြားထဲလို့' ကုန်းအော်တော့ သူက မပွင့်တပွင့် ပြုံးရင်း ထွက်သွားခဲ့တာ။

ဆရာမအလစ်မှာ တစ်ယောက်က T ခေါင်းကိုဖိ၊ တစ်ယောက်က T ဖင်မြီးကို ဖိ၊ အလယ်ကနေ ကျွန်မမျဉ်းလိုင်းပေးတာတောင် 'မျဉ်း' တွေက 'မြင်း' တွေလို ပူးလိုက်၊ ခွာလိုက်၊ ဝေးလိုက်၊ နီးလိုက်နဲ့ပါ။ အဲဒီအချိန်မှာ သူက ငှားထားတဲ့ T ပြန်ပေးရင်း အနားလာရပ်ပြီး 'ဟာ၊ ဘယ်လိုတွေ ဆွဲနေကြတာလဲ။ T ကို တစ်ယောက်တည်း ကိုင်ပြီး တစ်ယောက်တည်း ဆွဲရမှာလေ။ စာရွက်ကြီးလည်း မည်းလို့။ အသစ်လဲ၊ အချိန်စေ့တော့မယ်' လို့ ပြောရင်း နောက်လဲတဲ့ပုံဆွဲစက္ကူပေါ်မှာ သူတစ်ယောက်တည်း T ကိုင်ပြီး မျဉ်းဖြောင့်တွေ ရှမ်းခနဲ ရှမ်းခနဲ အမှားအယွင်းမရှိ ဆွဲချပြသွားတာကို ကျွန်မတို့ ၃ ယောက် မျက်လုံးအဝိုင်းသားနဲ့ ငေးကြည့်ခဲ့ရတာ။

ပြီးမှ ကျွန်မတို့ကို ပြုံးပြပြီး 'ရုပ်လေးတွေက လှတပတနဲ့ စိတ်ပုပ်တာကိုး။ နင်တို့ပစ္စည်းတွေ ငှားသုံးတာ၊ ငါတို့ မဝယ်နိုင်လို့ မဟုတ်ဘူး။ အဲဒီ T နဲ့ ပုံဆွဲစက္ကူလိပ်တွေ ထိုးထိုးထောင်ထောင် ဆိုင်ကယ်စီးရင်း ကိုင်လာသယ်လာရတာ မြို့ထဲကနေ ကျောင်းထိသယ်ရတာ အဆင်မပြေဘူးဟ။ သယ်ရမှာ ပျင်းတယ်။ ပိုနေတာပဲ ကြည်ကြည်သာသာ ငှားပါလား' ဆိုတဲ့ အပြောနဲ့ ဆရာကြီးလေသံသုံးပြီး ထွက်သွားတော့ ကျေးဇူးတင်ချင်တဲ့စိတ်ကလေးတောင် ခန်းလို့ခြောက်လို့ ပျောက်သွားခဲ့ပါရဲ့။ (ဒါပေမဲ့ ရဲသူအောင် ဆိုတဲ့သူက တစ်နေ့မှာ ကျွန်မရဲ့မောင်ဖြစ်လာခဲ့မယ်လို့ ကြိုသိခဲ့ရင်တော့)။ ❑

၄။

မန္တလေးဘက်ထွက်တဲ့ အဝေးပြေးကားလမ်းမကြီးက စက်မှုဇုန်ရဲ့ ရင်ကိုအလယ်ကနေခွဲပြီး ကျွန်မတို့ကျောင်းရှေ့ကနေ ဖြတ်တာမို့ အဲဒီလမ်းဘေးမှာရှိတဲ့ ကျွန်မရဲ့စာအုပ်ဆိုင်လေးမှာ ကျောင်းသူ၊ ကျောင်းသား၊ သူငယ်ချင်း ဖောက်သည်အသစ်တွေ တိုးလာသလို ဆိုင်က ဓာတ်ဆီပါ တင်ရောင်းတော့ မြို့ထဲက ကျောင်းလာတက်တဲ့ သူငယ်ချင်းတွေ ဆိုင်ကယ်ဆီထည့်ရင်း စာအုပ်ငှား၊ ခွေငှားဝင်ကြ၊ ရပ်ကြနဲ့ မေဂျာမတူတဲ့ အဖွဲ့တွေနဲ့ရော ကျောင်းဖွင့်ပြီး တစ်လအတွင်းမှာ ကျွန်မနဲ့ အားလုံးနီးပါး သိကျွမ်းခင်မင်သွားကြပါတယ်။

ကျွန်မ အမြဲတမ်း အနက်ရောင်ဝတ်တာလည်း သတိထားမိသွားကြတော့ ဘလက်ရှိစ်ဆိုတဲ့အမည်လည်း အထက်တန်းကနေ နည်းပညာထိ ဆက်ခဲ့ပြန်ပြီပေါ့။ အများနည်းတူ ဆီထည့် စာအုပ်ငှားတဲ့မောင်က အများနဲ့မတူ အခွင့်အရေး ယူသွားပါ၏။ သူ့ရဲ့ T နဲ့ပုံဆွဲစက္ကူတွေကို ကျောင်းပြန်ရင် ကျွန်မဆိုင်မှာ အပ်ထားရစ်ပြီး နောက်နေ့မနက် ကျောင်းပြန်တက်ချိန်မှာ ဝင်ယူတတ်ပါတယ်။ အဲဒီတော့ တစ်နေ့ ၂ ကြိမ် ကျွန်မဆိုင်ကို သူ နေ့စဉ် ဝင်ထွက်ခွင့်ရတော့တာပေါ့။

အမြဲပြုံးနေပြီး ဟာသတွေလည်း ပြောတတ်တဲ့သူ့ကို သူငယ်ချင်းတွေ ခင်သလို ဆိုင်မှာလာထိုင်ပေးတဲ့ အဖေနဲ့အမေကလည်း ခင်တာပါပဲ။ အဖြူရောင်ကိုချစ်မြတ်နိုးတဲ့ (မောင့်)ရဲ့ စိတ်ဓာတ်ကလည်း ပကတိရိုးသားသန့်စင်သလို ဘာပြောပြော သည်းခံခွင့်လွှတ်စိတ်မဆိုးတတ်သူပါ။

ဆိုင်ကို စဝင်တဲ့နေ့က 'ဒါနင်တို့ဆိုင်လား မယု' ဆိုတဲ့ အပြုံးအပြောနဲ့ ဆီနှစ်ဘူးထည့်ရင်း ရွှေမဂ္ဂဇင်းငှားတဲ့အထိ ကျွန်မ သူ့နာမည် မသိသေးပါဘူး။ စာအုပ်ယူပြီး ထွက်တော့မှ 'ဟဲ့၊ နင့်နာမည်ပြောခဲ့ဦး' ဆိုတော့မှ 'နင် သိသလားလို့ပါဟာ၊ ရဲသူအောင်' လို့ ပြန်ပြောတော့ ကျွန်မက 'နင့်နာမည်ကြီးကလည်း လူနာမည်မဟုတ်ဘူး။ အဝေးပြေးကားဂိတ်နာမည်ကြီး' လို့ပြောတော့ စိတ်မဆိုးတဲ့အပြင် သဘောတကျ ရယ်လို့ပင် ပြသွားတာမို့ အံ့သြတကြီး ကျွန်မဖြစ်ခဲ့ရသေးတာ။

စာအုပ်ဆိုင်ထိုင်တဲ့ အရွယ်ရောက်ပြီဖြစ်တဲ့ ကျွန်မအတွက် စာအုပ်ထဲမှာ ရည်းစားစာညှပ်ပြီး အပေးခံရတာ သိပ်ဆန်းတဲ့ကိစ္စတော့ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပါဘူး။ မောင်ကတော့ အများလို စာနဲ့မဟုတ်ဘဲ ပထမနှစ်ပြီးခါနီးမှာ 'မယု နှင့်ကို ငါ ချစ်နေမိပြီထင်တယ်' လို့ အေးအေးဆေးဆေး ပြောခဲ့တာပါ။ အများလိုစာမပေးဘဲ အနီးကပ်ကြီး ပထမဆုံး ပြောခံရတာမို့ အံ့အားသင့်သလို အရှက်သည်းပြီး ကျွန်မ ရင်ခုန်ခဲ့ရတာပါ။

နီသွားမယ့် မျက်နှာကို ရယ်ကျဲကျဲလုပ် ဖုံးကွယ်ရင်း 'ကျောင်းနေရင်း ရည်းစား မထားဘူးလို့ ငါ့မိဘတွေကို ကတိပေးထားတာ။ ဒီတော့ ဒီလိုလုပ် နင်ငါ့ကို တကယ်ချစ်ရင် ကျောင်းမပြီးမချင်း ဘယ်သူ့ကိုမှ မချစ်နဲ့၊ မပွေ့နဲ့။ ငါ စောင့်ကြည့်နေမယ်။ ကျောင်းပြီးသွားလို့ ငါ မှာခဲ့သလို တကယ်နေနိုင်ခဲ့တယ်လို့ နင့်ကိုယ်နင် ယုံကြည်ရင် အဖေတို့၊ အမေတို့ဆီမှာ လာတောင်း၊ အဖြေက ပေးပြီးသားပဲ၊ ဒါပေမဲ့ ငါ့အဖြေက နင့်အပေါ်မှာပဲ ပြန်တည်တယ်နော်'လို့ ပြောတော့-

'နင် တကယ်ပြောတာလား မယု'လို့ မျက်ဝန်းတောက်တောက်လေးတွေနဲ့ ကြည့်ရင်းထိုင်လိုက်ထလိုက် ဖြစ်နေတာကို သဘောတကျ ကျွန်မ ကြည့်ရင်း 'အင်း'လို့ မပွင့်တပွင့်ဖြေဖြစ်တော့ 'ဒီကြားထဲမှာ ငါက ဘယ်လိုနေရမှာလဲ'တဲ့။

'ဟဲ့။ ကျောင်းတက်လိုက် စာသင်လိုက်၊ စားလိုက်၊ အိပ်လိုက်၊ ဆိုင်ကယ်စီးလိုက်၊ ပျင်းရင် ငါ့ဆိုင်က စာအုပ်တွေ ငှားဖတ်လိုက်နေပေါ့'လို့ ဆရာကြီးလေသံနဲ့ ကျွန်မ ပြောတော့ 'နင့်ဟာ

**အနက်ရောင်ကတော့**
**အဲလို မဟုတ်ဘူး**
**တော်ရုံနဲ့**
**သူ့ဘဝ**
**သူ့အရောင်ကို**
**ပြောင်းမပေးဘူး**
**ဘာအရောင်ပဲ**
**လာထိထိ၊**
**အညစ်ခံ**
**အပေခံတယ်**
**အနက်က**
**အနက်ပဲ ဟော့လို့**
**ကြွေးကြော်ပြီး**
**ပြန်တွန်းလှန်တယ်**
**မတတ်သာလို့**
**အရောခံရင်တောင်**
**သူ့ပင်ကို**
**ဘဝအရောင်ကို**
**အပျက်မခံဘူး**

ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ မဟုတ်သေးဘူး ထင်တယ်ဟာ'လို့ ခေါင်းကုတ်ပြီး စကားမဆက်တတ်တော့သလို ထပြန်သွားတဲ့အထိ မောင်က ရိုးသားဖြူစင်ခဲ့သူပါ။

❑

၅။

စာသင်နှစ်တွေ တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးသွားချိန်မှာ တရားဝင်ချစ်သူတွေလို လျှောက်လည်တာတို့ ချိန်းတွေ့တာတို့တွေ မရှိခဲ့ပေမဲ့ ကျွန်မနှလုံးသားက သူ့ကိုချစ်သူအဖြစ် တိုးတိတ်စွာလက်ခံခဲ့ပြီးသားပါ။ ကျောင်းမှာလည်း တွေ့၊ ဆိုင်မှာလည်း နေ့တိုင်းဝင်ထွက်နေတာမို့ အပြင်မှာ မတွေ့ဖြစ်ကြတဲ့အထိ ချစ်သူခပ်စိမ်းစိမ်းဘဝနဲ့ နေခဲ့ကြပေမဲ့…။

မြို့ထဲမှာ ဆိုင်ကယ်တိုးမိတိုက်မိတဲ့ သတင်းတွေကြားတိုင်း သူ့ကိုဆီထည့်ပေးရင်း-

'နင် ဆိုင်ကယ်စီးရင် ဖြည်းဖြည်းစီးနော်၊ ကျောင်းကပြန်ရင် အိမ်တန်းပြန်၊ လမ်းမှာ သောင်တင်မနေနဲ့။ တိုးမိတိုက်မိတဲ့ သတင်းတွေကြားတယ်မို့လား'လို့ စိတ်ပူသလို မှာတတ်ပြောတတ်တဲ့ ကျွန်မအသံမှာ သံယောဇဉ်တွေ စိုးရိမ်တတ်မှုတွေ တနင့်တပိုးပါတယ်ဆိုတာ သူ့နှလုံးသားက သိနှင့်ပြီးသားပါ။

စာမေးပွဲနီးလာရင် သူကလည်း 'နင်စာတွေ ရရဲ့လား မယု၊ စာတွေက ရမှာပါ။ ပုံဆွဲတာ အဆင်ပြေရဲ့လား၊ နင်က မိန်းကလေးဖြစ်ပြီး စိတ်မှမရှည်တာ၊ ပုံဆွဲတာ စိတ်ရှည်ရင် ရပါတယ်ဟာ'လို့ စိုးရိမ်ပူပန်နေပုံတွေ ကြည့်ပြီး ကျွန်မနှလုံးသားကလည်း ကြည်နူးကျေနပ်ခဲ့တာပါပဲလေ။ (တရားဝင် အဖြေပေးထားတဲ့၊ ချစ်သူ မဖြစ်သေးတဲ့၊ စည်းဘောင်တစ်ခုထဲက ကျောင်းနေစဉ်အရွယ် ချစ်သူတွေပေါ့။)

❑

၆။

နောက်ဆုံးနှစ်ရဲ့ နှစ်စပထမနေ့မှာ ဆိုင်ရှေ့မှာ လာရပ်တဲ့ တန်ဖိုးကြီးကြီးကားအကောင်းစားကြီးကို ကျွန်မငေးနေတုန်း အမျိုးသမီးနှစ်ယောက်နဲ့အတူ ဆင်းလာတဲ့ မောင့်ကို ကျွန်မအံ့အားတသ[illegible] ကြည့်နေဖြစ်တာ အသက်[illegible] ရပ်မတတ်ပါဘဲ။

'ဒါ၊ ငါ့မမကြီးနဲ့ [illegible] လတ်လေ မယု'လို့ ပြော[illegible] အစ်မတွေနဲ့ မိတ်ဆက်[illegible] တော့ ခပ်ကျဉ်းကျဉ်းဆိုင်[illegible] လေးထဲမှာ အားတုံ့အား[illegible] ဧည့်ခံရပါတော့တယ်။ [illegible] ရွှေရင်းနီးပွင့်လင်းဟန်နဲ့ [illegible] အစ်မတွေဟာ နှစ်ဦးစ[illegible] အင်ဂျင်နီယာတွေဖြစ်ပြီး [illegible] ကာပူနိုင်ငံမှာ အလုပ်ဝင်[illegible] ကြသူတွေဖြစ်သလို တ[illegible] က အဲဒီက လုပ်ငန်းရှင်[illegible] ယောက်နဲ့ လက်ထပ်ပြီး [illegible] ကာပူနိုင်ငံသူအဖြစ် ခံယူ[illegible] တာ သိလိုက်ရတော့ ကျွ[illegible] စကားမဆက်နိုင်အောင် [illegible] အားတွေ သင့်ခဲ့ရတာပါ။

'မမကြီးတို့၊ မမလ[illegible] တို့က အဆင့်အတန်းမခွဲတ[illegible] ပါဘူး ညီမလေးရယ်၊ [illegible] သာတယ်ဆိုတာ နောက်[illegible] ဘဝတွေက ကံအကြော[illegible] တွေလည်း ပါသေးတယ်[illegible] လား။ လူတစ်ယောက်မှ[illegible] အဓိကက ကိုယ်ကျင့်တရား[illegible] ကောင်းဖို့၊ ဆင်းရဲတာက[illegible] ချမ်းသာဖို့တော့ ကြိုးစားယူ[illegible] တာပေါ့။ ကိုရဲရော ညီမလေး[illegible] ရော ကျောင်းပြီးတာနဲ့ [illegible] မမကြီးတို့ဆီ လာလုပ်ကြ[illegible] ပေါ့။ ၂ နှစ်လောက်ငွေစု[illegible] ရင် လက်ထပ်ကြလေ[illegible] ကျောင်းပြီးရင် မမတို့ညီမလေး[illegible] မိဘတွေဆီလာပြီး စေ့စပ်[illegible] မယ်'လို့ပြောမှ ကျွန်မ မောင့်[illegible] ကို ပေးထားတဲ့ ကတိက[illegible] မှတ်မိသတိရဖြစ်တာပါ။

ပျော်ရွှင်တတ်သူ[illegible] အတွက်တော့ မိုးမမြင်[illegible] မမြင် မဟာအခွင့်အရေးကြီး[illegible]



www.burmeseclassic.com

www.burmeseclassic.com

…(အနက်ရောင်ကိုမှ ချစ် …ခဲ့တဲ့) ကျွန်မအတွက် … ကျွန်မ ကျောင်းစရိတ် …ညည်းမညျူရှာပေးခဲ့တဲ့ …ရယ်၊ တစ်ဦးတည်း … သမီးမို့ နှစ်ဦးတည်းရှိ … အမေနဲ့အမေကို စွန့်ပစ်ပြီး …နိုင်ငံတစ်ခုမှာ ဘဝ …တစ်ခု အလွယ်တကူ …တောက်ဖို့…။

၄။

ကျွန်မ ကျောင်းမှာ …ပြန်လုပ်ဖို့ အလုပ်ခန့် …နေ့မှာပဲ မောင်က သူ့ …တွေရှိရာ စင်ကာပူကို …နိုင်ငံသား အင်ဂျင်နီယာ …ယောက်အဖြစ် ထွက် …ပါပြီ။ 'အနက်ရောင်ကို …နှစ်သက်တဲ့ ကျွန်မ …သားဟာ အနက်ရောင် …စက်၊ ကောက်ကျစ်၊ …နေခဲ့တာ စကတည်း …ခဲ့တာ သူ့အမှား'လို့ …တွေနဲ့ နာကျင်အောင် …နှုတ်ဆက်သွားခဲ့ပါ …တယ်။

မောင့်ဆွေမျိုးစုတွေရဲ့ …ဆုံးဖြတ်ချက်ကတော့ …ယောက်ရဲ့ဘဝ ဆင်း … အပြစ်မရှိပါဘူးတဲ့။ …မှ ဆင်းရဲနေတဲ့ဘဝက …ပြောက်ပြီး ချမ်းသာဖို့ …အရေးရပါလျက်နဲ့ ချမ်း … မကြိုးစားရင်တော့ …မှာ အပြစ်ရှိတယ်'တဲ့ … ကျွန်မ ရေငုံ့နှုတ်ပိတ် …တိတ်လေးပဲ သွေးအေး …ခဲ့ယူပြီး ရဲရဲဝံ့ဝံ့ ကျွန် … ချန်နေရစ်ခဲ့ပါတယ်။

ကလေးတွေကို ပုံဆွဲ …နည်းတွေနဲ့ စနစ်တကျ …ပြီးမှာ သူတို့ပြီးစီးဖို့

အချိန်ထိစောင့်နေတုန်း ရုံးခန်းက စာရေးမလေး ကျွန်မ စာသင်ဆောင်ကို ရောက်လာပါတယ်။ 'ဆရာမ ဒေါ်ယုယုဆွေ၊ ရုံးခန်းမှာ ဧည့်သည် ရောက်နေတယ်'လို့ လာပြောတော့ ထွက်လိုက်ဖို့ ပြင်ဆင်တုန်းမှာပဲ တန်ဖိုးကြီးကြီး ကားတစ်စီးက ကျွန်မစာသင်ဆောင်ဘက် မောင်းလာတာမို့ ရပ်စောင့်နေလိုက်မိပါတယ်။

ပထမဆုံး ကားပေါ်က ဆင်းလာတာမြင်ရုံနဲ့ ကျွန်မတို့နိုင်ငံသူမဟုတ်မှန်း သိရတဲ့ တိုင်းတစ်ပါးသူနဲ့ ၄ နှစ်အရွယ်ကလေးငယ်ပါ။ ပြီးမှဆင်းလာတဲ့(မောင့်)ကိုမြင်တော့ ကျွန်မ အံ့အားသင့်နေရာကနေ ပြုံးပြုံးနှုတ်ဆက်ဖို့ ကြိုးစားရပါတယ်။

'နည်းပညာကို ဝင်ခဲ့သေးတယ်။ မအိန္ဒိစိုးတို့က မယု ဒီကျောင်းမှာ ကျောင်းအုပ်နဲ့ရှိတယ်ဆိုလို့ ဝင်ခဲ့တာ'

'ဒီမှာပဲ သင်လိုက်တယ်။ ကျောင်းအုပ်ဆရာမလည်းဖြစ်၊ ဆိုင်နဲ့အိမ်နဲ့လည်း နီးတယ်လေ။ ပြီးတော့ ငါတို့က ဒီကျောင်းကိုစတက်ပြီး ဒီမှာပဲ ပြီးခဲ့တာဆိုတော့ ကျောင်းကိုလည်း သံယောဇဉ်ရှိလို့ပါလို့'ဖြေရင်း အခန်းထဲဝင်ဖြစ်ကြပါတယ်။

'ဒါ ငါ့အမျိုးသမီးပဲ'လို့ မိတ်ဆက်ပေးတော့-

'မိုင်နီမ်းအစ်စ် ဖန်းယီ' လို့ နှုတ်ဆက်ရင်းလက်ကမ်းပေးတဲ့မောင့်အမျိုးသမီးကို-

'မိုင်နီမ်းအစ်စ် ယုယုဆွေ'လို့ လက်ဆွဲပြီး ပြန်နှုတ်ဆက်တာကို ကြည့်နေတဲ့ မောင့်မျက်နှာပြင်အပေါ်ယံက ဝေဒနာအစွန်းအစတွေကို မြင်ရပေမဲ့ ဟန်မပျက် ကျွန်မ နေပေးလိုက်နိုင်ပါတယ်။

'ဆရာမ ကျွန်တော်ကျောင်းအပ်တုန်းက ကျန်တဲ့ ကျောင်းဝင်ကြေး'အနားလာရပ်ရင်း ကျောင်းလခသွင်းတဲ့ ကလေးကို ဖြတ်ပိုင်းပြန်ပေးတော့ မောင့်အမျိုးသမီးက ယဉ်ကျေးစွာအင်္ဂလိပ်လို မေးလာပါတယ်။

'ကျောင်းသားတစ်ယောက်ရဲ့ကျောင်းလခဘယ်လောက်ပါလဲ။ ဖြေခွင့်ရှိရင် ကျေးဇူးပြု၍ ပြောပြပေးပါ'တဲ့။

'မြန်မာကျပ်ငွေ ၁၈၀၀ ကျပ်ပါ။ တစ်လအတွက် မဟုတ်ပါဘူး။ တစ်နှစ်လုံးအတွက်ဖြစ်ပါတယ်'လို့ ကျွန်မဖြေတော့ အံ့အားသင့်ဟန်နဲ့ ပြန်ပြောပါတယ်။

'မြန်မာကျပ်ငွေ ၁၈၀၀ ကျပ်က စင်ကာပူမှာ သူငယ်တန်းကလေးတစ်ယောက်ရဲ့ တစ်နေ့မုန့်ဖိုးတောင် မလုံလောက်ပါဘူးတဲ့။ ဒီလောက်ငွေကြေးနဲ့ အင်္ဂလိပ်ပညာကို သင်လို့ရတဲ့နိုင်ငံ ကမ္ဘာမှာ မြန်မာတစ်ခုတည်းရှိမယ် ထင်ပါတယ်တဲ့ ။ စာသင်ဆောင်တွေ၊ သင်ကြားမှုအကူပစ္စည်းတွေ နိမ့်နေပေမဲ့ ဒီနိုင်ငံရဲ့ပညာရေးစနစ်နဲ့ ဒီကျောင်းက ဆရာ၊ ဆရာမတွေကို အထင်မသေးရဲပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီကျောင်းကထွက်လာတဲ့၊ သိပ်တော်တဲ့ မြန်မာအင်ဂျင်နီယာတစ်

ယောက်သူ့ဘေးမှာ ၅ နှစ်လုံးလုံး ရှိနေခဲ့လို့ပါ'လို့ ချီးကျူးစကားဆိုတော့ ကျွန်မက 'ကျေးဇူးတင်ပါတယ်'လို့ ကျေကျေနပ်နပ် ပြန်ပြောဖြစ်ပါတယ်။

စိတ်ထဲကတော့-

'မစ္စဖန်းယီရေ၊ ရှင်ကတော့ နိုင်ငံကြီးသူပီပီ ကျွန်မတို့ကို တန်းမြင်ပေမဲ့ ရှင့်ဘေးက အင်ဂျင်နီယာကြီးကို မြင်တတ်အောင် သင်ပေးပါဦးလို့'စကားနာလေးထိုးဖြစ်ပါသေးတယ်။

ကျွန်မဆီ ခွင့်တောင်းပြီး မစ္စဖန်းယီက စာသင်ဆောင်တွေ၊ ကလေးတွေ ပုံဆွဲနေပုံတွေကို ဗွီဒီယိုကင်မရာအသေးနဲ့မှတ်တမ်းတင်နေချိန်မှာ'မယု အိမ်ထောင်မပြုသေးဘူးလား'ဆိုတဲ့ မောင့်ဆီက မေးခွန်းတစ်ခု ဖျတ်ခနဲကြားလိုက်ရပါတယ်။

အဖြေက ကျွန်မမှာ အဆင်သင့်ရှိပြီးသားမို့-

'ကျွန်မက အနက်ရောင်ကို နှစ်သက်မြတ်နိုးခဲ့တာပဲ ရဲသူ့အောင်ရယ်။ ကိုယ့်ဘဝကိုယ့်အရောင်အပေါ် အမြဲသစ္စာရှိခဲ့တာပဲ။ အလွယ်တကူအရောင်အသွေး မခံသလို ဘာနဲ့မှလည်း အရောင်မပြောင်းတတ်ဘူးလေ။ ဘာကြောင့်အိမ်ထောင်ပြုရမှာလဲ'

အနက်ရောင်ရဲ့ သစ္စာတရား မည်းမည်းမှောင်မှောင်တွေကို လက်တွေ့မြင်ခွင့်ရသွားတဲ့ မောင့်မျက်နှာမှာ နာကျင်ကြေကွဲမှုတွေ ဖြတ်ပြေးသွားတဲ့ တစ်ခဏအတွင်းမှာ ကျွန်မ အရှုံးတွေကျေမွသွားသလို စိတ်ထဲမှာလည်း ပေါ့ပါးလွတ်လပ်သွားပါတော့



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒီပွဲမှာ ကျွန်မ နိုင်ပြီပေါ့။

'မယု စာသင်ပျက်နေမယ်။ ဆိုင်ကို ပြီးမှလာခဲ့တော့မယ်။ သမီးကို နှုတ်ဆက်ပါဦး' လို့ပြောတော့ 'ကလေးက မြန်မာလိုပြောတတ်ရဲ့လား' လို့ ကျွန်မမေးတော့-

'ပြောတတ်ပါတယ် ဆရာမ။ ဖေဖေက သမီးကို မြန်မာစကားရော၊ မြန်မာစာပါ သင်ပေးပါတယ်' လို့ ချက်ချက်ချာချာ ပြန်ပြောတာမို့ အံ့အားတသင့် ဒူးထောက်ပြီး ကျွန်မ ထွေးပွေ့ယူလိုက်မိပါတယ်။

'တော်လိုက်တာ သမီးရယ်၊ သမီးနာမည် ဘယ်လိုခေါ်လဲ'

'ယုယုဆွေပါ အန်တီ။ သမီးမှာ မြန်မာနာမည်တစ်ခုပဲ ဖေဖေ ပေးထားပါတယ်။ ယုယုဆွေပါ'

ကျွန်မ အသက်ရှူရပ်မတတ်နာကျင်မွန်းကျပ်မှုတွေ နှလုံးသားမှာ ပြင်းရှနာကျင်မှုတွေနဲ့ မောင့်မျက်နှာကို အထိတ်တလန့် မော့ကြည့်လိုက်မိပါတယ်။ လက်မတင်လေး အနိုင်ရပြီးထင်ခဲ့ပေမဲ့ ခဏချင်းမှာပဲ ကျွန်မ ရှုံးခဲ့ပြန်ပြီပေါ့။

သူတို့မိသားစု နှုတ်ဆက်ထွက်သွားပြီးချိန်ထိ အသိတရားတွေနဲ့(စာသင်ချိန်တာဝန်ချိန်)ဆိုတာတွေနဲ့ ကြိုးစားနေရစ်ခဲ့တာတောင် ကလေးတွေရှေ့မှာ မူတော့ ပျက်နေပါပြီ။

'ဆရာမ သူငယ်ချင်းလား' လို့ ရှေ့ဆုံးက စပ်စုမတို့အဖွဲ့က စပ်စုလာတာမို့-

'ဟုတ်ပါ့တော်။ တော်တို့ အခုဆွဲနေတဲ့ ခုံမှာပဲ နည်းပညာက ဆရာမနှစ်ယောက်ရယ်၊ သူရယ်၊ ကျုပ်ရယ် တော်တို့ အခုလိုပုံတွေ ဆွဲသလို ဆွဲခဲ့ကြတာလို့' အငေါ်တူးသလို ပြောမိတော့-

'ဟင်၊ ဆရာမကလည်း ကိုယ့်သူငယ်ချင်းတွေ နိုင်ငံခြားမှာ ဟိုက်ဘော့အင်ဂျင်နီယာတွေဖြစ်နေတဲ့ဟာ သွားလုပ်ပါလား' တဲ့။

မမျှော်လင့်ဘဲဖြတ်ဝင်လာတဲ့ မေးခွန်းက ငိုချင်နေတဲ့သူကို လက်တို့လိုက်တာမို့ စားပွဲခုံပေါ် မျက်နှာအပ်ရင်း 'ငါ မသွားတာ နင်တို့ကို မခွဲနိုင်လို့ မထားရစ်ခဲ့နိုင်လို့ပေါ့ဟဲ့' လို့ ပြောရင်း ကျုံကျုံပါအောင် ငိုချပစ်မိတော့ကလေးတွေက-

'ဒါမှ တို့ဆရာမကွ' လို့ ဝိုင်းပြီး ပွေ့ကြ၊ နမ်းကြ၊ ဝိုင်းဖက်ကြမှ ကျွန်မ လန့်ပြီး-

'ဟဲ့ ဟဲ့။ ဖယ်ကြ၊ ဖယ်ကြ။ လွှတ်ကြဦး' လို့ အော်ရင်း ပြုံးမိပြန်ပါ...

ဒါပေမဲ့ အင်ဂျင်နီယာကြီး... ပြုံးသူဆရာမမှာ မျက်... တွေနဲ့ပေါ့။ အနက်ရောင်... သားပိုင်ရှင် T.T.S.T... ဆရာမတစ်ယောက်က ... ထုတ်ပေးလိုက်တဲ့(အပြ... အင်ဂျင်နီယာတွေ) ... များစွာ ပေါ်ထွက်လာမှာ... သလို၊ အဲဒီထဲက ... တွေများ နောက်ထပ်...

ကျွန်မတို့ပတ်ဝန်း... တွင် အရောင်များစွာ ... သည်။ စိတ်ကြိုက်အရော... တွေကို ကျွန်မတို့ရွေး... ခြယ်သခဲ့ကြတာပဲ... ကျွန်မတို့ဘဝကို နှစ်သက်... အရောင်တွေ အမျိုးမျိုး... ကြတာမို့လား။ အဲဒီ... ကျွန်မက အနက်ရောင်... ရွေးချယ်နှစ်သက်သော... မိခဲ့တာပါ။ ■

**အောင်ဖြိုးကျော်**(ပေ...


သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မုလပထ...



**ကွန်ပျူဗေဒသုခ...**

**မှာ**

**အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်...**

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကော... တိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလက်မှတ်... ဩဂီစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၈ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဝိုလ်ဝိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

**(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)**

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၂၈၆၆၅၊၀၉-၇၃၀၇၇၇၃၀၊၀၉-၅၀၇၄၂၂၆

**Website: www.baydathukhuma.com**


www.burmeseclassic.com

www.burmeseclassic.com





## ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းတို့၏အရည်အချင်းကို ဗုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှုထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ပင်ကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရပ်များ၊ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင်ကောင်းတို့၏ အမှုအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမှုအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။



## ...ဗုဒ္ဓတရားတော်များနှင့် မြန်မာစကားပုံများ - ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ)

...တွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဗုဒ္ဓမြတ်စွာ၏တရားဒေသနာတော်များကို အသီးသီးဖော်ညွှန်း...ရှိနေကြသည်။ စကားပုံများမှ ညွှန်ပြထားသော ဗုဒ္ဓတရားတော်များကို သိရှိလိုက်နာကျင့်ကြံ၍လောကီအကျိုး...ကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမသြဝါဒများကို ပေးလိုသည့်အခါ...စကားဖြင့် ဆုံးမသြဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး၊ သို့မဟုတ် ရေးသားပြီး ဆုံးမသြဝါဒပေးခြင်းက...ညီရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။



## ဂျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါကတိုင္ခ)

ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝမှရုန်းထခဲ့ရသော ဂျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အဆိုပါ အဓိကဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးစနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလုပ်ငန်းများနှင့် ဘဏ်များ လက်ပွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်းထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြကုန်သူအားလုံး၊ အသိပညာ၊ အတတ်ပညာဖြန့်ဝေသူများ၊ ငွေကြေးဈေးကွက်တွင် လှုပ်ရှားသူများ၊ စီးပွားရေးလုပ်ဆောင်သူများက ကြုံဆိုရမည့်စာတစ်အုပ် ဖြစ်သည်။



## ...ာင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့

...ပြ သရုပ်ပြများ၊ ဝိမ်ခန့်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုမြို့နယ်တရားသူကြီးများ၊ ဒု-ဦးစီးမှူးများ၊ ...အကောက်ခွန်မှူးများ၊ ဒု-စီမံကိန်းမှူးများ စသည့် ဌာနဆိုင်ရာ အရာရှိငယ်များနှင့် ပြန်တမ်းဝင်အရာရှိရာထူးအား...အတွက် ရေးဖြေ၊ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန်ပြုစုထားသည်။ အထွေထွေဗဟုသုတနှင့် မြန်မာစာ...သာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုး...မြင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။



## ထေရဝါဒရှုထောင့် - မင်းနှင်(မော်ကျွန်း)

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကာသ ဖန်တီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သိလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလျား၍မလာ၊ ဘာတရားထူးမှုလည်းမရနိုင်၊ သောတာပန် ဖြစ်ဖို့ဆိုသည်မှာထားလေဦး ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှုကုသိုလ်တို့၏ အစအမွန်ဖြစ်ကြောင်း ဖော်ပြထားသည်။



## မြတ်ဗုဒ္ဓလက်ထက် ပါရမီရှင်အမျိုးသမီးများ

အရာရာ၌ ယောက်ျားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထို...အရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက်ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကိုရေးသားထားခြင်းဖြစ်သည်။ မဟာပဇာပတိဂေါတမီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ဝုဋ္ဌသုဘဒ္ဒါ၊ သုမနဒေဝီ၊ ဒီဃဇောသိ၊ ဥတ္တရာနှင့် သိရိမာ၊ စာပါ၊ ဥပ္ပလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်


အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၈၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။

ရောက်ပြီ

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com



ရွှေအသစ်
ဝတ္ထုတိုတွေထဲမှာ
ရွှေမောင်း
အကြိုက်ဆုံး
ဝတ္ထုက
နေ(ပင်လယ်ပြာ)ရဲ့
နှစ်ကောင် ပါ
အကြောင်းအရာက
ကဏန်း
အရေခွံလဲတဲ့
အကြောင်းအရာပါ
ပြောရရင်
'သုတ'ကို
စာဖတ်သူဆီ
ပို့ပေးထားတဲ့စာပါ
ဒါပေမဲ့
အဲဒီသုတထဲမှာ
ကဏန်းဖိုရဲ့
မေတ္တာတရားနဲ့
ကဏန်းမရဲ့
သစ္စာမဲ့မှုတို့ကို
စာဖတ်သူ
နင့်ခနဲ ခံစား
သွားရလေအောင်
ရေးဖွဲ့ပြနိုင်ခဲ့
ပါတယ်


၁၈၈၈ ခုနှစ်၊
ခရစ္စမတ်အကြိုည
ဖြစ်ပါတယ်။ လူတစ်စုဟာ
နယူးယောက်က
၂၅ မိုင်အကွာ
ပင်လိုပျံစ်
ရွာကလေးကို
မီးရထားနဲ့
သွားနေကြတယ်။
မီးရထားက
ရွာကလေးကို ဆိုက်တော့
ရေနံဆီမီးအိမ်
ခပ်မှိန်မှိန်အောက်မှာ
အသင့်စောင့်ကြိုနေတဲ့
မြင်းရထားကို
တွေ့လိုက်ရတယ်။
ကြယ်ရောင်မှုန်
ညကလေးတစ်ညပေါ့။
ဆီးနှင်းဖွေးဖွေးတွေကြားမှာ
သူတို့တစ်တွေဟာ
သောမတ်စ်အက်ဒီဆင်ရဲ့
အလုပ်ရုံကလေးကို
သွားနေကြတာပါ။
နှစ်စဉ်လိုလို
အက်ဒီဆင်ဟာ
သူ့မိတ်ဆွေတွေကို
ထူးထူးဆန်းဆန်း
လုပ်ပြနေကျပါ။
ဆီးနှင်းဖွေးဖွေး
အမှောင်ထုထဲမှာ
စိန်ပွင့်လေးတွေ
တောက်ပနေသလို
ပတ်ဝန်းကျင်တစ်ခုလုံး
လင်းထိန်တောက်ပနေတာကို
မြင်လိုက်ရတော့
သူတို့တစ်တွေ
မှင်တက်မိသွားကြပါတယ်။
ဘာကြောင့်လဲ။
ဘူတာရုံကနေ အလုပ်ရုံကို
ကြိုးတွေ သွယ်ပြီး
မီးထွန်းထားလို့ပါပဲ။
နှစ်ပေါင်း ၁၂၅ နှစ်
ရှိခဲ့ပါပြီ။ အက်ဒီဆင်က
'ကြိုက်လား၊
အဲဒါလျှပ်စစ်မီးပေါ့' လို့
ပြောလိုက်ပါတယ်။
အဲဒီကတည်းက
ရွှေမောင်းတို့တစ်တွေ
လျှပ်စစ်မီးရခဲ့တာပါ။
နှစ် ၁၀၀ ပြည့်
အခမ်းအနားကျင်းပရာမှာ
အက်ဒီဆင်ကို
ဂုဏ်ပြုတဲ့အနေနဲ့
လျှပ်စစ်မီးတွေကို
ခေတ္တပိတ်ပြီး
အမှောင်ထဲမှာ
နေခဲ့ကြပါတယ်။
သူတို့တစ်တွေက
တစ်ကြိမ်တည်းနဲ့
ပြီးခဲ့သူတွေပါ။
မီးပိတ်ပြီး အမှောင်ထဲမှာ
နေရတိုင်း အက်ဒီဆင်ကို



www.burmeseclassic.com

www.burmeseclassic.com

မြင့်မားရေးအတွက်
လိုအပ်ချက်များကို
တခြားနိုင်ငံတွေနဲ့
နှိုင်းယှဉ်ရေးဖွဲ့ထားတဲ့
ဆောင်းပါးတစ်ပုဒ်ပါ။
တစ်ကြိမ်တည်းနဲ့
မပြီးတဲ့တိုင်းပြည်အဖြစ်
ဆက်သွားနေမှာကို
စာရေးသူက
စိုးရိမ်နေပါတယ်။
တိုင်းပြည်တစ်ပြည်ကို
ကောင်းစေချင်ရင်
တကယ်ကောင်းအောင်
လုပ်မှရပါမယ်။
မီတာခတွေ တက်၊
မီးပျက်၊ လုပ်အားတွေ
ဆုံးရှုံး၊ အချိန်တွေ ဆုံးရှုံး
အားလုံးကမောက်ကမ
ဖြစ်နေရပုံကို ပွင့်ပွင့်လင်း
လင်းရေးသားဖော်ပြထားတဲ့
ဆောင်းပါးပါ။
ဖတ်ကြည့်ပါဦး။
ထက်ကျော်ရဲ့
**အမှောင်ခွင်း၍**
**အလင်းဆောင်ကြပါ** ဟာ
လွတ်လပ်ရေး
ရပြီးကတည်းက
ကြိုးပမ်းခဲ့တဲ့
**အမှောင်ခွင်း၍**
**အလင်းဆောင်အံ့** ဟာ
ဟိုလူဒီလူတွေရဲ့
ပယောဂနဲ့ တိုင်းပြည်




...ရှာသက်ရောက်တယ်
...တော့ မြန်မာနိုင်ငံအဖို့
...ပေါင်းများစွာ
...နေခဲ့တယ်။
...ည်း
...နေဆဲပါပဲ။
... နိုဝင်ဘာလ
...သီမှာ ဖော်ပြခဲ့တဲ့
...ကျော်သာ(ပဲခူး)ရဲ့
...ကြိမ်တည်းနှင့်
...ည့် **တိုင်းပြည်** ဟာ
...နိုင်ငံရဲ့
...စီမံးအပါအဝင်
...အဆင့်အတန်း

www.burmeseclassic.com

ကံကြမ္မာကြောင့် ဘက်ပေါင်းစုံ အမှောင်မခွင်းနိုင်ဘဲ ပိုပြီးမှောင်တဲ့ ချောက်နက်ကြီးထဲ ကျသွားခဲ့ရတဲ့အတွက် ကိုယ်စီကိုယ်စီ အမှောင်ထဲက အလင်းတစ်စကို ဆွဲထုတ်ယူကြဖို့ ပန်ကြားထားတဲ့ ဆောင်းပါးပါ။

မိုးထက်ကျော်(ကွင်းကောက်)ရဲ့ **လရောင်ငတ်တဲ့ည** ဟာ ဒီလောကကြီးမှာ အဖေရှိလျက်နဲ့ အဖေနဲ့အတူ တူနေခွင့်မရရှာတဲ့ ပစ္စည်းမဲ့ ကျောင်းသူလေး မေသူအောင်ရဲ့ဘဝဖြတ်သန်းမှုကို သနားစဖွယ်ရေးဖွဲ့ပြထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ မိုးထက်ကျော်ဟာ လူမမည်ကလေးတစ်ယောက်ရဲ့မေတ္တာငတ်မွတ်မှုကို ပုံဖော်ရေးဖွဲ့ရာမှာ စတိုးဆိုင်ပိုင်ရှင် ဦးညီရဲ့ရှုထောင့်က ဖော်ပြထားပါတယ်။ ဖတ်ကြည့်ပါ။ ဝတ္ထုကောင်းလေးတစ်ပုဒ်ပါ။

*၂၀၁၃၊ နိုဝင်ဘာ*
*မဟေသီ*

❑

ဒီလ ရွှေအသစ်ဝတ္ထုတိုတွေထဲမှာ ရွှေမောင်းအကြိုက်ဆုံးဝတ္ထုက နေ(ပင်လယ်ပြာ)ရဲ့ **နှစ်ကောင်** ပါ။ အကြောင်းအရာက ကဏန်းအရေခွံလဲတဲ့ အကြောင်းအရာပါ။ ပြောရရင်'သုတ'ကို စာဖတ်သူဆီ ပို့ပေးထားတဲ့စာပါ။ ဒါပေမဲ့ အဲဒီသုတထဲမှာ ကဏန်းဖိုရဲ့ မေတ္တာတရားနဲ့ ကဏန်းမရဲ့ သစ္စာမဲ့မှုတို့ကို စာဖတ်သူ နင့်ခနဲခံစားသွားရလေအောင် ရေးဖွဲ့ပြနိုင်ခဲ့ပါတယ်။ တိရစ္ဆာန်တွေကို ဇာတ်ကောင်ပြုပြီး ရေးဖွဲ့တတ်တဲ့ ဝတ္ထုရေးသူတွေကို တွေ့ဖူးသလို၊ သူတို့ရေးတဲ့ဝတ္ထုတွေကိုလည်း ဖတ်ဖူးပါတယ်။ ဒါပေမဲ့ နေရဲ့**နှစ်ကောင်** လောက် မခံစားခဲ့ရဖူးပါ။ ပြီး ပြောစရာရှိတာက ဝတ္ထုအတတ်ပညာရော၊ အနုပညာပါ အားကောင်းနေလို့လည်း စာဖတ်သူ့ရင်ကို ထိရှနိုင်ခဲ့တာပါ။ သဘာဝယုတ္တိရှိမှု ခိုင်မာအောင် ရေးဖွဲ့ရခက်ခဲတဲ့ဝတ္ထုတိုတစ်ပုဒ်ကို နေက ယုတ္တိရှိအောင်၊ စဉ်ဆက်ညီညွတ်အောင် ရေးဖွဲ့ပြသွားပါတယ်။ မဖြစ်ဖြစ်အောင် ဖတ်ကြည့်ပါလို့ တိုက်တွန်းလိုက်ပါတယ်။

> ညီမင်းညိုရဲ့
> **သူတောင်းစား**
> **ဝတ္ထု**
> ဟာ
> မြန်မာနိုင်ငံ
> စီးပွားရေး
> မြို့တော်ကြီးရဲ့
> ညယဉ်ကျေးမှုကို
> ဖော်ပြ
> ရေးဖွဲ့ထားတဲ့
> 'အပြ'ဝတ္ထုတို
> တစ်ပုဒ်ပါ
> ညီမင်းညိုဟာ
> စာပေ
> ပုံသဏ္ဍာန်မျိုးစုံ
> စာပေ
> အမျိုးစားမျိုးစုံကို
> ရေးဖွဲ့နိုင်တဲ့
> စွယ်စုံ
> စာရေးဆရာ
> တစ်ဦး
> ဖြစ်ပါတယ်

ဒုတိယတစ်ပုဒ်က ခန့်ညီဖေရဲ့ **ကယ်ပေါက်** ပါ။ ဆင်းရဲချမ်းသာ မညီမျှမှု၊ လူလတ်တန်းစားပျောက်ဆုံးနေမှုတို့ကြောင့် ပစ္စည်းမဲ့လူတန်းစားတွေရဲ့ဘဝဟာ ကူရာကယ်ရာမဲ့ ဖြစ်နေတဲ့အချိန်မှာ ခန့်ညီဖေရဲ့ဝတ္ထုလေးဟာ လူ့အဖွဲ့အစည်းတစ်ခုကို ထင်းခနဲမြင်လာအောင် လက်ညှိုးထိုးပြနိုင်ခဲ့ပါတယ်။ အားပြတ်ပြီး လဲနေတဲ့ ညီကို အမဲသား(အရွတ်)ကျွေးချင်လို့ ပင်ပင်ပန်းပန်းသွားလုပ်ပြီးရလာတဲ့ငွေ ၇၀၀ ကျပ်နဲ့ အမဲသားလက်ပုံကို ဝယ်နေစဉ်မှာ အဲဒီလက်ပုံကို ခွေးကျွေးဖို့ ယူသွားတဲ့ မိန်းမဆီက ငွေ ၇၀၀ ကို ခြင်းထဲထည့်လိုက်ပြီး အမဲသားထုပ်ပြန်လုတဲ့ အကြောင်းအရာပါ။ ဖတ်ကြည့်ပါ။ ဖတ်သူတိုင်း ခံစားရမယ့်ဝတ္ထုတိုတစ်ပုဒ်ပါ။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲကြောင့် စီးပွားရေး ပုံသဏ္ဍာန်လည်း ပြောင်းလဲလာပါတယ်။ ဆိပ်ကမ်းသစ်တွေ တိုးချဲ့ဆောက်လုပ်လာမှုတွေကြောင့် ဘိုးဘေးစဉ်ဆက်အခြေတကျနေလာခဲ့ကြတဲ့ သူတို့တစ်တွေ ပြောင်းရွှေ့ခံလိုက်ရတယ်။ ရေကြည်ရာမှာ မြက်နုမရှာတတ်သူတွေမို့ ရွာရဲ့မလှမ်းမကမ်းမှာပဲ တဲထိုးနေလိုက်ကြပါတယ်။ တစ်သက်လုံး ရန်ကုန်မြစ်ထဲမှာ ငါးရှာစားလာကြတဲ့သူတွေဟာ အခုတော့ လုပ်ငန်းသစ် ရလာခဲ့တယ်။ အဲဒါကတော့ နိုင်ငံခြားသင်္ဘောကြီးတွေကို ဈေးရောင်းတဲ့လုပ်ငန်းပါပဲ။

မိုးကျော်ဇင်ရဲ့ **ရန်ကုန်မြစ်၏တစ်နေရာ** ဟာ အဲဒီမိသားစုဘဝကို ထိခိုက်...
ကွဲဖွယ်ရေးဖွဲ့ထားတဲ့ ဝတ္ထု...
တစ်ပုဒ်ပါ။ တရုတ်သင်္ဘော...
သားတွေက သမီးပျိုလေး...
သွေးသားဆန္ဒနဲ့ပတ်သက်...
ရိုင်းပျတဲ့အမူအရာနဲ့ စော်ကား...
ပြတာကို ဖခင်တစ်ယောက်...
အနေနဲ့ ဘာအကာအကွယ်...
မပေးနိုင်ဘဲ ပြန်လာခဲ့ရပုံ...
မိုးကျော်ဇင်က လှလှပပ...
ဖွဲ့ပြထားပါတယ်။ မိုးကျော်...
ဇင်ရဲ့ **ရန်ကုန်မြစ်၏ တစ်နေ...**
ဟာ ခေတ်ကိုထင်ဟပ်...
နိုင်ရုံမျှမက လတ်ဆတ်...
အလင်္ကာ၊ လှပတဲ့ သီကုံး...
လေးနက်တဲ့လောကအမြင်...
နဲ့ ပေါင်းစပ်ရေးဖွဲ့ထား...
ဝတ္ထုကောင်းတစ်ပုဒ်ပါ။ ...
ဖြစ်အောင် ဖတ်ကြည့်ပါ...

မီမိုးရဲ့ **ကီး**ဟာ ...
သဘာဝအဖွဲ့ဝတ္ထုတိုလေး...
ဒီခေတ်လူငယ်တွေရဲ့ ...
အိမ်ထောင်ရေးနဲ့ အပြော...
အလဲမြန်ဆန်မှုကို မိခင်...
ယောက်ရဲ့ အတွေးစဉ်နဲ့...
ထားပါတယ်။ ပြော...
ဝတ္ထုတစ်ပုဒ်ရေးပြရလော...
တဲ့ အကြောင်းအရာမဟုတ်...
ဘူး။ ဒါကို ကြီးကျယ်...
နက်သွားအောင်၊ စာဖတ်...
လက်က မချနိုင်လောက်အော...
ဆွဲခေါ်သွားတဲ့အထိ ရေး...
ခဲ့တာကတော့ မီမိုးရဲ့အနုပညာ...
ပါ။ ဖတ်ကြည့်ပါဦး။

*၂၀၁၃၊ နိုဝင်...*
*ရွှေအမြု...*

❑

ဒီလ ကလျာ…...
ကဏ္ဍမှာဖော်ပြထား...
မောင်မိုးသူရဲ့ **မြန်မာပြည်...**
**စီးပွားရေးအနာဂတ်လူ...**
**ရင်းမြစ်** ဟာ သဘာဝ...
အမြစ်တွေကို မှီခိုစား...



www.burmeseclassic.com

www.burmeseclassic.com

…စားနေကြရတဲ့ဘဝက …ရင်းမြစ်တွေကို ဖွံ့ဖြိုး …အောင် လုပ်နိုင်ကြ … အကြံပြုရေးသားထားတဲ့ …ပါးပါ။ လက်ရှိမြန်မာ …အခြေအနေက ဦးနှောက် …ရှိနေတဲ့အပြင် ရွှေ့ …လုပ်သားမြောက်မြား …တွေလည်း နိုင်ငံရပ်ခြား …ပြည်တွေမှာ အလုပ်လုပ် …ရပါတယ်။ ဒါတွေဟာ …နိုင်ငံမှာ အလုပ်အကိုင် …အလမ်းတွေ မရှိလို့ ရေ …ရာ မြက်နုရာ သွားရှာ …တာတွေပါ။ ဒါ့အပြင် …က မြန်မာပြည်ရဲ့ …ပညာရေးကိုလည်း သူ့ …ပါးမှာ သုံးသပ်ဖော်ပြ …ါတယ်။ အသွင်ကူး …ရေး မြန်မာနိုင်ငံအတွက် …ချက်ကို ညွှန်ပြထားတဲ့ …င်းပါးတစ်ပုဒ် ဖြစ်ပါ …။ ဖတ်ကြည့်ပါဦး။

ဒီလ ကလျာ ဆောင်း …တွေထဲက ရွှေမောင်း …ပြညွှန်ချင်တဲ့ဆောင်းပါး …ဒ်ကတော့ ထွန်းဦးတင် **…ပြည်သူတစ်ရပ်လုံး စိတ် …မြင့်တက်လာစေနိုင်သော …နက်များ** ဖြစ်ပါတယ်။ …ကိုက်အပြုံလိုက်သေစေနိုင် …လက်နက်များ (Weapons …Mass Destruction WMD) …လူသတ္တဝါများစွာတို့ …သက်ဆုံးရှုံးနိုင်သလို တော …မြစ်ချောင်း၊ အဆောက် …များကိုလည်း ဖြိုဖျက်ပစ် …တဲ့လက်နက်မျိုးကို ဆိုလို …ပါ၊ အဲဒီအထဲမှာ ဓာတု …နက်၊ ဇီဝလက်နက်၊ ရေ …ရောင်ခြည်နဲ့ နျူကလီး …လက်နက်တွေ ပါဝင်ပါ …။ ဒီဆောင်းပါးမှာ စာ ရေးသူ တင်ပြထားတာက WMD နဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ပြည်သူတစ်ရပ်လုံး စိတ်ဓာတ်မြင့်မားလာစေနိုင်သော လက်နက်များ (Weapons of Mass Up Liftment - WMUs) ဆိုတဲ့ စွမ်းအားမြင့်မားတဲ့နိုင်ငံရေးကျင့်ဝတ်ဆိုင်ရာ လက်နက်ပါပဲ။ အဲဒီနိုင်ငံရေးသဘောတရားကို ဖော်ထုတ်ခဲ့သူမှာ ဖိလစ်ပိုင်နိုင်ငံသမ္မတဟောင်း မစ္စတာ ဖီဒယ်ဗီရာမို့စ် (Fidel V.Romos) ဖြစ်ပါတယ်။ ၂၀၀၅ ဖေဖော်ဝါရီ ၄ ရက်နေ့ထုတ် Manila Bulletin သတင်းစာမှာ ဖော်ပြထားတဲ့ အဲဒီစာတမ်းကို သူ့ဆောင်းပါးမှာ ဘာသာပြန်ဖော်ပြထားပါတယ်။ တိုင်းပြည်တစ်ပြည်မှာ ပြင်ပမှ သွင်းယူလို့ မရနိုင်တဲ့အရာမှာ အုပ်ချုပ်ရေးစနစ်ကောင်းဖြစ်ကြောင်း ထောက်ပြထားတဲ့ စာတမ်းဖြစ်ပါတယ်။ ဖတ်ကြည့်ပါဦး။

*၂၀၁၃၊ ဒီဇင်ဘာ ကလျာ*

❑

ဒီလ ရတီမှာပါတဲ့ ရေအေးရဲ့ **တောထွက်ခြင်းဟာ** အသက် ၇၀ ကျော် အဘိုးကြီး ဘိုးဘကွန်းရဲ့ နေဝင်ချိန်ဘဝဖြတ်သန်းမှုကို သံယောဇဉ်နဲ့ ရက်ဖောက်ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ရေအေးရဲ့ ဝတ္ထုတိုနှစ်ပုဒ်ကို ရွှေအသစ်ဝတ္ထုတိုအဖြစ် ဖတ်ခဲ့ရပါတယ်။ အသစ်လို့တောင် မယုံနိုင်စရာ အရေးအဖွဲ့ သေသပ်နေတာကြောင့် ရွှေမောင်းကျေနပ်မိခဲ့ပါတယ်။ ဒီဝတ္ထုမှာ ဘိုးဘကွန်းရဲ့ အထီးကျန်ဆန်မှု၊ မိသားစု ပစ်ပယ်ခံရမှုကို စာဖတ်သူ့ရင်ထဲ အရောက်ပို့ပေးပြီးမှ နိဂုံးမှာ ဘိုးဘကွန်း အဲဒီမိသားစုလောင်အိမ်ကို သံယောဇဉ် မဖြတ်နိုင်ပုံကို ရေးဖွဲ့ပြပါတယ်။ ဖတ်ကြည့်ပါဦး။

ဒေါက်တာအောင်သန်းဝင်းရဲ့ **သိထားသင့်တဲ့ဆီးချိုသွေးချိုရောဂါအကြောင်းဟာ** ဒီနေ့ခေတ်မှာ လူတိုင်းကို အသံမပြုဘဲ တိုက်ခိုက်လာနိုင်တဲ့ ဆီးချို၊ သွေးချိုရောဂါအကြောင်း စုံစုံလင်လင် ဖော်ပြသတိပေးထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ လူတိုင်းဖတ်သင့်တဲ့ ကျန်းမာရေးဆောင်းပါးတစ်ပုဒ်လို့ ဆိုချင်ပါတယ်။

*၂၀၁၃၊ နိုဝင်ဘာ ရတီ*

❑

ဒီလ ပေဖူးလွှာဝတ္ထုတိုတွေထဲက ပထမဦးဆုံး ညွှန်းချင်တာက မင်းမြင့်ဇင်ရဲ့ **အရင်းအနှီး**ပါ။ မန်ကျည်းရွက်တက်ချူးပြီး လက်ပံရောင်းနေရတဲ့ မိန်းကလေးတစ်ဦးက ဝယ်သူမိန်းမတစ်ဦးကို ပြန်ပြောပြတဲ့ အတွေးစဉ်နဲ့ ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ 'လမ်းဘေးမှာ သူ့ဟာသူပေါက်နေတဲ့ အပင်တွေကရတဲ့ မန်ကျည်းရွက်ကို ငါးဆယ်ဖိုး မရောင်းဖြစ်ဘူးဆိုတော့ ရယ်စရာကောင်းလိုက်တာ။ အရင်းအနှီးကလည်း ကြီးတာကိုး' လို့ ပြောလိုက်တဲ့ ဝယ်သူမိန်းမကို အလကားရတာ မဟုတ်ကြောင်း၊ ဘဝတွေကို ဖြန့်ခင်းပြောပြထားတဲ့ ဝတ္ထုတစ်ပုဒ်ပါ။ မင်းမြင့်ဇင်ဟာ သူ့ဝတ္ထုတွေထဲမှာ တကယ့်လူတွေကို ဓာတ်ကောင်ထား ရေးဖွဲ့တတ်ပါတယ်။ ၂၀၁၃ ဩဂုတ် ရွှေအမြုတေမှာပါတဲ့ **တို့များလည်း အားကျပါရဲ့** ဆိုတဲ့ ဝတ္ထုတိုလေးမှာလည်း တကယ့်လူတွေကို ဓာတ်ကောင်ပြု ရေးဖွဲ့နိုင်ခဲ့ပါတယ်။

ညီမင်းညိုရဲ့ **သူတောင်းစားဝတ္ထုဟာ** မြန်မာနိုင်ငံ စီးပွားရေး မြို့တော်ကြီးရဲ့ ညယဉ်ကျေးမှုကို ဖော်ပြရေးဖွဲ့ထားတဲ့ 'အပြေ' ဝတ္ထုတိုတစ်ပုဒ်ပါ။ ညီမင်းညိုဟာ စာပေပုံသဏ္ဌာန်မျိုးစုံ၊ စာပေအမျိုးစားမျိုးစုံကို ရေးဖွဲ့နိုင်တဲ့ စွယ်စုံစာရေးဆရာတစ်ဦး ဖြစ်ပါတယ်။ အတွေးရဲ့သလို အရေးလည်းရဲပါတယ်။ ဖတ်ကြည့်ပါ။ ဒီဝတ္ထုမှာ သူပေးတဲ့ Message ကို စာဖတ်သူရရှိမှာပါ။

မြေလတ်မောင်မြင့်သူရဲ့ **အမေမျှော်တဲ့သီတင်းကျွတ်ဟာ** အမေ့မေတ္တာဖွဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ ဒီကမ္ဘာပေါ်မှာ ဘယ်တော့မှ မရိုးနိုင်တဲ့ အကြောင်းအရာကို ပြောပါဆိုရင် အမေ့မေတ္တာကိုဖွဲ့တဲ့ အကြောင်းအရာပါပဲ။ ဆရာမောင်မြင့်သူဟာ သူနဲ့ ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေတွေရဲ့ အမေတွေကို ကျွန်တော်တို့မြင်အောင် ရေးပြပြီးမှ သူရဲ့မိခင်ကြီးကို ဝတ္ထုရဲ့ နိဂုံးမှာ ရေးဖွဲ့ပြပါတယ်။ ဖတ်ကြည့်ပါ။ စာဖတ်သူရဲ့ရင်ကို ထိမှန်နိုင်တဲ့ ဝတ္ထုတိုလေးတစ်ပုဒ်ပါ။

သန်းထွန်း(စကု)ရဲ့ **အမိုးအကာလေးနဲ့နေရာဟာ** လူတစ်ယောက်အတွက် ကျောတစ်နေရာချဖို့ လိုအပ်နေတဲ့ အိမ်ကလေးတစ်အိမ်ရဲ့ အကြောင်း အဆိုအမိန့်တွေနဲ့

www.burmeseclassic.com

အက်ဆေးဆန်ဆန် ရေးသားထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ စာရေးသူက House နဲ့ Home ကို ရှင်းလင်းရေးပြထားပါတယ်။ ဦးပုညရဲ့ အရေးအဖွဲ့၊ ဦးကြီးရဲ့ အရေးအဖွဲ့တို့အပြင် အခြားနိုင်ငံတကာပညာရှင်တွေရဲ့ အဆိုအမိန့်တွေကို သူ့စာစုမှာ ကိုးကားရေးသားထားပါတယ်။ ရွှေမောင်းသဘောကျတဲ့ စာစုလေးကတော့ 'ယောကျ်ားတွေက House(အိမ်)ဆောက်ပြီး မိန်းမတွေက Home(အိမ်သာယာ)ဖြစ်အောင် ဖန်တီးကြပါတယ်ဆိုတဲ့ စကားလေးပါ။ ဂလိုဘယ်ခေတ်မှာ မိန်းမတွေက ယောကျ်ားတွေထက်တောင် သာလွန်အောင် စွမ်းဆောင်ပြနေကြပါပြီ။ ဒါပေမဲ့ မိန်းမတစ်ယောက်ဟာ House ကို Homeဖြစ်အောင် လုပ်နိုင်ပါမှ အဲဒီအိမ်ထောင်ရေး(မိသားစု)ဟာ သာယာမယ်လို့ထင်ပါတယ်။ ဘယ်လိုလဲ။ ရွှေမောင်းရဲ့ အယူဝါဒဟာ ရေးလွန်လေပြီးသော နှစ်ပေါင်း ၁၀၀ က အယူအဆဖြစ်မနေဘူးလား။ လက်တွေ့အိမ်ထောင်ပြုကြည့်တဲ့အခါ အဖြေမှန် ပေါ်လာမှာပါ။

*၂၀၁၃၊ နိုဝင်ဘာ*

*ပေဖူးလွှာ*

❑

ဒီလ ရန့်သစ်မှာပါတဲ့ သန်းစိုးနိုင်ရဲ့ **ပြင်မှာလား၊ ရေးမှာလား**ဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး အကြံပြုရေးသားထားတဲ့ နိုင်ငံရေးဆောင်းပါးတစ်ပုဒ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကို ပြင်မယ်ဆိုရင် အနည်းဆုံး

ရန့်သစ်
ဝတ္ထုတွေထဲက
ရွှေမောင်း
ညွှန်းချင်တာက
စံပယ်ဖြူနုရဲ့
**အတိတ်ပွဲ**ပါ
စံပယ်ဖြူနုဟာ
ဝတ္ထုတိုတစ်ပုဒ်
ရေးရင်
လှလှပပ
သေသေသပ်သပ်
နိမိတ်ပုံ
ကလေးတွေနဲ့
ရေးတတ်ပါတယ်

ကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းကျော် ထောက်ခံမဲပေးပါမှ ပြင်လို့ရမှာဖြစ်တယ်။ စာဖတ်သူ သိတဲ့အတိုင်း အာဏာရပါတီအပါအဝင် ပြည်သူ့ကိုယ်စားလှယ် အားလုံးပေါင်းလိုက်ပါမှ ၇၅ ရာခိုင်နှုန်းပဲရှိတာ။ ၇၅ ရာခိုင်နှုန်းကျော်ဆိုတော့ အနည်းဆုံး တစ်မတ်သားထဲက ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပါမှ ဒီဖွဲ့စည်းပုံဥပဒေက ပြင်လို့ရလာမှာပါ။ စာရေးသူက သူ့ဆောင်းပါးရဲ့နိဂုံးမှာ အခုလို ဆိုပါတယ်။

'....အငြင်းပွားစရာ၊ သဘောထားကွဲလွဲစရာဖြစ်နေတဲ့ ဖွဲ့စည်းပုံ ပြင်မှာလား၊ အသစ်ရေးမှာလားဆိုတဲ့ မေးခွန်းကို အခြေအနေနဲ့ သင့်လျော်ကိုက်ညီအောင် အဖြေပေးနိုင်မယ့် ခေါင်းဆောင်ဆိုလို့ ဒေါ်အောင်ဆန်းစုကြည်ကလွဲလို့ ဘယ်သူရှိမှာလဲ'တဲ့။

ဝင်းထွဋ်ဇော်ရဲ့ **လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်လည်ဝိုင်းနေသော စိန်ခေါ်မှုများ**ဟာ ဒီနေ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အကျပ်အတည်းကို ဖော်ပြထားတဲ့ ဆောင်းပါးပါ။ 'ကိုယ်လုပ်တဲ့အရာတစ်ခုဟာ ကိုယ့်နိုင်ငံကောင်းကျိုးအတွက် ဖြစ်တယ်လို့ ကျိန်းသေ ယုံကြည်တယ်ဆိုရင် နောက်ရွေးကောက်ပွဲမှာ ရှုံးတဲ့ဒဏ်ကို ခံစားရဖို့အတွက် ပြင်ဆင်ထားရလိမ့်မယ်'လို့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က စင်ကာပူခရီးစဉ်မှာ ပြောခဲ့ပါတယ်။ အမှန်ပါပဲ။ ကိုယ်အာဏာရရှိဖို့ထက် ပြည်သူလူထုကောင်းစားရေးက ပိုပြီး အရေးကြီးပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ လူထုခေါင်းဆောင်ပီပီ ပြောသလိုလုပ်ပြီး လုပ်သလိုလည်း ပြောတတ်ပါတယ်။ ဒီဆောင်းပါးမှာ ဆရာဝင်းထွဋ်ဇော်က ဒေါ်စုကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို ဆွဲထုတ်တင်ပြထားပါတယ်။ အဲဒီ စိန်ခေါ်မှုဆိုတာကလည်း ပြည်သူလူထုရဲ့ အကျိုးစီးပွားနဲ့ ဆက်စပ်ပတ်သက်နေတဲ့ စိန်ခေါ်မှုတွေပါပဲ။

ဒီလ ရန့်သစ်ဝတ္ထုတွေထဲက ရွှေမောင်း ညွှန်းချင်တာက စံပယ်ဖြူနုရဲ့ **အတိတ်ပွဲ**ပါ။ စံပယ်ဖြူနု[...] ဝတ္ထုတို တစ်ပုဒ်ရေးရင်လှ[...] ပပ သေသေသပ်သပ် နိမိတ်[...] ကလေးတွေနဲ့ ရေးတတ်[...] တယ်။ အခု ဒီဝတ္ထုမှာ [...] တစ်ယောက် ရှာပြန်တဲ့အ[...] မှာ တစ်ခါတုန်းက ရှာ[...] ကခဲ့တဲ့ဇာတ်ပွဲကိုပြန်ပြီး သ[...] ရလာတဲ့ အကြောင်း အ[...] ဒါပေမဲ့ အဲဒီဇာတ်ပွဲအကြော[...] မှာ ခေတ်ပြိုင်ခံစားမှုတွေ[...] နေသားတကျဖြန့်ခင်းပြ[...] ပါတယ်။ အထူးသဖြင့် ဝ[...] တိုအတတ်ပညာနဲ့ လှလှ[...] ရက်ဖွဲ့ထားနိုင်ပါတယ်။ [...] ကြည့်ပါဦး။

ဒီလ ရန့်သစ်ကဗျာ[...] ထဲက အောင်ဒင်ရဲ့ **ရန်[...] ငြိမ်းချမ်းရေး**ကို ညွှန်းလို[...] ပါတယ်။ ရခိုင်ပြည်နယ်နဲ့[...] ပြည်နယ်ကိုဖြတ်ပြီး တ[...] ပြည်အရောက် သွယ်[...] ထားတဲ့ ကွန်ကရစ် ပိုက်[...] တွေထဲ အလိုမတူဘဲ [...] စားခံလိုက်ရတဲ့ မြန်မာ[...] ဖွား သဘာဝဓာတ်ငွေ့မျာ[...] လည်း သက်ပြင်းချပြီး အ[...] အမှတ်ပြုကြတယ်။

အဲဒီအချိန်မှာပဲ အ[...] မူးနေတဲ့ ယူနီဖောင်းဝတ်[...] ယောက်က သူ့လက်ထဲ[...] မောင်းပြန်ရိုင်ဖယ်သေန[...] ကောင်းကင်ကို ချိန်ရွယ်[...] ကျည်ဆန်တွေနဲ့ ဖောက်ခွဲ[...] လိုက်တော့ ပတ်ဝန်းကျင်[...] ခုလုံး ဆူညံသွားတာပေါ့[...]

ဒီနေရာမှာတင် ဒီက[...] ကို ဆက်ရေးချင်စိတ်မရှိ[...] ပဲ ရပ်တန့်လိုက်ရတာပေါ့[...]

*၂၀၁၃၊ နိုဝင်[...]*

*ရန့်သ[...]*

■


**မင်္ဂလာရွှေမောင်[...]**



www.burmeseclassic.com

www.burmeseclassic.com

# မြုတေမဂ္ဂဇင်း၏ စင်တင်ကလောင်ရှင်




"အချစ်ကလေးတွေ" ကို

အားပေးခဲ့ကြတဲ့

ရသစာပေ ချစ်သူများအတွက်

မင်းဝေဟင် ၏ ဒုတိယမြောက်

ဝတ္ထုတို စုစည်းမှု၊

ပိတောက်ရနံ့စာအုပ်တိုက်၏

အကောင်းဆုံးလက်ရာ . . . ။

ထွက်ပြီ

ဖြန့်ချိရေး - ရန်ကုန် ❑ မျိုးဆက်သစ်စာပေ၊ ဖုန်း - ၀၉-၄၂၀၀၇၃၆၇၇

မန္တလေး ❑ ထွန်းဦးစာပေ၊ နဂါးစာပေ၊ ညီစာပေ

တောင်ကြီး ❑ မီလျှံနှာစာပေ

တန်ဖိုး ❑ ၂၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

၁။

အလွန်လှပပြီး စည်ကားသော တနင်္ဂနွေ မနက်ခင်း တစ်ခုဖြစ်သည်။ ကျွန်မတို့အိမ်ရှေ့မှကြည့်လျှင် စက္ကူပန်းတွေ ရဲနေအောင် ပွင့်သော လမ်းမကြီး၏ မျက်နှာချင်းဆိုင်မှာ ကြက်ခြေခတ်ပုံစံ လမ်းသွယ်လေးရှိသည်။ ပုံမှန်အားဖြင့်ဆိုလျှင် ကျွန်မ၏ မနက်ခင်းတိုင်းလိုလိုသည် ကျေးငှက်တို့ တေးဆိုသံ၊ သို့မဟုတ် ညီမလတ်၏ဂစ်တာသံ၊ သို့မဟုတ် ညီမငယ်၏ မီးဖိုချောင်တွင်း ချက်ပြုတ် ကြော်လှော်သံတို့ဖြင့် နိုးထ

# မျက်နှာဖုံးတပ်မျှော်!

## လင်းစက်နွယ်

ရှင်သန်ရမြဲဖြစ်သည်။ ဒီနေ့ တစ်နေ့ကလွဲလျှင်ပေါ့လေ။ ခေါင်းရင်းစားပွဲမှ နာရီ၏ လက်တံရှည်က ရှစ်ဂဏန်း၊ လက်တံတိုက ကိုးဂဏန်း။ အို ကိုးနာရီနှင့် မိနစ်လေးဆယ်ပင် ရှိနေပါပကော။ ဝရန်းသုန်းကားနှင့် မျက်နှာသစ်ရန် ပြင်ဆင်ဖို့ ကြိုးစားချိန်မှာပင် ယခင်နံနက်ခင်းများထဲ ပါဝင်လေ့မရှိသော အသံကို ကျွန်မ စိတ်ဝင်စားသွားပြန်သည်။ ထိုအသံက ကျွန်မကို နှိုးယူခဲ့သည် မဟုတ်လော။ ထို့နောက် ကျွန်မသည် မျက်နှာသစ်ရန်





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စထက် ထိုအသံနောက်ကို လိုက်ဖို့ ဆုံးဖြတ်လိုက်တော့သည်။

❑

၂။

ပထမဆုံး အာရုံ၏ ဖမ်းစားမှုက အမြင်အာရုံ ဖြစ်သည်။ ယခုမှ စဉ်းစားမိသည်။ ကျွန်မသည် အလုပ်ကိစ္စဖြင့် လမ်းမကြီးပေါ်သို့ နေ့စဉ်ဆိုသလို တက်သုတ်ရိုက် ပြေးလွှားဖူးသလောက် လူသိနည်းသော ဤလမ်းသွယ်လေးကိုကျ သတိထားဖို့ပင် မေ့လျော့နေခဲ့သည်။ အဝေးမှ လှမ်းကြည့်လျှင် စက္ကူပန်းတွေ ဝေနေအောင် ပွင့်သော၊ လှပသော လမ်းကလေးအဖြစ် ထင်မြင်ရသော်လည်း အနီးကပ် မြင်တွေ့ရသောအခါ ကြက်သီးမွေးညင်းများ ထမတတ်ပင် ရင်ခုန်သွားရတော့သည်။ လမ်းထဲတွင် စက္ကူပန်းရုံများအပြင် ခမ်းနားထည်ဝါသော နှင်းဆီပန်းခင်းများ၊ ထွက်ပြူလာသော နေဆီ အလှအယက် ခိုဝင်နေလိုဟန် နေကြာပန်းငယ်များ၊ အနည်းငယ် ရိုင်းစိုင်းချင်သည့် နွယ်ရှင်ပင်များနှင့် တခြားသော အမျိုးအမည်ခွဲခြား၍မရသည့် လှပသောပန်းရောင်စုံများ။ ဒီလောက်လှပသော လမ်းကလေးကိုမှ ကျွန်မ သတိမထားမိခဲ့လေခြင်းဟု ယူကျုံးမရဖြစ်မိသွားသည်။

ဒုတိယဖမ်းစားမှုက အကြားအာရုံဖြစ်သည်။ ခပ်စောစောက ကျွန်မကြားခဲ့သည့် ဂီတသံမှာ အနားနီးလာမှ ဂျတ်ဇ်ဂီတသံ ဖြစ်ကြောင်း သတိထားမိသည်။

ကောက်ဖီ၏
နောက်ဆုံး
တစ်ငုံပင်
အနည်းငယ်
နင်သွားရအောင်ထိ
ကျွန်မရယ်
ချင်မိသည်မှာ
ဆယ်နှစ်အရွယ်
ကလေးငယ်
တစ်ယောက်၏
မေးခွန်းကြောင့်သာ
ဖြစ်သည်
'သမ္မတမျက်နှာဖုံး
ရှိလားဗျ'

မြူးထူးလှုပ်ခတ်သော ဂျတ်ဇ်တေးသွားက ကျွန်မနားထဲသို့ စိမ့်ဝင်သွားသည်။ ထိုအရာသည် တီးလုံးသက်သက်သာ ဖြစ်ပြီး အထဲတွင် ဘာစာသားမျှ မပါချေ။ ဂီတ၏ လှုပ်နှိုးမှုဖြင့် လမ်းသွယ်လေးထဲတိုးဝင်ချင်စိတ်များ တဖွားဖွားပေါ်လာပြန်သည်။ လမ်းဆုံးဟုထင်ရသော်လည်း လမ်းသည် မဆုံးနိုင်လောက်အောင် ထွေပြားလျက် ဝက်ပါပမာ မျက်လှည့်ဆန်သည်။ ကျွန်မသည်လာရာလမ်းကို မမှတ်မိတော့မည်ကို စိုးရိမ်စွာဖြင့် နောက် ပြန်လှည့်ရန် စဉ်းစားသည်။ သို့သော် ခပ်လှမ်းလှမ်းမှ အုပ်စုလိုက် စီတန်းနေသော လူအုပ်ကို မြင်လျှင် ကျွန်မ၏စိတ်ဝင်စားမှုများ အတောမသတ်နိုင်တော့ဘဲ ရှေ့တိုးရန် စိုင်းပြင်းမိတော့သည်။

ခပ်ဝေးဝေးတွင် လူအများ တိုးဝှေ့နေကြသည့် ဆိုင်တန်းတချို့ကို ကျွန်မ လှမ်းမြင်နေရပြီ။ ကျွန်မသည် သိလိုဇောဖြင့် မအောင့်အည်းနိုင်တော့ဘဲ ကျွန်မရှေ့မှ သက်လတ်ပိုင်းအရွယ် အမျိုးသားနှစ်ဦးကို စပ်စုမိတော့သည်။

'ဒီက အစ်ကိုတို့ ဘာများတန်းစီ ဝယ်ယူနေကြတယ်မသိ'

အမျိုးသားနှစ်ဦးမှာ ကြားဟန်ပင် မပြချေ။ ပတ်ဝန်းကျင်က ဆူညံသည်ဆိုသော်လည်း ကျွန်မ၏ စူးရှရှ အသံထွက်ပေါ်လာနိုင်အောင်တော့ စွမ်းနိုင်ကောင်းပါရဲ့။

'ရှေ့က အစ်ကိုတို့'

သုံးလေးခေါက်လောက် ခေါ်သော်လည်း နည်းနည်းမျှ ဂရုစိုက်ဟန်မပြသော အနည်းငယ်ရိုင်းသည့် ထိုလူနှစ်ယောက်၏ ရှေ့မှ ကြားဖြတ်လျက် ဝင်မိတော့သည်။ ထိုအခါမှ သူတို့နှစ်ယောက်မှာ ပျာပျာသလဲ ဖြစ်သွားပြီး…။

'ဟေ့ဟေ့၊ ညီမ တန်းစီလေဗျာ၊ ဒါတန်းစီ စနစ်ပဲ။ ခင်ဗျားတို့မိန်းမတွေက တစ်ခုခုဆို အမျိုးသမီး အခွင့်အရေးလေး ဘာလေးနဲ့၊ ဒီလို ကြားဖြတ်လာတာတော့ ကောင်းမလားဗျ'

ကျွန်မသည် ရိုင်းစိုင်းသော ထိုလူနှစ်ယောက်အ
မျက်ခုံးပင့် အကဲခတ်
ကြည့်လိုက်တော့မှ သူတို့
ယောက်အနက် အနည်းငယ်
ဝဖိုင့်သောသူသည် အား
ဖြင့် အမ်းသွားသည်။

'ဒီမှာရှင့်၊ ရှင်တို့
ယောက်ရဲ့ နောက်က
အကြိမ်များစွာ စကား
နေခဲ့တာကိုကျ မကြား
အခုလို ကြားဖြတ်မှမြင်
တော့ မလွန်ဘူးလားရှင်'

ထိုအခါ ထိုလူနှ
ယောက်အနက် ပိန်လိုသော
သူမှ ရုတ်တရက် ထ
လိုက်ပြီး…

'သေချာပါပြီ၊ ဒီ
ညီမစွပ်ရမယ့် မျက်နှာဖုံး
နိုင်ငံရေးမျက်နှာဖုံးဗျ'

'ဘာရှင့်'

သူတို့နှစ်ယော
သည် ကိုယ့်စကားကို
သဘောကျစွာဖြင့် အား
တရ လက်ခုပ်လက်ဝါး
တီးလျက် ရယ်မောပြ
သေးသည်။ မျက်နှာဖုံး
ခုနက သူတို့စကားထဲမှ
စွန်းတစ်စ ကျွန်မကော
လိုက်တာဖြစ်သည်။ ဘယ်
က မျက်နှာဖုံးကို ဝတ်ဆ
မှာလဲ။ ကျွန်မအပါအဝ
အခြားအခြားသော လူတွေ
ရော ဘာအတွက် တန်း
နေကြတာလဲ။ ဖြစ်ချင်တာ
ဖြစ်လေတော့ဟူ၍ စိတ်
တုံးချကာ ဆိုင်တန်းအတွ
သို့ ဝင်ရောက်အကဲခတ်
ကျွန်မကြိုးစားတော့
အများစုမှာ ကျွန်မကို
သည်ဟူ၍ သဘောထား
ဟန်ပင်မပြ။ ဟိုးနောက်
က တန်းစီနေသည့်
ယောက်နှင့်များ လိုက်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ နှင့်သီးစွာ တွေးမိ
သည်။

ဆိုင်တန်းဟု ထင်ရ
အရာသည် အနီးကပ်
ဆိုင်တန်းမဟုတ်ဘဲ
သော အဆောက်အဦ
သောဖြစ်ကြောင်း သိရ
သည်။ ကျွန်မသည်
ဆိုင်းဘုတ်အား မော့
လျှက် ထူးဆန်းအံ့သြ
တော့သည်။ 'မျက်နှာ
' ဟု ကျွန်မမှ ခပ်တိုး
ရွတ်လိုက်သံကိုပင်
ရှင် ဖြစ်ဟန်တူသော
အသည်မသိ မျက်နှာဖုံး
သူမှ ပြုံးပြသည်။
ဖုံးအောက်က အပြုံး
မြင်တွေ့ရတာ ကျွန်မ
တော့ ဒါ ပထမဆုံး
ဖြစ်လိမ့်မည်။

၃။

မျက်နှာဖုံးများနှင့်ပတ်
၍ စဉ်းစားမိသလောက်
လျှင် ကျွန်မပတ်ဝန်း
ဘုရားပွဲဈေးတန်းများ
တင်ရလိမ့်မည် ထင်
ကျွန်မတို့ ငယ်စဉ်က
တွင် တစ်နှစ်ပတ်လုံး
လို ဘုရားပွဲရှိ၍ အလွန်
ကားခဲ့ဖူးသည်။ ပြတင်း
သံတိုင်များကြားမှ
မြင်ရသောအရာသည်
လေးများဖြစ်သည်။
လေးများသည် မျက်နှာဖုံး
မြင်လျှင် အလွန်မြူးထူး
ပါးလျက် သူတို့၏ မိဘ
အား ပူဆာလေ့ရှိသည်။
ခါ မျက်နှာဖုံးရသွား သူ
လေးလည်း စိတ်ချမ်းသာ
မျက်နှာဖုံးရောင်းသူ ဦးလေး
များအနေဖြင့်လည်း ဝမ်း
ဝဆိုသလိုပင် နှစ်ဦး
နှစ်ဖက် အဆင်ပြေကြသည်။

ကျွန်မမှတ်မိသလောက်
ပြောရလျှင် မျက်နှာဖုံး အများ
စုမှာ ကျွန်မတို့ ပတ်ဝန်းကျင်
နှင့် ရင်းနှီးဆက်နွယ်ပြီးသား
မျက်နှာများသာ ဖြစ်သည်။
ဥပမာ ကျန်ကျောင်း မျက်နှာ
ဖုံး၊ ပေါင်ချိန် မျက်နှာဖုံး၊
ပါဝါရိန်းဂျား မျက်နှာဖုံး၊ ကာ
တွန်းရုပ်ပုံလေးများ၏ မျက်
နှာဖုံး စသဖြင့် အများစုမှာ
ကျွန်မတို့ ကျွမ်းဝင်ပြီးသား
ရုပ်မြင်သံကြားမှ ရင်းနှီးခွင့်ရ
သူများဖြစ်သည်။ အခုခေတ်
လို နည်းပညာ ကြွယ်ဝလာ
သည့်ဘက်၌ မျက်နှာဖုံးများ
မည်မျှထိတွင်ကျယ်စွာ
ပြောင်းလဲသွားမည်ကိုတော့
ကျွန်မ မပြောတတ်ပေ။ ဒီ
ဘက်ခေတ် ဘုရားပွဲဈေးများ
ကို ကျွန်မ မျက်ခြည်ပြတ်
သွားသောကြောင့်သာ ဖြစ်
သည်။ မျက်မှောက်ခေတ်၌
မျက်နှာဖုံးများသည် လတ်တ
လော မြန်မာပြည်ဆီ လာ
ရောက်ခဲ့သည့် အမေရိကန်
သမ္မတ အိုဘားမားလည်း
ဖြစ်ကောင်း ဖြစ်နေနိုင်သည်။
မည်သို့ပင်ဖြစ်စေ မျက်နှာဖုံး
ဆိုသည်မှာ အောင်မြင်ပြီးသား၊
တစ်စုံတစ်ခုကြောင့် ကျော်
ကြားပြီးသား လူများ၊ ဇာတ်
ကောင်များ၊ ကာတွန်းများ၏
သဏ္ဌာန်ခွဲပင်ဖြစ်သည်။ ထို
အခါ မျက်နှာဖုံးများတွင်
မကျော်ကြားသော သာမန်လူ
ပုဂ္ဂိုလ်များရော ပါဝင်လို့မရ
ဘူးလားဟု ကျွန်မ သိချင်လာ
သည်။ မျက်နှာဖုံးကို တီထွင်
သူတို့က မည်သည့် ရည်ရွယ်
ချက်ဖြင့်တီထွင်ပြီး၊ မျက်နှာ
ဖုံးတပ်သူတို့က မည်သည့်
စိတ်ဝင်စားမှုမျိုးဖြင့် ဝတ်
ဆင်သလဲဟူ၍ ကျွန်မ၌ မေး
ခွန်းများလာခဲ့သည်။

ဤသို့ဆိုလျှင် မျက်နှာ
ဖုံးများတွင် သူ့ရာဇဝင်နှင့်သူ
ရှိရမည်။ မျက်နှာဖုံးတပ်သူ
တို့တွင်လည်း သူ့အကြောင်း
ပြချက်နှင့်သူ ခိုင်လုံနေရမည်။
သို့မဟုတ်ကား မွန်းကျပ်မှု
အသွင်ဆောင်သည့် မျက်နှာ
အကာတစ်ခုကို ဝတ်ဆင်ရ
ခြင်းမှာ မျက်နှာဖုံးရှင်အပေါ်
ရူးသွပ်တပ်မက်စိတ်သက်
သက်သာ ဖြစ်နိုင်သည်။

'အစ်မ အစ်မ၊ မှာထား
တဲ့ ကပူချီနို ရပါပြီ'

မျက်နှာဖုံးတပ်ထား
သည်ဟုယူဆရသည့် ကောင်
လေးတစ်ယောက်က ကော်ဖီ
ပူပူကို လာချပေးသည်။ ခုမှ
ကျွန်မသည် ပတ်ဝန်းကျင်ကို
လေ့လာအကဲခတ်ဖို့ ရုတ်တ
ရက်ဆိုသလို သတိရသွား
သည်။ ဆိုင်တွင်းပြင်ဆင်မှုမှာ
အနည်းငယ် ရှေးဆန်သော်
လည်း အခန်းတွင်းရှိ ဆေး
များ သုတ်ထားပုံမှာ ခေတ်
ဆန်သည်။ ဆိုင်၏အတွင်း
ဘက် နံရံ၌ မှန်ဗီရိုအဆင့်များ
စွာရှိပြီး ယင်းဗီရိုများမှာ ကြီး
မားခံ့ညားလျက် ကျွန်းသား
ဖြင့် ပြုလုပ်ထားဟန်ရှိသည်။
ဆိုင်၏ရှေ့တွင် နံနက်ခင်း
အလင်းရောင်ကြောင့် မြင်သာ
ထင်သာရှိနေပြီး နောက်ဘက်
ခြမ်း…၊ ယခု ကျွန်မထိုင်နေ
သည့် ကော်ဖီဆိုင်လေးမှာ
တော့ ထူးဆန်းစွာ မှောင်အတိ
ပြီးနေသည်။ ထို့ကြောင့်လား
မသိ။ ကျွန်မတို့၏ ရှေ့စားပွဲ
တစ်ခုချင်းစီ၌ ဒင်း(မ)လိုက်
(ထ) မီးသီးလေးများ ထွန်း
ညှိပေးထားသည်။ အလင်း
နှင့်အမှောင်အပြင် အရာခပ်
သိမ်းဆန့်ကျင်ဘက် သဘော
ဆောင်သည့် ထူးဆန်းသော
ဆိုင်လေးပါပဲ။ ဆိုင်ထဲတွင်
ထိုင်ရတာတော့ သက်သောင့်
သက်သာ ရှိသည်က အမှန်ပဲ
ဖြစ်သည်။ ကော်ဖီတစ်ငုံ
အား ဖြည်းညင်းစွာ မျိုချ
လျက် မျက်နှာဖုံး ဝယ်ယူသူ
များကို စပ်စုမိပြန်သည်။

ထူးဆန်းသည်က ဆိုင်
တွင် ထောင်ထားသော ဆိုင်း
ဘုတ်ဖြစ်သည်။ ထိုဆိုင်း
ဘုတ်တွင် မျက်နှာဖုံး ဝတ်
ဆင်သူတွေအတွက် စည်း
ကမ်းချက်များပါသည်။ ခပ်
ရေးရေးဆိုသော်လည်း အဝေး
မှလှမ်း၍ ဖတ်လို့ရလောက်
အောင်တော့ မြင်သာနိုင်သော
စာလုံးလေးများဖြစ်သည်။
မျက်နှာဖုံး ဝယ်ယူသူသည်
အဆိုပါ မျက်နှာဖုံးရှင်အတိုင်း
စိတ်ဓာတ်တစ်သားတည်းကျ
သွားမည်ဖြစ်ပြီး မျက်နှာဖုံး
ဝတ်ထားလို့ ဝတ်ထားမှန်း
မသိအောင်ပင် မိမိပင်ကိုရုပ်
အတိုင်း ရှိနေလိမ့်မည်တဲ့။ ဒါ
ဆိုလျှင် မျက်နှာဖုံးတပ်သူ
များ၌ ရုပ်ပြောင်းလဲသွားမည်
မဟုတ်ဘဲ ယင်းတို့ရွေးချယ်
သည့် မျက်နှာဖုံး ပိုင်ရှင်များ
၏ စိတ်အတိုင်း ဈာန်ဝင်ရ
မည် ဆိုပါစို့။

ဒုတိယအချက်အနေ
ဖြင့် ကျွန်မ အံ့သြမိသည်က
ထိုမျက်နှာဖုံးများကို ဝယ်
ယူပြီးသူသည် မိမိ၏ပင်ကို
မျက်နှာအားထားခဲ့ရမည်ဆို
သော အချက်ပင်။ ဒါက
တော့ တရားလွန်ပါတယ်ဟု
အောင့်သက်သက် တွေးမိရ
သည်။ တတိယအချက်အနေ
ဖြင့် ဤမျက်နှာဖုံးကို ကြိုက်
ကြိုက်၊ မကြိုက်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com

အနည်းဆုံး တစ်ပတ်ခန့် ဝတ်ဆင်ပြီးမှ မိမိမျက်နှာဖုံးဖြင့် လာရောက် လဲ ယူ ရမည်။ ကြောင်လိုက်တာ။ ဘယ်လိုပဲဖြစ်နေပါစေ ကျွန်မ၏ အံ့သြမှင်တက်မှုတွေက ဆိုင်လေးအတွင်း၌ စီးမျော လွင့်စဉ်ကုန်သည်။

ထိုအခါ မျက်နှာဖုံးများကို တစ်ခုချင်းစီ အကဲခတ်မိသည်။ ထူးဆန်းသည်က မျက်နှာဖုံးဆိုင်ရှင်သည် စာအုပ်ဆိုင်ရှင်ကဲ့သို့ပင် သူ၏ မျက်နှာဖုံးများအား အကန့်များ ခွဲထားသေးသည်။ နိုင်ငံရေးမျက်နှာဖုံးအောက်၌ ကျွန်မတို့ သိကျွမ်းဖူးသော မျက်နှာများစွာ ပါဝင်သည်။ ဂန္ဒီ၊ ဟာစ်တလာ၊ ဗိုလ်ချုပ်အောင်ဆန်း၊ မာဂရက်သက်ချာ၊ ဂျော့ချ်ဝါရှင်တန်၊ ဥျန်အက်ဖ် ကနေဒီမှ အစပျိုးကာ ကမ္ဘာတစ်ဝန်းရှိ နာမည်ကောင်းဖြင့် ကျော်ကြားသူရော၊ နာမည်ဆိုးဖြင့် ကျော်ကြားသူ ပုဂ္ဂိုလ်များအားလုံး ပါဝင်သည်။ ပြီးနောက် စီးပွားရေး မျက်နှာဖုံး...။ အနုပညာ မျက်နှာဖုံးအောက်တွင်တော့ မိုဇက်၊ ဘီသိုဗင်မှ အစပျိုး၍ အခုခေတ် အီမိုဂီတ၊ ပန့်ခ်ဂီတပညာရှင်များထိ စုံလင်သည်။ ထို့ပြင် စာပေပညာရှင်များကိုပါ တစ်ထိုင်တည်းတွေ့ရသည်။ 'အချစ်' မျက်နှာဖုံးအောက်တွင်တော့ ကမ္ဘာတစ်ဝန်းရှိ အချစ်နတ်သမီး ပုံပြင်များ၌ ရေပန်းအစားဆုံး ရိုမီယို၊ ဂျူးလိယက်အပြင် အခြားမျက်နှာဖုံးများစွာ ပါဝင်သေးသည်။ ထို့နောက် ပညာရေးမျက်နှာဖုံး၊ အားကစားမျက်နှာဖုံး၊ ကျန်းမာရေးမျက်နှာဖုံး၊ ဘာသာရေးမျက်နှာဖုံး အစရှိသဖြင့် စာအုပ်ဆိုင်တန်းတစ်ခုထဲ ရောက်သွားသလို စနစ်တကျ သေသပ်စွာ စီရီထားသည့် ရောင်စုံ စာမျက်နှာများကဲ့သို့သော ရောင်စုံ မျက်နှာဖုံးများကို တွေ့ရမည်ဖြစ်သည်။

ထိုအခိုက် စားပွဲထိုးကောင်လေးအား ကျွန်မ စပ်စုကြည့်မိသည်။ စားပွဲထိုးကောင်လေးဝတ်ထားသော မျက်နှာဖုံးမှာ သူ၏ အပြောအရ 'မက်ဆီ'ဟူသော ဘောလုံးသမားဖြစ်သည်။ ဘောလုံးပွဲ စိတ်မဝင်စားသူအဖို့တော့ သိပ်မသိသော်လည်း သူ၏ပုံစံမှာ ဖျတ်လတ်သွက်လက်၍ တက်ကြွဟန်ဆောင်သည်။ ဒါဆိုလျှင် ခုနက ဆိုင်ရှင်၏အပြုံးမှာ ကျွန်မထင်သလို မျက်နှာဖုံးအောက်က အပြုံးမဟုတ်ဘဲ သူ၏တကယ့်အပြုံးသာဖြစ်သည်။ သူ ဘာမျက်နှာဖုံးကို ဝတ်ဆင်ထားလဲဟု မေးတော့ စားပွဲထိုးလေးက ရယ်လျက် ခေါင်းခါပြသည်။

မျက်နှာဖုံးကို
တချို့က
ဖုံးကွယ်လိုဟန်
ဝတ်သည်
တချို့က
ဖက်ရှင်ဆန်ဆန်၊
တချို့က
ဘဝ
လိုအပ်ချက်အရ
တချို့က
ရောဂါအရ
တချို့က
ပျော်ရွှင်မှုအရ
တချို့က
ဘာသာရေးအရ
တချို့က
တချို့က. . .

❑

၄။

ဘုရားပွဲဈေး၌ ရောင်းချလျက်ရှိသော မျက်နှာဖုံးများပြီးလျှင် ကမ္ဘာတစ်ဝန်း၌ တပ်ဆင်နေကြသော မျက်နှာဖုံးအကြောင်းက ကျွန်မခေါင်းထဲသို့ တရစပ် တိုးဝင်လာသည်။ ကမ္ဘာတွင် လူသိများသော ကာနီဗယ်ပွဲတော်များရှိသည်။ ယင်းပွဲတော်များအား ဓလေ့ထုံးစံအရ ကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီလနှင့် မတ်လ၌ တစ်ခါတစ်ရံ တစ်ရက်တည်း၊ တချို့နိုင်ငံများမှာမူ အပတ်ပေါင်းများစွာကြာအောင် ကျင်းပလေ့ ရှိသည်။ ကာနီဗယ်ဓလေ့မှာ အီတလီနိုင်ငံမှ အစပျိုးခဲ့ပြီး အခြားသော ခရစ်ယာန်ဘာသာ ကိုးကွယ်မှုများသည့် ဥရောပ၊ အာရှ၊ အမေရိကနှင့် အာဖရိကတစ်ခွင်သို့ လျင်မြန်စွာ ပျံ့နှံ့ခဲ့သည်ဟု ကျွန်မ မှတ်သားဖူးသည်။ မည်သို့ပင်ဖြစ်စေ ကာနီဗယ်ပွဲတော်များသည် ကျွန်မတို့ မြန်မာပြည်ရှိ သံရုံးများ၌ ကျင်းပလျက်ရှိ၍ ကျွန်မတို့နှင့်လည်း မစိမ်းပေ။ ထို့ပြင် ကာနီဗယ်၌ ဝတ်ဆင်သော လှပသည့် အရောင်

အသွေးစုံလင်သော မျက်
ဖုံးများကိုမြင်လျှင် ကျွန်
အံ့သြရသေးသည်။ တ
မျက်နှာဖုံးတွေက မျက်
များသာ ဖော်ထားသ
တချို့က နှာခေါင်းအစ
သာရှိသည်။ တချို့မှာ
ဆန်းသော ငှက်မွေးလေး
ပါဝင်ပြီး တချို့မှာ အ
သတ်များဖြင့် နန်းဆ
သည်။ ဒါသည်ပင်
ဗယ်ပွဲတော်၏ မျက်န
ဝတ်ခြင်း အစဉ်အလာ
ပဲ ဆိုပါစို့။

ဘာသာရေးပွဲ
များပြီးလျှင် မျက်နှာဖုံး
ဆင်ရသော အခြားဓလေ့
အကြောင်းပြချက်များ
ရှိနေသေးသည်။ မျက်
ဟုဆိုရာ၌ လူမျက်နှာဖုံး
မက အမျိုးမျိုး ထွေပြား
သည် မဟုတ်လား။ ဆ
များ တပ်ဆင်သော မျ
ဖုံးများက ရောဂါပိုး ကူ
မှုကို ကြားခံတားဆီး
သည့်အသွင် အသုံးပြု
ရေငုပ်သူများ၊ အာ
ယာဉ်မှူးများ တပ်ဆင်
မျက်နှာဖုံးများက အော
ဂျင် ရယူနိုင်မှုအတွက်
သည်။ တချို့သော
ကစားသမားများသည်
နှာနှင့် ဦးခေါင်းအား
ကွယ်သည့်အနေဖြင့် မျ
ဖုံးများ ဝတ်ဆင်ရသည်၊
ပြတိုက်သူများ၊ သူခိုးသူ
များကမူ ဒုစရိုက်မှ ပုန်း
လိုဟန် မျက်နှာဖုံး
သည်။ ပြင်းထန်သော
ရာယ်ရှိသည့် စက်ရုံ
အလုပ်သမားများအ
မျက်နှာဖုံးကို မဖြစ်မ
ဆင်ရသည်။ ငါးပု



www.burmeseclassic.com

www.burmeseclassic.com

...်းများ၌ အနုသက်သာရေး ...ကွက် ဝတ်ဆင်သည်။ ...ာလိုးဝင်းပွဲများ၌ ကြောက် ...ခြင်း ရသကို သရုပ်ဖော် ...ည့်အသွင် ဝတ်ဆင်ကြ ...ည်၊ တချို့က မျက်နှာဖုံး ...က်ရှင်တစ်ခုလို ဝတ်ဆင် ...ကြချိန်၌ မျက်နှာဖုံးတစ် ...ရှိလျှင် အသက်ဆုံးပါး ...မည့် မျက်နှာဖုံးမှတစ် ... အောက်ဆီဂျင်ကို ဖုတ် ...ဖုတ်လိုက် ရှူရှိုက်နေရ ... လူနာများစွာရှိနေသည်။

မျက်နှာဖုံးများတွင် ...ယ်ကိုယ်စီ ကိန်းအောင်း ... လူတို့သည် ဘဝတွင် ...ည်းဆုံးတော့ တစ်ကြိမ် ... မျက်နှာဖုံးတစ်ခု ဝတ် ... ရလိမ့်မည်ဖြစ်သည်။ ...သော် ကောင်းမွန်သော ...ရွယ်ချက်ဖြင့် ဝတ်ဆင် ...ဖို့လည်းလိုသေးသည်။ ...ဝတ်သော မျက်နှာဖုံးက ...ဘာလဲဆိုတာကို ညွှန်း ...သဖွယ်လည်း ဖော်ပြနိုင် ...ည်မဟုတ်လား။ အမျိုးမျိုး ...ခံစားချက်ဖြင့် ဝတ်ဆင် ...ာ အပေါ်ယံ အရေခွံဟု ...နှုန်းရမည့် မျက်နှာဖုံးများ ... ကျွန်မ စိတ်မဝင်စား ... မနေနိုင်တော့ပါ။ ထို့ ...ကြောင့် အတွေးတစ်စကိုရပ်၊ ...က်နေပြီဖြစ်သော ကပူ ...အား လတ်စသတ်ဖို့ ပြင် ...ာ့သည်။ နာရီလက်တံ ... သုံးဂဏန်းဆီ ကူးပြောင်း ...ပြီ။ ဤမျက်နှာဖုံးဆိုင် ...တော့ဖြင့် ကျွန်မ၏စိတ် ...ကို ဖမ်းစားထားချေပြီ ...ာ။

❑

၅။

ကော်ဖီ၏ နောက်ဆုံး တစ်ငုံပင် အနည်းငယ် နင်သွားရအောင်ထိ ကျွန်မ ရယ်ချင်မိသည်မှာ ဆယ်နှစ်အရွယ် ကလေးငယ်တစ်ယောက်၏ မေးခွန်းကြောင့်သာဖြစ်သည်။

'သမ္မတမျက်နှာဖုံး ရှိလားဗျ'

ကျွန်မပင်မဟုတ်၊ တစ်ဆိုင်လုံးရှိ လူများ စိတ်ဝင်တစားဖြစ်ကုန်သည်။ ဆိုင်ရှင်သည် ကလေးငယ်အား စနောက်ဟန်ဖြင့်....

'မင်းက သမ္မတမျက်နှာဖုံးယူပြီး ဘာလုပ်မလို့တုံးကွ'

'သမ္မတလုပ်မို့ပေါ့ဗျ'

'သမ္မတဆိုတာ ဘယ်လောက်အလုပ်ရှုပ်လဲ၊ မင်းသိလို့လားကွ'

'ဟာဗျာ၊ မသိလို့လာဝယ်တာပဲ၊ သိရင် ဘယ်သူဝယ်မှာလဲဗျ'

ကလေးသည် မျက်မှောင်လေးကြုတ်လျက် အလေးအနက် ဖြေနေလေသည်။ ထိုအခါ ဆိုင်ရှင်မှာ ပို၍လည်း အသည်းယားလာဟန်ဖြင့်-

'မင်းသမ္မတစိတ် ဖြစ်ပြီးရင် ဘာလုပ်မှာလဲ'

'ဒီမိုကရေစီ ဖော်ဆောင်မှာပေါ့ဗျ'

'ဟားဟား၊ ရောင်းပါ့မယ်ဗျာ၊ ဒါပေမဲ့ တစ်ခုပဲ၊ တစ်ပတ်နေရင် ပြန်လာပေးရမယ်။ ပြီးတော့ ငါသမ္မတမျက်နှာဖုံး ရထားတာပဲဆိုပြီး ထင်တိုင်းမကြဲရဘူး၊ ကတိပေး။ ဘာလို့လဲဆိုတော့ သမ္မတမျက်နှာဖုံးက တာဝန်အရှိဆုံးပဲကလေး၊ နိုင်ငံရဲ့ ကဏ္ဍအခွဲများစွာပေါ်မှာ ထိုင်နေရတဲ့ တာဝန်က ကြီးမားတယ်။ ဒါကြီးတပ်ပြီး မင်းစိတ်ကြီး မဝင်ရဘူး၊ ကတိပေးလား'

ကလေးက ပြုံးရွှင်ပြီး အလျင်စလို ခေါင်းညိတ်ပြသည်။ ရုတ်ခြည်းပင် သူ၏ ပင်ကိုမျက်နှာအား ထားခဲ့ပြီး မျက်နှာဖုံး ကောက်တပ်လျက် ကခုန်ပြေးသွားသည်။ ရေကန်ပေါ် လျှပ်ပြေးသည့် ခဲပြားလေးများနှင့် တူနေချေသေးတော့။ သြော် မျက်နှာဖုံးတပ်သူများ၌လည်း ကိုယ်ပိုင်တာဝန်ယူစိတ် ရှိရဦးမည်ပဲ။ ဒါဆိုလျှင် တချို့တချို့သော အလွဲသုံးစား လုပ်လိုသူများလည်း ရှိနိုင်သည်။ လူ့စိတ်က အသာစီးရသွားလျှင် ဘာမဆို မေ့လျော့တတ်သည်က ထုံးစံပင်ဖြစ်သည်။

ပိုက်ဆံရှင်းပြီးသော အခါ အိမ်ပြန်ဖို့ ကျွန်မပြင်သည်။ ထိုအခိုက်-

'နေဦး မိန်းကလေး၊ ဒီဆိုင်ရဲ့ စည်းကမ်းချက်အတိုင်း မင်းမျက်နှာကို ထားခဲ့ရမယ်'

'ဘာရှင့်'

ဆိုင်ရှင်သည် တွေဝေညစ်ညူးဟန်ပြလျက် ခေါင်းတစ်ချက် ကုတ်သည်။ ပြီးနောက် လေးတွဲ့သော အသံနေအသံထားဖြင့်-

'ဟိုးရှေ့က ဆိုင်းဘုတ်မှာ စည်းကမ်းချက်တွေရှိတယ်၊ မင်းမဖတ်ခဲ့ဘူးလား'

'ဘာဆိုင်လို့လဲ၊ ကျွန်မက မျက်နှာဖုံး မဖြစ်မနေ ဝယ်မှာမှ မဟုတ်ဘဲ'

ရုတ်တရက် ကျွန်မ သတိရသွားသည်။ ကျွန်မသည် စည်းကမ်းချက် နံပါတ်သုံးအထိသာ ဖတ်ရပြီး ကျန်အချက် မည်မျှရှိမှန်းပင် မသိလိုက်ချေ။ ဆိုင်းဘုတ်ရှေ့၌ စောစောက လူအုပ်စုက ကွယ်နေခဲ့သည်မဟုတ်လား။ အထိတ်တလန့် ဖတ်လိုက်တော့မှ စည်းကမ်းချက်များတွင် ဤဆိုင်တွင်း ဝင်ရောက်သူတိုင်းသည် မျက်နှာဖုံးတစ်ခု မဖြစ်မနေ ဝယ်ရမည်ဟူသော အချက်ကြောင့် ကျွန်မ စိတ်ညစ်ညူးသွားရသည်။

'အင်းလေ၊ ဝယ်ရမှာပေါ့။ ဒါဆိုလည်း နေပါဦး၊ ဒါနဲ့ ကျွန်မ ဘယ်လိုအမျိုးအစားကို ဝယ်ရမှာလဲ၊ ဘယ်လောက်ဈေးထဲကလဲ'

'မသိဘူးလေ'ဟူသော ပုံစံဖြင့် ဆိုင်ရှင်က ပခုံးတွန့်ပြသည်။

'အရင်ဆုံးတော့ မင်းမျက်နှာကို အရင်ချွတ်လိုက်ပေါ့'

ကျွန်မမျက်နှာအား ချွတ်ပေးလိုက်ပါသည်။ ထိုအခိုက် ဆိုင်ဝမှ မိန်းမပျိုတစ်ဦးရောက်လာပြီး...

'ကျွန်မကို လူမသိ၊ သူမသိ အမျိုးသမီးတစ်ယောက်ရဲ့မျက်နှာဖုံးပေးပါ၊ တစ်ပတ်နေရင် ပြန်လာပေးပါ့မယ်၊ ကျွန်မ အရေးတကြီး လိုအပ်နေလို့ပါ'

ဆိုင်ရှင်သည် အားနာမှုမရှိဘဲ ကျွန်မ၏ မျက်နှာအား ကမ်းပေးလိုက်သည်။

'ကျေးဇူးပါ'

'ဟာ၊ ရှင် ဘာလုပ်တာလဲ၊ မိုက်ရိုင်းလှချည်လား'

ဆိုင်ရှင်သည် 'နေဦး' ဟူသော သဘောဖြင့် လက်ကာပြပြီး ကျွန်မ၏မျက်နှာကို မျက်နှာဖုံးသဖွယ် တပ်ဆင်လိုက်သော အမျိုးသမီးငယ်ကို ညွှန်ပြသည်။

'ဟဲ့၊ နင်တို့တွေ လမ်း



www.burmeseclassic.com

www.burmeseclassic.com

ဖယ်ကြစမ်း၊ တယ်၊ ဒီကလေးကတော့ဖြင့် ငါတီးလိုက်ရ၊ အောင်မာ ရှင်တို့က ဘာကြည့်တာလဲ၊ မဆီမဆိုင်….'

ဗုဒ္ဓေါရေ။ ခုနက အမျိုးသမီးက ကျွန်မစိတ်ကို တပ်ဆင်ခဲ့သည်။ ညင်သာသိမ်မွေ့သူမှ ရုတ်တရက် ကြမ်းတမ်းသွားသော အဆိုးမြင်ဝါဒီတစ်ယောက် ဖြစ်သွားသည်။ ဘုရားရေ၊ အဲဒါ ကျွန်မလား။ တစ်ပတ်လျှင် ခြောက်ရက်ခန့် အလုပ်ရှုပ်ရသော စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်တဲ့လား။ ကျွန်မက ကျွန်မပတ်ဝန်းကျင်ကို ထိုသို့ တုံ့ပြန်ခက်ထန်ခဲ့တာ သဏ္ဍာရာဇ်မည်မျှ ကျိုးသွားပြီလဲ။ ကျွန်မ၏ လက်အောက်ငယ်သားတွေဆီက မုန်းတီးမှု၊ နာလိုခံခက်မှုတွေကို မသိကျိုးကျွန်ပြုပြီး ဘယ်ရွေ့ဘယ်မျှ ရှင်သန်ခဲ့ပြီးပြီလဲ။ ရှက်လိုက်တာ။ ကျွန်မရှက်လိုက်တာ။

'မိန်းကလေး၊ အဲဒါ မင်းပဲ'

'ကျွန်မသိတယ်၊ တစ်ဆိတ်ကျေးဇူးပြုပြီး ကျွန်မကို ထပ်မပြောပါနဲ့လား'

ဆိုင်ရှင်က အားနာဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။ ဟုတ်သည်။ အခုအခါတွင် ကျွန်မ၏ မျက်နှာက ကျွန်မ၏ ဖြစ်တည်မှုအတိုင်း ရှိနေသေးသည်။ ကျွန်မတွင် လိုအပ်နေတာ စိတ် ဝိညာဉ်ပါပဲ။ ကျွန်မ၏ ခက်ထန်သော မူရင်းစိတ်က ပါသွားပြီ။ ဒီတစ်ပတ်အတွင်းတော့ ကျွန်မ သူများစိတ်နှင့် ရှင်သန်ရမည်။ မူရင်းမျက်နှာဖုံး ပြန်ရလျှင်ဖြင့် ကျွန်မ ပြုပြင်ဖို့ကောင်းရဲ့။

အို…။ မျက်နှာဖုံးတပ်သူများကို ခရေဇေ့တွင်းကျဝေဖန်သုံးသပ်မိသော ကျွန်မကိုယ်တိုင်ကရော ဘယ်လောက် ပြည့်စုံနေလို့လဲ။ မျက်နှာဖုံးကို တချို့က ဖုံးကွယ်လိုဟန်ဝတ်သည်။ တချို့က ဖက်ရှင်ဆန်ဆန်၊ တချို့က ဘဝလိုအပ်ချက်အရ၊ တချို့က ရောဂါအရ၊ တချို့က ပျော်ရွှင်မှုအရ၊ တချို့က ဘာသာရေးအရ၊ တချို့က၊ တချို့က…။

လောလောဆယ်တွင် အိမ်ပြန်ဖို့ ကျွန်မ၌ မျက်နှာဖုံးတစ်ခုလိုသည်။ ကျွန်မကိုယ် ကျွန်မ ဖုံးကွယ်ဖို့ အကာအကွယ်တစ်ခုလိုသည်။ နေပါဦး။ ဘယ်သူ့စိတ်ဝိညာဉ်ကို ကျွန်မဝတ်ဆင်ရမလဲ။ ဘယ်မျက်နှာဖုံးကတော့ဖြင့် ကျွန်မကို အပြည့်အဝ ကာကွယ်ပေးနိုင်မလဲ။ အချိန်ယူစဉ်းစားရပါဦးမည်။ ■

**လင်းစက်နွယ်**

***စာကြွင်း။***

*ကျွန်မ၏ပတ်ဝန်းကျင်မှ လူအများသည် အပြော…*
*အလုပ်ညီသူ ရှိသလို*
*မညီသူလည်းရှိသည်။*
*သူတို့တွင်ဟန်ဆောင်အ…*
*ပညာများကြွယ်ဝနေပြီး*
*ကျွန်မနှင့်တွေ့လျှင် သူ…*
*၏ ဟန်ဆောင်မျက်နှာ…*
*ခွာချရန် ကြောက်ရွံ့ကြ…*
*ကျွန်မ ကိုယ်တိုင်ကလ…*
*မချစ်သော်လည်း အော…*
*ကာနမ်းခဲ့ဖူးသည့် ဟန်…*
*ဆောင်မှုများစွာ ရှိသည်…*
*ထိုအခါ အစစ်အမှန်*
*တွေက မျက်နှာဖုံးအော…*
*တွင် ပျောက်ကျနေပြီ…*
*လူတွေ ဘာကြောင့်*
*ဟန်ဆောင်ရသလဲဆို…*
*အတွေးတစ်စမှ မျက်နှ…*
*တပ်ဆင်ကြသူ*
*လူသားများအထိ*
*ပျံ့လွင့်နယ်ချဲ့မိပါသည်…*


Dictionary for All

THALUN
Bookstore
Yangon

သာလွန်
အင်္ဂလိပ် - မြန်မာ
အဘိဓာန်

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉…
၅၂၅၊ ကုန်သည်လမ်းနှင့် ၁၈လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၄၂၀၃၈၊ ၁၈၂၂၈၀
၁၆၅/၂ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၄၅လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၂၉၉၂၂၈




www.burmeseclassic.com

www.burmeseclassic.com

Book Making
AMK
creation

အမဲ အလင်းအမှောင်
င်အသွေး အရေးအခြစ်
အမြင့် အတက်အလှမ်း
အနု အမှားအမှန်
အသွား အပါးအထူ
မတူ ဆန့်ကျင်ဘက်တွေနဲ့ ဖြစ်တည်ပုံဖွဲ့အပ်သော
ဘတ်တစ်ခုကို "ချစ်ကြည်အေး" လို့ ဆိုကြပါစို့။



# ချစ်ကြည်အေး


ချစ်ကြည်အေးအစစ်၊ ချစ်ကြည်အေးအတုနှင့် ချစ်ကြည်အေးများ

တစ်ပြည်လုံးဖြန့်ချိရေး - မြန်မာ့ခေတ်
တ်(၁၇)၊ ဦးဝိစ္စာလမ်း၊ (၇) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။
- ၀၁-၃၉၂၇၂၅၊ ၀၉ ၄၂၂ ၄၉၃၀၉၀

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ယခုအခါတွင် ဓမ္မစေတီမင်း၏ခေါင်းလောင်းတော်ကြီးနှင့်ပတ်သက်၍ စိတ်ဝင်တစား ရှိနေကြပါသည်။ ယခင့် ယခင်ကတည်းကလည်း ဓမ္မစေတီမင်း ခေါင်းလောင်းတော်ကြီးနှင့် ပတ်သက်၍ ဆယ်ယူရန် ကြံစည်ခဲ့ကြသည်။ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ မကြာသေးမီကလည်း ခေါင်းလောင်းတော်ကြီးနှင့်ပတ်သက်၍ စာတမ်းဖတ်ပွဲ ကျင်းပသည်ကို သတင်းစာများထဲတွင် တွေ့ရသည်။ နိုင်ငံရေး၊ လူမှုရေးနှင့် သမိုင်းပညာရှင် မှန်ခေါင်းဆောင်တို့ကလည်း စိတ်ဝင်တစားဖြင့် သူတို့မှန်ဘုရင်၏ ကုသိုလ်တော်နှင့်ပတ်သက်ပြီး ပါဝင်လှုပ်ရှားဆွေးနွေးရေးသားခဲ့မှုများ ပြုလုပ်လာကြသည်။ မကြာသေးမီက မှန်ပြည်နယ် ချောင်းဆုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှမောင်(ခ)နိုင်လှမောင်က ပြည်သူ့လွှတ်တော်တွင် ဓမ္မစေတီခေါင်းလောင်းကြီးနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်းမေးခဲ့ပါသည်။ သူ့မေးခွန်းက နှစ်ပေါင်း ၄၀၀ ကျော်ခန့် ရေထဲနစ်မြုပ်နေသော

# ဓမ္မစေတီခေါင်းလောင်းတော်ကြီး ရှင်းတမ်း

## မောင်သန်းဆွေ(ထားဝယ်)



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မစေတီခေါင်းလောင်းကြီးကို ပြန်လည် ဆယ်ယူရန် ကိစ္စနှင့်ပတ်သက်ခြင်းဖြစ်သည်။

သူက ခရစ်နှစ် (၁၄၇၁-၁၄၉၂) ခုနှစ်၊ မြန်မာသက္ကရာဇ် (၈၃၃-၈၅၄) ခုနှစ်တွင် ဟံသာဝတီနိုင်ငံတော်ကြီးကို အုပ်ချုပ်စိုးစံခဲ့သော မွန်ဘုရင် ဓမ္မစေတီမင်းကြီးမှ ကြေးတန်ချိန် ၂၉၀ ရှိ ခေါင်းလောင်းတော်ကြီးကို သွန်းလုပ်တော်မူပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးထံတွင် အများပြည်သူ သာဓု အနုမောဒနာ ခေါ်ဆိုနိုင်ရန်အလို့ငှာ ခရစ်နှစ် ၁၄၇၆ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ရေစက်သွန်းချ အမှုဝေ၍ လှူဒါန်းခဲ့ပါကြောင်း။

အဆိုပါ ကြေးသွန်းခေါင်းလောင်းကြီးမှာ ပိဿာချိန်အားဖြင့် တစ်သိန်းရှစ်သောင်းပိဿာရှိသည့်အလျောက် ကမ္ဘာတွင် အကြီးမားဆုံးသော ခေါင်းလောင်းကြီးဖြစ်ကြောင်း၊ ခေါင်းလောင်းတော်၏ အဝမှာ (၇)တောင်ရှိပြီး၊ ဇောက်မှာ (၁၂) တောင်ရှိ၍ ခေါင်းလောင်းတော်ကြီး၏ အလယ်ဖောင်းရစ်တွင် အနုပညာလက်ရာမြောက်လှသော နှစ်ကျိပ်ရှစ်ဆူ ဖောင်းကြွဘုရားပုံတော် (၂၈)ဆူပါရှိသည့်အပြင် ကျောက်သံပတ္တမြား ၄၀၅၀ လုံးကိုလည်း ခေါင်းလောင်းပေါ်တွင် အတန်းနှစ်တန်းနှင့် ရစ်ပတ်ပြီး စီခြယ်ထားရှိပါကြောင်း၊ ခေါင်းလောင်းတော်၏သက်တမ်းမှာ နှစ်ပေါင်းရာချီ၍ ရှိပြီဖြစ်ပါကြောင်း။

မွန်ဘုရင် ဓမ္မစေတီမင်းကြီးသည် ဝါရင့်ရဟန်းတော်တစ်ပါးဖြစ်ခဲ့ပြီး ဘုရင်မ ရှင်စောပုက လူထွက်စေ၍

**ခေါင်းလောင်းတော်ကြီး၏ အလယ်ဖောင်းရစ်တွင် အနုပညာလက် ရာမြောက်လှသော နှစ်ကျိပ်ရှစ်ဆူ ဖောင်းကြွဘုရားပုံတော် (၂၈)ဆူပါရှိသည့်အပြင် ကျောက်သံပတ္တမြား ၄၀၅၀ လုံးကိုလည်း ခေါင်းလောင်းပေါ်တွင် အတန်းနှစ်တန်းနှင့် ရစ်ပတ်ပြီး စီခြယ်ထားရှိပါကြောင်း ခေါင်းလောင်းတော်၏သက်တမ်းမှာ နှစ်ပေါင်းရာချီ၍ ရှိပြီ ဖြစ်ပါကြောင်း**

သမီးတော်နှင့် လက်ထပ်ထိမ်းမြားကာ ဟံသာဝတီထီးနန်းကို အပ်နှင်းအုပ်ချုပ်စေသဖြင့် ဘုရင်အဖြစ်သို့ ရောက်ရှိလာရခြင်းဖြစ်သည်။ မင်းကြီးသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ တိုင်းသူပြည်သားများအပေါ် တရားမျှတစွာ အုပ်ချုပ်ခဲ့သော မင်းမြတ်မင်းကောင်းတစ်ပါးဖြစ်သည်။ ရဟန်းဘဝကပင် မွန်/ ပါဠိဘာသာ စာပေကျမ်းဂန်များ ပိဋကတ်စာပေများကို ထူးချွန်ကျွမ်းကျင်စွာ တတ်မြောက်သူဖြစ်ခဲ့သည့် အလျောက် အဆိုပါခေါင်းလောင်းတော်ကြီးကို သွန်းလုပ်ရာတွင်လည်း ခေါင်းလောင်းတော်၏ မျက်နှာပြင်ပေါ်တွင် မွန်တို့၏ယဉ်ကျေးမှုသမိုင်းအကြောင်းအရာများကို ထွင်းဖောက်ရေးသားမှတ်တမ်းတင် ထားရှိခဲ့ပါကြောင်း။

အနောက်ဘက်လွန် မင်းတရားကြီးလက်ထက်တော်တွင် ပေါ်တူဂီလူမျိုး ဇေင်ကာ (ခ) ဖီလစ်ဒီဗရစ်တိုမှ အဆိုပါခေါင်းလောင်းတော်ကြီးကို အရည်ကျိုပြီး အမြောက်ပြုလုပ်ရန် အတွက် ခရစ်နှစ် ၁၆၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဖောင်/ သဘော်ဖြင့် သန်လျင်မြို့သို့သယ်ဆောင်ယူသွားသည့် ရေလမ်းခရီးတွင် ပုဇွန်တောင်ချောင်းအရောက် ဒေါပုံမြစ်ကူးသည့်နေရာတစ်ဝိုက်တွင် ခေါင်းလောင်းတော်သည် မြစ်ထဲကျပြီး နစ်မြုပ်ခဲ့သည်။ ၎င်းခေါင်းလောင်းတော်ကြီးနှင့်အတူ မွန်ဒေသမှ ဇေင်ကာ သိမ်းယူခဲ့သည့် အောက်ဖော်ပြပါပစ္စည်းတို့သည်လည်း နစ်မြုပ်ခဲ့သည့်စာရင်းတွင် ပါဝင်ခဲ့ပါကြောင်း-

(၁) ကြေးတန်ချိန် ၆၀ ခန့်ရှိ သော ခေါင်းလောင်းငယ်တစ်လုံး၊

(၂) ဥဏ်တော် ၇ တောင်ရှိ ရွှေ သားစစ်စစ် ၃ တန်နှင့်ထုလုပ်ထားသော ရုပ်တော်မှုမြတ်စွာဘုရား ရုပ်တုတော် တစ်ဆူ။

(၃) ဥဏ်တော် ၇ တောင် တစ်မိုက်လျော့ရှိသော ရွှေသားစစ် ၃ တန်နှင့် ထုလုပ်ထားသော ရုပ်တော် မြတ်စွာဘုရားရုပ်တုတော်တစ်ဆူ၊

(၄) ဓမ္မစေတီခေါင်းလောင်း ပေ၊ ပုရပိုက်စာများထည့်ထားသော သေတ္တာကြီး တစ်လုံး။

(၅) မွန်နိုင်ငံတော်၏ နန်း ရတနာများနှင့် ပြည်သူလူထုတို့၏ ရွှေရတနာ ကျောက်သံပတ္တမြား အပြည့်ထည့်ထားသော သေတ္တာ ဖြလုံး။

သို့ဖြစ်၍ သမိုင်းတွင်မည့် ဟောင်းယဉ်ကျေးမှုအမွေအနှစ် နန်း ရတနာများသည် ရေအောက် နှစ်ပေါင်း ၄၀၀ ခန့် နစ်မြုပ်နေ ကြောင်း၊ ၁၉၈၇ ခုနှစ်တွင် တစ်ကြိမ် ၁၉၈၉ ခုနှစ်တွင် နှစ်ကြိမ်၊ ၁၉၉ ၁၉၉၈ ခုနှစ်တို့တွင် တစ်ကြိမ် စုစုပေါင်း လေးကြိမ်တိုင် ဆယ်ယူရန် ကြိုးပမ်းခဲ့ လည်း မအောင်မြင်ခဲ့ပါကြော

ခေါင်းလောင်းကြီး ဆက်လက်ဆယ်ယူနိုင် အတွက် ပြည်ပကုမ္ပဏီမှ အ အညီပေးရန် ကမ်းလှမ်းလာ လည်း သက်ဆိုင်ရာဝန်ကြီး မှ ဆယ်ယူရန် ခွင့်မပြုသေးသဖြင့် စုနှစ်ပေါင်းများစွာ စောင့်ဆိုင်းခဲ့ ကြောင်း၊ ယနေ့တိုင် ဆယ်ယူ လုပ်နိုင်ခြင်းကိုလည်း ဂျာနယ်အ ပါ၍ သိရှိခဲ့ရပါကြောင်း။

ခေါင်းလောင်းဆယ်ယူ နှင့်စပ်လျဉ်း၍ မွန်တိုင်းရင်းသား ကြီးများက ခေါင်းလောင်းတော် ယူရေးကိစ္စကို ခေတ်မီနည်းပညာ ကိရိယာ၊ လူအင်အား၊ ငွေအင်



www.burmeseclassic.com

www.burmeseclassic.com

...အလောက် အသုံးပြု၍ အင်တိုက် ...ကိုက် ဆောင်ရွက်လုပ်ကိုင်နိုင်ရုံ ... မအောင်မြင်နိုင်၊ အခြားအရေးကြီး ...သည့် အချက်သုံးချက်ရှိပါကြောင်း၊ ...တို့မှာ-

(၁) ခေါင်းလောင်း အလှူရှင်ဖြစ် ... ဓမ္မစေတီမင်းကြီးသည် ဘုန်းကံ ...ားသူဖြစ်၍လည်းကောင်း၊ ခေါင်း ...င်းတော်၏ အလယ်ဖောင်းရစ်တွင် ...ကြိုပ်ရှစ်ဆူဘုရားများ ပါရှိနေ၍ ...ည်းကောင်း၊ ခေါင်းလောင်းတော် ... ရွှေတိဂုံဘုရားတွင် ရေစက်ချအမျှ ...၍ လှူဒါန်းထားသော ပစ္စည်းဖြစ် ...၍လည်းကောင်း ဆိုင်ရာ/ပိုင်ရာ ...ဒေဝနတ်မင်းများမှ စောင့်ရှောက် ...သည်ဖြစ်ပါသဖြင့် ခေါင်းလောင်း ... ဆယ်ယူသောအခါတွင် ၄င်းနတ် ...များအား မိမိတို့လိုအပ်ချက်ကို ...တည်ပြီး ခွင့်ပြုချက်တောင်းရန် လို ...ကြောင်း၊

(၂) ဆယ်ယူရေးတာဝန်ခံ ပုဂ္ဂိုလ် ...သည်လည်း သီလ၊ သမာဓိ၊ ပညာ၊ ... သစ္စာ၊ ဘုန်းသမ္ဘာ အစရှိသည့် ...ကောင်းတရားများနှင့်ပြည့်စုံနေ ...သည်း လိုအပ်ပါကြောင်း၊

(၃) ကာလ၊ ဒေသဆိုသော ...အရ ဂြိုဟ်သွား၊ ဂြိုဟ်လာ၊ ...တာရာကြည့်ပြီး အချိန်အခါ ... ရွေးချယ်ရန်နှင့် ဗေဒင်ကိန်းခန်း ...ချက်ပြီး အောင်မြင်နိုင်သော အရပ် ...ကို ရွေးချယ်တတ်ရန် လိုအပ်ပါ ...ကြောင်း ဟူ၍ ဖြစ်ပါသည်။

ခေါင်းလောင်းဆယ်ယူရာတွင် ...တွင်းမှ ဖြစ်စေ၊ ပြည်ပမှ ဖြစ်စေ ...ယူလိုသူတို့ကို အကြံပြုလိုသည်မှာ ...မီနည်းပညာ၊ စက်ကိရိယာနှင့် ...အား၊ ငွေအင်အားတို့အပြင် 'ရှေး ...လည်းမပယ်' ဆိုသည့် စကားအရ ...ခဲ့သော အရေးကြီးသော အချက် ...ပေါင်းဖက်၍ ဆောင်ရွက်မည်ဆိုပါက ...အခဲများစွာတို့မှ ကျော်လွှန်နိုင်၍ ...မြင်စွာ ဆယ်ယူရရှိနိုင်မည်ဟု ...ကြည်မျှော်လင့်ပါကြောင်း၊ နိုင်ငံတော်တွင် ရှေးဟောင်းအမွေအနှစ်များကို မြေပေါ်မြေအောက်မှ ရှာဖွေစုဆောင်းလျက်ရှိသော အချိန်ကာလတွင် တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ် အမြောက်အမြားဖြင့် စုပုံပြည့်စုံနေသော ရေအောက်ရှိ ဓမ္မစေတီခေါင်းလောင်းကြီးနှင့်အခြားပစ္စည်းများကို ဆယ်ယူရရှိမည်ဆိုပါက အဖိုးမဖြတ်နိုင်သော မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်မြောက်မြားစွာတို့ကို မလွဲမသွေ ရရှိနိုင်မည်ဟု တင်ပြလိုကြောင်း အကယ်၍ ဆယ်ယူမှုမပြုဘဲ ရေအောက်တွင် နှစ်ပေါင်းများစွာ နစ်မြုပ်နေဦးမည်ဆိုပါက ယခုထက်မက ပျက်စီးပျောက်ဆုံးသွားနိုင်သဖြင့် နိုင်ငံတော်အတွက် ကြီးမားသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်နိုင်ပါကြောင်း၊ သို့ဖြစ်၍ ဓမ္မစေတီခေါင်းလောင်းကြီး ဆယ်ယူရရှိရေးကိစ္စကို နိုင်ငံတော်၏ယဉ်ကျေးမှုအမွေအနှစ်စုဆောင်းရေးကဏ္ဍတွင် အရေးကြီးသောလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ပြီးဆောင်ရွက်သင့်ပါသည်ဟု တင်ပြတိုက်တွန်းလိုကြောင်းဟူ၍ သူကပြောသွားပါသည်။

ဤကိစ္စနှင့်ပတ်သက်၍ လွှတ်တော်တွင် သူက-

(က) ဒေါပုံမြစ်တွင် နစ်မြုပ်လျက်ရှိနေသော ဓမ္မစေတီခေါင်းလောင်းတော်ကြီးအား ပြည်ပနိုင်ငံကုမ္ပဏီမှ ကူညီဆယ်ယူပေးမည်ဟု ကမ်းလှမ်းသည့်ကိစ္စမှာ ဟုတ်မှန်ပါသလား။ မည်သည့်နိုင်ငံမှ မည်သည့်အဖွဲ့အစည်းက မည်ကဲ့သို့ကူညီမည်ဖြစ်ကြောင်း သိရှိလိုပါသည်။

(ခ) အဆိုပါ ပြည်ပနိုင်ငံမှ ကူညီဆယ်ယူခွင့်ကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ ခွင့်မပြုသေးပါသဖြင့် ဆယ်စုနှစ်များစွာ စောင့်ဆိုင်းခဲ့ရသည့်ကိစ္စသည် ဟုတ်မှန်ပါသလား။ ဟုတ်မှန်သည်ဆိုပါက အဆိုပါကူညီမည့်နိုင်ငံအား ကူညီခွင့် မပြုရသေးသည့် အကြောင်းများကို သိရှိလိုပါသည်။

(ဂ) ဓမ္မစေတီခေါင်းလောင်းကို ဆယ်ယူရေးကိစ္စရပ်တွင် တွေ့ကြုံနေရသည့် အခက်အခဲအလုံးစုံကို သိရှိလိုပါသည်။ ခေါင်းလောင်းတော်ကို အပြီးအပိုင်ဆယ်ယူရရှိရန် လျာထားသတ်မှတ်ထားသော အချိန်ကာလရှိမည်ဆိုပါက သိရှိလိုပါသည် ဟူ၍ မေးခဲ့၏။

ဦးလှမောင်(ခ)နိုင်လှမောင်၏ ပြည်သူ့လွှတ်တော်မှ ကြယ်ပွင့်ပြမေးခွန်းကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအနေဖြင့် စာရေးသူက လွှတ်တော်တွင် သွားရောက်ရှင်းလင်းဖြေကြားခဲ့ရပါသည်။

ဒေါပုံမြစ်တွင် နစ်မြုပ်လျက်ရှိသော ဓမ္မစေတီခေါင်းလောင်းတော်ကြီးအား ပြည်ပနိုင်ငံကုမ္ပဏီမှ ကူညီဆယ်ယူပေးမည်ဟုကမ်းလှမ်းသည်မှာ ၂၀၁၀ ခုနှစ်၊ စင်ကာပူနိုင်ငံမှ SD Mark International LLP ကုမ္ပဏီဖြစ်သည်။ ကျွမ်းကျင်သည့်ပညာရှင်များ၊ သဘော်များငှားရမ်းမှု အမေရိကန်ဒေါ်လာ ၁၀ သန်း ကုန်ကျခံကာ ရှာဖွေဆယ်ယူမည်ဟု စာရေးဆရာ ချစ်စံဝင်းမှ တစ်ဆင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ကမ်းလှမ်းလာပါကြောင်း။

ထို့ပြင် ၉-၃-၂၀၁၂ ရက်နေ့တွင် မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ် ၅၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နိုင်ထွန်းအုံမှ ရှေးခေတ် မွန်လူမျိုးတို့၏ လက်ရာဖြစ်သော ဓမ္မစေတီခေါင်းလောင်းတော်ကြီး ဆယ်ယူရန်အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းစဉ်ကလည်း ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဓမ္မစေတီခေါင်းလောင်းတော်ကြီး ဆယ်ယူရန်အတွက် ကမ်းလှမ်းလာသောကုမ္ပဏီရှိသော်လည်း နည်းပညာ၊ အတတ်ပညာ၊ ပညာရှင်အား၊ ငွေအင်အား၊ လိုအပ်သော ခေတ်မီကိရိယာများ ပြည့်စုံမှသာ ဆက်လက်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်ဟု ဖြေကြားခဲ့ပါကြောင်း။

ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး ဆယ်ယူရန်အတွက် လိုအပ်သောအချက်အလက်နည်းပညာအထောက်အပံ့ဖြစ်စေမည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၂ ခုနှစ်၊ ဖွန်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပ

www.burmeseclassic.com

ခဲ့ကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ သမိုင်းပညာရှင်များ၊ ရေကြောင်းဆိုင်ရာပညာရှင်များ၊ ဆယ်ယူမှုနည်းပညာဆိုင်ရာ ပညာရှင်များနှင့် ကျွမ်းကျင်သူများမှ စာတမ်း ၁၁ စောင် ဖတ်ကြားခဲ့ရာ လိုအပ်မည့် နည်းပညာ၊ ရေကြောင်းပြောင်းလဲမှုနှင့် နုန်းမြေတင်မှုအခြေအနေများ၊ တူးဖော်သည့်စီမံကိန်းတွင် အခြားလူမှုစီးပွားရေးအတွက် ထည့်သွင်းစဉ်းစားရန် လိုအပ်ပုံများကို အကြံပြုဆွေးနွေးခဲ့ကြပါကြောင်း။

ထိုအလုပ်ရုံ ဆွေးနွေးပွဲတွင် ခေါင်းလောင်းကြီးနှင့်ပတ်သက်၍ ဒဏ္ဍာရီသဖွယ်ဖြစ်နေသည့် အချက်များကို ထောက်ပြသွားသည်များရှိသကဲ့သို့ မြန်မာ့သမိုင်းဆိုင်ရာ ကျောက်စာ အထောက်အထားတို့ဖြင့် တင်ပြသွားမှုများလည်း ရှိကြောင်း၊ ထို့ပြင် နှစ် ၄၀၀ ကျော် အချိန်ကြာမြင့်ခဲ့သည်ဖြစ်သဖြင့် ဒီရေကြောင့် ရေစီးဆင်းမှုနှင့်သဲနုန်းပို့ချမှုများဖြင့် မြေအောက်သို့ရောက်ရှိမှုများလည်း ရှိနိုင်ကြောင်းကို တွက်ချက်တင်ပြခဲ့ပါကြောင်း၊ ဓမ္မစေတီခေါင်းလောင်းကြီးအား ဤအတိုင်း ထားရန် မဟုတ်ဘဲ၊ ကျို၍ အမြောက်ပြုလုပ်ရန်ဖြစ်သဖြင့် ငဇင်ကာက အပိုင်းအစအဖြစ် ဖျက်ဆီးသယ်ယူခဲ့ခြင်းမျိုးလည်း ရှိနိုင်ကြောင်း၊ ရေကြောင်း ပြောင်းလဲနိုင်မှု မြစ်ဝတွင် လမ်းကြောင်းရှုပ်ထွေးမှုတို့ ရှိနိုင်ပါသဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန၏ သဘောထားလည်း ရယူသင့်ပါကြောင်း။

နိုင်လှမောင် တင်ပြမေးသွားသကဲ့သို့ ပြည်ပနိုင်ငံကုမ္ပဏီမှ ကူညီဆယ်ယူပေးမည်ဟု ကမ်းလှမ်းသည့်ကိစ္စမှာ ဟုတ်မှန်ပါသည်။ သို့သော် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ခွင့်မပြုသေးဆိုသည်မှာ မမှန်ပါ။ ပြည်ပမှ ကုမ္ပဏီအနေဖြင့် ကမ်းလှမ်းလာသောကုမ္ပဏီမှာ စင်ကာပူနိုင်ငံမှ SD Mark International LLP ဖြစ်သည်။ သို့သော် ထိုစဉ်က မိတ်ဆက်အနေဖြင့် အတွေ့အကြုံကိုသာ တင်ပြနိုင်ပြီး ငွေကြေးခိုင်ခိုင်မာမာရှိသည့် အထောက်အထား၊ သုတေသနပြုစုစောင့်ရှောက်မှုအထောက်အထား၊ အဆိုပါကုမ္ပဏီနှင့်ပတ်သက်၍ အခြားဆောင်ရွက်ခဲ့မှုမှတ်တမ်း အထောက်အထား စသည်တို့ကို ပြည့်စုံခိုင်လုံစွာ တင်ပြနိုင်မှုမရှိ၍ ကူညီခွင့်ပြုနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနတစ်ခုတည်းအနေဖြင့် ထောက်ခံခွင့်ပြုပေးနိုင်ခြင်းမျိုး မပြုလုပ်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ဓမ္မစေတီ ခေါင်းလောင်းတော်ကြီးကို ဆယ်ယူရေးကိစ္စတွင် တွေ့ကြုံနေရသည့်အခက်အခဲများမှာ ခေတ်မီနည်းပညာပစ္စည်း အပြည့်အဝမသုံးစွဲနိုင်ခြင်း၊ ကုန်ကျစရိတ်ကြီးမားမှုကြောင့် ပညာရပ်နယ်ပယ်အသီးသီးမှ ပညာရှင်များ ပံ့ပိုးပါဝင်မှုအားနည်းခြင်း၊ လောကီလောကုတ္တရာ ယုံကြည်မှု အစွဲအလမ်းများရှိနေကြခြင်း၊ ခေါင်းလောင်းတော်ကြီး ရေတွင်နစ်မြုပ်ခဲ့သည့် အချိန်မှစ၍ နှစ်ပေါင်း ၄၀၀ ခန့်အကြာ ရေကြောင်းပြောင်းလဲမှု၊ နုန်းမြေပို့ချမှု၊ ပထဝီအနေအထားပြောင်းလဲမှု၊ ငလျင်နှင့် မိုးလေဝသအန္တရာယ်များ ပေါ်ပေါက်မှု၊ မြို့ပြဧရိယာချဲ့ထွင်မှု၊ လူနေမှုသိပ်သည်းခြင်း စသည့် အခက်အခဲများ ရှိနေ၍ ဆယ်ယူရန် လျာထားသတ်မှတ်ထားသော အချိန်ကာလ မရှိသေးပါကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

ဓမ္မစေတီ ခေါင်းလောင်းတော်ကြီး ဆယ်ယူရေးအတွက် ကျိုက်ထီးဆောင်းဆရာတော်မှ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ ၂၉-၄-၂၀၁၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ ယဉ်ကျေးမှုဝန်ကြီးဌာန၏ သဘောထားတောင်းခံခဲ့ပါသည်။ သီးခြားသဘောထား ပြန်ကြားရန်မရှိပါကြောင်းနှင့် အစိုးရအဖွဲ့၏ လုပ်ငန်း လမ်းညွှန်အဖြစ် ခွင့်ပြုပါက ဆရာတော်နှင့်အဖွဲ့သည် ခေါင်းလောင်းတော်ကြီး နစ်မြုပ်ရာ ဒေသပိုင်ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်သင့်ကြောင်းဟု ဖြေကြားခဲ့သည်ကို ရှင်းတမ်းထုတ်လိုက်ရပါသည်။ ■

**မောင်သန်းဆွေ၊ထားဝယ်၊**

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချီရေး

စာပေ

အမှတ် ၁၃၃
၄၀ လမ်း
ကုန်သည်လမ်းနဲ့
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၃၉၈၂၂၀
၀၉၅၁၃၃၀၄၀




www.burmeseclassic.com

www.burmeseclassic.com

အုပ် ၁၀၀ ပြည့်အမှတ်တရ

# လင်းလွန်းခင်စိတ်ကြိုက်

## ခေတ်အလိုက် ဆောင်းပါးများ




ဆရာလှကွန့်၊ လူထုဦးလှ၊ ဦးဖိုးကျား၊
သခင်ချစ်မောင်(မြန်အောင်)၊ ဒွေးမြိုင် ... အစရှိသူတို့၏
အမျိုးသားရေးကဏ္ဍ...
ဗိုလ်တာရာ(ရဲဘော်သုံးကျိပ်)၊ မောင်နေဝင်း၊
နောင်ကျော်... အစရှိသူတို့၏ တော်လှန်ရေးကဏ္ဍ...
သခင်ကိုယ်တော်မှိုင်း၊ ဦးနု၊ မောင်ဇေယျာ၊
ကိုသန်း(ကြည့်မြင်တိုင်) ... အစရှိသူတို့၏
လွတ်လပ်ရေးကဏ္ဍ...
နတ်မှူး၊ လေးကိုတင်၊ ဖော်သက်ထွေး ... အစရှိသူတို့၏
ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအရေးကဏ္ဍ...
တိုးတက်ရေးအုန်းမြင့်၊ ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၊
မောင်ဝံသ ... အစရှိသူတို့၏
ကျောင်းသားနှင့် နိုင်ငံရေးကဏ္ဍ...
သခင်သန်းထွန်း၊ မန်းဝင်းမောင် ... အစရှိသူတို့၏
သမိုင်းထဲက ပုဂ္ဂိုလ်ရေးကဏ္ဍ...
လူထုစိန်ဝင်း၊ ဇော်ဇော်အောင်၊ ကျော်စောမင်း၊
ဒေါက်တာတင်အောင် ... အစရှိသူတို့၏
တိုင်းရေးပြည်ရေးကဏ္ဍ...
တိုက်စိုး၊ မောင်ဝဏ္ဏ၊ ဗိုလ်ကလေးတင့်အောင်၊
မြသန်းတင့် ... အစရှိသူတို့၏ ဂီတအနုပညာကဏ္ဍ...
မောင်စူးစမ်း၊ ဦးဘုန်း(ဓာတု) မန္တလေး ... အစရှိသူတို့၏
ဒဿနအတွေးကဏ္ဍ...
စသည့် ကဏ္ဍအသီးသီးအလိုက် အကြောင်းအရာများ
ပါဝင်ပါသည်။

တန်ဖိုး – ၈၀၀၀ ကျပ်

**ထွက်ပြီ**

ဖြန့်ချိရေး လင်းလွန်းခင်စာပေ

**အမှတ် ၄၉၊ ပထမထပ် (ဝဲ)၊ လိပ်ကန်လမ်း ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။**
**ဖုန်း –၀၁– ၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉– ၄၂၁၇ ၁၉ ၇၁၂**

www.burmeseclassic.com

www.burmeseclassic.com

ချစ်ရတဲ့
ဖော်...
ဒီစာကို
ငါ ရေးနေချိန်မှာ
နင်ကတော့ ငါတို့မြို့နဲ့
မိုင်အတော်ဝေးတဲ့
ရှမ်းမြို့ငယ်လေးအနီးက
ရွှေကျင်တဲ့
ချောင်းကလေးနံဘေး
ကွက်လပ်တစ်ခုမှာ
နင့်ရဲ့ လုပ်ဖော်
ကိုင်ဖက်တွေနဲ့အတူ
တဲငယ်လေးထိုးပြီး
နှစ်နှစ်မြိုက်မြိုက်
အိပ်မောကျနေရောပေါ့။
ဒါမှ မဟုတ်
နင် ပြောဖူးသလို
ပင်ပန်းလွန်းပေမဲ့
အတွေးတွေနဲ့
လုံးချာလည်ပြီး
အိပ်မပျော်နိုင်တဲ့
ညတစ်ညလည်း
ဖြစ်နေနိုင်တာပါပဲနော်။
ဘာပဲဖြစ်ဖြစ်
ငါကတော့
မနက်မိုးလင်းလို့
ဘုရားရှိခိုးတိုင်း၊
ညအိပ်ရာ ဝင်ခါနီး
ဘုရားရှိခိုးတိုင်း
ငါ့ ချစ်ရသူ
နင်တစ်ယောက်
လူသူမနီးတဲ့
တောတောင်ဝန်းကျင်မှာ
ဘေးမသီရန်မခ ရှိပါစေ။
နှစ်နှစ်မြိုက်မြိုက်
အိပ်စက်အနားယူခွင့်ရပါစေ။
လုပ်ငန်းကိုင်ငန်းများလည်း
အဆင်ပြေ
အောင်မြင်ပါစေလို့
တတွတ်တွတ်
ဆုတောင်းရတာ အမောပါ။
ဖြစ်နိုင်ရင် ခုလိုအချိန်မှာ
ငါ့နံဘေးနားမှာ နင့်ကို
ရှိနေစေချင်မိတယ်။
ငါလေ အခု နင့်ကို
သိပ်စိတ်ပူနေတယ်။
ငါတို့
အနာဂတ်အတွက်လည်း
စိတ်ပူတယ်။
ဒါပေမဲ့ ဖုန်းဆက်လို့ရတဲ့
နေရာရောက်ဖို့
အနည်းဆုံး
သုံးနာရီကြာအောင်
လမ်းလျှောက်ရတဲ့
နင်တို့ အလုပ်နေရာကြောင့်
ခုလိုချိန်မှာ
ငါ့ စိတ်ဖြေစရာဆိုလို့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

*စာရေးဖို့ပဲ ရှိတာမို့ စာရေးနေမိတာပါ။ ဒါပေမဲ့လည်း စိတ်မပြေပါဘူး ဇော်ရယ်၊ ငါလေ…။*

ရေးလက်စ စာကြောင်း၌ ရေ့ဆက်မရစွာဖြင့် ကျွန်မ ကိုင်ထားသည့် ဘောလ်ပင်ကို စားပွဲပေါ်သို့ ချထားလိုက်ရပါသည်။ သက်ပြင်းအထပ်ထပ် ရှိုက်ငင်မိလျက်က ရင်ဘတ်ထဲမှာ အသည်းနှလုံးတစ်ခုလုံး ရေနစ်ခံရသလို အသက်ရှူမဝစွာ မွန်းကျပ်လျက်ရှိနေသည်။

*ဇော် ငါလေ…။*

စာရေးစားပွဲပေါ် တံတောင်ဆစ် နှစ်ဖက်ထောက်ရင်း မျက်နှာကို လက်ဖဝါးတွေကြား နှစ်မြှုပ်ထားလိုက်မိတယ်။ ထိုအခါ ကျွန်မ မျက်လုံးထဲမှာ သူငယ်ချင်း နုငယ်၏ ကြေကွဲနာကျင်နေသော သနားစဖွယ် မျက်နှာကို ပြန်မြင်ယောင်လာသည်။ ပြီးလျှင်…။

*သိလားဇော်…ငါ နေ့လယ်တုန်းက အသုဘနာရေးတစ်ခုကို သွားခဲ့ရတယ်။ ဘယ်သူ့ နာရေးလို့ နင် ထင်သလဲ။*

❑

> **လပြည့်ည နီးပြီမို့ မကြာခင်၌ လသာ လာပါလိမ့်မည် တစ်ခုရှိသည်က ကျွန်မတို့ မြို့ကလေးသည် မြင့်မားသော တောင်တန်းကြီးများ အလယ်၌ တည်ရှိနေရသည့် မြို့ငယ်လေးမို့ အခြားသော မြို့များထက်တော့ လမင်းကြီး ရောက်လာမည့် အချိန်ကို စိတ်ရှည် လက်ရှည် စောင့်ဆိုင်းဖို့ လိုအပ်လိမ့်မည်**

ခွမ်းခနဲ မြေအိုးရိုက်ခွဲလိုက်သံသည် ကျွန်မရင်ခွင်ထဲ ဖက်တွယ်ထားသည့် သူငယ်ချင်း နုငယ်ကိုသာမက ကျွန်မ၏ နှလုံးသားအစုံကိုပါ လှိုက်ခနဲ ဆို့တက်နာကျင်သွားစေပါသည်။ နုငယ်ကတော့ ကျွန်မကို တင်းကျပ်စွာဖက်တွယ်လျက် နင့်နင့်သီးသီး ရှိုက်ငင်လျက် ရှိနေလေပြီ။

'အံမယ်လေး သားကြီးရေ။ အမေတို့ ဘယ်လိုဖြေရမှာလဲ လူလေးရဲ့။ ညီလေး၊ ညီမလေးတွေကို ဘွဲ့ရတဲ့အထိ သားထောက်ပံ့ပေးသွားပါမယ်ဆို။ အမေ့ကို မြေးချီ နိုင်းဦးမှာဆို…'

ကွယ်လွန်သူ သားအတွက် မြည်တမ်းငိုကြွေးနေသော မိခင်တစ်ယောက်၏ ရင်ကွဲပက်လက်အသံကကြားရသူတိုင်းကို မျက်ရည်ဝေ့မိကြရစေပါသည်။ မြေကျင်းထဲရောက်နေပြီဖြစ်သော သစ်သားခေါင်းတလားထဲမှာတော့ နုငယ်၏ ချစ်သူ မောင်မောင်သည် လောကကြီးကို ကျောခိုင်းလျက် ငြိမ်သက်စွာ အိပ်မောကျလျက် ရှိနေပါသည်။ 'တရားနဲ့ ဖြေပါ နုငယ်ရယ်'ဟု သူငယ်ချင်းကို ဖြေသိမ့်ဖို့ရာ မဆိုထားနှင့်၊ ကာယကံရှင်တွေ ထက်စာလျှင် ပိုတည်ငြိမ်ရင့်ကျက်သည့်နေရာ၌ ရှိနေရမည့် ကျွန်မကိုယ်တိုင်သည်ပင် မောင်မောင်၏ အပြီးတိုင်ခွဲခွာခြင်းအတွက် မသိစိတ်မှ လက်ခံဖို့ရာပင် ခုထိ နားချရခက်နေဆဲဖြစ်သည်။ တကယ်ဆို မောင်မောင့်အသက်က ယခုမှ နှစ်ဆယ့်ရှစ်။ ဇော်တို့ ကျွန်မတို့ နုငယ်တို့နှင့်မှ ရွယ်တူ မောင်မောင်ဟာ လောကကြီးထဲမှ ခုလို စောစီးစွာ ထွက်ခွာသွားသင့်သေးသည့် အရွယ် မဟုတ်။ သာမန်ကျန်းမာရေးကောင်းမွန်သည့် လူငယ်တစ်ယောက်သာ ဆိုလျှင်ပေါ့လေ။ ခုတော့ဖြင့်… နုငယ်၏ချစ်သူ၊ ကျွန်မတို့၏ ကျောင်းနေဖက် သူငယ်ချင်း မောင်မောင်သည် သူ ချစ်ပါသည်ဆိုသော ချစ်သူ၊ သူ တွယ်တာပါသည်ဆိုသော မိသားစုနှင့်အတူ ကျွန်မတို့ သူငယ်ချင်းတွေကိုပါ အပြီးအပိုင် စွန့်ခွာသွားခဲ့ပြီ။

'ဒီလိုမှန်းသိရင် သူ့ကို ငါ ရွှေတောဘက် လုံးဝ ပေးမသွားခဲ့ပါဘူး…စမ်းရေရယ်။ သူ ဘယ်လောက်ပြောပြော ငါ ရအောင်တားခဲ့မှာပါ။ ခုတော့…'

'အေးပါ… သူငယ်ချင်းရယ်။ ငါသိပါတယ်…'

ဗလုံးဗထွေး ရှိုက်ငင်ယူကျိုးမရစကားနှင့် နုငယ်ကို ခပ်တင်းတင်းဖက်ရင်းမှ ကျွန်မ နှုတ်ဖျား၌လည်း ဖြေသိမ့်စရာ စကားလုံးတွေ ရှား…
လျက် ရှိနေခဲ့သည်။

'အမေတို့မှာသာ ပြည်…
ခဲ့ရင် ငါ့သားကြီး ဒီလို …
ပန်းရဘူး။ ဒီလို ငယ်…
ရွယ်ရွယ်နဲ့ မဆုံးရပါဘူး…
သားရယ်။ သားတို့ကို ပြ…
ပြည့်စုံစုံမထားနိုင်ခဲ့တာ အ…
အပြစ်ပါ။ အမေ့ချို့ယွင်း…
ပါ…'

'အို… တရားနဲ့ …
ပေါ့ ဒေါ်မြိုင်ရယ်၊ သူ…
က ဒီလောက်ပဲ ပါလာလို့…
ဘယ်နေရာသွားသွား …
ရှိရင် ဖြစ်ရမှာပါပဲ။ ဒေါ်…
ကိုယ်ဒေါ်မြိုင် မညှဉ်း…
နဲ့…'

အိမ်နီးချင်းမိတ်…
အမျိုးသမီးကြီးက ထွေး…
နှစ်သိမ့်ပေမဲ့ မောင်မောင့်…
ဒေါ်မြိုင်ကဖြင့် ရင်ဘတ်…
ထုထုပြီး ဖြေဆည်ရာမဲ့…
သာ။

'ဘယ်နေရာသွားသွား…
ဖြစ်ဖို့ရှိရင် ဖြစ်မှာပါပဲဆို…
သိပါတယ်။ ဒါပေမဲ့ ကျွ…
တို့သာ ပြေလည်ခဲ့ရင် ကျွ…
သားလည်း ဒီလို ငှက်…
ပေါတဲ့ ရွှေတောလိုမျိုး…
သက်စွန့်ဆံဖျားသွားရ…
မဟုတ်ဘူး။ ကျွန်မကလည်း…
လွှတ်ဖြစ်ခဲ့မှာ မဟုတ်ဘူး…
ခုတော့…ကျွန်မသား…
ငယ်ငယ်ရွယ်ရွယ်နဲ့ ရေ…
နစ်ခဲ့ရရှာပြီ။ အမေ့ကို …
လွှတ်ပါ သားရယ်… အ…
ကို ခွင့်လွှတ်ပါ…'

ကျွန်မကတော့ '…
ရမှာဟ။ အိမ်မှာလည်း အ…
မရှိတော့ ငါပါ ရန်းမှ …
လည်မှာ။ ငါ့အမေ …
ရောင်းတာက စား…
တောင် ဖူလုံတာ မဟုတ်…



www.burmeseclassic.com

www.burmeseclassic.com

...လောဆယ် ကျောက် ...းတဲ့ အလုပ်ကလည်း ...က်ဈေးမကောင်းက ...းက ရပ်ထားရတော့ ...လင့်ချက်မဲ့နေတယ်။ ...းလာအပ်လို့ သွေးရတဲ့ ...က်ဆိုတာကလည်း သူ ...လည်း သူတို့ကျောက် ...ောင်းထွက်တော့မှ ငါ့ကို ...ရှင်းပေးနိုင်မှာ။ သူတို့ ...က်က ဘယ်တော့မှ ...င်းထွက်မှာလဲ။ ငါတို့ဆီ ... ကျောက်တွေကို သူများ ...က ပြန်ဝယ်လာကြမှ ...။ အဲဒီလို ပြန်ဝယ်လာဖို့ ...တို့က တစ်နှစ်စောင့်ရ ...။ နှစ်နှစ်စောင့်ရမှာ ...။ ဘယ်လောက်စောင့်ရ ...လဲ။ ဒီကြားထဲမှာ ငါနဲ့ ...မေ၊ ငါ့ညီအစ်ကို မောင် ...တွေက ထမင်း မစားလို့မှ ...တာ။ အဝတ် မဝတ်လို့မှ ...တာ။ သာရေးနာရေးတွေ ...ဘဲ ဆိုင်းထားလို့မှ မရ ...။ ပြီးတော့ နင်နဲ့ ပြည့်ဖော် ... ငါနဲ့ နုငယ်ရဲ့ ရည်းစား ...ကမ်းကလည်း နည်း ...တာမှ မဟုတ်တာ။ ...နဲ့ သူ့အသိုင်းအဝိုင်းက ...သိတယ်ဆိုပေမဲ့ ဖြစ်နိုင် ...တော့ ငါတို့ဆိုတာ လက် ...င့်နေပြီလေ…'ဟု မချိ ... ပြောဆိုနှုတ်ဆက်သွား ... မောင်မောင့်မျက်နှာ ... ခါခါသတိရနေမိသည်။

လွန်ခဲ့သည့် သုံးလခန့် ... မောင်မောင်သည် နာမည် ... ရွှေတောဒေသသို့ မျှော် ...အိပ်မက်တွေ တစ်သီကြီး ... တက်ကြွစွာ ထွက်ခွာ ...ခဲ့သည်။ မောင်မောင်နှင့် ... မတူပေမဲ့ ဇော်သည် ...း ဒီလိုအိပ်မက်တွေနှင့် မျှော်လင့်ချက်ရှိရာ ထွက်ခွာသွားခဲ့သည်။ သူတို့နှစ်ယောက် အသီးသီး ထွက်ခွာသွားခဲ့ကြသည်။ ကျွန်မတို့ဆီက လူငယ်တွေ အဲဒီလိုပဲ အသီးသီးထွက်ခွာသွားခဲ့ကြပါသည်။

မျှော်လင့်ချက်ဆိုသည်မှာ လမ်းလျှောက်နေသည့် အိပ်မက်ကလေး…တဲ့။

သူတို့အားလုံးသည် သူတို့ မျှော်လင့်ရာ ပန်းတိုင်များရှိရာဆီသို့ မျက်နှာမူလျက် လမ်းလျှောက်ထွက်ခွာသွားခဲ့ကြတာဖြစ်လေသည်။ တချို့က မြို့လေး၏ တောင်ဘက်အရပ်မှာ၊ အချို့က မြောက်ဘက် အရပ်မှာ၊ အချို့ အရှေ့အရပ်မှာ…။ တချို့က…။ ထိုအရပ်မျက်နှာများစွာဆီ အသီးသီး ထွက်ခွာသွားကြသူတို့၏ နောက်မှာ အမေတွေ ကျန်ရစ်ခဲ့ကြသည်။ ညီအစ်ကို မောင်နှမတွေ ကျန်ရစ်ခဲ့ကြသည်။ ချစ်သူတွေ ကျန်ရစ်ခဲ့ကြသည်။ မိတ်ဆွေ အပေါင်းအသင်းတွေ ကျန်ရစ်ခဲ့ကြပါသည်။ ထွက်ခွာသွားသူတို့၏ မျှော်လင့်ချက်များ အိမ်အထိ ပြန်ပါလာမည့် အချိန်ကို မိသားစုတစ်တွေ စောင့်မျှော်ရစ်ခဲ့ကြပါသည်။ ချစ်သူတွေ စောင့်မျှော် လွမ်းကျန်ရစ်ခဲ့ကြရပါသည်။ မလွဲသာ၍ တော်ရာခရီးနှင်ရ သူတို့တွေလည်း လွမ်းကြရှာမည်သာ။ ဒီဘက်နှစ်တွေ နောက်ပိုင်း မြို့ကလေး၏ သာရေးနာရေးနှင့် ကထိန်ပွဲတွေမှာ လူငယ်တွေ မစုံကြတော့တာ ကျွန်မတို့တွေသိနေသလို အကြောင်းကြောင်းတွေကြောင့် ပြန်မလာနိုင်ရှာသူတွေလည်း ခံစားလွမ်းမိနေကြမှာ သေချာပါသည်။

လမ်းထိပ်ကင်းတဲမှ အဘမိုးက ပြောသည်။

'ကျီးစောင့်ကြက်နှင့် သက်ကြီးရွယ်အို၊ ကျောင်းနေနေတဲ့ ကလေးအရွယ်နဲ့ မိန်းကလေးတွေပဲ ကျန်တော့တယ်…'တဲ့။

နောက်တစ်ခုက ကျွန်မတို့ဆီမှာ ခုနောက်ပိုင်း ခိုတွေ သိပ်များလာနေသည်။ ကြားရပါများသဖြင့် ခိုညည်းသံများနှင့်ပါ ယဉ်ပါးလာသလို ဖြစ်နေမိ၏။ ရှေးမီနောက်မီ လူကြီးသူမတွေက 'ဟိုတုန်းက တို့မြို့မှာ ခိုတွေ မရှိသလောက်ပဲ။ ခု ဒီဘက်နှစ်တွေနောက်ပိုင်းမှ ပိုပိုများလာတာ'ဟု ဆိုသည်။ တစ်ယောက်ကဖြင့် ထိုအဖြစ်ကို 'ကမ္ဘာကြီး ပူနွေးလာလို့ နေမှာပေါ့'ဟု သူ့အမြင်အယူအဆနှင့်သူ အဖြေထုတ်သည်။ ကျွန်မတို့ကတော့ ရှေ့လည်း မဆက်နိုင်၊ နောက်လည်း မဆုတ်နိုင်သည့် အကျပ်အတည်းကြားမှာ တူနှစ်ကိုယ်တိုင်းပြည်တည်ဆောက်နိုင်ဖို့အရေး အဖြေရှာကြည့်နေခဲ့ကြပါသည်။

'အဖေတို့ အမေတို့ကို အပြစ်တင်တာ မဟုတ်ပါဘူး။ သူတို့ခေတ်က နှစ်ဖက်လုံး အခြေမခိုင်ဘဲ ယူကြတယ်ဆိုတာ ငါတို့ခေတ်လို ရှားပါးတဲ့ခေတ်မှ မဟုတ်တာ။ ဘာပညာမှ တတ်စရာမလိုဘူး။ ဘာအရင်းအနှီး တစ်ပြားမှလည်း ရှိစရာ မလိုဘူး။ ဒီနေ့ ငါးကျပ်မှ မရှိပေမဲ့ မနက်ဖြန် ပေါက်တူးလေး ပခုံးပေါ်ထမ်း၊ တွင်းတောဘက် တစ်ပတ်လောက်ပတ်ပြီး ခန့်ဆေးလိုက်ရင် သူဌေးဖြစ်ရင် ဖြစ်သွားနိုင်တာဆိုတော့လေ။ ဒါမှမဟုတ် ယူပြီးရင် မယားက အိတ်ထဲ ငွေနှစ်ရာသုံးရာထည့်၊ ထာလေးချိုင်းကြားညှပ်ပြီး ထာပွဲသွား။ လင်က ခန့်ဆေး၊ တွင်းသားလုပ်။ သေချာတယ်၊ မချမ်းသာရင်တောင် မွေးလာသမျှ သားသမီးတွေကို ထမင်းဝဝ ကျွေးနိုင်တယ်။ ကျောင်းထားပေးနိုင်တယ်။ ဒီလို ရှာရလွယ်ခဲ့တော့ ငါတို့ မျိုးဆက် အလှည့်မှာ ဒီလိုကြုံရမယ်လို့ သူတို့ ကြိုတင်မတွေးမျှော်ခဲ့ကြတာ အပြစ်တင်လို့တော့ မရဘူးပေါ့ဟာ…'

ဇော်နှင့် မောင်မောင်သည် ဆယ်တန်းကျသည့်နှစ်၌ ပြန်မဖြေဘဲ မိဘတွေကို ညာတာကာ ကျောင်းထွက်ပြီး ဒေသရိုးရာ ကျောက်သွေးပညာတွေ သင်ခဲ့ကြသည်။ နုငယ်ကတော့ ကိုးတန်းကတည်းက ကျောင်းထွက်ကာ ကျောက်ဝယ်ပညာ သင်ခဲ့တာ။ ကျွန်မတစ်ယောက်တည်း ဆယ်တန်းအထိ ရောရောရှုရှု နေခဲ့ရတာဖြစ်သည်။ ပြောရလျှင်ဖြင့် ပညာတတ်တစ်ယောက်၏ ပုံမှန်လစာထက် ပိုမျှော်လင့်ချက်ရှိသော အခြေအနေတစ်ခုကြောင့် လူကြီးမိဘအများစုက သားသမီးတို့ ရှေ့ရေးအတွက် 'ပညာရေးသည် နံပါတ်တစ်'ဟု မတွေးမိခဲ့ကြချိန်ပေါ့။ ခုတော့ဖြင့် ဆုံးခန်းမတိုင်ခဲ့သော ပညာရေး တစ်ပိုင်းတစ်စနှင့် အပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ပြောင်းလဲသွားသော ခေတ်ကာလအခြေအနေတို့ ရင်ဆိုင်တွေ့ကြချိန်မှာ နှစ်ခုအနက် တစ်ခုပစ်ပြီး စွန့်စွန့်စားစား ရွေးချယ်ခဲ့ကြသော ထို ဒိုင်းသည် ကျွန်မတို့တွေကို လောကဓံတိုက်ပွဲ၌ လုံခြုံအောင် မကာရံပေးနိုင်တော့ပြီလေ။ မြို့ကလေးပေါ် ကျရောက်လာသော လောကဓံတိုက်ပွဲ၌ ထို ဒိုင်းဖြင့် ကာရံ၍ မလုံခြုံတော့သောအခါ လုပ်နိုင်ကိုင်နိုင်သော အရွယ်တွေဖြစ်သည့် မောင်မောင်နှင့် ဇော်… မောင်မောင်တို့ ဇော်တို့တစ်တွေသည် ရေကြည်ရာ မြက်နုရာအရပ်တွေဆီ ပြောင်းရွှေ့ရင်ဆိုင်ကြရတော့သည်။ တချို့တွေက တိုက်ပွဲမှ ခေါင်းမော့ရင်ကော့ကာ ပြန်လာနိုင်ခဲ့ကြပြီး တချို့တွေကျတော့လည်း…။

မောင်မောင်ရေ… ကောင်းရာ သုဂတိလားပါစေဟယ်။

မောင်မောင့်မြေပုံကို ကျောခိုင်းပြန်လာချိန်မှာ ပြီးခဲ့သည့်လပိုင်းကမှ ကျွန်မတို့ ပို့ခဲ့ရသော အသိမိတ်ဆွေ၏ မြေပုံရှိရာ မျက်စိက လှမ်းကြည့်မိခဲ့သေးသည်။ တစ်အိမ်တည်းမှ ညီအစ်ကို သုံးယောက်သွားခဲ့ကြရာမှ တစ်ယောက်က ထိုလုပ်ငန်းခွင်နေရာ၌ပင် ငှက်ဖျားဖြင့် ဆုံးပါးခဲ့ရပြီး ကျန်နှစ်ယောက်ကို ဆိုင်ကယ်တက္ကစီနောက်ခုံတွေ၌ ကြိုးဖြင့်သိုင်းကာ အိမ်တိုင်ရာရောက် တောလမ်းခရီးအတိုင်း အဖော်တွေက ခက်ခက်ခဲခဲ ပြန်ခေါ်ယူခဲ့ရသည်။ ပြန်လာလာချင်း ဆေးရုံတင်ပေမဲ့ တစ်ဦးသာ အသက်ရှင်ကျန်ရစ်ခဲ့ရသည်။

လောကကြီး၌ နေမည်ဆိုလျှင် အင်မတန်မှ နေပျော်ဆုံး အရွယ်။ တိုင်းပြည်အရေးအားကြိုးမာန်တက် လုပ်ကိုင်ပေးနိုင်ကြသေးသော အရွယ်တွေ။

တတ်သိပညာရှင်ကြီးတွေကတော့ 'လူငယ်တွေဟာ တိုင်းပြည်ရဲ့တန်ဖိုးအရှိဆုံး ရတနာတွေပဲ' တဲ့။ ကြည့်စမ်းပါဦးကွယ် ဒီရတနာတွေကို ကျွန်မတို့ နောက်ထပ်ဘယ်လောက် ဆုံးရှုံးခံရဦးမှာလဲ။ အိမ်နီးချင်းတိုင်းပြည်မှ လူမျိုးတို့၏စကားပုံကို ကျွန်မ သတိရပါသည်။ 'သေရမှာ ထက်ဆင်းရဲမှာကို ပိုကြောက်တယ်' တဲ့။ ငယ်ငယ်တုန်းကတော့ ထိုစကားပုံကို ကျွန်မ သဘောမမျှစွာ ပြုံးထေ့မိဖူးပါသည်။ ခုချိန်ထိလည်း လက်မခံနိုင်ပါ။ သို့ပေမဲ့… ခုနေခါမှာ ကျွန်မ မပြုံးဖြစ်တော့ပါ။ ဆင်းရဲမည်ကို ကျွန်မ ကြောက်ပါသလား။ ဟင့်အင်း…သေခြင်းတရားထက် ပိုရလောက် အောင်ဖြင့် ကျွန်မ အစွန်း မရောက်ဘူးထင်သည်။ မောင်မောင်ကော ကြောက်သလား။ ဇော်… ကော ကြောက်ပါသလား။ မောင်မောင်တို့ ဇော်တို့ ကြောက်ကြပါသလား။ လူသားတစ်ယောက်ရယ်ဟု ဖြစ်တည်လာရသည့် အနက်အဓိပ္ပာယ်သည် ငွေရှာဖို့တစ်ခုတည်းကြောင့်ဟု ကျွန်မ ဘယ်တုန်းကမှ မထင်ခဲ့ဖူးပါ။

သို့ပေမဲ့ ခုနေခါမှာဖြင့် ဆင်းရဲလျှင် ဘာမျှလုပ်၍ မရသည့်အဖြစ်တချို့အကြောင်းကို ကျွန်မလည်း တွေးမိတတ်လာခဲ့ပြီ။ ခါးသီးစွာ လက်ခံရသည့် အခိုက်အတန့်တို့ကို ကြုံတွေ့ရင်ဆိုင်ဖူးလာခဲ့ပြီ။

❑

တင်းကျပ်နေသော ရင်ထဲ၌ ဝေဒနာတွေ ပြေလျော့လို ပြေလျော့ငြား ကျွန်မသည် အခန်းပြတင်းပေါက်ကို ထဖွင့်လိုက်ပါသည်။ ပြတင်းဝမှ ချက်ချင်း တိုးဝှေ့တိုက်ခတ်လာသော ဆောင်းညလေအေးသည် ကျွန်မ၏ အနွေးထည်တွေကို စေ့ပိတ်၊ လက်ပိုက်သွားမိစေလောက်အောင် စိမ့်အေးလွန်းလှသည်။ မီးအားမြင့်စက် မဝယ်နိုင်သေးသဖြင့် ခရမ်းချဉ်သီးသာသာ လင်းသော ကျွန်မ၏ အခန်းတွင်းရှိ စာကြည့်မီးအလင်းရောင်သည် နဂိုမှောင်နေသော ပြတင်းပေါက်အပြင်ကို ထူးပြီး မလင်းလက်လာစေပါ။

ကျွန်မသည် ပြတင်းပေါက်ပေါင်နံဘေး လက်ပိုက်ကာ ခပ်ငွေ့ငွေ့မှိုရပ်လိုက်ပါသည်။ ထိုအခိုက်အတန့်မှာ အားကိုးမြတ်နိုးစွာ မှီတွယ်ခဲ့ဖူးသော ဖေ၏ ကြံ့ခိုင်နွေးထွေးသော ပခုံးတို့ကို သတိရသည်။

'စိတ်မပူပါနဲ့… စမ်းရေရယ်။ ငါတို့ အနာဂတ်အတွက် ငါ သွားရမှာပါ။ ငါ လောဘ သိပ်မကြီးပါဘူး။ ငါတို့ အနာဂတ်ထူထောင်ဖို့အတွက် သင့်တင့်တဲ့ ငွေ အရင်းအနှီးရရင် ငါ အမြန်ဆုံး ပြန်လာခဲ့မယ်။ ငါချစ်တဲ့ နင့်ကို ငါ့ဘေးမှာ အမြဲခေါ်ထားခွင့်ရဖို့ ငါ သွားမှာပါ။ နင်နဲ့ ငါ လက်ထပ်ပြီးရင် ငါ... သားသမီးတွေကို လိ... ခြားရှိပြီး အမှားအမှန်... ဖန်ပိုင်းခြားတတ်တဲ့ ... တွေဖြစ်လာအောင် ပြ... ထောင်ကြမယ်နော်'

ချစ်သူ၏ တ... သော မျှော်လင့်ချက်... တွေးမိသူ ကျွန်မထံပါး ... စက်ခိုတွယ်လာသလို ခံ... သည်။ မှေးမှိန်နေရာမှ ... ၏ ဦးခေါင်းကို အား... ရင်း မော့လိုက်ပါသည်။ ... သီနေသည့် နှင်းငွေ့မှုန်... ကြားတွင် ညသည် ... ရောင် ဝိုးတဝါးမျှကိုပင် ... သာနိုင်စွမ်း မရှိစေပါ။ ... ရောင်မျှပင် မဖြာနိုင်သော... နှင်းတဖွဲဖွဲညပီပီ ကျွန်မ... သည်က မှောင်နေသော... သာ ဖြစ်လေသည်။

သို့ပေမဲ့… ကိစ္စမရှိ...

လပြည့်ညနီးပြီမို့ မ... ခင်၌ လသာလာပါလိမ့်... တစ်ခုရှိသည်က ကျွန်မတို့... ကလေးသည် မြင့်မားသော... တောင်တန်းကြီးများအလ... ၌ တည်ရှိနေရသည့် မြို့... လေးမို့ အခြားသော မြို့... ထက်တော့ လမင်းကြီးရော... လာမည့်အချိန်ကို စိတ်... လက်ရှည်စောင့်ဆိုင်းဖို့ ... အပ်လိမ့်မည်။ အဝေးဆီ... တစ်မျှော်တစ်ခေါ် လှမ်း... နေရသည့် ထိုတောင်တန်း... ကြီးများကို လမင်းကြီး ... သန်းကျော်လွန်လာချိန်၌ ... မည်းညိုညိုတို့ ဖုံးအုပ်လွှမ်း... မသွားဖို့ရာသာ ဒီည ကျွန်မ... ဆုတောင်းချင်ပါသည်။

ငွေဇင်ဧ...
မိုးကုတ်...





www.burmeseclassic.com

www.burmeseclassic.com

# စာနဒီစာအုပ်တိုက် TEXT RIVER PUBLISHING HOUSE

## စာနဒီစာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ





ချိုင်ဘီရိယ[တောင်စွန်း]
ည်းမှုအောင်ပွဲနှင့် အာဏာနည်တိုလာရာလမ်း

အာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
and Philosophy of Art Criticism
JEROME STOLNITZ

ကာလ မပွင့်သေးသော ဘုရားများအား
သင့်နှင့် ဘာသာရေးဖြတ်ထုံးများ
ကြီးဟောင်း)
ပျောက်စေဆရာကြီး ရပ်စပြူတင်
ဦးတင့်ဆွေ
စိတ်ထား
ချောင်း)
ဘက်ဆင့်ကမ်း Message to Teen

သား၊ကြောင်နက်ရုပ်နှင့်သည်းထိတ်ဖိုဝတ္ထုတိုများ
ကျော်လွင်
မှုဆိုင်ရာ အဓမ္မနစ်ရာ အဖြေနစ်ထောင်

တောင်ကန်မြောက်ကန်
မောင်မောင်
လပ်ရေးသမိုင်းဝင်စစ်မြေပြင်စရီးကြမ်းနှင့်
မှတ်တမ်း
ဂါသာရ)
သီဟိုဠ်မွေဝတ္ထုတိုများ
ကျန်း)
မယ်

ရေးတစ်ကြောင်းခြစ်
ချောင်း)
တို့ ဆုံးဖြတ်ရမည့်
ဆုံးအချက်(၆)ချက်

- တင်မိုး
  ပီတောက်မှ သရဖီသို့
- ကံထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောနေ့စွဲများ
- ဒေါက်တာအရှင်သာမိန
  ငါ့မျက်ရည်တွေဘယ်ကိုရောက်နှင့်
  ဘာသာရေးအတွေးဆောင်းပါးများ
- နတ်စည်(ကံထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ
  ကာရိုက်တာပြပွဲ
- သာထက်အောင်
  တွေးမိသမျှ၊ ငေးမိသမျှ၊ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့အတွေးအကြံ
- ဓမ္မဘောဂီအရှင်ဝီရိယ(တောင်စွန်း)
  ကမ္ဘာတစ်ခြမ်းကိုပြောင်းလဲစေခဲ့သော
  သာမဏေနှင့် သံယာ့ကျေးဇူး



- ဒဂုန်တာရာ
  ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံ အတ္ထုပ္ပတ္တိ
  ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်)
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန်NLDနှင့် သမ္မတဇာတ်လမ်း

BURMESE CLASSIC .com

## ယခုထွက်ရှိသည့် စာအုပ်များ

- မောင်သိင်္ခ
  ရုပ်ပွားတော်ကိုးကွယ်မှုနှင့်
  အကျိုးအာနိသင်များ
- ဝဏ္ဏသီရိ
  ချုပ်ရာငြိမ်းရာ
- နစ်ဖက်လှ ဦးကျော်လွင်
  မျက်မှောက်ခေတ်ဘာသာရေးနှင့်
  ကျွန်ုပ်တို့၏ သုံးသပ်ချက်




စာနဒီစာအုပ်တိုက်မှ
ယခုထွက်ရှိသည့် စာအုပ်များ

ဖြန့်ချိရေး–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၃၊ ပျဉ်းမဖြိုင်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ ၊ရန်ကုန်မြို့။
ဖုန်း –၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနှောင်းခဲ့ပြီ။ ကချင်ပြည်နယ်၏ ချမ်းမြ
ဆောင်းရာသီက နှင်းကြွင်းပင် မကျန်တော့
နှုတ်ဆက်ပြီ။ နွေဦးသို့ ချင်းနင်းဝင်ရောက်တော
အရိပ်အယောင်များ မြင်သာစပြု
တစ်ခုသောရက်တွင် မွေးရပ်
သမီး ပြန်ရောက်လာလေ

www.burmeseclassic.com

www.burmeseclassic.com



# အခွဲအခွာ


**စံပယ်ဖြူနု**

အမှတ် ၂၉၀၊ ဇန်နဝါရီ၊ ၂၀၀၄

ရုပ်စုံမဂ္ဂဇင်း

ဝတ္ထုရှည်စ / ဆုံး

နေထိုင်ကျင်လည်ရာ မြို့ပြအား ခေတ္တခဏ နှုတ်ဆက်ရခြင်း၊ နေပျော်ခင်တွယ်ရာအရပ်သို့ ခြေချရခြင်းသည် အချိန်ကာလအားဖြင့် တိုတောင်းလှသည်။ သမီးရသော အခွင့်သည် ရက်အားဖြင့် နည်းလှ၏။ သို့ပေမဲ့ တစ်နေ့ပြန်လည် ခွဲခွာရမည့် အချိန်စက်ဝန်းတစ်ခု နောက်ကျောဝယ်...





www.burmeseclassic.com

ကပ်ပါမြဲဖြစ်သည်ကို မေ့လျော့ထားမည်ဆိုလျှင်တော့ စိတ်လက်ပေါ့ပါးရသည်မှာ အမှန်ပင်။

ခြံကလေးသည် အေးချမ်းသောမြင်ကွင်းဖြင့် သမီးကို ဆီးကြိုနှုတ်ဆက်နေ၏။ သမီးငယ်စဉ်မှစ၍ နေထိုင်ကြီးပြင်းခဲ့သော အိမ်ငယ်သည် အိုဟောင်းခဲ့ပြီ။ ဒီနယ်တစ်ဝိုက်က ရွာများတွင် ဆောက်တတ်သော ခြေတံရှည်အိမ်။ ထရံများမှာ ရေနံ့သား ဝလျက်။ သွပ်မိုးသည်လည်း သံချေးရောင်လွှမ်းလျက်။ သမီးတို့အိမ်သည် အဝေးမှကြည့်လျှင် မှုန်ကုပ်ကုပ်ရပ်နေသော ကလေးတစ်ယောက်အလား။ ဒီအိမ်ကို မြင်လိုက်ရသည့်ခဏ စိတ်အတွင်း ငြိမ်းချမ်းရခြင်းကတော့ ဆိုဖွယ်မရှိပြီ။

အိမ်ပြန်ရောက်ပြီ။ အိမ်ပြန်ရောက်ပြီဆိုသော အသိမှာ မိုင်ပေါင်းရာချီဖြတ်သန်းလာရသော အဖြစ်ကိုလည်း မေ့လျော့စေခဲ့ပြီတည်း။

သမီးတို့ ခြံထဲတွင်ကား ပန်းပင်များ မရှိသလောက်နည်းခဲ့ပြီ။ တစ်ချိန်ကတော့ နှင်းဆီ၊ စံပယ်၊ ဒေစီ စသည်ဖြင့် ပန်းပင်တို့သည် အိမ်ရှေ့တွင် နေရာယူမြဲ။ ထိုပန်းပင်များသည် အမေ့အသက်၊ အမေ့စိတ်တို့ တည်ရာ။ ခုတော့ အမေ မရှိတော့သည့်နောက် ပန်းပင်ဟူ၍ ဂရုတစိုက်ပြုစရာ မလိုသော ငွေပန်းပင်များသာ ရေဘုံပိုင်အနီး၌ ဝေါ်စင်းစင်း ကျန်ရစ်နေတော့သည်။

ဩော်… ပျဉ်းမပင်လည်း ကျန်ပါသေးသည်။

> ခုတော့လည်း
> အရာရာ
> ပြောင်းလဲခဲ့ပေပြီ
> အိမ်ပြန်ချိန်၌
> အမေ့ကို
> မမြင်မတွေ့ရ
> တော့ဘူး
> ဆိုသည်မှာ
> အတွေးနှင့်ပင်
> ပြိုလဲစဖွယ်
> ဒီတစ်နှစ်
> အိမ်မပြန်ချင်
> မပြန်ဘူးဟုပင်
> တွေးခဲ့သေးသည်
> သို့သော်
> အဖေ
> တစ်ယောက်တည်း
> ဆိုသော
> လွမ်းဆွတ်
> စာနာစိတ်က
> သမီးကို
> အိမ်ပြန်ပို့ခဲ့ပြီ

အိမ်ခေါင်းရင်းတွင် စိုက်ပျိုးထားသော ပျဉ်းမသည် သမီးနှစ်သက်သော ခရမ်းရောင်ပန်းပွင့်တို့ ဝေဝေဆာဆာ ပွင့်တတ်သည်မို့ ပန်းပင်များ၌ ထည့်သွင်းရေတွက်ရလေမည်လား။ ခြံထဲတွင် အထင်အရှား နေရာယူထားသည်ကတော့ အဖေ့စားပင်သီးပင်များသာတည်း။ သရက်၊ တည်းတို့နှင့်အပြိုင် လဲမှို့ပင်များကိုပင် တွေ့နိုင်သေးသည်။

အိမ်ပြန်ရောက်သည့် နွေတွင်ပင် ခြံ၏ အိုဟောင်းခြင်းကို သမီး မြင်လာရသည်။ ခြံစည်းရိုးသည် ယိုင်နဲ့လျက်။ နွေဦးမို့ သစ်ရွက်များသည် ခြံအနှံ့ ကြွေသက်နေ၏။ တစ်လမ်းလုံးပင်ပန်းခဲ့သည်မို့ အိမ်ရောက်လျှင် နားပါမည်ဟု တွေးခဲ့သော်လည်း ထိုင်မနေနိုင်ပြီ။ ရေမချိုးမီ တံမြက်စည်းတစ်ချောင်းဆွဲကာ သစ်ရွက်ကြွေများကို တရွမ်းရွမ်း လှည်းခတ်တော့ အဖေ က မနေနိုင်။

'နားနားနေနေ နေတာ မဟုတ်ဘူးကော။ ဒီအရွက်တွေဟာ ကနေ့ညဘက် လေတိုက်ရင် ကြွေဦးမှာပဲ။ မနက်ကျတော့ အဖေ လှည်းမှာပေါ့'ဟု ဆိုသည်ကို ရယ်မောငြင်းဆန်ကာ ခြံကိုတော့ တစ်ညနေခင်းအတွင်းမှာပင် လှည်းကျင်းသန့်စင်လိုက်သည်။ ခြံကလည်း ကျယ်ဝန်းလှသည် မဟုတ်ဘဲ။

လှည်းကျင်းရသမျှ သစ်ရွက်ကြွေများကို ခြံထောင့်၌ စုပုံကာ နံနက်စောစောမှမီးရှို့ရန် စိတ်ကူးရသည်။

ရေချိုးရန် ပြင်တော့ အုတ်ကန်ငယ်တွင် ရေအပြည့်။ အသက်ခြောက်ဆယ်ကျော်အဖေသည် အိုမင်းမစွမ်းသော စကားလုံးကို တော်လှန်လိုသူမို့ ဘုံပိုင်ကရေကို ကိုယ်တိုင်နှိပ်၍ သုံးတတ်သူ။ ခုလည်း သမီးအတွက်ပင် ချိုးရေလောက်ငအောင် ချန်ခဲ့သေးသည်။ ရေအေးမြမြကို တစ်ခွက်ချင်းလောင်းချိုးနေစဉ်တွင်တော့ သမီးသည် မြို့ပြ၌ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရသမျှ မြူမှုန်တစ်စ မကျန်တော့သလို

မေတ္တာစေတ်ဖြင့် အေးမြ
ဆန်းလာခဲ့ပါသည်။

❑

ညဦးသည် ရာသီ
မြခြင်း အကြွင်းအကျ
ဆောင်ကာ ဆိုက်ရောက်
ခဲ့ပြီ။

သမီးတို့ရွာသည်
စစ်မီး မရောက်လေသော
ကလေးပင်မို့ ရပ်ရွာကို
ကိုယ်ထ မီးအလင်းသာ
၌ လင်းလျက်ရှိစဉ် သား
နှစ်ဦး ညစာ လက်ဆုံ
သည်။ ပြန်လာမည့်
ကြိုတင်အကြောင်းကြား
အဖေသည် သမီးအတွ
ညစာကို ဖွယ်ဖွယ်ရာ
ဆိုရအောင် စီစဉ်ထား
အဖေချက်သော ထမင်း
ကိုတော့ သမီး ခုမှ
ကြုံရသည်ပင်။

ထမင်းသည်
ငယ် ပျော့၍နေ၏။
သားဟင်းကား မဆိုစ
နံလျက်။ ဟင်းရည်
ဘာအရသာဟု ပြောမ
သမီးသည်
လုတ်ကို ခပ်ဖြည်းဖြည်း
ရင်း တစ်ဝက်တစ်ပျက်
ရသည့် မီးဖိုခန်းမြင်ကွင်း
ငေးနေမိသည်။

မီးဖိုခန်းကျဉ်း
လေးကား မီးရောင်မှိန်
အောက်မှာပင် ဖရိုဖရဲ
အပြည့်။ ပြာမှုန်များသည်
ဖိုပတ်လည်၌ပွရောင်း
လက်နှီးကား မီးဖိုနှင့်
မကမ်းတွင် ပုံကျ
ငရုတ်ဆုံတွင် ငရုတ်
ပွေ့ကိုတပ်လျက်သား
တီတုံးပေါ်တွင်ကား
တို့ကို ခရမ်းချဉ်သီး
နှင့်အတူ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

...ကတော့ စဉ်းတီတုံး ...။

အရင့် အရင် ကတော့ ... ထမင်းဟင်းချက် ...ပြီးပြီဆိုလျှင် လက်စ ... မကျန်ရလေအောင် ...မြဲ။ သမီး မြင်နေကျ ...မီးဖိုခန်းနှင့် လောလော ...တွေ့နေရသည်ကတော့ ...ဘက် တစ်မျိုးတစ် ...။ အဖေတစ်ယောက် ... အိမ်၌ အနေမြဲရသည်ကို ...စေသော ပုံရိပ်မျှပင်။

...သွံခန်းကြမ်းပြင်ပေါ် ...ခြေချစဉ်မှာပင် ခံစားသိ ...သော သဲတရုပ်ရုပ် ...အတွေ့သည် မီးဖိုခန်း ...လည်း နေရာယူဆဲ။ ...ပြင်းကို ကျိတ်၍ ရှိုက် ...မှာတော့ မကျက် ...က် အနာတစ်ခုကို ...ဆွဲလှန်ရသလို ရင်၌ ...လာသည်။

အဖေကား စကား ...ပြောနှင့်ပင် သမီးပန်း ...သို့ ဟင်းတစ်ဖွန်းပြီး ... ခပ်ထည့်ပေးလျက်။ ...အောက်၌ အဖေ့မျက် ...က အရေးအကြောင်း ... ပို၍ပင်မြင်သာနေ ...။ အဖေသည် ထမင်းကို ...တ်ချင်း ဝါးလျက်။ ...လျာကို အရသာ ...းမသိဟန်၊ အရသာ ... မခံစားတတ်တော့ ... မျက်နှာမူရာကမူ ပြုံးမြဲ ...။

ထမင်းပန်းကန်တွင်း ... တစ်ချက် နှစ်ချက် ...း အဖေ့ကို သမီး ...ဆိတ် အကဲခတ်နေ ...။ အဖေကား အမေ့ ...ကို မြိန်ရေရှက်ရေ ရှိလှသူ။ စားကောင်းသောက်ဖွယ်ကိုမှ ခုံမင်တတ်သူ။ အစစအရာရာ ပြုစုလုပ်ကိုင်ပေးခဲ့သူ ဇနီးကလည်း တစ်သက်တာ ခွဲခွာချိန်ထားချိန်၊ တစ်ဦးတည်းသော ရင်သွေးငယ် သမီးကလည်း အဝေးမှာ ရှိချိန်အတွင်း အစိမ်းသက်သက်နေ့ရက်များကို မည်သို့ ရင်သန်ကျော်ဖြတ်ခဲ့ပါသနည်း။

ဖုန်းပြောချိန်တိုင်းတော့ သမီး မေးမြန်းသမျှကို အဆင်ပြေပါတယ်ဟု ဖြေတတ်မြဲ။ ထမင်းတွေ၊ ဟင်းတွေတောင် တော်တော် အဆင်ပြေပြေ ချက်တတ်နေပြီဟု တစ်ခါတုန်းက ပြောခဲ့ဖူးသေးသည်။ စားလို့ကောင်းလိုက်တာဆိုပဲ။ ပြီးတော့ ခပ်သဲ့သဲ့ ရယ်မောလိုက်ပုံ။

'သမီး စားလေ၊ ဘာလဲ စားမကောင်းဘူးလား'

အဖေ့အသံ အကြား၌ သမီး သတိပြန်ဝင်လာရသည်။ အိမ်ငယ်လေးက ညစာဝိုင်းသို့ စိတ်နှင့်ကိုယ် ကပ်လျက် ပြန်ရောက်လာသည်။

'ကောင်းပါတယ် အဖေရဲ့'

အဖေ ကျေနပ်အောင် ထမင်းတစ်လုတ်ကို ပါးစပ်ထဲသွက်သွက် ထည့်ရသည်။ ကမန်းကတန်း ဝါးရသော ထမင်းလုတ်မှာ လည်ချောင်းဝတွင် နင်၍နေသည်။ ဟင်းရည်တစ်ဖွန်းကို အပြေးအလွှား ခပ်သောက်ရသော် ထမင်းနင်ခြင်းကြောင့် မဟုတ်ဘဲ သမီး မျက်ရည်ဝဲလာခဲ့ပါသည်။

❑

နံနက်ခင်း၏ ထင်းလင်းသော အလင်းရောင်သည် အိမ်၏အတွင်းတွင် နေရာယူ ထိုးဖောက်လျက်။ ညက နှစ်ခြိုက်စွာ အိပ်မောကျခဲ့သည်မို့ နံနက်ခင်း၌ သမီး ရွှင်လန်းစွာ နိုးထလာခဲ့သည်။

လူက နိုးသော်လည်း စောင်ပုံထဲက ရုတ်တရက် မထွက်နိုင်သေး။ အရင့်အရင်တုန်းကတော့ ဒီလို နံနက်ခင်းမျိုးဆိုလျှင် မီးဖိုခန်းထဲက လှီးချုတ်ခုတ်စဉ်းသံများ၊ ကြော်လှော်ချက်ပြုတ်သံများ ကြားရမြဲ။ ဟင်းနံ့များလည်း သမီး ရှိရာ အိပ်ခန်းသို့တိုင် ပျံ့လွင့်လာမြဲ။

အမေက အိပ်ရာစောစော ထတတ်သူ။ နံနက် ၅ နာရီဆိုလျှင် မီးစမွှေးပြီ။ သမီး နိုးတတ်သော နံနက် ၇ နာရီတွင်ကား နံနက်စာသည် အဆင်သင့်ဖြစ်ပြီ။ သမီးအတွက် ကော်ဖီတစ်ခွက်သည်လည်း အသင့်ဖျော်ပြီးသား။ အဖေ့အတွက်လည်း နံနက် ၈ နာရီဆိုလျှင် ထမင်းဝိုင်း ပြင်ပြီးသားပင်။

ငယ်စဉ်တုန်းကတော့ အမေချက်ပြုတ်လျှင် ဘေးမှ ကူပေးရတတ်သော်လည်း ရန်ကုန်တွင် အလုပ်ဝင်ချိန်၊ ရွာသို့ ခေတ္တခဏသာ ပြန်လာရချိန်တွင် အမေသည် သမီးကို ဘာတစ်ခုမှ လုပ်ခွင့်မပေးတော့ပေ။ နားရက်ရသည့်အခိုက် အပြည့်အဝ နားစေချင်ရှာသည်။ အနီး၌ သမီး တွတ်တီးတွတ်တာ လုပ်ရုံမျှဖြင့် အမေက ကျေနပ်သူပင်။

ခုတော့လည်း အရာရာ ပြောင်းလဲခဲ့ပေပြီ။ အိမ်ပြန်ချိန်၌ အမေ့ကို မမြင်မတွေ့ရတော့ဘူးဆိုသည်မှာ အတွေးနှင့်ပင် ပြိုလဲစဖွယ်။ ဒီတစ်နှစ် အိမ်မပြန်ချင်၊ မပြန်ဘူးဟုပင် တွေးခဲ့သေးသည်။ သို့သော် အဖေတစ်ယောက်တည်းဆိုသော လွမ်းဆွတ်စာနာစိတ်က သမီးကို အိမ်ပြန်ပို့ခဲ့ပြီ။ စောင်ပုံထဲက ထထိုင်တော့မှပင် မီးဖိုခန်းမှ အသံ ချိုးချိုးချွတ်ချွတ်ကို ကြားတော့သည်။ ရေဒီယိုသံသည်လည်း မီးဖိုခန်းဘက်မှ မှန်မှန် ပေါ်ထွက်လျက်။ အဖေသည် အမေ့လိုပင် သမီးကို နံနက်စာ ပြင်ပေးတော့မည်လား။

မီးဖိုခန်းဘက်သို့ ရောက်လျှင်တော့ အဖေတစ်ယောက် တကယ်ပင် တကုပ်ကုပ် အလုပ်များနေရှာသည်ကို တွေ့ရလေသည်။

'အေး သမီးရေ နိုးပြီလား၊ ဒီမှာ ကော်ဖီဖျော်ထားပြီ။ အခု ထမင်းကြော်မလို့ပဲ၊ မျက်နှာသစ်ပြီးရင် စားကြတာပေါ့'

'အဖေကလည်း ထားခဲ့ပါ၊ သမီး လုပ်မှာပေါ့'

အဖေသည် မီးဖိုဝင်ရန် ပြင်သောသမီးကို လက်တကာကာနှင့် မျက်နှာသစ်ရန်သာ ဆိုနေသည်။ မီးဖိုရှေ့ကမူ မခွာ။ မီးခိုးများ တလူလူလွင့်နေသော မီးဖိုခန်းသည် မှုန်မှိုင်းလျက်။ မီးဖိုပေါ်က ဒယ်အိုး၌ ဆီသည် ပူလျက်ရှိပြီ။ ဆီပူသို့ အဖေ ကြက်သွန်ထည့်လိုက်ဟန်၊ ထမင်းကြမ်းထည့်သည့်ဟန်ကို သမီး ငေးနေမိပြီးမှ အိမ်အောက်သို့ ဆင်းလာခဲ့သည်။

ခြံသည် မနေ့ကထက်



www.burmeseclassic.com

www.burmeseclassic.com

တော့ ရှင်းလင်း၍ နေသည်။ သို့သော်လည်း ညက လေအနည်းငယ်တိုက်ခဲ့သေးသည်မို့ သစ်ရွက်တို့ ဟိုဟိုသည်သည် ကြွေသက်လျက်။ တံမြက်စည်းကိုင်ကာ ခဏမျှ ရှင်းလင်းပြီးမှ မျက်နှာသစ်ရသည်။ ရေဘုံပိုင်အနီးက ရေချိုးခုံပေါ်တွင် သမီးအတွက် ကိုယ်တိုက်ဆပ်ပြာအသစ်၊ သွားတိုက်ဆေးအသစ်များ။ အဖေကတော့ ခုထိ ကာဘော်လစ်ဆပ်ပြာသုံးဆဲ။

ဒုတိယမြောက် စားရသော အဖေ့လက်ရာသည် သမီး၏ စိတ်ကို လှုပ်ခတ်စေဆဲ။ ထမင်းကြော်သည် ဆား မဆိုသလောက် ငန်လျက်။ ကော်ဖီကမူ အခါးပေါ့ပေါ့။ ဒီနံနက်ခင်းတော့ အဖေ့ စားသောက်ဟန် ကို စိတ်မကောင်းသော မျက်နှာပေးနှင့် မငေး။ မငေးမိ။ မနေ့ညကထက်တော့ သမီး နေသားကျခဲ့ပြီ။

နံနက်စာ စားသောက်ပြီးပြီဆိုသည်နှင့် အဖေက ဟင်းချက်ရန် ပြင်တော့သည်။ ဒီတစ်ကြိမ်တော့ သမီး မနေသာပြီ။ အတန်တန် ပြောမရသည့်အဆုံးတွင်မှ အဖေသည် မီးဖိုခန်းက ခွာ၏။ အိမ်ရှေ့ဝရန်တာက ပက်လက်ကုလားထိုင်တွင် ရေဒီယိုနှင့် ငြိမ့်နေတော့သည်။

ဒါကမှ အဖေ့ဟန် အစစ်။ အမေရှိစဉ်ကတော့ အဖေသည် အိမ်ပေါ်သို့ ရေထင်းသယ်ယူပေးသည်မှ အပ ချက်ရေးပြုတ်ရေး၌ ဝင်ပါသည် မဟုတ်။ ဒီအထဲ ဟိုဟင်းမစား၊ ဒီဟင်းမစားဟုပင် ကြေးများလိုက်သေး

ဇာတိရပ်ရွာ၌
သက်ကြီးရွယ်ကြီး
အမိအဖတို့ကို
နောက်ဆံ
တင်းလျက်
ချန်ရစ်ရခြင်းသည်
တမြည့်မြည့်
နာကျင်ရသော
ဒဏ်ရာ
တစ်မျိုးဖြစ်ကြောင်း
သမီး
ကောင်းစွာသိခဲ့ပြီ
သို့သော်
ထိုဒဏ်ရာသည်
လွဲရှောင်
ရနိုင်သော
ဒဏ်ရာလည်း
မဟုတ်
တမြည့်မြည့်
နာလျက်က
တွယ်ဖက်ရသည့်
ဒဏ်ရာ

သည်။ အမေကတော့ အဖေ့အပေါ် အရာရာ အန္တတာခံသူ။ တစ်ယောက်တည်း နေထိုင်ရှင်သန်နေရသည့် နေ့ရက်များကိုတော့ အဖေ ဘယ်သို့ဘယ်ပုံ ဖြတ်ကျော်နေရှာပါလိမ့်။ တွေးမြဲဖြစ်သော အတွေးကပင် ထပ်၍ထပ်၍ ပေါ်လာပြန်သည်။

မီးဖိုချောင်သည် လွန်ခဲ့သော တစ်နှစ်ကျော်အထိ သူ့ကို အသုံးပြုခဲ့သည့် အိမ်ရှင်မကို လွမ်းဆဲရှိမည်လား။ ထင်းမီးတောက်များမှ လွင့်သော မီးခိုးမျှင်များနောက်သို့ သမီး စိတ်က လိုက်ပါရန်ပြင်သည်။

တစ်ချက်မျှ လွင့်လိုက်သေးသော စိတ်အာရုံတွင်တော့ လွန်ခဲ့သည့်နှစ် ဆောင်းရာသီက ပြန်ချိန်မတန်သေးဘဲ အမေ့နောက်ဆုံးချိန်မီရန် အိမ်သို့ရောက်လာရသည့်ပုံရိပ်များ၊ ရက်ပိုင်းအတွင်းတွင်ပင် အမေ့ကို လက်လွှတ်ခဲ့ရသည့်ပုံရိပ်များကို မြင်ယောင်လာသည်။

အမေ့ရက်လည်ပြီးလျှင်တော့ အဖေ့ကို ခွဲခွာရပြန်လေသည်။ မြို့ပြအလုပ်ခွင်သည် သမီးကို ကြိုနှင့်ပြီ။ ဘဝသည် သမီးတို့လို လူအများအား လွမ်းဆွတ်နာကျင်ရန် အချိန်များစွာ ပေးသည် မဟုတ်။

နေအိမ်တွင် အဖေတစ်ယောက်တည်းပင် ကျန်ရစ်သော်ငြား ရွာ၌ အမျိုးအဆွေတို့လည်း ရှိသည်မို့ တစ်ဖက်တွက်တော့ စိတ်ချစဖွယ်။ သို့ပေမဲ့ မတွေးဘဲ မနေနိုင်သည်မှာတော့ အဖေ့ကို နေ့စဉ်ဘယ်သူ ချက်ပြုတ်ပြုစုပါမည်နည်း။ အဖေ ခုနေ ကျန်းမာပါသေးရဲ့၊ မကျန်းမာချိန်တွင် မည်သူ ဂရုတစိုက် ရှိပါမည်နည်း။

အဖေအိုကို ထားခဲ့မလို့လားဟု မသိဆိုးရွားစွာ မေးတတ်သော မေးခွန်းများကတော့ သမီးရင်ကို မြားအစင်းများစွာ ထိုးခတ်သည့်နှယ်။

ရက်လည်ပြီးနောက် မြင်ရသော အဖေ့မျက်နှာသည် ရင်နာစဖွယ်။ လောကတွင် တွယ်ဆုပ်စရာ မရှိတော့

သူ့အလား မျက်နှာသွင်ပြင်
မှုန်မှိုင်းလျက်။ မျက်ဝန်း
ကတော့ အရောင်မှိန်
သည်မှာ ဆိုဖွယ်မရှိ။ သို့
သမီးရှေ့တွင်မူ မည်သို့
လေဟန် နေတတ်ပြန်သ

သမီးသည် ရွာ
မထွက်ခွာမီ တစ်ရက်
အဖေ့ရှေ့ မျက်ရည်ကျ
စိုးသည်နှင့် အဒေါ်အိမ်
အချိန်ကြာကြာ နေခဲ့မိသ
အဒေါ်လုပ်သူရှေ့တွင်
မျက်ရည်ကျရသည်။

'ဒေါ်ညိုတို့လည်း
တာပဲ မိခိုင်ရယ်။ ကို
ဆွေက သူ့ရွာပြန်နေလည်
တာပဲ၊ ဟိုမှာ သူ့အမျိုး
ရှိတာပဲကော။ သူမှ မ
ဘဲ။ ဒီမှာ နေချင်တ
လည်း နေပါစေ။ မမ
တော့လည်း ဒေါ်ညိုတို့
နှမတွေ ရှိတာပ။ သ
လည်း မသွားလို့ ရွာမှာ
လုပ်မလဲ။ ဒီမှာ လယ်
တာကလွဲပြီး ဘာအ
လည်း မရှိ'

'ရွာကို အပြီး ပြ
လို့လည်း မဖြစ်။ အ
ခေါ်ထားပါလားဆိုတော့
အိမ်ကို ဒီလောက် ပြ
တာတောင် တော်တော်
တာနေရတာ။ ဒါကိုပဲ
မကောင်းဘူး ဒေါ်ညို့ရဲ့'

ထိုညနေခင်းက
ကျင်ကျင် ငိုရှိုက်ခဲ့မိသည်
ပြန်တွေးတိုင်း သတိ
ဆဲ။ အမေ့အလောင်း
စဉ်က ငိုသည့်အလား။
သော် အဖေ့ရှေ့ ပြန်
လျှင်ကား သမီး မျက်
တွင် မျက်ရည်တစ်စ
တော့ပေ။

ဒီလိုနှင့် အငြိုတ



www.burmeseclassic.com

www.burmeseclassic.com

...အိမ်ကို ကျောခိုင်းရ
... အဖေ့ကို ကန်တော့ရ
... ကန်တော့စဉ် မျက်
...ချင်သည်ကို အတော်
... ထိန်းခဲ့ရသည်။ အိမ်နှင့်
... ဝေးကွာလျှင်ကား
...ပေါ်၌ တိတ်တဆိတ်
...ကျမိပြန်သည်။

ရွာနှင့် တစ်မိုင်ချင်း ဝေး
...ည် မြို့ပြနှင့် တစ်မိုင်
... နီးကပ်လာခဲ့သည်။
...ရိုးကျနေ့ရက်များကို
...သန်းရပြန်သည်။ ရက်
... တစ်ရက်ပြီးတစ်ရက်
...နှုန်ခဲ့သည်။ ခုတော့
... ရာသီစက်ဝန်းက
...ကျော့လည်ရန် ပြင်ပြီမို့
...သည် သမီးကို အိမ်
...ခဲ့ပြီ။

အိမ်သို့ ရောက်သော်
... အသစ်ဖြစ်ရပြန်
... အမေ့ကို လွမ်းတစိတ်
... ယခုပင် ရင်၌ လှိုက်
... နေသည်။ ဟင်းအိုး
...ရင်းက မီးခိုးကြောင့်
...မလို မျက်ရည်ကျ
...သည်။ သို့သော် အိမ်
...တာက ရေဒီယိုသံကို
...တော့ စိတ်က အလိုလို
...ပြန်သည်။

...လယ်စာစားချိန် တွင်
... သမီးလက်ရာများ
...ကို ကျွေးမွေးနိုင်ပြီ။
...က် မပိုစေကာမူ တစ်
...တစ်ဖုံ စားမြိန်မည့်
...များ။ ခေါင်းမဖော်
... စားသောက်သော
...န်ကို မြင်ရလျှင်တော့
...သည် လများစွာအတွင်း
...သုံးပေလားဟု မတွေး
...နေနိုင်။ ထိုအတွေးက
...ကို နာကျင်စေပါသည်။ ❑

သမီးသည် အိမ်ရှေ့ ဝရန်တာတွင် ငေးငေးရီရီ ရပ်လျက်ရှိ၏။ ရှေ့တွင်တော့ နေ့အလင်းရောင် ကောင်းစွာ ပက်ဖျန်းဝင်ရောက်နေသော ဧည့်ခန်းမြင်ကွင်း။

လွန်ခဲ့သော တစ်နှစ်ဝန်းကျင်၏ အရှေ့ပိုင်းကာလများကတော့ သမီးတို့အိမ်သည် ကျေးလက်က အိမ်ငယ်လေးများတွင် ရှိတတ်သော သာမန်အဆောင်အယောင်များသာ ဖြည့်ဆည်းထားစေကာမူ သေသပ်နေပျော်ဖွယ်။ အိမ်၏ ကြမ်းပြင်တွင် ဖုန်မရှိ။ အမေသည် အိမ်ရှင်မ ပီသလှသူ။ သမီးကတော့ အမေ့ခြေရာပင် မနင်းနိုင်။ မြို့ပြတွင် နှစ်အချို့ကြာအောင် အဆောင်နေလာရလေရာ အိမ်မှုကိစ္စ အတော်များများသည် သမီးနှင့် သူစိမ်းပြင်ပြင်။

အိမ်သို့ တစ်နှစ်တစ်ကြိမ် ပြန်ရောက်တိုင်းတော့ အမေ့ စီမံမှုအောက်၌ သပ်ရပ်အေးချမ်းနေသော အိမ်ငယ်သည် သမီးကို ပြန်မသွားချင်လောက်အောင် ဆွဲဆောင်မြဲ။ အတိတ်က အိမ်၊ ပစ္စုပ္ပန်တွင်တော့ မြင်ကွင်းသည် ပြောင်းလဲခဲ့ပြီ။

သမီးသည် အိမ်ပြန်ရောက်ပြီး နောက်ရက်တွင်ပင် အိမ်သန့်ရှင်းရေးကို အစပြုရသည်။ အဖေကား တားမြစ်လိုဟန်။ သို့သော် သမီးလက် သမီးခြေ လုပ်ကိုင်သမျှကိုတော့ ပီတိအပြုံးနှင့်ငေးလျက်။

အိမ်ကြမ်းပြင်တို့သည် နှစ်ရက်မျှ တိုက်ချွတ်ပြီးသော် အရောင်နည်းနည်း ထွက်လာပြီ။ အနည်းငယ် စုတ်နေပြီဖြစ်သော ဖျာကိုပင် ခင်း၍ အဖေက ဧည့်ခန်း၌ အိပ်တတ်လေရာ ဒီဖျာကို အသစ်လဲပေးရ၏။ အိပ်ရာခင်း၊ ခေါင်းအုံး၊ စောင်တို့ကိုလည်း လျှော်တန်တာလျှော်၊ လဲတန်တာလဲရသည်။ အဖေ့အလိုဖြင့်တော့ သေတ္တာထဲတွင်သာ ပစ္စည်းအသစ်တို့ ခိုအောင်းနေရတော့မည်။ သိသိသာသာ ပြဲနေလျက်က အဖေ ဝတ်မြဲဖြစ်သော အင်္ကျီဟောင်းတို့ကိုလည်း အစဖျောက်ပစ်ရသည်။

ဧည့်ခန်းထောင့်က စားပွဲပေါ်တွင်ကား မည်သို့ ပွရောင်းနေသည်ဟုပင် ပြောပြတတ်မည် မဟုတ်။ စာအုပ်များ၊ ဖယောင်းတိုင် အတိုအစ၊ မီးခြစ်၊ ဆေးပေါ့လိပ်၊ ကွမ်းဘူး၊ သာရေးနာရေး ဖိတ်စာအဟောင်းများ၊ မြန်မာဆေးအချို့စသည်စသည်တို့သည် စားပွဲပေါ် သူ့တစ်လု ငါ့တစ်မင်း ဖရိုဖရဲ နေရာယူလျက်။ စားပွဲကား ညစ်ထေးထေးအရောင်ပင် ပေါက်နေပြီ။

ကာလများစွာက မြင်နေကျလို စားပွဲကို ပစ္စည်းပစ္စယများ နေရာတကျနှင့် ရှင်းလင်းပြီးသော် အိမ်နံရံထက်က ဓာတ်ပုံဟောင်းများကို ဖုန်သုတ်ရသည်။ သမီးတို့မိသားစု သုံးယောက်၏ ဓာတ်ပုံ၊ သမီး မန္တလေးတွင် ဘွဲ့ယူခဲ့စဉ်က ဓာတ်ပုံများ။ မိသားစုဓာတ်ပုံရိုက်စဉ်ကတော့ သမီး ဆယ်တန်းအောင်ပြီးစ။ အဖေနှင့်အမေသည် ဓာတ်ပုံ ရိုက်ခဲလှသူများ။ ဒီတစ်ပုံ ရိုက်ဖြစ်ကြဖို့ပင် အတော်စည်းရုံးယူခဲ့ရသည်ကို သတိရနေသည်။ သမီးသည် မိဘများ အလယ်တွင်ရပ်လျက်။ တောက်ပသော အပြုံးပန်းသုံးပွင့်။

နွေဦးလေပြည် ဝေ့ဝဲတိုက်ခတ်သလို သမီး သက်ဝင်လှုပ်ရှားသော် အိမ်သည် တဖြည်းဖြည်း ရုပ်လုံးပီလာ၏။ ဘုရားစင်သည် ဆီမီး၊ ပန်း၊ ရေချမ်းနှင့်။ အိမ်၌ ပစ္စည်း အသေးအမွှားကအစ သူ့နေရာနှင့်သူ။ တောရွာကလေးက အိမ်ပေမဲ့ ရိုးဂုဏ်နှင့် နေပျော်စဖွယ်။ အရင်က လိုပေါ့။

'ဒါမျိုးနေရဖို့ သမီးပြန်လာမှပဲဟေ့'ဟု အဖေက သူ့မိတ်ဆွေများကို ပြောပြလျှင်တော့ သမီးသည် ဝမ်းနည်းသည့်ကြားက ပြုံးနေရသည်။

အိမ်အောက်တွင်ကား နေ့ခင်းဘက်ဆို အဖေ့မှာ အားလပ်သည် မရှိ။ ဖုန်းတစ်လုံးချကာ အဝင်ဖုန်းမှန်သမျှ ခေါ်ပေးသည်။ ဖုန်းဆက်လာသူကလည်း ဆက်ပေတော့။ အဲ၊ ဖုန်းပြောပြီးလျှင်ကား သူတို့သည် အဖေနှင့်လည်း စကားပြတ်ကြသည်မဟုတ်။ ရပ်အကြောင်း ရွာအကြောင်းသည် အိမ်ပေါ်သို့ပင် ပျံ့လွင့်လာတတ်ပေသည်။

အမေ ရှိစဉ်ကလည်း အဖေက သည်သို့ပင်။ အစိုးရဝန်ထမ်းဘဝမှ အနားယူစဉ် အဖေ့တွင် အချိန်ပိုများစွာ။ စက်ဘီးတလွှားလွှားနှင့် ဖုန်းခေါ်ပေးသည်ကို သမီး မြင်စက မကြည်ဖြူပေ။ သမီးလုပ်သူက မြို့မှာ အလုပ်လုပ်နေလျက်နှင့် ရှက်စရာ။

'ဒါလေး လုပ်နေမှ သူ့ကိုယ်သူ အလုပ်လုပ်နေတယ်လို့ ပျော်တာ သမီး။ နေပါ

www.burmeseclassic.com

စေ'ဟု ရပ်ရွာတွင် စပါးပေး၊ ပဲပေးအနည်းငယ်လုပ်တတ်၍ ငွေရှင်သော အိမ်ရှင်မအမေက ချစ်ခင်ခွင့်လွှတ်ပြုံးနှင့် နှစ်သိမ့်တတ်သည်ကို ခုတော့ သတိရစရာဖြစ်လာသည်။

အမေ့ရက်လည်ပြီးနောက် သမီးမြို့သို့ ပြန်ရောက်၍ နှစ်လ၊ သုံးလမျှရှိလျှင် အဖေက တစ်မျိုးဆန်းသစ်လာသည်မှာ နောက်နှစ်နွေပေါက်လျှင် အအေးရောင်းမတဲ့။ ဒါကိုတော့ သမီးက ကန့်ကွက်ရသည်။ ရွာမှာ ဘယ်သူက အအေးတွေ ဘာတွေ တခုတ်တရ လာသောက်မှာမို့လဲ။ အလကား သက်သက်ပင်ပန်းလို့။ သမီး ဒီထက် ပိုပြီးငွေပို့နိုင်အောင် ကြိုးစားမှာပေါ့။

အဖေနှင့်သာ အတိုက်အခံလုပ်ပြောရသော်လည်း ဒီဆန္ဒမှာ ငွေ၌ အရင်းမခံသည်ကို နားလည်နေပြန်သည်။ အိမ်တွင် လူအဝင်အထွက် မပြတ်မှသာ အထီးကျန်မှုက အဖေ့ကို အရိပ်ထိုးမည်မဟုတ်။ အဖေ့မှာ နောက်ကျောဘက်ငဲ့ကြည့်လျှင်ပင် အရိပ်တစ်စ မမြင်ရသည့်နေ့လည်း ရှိရာမည်မဟုတ်လား။

နောက်ပိုင်းတွင်တော့ အဖေသည် အအေးဆိုင် ဖွင့်ရေး၊ မဖွင့်ရေးကို သမီးထံ အရေးမဆိုတော့။ သမီးကလည်း အစမဖော်။ စိတ်ထဲက ကျိတ်၍တွေးမိလာသည်မှာတော့ စိတ်ချမ်းသာမယ်ထင်တာ လုပ်ပါစေ။

သို့သော်လည်း နွေဦးပေါက် သမီး အိမ်ပြန်လာချိန်တွင်တော့ အိမ်၌အအေးဆိုင် မတွေ့ရ။ နှစ်နှစ်ဝန်းကျင်အခြေကျခဲ့သည့် အထိုင်ဖုန်းတစ်လုံးနှင့်သာ အဖေ အလုပ်ရှုပ်နေသည်ကို တွေ့ရတော့သည်။

❑

'မိခိုင်ရေ နင်ပြန်ရင် နင့်အဖေကတော့ လွမ်းနေမှာပဲဟေ့'

ရွာလယ်လမ်းကို ဖြတ်လာစဉ် ဒီစကားသံတို့သည် သမီး၏ အရှေ့အနောက် တောင်မြောက်အရပ်ဆီတို့မှ ပျံ့လွင့်လာသလိုပင် ရှိတော့သည်။ ဒီညနေခင်း အဘွား အိမ်ရှိရာ ရွာမြောက်ပိုင်းသို့သွားပြီးအပြန်၌ ရွာလယ်လမ်းကို ဖြတ်လာရသည်။ လမ်းတွင် တွေ့သမျှ အသိအကျွမ်းများကို နှုတ်ဆက်ရသည်။ အဆွေအမျိုး၊ ဆွေရိပ်မျိုးရိပ်မကင်းသော နေအိမ်တို့ဆိုလျှင် ခဏမျှ ရပ်လျက် စကားဆိုရသည်။ စကား ၁၀ ခွန်းပင် ဆိုဖြစ်သည် ရှိစေဦး။ နောက်ဆုံးတစ်ခွန်းကတော့ ဒီစကားသာ ဖြစ်ပါသည်။

ခွဲခွာဖို့ ရက်တဖြည်းဖြည်း နီးကပ်လာပြီ။ ပြန်ရတော့မည်။ ရွာမှပြန်ရတော့မည်။ သမီး မတွေးဘဲနေသော အတွေးကို သူတို့ အစဖော်ကြသည်။ ဒီစကားကို အကြိမ်ကြိမ်ကြားရလျှင်တော့ ပြုံးရုံသာ တုံ့ပြန်ဖြစ်တော့သည်။ သမီး နှုတ်ဆွံ့ရလေပြီ။

သမီး ချစ်ခင်သော ဇာတိမြေကား နှစ်များစွာကလိုပင် သေဝပ်ငြိမ်းချမ်းမြဲပင်။ သမီးတို့ ကလေးသာသာ အရွယ်၌ ငြိမ်းခဲ့သော စစ်မီးက တစ်ကျော့ပြန် တောက်လောင်ရသော်လည်း ဒီအရပ်သို့မူ မီးစကလေးပင် မစဉ်ဘူး ဆိုရမည်။ ခုချိန်အထိ အေးချမ်းနေမြဲ။

တောင်သူလယ်လုပ်သူတို့ အဓိကနေထိုင်သော ရွာကလေးပေမို့ အချိန်တန်လျှင် လယ်ထဲဆင်းကာ၊ လယ်ထဲကတက်တော့လည်း အဆောင်အယောင် မရှိသော အိမ်ငယ်လေးများ၌ ရိုးရိုးကုပ်ကုပ်နေပျော်ကြမြဲ။ တစ်နှစ်တစ်နှစ်ကြွေးမတင်ရုံသာ လည်ပတ်နေကြရသော်လည်း လယ်ပြင်တောတစ်ခွင် စိမ်းမြမြရွှေရောင်သန်းသည်နှင့်ပင် ပြုံးရွှင်စရာဖြစ်ရသည်။ ရောင့်ရဲခြင်းသည် တောသူတောင်သားတို့၏ ဘဝအဖော်တည်း။

ကလေးတို့သည် စာမေးပွဲများမှ အနားရပြီမို့ ရွာလယ်လမ်းပေါ် ပြေးလွှား ဆော့ကစားလျက်ရှိကြသည်။ ခြောက်နှစ်၊ ခုနစ်နှစ်အရွယ် ကလေးငယ်များ။ ဒီ့ထက် နည်းနည်းကြီးလျှင်တော့ မိဘများ လယ်ထဲယာထဲ ဆင်းလျှင် တတ်နိုင်သည့်ဘက်က ကူရပြီမို့ ဒီလိုကလေးပီပီ ဆော့ကစားနေသည်ကို တွေ့ရမည်မဟုတ်ပေ။

ဖုန်အလိမ်းလိမ်းနှင့် ဆော့ကစားနေသည့်ကလေးတို့သည် သူတို့အနီးက ဖြတ်လျှောက်လေသော သမီးကို အထူးအဆန်းသဖွယ် ငေးနေကြသေးသည်။ ကျောင်းပြီး၍ ငါးနှစ်ကျော်ခဲ့သည့်ကာလအတွင်း တစ်နှစ်လျှင် လေး၊ ငါးရက်မျှသာ နေရပ်ပြန်နိုင်သည့်သမီးကို သူတို့သိကြမည်မဟုတ်ပေ။ အပြစ်ကင်းစင်လှသော မျက်နှာလေးများက စူးစမ်းရိပ်ကို သ... အပြုံးနှင့် တုံ့ပြန်မိသည်။

ဒီကလေးတွေ က... ပီပီ ကြီးပြင်းကြပါစေ။ သ... လို၊ သမီး၏ သူငယ်ချင်း... စွာလို မိဘနှင့်၊ ချစ်ခင်သူ... ဝေးကွာလွန်းသောအရပ်... နေထိုင်ရှင်သန် ရခြင်းလ... မရှိပါစေနှင့်။ ဇာတိရပ်... သက်ကြီးရွယ်ကြီး အမိအ... တို့ကို နောက်ဆံတင်းလျ... ချန်ရစ်ရခြင်းသည် တ... မြည့် နာကျင်ရသော ဒဏ်... တစ်မျိုးဖြစ်ကြောင်း သ... ကောင်းစွာသိခဲ့ပြီ။ သို့သော်... ထိုဒဏ်ရာသည် လွဲရှော... နိုင်သော ဒဏ်ရာလည်း... မဟုတ်။ တမြည့်မြည့်... လျက်က တွယ်ဖက်ရသ... ဒဏ်ရာ။

ခြံနှင့် တဖြည်းဖြည်း... နီးလာ၍ မျှော်ကြည့်လျှ... တော့ ခြံစည်းရိုးအသစ်... ရန်အတွက် ဝါးခြမ်းပြား... အချောသပ်ပြင်ဆင်နေ... အဖေ့ကို လှမ်းမြင်ရ၏... စည်းရိုးအဟောင်းမှာ... ကျိုးတိုးကျဲတဲပင်မို့ ခြံ... အတွင်းသို့ လမ်းပေါ်မှ... မြင်သာနေသည်။

အဖေသည် သူ့အ... ကိုသူ အာရုံထားလျက်... ဘီကိုပင် အမှုမထား... တစ်ချိန်က သမီး ခိုစီး... သော၊ အခုတော့ ပျော့... တွဲကျနေပြီဖြစ်သော အ... လက်မောင်းကြွက်သား... ကလည်း စည်းချက်... လှုပ်ခတ်လျက်။ အနီး... ကြည့် လျှင်တော့... အကြောင်းများ မပြိုင်း...



www.burmeseclassic.com

www.burmeseclassic.com

...နေသည့် မျက်နှာ၌ ချွေးတို့ ...ကနေသည်ကို မြင်ရပေ ...။

'အဖေကလည်း ခြ...ကာပဲ လှုပ်ရှားပြီး ကာ...ကတာ မဟုတ်ဘူး' ဟု ...တုန်းက ပြောမိတော့ ...က ရယ်၏။ လက်အစုံ ...ဖျပ်ဖျပ်လှုပ်ရှားလျက် လုပ်...စအလုပ်ကိုမူ မရပ်။

'ဒီဘက်မှာ အငယ်ပိုင်း ...ဘယ်လောက်ရှားသွားပြီ ...တာ မသိဘူးလားအေး။ ...ည်းရိုးကာဖို့ နေနေသာ ...သူများတွေ လယ်တစ်ခါ ...ရေးစရင်တောင် သူရင်း ...ရာရတာ ဘယ်လောက် ...တယ်မှတ်လို့လဲ။ တို့ရွာ ...အဘိုးကြီး၊ အဘွားကြီး ...ကလေးတွေ နေတဲ့ရွာ...'

သမီးသည် အဖေ့ ...ကို တုံ့ပြန်ရန် စကားစ ...ဘာပြန်ပြောရမည် ...၍ ဖြုံးလိုက်ရသော ...ကလည်း အသက်ကင်း ...လေမလား။ ဒီအပြုံးကို ...အဖေက ခေါင်းငုံ့၍ ...များနေချိန်မို့ တွေ့မြင် ...ည် မဟုတ်ပါပေ။

□

မီးရောင်အောက်တွင် ...ဆင်းသည် ဝင်းပလျက် ... ဆွဲကြိုးတစ်ကုံး။ တစ်...ည်းအားဖြင့် ပွဲလမ်းရှိမှ ...ထုတ်ဆွဲတတ်သော ဆွဲ...ကြိုး။

သမီးသည် လက်ထဲ ...ကိုင်နေသော ဘူးကလေး ... တွေတွေဝေဝေ ငုံ့ကြည့်နေ...သည်။ အဖေ့ကို ရုတ်တရက် ...ကားပြန်မဆိုနိုင်။ ဒီဆွဲကြိုး ...သမီးအတွက်ဆိုပဲ။

'သမီး ယူသွားတော့။ ဟိုမှာ ငွေလေးဘာလေးလိုတော့ ရောင်းရတာပ။ အဖေ့မှာ ပေးစရာလည်း ဘာမှမရှိ'

စကားစရှာမရသည်နှင့်အမျှ သမီး မျက်ရည်ဝဲလာသည်။ အမေရှိစဉ်ကလည်း ဒီလိုပဲလေ။ သမီး မြို့ပြန်ချိန်တိုင်း ဒီဆွဲကြိုးကို ထည့်ပေးရန် မကြာခဏ ကြိုးစားရှာသည်။ သမီးက ခေါင်းတခါခါ၊ လက်တခါခါ ငြင်းဆန်လျှင် အမေ့မှာ မျက်နှာမကောင်း။

'အမေ့ကြိုးကြိုးကဖြင့် လုလည်းမလုဘဲနဲ့။ ဒီလို ပုံစံမျိုး သမီးမကြိုက်ပါဘူး။ ပြီးတော့ ရန်ကုန်မှာ ရွှေက ခေတ်မစားဘူး။ ပလက်တီနမ်တို့ ဘာတို့မှ ခေတ်စားတာ'ဟု စကားအလိမ္မာသုံးလျှင်လည်း အမေက မလျှော့သေး။ ငွေလိုရင် ရောင်းသုံးပေါ့တဲ့။ သမီး အတန်တန်ငြင်းဆန်မှ သေတ္တာထဲက နဂိုနေရာ ပြန်ရောက်တော့သည်။

ခုလည်း အဖေက သမီးထံ ဒီဆွဲကြိုးလက်ကမ်းရန် ကြိုးစားနေပြီ။ ဆွဲကြိုးဘူးလေးကို အဖေ့ထံ ပြန်ပေးတော့ အဖေက လက်မခံ။ ခေါင်းခါမဆုံး။ သို့သော် သမီးက မလျှော့။ ဒီတစ်ကြိမ်လည်း မလျှော့နိုင်။ ရုတ်တရက် ငွေလိုမည်ဆိုလျှင် တစ်အိမ်လုံး၌ ဒီပစ္စည်းတစ်ခုသာ ထုခွဲစရာရှိတာ သမီး မသိတာမှ မဟုတ်ဘဲ။

'အဖေပဲ လိုရမည်ရ သိမ်းထားပါ'ဟု အထပ်ထပ်ဆိုတော့ သမီး၏ မျက်ဝန်းအရိပ် ခိုင်မာမှုကို နားလည်ဟန်ဖြင့် သက်ပြင်းချရှာတော့သည့်အဖေ့မျက်ဝန်းမှာ စိုလက်နေ၏။

ညက တဖြည်းဖြည်း ရင့်ရော်လာလျှင်တော့ သားအဖနှစ်ဦး စကားနည်းသထက်နည်းလာရသည်။ ဒီတစ်ည ဒီအိမ်၌ သမီး နောက်ဆုံးရှိမည့်ည။ မနက်ဖြန်မနက် ရွာက ထွက်ရမည်။ မြို့မှတစ်ဆင့် အဝေးပြေးကားဖြင့် ခရီးဆက်ရမည်။

ညဦးပိုင်းတုန်းကတော့ အဒေါ်မိသားစုက အိမ်သို့ရောက်လာကြသေးသည်။ မနက်ပိုင်းတော့ လယ်တောသွားကြမည်မို့ ညကတည်းက အကြိုနှုတ်ဆက်ရန်။

အဒေါ်လုပ်သူ ရောက်လာစဉ် သမီးသည် မီးဖိုခန်းတွင် အလုပ်များ၍နေသည်။ ကျောင်းပိတ်ရက်၊ အလုပ်ပိတ်ရက် သမီး ပြန်ရောက်ချိန် အမေ လုပ်ပုံကိုင်ပုံအတိုင်း တစ်ညနေခင်းလုံး မီးဖိုခန်းတွင်သာ။ ဟင်းလျာများစွာ ကြော်လှော်ရသည်။ ဒီနေ့တော့ မြို့ဈေးက အသားငါး လှမ်းမှာခဲ့သည်မို့ အဖေ့ကို ပို၍ပင် ဖွယ်ဖွယ်ရာရာ ချက်ကျွေးနိုင်ခဲ့သည်။ ညစာစားပြီးလျှင်လည်း မနားနိုင်သေး။ ကြော်လှော်ထားသမျှ ဟင်းလျာတို့ကို လက်စသတ်ပြင်ဆင်ဆဲ။

'ဟင်းတွေ ထည့်နေတာပဲအေး။ ဘာလဲ မိနိုင် ယူသွားဖို့လား'ဟု ဒေါ်ညိုက မေးလျှင် သမီးက တစ်ချက်ရယ်မောမိသည်။

'မဟုတ်ဘူး ဒေါ်ညိုရေ၊ ဒါအဖေ့အတွက် ကြော်ပေးခဲ့တာ။ သမီး ဒီတစ်ခါ ဘာမှယူမသွားတော့ဘူး'

စကားပြောလက်စနှင့်ပင် မီးဖိုခန်းက စင်လေးပေါ်သို့ ဟင်းကြော်ဘူးများ အစီအရီတင်ရသည်။ ပုဇွန်ခြောက်ကြော်၊ ငါးမွကြော်၊ ငါးရံ့ခြောက်ထောင်းကြော် စသည်စသည်ဖြင့်။ ဒါကတော့ ကာလရှည်စားရန်။ သမီးပြန်စရက်ပိုင်းအတွင်း စားသောက်နိုင်မည့် ကြက်သားပြုတ်ကြော်၊ ဝက်သားကြော်တို့ကတော့ ချိုင့်ထဲမှာ။

'အိမ်မှာ လာစားလို့ ပြောရအောင်ကလည်း ဒေါ်ညိုတို့က လယ်ထဲမှာ အနေများတယ်ကော။ တစ်ခါတလေ ဟင်းကောင်းလေးချက်ရင်တော့ ကလေးတွေ လာပို့ခိုင်းတယ်။ ပြောသာ ပြောရတာ ဟင်းကလည်း အေး။ ဒေါ်ညိုတို့က ဟင်းလှော်ပေါင်းလေး ဘာလေးပဲ လုပ်စားတာများတော့ ကိုသန်းဆွေက ဒါမျိုးတွေ စားတတ်တာလည်း မဟုတ်နော့'ဟု ဒေါ်ညိုက ဆိုလျှင် ကိုယ့်အဖေ့အကြောင်း ကောင်းကောင်းသိသည့် သမီးမှာ ပြုံးနေရ၏။

အိမ်ရှေ့ဘက်သို့ ရောက်လျှင်တော့ အဖေနှင့် ဒေါ်ညို့ ခင်ပွန်းတို့ စကားကောင်းနေကြသည်ကို မြင်ရ၏။ လေးနှစ်ကျော်မျှရှိသေးသော ညီမငယ်လေးသည် သူ့ဖခင်ကို



www.burmeseclassic.com

www.burmeseclassic.com

မှိန့်ကာ သမီးထံ လှမ်း၍ ပြုံးရယ်ပြနေသည်။

'အိမ်လည်း ရှင်းသွားတာပ။ အမှိုက်မရှိ၊ ဖုန်မရှိ၊ ဘာမရှိ ကြည့်စမ်း ဆေးတွေလည်း ဝယ်ထားခဲ့ပေးတာလား'

စားပွဲပေါ်တွင် အစီအရီရှိနေသော မြန်မာဆေး၊ အင်္ဂလိပ်ဆေးများကို ဒေါ်ညိုက တစ်ဘူးချင်း ကိုင်ကြည့်နေသည်။ အဖေက သွေးတိုးရှိသူ။ ရံဖန်ရံခါလည်း အစာအိမ်က နှောင့်တတ်ပြန်သည်။ အစာမကြေ ရင်ပြည့်ခြင်းကတော့ အဖေနှင့် အသားကျလျက်ရှိ၏။

'လူကြုံမရှိဘူးဆိုပြီး အဖေ ပေတေနေမှာစိုးလို့'

ဒေါ်ညို ကြားသာရုံ သမီး တိုးတိုးဆိုရသည်။

ဝရန်တာဘက် အကြည့်ရွှေ့သော် အဖေသည် ညီမငယ်လေးနှင့် စနောက်ရယ်မောလျက်။ ရယ်သံက ခပ်လွင်လွင်။ အဖေ့အပြုံးမျက်နှာကို မနက်ဖြန်မနက် ဒီလိုမြင်ခွင့်ရပါ့မလား။

အရင့်အရင် အိမ်မှ ခွဲခွာရတုန်းကတော့ မိဘနှစ်ပါးကို ချန်ခဲ့ရစဉ် နောက်တစ်နှစ်ပြန်လာမှာပဲဟု ဖြေတွေးတွေးနိုင်ခဲ့သည်။ ခုတော့ ဒီအတွေးကို သမီးကိုယ်တိုင်လည်း မတွေးနိုင်။ အစစ အရာရာ နောက်ဆံတင်းလျက်။ အဖေ့မျက်နှာရိပ်ကို တစ်နေကုန် အကဲခတ်နေရသည်။ အဖေကား ဝမ်းနည်းဟန်ကိုပင် မပြပါတကား။

အဒေါ်မိသားစု နှုတ်ဆက်ပြန်ကြလျှင်တော့ အိမ်၌ သားအဖနှစ်ဦးသာ ကျန်ရသည်။ အဖေသည် ရေဒီယိုကို ဟိုလှည့်ဒီလှည့်ဖြင့် ဝရန်တာခုံတွင် မြဲလျက်။ သမီးကို စကားမစ။ သမီးကလည်း အခန်းတွင်း၌ ခရီးဆောင်အိတ်ပြင်လျက်။

ခဏအကြာတွင်တော့ ဝရန်တာကခွာသည့် အဖေ့ခြေသံကို ကြားရသည်။ ရေဒီယိုသံကမူ တိတ်ခဲ့ပြီ။

'သမီး ကော်ဖီလေး သောက်ဦးမလားဟေ့။ အဖေ ဖျော်လိုက်မယ်'

'သောက်တာပေါ့ဗျာ' ဟု ငယ်ငယ်တုန်းက ဖြေနေကျ လေသံနှင့်ဆိုတော့ အဖေ့ရယ်သံကို ကြားရ၏။

အဖေ့ ခြေသံတရှပ်ရှပ်သည် ညှော်ခန်းကိုဖြတ်သွားသည်။ မီးဖိုခန်းတံခါးကို တွန်းဝင်သံ။ ငါ့နှယ်၊ ကော်ဖီလေး ကိုယ်တိုင်ဖျော်လိုက်ရမှာ။

ခရီးဆောင်အိတ်ကို အသာထားကာ မီးဖိုခန်းဆီသို့ သမီး လျှောက်လာသည်။

ကော်ဖီဘူး၊ သကြား... စသည်တို့ ဖွင့်သံ၊ ... ခွက်နှင့် ဇွန်းထိခတ်သံ... ပေါ်ထွက်မလာသေး။ ... မမြင်မစမ်းများ ဖြစ်နေ... သလား။ မီးဖိုခန်းဝမှ... သို့ခေါင်းပြူကြည့်လိုက်...

အဖေ . . .။

ခေါ်သံသည် ရင်... သာ လိုက်တက်လာသ... နှုတ်ဖျားသို့မှ ရောက်မ... တစ်စုံတစ်ခုက ဆုပ်ဆွဲ... သလို နှလုံးက ဆို့နင့်နာ... စပြုလာသည်။

အဖေသည် သမီး... မတွေ့သေး။ ရှေ့သို့... လျက်။ သမီး အစီအရီ... ထားခဲ့သည့်ဟင်းဘူးလေး... ကို ထိတွေ့စမ်းသပ်လျ... အဖေ့လက်များကား ... ယင်စွာ။

■

စံပယ်ဖြူ...


ရန်ကုန် ဆရာမြင့် (၁) ဆရာကြီးဘာ



နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့

Ph : 09 420034597




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**မောင်သာရရဲ့ဝတ္ထု-**
**အသည်းညွန့်မှာ**
**ကွန့်မြူးသည့်လိပ်ပြာ**

မောင်သာရ အမေရိကကို ရောက်နေတာ ၁၀ နှစ်ကျော်၊ ၁၅ နှစ် လောက် ရှိသွားပြီ။ ကျွန်တော့်ထက် စောပါတယ်။ သူ့မိသားစုအားလုံး အမေရိကကို ရောက်နေပေမဲ့ သူက ဘယ်တော့မဆို တစ်ဦးတည်းပဲ နေတယ်။ ရာသီဥတု ရေမြေပတ်ဝန်းကျင် မတူ ခြားနားတဲ့ အမေရိကန်ပြည်ထောင်စုအနှံ့ နေထိုင်တယ်။ ခု သူနေတာက

အမေရိကတိုက်ကြီးရဲ့ အနောက်ဘက်ဖျားမှာ၊ ကျွန်တော်က အရှေ့ဘက်ဖျားမှာ။ တစ်ယောက်က ပစိဖိတ်သမုဒ္ဒရာဘက်၊ တစ်ယောက်က အတ္တလန်တိ သမုဒ္ဒရာဘက်။ တစ်ယောက်နဲ့တစ်ယောက် မဟာသမုဒ္ဒရာ ခြားနားနေပါတယ် ဒါပေမဲ့ တစ်ယောက်အသံ တစ်ယောက် အမြဲကြားနေရပါတ ကျန်းမာရဲ့လား၊ စာရေးဖြစ်လား အပြန်အလှန် မေးရမြန်းရတာပေ မောင်သာရက ပြည်ပရောက်နေ





www.burmeseclassic.com

www.burmeseclassic.com

သူ့ဝတ္ထုတွေ ထုတ်ဝေခွင့်ကို စစ်အစိုးရတွေက ပိတ်ပင်ထားခဲ့တာ ဆိုတော့ မြန်မာစာဖတ်ပရိသတ်နဲ့ မောင်သာရနဲ့ ကင်းပြတ်နေတာ အတော်ကြာခဲ့ရာက ခုအခါ နိုင်ငံရေး လေပြည်လေညင်းလေး တိုက်ခတ်လာပြန်လို့ သူ့စာအုပ်ဟောင်းတချို့ သူမသိဘဲ) ပြန်ထုတ်နေတယ်လို့ ကြားရပါတယ်။ ခုတော့ သူ့ရဲဘော် ဝင်းငြိမ်းက ဆက်သွယ်စီစဉ်ပေးလို့တဲ့၊ ဝတ္ထု သုံးပုဒ်နဲ့ ဝတ္ထုမရှည့်တရှည် တစ်ပုဒ် ပေါင်းပြီး စာအုပ်သစ်တစ်အုပ် ထွက်လာတာ ဖတ်ရပါတယ်။ ၂၀၁၃ မတ်လထဲမှာ လင်းလွန်းခင်စာပေတိုက်က ထုတ်တာပါ။ ဉာဏ်ပူဇော်ခ ဒေါ်လာ တစ်ထောင်ပေးစေတဲ့။ စာအုပ်အမည်က **အသည်းညွန့်မှာ ကွန့်မြူးသည့် လိပ်ပြာ** တဲ့။ ဒါ မောင်သာရ အစစ်ပါ။ စာအုပ်နာမည်ကိုက ထူးခြားပါတယ်။ မြန်မာပြည်မှာ မောင်သာရစာအုပ်တွေ အများကြီး ဆက်တိုက်ဆိုသလို ထွက်နေတုန်းက ကျွန်တော်ကလည်း စာအုပ်ဝေဖန်ချက်တွေကို ဆက်တိုက်ဆိုသလို ရေးနေတဲ့ကာလ ဖြစ်ပါတယ်။ ကျွန်တော်က သူ့ဝတ္ထုတွေ အများစုကို အကောင်းမြင်နဲ့ ကြိုဆိုရေးသား ခဲ့ပါတယ်။ ကောင်း၊ မကြိုက်တာကိုလည်း ရေးခဲ့ပါတယ်။ ဥပမာ **အသားနက်မကြီး အောင်လံထူ၊ ကျော်ဟိန်းကတော့ ကျော်ဟိန်းပါပဲ** စသည်။

အကောင်းရေးသမျှတွေကို သူတို့ မန္တလေးသားချင်းမို့ ဘက်လိုက်ပြီး 'ပင်း' ရေးတာလို့ ဆိုသူတွေက ဆိုလာတော့ 'မင်းတို့ဝတ္ထုရေးဆရာတွေ မောင်သာရရေးတဲ့ဝတ္ထုလိုဟာမျိုးကိုရေးဖို့ မဆိုထားနဲ့ မောင်သာရရဲ့ ဝတ္ထုနာမည်တွေလို လှအောင်၊ ကောင်းအောင်၊ ထူးခြားအောင် ရေးနိုင်လို့လား' လို့ ပြန်မေးခဲ့ဖူးပါတယ်။ ခုလဲ စာအုပ်အမည်လေး ထူးခြားတာကိုစိတ်ရောက်သွားလို့ နောက်ကြောင်းပြန်ပြောလိုက်မိတာပါ။

**အသည်းညွန့်မှာ ကွန့်မြူးသည့်လိပ်ပြာ** ဆိုတာကတော့ ဒီဝတ္ထုတိုစုမှာ ရှေ့ဆုံးက ဖော်ပြထားပြီး စာမျက်နှာ ၉ က နေ ၈၂ အထိ ရှည်ပါတယ်။ စာမျက်နှာ အားလုံးပေါင်းမှ ၁၂၈ မျက်နှာရှိတာဆိုတော့ စာအုပ်ရဲ့ စာမျက်နှာတစ်ဝက်ကျော် ယူထားပါတယ်။ ကျန်တာကို ဝတ္ထုတို သုံးပုဒ်က ယူပါတယ်။ အတို သုံးပုဒ်ထဲက ပထမတစ်ပုဒ်က **ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး**တဲ့။ အံ့အားသင့်သွားရတယ်။ ဒီခေါင်းစဉ်နဲ့ မောင်သာရရဲ့ ဝတ္ထုတစ်ပုဒ် ရှိပြီးသားပါ။ နောက်တစ်ပုဒ်က **သမီးတစ်ယောက်နဲ့ အမေ** တဲ့။ ဒါတောင်မှ **မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက်** ဆိုတဲ့ မောင်သာရရဲ့ ဝတ္ထုခေါင်းစီးတစ်ခုကိုပြေးပြီး သတိရစေပါသေးတယ်။ နောက်တစ်ပုဒ်က **bob & babara** တဲ့။ နာမည်တွေပါ။ ထုံးစံအတိုင်းဆိုရင်တော့ Bob & Babara လို့ ရေးရမှာပေါ့။ နာမည်တွေရဲ့အစမှာ စာလုံးကြီးတွေနဲ့ စတာဟာ အင်္ဂလိပ်ဘာသာစကားရဲ့စည်းကမ်းပါ။ ဒါပေမဲ့ အများသိတော်မူကြတဲ့အတိုင်း အမေရိကန်လူမျိုးက တော်လှန်တာ၊ တီထွင်တာ၊ ဆန်းသစ်တာကို ဂုဏ်ယူတဲ့လူမျိုး။ အင်္ဂလိပ်ကို တော်လှန်ခဲ့တာဆိုတော့ အင်္ဂလိပ်တို့ရဲ့ဘာသာစကားစည်းကမ်းတွေကို တော်လှန်ချင်တယ်။ စာလုံးကြီးတွေ လုံးဝမသုံးဘဲ စာလုံးငယ်တွေနဲ့ချည်း ရေးတော့လည်း ဘာဖြစ်လဲဆိုတဲ့ သဘောထားနဲ့တူပါရဲ့။ အမေရိကန်တွေက ဝါကျအစမှာ စာလုံးကြီးနဲ့ စတာ၊ နာမည်တွေမှာ စာလုံးကြီးနဲ့ စတာကို ဖျောက်ဖျက်စပြုနေပါတယ်။ ဒါကြောင့်နဲ့တူရဲ့ အမေရိကန်နိုင်ငံသား မောင်သာရကလည်း မြန်မာစကားပြေထဲမှာကိုပဲ အင်္ဂလိပ်စာရဲ့ စကားကို စာလုံးသေး၊ စာလုံးငယ်တွေနဲ့ပဲ စီထားလေရဲ့။ အင်္ဂလိပ်စာ နည်းနည်းပါးပါးတော့ တို့များလည်း တတ်ပါရဲ့ဆိုတဲ့ သဘောထားနဲ့ ရိုးရိုးဗမာစာရေးရာမှာ အင်္ဂလိပ်စာလုံး ဟိုညှပ်ဒီညှပ် လုပ်တာမျိုးကို မောင်သာရက မြင်ပြင်းကတ်သူဖြစ်ပါတယ်။ ဒါပေမဲ့ ခုဟာကတော့ အင်္ဂလိပ်စကားပြောသူတွေရဲ့အကြောင်းကို ရေးတာဖြစ်လို့နဲ့တူပါရဲ့။ အင်္ဂလိပ် စကားလုံးလေးများ ဟိုညှပ်ဒီညှပ် လုပ်ထားတာ တွေ့ရပါတယ်။ မျက်စိနောက်မှာပါပဲတဲ့။ ဒါပေမဲ့ သည်းခံပါလို့ ကြိုတင် ပန်ကြားထားလေရဲ့။

အကောင်း
ရေးသမျှတွေကို
သူတို့ မန္တလေးသားချင်းမို့
ဘက်လိုက်ပြီး'ပင်း'
ရေးတာလို့
ဆိုသူတွေက ဆိုလာတော့
'မင်းတို့ဝတ္ထုရေးဆရာတွေ
မောင်သာရရေးတဲ့ဝတ္ထုလို
ဟာမျိုးကိုရေးဖို့ မဆိုထားနဲ့
မောင်သာရရဲ့
ဝတ္ထုနာမည်တွေလို
လှအောင်၊ ကောင်းအောင်၊
ထူးခြားအောင်
ရေးနိုင်လို့လား

အမှာစာမှာ စ,စချင်း 'ကျုပ်က ၁၉၅၅ ခုနှစ်က စာစရေးခဲ့တာဆိုတော့ ခုဆိုရင် ကျုပ်ရဲ့ကလောင်သက် အနှစ် ၅၀ ကျော်လာခဲ့ပါပြီ။ အခု သည်စာအုပ် ထဲမှာပါတဲ့ ဝတ္ထုမျိုး ကျုပ်တစ်ခါမှ မရေးခဲ့ဖူးပါဘူး။ ဗမာ့ဝတ္ထုစာပေသမိုင်းမှာလည်း ဦးပုညအစ၊ ဦးသိန်းဖေမြင့်အလယ်၊ သည်က နှေကလောင်ငယ်တွေအဆုံး ဘယ်ခေတ်ကာလက ဘယ်ဝတ္ထုရေးဆရာမှ ရေးခဲ့ကြတာ မတွေ့မိဖူးပါဘူး' စသဖြင့် ကြေညာ

www.burmeseclassic.com

(ကြွား)ထားလေရဲ့။ သူ့ဝတ္ထုတွေ တစ်ပုဒ်ချင်းရဲ့အကြောင်းကိုလည်း သူကိုယ်တိုင် ညွှန်းထားတဲ့အတိုင်း ဖောက်သည်ချလိုက်ပါရစေ။ 'ပထမဝတ္ထုမှာ **ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး** ဆိုပါတော့ ကမ္ဘာ့အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံမှာ ယေဘုယျ တွေ့နေရတတ်တဲ့ Jobless တစ်ယောက်နဲ့ Homeless တစ်ယောက်ကို ဗမာစာဖတ်ပရိသတ်နဲ့ မိတ်ဆက်ပေးလိုက်ရုံသက်သက်ပါ။ သရုပ်မှန် realism ပါပဲ။ နောက် America ရဲ့ မြို့ပြအဖွဲ့အစည်းထဲက လက်လုပ်လက်စား ဆင်းရဲသားလူမည်းသားအမိနဲ့ နိုင်ငံအစိုးရရဲ့ social welfare စနစ်ကို ပြက်ပြက်ထင်ထင် မြင်စေချင်တဲ့ စေတနာနဲ့ ရေးဖွဲ့တင်ပြလိုက်တာကတော့ **အမေနဲ့ သမီးတစ်ယောက်** ဝတ္ထုပါ။ တာဝန်သိတတ်မှုနဲ့ တာဝန်မသိတတ်မှု ကျုပ်တို့နိုင်ငံရဲ့အစိုးရနဲ့ ပြည်သူလူထုကြားက ဆက်ဆံရေးဘဝနဲ့ နှိုင်းယှဉ်ကြည့်လိုပါက ကြည့်နိုင်ပါတယ်။ အဲနောက်ဆုံး **bob & babara** ထဲကလို ဝက်ကို အလှမွေး လေ့ကျင့်ပြီး ပြိုင်ပွဲဝင်၊ တစ်ဖက်တစ်လမ်းက အပိုဝင်ငွေရှာတာမျိုးကတော့ ကျုပ်တို့တိုင်းပြည်မှာ မရှိပါဘူး'

နောက်ဆုံး သည်စာအုပ်မှာပါတဲ့ ဝတ္ထုသစ်အရှည် **အသည်းညွှန့်မှာ ကွန်မြူးသည့် လိပ်ပြာ** နဲ့ပတ်သက်လို့ကတော့ စကားဦး မသန်းလိုတော့ပါဘူး။ ကျုပ်တို့ မြို့က တကယ့်အဖြစ်အပျက် အချစ်ဇာတ်လမ်းဖြစ်ပါတယ်။ ရုပ်ရှင်လည်း ရိုက်နေပါတယ်။ နောင် အခါရောက်လာကောင်း ရောက်လာပါလိမ့်မယ်'တဲ့။ ဟုတ်ကဲ့၊ အမေရိကမှာနေတော့ အမေရိကအကြောင်း ရေးမှာပေါ့။ ကျုပ်လည်း အမေရိကန်ဖွဲ့ကဗျာတွေလည်း ရေးတာပါပဲ။

အဲဒါတွေဟာ သူ့ရဲ့ပေါင်းချုပ်စာအုပ်ထဲမှာပါတဲ့ သူ့ဝတ္ထုတွေအကြောင်းကို သူမိတ်ဆက်ပေးထားတာတွေ ဖြစ်ပါတယ်။ အားလုံးကို သူပြောသလို 'အသစ်'ချည်းပါပဲ။ ဗမာအကြောင်း မဟုတ်။ သူ့ပတ်ဝန်းကျင်က အမေရိကန်အဖြူ-အမည်းတွေ အကြောင်းတွေချည်းပါ။ သူပြောတဲ့ အရှည်အသစ် 'အသည်းညွှန့်မှာ'ဝတ္ထုဟာ အမေရိကန်က အချမ်းသာဆုံးလူတန်းစားအကြောင်းပါ။ ဘီလျံနာတစ်ဦးက သူတို့ရဲ့သမီးတွေကို လမ်းတစ်ခုထဲမှာ မျက်နှာချင်းဆိုင်ပြီး ခမ်းနားထည်ဝါ၊ ပစ္စည်းပစ္စယအစုံ တပ်ဆင်ဖြည့်ဆည်းထားပြီး လက်ဆောင်ပေးထားတယ်။ သမီးတစ်ဦးက အလားတူဘီလျံနာတစ်ဦးရဲ့သားနဲ့ လက်ထပ်ပြီး အဲဒီတိုက်တစ်လုံးမှာ နေတယ်။ ကားတွေ ဘာတွေလည်း အပြည့်အစုံပေါ့။ ဒါကတော့ အမေရိကန်အရင်းရှင်ဘီလျံနာတွေရဲ့ အဆောင်အယောင်တွေပါ။ မဆန်းပါ။ ဒါပေမဲ့ အတွင်းက အိပ်ခန်း၊ ရေချိုးခန်းက မီးဖိုခန်းထိ ပစ္စည်းအသုံးအဆောင်တွေကို ဘီးတပ်ကုလားထိုင်နဲ့ လူမမာဗမာအဘိုးကြီး မောင်သာရက ဘယ်လိုလုပ်သိမြင်ဖူးသလဲ။ သိသမျှ အသေးစိတ်သိတာပါ။ အဆင်းရဲဆုံး အမေရိကန်လူမည်းလူမွဲတွေအကြောင်းလည်း အနုစိတ်သိထားလေရဲ့။ အဲဒါ မောင်သာရပါ။ ဒါပေမဲ့-

ဒါပေမဲ့ မောင်သာရ မဟုတ်လား။ သူဟာ ဗမာစာ အရေးအသားအဖွဲ့အနွဲ့ အနိုင်နင်းဆုံးဝတ္ထုရေးဆရာပါလို့ ကျွန်တော် ရဲရဲပြောရဲပါတယ်။ ရွှေမန်းသားဗိုဗို ဝေါဟာရကြွယ်ရုံမက စကားတန်ဆာ အလင်္ကာတွေကလည်း ကြွယ်ဝပါဘိသနဲ့။ ဟုတ်ကဲ့၊ ဒီတော့ ဘာဖြစ်သလဲ။ အမေရိကန်တွေရဲ့ လူမှုရေးဘဝကို ဗမာပီသလွန်းလှတဲ့ စကားပြေနဲ့ ရေးဖွဲ့လိုက်တဲ့အခါ သူ့ဝတ္ထုတွေဟာ ဗမာရသပဲထွက်နေပါတော့တယ်။ အဲဒါ သူများတွေတော့ ဘယ်လိုနေမယ် မပြောတတ်။ စကားပြေရသကို သဘောကျမိတဲ့ ကျွန်တော့်အဖို့တော့ အမေရိကန်ရသ သိပ်မတွေ့နိုင်။ မတိုးနိုင်။ ဒုက္ခပါပဲ။

■

**မောင်စွမ်းရည်**

ရုပ်စုံမဂ္ဂဇင်း

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
၄၀ လမ်း
ကုန်သည်လမ်းနဲ့
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၃၉၈၂၂၀
၀၉၅၁၃၃၀၄၀

www.burmeseclassic.com

www.burmeseclassic.com

ူးဝေ၊ မောပန်း၊ ဇက်ကြောတက်၊ နောက်ကြောထိုး၊ နာမွှန်ခြင်းများဖြစ်လို့
စိတ်ညစ်နေပါသလား

စိန်ဟသ်ာဆေးတိုက်မှထုတ်လုပ်သော

# ရန်ပုံခွင်း
# ရှူဆေး

ကိုဆောင်ထားပါ။




ဖြန့်ချိရေး - ဦးမြင့်ဆွေ၏သား ကိုအေးထွန်းဆေးဆိုင်
**(C/264)**မြေအောက်ထပ်၊ သိမ်ကြီးဈေး **(D)** ရုံ၊ ဖုန်း ၀၉ ၅၁၇၀၁၆၂

လေထိုးလေအောင့်ခြင်း၊ ဗိုက်နာခြင်း၊ ချောင်းဆိုးရင်ကျပ်သလိပ်ကပ်ခြင်းများကို
ရှောက်ရည်(သို့)သံပရာရည်နှင့်သောက်ပါ။
အစာမကြေ ရင်ပြည့်ရင်ကယ်ဖြစ်ပါက အချိန်မရွေး ရေနွေးနှင့်သောက်ပါ။
ချုပ်၊ ဝမ်းချုပ်ခြင်း၊ အကြောတက်သွောင်းညာသူများ ညအိပ်ရာဝင်တိုင်း ရေနှင့်သောက်ပါ။

# ရန်ပုံခွင်း
# အစာအိမ်လေနိုင်ဆေး

ပင်ရင်း

အမှတ်-၁၄၂၊ ၄-လွှာ၊ ၂၆လမ်း၊ ပန်းဘဲတန်းမြို့နယ်
ကုန်။ ဖုန်း-၇၃၀၁၆၀၄၇၊ ၇၃၀၄၈၇၆၁






www.burmeseclassic.com

www.burmeseclassic.com

ရုပ်သေးသဘင်မှာ 'အပြော ကိုဖူးညို၊ အဆို ကိုပု
အဆိုရှိတယ်။ ဇာတ်သဘင်မှာလည်း 'အ
ရွှေမန်းတင်မောင်၊ အလှ စိန်အောင်မ
လို့ အဆိုရှိတယ်။ အညာမြို့က
လောကမှာလည်း 'အပြော
ရွှေကို၊ အငို မိမိ
ပြောစမှတ်ဖြစ်ခဲ့တ






www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေကိုက အပြော ဘာကောင်းသလဲ
မမေးနဲ့၊ ကျောက်ဆင်းတုတောင်
ခေါင်းညိတ်ရတယ်။ သာလိကာ
ငှက်ကတောင် အာဘခေါ်ရတယ်။
စကားပြောရင် ဟန်နဲ့မာန်နဲ့
ပြောတတ်တယ်။ ပုံတိုပတ်စလေးတွေ၊
ရယ်စရာလေးတွေ ထည့်ပြီး
ပြောတတ်တယ်။ ဥပမာ ဥပမည်းတွေနဲ့

# မန်ကျည်းကိုးပင်
# မင်းတင်ထွန်း





ကိုရွှေကိုက အပြော
ဘာကောင်းသလဲ မမေးနဲ့
ကျောက်ဆင်းတုတောင်
ခေါင်းညိတ်ရတယ်
သာလိကာ ငှက်ကတောင်
အာဘခေါ်ရတယ်
စကားပြောရင် ဟန်နဲ့မာန်နဲ့
ပြောတတ်တယ်
ပုံတိုပတ်စလေးတွေ
ရယ်စရာလေးတွေ
ထည့်ပြီးပြောတတ်တယ်

၂၀၀၄ ဇန်နဝါရီ ရွှေအမြုတေ

www.burmeseclassic.com

www.burmeseclassic.com

စကားကို ချိုပြီးပြောတတ်တယ်။ ဝက်ဝုဏ္ဏတွေနဲ့ စကားကို သွယ်ဝိုက်ပြီး ပြောတတ်တယ်။ နားထောင်လို့ကောင်းတာပေါ့။ သူပြောတဲ့စကားတွေက ဟုတ်တာလည်းပါတယ်။ မဟုတ်တာလည်းပါတယ်။ ဒါပေမဲ့ ဘယ်သူမှငြင်းမနေကြပါဘူး။

ကိုရွှေကိုက အညာမြို့ဇာတိမဟုတ်ဘူး။ အညာမြို့က မြို့ဦးစေတီဘုရားပွဲမှာ မျက်လှည့်လာပြတဲ့အဖွဲ့ကလက်ထောက်မျက်လှည့်ဆရာ ဖြစ်တယ်။ ဘုရားပွဲမပြီးခင် ပိုင်ရှင်နဲ့ မျက်လှည့်ဆရာ စကားများပြီး အဖွဲ့ကွဲသွားတယ်။ ကိုရွှေကိုက ငှက်ဖျားရောဂါပြန်ထပြီး ပြည်သူ့ဆေးရုံ တက်ကုနေရလို့ အညာမြို့မှာ ကျန်ခဲ့တယ်။ ဆေးရုံဆင်းတော့လည်း တော်တော်နဲ့ နာလန်မထူနိုင်ဘူး။ ဘုန်းကြီးကျောင်းမှာတည်းခိုပြီး ဆေးဆက်ကုခဲ့တယ်။ ရောဂါသက်သာတော့လည်း မပြန်တော့ဘဲ အညာမြို့မှာ သောင်တင်နေခဲ့တယ်။

'ကိုရွှေကိုက ဘယ်မြို့ကလဲ…' မေးရင် မန္တလေးပြောလိုက်၊ ရန်ကုန်ပြောလိုက်၊ ပဲခူးပြောလိုက်၊ မော်လမြိုင်ပြောလိုက်နဲ့ တစ်ယောက်တစ်မျိုးစီ ပါးစပ်ထဲတွေ့တဲ့ မြို့နာမည်ပြောလိုက်တယ်။ မေးတဲ့သူကလည်း ကိုရွှေကိုဒီလိုပြောတတ်မှန်းသိလို့ တမင်မေးတာပါ။

'ကိုရွှေကို အရင်တစ်ခါမေးတုန်းက ရန်ကုန်ဆို၊ အခုဘာလို့ ပဲခူးဖြစ်သွားရတာလဲ' လို့ မေးရင်-

မိမိချိုက နေရာက
ရုတ်တရက်
ထလိုက်ပြီး
နံရံမှာ
ချိတ်ဆွဲထားတဲ့
ငှက်ကြီးတောင်
ဓားကို
ပြေးဖြုတ်
လိုက်တယ်
အားလုံး
လှုပ်လှုပ်ရွရွ
ဖြစ်ကုန်ကြတယ်
မိမိချိုက
ကိုရွှေကို့ဆီကို
ရဲရဲတင်းတင်း
လျှောက်သွားပြီး
မျက်နှာချင်းဆိုင်
ရပ်လိုက်တယ်
အခန်းထဲက
အသံတွေ
မီးကိုရေနဲ့
ငြိမ်းသလို
ဖြစ်သွားတယ်

'ရန်ကုန်မှာ မွေးတာ။ အခုနေတာက ပဲခူးလေဗျာ' လို့ ဖြေတတ်တယ်။

သူ့ဇာတိမြို့က အရေးမကြီးပါဘူး။ စကားပြောကောင်းတော့ ခင်တဲ့သူတွေ ပေါတယ်။

'ကိုရွှေကို လာထိုင်ပါဦးဗျ။ ရေနွေးအခါးလေး သောက်ရင်း ခင်ဗျားဘဝအတွေ့အကြုံလေး ပြောပါဦး' ဆိုရင် ဝင်ထိုင်ပြီးစကားပြောတော့တာပဲ။ ကိုရွှေကို စကားပြောပြီဆိုရင် နားထောင်တဲ့သူတွေက တစ်စတစ်စ စည်လာတာ။

ကိုရွှေကိုက သူပြောစကားအရ ဘဝစုံတယ်။ မော်လမြိုင်ဘက်မှာ မှောင်ခိုကုန်ကူးဖူးတယ်။ မြိတ်ကျွန်းစုဘက်မှာ ပုလဲငုပ်ဖူးတယ်။ ရန်ကုန်မှာ လိုင်းကားစပယ်ယာလုပ်ဖူးတယ်။ ဧရာဝတီမြစ်ရိုးမှာ သစ်ဖောင်ချဖူးတယ်။ မန္တလေးမှာ ဇာတ်ထဲလိုက်ဖူးတယ်။ နောက်ဆုံးမှာ မျက်လှည့်ဆရာလုပ်ခဲ့တယ်လို့ ပြောတယ်။

ဒါကြောင့် စကားပြောရာမှာ နပ်တယ်။ စိတ်ဝင်စားမယ့်အကြောင်းတွေကို ကြံဖန်ပြီးပြောတတ်တယ်။ ယုတ္တိရှိတာရော၊ မရှိတာရော ပါပေမဲ့ ဘယ်သူမှ မငြင်းကြပါဘူး။ စကားကို အပျင်းပြေနားထောင်ချင်ကြတာကိုး။

'ကိုရွှေကို မျက်လှည့်ပြပါဦး' လို့တောင်းဆိုကြရင်လည်း တစ်ကွက်စ၊ နှစ်ကွက်စ မျက်လှည့်ပြတတ်တယ်။ ကိုရွှေကိုက လွယ်အိတ်ကို အမြဲလွယ်ထားတတ်ပြီး လွယ်အိတ်ထဲမှာ မျက်လှည့်ပြတဲ့ပစ္စည်းလေးတွေ ထည့်ထားတတ်တယ်။

မျက်လှည့်ပြတိုင်း မျက်လုံးတွေ ပြူးကြည့်ကြတယ်။ ပြပြီးရင် ဟာခနဲ၊ ဟင်ခနဲဖြစ်သွားကြတယ်။ လက်ခုပ်တီးကြတယ်။ လက်ခေါက်မှုတ်ကြတယ်။ အားပေးတာပေါ့။

'ကိုရွှေကို မျက်လှည့်ဆိုတာ လိမ်မှန်းတော့ သိတယ်။ ဘယ်လို လိမ်လိုက်မှန်း မသိဘူးဗျာ'

အဲ့ဒီစကား ပြောကြတယ်။

'ဟဲ…ဟဲ….ဟဲ…၊ မျက်လှည့်ဆိုတာ လိမ်… မဟုတ်ပါဘူး'

'ညာတာလား'

'မဟုတ်ဘူး။မျက်… ဆရာက ပရိသတ်ရဲ့အ… အာရုံကို တစ်မျိုးတစ်… အောင် ကျွမ်းကျင်မှုနဲ့ … လှည့်စားတာပါ'

'ထားပါဗျာ။ လိမ်… ပဲဖြစ်ဖြစ်၊ ညာတာပဲဖြစ်… လှည့်စားတာပဲ ဖြစ်ဖြစ် … လှည့်မှာ လျှို့ဝှက်ချက်… ရှိရမယ်လေ။ အဲဒါကို … စမ်းပါဗျ' လို့ ဝိုင်းပြော… တယ်။

'ဟင်းစားတော့ … နိုင်မယ်။ ကွန်ချက်တော့ … နိုင်ဘူးဆိုသလို ဒါ… သည်းခံကြပါဗျာ။ … လှည့်မှာ လျှို့ဝှက်ချ… အသက်ပဲဗျ။ လျှို့ဝှ… ကို မသိသရွေ့ … ခင်ဗျားတို့ အထင်ကြီး… မှာပဲ။ လျှို့ဝှက်ချက်… သွားရင် ဘယ်အထ… တော့မလဲဗျ။ ဟဲ…… ဟဲ…'

ကိုရွှေကို့ အခြေ… သဘောကျပြီးရယ်ကြ…

တကယ်တော့ ကို… က မျက်လှည့်ပညာကို … တာ ဆယ်ခုတောင် ပြည့်… မထင်ပါဘူး။ ဒီ… ပညာနဲ့ အညာမြို့မှာ … လို့မရဘူး။

ဒါပေမဲ့ စကား… ကောင်းတာရယ်၊ … ခိုင်း ဖင်ပေါ့ပေါ့ ထလုပ်… တာရယ်ကြောင့် ကို… အတွက် လက်ဖက်ရည်… မပူရဘူး။ ထမင်းတစ်… တစ်ဆုပ်လည်း မပူ… ကြိုတဲ့သူက လက်ဖက်…



www.burmeseclassic.com

www.burmeseclassic.com

...ကိုက်၊ ထမင်းခေါ်ကျွေး ...ကြတာပါ'

ကိုရွှေကို သွားတတ်တာ ... ဆိုက်ကားဂိတ်၊ မြင်း ...ဂိတ်နဲ့ ဈေးထဲက ပွဲရုံ ...ဖြစ်တယ်။

အထူးသဖြင့် သစ္စာပွဲရုံ ...ရင် ပွဲစားကြီး ဦးဘသက် ... လေပေးဖြောင့်တယ်။ ...သက်က တရားသမား။ ...သက်နဲ့ တော်ရုံတန်ရုံ ... စကား ၁၀ မိနစ်ပြည့် ...အောင် မပြောချင်ကြဘူး။ ...သက်နဲ့ကျတော့ ကိုရွှေ ... နားထောင်သမား။ ... ပြုံးပြုံးနဲ့ နားထောင် ...၊ ဦးဘသက် မောသွား ...-

'ဦးလေး ရေနွေး ...က်ပါဦး'လို့ ရေနွေးကို ...ကိုတသင့် ငှဲ့ပေးတဲ့သူ။ ...တော့ ကိုရွှေကိုက ဦးဘ ...ပွဲရုံမှာပဲအနေများတယ်။ ...သက်တရားကို နာလိုက်၊ ...ရေလေးရှိရင် ထလုပ် ...က်။ ဦးဘသက် မရှိ ...ဆိုရင် ကုန်သည်တွေ ... ဆောက်လိုက်နဲ့ပေါ့။

နောက်တော့ ဦးဘ ...က ကိုရွှေကိုကို ပွဲ ...ခန့်လိုက်တယ်။ ဒီတော့ ...လောက အံ့သြသွားကြ ...ပေါ့။

❑

ပွဲနလင်ဆိုတာက ပွဲရုံ ...လည်း မဟုတ်ဘူး။ ...သမားလည်း မဟုတ် ... ပွဲစားကြီးတွေ ယုံကြည် ...ရတဲ့သူ၊ အထူးသဖြင့် ...ကြီးတွေကိုယ်စားနယ် ... အဝယ်တော်သွားရတဲ့ ... ခေတ်စကားနဲ့ပြောရရင် ...ကြီးတွေရဲ့ အတွင်းရေးမှူးပေါ့။ ပွဲရုံမန်နေဂျာပေါ့။ ပွဲစားကြီးပြီးရင် အာဏာရှိတဲ့သူလေ။

သစ္စာပွဲရုံမှာက ပွဲနလင် ကိုအေး ရှိတယ်။ ပွဲရုံစာရေး ကိုထွေး ရှိတယ်။ အလုပ်သမားက ထင်ကျော်၊ လှအေးနဲ့ ဘကျော်တို့ရှိတယ်။ ပွဲစားကြီးသမီး မိမိချိုလည်း စာရင်းဇယားတွေ ဝိုင်းကူလုပ်နေတာပါ။ အရပ်စကားနဲ့ ပြောရင် သစ္စာပွဲရုံမှာ သူ့နေရာနဲ့သူ ထောင့်စေ့နေတာပါ။

ကိုရွှေကိုကို ပွဲနလင် ခန့်လိုက်တော့ လူပိုဖြစ်နေတာပေါ့။ ကိုရွှေကိုက အဝယ်တော်လည်း မလုပ်တတ်။ စာရင်းဇယားလည်း မလုပ်တတ်။ ကုန်ပစ္စည်းလည်း မထမ်းတတ်ကိုး။ ဒါပေမဲ့ ပွဲစားကြီးဦးဘသက်ပြီးရင် ပွဲရုံမှာ သူက ဆရာကြီးပဲ။ ပွဲရုံမှာ ဘာလုပ်ရသလဲ ဆိုတော့ ပွဲစားကြီးဦးဘသက် ခိုင်းတဲ့ တောက်တိုမည်ရ အလုပ်လုပ်ရတယ်လေ။ ဒါကြောင့် တောက်တိုမည်ရ ပွဲနလင်လို့ ကိုရွှေကို ကွယ်ရာမှာ ခေါ်ကြတယ်။

ပွဲစားကြီး ဦးဘသက်က မုဆိုးဖိုတစ်ယောက်ဖြစ်တယ်။ တစ်ဦးတည်းသမီး မိမိချိုပဲ အမွေစားအမွေခံ ရှိတယ်။ မိမိချိုက ၁၈ နှစ် ရှိပေမဲ့ ၁၀ တန်း ၂ နှစ်ကျလို့ ကျောင်းထွက်လိုက်ရတယ်။ ပွဲရုံမှာ ကူခိုင်းပေမဲ့ ထုံတုံတုံ အတတမို့ အားမရဘူး။ ရှက်တတ်၊ ကြောက်တယ်၊ အားနာတတ်တာက ပိုသေး။ ရုပ်ကလေးလှတော့ ပိုးပန်းသူက ဒုနဲ့ဒေး။ ပွဲစားတန်းက လူငယ်တွေက လတ်လျားလတ်လျားတွေ။ မိဘခြေရာနင်းမယ့်သူ မမြင်ဘူး။ အဖေပွဲစားမို့ သားပွဲစားဖြစ်မယ့်သူတွေ။ ပွဲစားသားက ပွဲစားသားလို မနေကြဘူး။ သူဌေးသားလိုလို၊ အရာရှိကြီးသားလိုလိုတွေက များတယ်။ သူတို့လက်ထက်ကျရင် ကုန်သည်ပွဲစားမျိုးရိုး ပျောက်ကွယ်မှာတောင် စိုးရတယ်။ ဒါကြောင့် ဘယ်သူ့ကိုမှ ဦးဘသက်မျက်စိထဲ မတွေ့ဘူး။ ဒီကြားထဲအလုပ်သမား ထင်ကျော်ကပါ မိမိချိုကို ပိုးနေတယ်။ ထင်ကျော်က စာမတတ်၊ ပေမတတ်။ အသားကမည်းသေး၊ စကားကထစ်သေး။ အမဲရိုးက ဟင်းအိုးမှ အားမနာလို့ ပြောရမယ့်ကောင်။ အလုပ်က ထုတ်ပယ်ချင်ပေမဲ့ လုပ်အားကောင်းတော့ မထုတ်နိုင်ဘူး ဖြစ်နေတယ်။ ထင်ကျော်က လူကသာ ပျစ်ထိုင်းရယ် အလုပ်က တခြားအလုပ်သမား ၂ ဆ၊ ၃ ဆလောက် လုပ်နိုင်တယ်။

ဒါကြောင့် ဦးဘသက်က သူ့သမီးမိမိချိုကို ရွှေကိုနဲ့ ပေးစားလိုက်တယ်။ ဒီတော့ ကိုရွှေကိုက မရွယ်ဘဲ စော်ကဲမင်းဖြစ်သွားတာပေါ့။ ပွဲစားသမက်ဖြစ်တော့ အိမ်ရှေ့စံပွဲစားဖြစ်သွားတာပေါ့။ ကုန်သည်တွေ၊ တောင်သူတွေ၊ ဈေးဝယ်တွေကို ပွဲရုံမှာ လေနဲ့ညှော်ခံနိုင်တော့တာပေါ့။ ဦးဘသက်ကတော့ သူ့သမက် စကားပြောကောင်းတာကို ဂုဏ်ယူနေတယ်လေ။

ဦးဘသက်ရှိတုန်းက ပြဿနာ မဖြစ်ပေမဲ့ ဦးဘသက် ကွယ်လွန်တော့ သစ္စာပွဲရုံ က ပြဿနာဖြစ်တော့တာပဲ။ ကိုရွှေကိုက ပဲမှန်သမျှ မြေပဲဆန်လိုမြေကဥတာလို့ ထင်တဲ့သူ။ ဘာမှ သိတာမဟုတ်ဘူး။ မသိရင် မသိသလို နေတာ မဟုတ်ဘူး။ ပွဲစားကြီးလေသံနဲ့ ဆက်ဆံတော့ ကုန်သည်လည်း အဆင်မပြေဘူး။ တောင်သူနဲ့လည်း မပြေလည်ဘူး။ ပွဲနလင်ကိုအေးနဲ့ စကားများပြီး ကိုအေးက ပွဲရုံက ထွက်သွားတယ်။ သူ့တပည့်ပွဲရုံစာရေး ကိုထွေးပါ အဆစ်ပါသွားတယ်။

'ပွဲရုံလုပ်ငန်းများ မျက်လှည့်ပြတာလောက် မခက်ပါဘူး'

ကိုရွှေကိုက ကြုံးဝါးတယ်။ လူထုထုရှိရင် မော်လမြိုင်ဘက်မှာ မှောင်ခိုကုန်ကူးခဲ့တဲ့အကြောင်းတွေ ပြောပြတယ်။ သက်စွန့်ဆံဖျား တောလမ်းခရီးကနေ သွားခဲ့ရတာတွေကို ပြောပြတယ်။

ဒါပေမဲ့ ပွဲရုံလုပ်ငန်းကို မလုပ်တတ်၊ မကိုင်တတ်၊ မဝယ်တတ်၊ မရောင်းတတ်၊ မထုတ်တတ်တော့ နှစ်တိုင်း အရှုံးပေါ်တော့တာပဲ။ ဦးဘသက်ထားခဲ့တဲ့ ကုန်ပစ္စည်းတွေ၊ ငွေတွေ ကုန်တာတောင် အကြွေးကလည်း လည်ပင်းနစ်သွားတယ်။ ပွဲရုံလည်း အခွံကျန်တော့မှ-

'မိမိချိုရေ၊ အကြွေးတွေ ဆပ်နိုင်အောင် သပိတ်ကျင်းဘက်တက်ပြီး ရွှေတွင်းသွားဖော်လိုက်ဦးမယ်'ဆိုပြီး မိမိချိုလက်ဝတ်လက်စားတွေ



www.burmeseclassic.com

www.burmeseclassic.com

ချွတ်ယူပြီးထွက်သွားလေရဲ့။ မိမိချိုမှာ အကြွေးပတ်လည် ဝိုင်းပြီးကျန်ခဲ့တယ်။

မိမိချိုနဲ့ ကိုရွှေကိုမှာ သားသမီး မထွန်းကားဘူး။ မိမိချိုမှာ တစ်ကိုယ်ရေတကာ ယသမားမို့ စားဝတ်နေရေး မပူရပေမဲ့ ကိုရွှေကို ထားခဲ့တဲ့ အကြွေးက နေ့စဉ်စိတ်ညစ် နေရတယ်။ ဟိုလူက လာအကြွေးတောင်း၊ တောင်းပန် ရ။ ဒီလူက ဘာအကြွေး တောင်း၊ ဖဲ့ ဆပ်ရနဲ့ပေါ့။ ကြွေးရှင်တွေက အဖေထားခဲ့တဲ့ နှစ်ဆောင်ပြိုင်ပျဉ်ထောင် အိမ်ကြီးကို မျက်စပစ်ကြတယ်။ အဖေထားခဲ့တဲ့ ပွဲရုံ လည်း အခွံပဲကျန်တော့တယ်။ ငွေလည်း မူးလို့ရှူစရာ မရှိတော့ဘူး။ လက်ဝတ်လက်စားတွေလည်း ကိုရွှေကို့နောက် ပါသွားပြီ။ မိမိချိုမှာ အဖေထားခဲ့တဲ့ နှစ်ဆောင် ပြိုင်အိမ်နဲ့ ငှက်ကြီးတောင် ဓားတစ်လက်သာ ကျန်တော့တယ်။

'ရှင်တို့အကြွေးတွေကို ဆပ်ပါမယ့် အချိန်တော့ပေးပါ'လို့ တောင်းပန်ထားရမယ်။

ပွဲရုံကို အသစ်က ပြန်စရတယ်။ ပွဲနလင် မငှားနိုင်ဘူး။ ပွဲရုံစာရေး မထားနိုင်ဘူး။ အလုပ်သမားကလည်း ကိုထင်ကျော်တစ်ယောက်ပဲ ရှိတယ်။

ပွဲရုံဆိုပေမဲ့ အရင်းအနှီး မရှိတော့ ပစ္စည်းမဝယ်နိုင်ဘူး။ မလှောင်နိုင်ဘူး။ အပ်တင်စနစ်နဲ့ ပွဲခပဲ စားနေရတယ်။ ဒါတောင် ပွဲရုံက နာမည်ပျက်သွားလို့ ပစ္စည်းအပ်ချင်ကြတော့တာ မဟုတ်ဘူး။ အလုပ်သမား ကိုထင်ကျော်က ဖောက်သည်ဟောင်း တောင်သူတွေဆီကို ခယယ တောင်းပန်ပြီး ပစ္စည်းတွေကို ပွဲရုံတင်ရတာ။ အချို့က လည်း ပွဲစားကြီးဦးဘာသက် မျက်နှာနဲ့ပစ္စည်းတွေ တင်ကြတယ်။ ကုန်သည်တွေကလည်း ဖောက်သည်ပြန်ယူကြပါတယ်။

၄ နှစ်ကြာတော့ အကြွေးတွေ ကုန်သလောက် ရှိသွားတယ်။ ဒီ ၄ နှစ် အတွင်း ကိုရွှေကို လုံးဝမပေါ် မလာဘူး။ စာလည်း မလာဘူး။ လူကြုံလည်း မပါးဘူး။ ရွှေတောမှာ ငှက်ဖျားမိပြီး သေတာကြာပြီလို့လည်း ကြားရတယ်။

မိမိချိုကလည်း ကိုရွှေကိုကို မမျှော်ပါဘူး။ ယောင်လို့တောင် သတိရတာ မဟုတ်ပါဘူး။ သေသူစာရင်းသွင်း လိုက်တာပါ။ သူထားခဲ့တဲ့ အကြွေးတွေကို မယားဖြစ်လို့ဆပ်ရပေမဲ့ စိတ်ထဲက ကျေနပ်နေတာတော့ မဟုတ်ပါဘူး။

အခုတော့ ကိုရွှေကိုကို မမျှော်ပေမဲ့ အညာမြို့ကို ပြန်လာမှာကို ကြောက်နေမိတယ်။ သေပြီဆိုတဲ့ သတင်းပဲ ယုံလိုက်တယ်။

မိမိချိုက အအိုပေမဲ့ လင်မရှိ၊ သားသမီး မရှိတော့ အပျိုနဲ့မခြား ပိုးပန်းသူတွေ များလာတယ်။ အသက်ကလည်း ၂၅ နှစ်ဆိုတော့ သွေးသားဆူဖြိုးတဲ့အရွယ်၊ အချစ်ဆိပ်ရည်ပြင်းထန်တဲ့အရွယ်လေ။

ဒါကြောင့် ဆွေမျိုးတွေက မိမိချိုကို ဝိုင်းအုံတဲ့ပျားပိတုန်းတွေကို ရှင်းထုတ်ပေးဖို့အတွက် အလုပ်သမား ကိုထင်ကျော်နဲ့ နှားချကြတယ်။ အိုးချင်းထားအိုးချင်းထိ၊ ကြိုးချင်းထားကြိုးချင်း ငြိချင်နေကြသူတွေမို့ ခေါင်းညိတ်လိုက်ကြတယ်။

ရက်ကောင်းရက်သာ ရွေးပြီး နှစ်ဆောင်ပြိုင်အိမ်ကြီးမှာပဲ လက်ထပ်ပွဲကို အကျဉ်းရုံးပြီးလုပ်ကြတယ်။ ဘုန်းကြီး ၅ ပါးဆွမ်းကပ်ပြီး ဆွေမျိုးတွေနဲ့ မိတ်ဆွေအနည်းအကျဉ်းကို ဖိတ်ပြီးပြုလုပ်ကြတယ်။

ဧည့်သည်တွေကို ထမင်းဟင်းနဲ့ ဧည့်ခံနေတုန်း ကိုရွှေကိုက အိမ်ပေါ်ကို ဖြုန်းခနဲရောက်လာတယ်။

ကိုရွှေကိုကို မြင်လိုက်ကြတော့ တစ္ဆေတစ်ကောင်ကို ရုတ်တရက် မြင်တွေ့လိုက်ရသလို အားလုံးတုန်လှုပ်သွားကြတယ်။

'ဟာ…ကိုရွှေကို'

'ခင်ဗျား သေပြီဆို'

'မိမိချို လက်ထပ်တယ်ကြားလို့ ရောက်လာတာလား'

တစ်ယောက်တစ်ပေါက် ဝိုင်းမေးကြတယ်။ အားလုံးက ကိုရွှေကို သေပြီလို့ ထင်ထားကြတာကိုး။ မသေဘဲ အခုရောက်လာတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်ကုန်ကြတယ်။ မင်္ဂလာထမင်းပဲဆက်စားကြရတော့ မလို၊ နေရာကပဲ ထပြေးကြရတော့မလို အခက်တွေ့နေကြတယ်။

ကိုရွှေကိုက-

'မင်္ဂလာပွဲ ကျင်းပနေကြတာလား'လို့ ကိုထင်ကျော်နဲ့ မိမိချိုကိုကြည့်ပြီး တိုးလျှစွာမေးလိုက်တယ်။

အားလုံးရဲ့အကြ[illegible] တွေက ကိုထင်ကျော်နဲ့ [illegible] ချိုဆီကို ရောက်သွ[illegible] တယ်။ ကိုထင်ကျေ[illegible] ကြက်ကြီး လည်လိ[illegible] သလို ခေါင်းငိုက်စိုက်[illegible] သွားတယ်။ မိမိချိုက[illegible] ကိုရွှေကိုကို မမှိတ်[illegible] စိုက်ကြည့်နေတယ်။

'ဖြေကြလေ…'

ကိုရွှေကို့ အသံက [illegible] နည်းကျယ်လာတ[illegible] အားလုံးအကြည့်က ကို[illegible] ဆီရောက်သွားကြ[illegible] ကိုရွှေကိုက လက်နှစ်[illegible] ကျစ်ကျစ်ပါအောင် ဆု[illegible] တယ်။ မျက်ထောက်[illegible] လို့ အံကိုတင်းတင်း[illegible] ထားတယ်။

မိမိချိုက နေရာက [illegible] တရက်ထလိုက်ပြီး [illegible] ချိတ်ဆွဲထားတဲ့ ငှက်[illegible] တောင်ဓားကို ပြေး[illegible] လိုက်တယ်။ အားလုံး[illegible] လှုပ်ရှရှ ဖြစ်ကုန်ကြတ[illegible]

မိမိချိုက ကိုရွှေ[illegible] ကို ရဲရဲတင်းတင်းလျှေ[illegible] သွားပြီး မျက်နှာချင်းဆို[illegible] လိုက်တယ်။ အခန်း[illegible] အသံတွေ မီးကိုရေနဲ့ [illegible] သလို ဖြစ်သွားတ[illegible] အသက်ပင် ရှူဖို့မေ့ပြီး[illegible] နှစ်ဦးကို ငေးကြည့်[illegible] တယ်။

မိမိချိုက ငှက်[illegible] တောင်ဓားကို ကိုရွှေ[illegible] လက်ထဲထည့်လိုက်ပြီး-

'ဦးရွှေကို ကျွ[illegible] အသေသာ သတ်လို[illegible] ရှင့်အပေါ် သစ္စာဖော[illegible] ပြီ။ ရှင်သေပြီလို့ထ[illegible] ကိုထင်ကျော်နဲ့ ဒီ[illegible] ထပ် မင်္ဂလာပွဲပြုလုပ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

…။ ဒီမင်္ဂလာပွဲကို မဖျက် … သစ္စာကို နှစ်ယောက် … ချင်ဘူး။ ကျွန်မကို … သတ်လိုက်ပါ'လို့ ပြော … ရွှေကို့ရှေ့ဒူးတုပ် ထိုင် … တယ်။

'ဘာ…'

'ခင်…'

… အားလုံးအံ့သြပြီး ထဆွဲ … တယ်။

'ချလွှမ်း'

… ရွှေကိုက ဓားကို … ပစ်ချလိုက်တော့ … ကိုယ်ရှိန်သတ်သွား … ။ ကိုရွှေကို ဘာပြော … စောင့်ကြည့်နေကြ …

… ရွှေကိုက စကားပြော … သုလိုက်တယ်။ မေး … တွေသာ ထောင်ထလာ … အသံက မထွက်ဘူး။ … အိမ်က မျက်ရည် … တွေသာ တပေါက် … ကြမ်းပေါ်ကို ပြုတ် … တယ်။

… အတန်ကြာမှ-

'အရှုံးပေါ်မှာ အမိုက် … ရစေနဲ့ မိမိချိုရယ်၊ … ပြီး အရှုံးပေးလိုက် … ၊ ကွာရှင်းပေးပါ … ညနေကျရင် သူကြီး … ခဲ့ပါ'လို့ ပြောပြီး … က အခန်းထဲက … စိုက်ချပြီး လေး … ခြေလှမ်းများနဲ့ ထွက် … ။

… ကိုရွှေကို့ ကျောပြင်ကို … ကြည့် ပြီးကျန် ခဲ့ ကြ … အားလုံးရဲ့ စိတ်ထဲမှာ … ကြဘူးလေ။

… ဒီလိုဆိုရင် ဦးရွှေကိုက … သားကြီးတာပေါ့

မသိသူက ပြောရင် ဒေါ်မိမိချိုက…

'ဘာသဘောထားကြီး ရမှာလဲ။ ဦးရွှေကိုက အပြောလေးနဲ့စားသွားတာပေါ့။ ငါ့မှာတော့ ခုထိ ညတိုင် ငိုရတုန်းပဲ'လို့ ပြောတတ်တယ်။

'ဘာပြုလို့လဲ'

'ဘာပြုရမှာလဲ ဦးရွှေကိုက ညနေကျ သူကြီးအိမ်ရောက်တော့ သူက နစ်နာသူ၊ ရှုံးနိမ့်ရသူမို့ သူနေဖို့ နှစ်ဆောင်ပြိုင်အိမ်ကြီးကို သူ့ကို ပေးပါလို့ မျက်နှာသေလေးနဲ့ တောင်းတယ်။ ငါ့စိတ်ထဲမှာလည်း ငါက သစ္စာမဲ့ထားသူဆိုပြီး ပေးလိုက်တယ်။ နှစ်ဆောင်မြိုင်အိမ်ကြီး သင်းရောင်းသွားတာတောင် နှမြောရုံပဲ ဖြစ်ခဲ့တယ်။ နောက်မှသင်းက အညာမြို့က ထွက်သွားကတည်းက ရွှေတောမှာ မိန်းမရနေတာတဲ့။ ကလေးတစ်ယောက်ရလို့ စီးပွားရေးအဆင်မပြေတာနဲ့ အညာမြို့ကို ခဏပြန်လာတာတဲ့။ အခုတော့ သင်းကနှစ်ဆောင်ပြိုင်အိမ်ကြီးရောင်းရတဲ့ငွေနဲ့ ချောင်းကြီးရွာမှာကုန်စုံဆိုင်ကြီး ဖွင့်ထားတာတဲ့လေ။ ငါ့မှာတော့ နှစ်ဆောင်ပြိုင်အိမ်ကြီး မြင်တိုင်း မျက်ရည်ဝဲနေရတာလေ'

ဒေါ်မိမိချိုက မျက်ရည်ကို လက်ဖမိုးနဲ့ သုတ်ရင်း ပြောတယ်။ နောက် ဆက်ပြီး ပြောရှာတယ်။

'ငါ အခံရခက်ဆုံးစကားက သင်းပြောသွားတဲ့ အရှုံးပေါ်မှာ အမိုက်မဆင့်ပါရစေနဲ့ဆိုတဲ့ စကားလေ'တဲ့။ ■

*မေတ္တာရည်၍-*

**မင်းတင်ထွဏ်း**


**သင်ရှာနေတဲ့…**



**ဆရာမင်းကျော်ခေါင်**

နိုင်ငံခြားပြန် သျှုတ္တာရပညာရှင် (ကျမ်းပြု)

**မဟာဒိဗ္ဗလက္ခဏာဆရာကြီး**

(နာမည်ပေး … အခါပေး … ယတြာပေး …
အထူးအကြံပေး ဟောချက်များ)
အထူးယတြာ–အဆင်မပြေသောအချစ်ရေးများအတွက်

ထောက်ခံချက်ပေါင်းများစွာဖြင့်…

**ဆရာနှင့် အမြန်ဆုံးဆက်သွယ်ပါ။**
**Ph-09 730 24895, 09 518 3339**

***အကြံသစ်၊ ဉာဏ်သစ်၊ လူသစ်၊ စိတ်သစ်ဖြင့်***
***အောင်မြင်ကြွယ်ဝသော ဘဝသစ်တစ်ခု ရဖို့***
***ရန် အသိအမြင်တွေ၊ စွမ်းအင်သစ်တွေ မလိုချင်ပါသလော။***

ဟောခန်း(၁) ခြံအမှတ် (၇၀)၊ ပြည်ထောင်စုလမ်းမကြီး၊
၅၀-ရပ်ကွက်၊ မြောက်ဒဂုံ။

www.burmeseclassic.com

အမှောင်ထဲမှာ အုပ်စုဖွဲ့ ပျံသန်းရင်း
စားကျက်လှ၊ စားခွက်လုနေရတဲ့ဘဝထက်
တစ်ကိုယ်တော် ပျံသန်းရှာဖွေရတဲ့ဘဝက
ဘယ်လောက်အထိ လွတ်လပ်စိတ်ချမ်းသာသလဲဆိုတာ
အန်တီသင်းဆီက ထွက်လာပြီး
တစ်လအတွင်းမှာပဲ သိခဲ့ရတာမျိုးပါ




www.burmeseclassic.com

www.burmeseclassic.com



အမှောင်။
ဒေါင်ဒေါင်…ဒေါင်
ဒေါင်…ဒေါင်ဒေါင်….။
သံချောင်းခေါက်သံ
၁၂ ချက်တိတိ
ကြားရတဲ့အထိ
အမှောင်ထဲက
အရောင်မည်းနေတဲ့
သစ္စာတစ်ခုကို
ဖြူစင်လာမလား
လေရယ်လို့
ကြံဖန်မျှော်ကိုးရင်း
ဇီးကွက်မ
အိပ်မပျော်သေးဘူး
မောင်။

❑

၁။
ပူပြင်းလွန်းလှတဲ့
နေရောင်ခြည်ရဲ့
အရှိန်ကြောင့်
တစ်ကိုယ်လုံးနီးပါး
ချွေးစိုနေတာတောင်
လေးလံစွာ
ပိကျနေတဲ့ဇီးကွက်မရဲ့
မျက်ခွံတစ်စုံကို
ပွင့်မလာစေခဲ့ပါဘူး။
တဘုတ်ဘုတ်
မောင်းဝင်လာတဲ့
ဆိုင်ကယ်သံနဲ့
ကြားဖူးနေကျ
အသံဝါဝါ
တစ်မျိုးဟာ
အန်တီသင်းရဲ့
စကားသံတွေနဲ့
အပြန်အလှန်
စည်းဝါးကိုက်နေတယ်
ဆိုတာ
အလိုလို သိပေမဲ့
တစ်ညလုံးလှုပ်ရှား
ရုန်းကန်ခဲ့ရတဲ့
ခန္ဓာကိုယ်ရဲ့
နှိပ်စက်မှုကြောင့်
အသိအာရုံ



www.burmeseclassic.com

www.burmeseclassic.com

နိုးကြားသလိုလို ဖြစ်နေတာတောင် အိပ်ရာက ထလို့မရသေးပါဘူး။ ဇီးကွက်မတို့နေထိုင်ရာ ရွှေပြည်သာဆင်ခြေဖုံးရပ်ကွက်ကြီးကတော့ နိုးထသက်ဝင်ကောင်း သက်ဝင်နေမှာပါလေ။

'အလုပ်က သိပ်မကောင်းတော့ ခဏခဏ မလာပါနဲ့ မောင်မောင်နိုင်ရယ်။ ဒီကြားထဲ ရှောင်ရတိမ်းရ၊ ပြောင်းရ ဝှက်ရ၊ ရေလောင်းရနဲ့ ဒီပုံစံသာဆိုရင် အန်တီသင်းကိုယ်တိုင် အလုပ်ဆင်းမှ အဆင်ပြေမယ့်ပုံပေါက်နေပြီ မောင်မောင်နိုင်ရေ'

'ဟား…ဟား…ဟား…ဟား…။ အန်တီသင်းကတော့ လုပ်ပြီ။ ဝတ်ထားတဲ့ ရွှေတွေကိုလည်း အားနာပါဦးဗျ'

'ကဲ…ကဲ…ရော့။ ဒါ ဒီလအတွက်။ ဒါပဲနော် ကြိုပြောထားပြီးသား။ နောက်လ မလာနဲ့ အလုပ်မကောင်းဘူး။ အရေးတကြီးကိစ္စရှိရင်လည်း ဖုန်းဆက်ဦး'

'စိတ်ချ၊ စိတ်ချ။ သွားပြီ အန်တီသင်းရေ'

အိပ်မက်ထဲမှာလိုလို အပြင်မှာအမှန်တကယ်ပြောနေသလိုလို စကားသံတွေကြောင့် အသိအာရုံနဲ့ ဇီဝယန္တရားကို အတင်းပဲတွဲစပ်ပြီး အားယူမျက်လုံးဖွင့်ရင်း လက်ပတ်နာရီကို ကြည့်လိုက်မိတဲ့အခါမှာတော့ နံနက်ဆယ်နာရီခွဲနေပါပြီ။ ခေါင်းအုံးတစ်လုံး၊ ဖျာတစ်ချပ်ပေါ်မှာ စောင်မပါ၊ ခြင်ထောင်မပါဘဲ သုံးလေးနာရီလောက် အနားယူလိုက်ရတဲ့ ခန္ဓာကိုယ်က အတော်

တစ်ကိုယ်တော် ပျံသန်းနေရတဲ့ ညတွေမှာ ဆိုင်ကယ် သံ တဘုတ်ဘုတ် ကြားတိုင်း ရင်တုန်ရသလို စလင်းဘက် အိတ်ထဲမှာ စိတ်ချလက်ချ နေထိုင်ကြရတဲ့ ခြသေ့် ငါးကောင် လောက်ဟာလည်း ဆိုင်ကယ် လိုက်စီးသွားရတဲ့ အဖြစ်တွေ အများကြီးပါ

လေးကို နေသာထိုင်သာ ရှိသွားတာ သေချာပေမဲ့ တွန့်ကြေနေတဲ့ အနက်ရောင်ခေတ်မီဝတ်စုံပေါ်က ရေမွှေးရနံ့တချို့ကတော့ ချွေးနံ့တွေနဲ့ ရောပြီး အော်ဂလီဆန်စရာဖြစ်နေတာ အမှန်ပါပဲ။ ဘာပဲဖြစ်ဖြစ် ဖွာလန်ကြဲနေတဲ့ ဆံနွယ်တွေကို သားရေကွင်းနဲ့ စုချည်၊ အင်္ကျီချွတ်၊ ထဘီရင်ရှားလိုက်ရင်း ရေချိုးခန်းဘက်ထွက်မလို့ ဟန်ပြင်နေစဉ်မှာပဲ…။

'ဇီးကွက်မ နိုးပြီလား၊ နန္ဒိကိုပါ နှိုးပြီးရေချိုးခိုင်းထားလိုက်တော့။ ပြီးရင် သမီးတို့နှစ်ယောက်သွားစရာရှိတယ်။ သေချာရှိုင်းထားကြနော်။ ဒီနေ့လယ် သွားရမယ့်အလုပ်ကိစ္စက အရေးကြီးတယ်။ သမီးတို့နှစ်ယောက် အပြောအဆိုကောင်းရင် ကောင်းသလို အနည်းဆုံးသိန်းဂဏန်းပဲ။ ဟင်း… ဟင်း…ဟင်း…'

ပျစ်ချွဲအီဆိမ့်နေတဲ့ အန်တီသင်းရဲ့စကားသံတွေဟာ ဇီးကွက်မရဲ့နားထဲမှာတော့ ချဉ်တူးခါးသက်နေတာ အမှန်ပါ။ ဒါပေမဲ့ မလွန်ဆန်နိုင်တဲ့ အကြောင်းတရားမျိုးစုံကြောင့် မောနေတဲ့ ရင်အစုံ ကတုန်ကယင်ဖြစ်မလာခင်မှာဘဲ နန္ဒိကို နှိုး၊ ရေချိုးခန်းထဲဝင်ပြီး ရှုပ်ထွေးစပြုလာတဲ့ခေါင်းကအစ ရေလောင်းချိုးချလိုက်မိတာပါပဲ။ ❑

၂။

မျက်လုံး မျက်ခုံးကောင်းကောင်း၊ ရှည်လျားချွန်မြတဲ့ နှာတံ၊ ကြွခိုင်တဲ့ မေးရိုး၊ ညိုမောင်းတဲ့အသားအရေနဲ့ အချိုးအစားကျနလွန်းတဲ့ ကိုယ်လုံးကိုယ်ဖန်ဟာ ဘယ်လိုအဝတ်အစားမျိုးပဲ ဝတ်ထားပါစေ၊ ဇီးကွက်မရဲ့ မျက်စိထဲမှာ အမြဲတမ်းစမတ်ကျနေခဲ့တာ တွေ့စချိန်ကတည်းကပါ။ ဒါပေမဲ့ မောင်မောင်နိုင်ဆိုတဲ့ မောင်က 'ကျား'။ ကျားမှ တကယ့်သားရဲတစ်ကောင်ဖြစ်တဲ့ ကျားစစ်စစ်ရယ်ပါ။ အသားဆိုရင် ဘာအသားလာလာ အစိမ်းမှစားတဲ့ ကျားပါ။

ရုပ်ခံကလည်းကောင်း၊ အပြောအဆိုကလည်း သွက်၊ နှံ့လည်း နှံ့စပ်၊ ခွင်လည်း ဖန်

တတ်သူဆိုတော့ မောင့်အပါ[…]
မှာ ခစားချင်ကြတဲ့ ဇီးကွ[…]
တို့လို မိန်းမစားတွေမှ အ[…]
ကြီးရှိသလို ဘယ်မိန်းမ[…]
အထင်မကြီးခဲ့တာလည်[…]
မောင်ရယ်ပါ။ ဘာပဲဖြစ်[…]
ထူးဆန်းတဲ့ရေစက်ကြော[…]
ဇီးကွက်မရဲ့ စိတ်ကူး[…]
မင်းသားဖြစ်ခဲ့တာ ကြာ[…]
ကြာဆို မောင်က ဇီးကွ[…]
တွေ့ဖူးသမျှ ယောကျ်ား[…]
တွေထဲမှာ ဇီးကွက်မရဲ့ [...]
ရှိဘဝအတွက် အရေးပါအ[…]
ရောက်နေသူ မဟုတ်လာ[…]
ဒါတောင် မောင်နဲ့ဇီးကွ[…]
တို့ ညကဗျာတွေကို သုံး[…]
ခါလောက်ပဲ သီကုံးခဲ့ဖူး[…]
ပါ။ မောင့်ရဲ့အာရုံထဲမှာ[…]
ဇီးကွက်မဆိုတဲ့ မျက်လုံး[…]
ပြူးနဲ့ လှတပတကောင်မ[…]
တစ်ယောက်ရှိတယ်ဆိုရင် [...]
ကောင်းလွန်းလှပြီလို့ပဲ [...]
ပါတယ်လေ။

'ဟဲ့ နင် ဘာဝတ်မှာ[…]
ဇီးကွက်မ'

'အဆင်ပြေသလိုပဲ [...]'

'နင် ဟိုတစ်ခါဝတ်[…]
အနီရောင်ဂါဝန် ငါ့ကို [...]
ငှားပါလား။ ရင်ဘတ်အ[…]
ဘော်ကြယ်တွေ ထိုးထား[…]
လေ။ နင်မဝတ်ဘူးဆို[…]
ပါဟာ ငါ့မှာဝတ်စရာ [...]
မရှိတော့ဘူး။ ငွေနည်း[…]
လိုလို့ အပေါင်ဆိုင် ပို့[…]
တယ်'

'ဝတ်ချင်ယူဝတ်[…]
အဲဒီဂါဝန်ကို ငါလည်း [...]
မကြိုက်လို့ နှစ်ခါလားပဲ [...]
ဖူးသေးတာ။ ညဘက်[…]
ပြောင်ပြောင်လက်လ[…]
စိတ်မရဲလို့'

'ဒါဆို ဒီည ငါ[…]
မယ်'



www.burmeseclassic.com

www.burmeseclassic.com

'ဝတ်ပေါ့။ ဒါပေမဲ့ လျှော်ဖွပ်၊ မီးပူတိုက် ပြန်ပေးနော်'

'အေးပါဟယ်၊ အေး ဂင်...ဘာ့အကျိုး မရှိဘဲအချိန်ကုန်တာ အတ်တင်တဲ့လူနဲ့ လိုက် ဦးမယ်။ အခန့်မသင့် ကိုယ့်မှာရှိတဲ့ ငွေကလေး ပါသွားနိုင်သေးတယ်။ စ်တယ် အဟုတ်ပဲ'

ဒီးကွက်မရဲ့ ဂါဝန်အနီ ထားတဲ့ နန္ဒီတစ်ယောက် ယ်ပေါ်က မောင့်ခါး ရင်းလိုက်ပါသွားစဉ် တော့ ဒီးကွက်မလည်း ရင်းကျန်ရစ်ခဲ့ရပါ ဘာပဲဖြစ်ဖြစ် ဒီးကွက် ကန်ချင်နေတဲ့ နှလုံး သတိပြန်ပေးရပါ လေ။ မဟုတ်လို့က ခံစားသွားရမှာပေါ့။ လေ အရူးရင့်လေဖြစ် ပေါ့။ အချစ်၊ မေတ္တာ၊ ဉ် ဘာညာတွေဆို ဒီးကွက်မတို့လောကမှာ တွေ့လိုက်နာဖို့ မပြော ၊ ကြံစည်တွေးတော င်းတဲ့ အရာတွေမှ တာ။ ဒီးကွက်ပီပီ တာနဲ့ အစာရှာထွက်ရ မိုးလင်းတာနဲ့ အိပ် တက်ရမယ် မဟုတ် ဘကယ်တော့ မောင် လူသားတစ်ယောက် ဒီးကွက်မတို့လို မိန်းမ အတွက် ထိတ်လန့်၊ ကိ်ရွံ့၊ စက်ဆုပ်ဖွယ်ရာ ယောက်အဖြစ် မှတ် ရမယ်။ 'အဲဒီလူ စိတ် အောင် တတ်နိုင်သမျှ ကိုအထိုက်ကလေး နေ ရမယ်' လို့ မှတ်ထားတဲ့ အန်တီသင်းရဲ့စကားတွေကို နားမဝင်ဘဲ မိုက်မဲစွာ ပေါ်ပေါက်လာတဲ့အချစ်တစ်ခုမှာ သာယာရင်း အန်တီသင်းဆီ မောင် ရောက်လာတဲ့အခါ တိုင်း မြင်းက မလှုပ်၊ ခုံက လှုပ်လှုပ်ပြခဲ့မိတာ ဒီးကွက်မ ရဲ့အားနည်းချက်ရယ်ပါ။ အဲဒီ အားနည်းချက်ကို ဒီးကွက်မ ရဲ့အလုပ်ထဲမှာ အသုံးချဖြစ် တိုင်း လုံးဝအဆင်ပြေခဲ့ပေမဲ့ မိန်းမကိစ္စရုပ်ပွေတတ်သ လောက် တော်ရုံတန်ရုံ မိန်းမ စားတွေကို ဂရုမစိုက်တတ်တဲ့ မောင့်ရဲ့အာရုံထဲမှာတော့ ဒီး ကွက်မအဖို့ အချစ်စာမေးပွဲ အောင်ဖို့ နေနေသာသာ ဖြေ ခွင့်တောင် မရှိတဲ့ဘဝပါ။ ဘာပဲဖြစ်ဖြစ် ဒီးကွက်မ အား မလျှော့ခဲ့ပါဘူး။ အားလည်း မငယ်ခဲ့ပါဘူး။ 'အန်တီသင်း ဆီမှာ ဒီးကွက်မနဲ့နန္ဒီက အလု ဆုံး၊ တာဝန်အကျေဆုံးဆိုတာ အများသိတယ်' ဆိုပြီး မာန် တွေတက်ရင်း မောင်နဲ့ဆုံတဲ့ အခါတိုင်း မာယာမြားတွေတစ် စင်းပြီး တစ်စင်းပစ်လွှတ်ခဲ့မိ တာပါပဲ။ ဒါပေမဲ့...။

'အန်တီသင်းရေ၊ မျက် လုံးပြူးပြူးနဲ့ ခပ်ချောချော ဟို တစ်ယောက် ဒီးကွက်မလား၊ ဘာလား နည်းနည်းတော့ ပြောထားဦး။ နေရာတကာ လူပြောများနေပြီဆိုရင် ဂွိခန် ဖြစ်သွားမယ်နော်။ အခြေ အနေတွေက ကောင်းတာမဟုတ် ဘူး။ အရေးဟော့ အကြောင်း ဟော့ဆိုရင် ဘယ်သူ့ဘယ်သူ မှ မကယ်နိုင်ဘူး။ ကိုယ့်ကိုယ် ကို သိပ်ပြီးအထင်ကြီးမနေနဲ့ လို့ သတိပေးထားပါ'

မောင့်နှုတ်က ထွက် ပေါ်လာတဲ့စကားတွေဟာ ဒီး ကွက်မအတွက် အက်စစ်နဲ့ အပက်ခံရသလို ဖြစ်ရတာ သေချာပေမဲ့ မောင်ကတော့ ဒီးကွက်မနဲ့ပတ်သက်ပြီး ဒီနေ့ ပြောတဲ့စကား နောက်နေ့မှတ် မိရင် ကံကောင်းဆိုတဲ့ လူစား မျိုးပါ။ ဒီလိုနဲ့ပဲ အချိန်ကြာ လာတာနဲ့အမျှ ဘယ်လိုမှ ဖြစ်ပေါ်မလာနိုင်တဲ့ ဇာတ် လမ်းတစ်ခုကို အတင်းအဓမ္မ ဖန်တီးမနေတော့ဘဲ နှလုံးသား လိုအင်ဆန္ဒကို ဘဝပေးအသိနဲ့ သုတ်သင်သတ်ဖြတ်လိုက်ရ တဲ့ ကာလတစ်ခုမှာတော့ ဒီး ကွက်မရဲ့ ကွဲစရာမရှိတဲ့ အသည်းလည်းအမှုန့်ဖြစ်ရ ပါတယ်။ ဘာပဲဖြစ်ဖြစ် အချိန် ဆိုတာ ဘဝဒဏ်တွေကို ကုစားနိုင်တဲ့သမားတော်ဆိုတဲ့ စကားမှန်ကန်ခဲ့ပေမဲ့ ခေါင်းပုံ ဖြတ်၊ အညွန့်ခူးစားခြင်းဆိုတဲ့ အတ္တတွေအောက်မှာ ဖိနှိပ်ခံ ရပါများလာတာကြောင့် မခံ နိုင်တဲ့အဆုံးတစ်ရက်မှာတော့ အန်တီသင်းဆီက ထွက်ခွာခဲ့မိ ပါတယ်။ ဒါဟာ လက်ရှိ ဘဝကို စိတ်ကုန်လို့ အမှောင် ထဲကထွက်ပြီး အလင်းထဲပြန် ဝင်ချင်တဲ့လမ်းစဖြစ်ပေမဲ့ ဒီးကွက်မရဲ့ နောက်တော်ပါး က မျက်နှာများစွာရဲ့ ဘဝ ဒဏ်တွေက ပြောင်းလဲခြင်း ကို တွန့်ဆုတ်စေတာပါပဲလေ။ ❑

၃။

အမှောင်ထဲမှာ အုပ်စုဖွဲ့ ပျံသန်းရင်း စားကျက်လု၊ စားခွက်လုနေရတဲ့ ဘဝထက် တစ်ကိုယ်တော် ပျံသန်းရာ ဖွေရတဲ့ဘဝက ဘယ်လောက် အထိ လွတ်လပ်စိတ်ချမ်းသာ သလဲဆိုတာ အန်တီသင်းဆီ က ထွက်လာပြီး တစ်လ အတွင်းမှာပဲ သိခဲ့ရတာမျိုး ပါ။ ဒါပေမဲ့ ကျီးလန့်စာစား ဘဝပါပဲလေ။ စက်ဆုပ်ဖွယ် ကောင်းတဲ့ ညဉ့်နက်နက်တွေ မှာ ဘဝနဲ့ခန္ဓာကို ဖြန့်ခင်း ရောင်းချနေရတဲ့ကံအကျိုးပေး ကို စိတ်ကုန်လာပေမဲ့ ရှောင် လွှဲလို့မရတဲ့အကြောင်းတရား များစွာက ဒီးကွက်မရဲ့နောက် မှာ တန်းစီစောင့်ဆိုင်းနေဆဲ မဟုတ်လား။

တစ်ကိုယ်တော် ပျံသန်း နေရတဲ့ညတွေမှာ ဆိုင်ကယ် သံ တဘုတ်ဘုတ်ကြားတိုင်း ရင်တုန်ရသလို စလင်းဘက် အိတ်ထဲမှာ စိတ်ချလက်ချ နေ ထိုင်ကြရတဲ့ ခြင်္သေ့ငါး ကောင်လောက်ဟာလည်း ဆိုင်ကယ်လိုက်စီးသွားရတဲ့ အဖြစ်တွေ အများကြီးပါ။ ဒီလိုပါပဲလေ။ ဒီးကွက်မတို့ အနေနဲ့ ပူလောင်တဲ့ကန္တာရထဲ မှာ ဆက်လျှောက်ချင်တယ် ဆိုရင် အပူဒဏ်သက်သာစေ ဖို့ ရေလောင်းသင့် လောင်း ကြရတာပဲ မဟုတ်လား။ သူ့ အကျိုးကိုယ့်အကျိုး၊ သူ့သစ္စာ ကိုယ့်သစ္စာပေါ့လေ။ ဒီလိုနဲ့ပဲ အန်တီသင်းဆီက ထွက်လာ ပြီး နှစ်လပြည့်သွားတဲ့တစ်ည မှာတော့...။

'ဘုတ်...ဘုတ်... ဘုတ်...ဘုတ်...ကျွီ'

'အောင်မလေး'

'ကဲ၊ ဆိုင်ကယ်ပေါ် တက်'

'ရှင်'

'ရှင်မနေနဲ့၊ နင့်ကို ငါ ကြည့်ကြည့်နေတာကြာပြီ။ တက်ဆိုတက်'

'မောင်၊ အဲ...အစ်ကို မောင်မောင်နိုင် ဒီးကွက်မ လေ မမှတ်မိဘူးလား၊ ဟို



www.burmeseclassic.com

www.burmeseclassic.com

အန်တီသင်းဆီမှာ နေခဲ့တဲ့…'

'ဟင်…'

'အစ်ကိုမောင်တို့က တော့ လုပ်ပြီ။ ဒီလူနဲ့ ဒီလူ ဒီလိုဖြစ်စရာလားလို့'

ဇီးကွက်မရဲ့ ခပ်ရှင်ရှင် စကားကြောင့် ညမီးရောင် မှုန်ဝါးဝါးအောက်က ခပ်လှလှမျက်နှာတစ်ခုကို မောင့်ဘက်က မှတ်မိသွားခဲ့ပြီ။

'သြော်၊ မျက်လုံးပြူးပြူးနဲ့ ဟိုတစ်ယောက်ပဲ။ ဘယ်လိုလဲ တစ်ကိုယ်တော်ကြီး နေတယ်ဆို။အဆင်ပြေရဲ့လား'

'ဒီလိုပါပဲ အစ်ကိုမောင်ရယ်။ ပြေတစ်လှည့် မပြေတစ်လှည့်ပေါ့'

'အဲဒါက နင့်ကိစ္စလေ။ ကဲ…ကဲ ငါ့အတွက်လုပ်ဦး'

'ရှော့…ရှော့ပါ အစ်ကိုမောင်။ ဒီညအစ်ကိုဘယ်သွားစရာ ရှိသေးလဲ မရှိရင်…'

'တော်စမ်း။ ငါ၀တ်ထားတဲ့အ၀တ်အစားတွေကိုလည်း ကြည့်ဦး။ နောက်ကြုံမှပဲ ဟား…ဟား…ဟား…ဟား…သွားပြီ။ သိပ်အတင့်မရဲနဲ့နော်။ သတိထားပေါ့'

ညဦးပိုင်းကမှ ရထားတဲ့ ဆင်ဖြူတော်လေးနှစ်ကောင်ထဲကတစ်ကောင် ဆိုင်ကယ်စီးသွားတာကို ကြည့်ရင်း ဇီးကွက်မ မျက်ရည်ကျရပါတယ်လေ။ ဒါဟာ ငွေကိုနှမြောလို့ကျတဲ့ မျက်ရည်သက်သက်မဟုတ်ဘူးဆိုတာ နှလုံးသားက အလိုလို သိနေသလို နှစ်လလောက်ဝေးကွာနေရတဲ့ အချစ်မျက်နှာတစ်ခုကို ဒီညမှပြန်တွေ့ရပြီး ဒီညမှာပဲ စိမ်းကားရက်စက်မှုများစွာနဲ့ အနိုင်ပိုင်းသွားခဲ့တာ

မောင်သာ
သိမ်းပိုက်မယ်
ဆိုရင်
လှောင်အိမ်ထဲမှာပဲ
ထားထား
သံကွန်ချာ
ခုနစ်ထပ်နဲ့ပဲ
အုပ်အုပ်
မောင်သာ
စေမယ်ဆိုရင်
သေဆိုသေ
ရှင်ဆိုရှင်
အိမ်ဦးနတ်သခင်ရဲ့
အမိန့်တော်
အောက်မှာ
ပြားပြားမှောက်
လိမ္မာချင်သူပါ
မောင်

ကြောင့် ကျတဲ့မျက်ရည်ပဲ ဖြစ်မှာပါ။ ဇီးကွက်မရဲ့ရင်ထဲမှာတော့…။

'သန့်စင်တဲ့ မေတ္တာတစ်ခုဟာ ဇီးကွက်မရဲ့နှလုံးသားထဲမှာ မရှိနိုင်ဘူးလို့ ယူဆထားသလား မောင်။ လုပ်ချင်တာနဲ့ လုပ်ပိုင်ခွင့်ကို တွဲစပ်အသုံးချရင်း အမှောင်မှာ ဆုံတွေ့နေရသူချင်း အတူတူ ဖေးကူစာနာနိုင်မယ့် အတွေးတစ်စတလေတောင် မောင့်မှာ ရှိမနေဘူးလား မောင်။ ဇီးကွက်မလေ မောင်နဲ့သာ ဘ၀ခရီးကြမ်းကို အတူလျှောက်ရမယ်ဆိုရင် ရွာက မိသားစုဝင်တွေရဲ့ မျက်နှာကိုလည်း ကြည့်မနေနိုင်ဘူး မောင်။ မောင်သာ သိမ်းပိုက်မယ်ဆိုရင် လှောင်အိမ်ထဲမှာပဲ ထားထား၊ သံကွန်ချာခုနစ်ထပ်နဲ့ပဲ အုပ်အုပ်။ မောင်သာ စေမယ်ဆိုရင် သေဆိုသေ၊ ရှင်ဆိုရှင် အိမ်ဦးနတ်သခင်ရဲ့ အမိန့်တော်အောက်မှာ ပြားပြားမှောက်လိမ္မာချင်သူပါမောင်။ ဘာပဲဖြစ်ဖြစ် မောင်ရယ်၊ အညွန့်ချိုးစားနေတဲ့ မောင့်ရဲ့စိတ်၊ မောင့်ရဲ့အမူအကျင့်တွေ ဘယ်လောက်ဆိုးဆိုး မောင်နဲ့သာဆိုရင် ဇီးကွက်မလေ ငရဲပြည် အထိလိုက်ပံ့သူပါမောင်'

❑

၄။

မောင် လိုအပ်တဲ့ သားရဲတချို့ကို မောင်နဲ့ဆုံတိုင်း မကြာမကြာပဏ္ဏာဆက်ရင်း သုံးလလောက်ကြာသွားတဲ့ တစ်ညမှာတော့ တညင်းကုန်းဈေးဘက်ကနေပြီး ဟန်ကျပန်ကျ လျှောက်လာတဲ့ ဇီးကွက်မရဲ့ခြေလှမ်းတစ်စုံဟာ ၁၄ လမ်းဆုံအရောက်မှာပဲ ခြေကုန်လက်ပန်းကျနေခဲ့ပါပြီ။ ဒါပေမဲ့ ဇီးကွက်မ မညောင်းသေးပါဘူး။ မညောင်းသေးတာထက် မညောင်းအားသေးတာ၊ ညောင်းလို့မဖြစ်သေးတာပါ။ အိမ်လခ ပေးရတော့မယ်။ ရွာက မိသားစုအတွက်။ ပြီးတော့ မောင့်အတွက်…။

ဘာပဲဖြစ်ဖြစ် ပြည်တည်တည်၊ ရိသဲ့သဲ့စကားတွေနဲ့ ပါးစပ်သရမ်းနေကြတဲ့ လိုင်စင်မဲ့ ဆိုင်ကယ်ကယ်ရီသမားတချို့ကို စကားရောဖောရော လုပ်ရသလို မှုန်ဝါးဝါးဓာတ်တိုင် အောက်က ဖုန်ကပ်၊ အေးစက်နေပြီဖြစ်တဲ့ ပေါ့ပြက်ပြက်၊ စပ်တပ်တပ်၊ ချဉ်တင်တင် နှစ်ရာတန်ကြာဆံသုပ်တစ်ပွဲကို ရေတစ်ခွက်

နဲ့ မျှောချရသေး…
အဲဒီနောက်မှာတော့ …
ဘက်အိတ်ထဲက …
ကို မျက်နှာအနှံ့ …
နှုတ်ခမ်းနီ ထပ်ဆိုး…
ညကိုးနာရီခွဲမှပဲ ဇီး…
စိတ်ချမ်းသာရပါတယ်…
ချမ်းသာဆို ဇီးကွက်မ…
တယ်'တဲ့။ သူ ပြော…
သူနဲ့ ဇီးကွက်မ တစ်…
မဆုံဖူးပါဘူး။ ရုပ်ခံ…
အာပလာ၊ ကာချ…
လို ကြည့်ပျော်ရှုပျော်…
တောင် မရှိတဲ့ ကြွက်…
သာ ရုပ်ပါ။ ဘာပဲပြော…
ခြသေ့ဆယ်ကောင်မျက်…
ငြိမ်းချမ်းမယ်လို့ ယူ…
နေရာတစ်ခုမှာ ညက…
သီကုံးရင်း အိပ်ပျော်…
တာပါပဲ။

'ဟုတ်တယ်…
နာမည် အဲဒီပုံစံအ…
အခန်းတံခါးခေါက်ပြီး…
ထုတ်ပေးပါ မန်နေဂျာ…

'ဟော့…ဟော့…
စမ်း၊ ထကြ။ မီးပါ…

'ဒုန်းဒုန်း၊ ဒုန်း…

အိပ်မက်လိုလို …
လိုလိုဖြစ်နေတဲ့ အကြ…
တစ်ခုဟာ တံခါးခေါ…
အတူ ဖျတ်ခနဲလင်းသွ…
မီးရောင်အောက်မှာ …
ယန္တရားနဲ့ ပြန်လည်…
သွားခဲ့ပြီး မထချင် ထ…
နဲ့ ထလိုက်ရတဲ့ ဇီး…
မလေ၊ အခန်းဝမှာ ရပ်…
မောင့်မျက်နှာကို မြင်…
တဲ့အခါမှာတော့ အိပ်…
တူးကြီးနဲ့တောင် ဝမ်း…
ဆို့သွားရပါတယ်။ ဒါ…
မောင့်လက်ထဲမှာ ကိုင်…
တဲ့စာရွက်တချို့ကို …
ရတဲ့အခါမှာတော့ ဇီး…



www.burmeseclassic.com

www.burmeseclassic.com

... ကမ္ဘာပျက်သွားရ ...

... ကစက်လိုက်တာ ... ဘယ်လိုမှ အဆင် ... တစ်ခါနှစ်ခါလေး ... ကမိတာကို အငြိုးဖွဲ့ ... လား မောင်။ ဒါ ... လား မောင်။ ဒါ ... မဟုတ်ဘူး မဟုတ် ... မောင်။ မောင့်လက်ထဲ ... တွေဟာ အရေးမပါ ... စုတ်တွေပါနေ ... ဒီးကွက်မကို နည်း ... လေးတောင် မစာနာ ... ခဲ့ဘူးလားမောင်။ မာ ... မျက်နှာပေါက်ကြီး ... လို့ စိုက်ကြည့်နေရ ... မောင်။ ဒီးကွက် ... အဆင်ပြေတယ်ဆိုရင် ... သမျှ ပေးဆပ်ခဲ့တာ ... သူတစ်ပါးဥစ္စာကို ... အကျိုးတရားအတွက် ... ယူထားရင် သူတစ် ... ပေါ် သစ္စာရှိရမယ် ... လား မောင်။ ကြွက် ... နှာနဲ့လူက မောင့် ... သားတဲ့လား မောင်။

ဘာပဲဖြစ်ဖြစ် မောင့် ... ထဲမှာ ရှိနေတဲ့ ခြသေ့် ... ကောင်ရဲ့အရိပ်တွေဟာ ... မ ဘယ်သောအခါမှ ... ချင်တဲ့နေရာတစ်ခုကို ... ပေးတော့မယ်ဆိုတာ ... အလိုလိုသိရင်း ပါးပြင် ... တလိမ့်လိမ့်ကျဆင်း ... မျက်ရည်တွေနဲ့အတူ ... မလေ...။

...

သစ္စာ အရောင်မည်း ... ထဲမှာ...။

... ဒီမှာရှိကြတဲ့ လူသား ... လုံး အိပ်မောကျနေ ... ဒီးကွက်မတို့ အိပ်မ ... ပျော်သေးဘူး မောင်။ အေး စက်တိတ်ဆိတ်နေတဲ့ညဟာ နှားရွက်အနားမှာ တဝီဝီတစီ စီနဲ့ ကပ်အော်နေတဲ့ခြင်တွေရဲ့ အသံကြောင့်အကြားအာရုံကို အနှောင့်အယှက်ဖြစ်စေတာ အမှန်ပါ မောင်။

အသွေးတချို့ကို တစစ် စစ်ကိုက်ခဲစုပ်ယူနေကြတဲ့ ကြမ်းပိုးတချို့ကို အတင်းပဲ ဖမ်းယူ၊ ပွတ်ခြေသတ်ပစ် ကြည့်တဲ့အခါ အတော်လေး ကိုလျှင်မြန်ပါးနပ်လွန်းတဲ့ သတ္တဝါကကြမ်းကြားထဲ ပြေးပုန်းရင်း သူမဟုတ်သလို လုပ်နေတယ်မောင်။ အခွင့် သာပြီဆိုတာနဲ့ ကြမ်းကြားထဲ က ပြန်ထွက်ပြီး အသွေးကို စုပ်ယူပြန်ရော။ ကြမ်းပိုးနဲ့ မောင် သိပ်မကွာဘူးလို့ထင် တယ်နော် မောင်။ ဘာပဲဖြစ် ဖြစ် မောင်ရယ် ကပ်ပါး ကောင်ဆိုတာ အမှီသဟဲပြုရ တဲ့သတ္တဝါတွေ အသက်ရှင် နေသရွေ့တစ်ကောင်သေတစ် ကောင်ဆီပြောင်းရင်း သူ့ဘဝ အဆင်ပြေရတာမျိုးပဲ မဟုတ် လားမောင်။ ဒီရောက်မှ ဒီး ကွက်မနဲ့ ပြန်လည်ဆုံတွေ့ကြ ရတဲ့ အန်တီသင်းနဲ့ နန္ဒီက တော့ ပါးပြင်ပေါ်က မျက် ရည်စတွေမခြောက်ခင်မှာဘဲ အိပ်ပျော်နေကြပြီ မောင်။

'ဒေါင်ဒေါင်...ဒေါင် ဒေါင်...ဒေါင်ဒေါင်...'

သံချောင်းခေါက်သံ ၁၂ ချက်တိတိ ကြားရတဲ့အထိ အမှောင်ထဲက အရောင်မည်း နေတဲ့ သစ္စာတစ်ခုကို ဖြူစင် လာမလားလေရယ်လို့ ကြံဖန် မျှော်ကိုးရင်း ဒီးကွက်မ အိပ် မပျော်သေးဘူး မောင်။ ■

**ထွန်းတောက်ထွဋ်၊သချာ၊**


ပဲ့တင်သံ ဂျာနယ်
Pae Tin Tharn Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်

ဘယ်လိုမူနဲ့လဲ

မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊ဈေးသည်အသံ၊
အနုပညာသည်အသံ၊ မြန်မာတစ်လွှားက
နိုင်ငံသားအသံ၊ ကမ္ဘာတစ်လွှားက
မြန်မာများအသံ။

ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

**'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊**
**'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊**
**'သမဂ္ဂသတင်း'၊ 'သတင်းလူသား'**
**'သတင်းဝတ္ထု'...**
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



# America ကလာတဲ့ စာတစ်စောင် (၂)

## မောင်သာရ

အစဉ်လိုက်ပြောရရင် ပထမဦးဆုံး ၁၉၈၉ ခုနှစ် ဇူလိုင်လတရက်မှာ စာပေစိစစ်ရေးရုံး ညွှန်ကြားရေးမှူးက ခေါ်တွေ့ပြီး ကျုပ်ရဲ့ကိုယ်ပိုင် လစဉ်ပုံမှန် ပုံနှိပ်ထုတ်ဝေနေတဲ့ 'သာရ' မဂ္ဂဇင်းကို ဆက်မထုတ်တော့ဖို့ နှုတ်မိန့်နဲ့ ပိတ်လိုက် သက်သေအထောက်အထား မကျန်ရစ်ခဲ့ရလေအောင် စနစ်တကျ ရုံးလုပ်ထုံးလုပ်နည်းအတိုင်း အဖြူပေါ်အမဲတင် လက်နှိပ်စက်ရိုက် အကြောင်းမကြားတာဟာ အစကတည်းက မရိုးမသားလုပ်တော့မယ်လို့ ရည်ရွယ်တဲ့ လူလိမ်လူည အကျင့်ပဲမဟုတ်လား။ နောက်ပိုင်းလဲ ကျုပ်ရေးသမျှ စာမူတွေကို ဘယ်စာနယ်ဇင်းမှာမှ ပုံနှိပ်ဖော်ပြခွင့်မပြုတော့ပါဘူး။ တချို့က မောင်သာရရဲ့စာတွေကို ပိတ်တယ်ဆိုတာ ဟုတ်မဟုတ် သေချာချင်လို့ သွားမေးမြန်း စုံစမ်းတော့လဲ မပိတ် 'မှူ'နဲ့မလွတ်ရင်သာ ပယ်တာပါလို့ ဝိနည်းလွတ် ငြင်းလိုက်တာပဲ။ တချို့က သူတို့စကားကိုယူပြီး ကျုပ်ရေးပေးတာကို ဖော်ပြလိုက်တော့လဲ စာအုပ်ဖြစ်ပြီးခါမှ ဆုတ်ရ ဖြုတ်ထုတ်ပစ်ရတယ်။ ပျက်စီးကုန်၊ ငွေကုန်၊ ထွက်ရက်နောက်ကျနဲ့ နစ် ဒုက္ခရောက်ကုန်ကြရတာပေါ့။ ကျုပ်ရေးတဲ့စာကို မဖော်ပြရဲအောင် အယ်ဒီတာတွေ၊ ထုတ်ဝေသူတွေကို သင်ခန်းစာပေး သဘောပေါ့။ ဒါတွင်လားဆိုတော့ ကျုပ်အပေါ် ကျင့်သုံးနေတဲ့ ဖြတ် ၄ ဖြတ် စနစ်က မဆုံးသေးဘူး။ ကျုပ် ရေးပြီး ထုတ်ဝေပြီးခဲ့သမျှ အစိုးရက ပေးခဲ့တဲ့ အမျိုးသားစာပေဆု **မတ်တတ်ရပ်လို့ လမ်းမှာငို** ဝတ္ထုအပါအဝင် လုံးချင်းဝတ္ထု

www.burmeseclassic.com

www.burmeseclassic.com

...သည်ပုံနှိပ်ထုတ်ဝေခွင့် မပြုဘူး။ ပြီး ကျုပ်ဝင်ငွေရရာရကြောင်း၊ ကျုပ်ရဲ့ဝတ္ထုတွေ ...ရုပ်ရှင်ဗီဒီယိုရိုက်ဖို့ဝယ်ပြီး တင်ကြပြန်တော့လဲ 'ပြန်ကြားရေးဝန်ကြီးဌာန၊ ...လမ်းစိစစ်ရေးအဖွဲ့'က ပယ်ချလိုက်ပြန်တာပဲ။ နောက်ဆုံးပြောရရင် ကျုပ်ရဲ့ ...အုပ်ဟောင်းတွေကိုတောင် လမ်းဘေးမှာ ချရောင်းနေတာကိုတွေ့ရင် သိမ်း ...၊ နောက်ဆုံးတကာ့ နောက်ဆုံးကတော့ ဝိုင်းမော်ကနေ မြစ်ကြီးနားကိုလာတဲ့ ...ကလေး နှစ်ယောက်ကို မသင်္ကာဘူးလို့ဆို ရှာဖွေပြီး၊ တယောက်ရဲ့ကျောပိုး ...ထဲမှာ ကျုပ်ရဲ့ **'ကျဉ်တုတ်ခံဝံ့ မခံဝံ့'** စာအုပ်ကိုတွေ့ရတဲ့အတွက် မဆီမဆိုင် ...၇ နှစ်စီ ချလိုက်သတဲ့။ ကျုပ် မသိပါဘူး။ သတင်းစာတွေထဲမှာလဲ ဒီသတင်း ...မပါပါဘူး။ ဒါပေမယ့် အဲသည်တုန်းက ထောက်လှမ်းရေး ၆ မှာ တာဝန်ကျနေ ...ဒိလ်မှူးတယောက်(နာမည်မသိ)က ကျုပ်ကို လာသတင်းပေးပြီး ပြည်တွင်းမှာ ...နေဖို့ အရှောင်တိမ်းခိုင်းတော့တာပဲ။ ဆက်နေရင် အဖမ်းခံရမယ်ဆိုတဲ့ ...တာပဲ။ အမှန်တော့ စစ်ထောက်လှမ်းရေးကလဲ ကျုပ်ကို ထောင်ထဲထည့်ဖို့ အကွက် ...ချောင်းနေတယ်ဆိုတာ ကျုပ် ရိပ်မိပါတယ်။ ဗိုလ်ခင်ညွန့်ကိုယ်တိုင်က သူ့ရဲ့သောကြာ ...သတင်းစာ ရှင်းလင်းပွဲတွေမှာ နာမည်မဖော်ရုံတမယ် စောင်းပါးရိပ်ခြေ ကြိမ်း ...မောင်းစွပ်စွဲနေတာပဲ။ ကျုပ်တို့ နိုင်ငံကျော်စာရေး ဆရာကြီး နှစ်ယောက်က မြေအောက် ...ညီကွန်မြူနစ်ပါတီနဲ့ အဆက်အသွယ်ရှိသတဲ့။ ဗကပ ဗဟိုကော်မတီ အတွင်း ...ရေး သခင်ဗသိန်းတင်က ကျုပ်တို့နှစ်ယောက်ကို ပေးလိုက်တဲ့ ဝေဖန်စာ မိထား ...၊ အကြီးအကျယ် လှုပ်ရှားနေဆဲဖြစ်တဲ့ ၈၈၈၈ ဒီမိုကရေစီ တော်လှန်ရေးမှာ ...သူလူထုနဲ့အတူ မပါဝင် မပူးပေါင်းတာဟာ 'မှားတယ်' လို့ စာထဲမှာ ဝေဖန် ...သတဲ့။ လံကြုတ် ဇာတ်လမ်းနေမှာပါ။ ကျုပ်တို့က မြေအောက်နဲ့ရော ဗကပနဲ့ပါ ... အဆက်အသွယ် မရှိတာ ကျုပ်တို့ပဲ သိတယ်။ စစ်အစိုးရခေတ်တလျှောက်လုံး ...တို့က ကျုပ်တို့ကလောင်နဲ့ ဆန့်ကျင်တိုက်ခိုက်နေကြတာကို ရန်ငြိုးထားပြီး ...သက်မဲ့ အကွက်ဆင်နေတာကို ကျုပ်တို့ရိပ်မိတယ်။ ကျုပ်တို့ရဲ့ ယုံကြည်ချက်က ...တို့က ပြည်သူ့ဘက်က စာရေးဆရာ စာပေသမားသာဖြစ်တယ် နိုင်ငံရေးသမား ...ဘူး ဆိုတာပဲ။ သည်အတိုင်းပဲ ကြွေးကြော် နေထိုင်ခဲ့တယ်။ အခု 'အမျိုးသား ...ရေစီ အဖွဲ့ချုပ်'က ကိုဝင်းတင်တို့ ကိုအုန်းကြိုင်တို့ ကောင်းကောင်းသိပါတယ်။ ...ကာ ကျုပ်တို့ကိုဖမ်းဆီး ထောင်ထဲထည့်ထားဖို့ကလဲ မဖြစ်ဘူး။ သည်လို ...နဲ့မရတော့ အချိုပြန်သပ်ပါတယ်။ ကျုပ်တို့ကို ကျုပ်တို့လက်ခံနိုင်လောက်တဲ့ ...နဲ့လဲ ပတ်သက်တဲ့ သို့မဟုတ် လူမှုရေးနဲ့ပတ်သက်တဲ့ လူထုအဖွဲ့အစည်း Mass ...zation တွေ ဖန်တီးပြီး ရာထူးတွေ အခွင့်အရေးတွေ ပေးလာတယ်။ ကျုပ် ...တော့ လက်မခံခဲ့ဘူး။ ကျုပ် သူတို့ကို မယုံဘူး။ သုမနကျောမှာ ဒဏ်ရာတွေ ...ကျုပ် မမေ့ဘူး။ အဲသည်တော့ ကျုပ်ကို တိုင်းပြည်က နှင်ထုတ်တယ်။ ထွက်လာ ...ယ်။ ကျုပ် ပြည်ပ ထိုင်းနိုင်ငံ နယ်စပ် ရောက်ရောက်ချင်းပဲ လူ့ဘောင်သစ် ...က နွေးထွေးစွာကြိုဆိုတယ်။ ကျုပ်ရဲ့ဆန္ဒအရ ဘန်ကောက်မြို့က 'ခေတ်ပြိုင် ...င်းစာတိုက်ကို တာဝန်ယူလိုက်ပို့ကြတယ်။ ဘန်ကောက်မှာ နိုင်ငံတကာက ...င်း media တွေနဲ့တွေ့တယ်။ အဲသည်မှာလဲ ကျုပ်က I am a writer... not a ...an...လို့ ကျေညာတာပဲ။ ကျုပ် လွတ်လပ်စွာ ပြောဆိုရေးသားချင်လို့ ထွက်လာ ...ါလို့ အမှန်အတိုင်း ပြောခဲ့တယ်။ သိတယ်နော်။ Media တွေအားလုံးက ...ter in exile တို့ Exile Writer တို့ ခေါင်းစဉ်တပ်ဖော်ပြကြတာပဲ။

အခုဆိုရင် ကျုပ် ပြည်ပရောက်နေခဲ့တာ နှစ်ပေါင်း ၂၅ နှစ် ရှိပြီ။ သိတယ်နော်။ ... နိုင်ငံ Washington D.C. အခြေပြု 'လွတ်လပ်တဲ့အာရှအသံ' R.F.A မှာ ...တကြိမ် အသံလွှင့်ခဲ့တယ်။ ဒါပေမယ့် ကျုပ်ရဲ့ ကျန်းမာရေး အခြေအနေကြောင့် ...လိုက်ပြီ။ စာပေဘက်ကိုပဲ ပြန်အာရုံပြုတော့တယ်။ အတိုအထွာကလေးတွေ

အမှန်တော့
စစ်ထောက်လှမ်းရေး
ကလဲ
ကျုပ်ကို
ထောင်ထဲထည့်ဖို့
အကွက်ချောင်းနေတယ်
ဆိုတာ
ကျုပ် ရိပ်မိပါတယ်
ဗိုလ်ခင်ညွန့်
ကိုယ်တိုင်က
သူ့ရဲ့
သောကြာပတ်
သတင်းစာ
ရှင်းလင်းပွဲတွေမှာ
နာမည်မဖော်ရုံတမယ်
စောင်းပါးရိပ်ခြေ
ကြိမ်းမောင်းစွပ်စွဲ
နေတာပဲ

www.burmeseclassic.com

ရေးဖြစ်သမျှကို ကိုဝင်းငြိမ်းဆီ ပို့ပေးတယ်။ သူကလဲ ကျုပ်စာအုပ်(ဝတ္ထုတို ၄ ပုဒ်ပါစာအုပ်) ထုတ်ဖို့ ထုတ်ဝေသူ ရှာပေးတယ်။ ဗမာ ထုတ်ဝေသူတချို့က 'မူပိုင်ခွင့်'ကို မလေးစားပဲ ခိုးဝှက်ပုံနှိပ်ထုတ်ဝေကြတယ်လို့ ကြားရတယ်။ သည်ဝတ္ထုတို ပေါင်းချုပ် စာအုပ်ပါးကလေးကတော့ ကိုဝင်းငြိမ်းရဲ့ ပြောဆိုမိတ်ဆက်ပေးမှုကြောင့် စာမူခအပြည့်အဝ ငွေတထောင်ရခဲ့တယ်။ ဒါပေမယ့် ကြားရတဲ့သတင်းကြောင့် စိတ်မကောင်းဖြစ်ရတယ်။ စာအုပ်က သိပ်မရောင်းရဘူးတဲ့။ ရှုံးရှာမှာပဲ။ ကျုပ် ကလောင်သက်တလျှောက်လုံးမှာ Best Seller ဖြစ်ခဲ့တာ အခုတော့ စစ်အစိုးရက ကျုပ်နာမည်ကို ဖြတ်၄ ဖြတ်နည်းနဲ့ သတ်ပစ်ခဲ့တာ သူအနိုင်ရသွားပြီလို့ပဲ မချိတင်ကဲ ပြောရတော့မှာပေါ့။ ပြီးတော့ ပြည်တွင်းမှာ ကျင်းပပြုလုပ်တဲ့ စာပေနှီးနှောဖလှယ်ပွဲလား၊ စာတမ်းဖတ်ပွဲလား၊ အစည်းအဝေးလား မသိ။ ကျုပ် ကြားလိုက်ရတယ်။ ဗမာပြည်မှာ ရသစာပေ အဆင့်အတန်းက နိမ့်ကျသွားတယ်ဆိုပဲ။ စာပေပညာရှင်တွေ မဂ္ဂဇင်းအယ်ဒီတာကြီးတွေက သုံးသပ်ပြသသွားကြတာပဲ။ အကြောင်းပြကြတာကတော့ တခြားဖျော်ဖြေရေးကဏ္ဍတွေက များပြားလွှမ်းမိုးလာလို့တဲ့။

ကျုပ်အမြင်ကတော့ အဲသည် အကြောင်းပြချက် တချက်တည်းကြောင့်ချည့်တော့ ဟုတ်မယ် မထင်ဘူး။ ပြီးခဲ့တဲ့ စစ်အစိုးရတွေက စာပေရေစီးကြောင်း ပြောင်းပစ်ခဲ့တာကြောင့်ကော မဖြစ်နိုင်ဘူးလား။ နဝတ၊ နအဖခေတ်က Art for art sake အနုပညာသည် အနုပညာအတွက်'သူစာရေးတာ ဘယ်သူ့ အတွက်မှ မဟုတ်ဘူး'ဆိုတဲ့ ကြွေးကြော်သံတောင် အလံထူလာခဲ့သေးတာပဲ။ အခု မြန်မာရသစာပေ ရေစီးကြောင်းက အဲသည်ချောင်းအတိုင်း စီးဆင်းနေတာဖြစ်မှာပေါ့။ ပြောရရင် ကိုရီးယားရုပ်ရှင်တွေက လွှမ်းမိုးနေတယ်ဆိုတာ မှန်တယ်။ ဘာ့ကြောင့် လွှမ်းမိုးနိုင်ရတာလဲ။ ကျုပ်တို့ ဗမာ့ရုပ်ရှင်က အရည်အချင်းရော အရည်အတွက်ပါ နေမှာပေါ့။ သိတယ်နော်။ လူဆိုတာ ညံ့တာကို မကြိုက်ဘူး။ ကောင်းတာကို ကြိုက်တယ်။ ရသစာပေပဲ ဖြစ်ဖြစ်၊ ရုပ်ရှင်ဗီဒီယိုပဲဖြစ်ဖြစ် ကိုယ့်ကိုကြိုက်စေချင် ကိုယ့်ဘက်က သာအောင် ကောင်းအောင် လုပ်ဖို့ပဲလိုတယ်။ တည်းဖြတ် နေတဲ့ အယ်ဒီတာတွေကလဲ ကိုယ့်တံခါးကိုယ်လုံအောင် လုပ်ကြရလိမ့်မယ်။ ရသ အဆင့်အတန်း မရှိရင် မသုံးနဲ့ပေါ့။ ပယ်ပေါ့။ အဆင့်အတန်းရှိမှ မြင့်မှ သုံး ကျုပ်တို့ စာရေးခါစက ဗမာပြည်မှာ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက် ၄ စောင်ပဲ ရှိတယ်။ ပရိသတ်အကြိုက်ဆုံးနဲ့ စောင်ရေအများဆုံး ထုတ်ရ မြဝတီဖြစ်တယ်။ စာပေသမားတွေ အကြိုက်ဆုံးနဲ့ ရသအဆင့်အတန်း အမြင့် ရှုမဝဖြစ်တယ်။ မြဝတီနဲ့ ရှုမဝက သူ့မူနဲ့သူ အကောင်းပြိုင်ကြတယ်။ အတွက်'မာတိကာ'ပြိုင်ကြတယ်။ ပရိသတ်ကြိုက် နာမည်ကြီး စာရေး ဆောင်းပါးရေး ဆရာအင်အား ပြိုင်ကြတယ်။ အယ်ဒီတာ အချင်းချင်း ညနေမှာ တဆိုင်ဆိုင်မှာ ဆုံကြပျော်ကြတယ်။ ကျုပ်မှတ်မိသလောက် တခါက စာမျက်နှာအရေအတွက်(အထူ)ပါ ပြိုင်ကြတယ်။ စာမျက်နှာ ၃၆၀ ရှိကြတယ်။ ဝါရင့်စာရေးဆရာကြီးတွေနဲ့ ကိုယ့်မဂ္ဂဇင်းမှာပဲရေးတဲ့ စာရေး ကို မဂ္ဂဇင်းထွက်တဲ့ ရက်မှာပဲ အိမ်တိုင်ယာရောက် မေတ္တာလက်ဆောင်စာအုပ် လိုက်ပို့တယ်။ စာမျက်နှာအနည်းဆုံး ၃၀ ရှိရမယ်လို့ သတ်မှတ်တဲ့ မဂ္ဂဇင်း တွေ ၃ ပုဒ်အပြိုင်ထည့်ကြတယ်။ အရှုံးအမြတ်'စီးပွားရေး'ထက် ကိုယ့်ပရိတ်သ ကိုယ်ထားတဲ့ 'စာပေစေတနာ'အပေါ်တည်ပြီး ထုတ်ဝေကြတယ်။ အဲသည်အ ဂုဏ်ယူကြတယ်။ ပြီးတော့ တနေ့မှာ မြန်မာ့စာအုပ်စင်အတွက် ဂုဏ်ကျ ရှိစေမယ့် စာမူကြီးတွေကို နှစ်ရှည်လများ အခန်းဆက်အဖြစ် ဂုဏ်ယူစွာ တယ်။ သည်ကနေ့ ဂန္ထဝင်စာပေအဖြစ် ဂုဏ်တင့်နေတဲ့ ဆရာသိန်းဖေမြင့်ရဲ့ '**နေဝန်းထွက်သည့်ပမာ**'တို့လို ဆရာသခင်တင်မြရဲ့ '**ဘုံဘဝမှာဖြင့်**'တို့လို အယ်ဒီတာတွေက သည်ပုဂ္ဂိုလ်ကြီးတွေရဲ့ခေါင်းထဲက အဆီအနှစ်တွေကို စိတ်ရှည်စွာ နို့ညှစ်သလို ညှစ်ယူခဲ့ကြတာကို ပြောပါတယ်။ အယ်ဒီတာကောင်း အဲသည်လို လုပ်တတ်ဖို့လဲ လိုပါလိမ့်မယ်။ စီးပွားရေးထုတ်ဝေသူနဲ့အပြိုင် စာစောင် မဂ္ဂဇင်းကလဲ ဆူဖြိုးဖို့ လိုပါလိမ့်မယ်။ ခြုံပြီးပြောရရင်တော့ ရသ ဖွံ့ဖြိုးဖို့ အဆင့်အတန်းမြင့်ဖို့ဆိုတာ ရောက်လာသမျှ စာမူတွေကို ရွေးချယ်ပုံနှိပ် ပေးတဲ့ တံခါးမှူး door men စာတည်းတွေအပေါ်မှာ ရာခိုင်နှုန်း အတော် တည်ပါလိမ့်မယ်။

ဒါကတော့ မြန်မာ ရသစာပေ အဆင့်အတန်း နိမ့်ကျရတ်လျော့နေတယ် သုံးသပ်ချက်အပေါ်မှာ 'ဝေဖန်ရေးနဲ့ ကိုယ့်ကိုယ်ကိုဝေဖန်ရေး'သဘောတ သတိထားကြဖို့သာ ပြောတာပါ။ ကျုပ်ကိုတော့ 'သူတို့ခေတ်နဲ့ သည်ကနေ့ ဘာဆိုင်တော့လို့လဲ'လို့ အလွယ်တကူ မပုတ်ခတ်စေချင်ပါဘူး။ တခြားဖျော် ကဏ္ဍတွေကို လက်ညှိုးထိုးမယ်ဆိုရင် ကျုပ် အယူခံချင်ပါတယ်။ Am လောက် ဖျော်ဖြေရေးအစီအစဉ်တွေ များအုံးမှာလား။ TV.Channel တမျိုးတည် pay.per.view တွေပါထည့်ပေါင်းရင် ၅၀၀ ကျော်ရှိတယ်။ ကျုပ်တို့ဗမာမှာ hall တွေ circus တွေ night club တွေ gentlemen's club တွေ girls club striptease show တွေဆိုတာ ပြောပလောက်အောင် မရှိသေးပါဘူး။ Am လူဦးရေက ကျုပ်တို့နိုင်ငံရဲ့လူဦးရေထက် ၅ ဆကျော်ကျော်ပဲ ရှိပါတယ်။ ဒါ ဖျော်ဖြေရေးကဏ္ဍမှာ အဆပေါင်း ၅၀ လောက်များပါတယ်။ ဒါပေမယ့် စာ တွေရဲ့ အရေအတွက်ကလဲ မရေတွက်နိုင်ပါဘူး။ Local မပါ Nation wide နိုင် ထုတ်ဝေဖြန့်ချိနေတဲ့ လစဉ်ထုတ်မဂ္ဂဇင်းအရေအတွက်ကတွင် လေးရာခန့်



www.burmeseclassic.com

www.burmeseclassic.com


အတိအကျ မသိပါဘူး။
တော့ရှိတယ်။
ရေးစနစ်ချင်းကတော့
များခါရလောက်အောင်
တယ်။ America မှာက
၅ ဒေါ်လာတန်
တစောင်ကို တနှစ်တွက်
တင်ငွေသွင်းမှာကြားမယ်ဆိုရင်
ကို ၅ မတ်လောက်ပဲ
ပါတယ်။ ၂ နှစ်အတွက်
နှစ်အတွက်သာ
တင်ပေးသွင်းလို့ကတော့
ဒေါ်လာတောင် မပေးရတတ်တော့
ကျုပ်ကိုယ်တိုင်ယူနေတဲ့
တစောင်ဆိုရင်
လီဈေးနှုန်းက
၆ ဒေါ်လာနော်)
renewal offer ဆိုပါတော့
နှစ်တွက် ကြိုတင်ငွေသွင်းမှာရင်
ဒေါ်လာနဲ့ ၉၇ ဆင့်ပဲ
မယ်။ မဂ္ဂဇင်း ၂၄ စောင်
ရလိုက်သလိုပဲ။
တူ ၂ နှစ်တွက်သာ
ရင်လဲ ၂၃.၉၇ ဒေါ်လာပဲ
မယ်။ ၁၅ စောင်
ရတဲ့ သဘောဖြစ်တယ်။
ဆုံးတနှစ်တွက်သာ
လဲ ၁၄.၉၇ ဒေါ်လာသာ
မယ်။ ပြီး အဲလို
တင်ငွေသွင်းမှာရင်
handling တဲ့။
ပို့တယ်။ ဆိုင်တွေပေါ်
ခင် ကြိုရောက်တယ်။
မှာ ကျုပ်တို့
လို မဟုတ်ဘူး။
တို့ စာအုပ်တို့
card တို့
တယ်၊
မလာဘူးဆိုတာ
မရှိဘူး။ ကြော်ငြာလဲ
မရှိဘူး။





www.burmeseclassic.com

www.burmeseclassic.com



နေ့စဉ်ထုတ် သတင်း
တစောင်ကို တစောင်
ဝယ်ရင် ရိုးရိုး
တဒေါ်လာခွဲ။ လပေး
၇၅ ဆင့်ပဲကု
အဲ တနင်္ဂနွေနေ့ထုတ်
coupon တွေလဲ ပါတဲ့အ
ဆိုင်မှာ တစောင်
ဝယ်ရင် ၃ဒေါ်လာ
လပေးဝယ်
၇၅ ဆင့်ပဲ ကျ
ထူးခြားချက်တခုလဲ ရှိသေးတ
သတင်း
ကိုယ်ကြိုက်တဲ့ရက်တွေ
ရွေးပြီး လပေး ဝယ်လို့လဲ ရ
ဥပမာ စနေတနင်္ဂ
လိုချင်တယ် ဆိုပါတော့ ရ
လျှော့ယူတယ်။ သတင်းစာ
လူတွေက ကိုယ့်အလုပ်နား
ကိုယ် အဲလိုမှာကြ
ကျုပ်တို့နိုင်ငံနဲ့တော့ အခြေအ
ကွာလွန်းတယ်။ ကျ
မန္တလေးမှာနေ
ရန်ကုန်က သတင်း
နေ့လယ်တနာရီလော
ဖတ်ရတယ်။ ဒါတောင် တခါတ
မလာဘူး။ တခါတလေ ၂ ရ
၂ စောင် ပေါင်းဖတ်ရ
သည်မှာကတော့ မနက် ၄ နာ
တံခါးပေါက် ရော
လူက လိုက်ပို့တာ
အခု ကျုပ်ပြော
စနစ်တွေက
နောင်ခါ အခြေအ
ပေးလာရင် အတုယူ
ယူရအောင် ဖြန့်
ဗဟုသုတ
အဓိက ဆိုလိုတာက
ဖျော်ဖြေရေးက
ဘယ်လောက်ပဲ မှ
စာနယ်ဇင်းတွေ ပျောက်မသွ
တန်းကျဆင်း ရုတ်လျော့မသွ
ဆိုတာ သိစေချင်တာ

ကျုပ်တို့က
မြေအောက်နဲ့ရော
ဗကပနဲ့ပါ
ဘာမှ အဆက်အသွယ်
မရှိတာ။ ကျုပ်တို့ပဲ သိတယ်
စစ်အစိုးရခေတ်တလျှောက်လုံး
ကျုပ်တို့က ကျုပ်တို့ကလောင်နဲ့
ဆန့်ကျင်တိုက်ခိုက်
နေကြတာကို ရန်ငြိုးထားပြီး
သက်သက်မဲ့
အကွက်ဆင်နေတာကို
ကျုပ်တို့ရိပ်မိတယ်



www.burmeseclassic.com

www.burmeseclassic.com

ရော ပြန်လည်တိုက်ခိုက်စရာ လက်ညှိုးထိုးစရာ မလိုပါဘူး။ ကိုယ့်ပရိသတ်နဲ့ ပါ။ နောက်တခုက ကျုပ်တို့ ပြည်ပကနေ တစုံတရာ ဝေဖန်လိုက်ရင် ပြည်တွင်း ကာယကံရှင်တွေက သူတို့ရဲ့စာပေလွတ်လပ်ခွင့်မရှိမှုနဲ့ သူတို့ရဲ့ စားဝတ်နေရေး အကြပ် ရှည်း ရုန်းကန်နေရမှုကို ထောက်ပြပြီး လျှောက်လဲကာကွယ်တတ်ကြတယ်။ တယ်။ ကျုပ်လဲ နားလည်တယ်။ ဒါပေမယ့် ဝတ္ထုတပုဒ် ညံ့တာ၊ ရုပ်ရှင်ဇာတ် ဘပုဒ်ညံ့တာကတော့ စားဝတ်နေရေးနဲ့ မဆိုင်ပါဘူး။ အခုဆိုတာ စာပေလွတ်လပ် ရှိတန်သ၍ ရှိနေပါပြီ။ ရုပ်ရှင်ဇာတ်လမ်းအရ သရုပ်ဆောင်ရာမှာ သရုပ်မှန်ပီပြင် ကြိုးစားသရုပ်ဆောင်ဖို့ကရယ် ဝတ္ထုတပုဒ်ကို ရေးဖွဲ့ရာမှာ ရသမြောက်အောင် ဖို့ရယ်က ကာယကံရှင် အနုပညာသည်နဲ့သာ ဆိုင်ပါတယ်။ သုံးသပ်ပြောဆို ကြတဲ့ ရသစာပေအဆင့်အတန်း ရုတ်လျော့ကျဆင်းနေတယ်ဆိုတာက ရည်ရွယ် ဦးတည်ချက် theme သို့မဟုတ် စာရေးသူက ဘာကိုပြောချင်တာလဲဆိုတဲ့ ပျောက်နေတာပါ။ ဥပမာ တချိန်က စာရေးဆရာမ မနှင်းဖွေးက ဝတ္ထုတို ဒ်ရေးတယ်။ ကားမောင်းသွားလို့မရတဲ့ ရပ်ကွက်တခုထဲကို သားသားနားနား သားတဲ့လူတယောက်က ခြေလျင်ဝင်လာတယ်တဲ့။ အဲဒါကို ရပ်ကွက်ထဲက လေခွေးလွင့်တွေက ထိုးဟောင်သတဲ့။ ဝတ္ထုက ဒါပဲ။ သာမန်ဖတ်ရုံနဲ့ကတော့ မဟုတ်ဘူး။ ဒါပေမယ့် စာရေးသူတင်ပြလိုတဲ့ theme ပြောလိုတဲ့ message 'ခွေးလေခွေးလွင့်တွေမှာတောင် ကိုယ့်ပတ်ဝန်းကျင်က လူတန်းစားအသိ instinct ရှိတယ်' ဆိုတာကို လိမ္မာစွာ ရေးဖွဲ့ပြတာပဲ။ စာဖတ်သူက သူ့ရဲ့ theme မှာ ဆင့်ပွါးတွေးယူကြပေတော့။ ယူတတ်ရင် အများကြီးရတယ်။ အဲဒါဟာ စာပေရဲ့တန်ဖိုးပဲ။ အခု မဂ္ဂဇင်းအယ်ဒီတာကြီးပြောသွားတဲ့ ရသစာပေ အဆင့် း နိမ့်ကျတယ်ဆိုတာ အဲသည်လို theme မပါတာကို ဆိုလိုတာ ဖြစ်တယ်။ ဆက်ပြောအုံးမယ်။ အဲသည်လို them မပါပဲ ဆင့်ပွါးတွေးယူစရာ အကြောင်း ပဲ သာမန် 'ဇာတ်လမ်းမပါ' ပဲ ရေးတာတွေကိုတော့ sketch ပုံကြမ်းလို့ခေါ် ။ အဲဇာတ်လမ်းပါ ဖွဲ့ရေးထားရင်တော့ story ဇာတ်လမ်းလို့ ခေါ်တယ်။ လို ရည်ရွယ်ချက်မရှိပဲ ပုံကြမ်းဖြစ်စေ၊ ဇာတ်လမ်းဖြစ်စေ ရေးတဲ့စာရေးဆရာ ကိုတော့ အနောက်မှာ story-teller လို့ အများက သတ်မှတ်ကြတယ်။ Writer သုံးဘူး။ Writer က အဆင့်မြင့်တယ်။ Author ဆိုတာကတော့ ဘာစာအုပ် ရေးတဲ့လူဖြစ်ဖြစ်၊ လွယ်လွယ်ခေါ်ဆိုတတ်ကြတယ်။ စုံထောက်ဝတ္ထုတွေမှန် မှာလဲ crime does not pay 'ရာဇဝတ်ဘေး ပြေးမလွတ်' ဆိုတဲ့ ရည်ရွယ်ချက် တယ်။ ဒါပေမယ့် သူ့ကိုလဲ story လို့ပဲ သတ်မှတ်ပါတယ်။ အဲကမ္ဘာကျော် ဆုကြီးတွေကတော့ writer ဆိုတဲ့ စာရေးဆရာတွေကိုသာ ပေးပါတယ်။

ကျုပ်တို့ သည်ကနေ့ ဝေဖန်သုံးသပ်နေကြတာက သည်ဦးတည်ချက် ရည်ရွယ် ပျောက်နေတဲ့ ပြဿနာပဲ။ တတ်နိုင်ရင် တိုင်းပြည်မှာ အင်မတန်ကြီးကျယ်တဲ့ း၁င် ၈၈ ဒီမိုကရေစီလှုပ်ရှားမှု အရေးတော်ပုံကြီးရဲ့ ဟိုဘက်က နှစ်ပေါင်း အတွင်းမှာ ရေးသားခဲ့ကြတဲ့ ဝတ္ထုတိုတွေနဲ့ ၈၈ ခုနှစ်ရဲ့ သည်ဘက်မှာ ရေးနေကြ ဝတ္ထုတိုတွေကို နှိုင်းယှဉ်ဖတ်ကြည့်ကြစေချင်တယ်။ သည်ကနေ့ ဝတ္ထုတိုတွေက သောအားဖြင့် sketch တွေနဲ့ story တွေချည့်လိုလို ဖြစ်နေတယ်။ ဝမ်းနည်းစရာ င်းတာက သမိုင်းမှာ အင်းဝခေတ်က စာဆိုတွေ ထွန်းတောက်ခဲ့သလို အဲသည် ဘိုင်မီ ၇၀/၈၀ ဝန်းကျင်က ပေါက်ဖွါးထင်ရှားလာခဲ့တဲ့ ဆရာဝန်ကလောင်တွေ သာတဝိုက်က ကလောင်တွေ အခု ဘယ်ရောက်လို့ ဘယ်ပျောက်ကုန်ကြပြီ ဘချို့တလေသာ ဆောင်းပါးကလေးတွေ ရေးရက်၊ ကြုံရာစာနယ်ဇင်းတွေမှာ ဒီဘာလုပ်ရက် တွေ့ရတော့တယ်။ သူတို့ရဲ့ဝတ္ထုတွေတော့ မတွေ့ရတော့ဘူး။ ကြဖို့ပဲ မေတ္တာရပ်ရတော့မှာပဲ။ တိုင်းပြည်မှာ အဲသည်လို စာပေအဆင့် အတန်းရှိတဲ့ (pure ခေါ်ခေါ် serious ခေါ်ခေါ်) theme ပါတဲ့ စာပေဝတ္ထုမျိုး တွေ လိုအပ်နေပါပြီ။ သည်ကနေ့ ကလောင်ငယ်တွေကိုလဲ ရေးလက်စ ဝတ္ထုတွေမှာ တတ်နိုင်သမျှ အဆင့်မြင့် အောင် ကြိုးစားရေးကြပါလို့ မေတ္တာရပ် ပါတယ်။

ကြုံလို့ သတိတရ ပြောရအုံးမယ်။ တချိန်က ကျုပ်တို့ဗမာဝတ္ထုတိုတွေ အပေါ်မှာ အင်္ဂလန်က မြန်မာစာ လက် ထောက်ပါမောက္ခတယောက်နဲ့ ဂျပန်က မြန်မာစာပါမောက္ခတယောက်ရဲ့ တယောက်နဲ့တယောက် အယူအဆချင်း ဆန့်ကျင်ခြားနားစွာ ရှုမြင်သုံးသပ်ခဲ့ကြ တာကို ကျုပ်ကိုယ်တိုင် ကြားခဲ့ရဖူး တယ်။ အင်္ဂလိပ်အမျိုးသမီး ပါမောက္ခ က ကျုပ်တို့ရဲ့ အဲသည်တုန်းက ဝတ္ထုတို တွေကို သူတို့နိုင်ငံက TV. miniseries တွေက soap တွေနဲ့တူတယ်တဲ့။ ဂျပန် အမျိုးသမီး ပါမောက္ခကတော့ ကျုပ်တို့ ရဲ့ ဝတ္ထုတိုတွေကို အဆင့်ရှိတယ်ဆိုပြီး ဂျပန်ဘာသာ ပြန်ဆိုထုတ်ဝေခဲ့တယ်။ သူသာမဟုတ် ဂျပန်လူမျိုး မြန်မာစာ တတ်ပုဂ္ဂိုလ်တွေကပါ ဝိုင်းဘာသာပြန် နေလိုက်ကြတာ ခုထက်ထိပဲ။ ဝတ္ထုတို ပေါင်းချုပ် anthology တွေအပါအဝင် ဂန္တဝင်ဝတ္ထုတွေရော နိုင်ငံကျော် စာရေး ဆရာတွေရဲ့ ဝတ္ထုတွေပါ ဘာသာပြန်ကြ တာ အုပ် ၅၀ ကျော်ပြီ။

အဲ အင်္ဂလိပ်ပါမောက္ခအမျိုးသမီး က soap ဆိုလို့ ဗမာလို အရမ်းဘာသာ ပြန်ပြီး အဓိပ္ပါယ်မကောက်လိုက်ကြနဲ့ အုံး။ အင်္ဂလန် အမေရိကားမှာ soap ဆို တာ soap opera ကို အတိုကောက်ခေါ် တာ။ သူတို့နိုင်ငံက TV တွေ Radio တွေမှာ တခန်းပြတ် ဇာတ်လမ်းတို ကလေးတွေ လွှင့်တယ်။ အများအားဖြင့် တနာရီကြာပေါ့။ အဓိကအကြောင်းအရာ ကတော့ နေ့စဉ်ကြုံတွေ့ ပြောဆိုနေကြရ တဲ့ ရယ်စရာ အဖြစ်အပျက်ကလေးတွေ ပဲ။ တနေကုန် အလုပ်ပင်ပန်းလာကြရတဲ့ ကာယဉာဏဝန်ထမ်းတွေအတွက် ဖျော် ဖြေရေးဟာသ အဖြစ်အပျက်တိုကလေး

www.burmeseclassic.com

တွေပေါ့။ များသောအားဖြင့် domestic အိမ်တွင်းပေါ့။ အရပ်သုံး ဘန်းစကားတွေ၊ အဓိပ္ပါယ် နှစ်ခွထွက်တဲ့ စကားတွေနဲ့ ပြောကြတာပေါ့။ ကျုပ်တို့ရဲ့ အငြိမ့်လူရွှင်တော်တွေရဲ့ စကားမျိုးတွေပေါ့။ အဲသည် အမျိုးသမီးပါမောက္ခကြီးက အဲသည် ၈၈ မတိုင်ခင်က ကျုပ်တို့ဗမာဝတ္ထုတွေကို ရှီးရှီးဖတ်ပြီး မှတ်ချက်ချသွားပုံရပါတယ်။ အဲသည်အချိန်က စာပေလွတ်လပ်ခွင့် လုံးဝမရှိလို့ များသောအားဖြင့် သင်္ကေတဝါဒ symbolic expressionနဲ့ ရေးကြရတာကို သူ ဘယ်အဓိပ္ပါယ်ဖေါ်တတ်မှာလဲ။ ဆိုပါတော့ မနှင်းဖွေးရဲ့ ခုနကပြောပြတဲ့ ဝတ္ထု။ သူ ဘာသိမှာလဲ။ လူစိမ်းကို ချွေးဟောင်တာများ ရေးကြီးခွင်ကျယ်လုပ် ဝတ္ထုရေးတယ်ထင်မှာပေါ့။ ဒါ့ကြောင့် soap လို့ လက်လွတ်စပယ်ပြောလိုက်တာနေမှာပေါ့။ သူ့ကိုလဲ ဘယ်အပြစ်ဖွဲ့လို့ရမလဲ။ သူက စာသမားသက်သက်လေ။ ဗမာ့နိုင်ငံရေးကို သူဘယ်သိမလဲ။ ဒါပေမယ့် သည်ကနေ့ ရေးနေကြတဲ့ ဗမာမဂ္ဂဇင်းတွေထဲက ဝတ္ထုတိုတွေ အများစုကို ဖတ်ကြည့်ပြီး soap လို့ မှတ်ချက်ချရင်တော့ ကျုပ်လဲ ခေါင်းညိတ်မိလေမလား မပြောတတ်ဘူး။ တခုတော့ ရှိပါတယ်။ သည်ကနေ့ ဗမာဝတ္ထုတွေက ရသစာပေအဆင့်အတန်း နိမ့်ကျတာ နိမ့်ကျတာ တပိုင်း။ သူတို့ TV တွေထဲက soap လိုတော့ မရယ်ရပါဘူး။ အပျော်အပြက် မဟုတ်ပါဘူး။

နိဂုံးချုပ်ရရင် ကျုပ် ရေးဖြစ်သမျှ ရေးပြီးပို့လိုက်တဲ့ 'ဗမာ အမေရိကန်' ဝတ္ထုတိုကလေး ၄ပုဒ်ကို စုပေါင်းပြီး စာအုပ်ပါးပါးကလေးတအုပ် ထုတ်လိုက်တဲ့အခါ သည်ကနေ့ စာဖတ်ပရိသတ်က အရသာမတွေ့ကြ မကြိုက်ကြဘူး ပြောတယ်။ ကျုပ်က ကျုပ်ရေးနေကျအတိုင်း ရေးလိုက်တာပါပဲ။ နဝတ၊ နအဖ စစ်အစိုးရကလဲ ကျုပ်ရဲ့နာမည်ကို သုတ်သင်ကွပ်မျက်လိုက်ကြတော့ ခေတ်လူငယ်တွေကလဲ ဘယ်ကြားဖူးကြတော့မလဲနော်။

ဒါပေမယ့် ကျုပ်ရဲ့စာပေပရိတ်သတ်ကြီးကို
ကျုပ် မမေ့ပါဘူး။ သည်ဆောင်းပါးနဲ့အတူ
ထပ်ကြိုးစားရအုံးမှာပေါ့။ ကြိုးစားရေးပါ့မယ်။
ကျုပ်ကို ဘယ်လောက်ပဲ
သတ်သတ် ကျုပ်မသေပါဘူး။
ကျုပ်ကို မမေ့ကြတဲ့ ကျုပ်ရဲ့စာချစ်သူတွေ
အနည်းနဲ့အများ ရှိနေကြပါသေးတယ်။
အခုပဲ ကိုဝင်းငြိမ်းရဲ့ ကူညီဆက်သွယ်ပေးမှုနဲ့
ကျုပ်ရဲ့ လုံးချင်းဝတ္ထုဟောင်းတွေ နှစ်ပုဒ်ကို
ရုပ်ရှင်ဗီဒီယိုရိုက်ဖို့ ရောင်းလိုက်ရပါပြီ။
ဒါရိုက်တာ မောင်ဝိုင်းက တပုဒ်၊
ဒါရိုက်တာ ညီညီထွန်းလွင်က တပုဒ်ပါ။
ဒါရိုက်တာ မီးပွားကလဲ တပုဒ်တော့
ပါးစပ်စရံ သပ်ထားပါသေးတယ်။
ကျုပ်ရဲ့ စောစောကပြောတဲ့
'ဗမာ-အမေရိကန်' ဝတ္ထုကိုတော့
မဖတ်ဖြစ်ကြသေးဘူးထင်တယ်။
တချို့အပိုင်းတွေကို
ထိုင်းနိုင်ငံဘက်
ကူးရိုက်မယ်ဆိုရင်
ရနိုင်ကောင်းပါတယ်။
အဲသည်ဝတ္ထုကို ကျုပ်က
တအား ရုပ်ရှင်ရိုက်စေချင်တာ။
ဘာပဲပြောပြော ကျုပ်နာမည်ကို
ပြန်လည်အသက်သွင်းပေးနေတဲ့
ရသစာပေစိတ်နဲ့
ကူညီဆောင်ရွက်ပေးနေတဲ့
ကိုဝင်းငြိမ်းကိုလဲ
ကျေးဇူးတင်ပါတယ်။
ကျုပ်လို
အသက်ရှည်ရှည်နေနိုင်ဖို့လဲ
ဆန္ဒပြုပါတယ်။ ကျုပ်နဲ့ ကိုယ်အလေးချိန်တူ
ပေါင် ၂၂၀ရှိနေတာကိုတော့
ဆရာဝန်တွေ အကြံပေးလေ့ရှိသလို အဆီလျှော့ဖို့၊
ပိန်အောင်လုပ်ဖို့ မတိုက်တွန်းတော့ပါဘူး။
ကျုပ်တောင် သည်ကိုယ်အလေးချိန်နဲ့
၈၃ နှစ်ထဲ ရောက်လာခဲ့ပြီပဲ။
ခုမှတော့ မလျှော့နဲ့တော့ကိုယ့်လူ။
အသက်ကြီးပြီး အချိန်မစီးဘူး
အပြောမခံချင်နဲ့။ ။

■

**မောင်သာရ**



ကျုပ်ရဲ့စာ
ပရိတ်သတ်ကြီး
ကျုပ် မမေ့ပါ
သည်ဆောင်းပါးနဲ့အ
ထပ်ကြိုးစားရအုံးမှာ
ကြိုးစားရေးပ့်မ
ကျုပ်ကို ဘယ်လော
သတ်သ
ကျုပ်မသေ



www.burmeseclassic.com

www.burmeseclassic.com

# အောင်အောင်

ဆံပင်မိတ်ကပ် အလှပြင်ခန်းမနှင့်
ဆံပင်ညှပ်ဆိုင်သုံး အလှကုန်ပစ္စည်းအမျိုးမျိုး
လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချရေး


**အလှပြင်သင်တန်းလည်း ရှိပါသည်**



- ၂၅(စီ)၊ ရတနာလမ်း၊ ၁၆/၂ သင်္ဃန်းကျွန်း။ ဖုန်း - ၅၆၀၉၁၃၊ ၀၉၅၁၀၇၀၈၈
- အမှတ် ၂၆၊ ၃၈×၇၉ လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၇၂၄၂၈၊ ၀၉၅၁၃၁ [illegible]
- အမှတ် ၃၀၁၊ ကျောက်ကာလမ်း၊ မြဝတီရပ်၊ မုံရွာမြို့။ ဖုန်း - ၀၉၅၁၅၇[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရုပ်စုံမဂ္ဂဇင်း

ရသစာတမ်း

အမှတ် ၂၉၀၊ ဇန်နဝါရီ၊ ၂၀၁၄

၁။


ကျွန်တော်ငယ်ငယ်က
လေတံခွန်ဟုခေါ်သော စွန်ကို
စွဲစွဲလမ်းလမ်းဖြင့်
ရူးသွပ်ဖူးသည်။ ကျောင်းကနေ
အိမ်ပြန်ရောက်တာနှင့်
ကျောင်းဝတ်စုံပင် မလဲတော့ဘဲ
လွယ်အိတ်ပစ်ချကာ
မှန်စာတိုက်ထားသော
ကြိုးအပြည့်ပါ ရစ်ဘီးကြီးနှင့်
ဆိုင်းကြိုးတပ်ပြီးသား

စွန်အထပ်လိုက် ဆွဲ...
ဘောလုံးကွင်းထဲ အပြေး...
သွားခဲ့တာပဲ ဖြစ်...
စွန်ကလေး ကောင်း...
လေစီးကြောင်းထဲ ရောက်...
ဆိုလျှင်တော့ ကြိုး...
ကြိုးတင်းဖြင့် ...
လှည့်က...
ကျွန်တော့်စွန်ကလေး...
ဝဲလည်နေသော စွန်ကလေး...
ချဉ်းကပ် ကြိုး...



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ရှိတတ်ပါသည်။ ပထမပြုတ်တောက်သွားသော စွန်၏ လက်ကျန်ကြိုးကို ရစ်ဘီးဖြင့် ဆွဲရစ်စဉ်မှာ ကြိုးကအရှေ့ရှိနေသည်။ အရှေ့ရှိတော့ အလျင်ရှိသည်။ သူ့မှာလည်း မှန်စာပါသည်ပဲ။ ရပ်တန့်နေတာ မဟုတ်သည့်အတွက် ခွန်အားတွေရှိနေပါမည်။ ဒီအချိန်မှာ အောင်နိုင်သူ စွန်ပိုင်ရှင်က သူ့ကြိုးကို လျှော့၊ သို့မဟုတ် တရစပ်ဆွဲနေမှ မားမားချင်း၊ လုံ လုံ့ချင်း ယှဉ်သလို ဖြစ်နေပါလိမ့်မည်။ နိုင်ပြီဆိုပြီး ရပ်တန့်လိုက်လျှင်တော့ အနိုင်စွန်၏ ကြိုးလည်း တိခနဲ ပြတ်တောက်သွားမှာပဲ ဖြစ်ပါသည်။

ငြိပြီဆိုလျှင်တော့ အရှုံးက တစ်ခုတည်းလည်း ဖြစ်နိုင်သလို အားလုံးလည်း ရှုံးသွားနိုင်ပါသည်။

❑

'မင်းနဲ့ ငါနဲ့တော့ ငြိတော့မယ်နော်'

ဒီစကားက ကျွန်တော်တို့ ဝန်းကျင်တွင် မကြာခဏ ကြားရတတ်သော စကားပဲ ဖြစ်ပါသည်။ ရင်းနှီးခင်မင်သူ၊ ဦးတည်ချက်တစ်ခုဆီ အတူတူသွားနေသူ၊ ယုံကြည်ရာလမ်းကြောင်းပေါ် လည်ပင်းဖက်၊ ပခုံးဖက် လျှောက်လှမ်းကြသူ၊ ဘဝခရီးဖော်အဖြစ် လက်တွဲရင်း အခက်အခဲမျိုးစုံကို ကျော်လွှားနေကြသူ စသူတို့မှာ အခန့်မသင့်သည့်အခါဖြစ်စေ၊ ဦးတည်ချက်တွေ ဝေဝါးကွဲပြားလာလျှင်ဖြစ်စေ၊ တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု ပျောက်ဆုံးသွားသည့် အခါဖြစ်စေ၊ အမုန်းတို့ ချင်းနင်း၊ အချစ်တို့ လျော့ပါး ဆိတ်သုဉ်းလာလျှင်ဖြစ်စေ၊ ဖြစ်စေတွေ များလာလျှင်တော့ မလွဲမသွေ ငြိပေတော့မည်။

ငြိကို တွယ်သည်။ ကပ်သည်။ တွယ်ချိတ်နေသည်ဟု မြန်မာအဘိဓာန်က ဖွင့်ဆိုပါသည်။ ဒီအတိုင်း ဖွင့်ဆိုလျှင် ငြိတာက စွဲမြဲနေသယောင် ဖြစ်မနေပေဘူးလား။ ကတ်သီးကတ်သတ် တွေးနေသည်ဟု ထင်ကောင်း ထင်နိုင်ပါသည်။ ကျွန်တော့်အလိုကတော့ ငြိခြင်းသည် စွဲမြဲဖို့အတွက် အစပျိုးဆဲဖြစ်သလို လွတ်ထွက်ကွဲကွာ သီးခြားစီဖြစ်သွားဖို့အတွက်လည်း ပါးပါးလေး ရှိနေသော အနေအထားပဲ ဖြစ်သည်ဟု ထင်ပါသည်။

ကျွန်တော်တို့
လူမှုဝန်းကျင်ကို
ငဲ့ကြည့်လိုက်တော့
ငြိတတ်သော
နေရာတွေက
အများကြီးပါပဲ
ကောင်းသော ငြိခြင်း၊
မကောင်းသော
ငြိခြင်းအပြင်
စွန်ဖြတ်ကစားပွဲ
ကြိုးငြိသလို တစ်ဦးရှုံး
နှစ်ဦးရှုံးလည်း
ကြုံရနိုင်ပါသည်
မည်သို့ပင်ဖြစ်စေ
ငြိစွန်းမှတ်ဆိုသည့်
နေရာလေးကိုတော့
သတိလက်လွှတ်
မဖြစ်စေချင်ပါ

'သူ့လုပ်ရပ်က ဥပဒေနဲ့ ငြိနေတယ်'

'ဒီအားကစားသမား တားမြစ်ဆေးငြိနေတယ်'

'ဟိုကောင်လေးနဲ့ ဟိုကောင်မလေး ငြိနေကြပြီ'

'ဇာကနာပြက်လုံးကတော့ တကယ်ကို ငြိတယ်ဗျာ'

'ဆရာ့စာမူ စိစစ်ရေး ငြိနေတယ်'

'ကိုတိုးကြီး သီချင်းအားလုံး ရင်ထဲ ငြိတယ်ကွာ'

'ငြိတဲ့အငြိကတော့ ဆူးလည်းကြီးအတိုင်းပဲ'

ငြိသည်အကောင်းလား၊ အဆိုး
လား နှစ်ခုလုံး ဖြစ်နိုင်ပါသည်။ ငြ
လုံးလေး ငြိတာကို သဘောကျနှစ်ခြို
သူအတွက် ငြိသည် ချစ်စရာကော
သော ငြိပဲဖြစ်ပြီး သဘောမကျ
သက်သည့်အပြင် ငါတို့ကို စောင်တ
ထင်မှတ်နေသူတွေအတွက်တော့
သည် မုန်းစရာကောင်းသော ငြိ ဖြ
ပါလိမ့်မည်။ သီချင်းလေး ရင်ထဲ
သားထဲ ငြိတာကို နှစ်သက်ပေမင့်
လည်းကြီး လာငြိတာကိုတော့
မကျ ဖြစ်ကြပါမည်။

❑

၂။

မီးရထားသံလမ်းတွေကို အ
များများ မြင်ဖူးကြမည်ဟု ထ
သည်။ ဘူတာဝင်းအတွင်း ခင်း
သော သံလမ်းများက ဘူတာ
တစ်နေရာရာတွင် ဆုံပြီး ဘူတာ
ကြား လမ်းပိုင်းအတွင်းမှာ တစ်
တည်း ဖြစ်သွားပါသည်။ ဘူတာ
မှာတော့ ၂လမ်း၊ ၃လမ်း ခင်းထား
ရထားများဆုံ ရန်၊ တွဲ များထား
အတွက် ရည်ရွယ်ပါသည်။ ဒီ
ရထားလမ်းများဆုံရာ ဖြတ်ကျော်
အနီးရှိ စံသတ်မှတ်ထားသော
လေးတစ်ခုကို ငြိစွန်းမှတ်ဟု သတ်
လိုက်ကြပါသည်။ အင်္ဂလိပ်လို
Fouling mark တဲ့လေ။

ဒီငြိစွန်းမှတ်လေးက အတော်
အရေးကြီးပါသည်။ ဥပဒေတစ်ခု
ဌာန်းရာမှာ ဥပဒေပါ ဝေါဟာရ
အဓိပ္ပာယ်ကို သိနားလည်မှ ရ
ငြိစွန်းမှတ်ကို 'ရထားလမ်း နှစ်
ဆုံရာ (သို့မဟုတ်) ဖြတ်ကျော်ရာ
၌ စံသတ်မှတ်ထားသော အတိုင်းအ
အရ လမ်းတစ်လမ်းပေါ်ရှိ ရထား
မဟုတ် တွဲနှင့် အခြားလမ်းတစ်
ပေါ်ရှိ ရထား သို့မဟုတ် တွဲတို့ ငြိ
ဖြစ်ပေါ်စေသော နေရာကို ခေါ်
ဟု အခြေခံဥပဒေ စာအုပ်စိမ်းကြီး
ဖော်ပြပါသည်။ ငြိစွန်းမှု ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

...ဆိုတာကိုက မရှင်းမရှင်း။ ရထား ...ဆုံရာ သို့မဟုတ် ဖြတ်ကျော်ရာ ...တဲ့။ အနီးဆိုတဲ့ အကွာအဝေးက ...ပေလား၊ ၁၀ မီတာလား၊ ဘယ်လို ...လဲ။ သေချာတာကတော့ မသေ ...ကြီးကို အသေအချာ လေ့လာ ...တာပဲ ဖြစ်ပါသည်။ ဥပဒေနား ...ဖို့ ဥပဒေပါ ဝေါဟာရတွေကို ...ယ် ဖွင့်ဆိုပေးတာကိုက ရှုပ်ရှုပ် ...တွေး၊ မရှင်းမရှင်း။ အင်္ဂလိပ် ဝေါ ...ရတွေကို အဘိဓာန် အကူအညီ ...ပြီး စာလုံးဖလှယ်မှတော့ ဒီလိုပဲ ...ထွေးနေပါဦးမည်။

ကျွန်တော်က ရထားဥပဒေဆိုတာ ...ကို ကိုလိုနီခေတ်က ပြဋ္ဌာန်းသော ...လိပ်မူရော၊ မြန်မာမူပြုထားသော ... အပြန်ပြန် အလှန်လှန် အလွတ်ရ ...တ် ဖတ်ရှုခဲ့ရသူ ဖြစ်ပါသည်။ မီး ... သင်တန်းကျောင်းမှာ သင်တန်း ...များကို နည်းဥပဒေ ပို့ချရသော ...ပြတစ်ဦး ဖြစ်ခဲ့သည်မို့ မဖြစ်မနေ ...ခဲ့ဘာပဲဖြစ်သည်။ ရှုပ်ထွေးထွေး ...ကို သင်တန်းသားများ နားလည် အောင်ရှင်းပြတတ်မှ နည်းပြတာဝန်ကျေမည်ဖြစ်၍ ကျွန်တော့်မှာ ငြိစွန်းမှတ်ဆိုတာကြီးကို ပုံဆွဲပြ၊ ဥပမာ ပေးပြ၊ လက်တွေ့ခေါ်ပြဖြင့် ရှင်းပြပေးနိုင်ခဲ့ပါသည်။ အခုလည်း ငြိစွန်းမှတ်ကို ရှင်းပြချင်ပါသေးသည်။

Vပုံကို မြင်ကြည့်လိုက်ပါ။ ရထားလမ်းနှစ်လမ်းဟု ထင်မှတ်လိုက်ပါ။ ဆုံမှတ်နေရာနှင့် ကပ်လျက်လမ်းတစ်လမ်းမှာ တွဲတစ်တွဲထားကြည့်ပါမည်။ အခြားလမ်းမှ ရထားတစ်စင်းကို ဆုံမှတ်ဆီ လွှတ်လိုက်ပါမည်။ ဗေဒင်မေးရန် မလိုပါ၊ သေချာပါသည်၊ ဝုန်းခနဲနေမှာပဲ ဖြစ်သည်။ တွဲကို ဆုံမှတ်နှင့် ဝေးရာသို့ နည်းနည်းချင်း ရွှေ့ကြည့်ပါမည်။ အမှတ်တစ်ခုမှာ တွဲနှင့်ရထား တိုက်မိ၊ ချိတ်မိမည်မဟုတ်ဘဲ ငြိရုံလေး ငြိသည် ဆိုလျှင်တော့ အဲဒီနေရာက ငြိစွန်းမှတ်ပဲ ဖြစ်ပါသည်။

ငြိစွန်းမှတ်ကို ကျော်လွန်၍ တွဲရထား ရပ်တန့်မထားရက ဥပဒေပဲ ဖြစ်ပါသည်။

❑

ကျွန်တော်တို့ လူမှုဝန်းကျင်ကို ငဲ့ကြည့်လိုက်တော့ ငြိတတ်သော နေရာတွေက အများကြီးပါပဲ။ ကောင်းသော ငြိခြင်း၊ မကောင်းသော ငြိခြင်းအပြင် စွန်ဖြတ်ကစားပွဲ ကြိုးငြိသလို တစ်ဦးရှုံး၊ နှစ်ဦးရှုံးလည်း ကြုံရနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ ငြိစွန်းမှတ်ဆိုသည့် နေရာလေးကိုတော့ သတိလက်လွတ် မဖြစ်စေချင်ပါ။

ကိုယ်က တွဲနေရာမှာ ရှိနိုင်သလို အခါအခွင့်ပြောင်းပြီး ရထားစက်ခေါင်းနေရာမှာလည်း နေခွင့်ကြုံနိုင်ပါသည်။ ခြေတစ်လှမ်း အတိုးအဆုတ်ဖြင့်ပင် နယ်မြေအခေါ်အဝေါ်ပါ ပြောင်းလဲသွားနိုင်သည့် ငြိစွန်းနယ်မြေ။ ကင်းလွတ်နယ်မြေ ဆိုတာကိုလည်း ရင်ဘတ်ထဲမှာ ထည့်ထားဖို့ လိုဦးမှာဆိုတော့ ငြိစွန်းမှတ်ကလေးက အရေးပါလှသည်ဟု ထင်ပါသည်။

ကျွန်တော်တို့အားလုံး ငြိစွန်းမှတ်နေရာလေးမှာ ရပ်နေကြရတာပဲ မဟုတ်ပေဘူးလား။ ■

**ရဲသျှမ်း**


လောကမှီ လောကသို့ ဒွါဒသစက္က ပလုဗ္ဗတီတိလောကော

# ဆရာ ဇေမျှော်ရှိန် (B.A)

**နက္ခတ္တဗေဒလက္ခဏာပညာရှင်**

**ရုံးခန်းတည်နေရာ**

အမှတ် (၇) ၊ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဟောခန်းထိုင်ချိန် - မနက် (၇)နာရီမှ နေ့လည် (၁)နာရီအတွင်း
အမှတ် (၄၉)၊ ဆူးလေဘုရားအဝိုင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဟောခန်းထိုင်ချိန် - - နေ့လည် (၂)နာရီမှ ည(၈)နာရီအတွင်း

09 420025649




www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



'လာလေရော့'

ကိုကြီးယုက ခေါင်စက်ဝိုင်းအတွင်း သတ်မှတ်ထားသည့် အလယ်မျဉ်းနေရာတွင် နောက်ပြန်ရပ်နေပြီး လက်ထဲက ဒိုးပြားကို နှုတ်ခမ်းတွင် ကပ်လျက် တရှုရှု ဆုတောင်းလိုက်၏။ ပြီးနောက် အသာအယာချိန်ဆကာ လက်ထဲမှ ဒိုးပြားလေးကို နောက်ပြန်ပစ်လိုက်ရာ ဒိုးပြားလေးက မြေကြီးပေါ် ခုန်လျက်က ဗိုက်သားအကွက်တွင်းသို့ တည့်တည့်မတ်မတ်ပင် ကျသွား၏။

'ကိုကြီးယု ရေလည် ကျွမ်းတယ်ကွာ' ဖိုးကျော်က အားကျသည့် လေသံနှင့် ပြောလိုက်သည်။

'ကိုကြီးယုက ဒါဆို သုံးအိမ်တောင် ရသွားပြီ အိမရေ'

လမင်းက အိမကို လှမ်းပြောလိုက်စဉ် ကိုကြီးယုက ကုလားမစည်း၏ ဗိုက်သားနေရာ မြေသားပေါ်တွင်

# အရွဲ့

## မြသွေးနီ

www.burmeseclassic.com

www.burmeseclassic.com

လက်ထဲက အုတ်ကြွပ်ဒိုးပြား နှင့် အိမ်ပုံစံလေးကို ရေးခြစ် နေလေပြီ။ လမင်းတို့ကုလား မစည်း နင်းတမ်းကစားနေ ကြခြင်းဖြစ်၏။ ကိုကြီးယုက လမင်းတို့ မောင်နှမတွေထဲ တွင် အကြီးဆုံးလည်းဖြစ်၊ ခြေတံလက်တံကလည်း ရှည် သဖြင့် အငယ်တွေကို ကစား လျှင် အမြဲညှာသည်။ ယခု လည်း အငယ်တွေနှင့် ဆော့ ရသည်မို့ တန်းတူဖြစ်အောင် ခြေတစ်ပေါင်ကျိုးကို ညာဖြင့် မထောက်ဘဲ ဘယ်ဖြင့်ထောက် ၍ ကစားပေးသည်။ သို့တိုင် လမင်းတို့ သူ့ကို ဆယ်ခါရံ တစ်ခါနိုင်အောင်ပင် မနည်း ပင် ကစားရသည်။ သည် ကြားထဲ လမင်းတို့ မိန်းက လေးတွေက အငြင်းသန်ချင် သေးသည်။

အိမက သူ၏ ကြွေပန်း ကန်ကွဲစ ဒိုးလေးတွေ ထည့် သိမ်းထားတတ်သည့် နတ် သမီးတံဆိပ် ယမ်းမီးခြစ်ဘူးခွံ လေးကို ဖွင့်လိုက်ကာ ကစား လက်စ ဒိုးအသစ်လေးကို ဘူးထဲသို့ တရိုတသေပြန်သိမ်း ရင်းက နှုတ်ခမ်းကို စူလျက် သူ့အစ်ကိုကို လှမ်းပြော၏။

'မရဘူး…ကိုကြီးယု စည်းနိုးတယ်၊ ဒိုးပစ်ကာနီး နောက်လှည့် ချောင်းကြည့် တယ်'

'နင် မငြင်းနဲ့နော် အိမ ကိုကြီးဘယ်မှာ စည်းနိုးလို့ လဲ၊ ဘယ်မှာ ချောင်းကြည့်လို့ လဲ'

'ညီမလေး ဆော့တော့ ဘူး၊ ကိုကြီးပဲ အိမ်တွေ တစ် လုံးပြီး တစ်လုံး ဆောက်နေ တယ်။ အခု ဗိုက်သား အကွက်မှာ ကိုကြီးယု အိမ်

> အမေက
> လမင်းကို
> ယခုနှစ်
> လေးတန်း
> တက်ချိန်မှစပြီး
> စနေ
> တနင်္ဂနွေနေ့ရက်
> များတွင်
> အိမ်အလုပ်များကို
> လုပ်စေသည်
> လမင်း
> တစ်နေ့စာ
> လုပ်ရမည့်
> အလုပ်များကို
> သစ်သား
> ကျောက်သင်ပုန်းပေါ်
> တန်းစီ
> ရေးထား၏

ဆောက်လိုက်တော့ ညီမလေး တို့က ဒီလောက်အဝေးကြီးကို ဘယ်လိုလုပ် ကျော်ခုန်နိုင်ပါ တော့မလဲလို့၊ ဒီပြင် တစ်ခု ပြောင်းဆော့မယ် ဒါပဲ၊ ကုလားမစည်း မဆော့ချင် တော့ဘူး'

'ဟုတ်တယ်၊ နောက် တစ်ခုပြောင်းဆော့မယ် ကိုကြီး၊ အခုဟာက ပျင်းလာပြီ'

အိမလိုပင် ကစားကတည်း က အိမ်မရသေးသည့် ဖိုး ကျော်က ပြုံးစိစိနှင့် ဝင်ပြော သည်။ လမင်းလည်း ပြီးခဲ့ သည့် သူ့အလှည့်တုန်းက ခေါင်အထိရောက်ပြီးကာမှ ဒိုးက ကိုယ့်အိမ်ပေါ် ကိုယ်ပြန် ပစ်မိသဖြင့် ရှိစုမဲ့စုအိမ်လေး မီးလောင်ကာ အိမ်လက်မဲ့ ဖြစ်သွားခဲ့သည်မို့ နောက် တစ်ခုပြောင်း ကစားချင်နေမိ သဖြင့် အိမယခုလို ပြောလိုက် တော့ အတော်သဘောကျ သွားရ၏။

ကွမ်းပင်တွေ အစီအရီ နှင့် ဂမုန်းပန်းအိုးတွေ စီတန်း ထားရာကြားက မြေနေရာ ပြောင်ပြောင်လေးက လမင်း တို့ မောင်နှမတွေ ထုပ်ဆီး တိုးရာ၊ ကုလားမစည်းနင်းရာ၊ သားရေပင် ပစ်ကစားရာနေရာ၊ လမင်းတို့တစ်တွေ ရေဖျန်းကာ အမှိုက်ရှင်းလင်းပြီး ပြုပြင် ထားသဖြင့် မြေသားမာမာ လေးက ဆော့ချင်စဖွယ် တင်းမာပြောင်ချောနေကာ အကောင်းဆုံး ကစားရာ ဗိမာန်လေးတစ်ခု ဖြစ်လို့နေ သည်။

နောက်ဆုံးတော့ ကိုကြီး ယုကပင် အလျှော့ပေးကာ တူတူပုန်းတမ်း ပြောင်းကစား ဖို့ သဘောတူလိုက်သည်။ ကိုကြီးယုက 'ကိုကြီးပဲ လိုက်ပေးမယ်၊ နင်တို့ ပုန်းကြ၊ ဒီတစ်ခါတော့ မငြင်းနဲ့တော့ နော်'

'ဝေး…'

လမင်းတို့အငယ်သုံး ယောက် ခွေ့ခွေ့ခုန်လျက်က 'ဝေးခနဲ' အော်ဟစ်လိုက်မိ သည်။

ကိုကြီးယုက ဘယ် သောအခါမှ မတရားမလုပ်။ လမင်းတို့ အငယ်တွေအပေါ် အမြဲညှာတာသည်။ စိတ် လည်း ရှည်သည်။ လမင်းတို့ အငြင်းပွားလျှင် မျှမျှတတ ဆုံးဖြတ်ပေးသည်။ မမှန်ကန် လျှင် သူ့ညီမအရင်းဖြစ်[illegible] အိမကိုပင် ဆူလေသည်[illegible] ထို့ကြောင့် လမင်းတို့အ[illegible] ကိုကြီးယုက ချစ်စရာ[illegible] အစ်ကိုတစ်ယောက်ပင်[illegible] သည်။ လမင်းတို့ အ[illegible] ချင်းလည်း ရေရှည်[illegible] စိတ်ဆိုးခြင်းမရှိဘဲ မ[illegible] မတင်မှာပင် ပြန်တည့်[illegible] အတူတူ ကစားကြပြန်သည်[illegible]

ကိုကြီးယုက သ[illegible] ပင်စည်ကို မျက်နှာအ[illegible] ဂဏန်းရေတွက်နေစဉ် [illegible] တို့သုံးယောက် ခြံထဲရှိ [illegible] ရာအသီးသီးသို့ အပြ[illegible] ပြေးကာ ကိုယ်ယောင်ဖျော[illegible] ပုန်းကြသည်။

'တစ် နှစ် သုံး [illegible] ငါး ခြောက် ခွန် ရှစ် [illegible] တစ်ဆယ် တူပြီလား'

'တူ'

'တူပြီဆိုလို့ တို့[illegible]

ကိုကြီးယုတစ်ယော[illegible] ခြံအကျယ်ကြီးထဲတွင် [illegible] သော လမင်းတို့ကို အ[illegible] တော်တော်ကြာ ရှာယူ[illegible] လိမ့်မည်။

❑

လမင်းတို့နေသည့် [illegible] ကြီးက အကျယ်ကြီးဖြစ်သ[illegible] ဤခြံကြီးက အမေ့အ[illegible] အဘွားပိုင်သည့် ခြံကြီး[illegible] သည်။ အဘွားက ရန်[illegible] မြို့ထဲမှာနေပြီး သမီး[illegible] ယောက်နှင့် ညီမဝမ်း[illegible] တော်သူကို ဤခြံထဲ[illegible] နေစေသည်။ ခြံထဲတွင် [illegible] မိုးတိုက်ခံ တစ်ထပ်အိမ်[illegible] ရှိသည်။ မိသားနှစ်စု [illegible] ရန် ဘယ်၊ ညာ နှစ်ခ[illegible] ထား၏။ ဘယ်ဘက်အ[illegible] တွင် လမင်းတို့ မိသာ[illegible] ညာဘက်အခန်း[illegible] လ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘွားလေးတော်သူ မိသားစု ...သည်။ ဖိုးကျော်က ဘွား ...၏ မြေးဖြစ်ပြီး လမင်း ... နှစ်ဝမ်းကွဲ မောင်နှမ ...တော်၏။

လမင်းတို့အိမ်လေး၏ ...ဘက်စွန်းစွန်းတွင် ဒ့ါခ် ...လို့ အမေတို့ခေါ်သည့် ...စီတစ်ထပ်တိုက်ပုလေး ... သည်တိုက်အိမ်လေးကို ...တုန်းက အဘိုးတို့ ရုပ်ရှင် ...င်ဆေးဖို့၊ ဖလင်တည်း ...ဖို့ အသုံးပြုခဲ့သည်ဟု ...ပြောပြလို့ သိရသည်။ ...တိုက်ပုလေးတွင် အမေ့ ... ကြီးကြီးသန်းတို့ ...စုနေကြပြီး ကိုကြီးယု ... အိမက ကြီးကြီးသန်း၏ ...နှင့်သမီးများ ဖြစ်ကြ ...။ ကိုကြီးယုက လေး ...ကျောင်းသား၊ လမင်း ... တစ်နှစ်ကြီးပြီး အိမက ...သက် တစ်နှစ်ငယ်သည်။ ...ကျော်ကတော့ လမင်းနှင့် ...။ မောင်လေးရဲရဲက ... လမင်းထက် ငါးနှစ် ...၏။ လမင်းတို့ မောင်နှမ ... အချင်းချင်း သံယောဇဉ် ...ရှိကြသည်။ အတူတူ ...ကြသည်။ ကိုကြီးယု ... အကြီးပီပီ အငယ်တွေ ... သွာသည်။ အိမက ...ဆုံးဆိုတော့ သူ့ကို အမြဲ ... အလျှော့ပေးရသည်။ ...ကလည်း ခဏခဏ ...ကတ်တတ်သေး၏။

သီးပင် စားပင်တွေနှင့် ...အုပ်ဆိုင်းနေသည့် ခြံ ...နေရာအနှံ့တွင် လမင်း ... မောင်နှမဝမ်းကွဲတွေ ...ပတပါး ထောင်းထောင်း ...အောင် ဆော့ကစားဖြစ် ...။ လမင်းတို့ ခြံကြီးထဲတွင် သီးပင်စားပင် အတော် စုံလင်စွာ စိုက်ထား၏။ ပိန္နဲ၊ သရက်၊ ဒန့်သလွန်၊ ကွမ်း မန်ကျည်း၊ ခံတက်၊ တမာကစလို့ ရဲယို၊ ပေါက်ပန်းဖြူ၊ ရေတ်၊ သနပ်ခါး၊ ဇီဇဝါ၊ ပုဏ္ဏရိက်၊ စက္ကူပြန်း စသည့် အပင်များလည်း ရှိသည်။ သည်ခြံအကျယ်ကြီးထဲတွင် လမင်းတို့ နေရာလပ်မကျန်အောင် ဆော့၏။ ယောက်ျား မိန်းမမခွဲဘဲ တူတူပုန်းတမ်း၊ ကုလားမ စည်းနင်းတမ်း၊ ထမင်းဟင်း ချက်စားတမ်း၊ သေနတ်ပစ်ကစားတမ်းသာ မက ဂျင်ပေါက်၊ စွန်လွှတ်၊ ဘောလုံးပါ ကန်ကြသည်။ ထိုကစားနည်းတွေ ကစားရင်း ပျင်းလာလျှင်တော့ ကိုကြီးယုတို့ ဒ့ါခ်ရွှန်းနံရံအနားကပ် ပေါက်နေသည့် သရက်ပင်မှတစ်ဆင့် ဒ့ါခ်ရွှန်းခေါင်မိုး ပေါ်တက်၏။ မိန်းမပေါက်ကျော် လမင်းတို့လည်း ကိုကြီးယု အကူအညီနှင့် ခေါင်မိုးပေါ်ရအောင် တွယ်တက်သည်။ ဒ့ါခ်ရွှန်း ခေါင်မိုးပေါ်မှတစ်ဆင့် အလွယ်လေး လှမ်းခူး၍ ရနိုင်သည့် ရင်ကွဲသရက်သီးစိမ်းများကို ခူးစားကြလေသည်။ သရက်သီးစိမ်းများကို ဂါဝန်အောက်နားစနှင့် သုတ်ကာ ကိုကြီးယု အသင့်ယူလာသည့် ဆားနှင့်တို့၍ တဂွမ်းဂွမ်း ကိုက်စားရသည့် အရသာမှာ လမင်းတို့အတွက် နတ်သုဒ္ဓါပင်။

တစ်ခါတစ်ရံ လမင်းတို့ ခြံထဲ ရေတွင်းနံဘေးတွင် သနပ်ခါးပန်းများ၊ ခြံစည်းရိုးနားက ဇီဇဝါပန်းများကို ခူးယူ၍ အိမ်နှင့်နီးသည့် မိုးကောင်းဘုရားကို ကိုကြီးယု ဦးဆောင်ပြီး လမင်းတို့ မောင်နှမတစ်သိုက် သွားရောက်ကပ်လှူကြသည်။ ဘုရားရင်ပြင်ပေါ် တံမြက်စည်းလှည်း ကုသိုလ်ယူကြသည်။

မွေးနံ အရပ်ထောင့်များမှ ဘုရားညောင်ရေအိုးများ ရေလဲကြသည်။ ဘုရားမှဦးကြီးပင်လျှင် လမင်းတို့ကို ခင်နေလေပြီ။ ဦးကြီးက လမင်းတို့ကို စီးကရက်ဘူးအတွင်းက ငွေရောင်စက္ကူများကို ရှာယူလာခိုင်း၍ ဤစက္ကူအခွံများဖြင့် ဘုရားတွင် ကပ်လှူနိုင်သည့် တံခွန်၊ ကုက္ကား၊ ထီးလုပ်ရောင်း၍ ရနိုင်သည်ဟု ပြောပြသည်။ ရှာဖွေစုထားသော ငွေရောင်စက္ကူတွေ များလာလျှင် လမင်းတို့တစ်တွေ မိုးကောင်းဘုရားသို့ သွားကာ ဦးလေးကြီးကိုပေး၏။ ထိုအခါ ဦးလေးကြီးမှ လမင်းတို့ကို ကြေးပြားစေ့ လေးတွေ ထုတ်ပေး၏။ အမှန်က အကြွေတစ်မတ်စေ့ ပေးလှူလိုက်လျှင် ဤကြေးပြားလေး သုံးစေ့ရ၏။ ဘုရား၏ စနေထောင့်တွင် ထိုကြေးပြားစေ့လေးများကို ထည့်လိုက်လျှင် မှန်ပုံးထဲမှ ဘုရားဇာတ်တော်ပါ အရုပ်ကလေးများက တီးလုံးသံလေးနှင့် အကွယ်မှ ထွက်ပေါ်လာသည့် ကလေးများအကြိုက် အလှူခံနေရာ တစ်ခုရှိသည်။ လမင်းတို့ မောင်နှမတွေ ဤအရုပ်လေးတွေ ကပြီးထွက်လာသည်ကို အလွန်သဘောကျသည်။ ဒါကြောင့် အိမ်နှင့်နီးသော ဘုရားကို မကြာခဏ သွားဖြစ်ကြသည်။

လမင်းတို့ခြံကြီးက မောင်နှမတွေ ကစားဖို့အတွက် အပြောမရှိ ကျယ်ဝန်းသည့် ကစားကွင်းကြီး ဖြစ်သည်။ ကစားပြီးလျှင် လမင်းတို့အားလုံး၏ ခန္ဓာကိုယ်တွင် ချွေးများဖြင့် ရွှဲနစ်နေသည်။ ခြေ၊ လက်များ၊ အင်္ကျီများမှာလည်း ကစားထားသဖြင့် ညစ်ပေပွနေ၏။ အမေတို့ လှမ်းမခေါ်မချင်း လမင်းတို့တွေ သဲတွေ၊ ဖုတ်တွေနှင့် ပေသလူးအောင် ကစားကြသည်။ ကစားချိန်ပြည့်ရင်တော့ ကိုကြီးယု ခပ်တိုက်သည့် သောက်ရေအေးအေးကို တစ်လှည့်စီသောက်ရင်း အမောဖြေကြသည်။ ပြီးလျှင်တော့ ကွမ်းပင်တွေ ပတ်ပတ်လည်ဝိုင်းထားသည့် ရေတွင်းငယ်လေးမှ တွင်းရေ ချိုချို အေးအေးလေးကို ရေပုံးငယ်လေးနှင့် ကိုယ်စီ ခပ်ယူချိုးပြီးမှ အိမ်ပေါ်တက်ကြ၏။

ထမင်းစားချိန်မှာတော့ လမင်းတို့အားလုံး ကစားထားသည့် အရှိန်နှင့် ဟာနေသည့်ဝမ်းကို ထမင်းဇလုံ မောက်မောက်နှင့် ခေါင်းမဖော်စတမ်း အသားကုန် ဖြည့်လေတော့သည်။ ညကျလျှင်တော့ တစ်နေ့လုံး လက်လက်ထ ကစားထားသည်မို့ ခေါင်းအုံးနှင့် ခေါင်းထိသည်နှင့် ဆင်အော်လျှင်တောင် မနိုးစတမ်း အိပ်တော့၏။

❑

အမေက လမင်းကို ယခုနှစ် လေးတန်းတက်ခိုင်းမှာပြီး စနေ၊ တနင်္ဂနွေနေ့ရက်



www.burmeseclassic.com

www.burmeseclassic.com

များတွင် အိမ်အလုပ်များကို လုပ်စေသည်။ လမင်းတစ်နေ့ စာလုပ်ရမည့် အလုပ်များကို သစ်သားကျောက်သင်ပုန်းပေါ် တန်းစီရေးထား၏။ ဘုရား သောက်တော်ရေလဲရန်၊ စားပွဲ ကုလားထိုင်များ ဖုန်သုတ်ရန်၊ အဝတ်လျှော်ရန်၊ တံမြက်စည်း လှည်းရန် စသည်တို့က လုပ်ရမည့်အလုပ်ထဲတွင် အမြဲပါ၏။ ရံဖန်ရံခါ ကြက်သွန်ဖြူခွာရန်၊ ပုစွန်ခြောက် ထောင်းရန်တို့တောင် ပါလာသေးသည်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်များတွင် ကျောက်သင်ပုန်းပေါ်မှ 'လုပ်ရန်' ဆိုသည်များ အားလုံးပြီးမှ ကစားလို့ရသည်ဟု လမင်း သိထားသည်။

မနက်က ရေတွင်းမှာ လမင်းအဝတ်လျှော်ရန် ရေငင်နေစဉ် ကိုကြီးယုကို အိမ်ပြတင်းပေါက်အနား စားပွဲခုံ ရပ်နေသည်ကို တွေ့ရသဖြင့် လက်ဟန်ခြေဟန်ဖြင့် ကပြလိုက်သေးသည်။ ကိုကြီးယုက ခေါင်းညိတ်ပြကာ လက်မကိုထောင်ပြီး လမင်းဘာကို ပြောလိုသည်ကို နားလည်ဟန်ပြ၏။ 'အိမ်မလည်း အိမ်စာတွေ စောစောလုပ်နေတယ်' ဟု လှမ်းအော်ပြောသည်။

တစ်မနက်လုံး လမင်းစိတ်တွေ စောနေသည်။ လမင်းကြိုက်သည့် နံနက်စာ ကောက်ညှင်းငချိပ် ဖြောင့်ဖြောင့်မစားနိုင်။ ကပျာကသီ စားပြီးသည်နှင့် မနေ့ညနေကတည်းက ကြိုကျက်ထားသည့် ကျောင်းမှပေးလိုက်သည့် ကျက်စာများကို အမြန်ပြန်နွှေးကာ အဖေ့ဆီမှာ စာအံလိုက်သည်။ ကျောင်းစာကိစ္စ

> ရံဖန်ရံခါ ကြက်သွန်ဖြူခွာရန် ပုစွန်ခြောက်ထောင်းရန် တို့တောင် ပါလာသေးသည် စနေ တနင်္ဂနွေ ပိတ်ရက်များတွင် ကျောက်သင်ပုန်းပေါ်မှ 'လုပ်ရန်' ဆိုသည်များ အားလုံးပြီးမှ ကစားလို့ ရသည်ဟု လမင်း သိထားသည်

ပြီးသည်နှင့် ဘုရားသောက်တော်ရေလဲသည်။ အမေ့ဘုရားစင်ကြီးက အကြီးကြီးမို့ သောက်တော်ရေ ဖန်ခွက်တွေကလည်း များလှ၏။ အလုပ်ကို အမြန်ပြီးချင်နေသဖြင့် သောက်တော်ရေဖန်ခွက်လေးကို လက်ချော်ကျမကွဲစေရန် သတိထားရသည်။ ပြီးသည်နှင့် သစ်သားကျောက်သင်ပုန်းလေးပေါ်က 'ဘုရားသောက်တော်ရေလဲရန်' ဆိုသည့် စာတန်းလေးကို သွားဖျက်လိုက်သည်။

ပြီးလျှင် အမေပေးထားသည့် အဖေ့စွပ်ကျယ်အစုတ်လေးနှင့် ကုလားထိုင်တွေကို ပြောင်လက်နေအောင် ဖုန်တွေကို ဖိပွတ်တိုက်ရသည်။ အမြန်ပြီးချင်နေသော်လည်း အမေလာစစ်ချိန် ဖုန်တွေ မပြောင်လျှင် ကစားချိန်ပိတ်ထားကာ ဒဏ်ပေးခံရမည်ကို စိုးရိမ်သဖြင့် သေချာသုတ်နေမိ၏။ သည်လိုနှင့် သစ်သားကျောက်သင်ပုန်းလေးပေါ်က လမင်း၏ တာဝန်တစ်ခု ပြီးဆုံးသွားရပြန်၏။

တံမြက်စည်းလှည်း ချိန်တွင် ရဲရဲတစ်ယောက် နိုးလာသဖြင့် ဖုန်တွေ သဲတွေပေမှာ စိုးရိမ်ပြီး လက်ထဲမှ ဂေါ်ပြားနှင့် အမှိုက်တွေကို မြန်မြန်ကျုံးရပြန်၏။ လမင်း၏ စိတ်တွေ စောနေသဖြင့် အမှိုက်တွေက ဂေါ်ပြားထဲသို့ ရှောရှောရှူရှူမရောက်ပေ။ အရေးထဲ မောင်လေးရဲရဲက သူ့လက်ထဲက တံမြက်စည်းကို လှမ်းဆွဲကာ လာရှုပ်နေပြန်သေးသည်။

'အင်း ရဲရဲနိုးလာပြီဆိုတော့ သူ့ကို ပရိသတ်လုပ်ခိုင်းရမယ်။ အားလုံးက ကကြမှာဆိုတော့ ပရိသတ်လိုနေမှာ' ဟု ကျောက်သင်ပုန်းပေါ်က 'တံမြက်လှည်းရန်' ဆိုတဲ့ စာကြောင်းကိုဖျက်ရင်း လမင်းတွေးမိ၏။ အမှိုက်တွေကို အမှိုက်ပုံးထဲ ထည့်လိုက်ပြီးလျှင် သစ်သားကျောက်သင်ပုန်းပေါ်က 'ယနေ့ လမင်းလုပ်ရန်' ဟု ရေးထားသည့် ခေါင်းစဉ်အောက်ကို ကြည့်လိုက်တော့ ရေးထားသည့် လမင်းလုပ်ရန် အလုပ်များ အားလုံးပြီးသွားတာကို တွေ့ရသဖြင့် စိတ်တွေရှတ်ခြည်းပေါ့ပေါ့သွား၏။

မီးဖိုချောင်ထဲမှာ ထမင်း

ပွဲပြင်နေသည့် အမေ့အ[illegible]
ချက်ချင်း အပြေးသွ[illegible]
'အမေ သမီးထမင်း[illegible]
ထမင်းခူးပေးတော့[illegible]
ပြောလိုက်၏။ ထမင်း[illegible]
ရင်း မျက်လုံးက ပြ[illegible]
ပေါက်အပြင်ဘက် သ[illegible]
တန်းပေါ် လှမ်းထား[illegible]
အညာစောင် အပါး[illegible]
သတိထားမိလိုက်သည်[illegible]
နေ့လယ်စာ စားပြီး[illegible]
တစ်အောင့်မှာ နာရီကြည့်[illegible]
တော့ မွန်းတိမ်းတော့[illegible]
လမင်းအင်္ကျီမလဲတော့[illegible]
ဆုံးဖြတ်လိုက်သည်။ [illegible]
ထားသည့် အင်္ကျီအနီ[illegible]
လေးက လက်ဖောင်းအ[illegible]
လေးမို့ လမင်းကြိုက်သ[illegible]
အမေ့အခန်း မှန်တင်ခုံပေါ်[illegible]
ဒေါ်သီသနပ်ခါးမှုန့် [illegible]
ထားသည့် ယွန်းဘူး[illegible]
က စွပ်ကျယ်တို့ဖတ်[illegible]
မျက်နှာကို တဖုတ်ဖုတ်[illegible]
အောင် ရိုက်လိုက်၏။ [illegible]
မဆိုးတော့ဘဲ သည်အ[illegible]
ထားထားသည့် ပန်း[illegible]
နှုတ်ခမ်းနီ ငုတ်တိုလေး[illegible]
သည့် ဘူးအဟောင်းလေး[illegible]
ယူ၍ အင်္ကျီအိတ်ထဲ [illegible]
လိုက်သည်။ ဆံပင်တို[illegible]
ကုပ်ဝဲကို ငယ်ထိပ်[illegible]
တည့်တွင် ကြက်ပေါင်း[illegible]
ဖြင့် ကြက်တောင်စည်း [illegible]
သွက်သွက် စည်းလိုက်သ[illegible]
ကြက်တောင်ဆံပင်စည်း[illegible]
အချိုးကျစေရန် ထိပ်က [illegible]
ကို လက်ဖြင့်ဆွဲဖြဲရင်း [illegible]
မှာ ခေါင်းကိုစောင်း၊ နှုတ်ခမ်း[illegible]
ကို ရွဲ့၊ ပြုံးကြည့်၊ ရယ်ကြ[illegible]
လိုက်နှင့် ကိုယ့်ကိုယ်ကို [illegible]
နပ်သွား၏။

လမင်းတို့ က[illegible]
နေရာကို မသွားခင် အိမ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

အဖေနှင့် ရေနွေးသောက် စကားပြောနေသည့် ကို ကစားဖို့ ခွင့်တောင်း သည်။ မနက်ကတည်းက နေ့လယ် မောင်နှမတွေ တမ်းခုန်တမ်း ကစားမည် ပြောကာ တစ်နေ့တာ ပ်တွေကို အမြန်အပြီး နေကတည်းက အမေ လမင်းတို့ အစီအစဉ်ကို ားနှင့်ပြီ။ အဖေကတော့ ဖြစ်သူ၏ သနပ်ခါးမှုန့် သားနှင့် ကြက်တောင် မျက်နှာကို ကြည့်ပြီး ောတွေကျနေ၏။

အခုလောက်ဆို ကိုကြီး အိမတို့၊ ဖိုးကျော်တို့ ကို ရောက်နေကြပြီလား ဆုံရပ်ဆိုသည်က ခြ ိန္နပင်အောက်က ဝါး ပျစ်လေး။ သည်ကွပ်ပျစ် ပေါ်မှာ ညအချိန်ဆိုလျှင် ကြီးသန်း ပြောပြသည့် ကို လမင်းတို့တစ်တွေ ောင်နေကျဖြစ်သည်။ နေ့ညတော့ သည်ကွပ် လေးမှာ လမင်းတို့ မ်းခုန်တမ်း ကစားကြ ကစားမည့် အစီအစဉ် သူ့အတွက် လိုအပ်နေ တာ တစ်ခုရှိနေသေး လမင်း အမေ့ရင်ခွင် ပုကယာတိုးဝှေ့ ထိုင် ပြီး အမေ့လည်ပင်း ာ်လိုက်ကာ....

'မေ့…သမီးကစားဖို့ လိုနေလို့'

အမေကပြုံးလျက်က နဖူးကို တစ်ချက်ငုံ့ ...

'ဘာလဲ၊ ထဘီယူဝတ် မဟုတ်လား၊ သွား တန်းမှာ လွှားထားတဲ့ ရှုံထဘီ အနီပွင့်လေးယူသွား၊ အဲ့ဒါလေးက သမီးအင်္ကျီအနီ လေးနဲ့ လိုက်တယ်၊ ကစား ရင်း ရန်မဖြစ်နဲ့ဦးနော်'

'ဝေး…'

လမင်းဝမ်းသာလွန်း လို့ 'ဝေး'ခနဲအော်မိသွား၏။

ပြောပြောဆိုဆို အခန်း ထဲမှ အမေ့ထဘီလေးကို ဝင်ယူပြီး အိမ်အပြင်ထွက်လာ ရင်း ကြိုးတန်းမှာ လှမ်းထား သည့် အညာစောင် အပါး လေးကိုပါ မနိုင်မနင်း ဆွဲယူ လျက် ခြံထိပ်က ပိန္နဲပင် အောက်သို့ ထွက်ခဲ့၏။ 'အင်း ဖိုးကျော်တစ်ယောက် လာ ဆော့ပါ့မလားမသိ' ဟု အအိပ်ကြီး၊ အစားကြီးပြီး ရက်တတ်သည့် ဖိုးကျော်ကို လမင်းတွေးပူနေမိသည်။ ရှိတာမှလေးယောက်၊ သူသာ မလာလျှင် လူနည်းနည်း လေးနှင့် ပျင်းစရာကြီးဖြစ်နေ မှာ သေချာသည်။

သည်နေ့ နေ့လယ် ကတမ်းခုန်တမ်း ကစားရန် ပြီးခဲ့သည့် အပတ်ကတည်းက လမင်းတို့ တိုင်ပင်ထားခဲ့ သည်။ ပြီးခဲ့သည့်အပတ်က လမင်းတို့နေသည့် ကျောက် ကုန်း မိုးကောင်းဘုရားပွဲ တော်တွင် လာကသည့် ခိုင် သဇင်အငြိမ့်ပွဲကို အဖေတို့ လိုက်ပြသဖြင့် လမင်းတို့ မောင်နှမတွေ ကြည့်ခဲ့ရဖူး သည်။ မင်းသမီး ခိုင်သဇင် ၏အက၊ အလှတွေကို လမင်း တို့ သဘောကျခဲ့သည်။ အဲ့ သည်အချိန်ကစပြီး လမင်းတို့ မောင်နှမတွေ အငြိမ့်ရူးရူးနေခဲ့ ပြီး ဒီတစ်ပတ် ပိတ်ရက်တွင် တော့ ကတမ်းခုန်တမ်း ကစား ကြရန် တိုင်ပင်ထားခဲ့ကြ သည်။

လမင်းထင်တာ လွဲနေ လေပြီ။ ခြံရှေ့ ပိန္နဲပင်အောက် က ဝါးကွပ်ပျစ်လေးဆီ ရောက်တော့ သူတို့အားလုံး ရောက်နေကြလေပြီ။ အိမက လည်း လမင်းလို ကြက် တောင်စည်းနှင့်၊ ပါးကွက်နှင့်၊ သူ့အရပ်ကျော်ပြီး ခြေဖျားမှာ ပုံကျနေသည့် ထဘီကို ရင် ခေါင်းတွင် ကပိုကရို တက် ချိတ်ကာ ဝတ်ထားလျက်။

ပိန္နဲရိပ်အောက်က ကွပ် ပျစ်လေးက နေပြောက်မရှိ၊ အေးမြလို့နေ၏။ ကိုကြီးယု က လမင်းလက်ထဲက အညာ စောင်ပါးလေးကို လှမ်းယူ လိုက်ပြီး စောင်အစွန်းလေး ကို ညွတ်ပဲ့ညွတ်ပဲ့နှင့် အိကျ နေသည့် ဝါးရုံကိုင်းလေးတွင် သူယူလာသည့် ဂုန်နီကြိုးဖြင့် ခြေဖျားထောက် ချည်ကာ နောက်ခံ ကန့်လန့်ကာလုပ် လေသည်။ ဖိုးကျော် အိမ်က ရေးယူလာသည့် ခဲတံဖြင့် စာလုံးခပ်ကြီးကြီးနှင့် မညီ မညာရေးထားသည့် ပြက္ခဒိန် စာရွက်ဆိုင်းဘုတ်ကို နောက်ခံ အညာစောင်တွင် တွယ်ချိတ်ဖြင့် ဝိုင်းတွယ်ကြ၏။ ပြက္ခဒိန် စာရွက်ပေါ်တွင် ရေးထား သည်က…

'လမင်းရွှေစင် အငြိမ့် ကပွဲ'

လမင်းက ကွပ်ပျစ်ပေါ် တွင် အမေပေးလိုက် သည့် ထဘီကို မနိုင်မနင်းဖြင့် ခါး တွင် အမြန်စည်းနေလေသည်။ ပြီးလျှင် ကွပ်ပျစ်ပေါ်တွင် ပုံ ကျနေသည့် ထဘီအဖျားကို ခြေဖြင့်အသာ စမ်းခတ်ကြည့် မိသည်။ အိမက လမင်းလုပ် နေသမျှကို စိတ်ဝင်တစား လိုက်ကြည့်နေ၏။

'မမလမင်း ညီမလေး လည်း မင်းသမီးလုပ်မှာနော်'

'အေးပါ အိမရယ် မမ တို့နှစ်ယောက်လုံးက မင်း သမီးလုပ်ရမှာပါ'

ပြောပြောဆိုဆို လမင်း က ယူလာသည့် လက်ထဲက နှုတ်ခမ်းနီဘူးကို ဖွင့်၍ အိမ ၏ မေးစေ့လေးကို မော့စေ ကာ နှုတ်ခမ်းနီ ဆိုးပေးလေ သည်။ တစ်ဖန် အိမကလည်း လမင်းကို ပြန်ဆိုးပေးလေရာ မဆိုးတတ်၊ ဆိုးတတ်နှင့်မို့ လမင်းနှုတ်ခမ်းအပြင်ကျော် လွန်၍ နှုတ်ခမ်းဆိုးဆေးများ နှုတ်ခမ်းတစ်ဝိုက်တွင် ပေကျံ လို့နေတော့၏။

'နင်တို့တွေ တော်တော် လှနေကြပါလား'

ကိုကြီးယုက လမင်းတို့ မိန်းကလေးနှစ်ယောက်ကို ပြုံးလျက်ပြောနေသည်ကို လမင်းတို့ကတော့ အမှန်တကယ် ချီးမွမ်းသည်ထင်နေ၍ ဝမ်း သာနေမိသည်။ အိမက သူတို့ ကိုကြည့်ပြီး တခွိခွိရယ်နေ သည့် ဖိုးကျော်ကို လှမ်းမျက် စောင်းထိုးလိုက်၏။

ဖိုးကျော်က ရဲရဲကစား သည့် အိုးစည်၊ လင်းကွင်း လေးနှင့် ရေတွင်းဘေးက တန်းမှာ တင်ထားသည့် ရေဖ လားကို ကွပ်ပျစ်အစွန်း သူ့၏ ပတ်ပတ်လည်မှာ နေရာချ ထားကာ လက်ထဲမှ တုတ်တို နှင့် တီးကြည့်နေသဖြင့် 'ပုံ ပုံ ပုံ'၊ 'ချွမ် ချွမ် ချွမ်'၊ 'ဒေါင် ဒေါင် ဒေါင်' အသံတွေ ဆူညံ လို့နေလေသည်။ ဖိုးကျော်၏ လက်စွမ်းပြသံတွေကြောင့် လမင်းရော၊ အိမပါ ကချင် သဖြင့် မရိုးမရွ ဖြစ်လာရ

www.burmeseclassic.com

သည်။

'မြန်မြန်လုပ်ပါတော့၊ ညီမလေး ကချင်နေပြီ'

အိမက လောနေသဖြင့် ကိုကြီးယုက....

'အေးပါ ခဏလေး၊ ပန်းသွားခူးလိုက်ဦးမယ်'

တစ်အောင့်နေတော့ ကိုကြီးယုက ခြံစည်းရိုးက ပုဏ္ဏာရိက်ပန်း အခိုင်လိုက်ကို သွားချိုးယူကာ စောင်အဖျားမှ အမြိတ်လေးများတွင် ပုဏ္ဏာရိက်ပန်း အခိုင်လေးတွေကို လိုက်ချည်နေ၏။ ပိုသည့် ပုဏ္ဏာရိက်ပန်းများကိုတော့ လမင်းနှင့် အိမတို့ခေါင်းပေါ်က ကြက်တောင်စည်းတွင် ပန်ပေးလေသည်။ သနပ်ခါးဖွေးဖွေး၊ နှုတ်ခမ်းနီနီနှင့် ကြက်တောင်စည်းတွင် ပုဏ္ဏာရိက်ပန်း နီနီရဲရဲ ဝေဝေဆာဆာနှင့် လမင်းတို့ အရမ်းလှနေသလို ခံစားမိသည်။ အိမကတော့ နှုတ်ခမ်းဆိုးဆေးပျက်မှာစိုးသဖြင့် သူ့ပါးစပ်လေးကို ဝလုံးလေးလိုဟထား၏။

ကိုကြီးယုက ပြည့်စုံသွားသည့် သူ၏အငြိမ့်စင်လေးနှင့် မင်းသမီးများကို ကြည့်၍ ကျေနပ်သွား၏။ ဖိုးကျော်၏ ဆိုင်းလက်သံကြား၍လားမသိ၊ အငြိမ့်ပွဲစချိန်မှာ အဖေနှင့်အမေက ရဲရဲကိုချီပွေ့လျက် အိမ်ထဲက ထွက်လာသည်။ ကြီးကြီးသန်းကလည်း အငြိမ့်အဖွဲ့ဆုချဖို့ဆိုပြီး သီးမွှေးငှက်ပျောသီး အဖီးလိုက် ယူချလာသည်။ ဖိုးကျော်၏ အဘွားကလည်း သင်ဖြူးယပ်တောင်လေး တဖျပ်ဖျပ် ခတ်ကာ ပြုံးကာရယ်ကာနှင့် ကွပ်ပျစ်ရှေ့ ရောက်လာသည်။ မထင်မှတ်ဘဲ အားပေးမည့် ပရိသတ်များ စုံသွားသည်မို့ လမင်းတို့အားလုံးပျော်သွားပြီး အငြိမ့်အစီအစဉ်ကို ကိုကြီးယုက စကြေညာပေး၏။

'လမင်းရွှေစင်အငြိမ့်မှ မင်းသမီး ရွှေလမင်းနဲ့ အိရွှေစင်တို့ စတင်ကပါတော့မယ် ခင်ဗျာ'

ကြေညာအပြီးမှာ ဖိုးကျော်၏ 'ပုံ ချွမ် ဒေါင်' ဆိုင်းလက်သံနှင့်အတူ အညာစောင်အကွယ်က ထွက်လာသည့် လမင်းတို့ကို ပရိသတ်များက လက်ခုပ်တီး ရယ်မောအားပေးကြ၏။ လမင်းနှင့် အိမက သူတို့ ဘွားအေကြီး ဆိုပြနေကျဖြစ်သည့် သီချင်းတစ်ပုဒ်ကို ဟန်ပါပါနှင့် သံပြိုင်ဆို၍ ထဘီခြေဖျားလေး ခတ်ကာ ခတ်ကာနှင့် တင်ပါးလေးကို နောက်ပစ်ပစ်လျက် ကွေးနေအောင် ကတော့၏။

*'ကျွန်မရုပ်ပုံကို ကြည့်ရန်မလို၊ ထမင်းအိုးဖင်ကို ကြည့်တော်မူပါ အစ်ကို.... ညည်းနဲ့မတန်ပေါင် ဆိုချင်ဆို၊ အသားလတ်လတ်နဲ့ လှကိုသာ ရှာယူမယ်အစ်ကို.... ဘိုကေတစ်ထောင်မှာ...တစ်ယောက်လောက်တော့...တစ်ယောက်လောက်တော့ စွဲကောင်းပါရဲ့.... ကျွဲမ...ကျွဲမ...ကျွဲမ... အသားညို...*

.... .... .... .... ....

.... .... .... .... ....'

❑

ကိုကိုက သားကို ကျူရှင်ကြိုပေးမယ်ဆို၍ ညနေရုံးအဆင်း နောက်တစ်နေ့ ထမင်းဘူးအတွက် ညနေဈေးမှာ လမင်းဈေးဝင်ဝယ်စဉ် 'အလုပ်ကိစ္စတွေ မပြတ်သေးလို့ သားကို ကျူရှင်သွားကြိုပေးပါ'ဟု ဖုန်းဝင်လာသဖြင့် ကားချက်ချင်းငှားကာ လမင်းတစ်ယောက် သားကျူရှင်ရှိရာကို အပြေးသွားကြိုရ၏။ အိမ်ပြန်ရောက်တော့ ကျောင်းစာအုပ်တွေ နှစ်ဒါဇင်လောက်ဖြင့် တနင့်တပိုးလေးနေသည့် သား၏ ကျောပိုးအိတ်ကြီးကို 'ဘုတ်ခနဲ' စားပွဲပေါ် ပစ်ချလိုက်သည်။

အိမ်မှာ အိမတို့မိသားစု အလည်ရောက်နေသည်ကို တွေ့ရ၏။ သူတို့ အိမ်ကကားခေတ်ဆီလာထည့်တိုင်း လမင်းတို့အိမ်နှင့် ခေတ်ဆီဆိုင်နီးသည်မို့ အခုလို ဝင်လည်နေကျဖြစ်၏။ အိမက အိမ်ထောင်စောကျသဖြင့် သူ့သားက လမင်း၏ သားထက် နှစ်နှစ်ကြီးလေသည်။ လမင်းသားက အခုသုံးတန်း၊ အိမသားက ငါးတန်းတက်နေလေပြီ။ လမင်း၏ သားတော်မောင်က သူ့ အစ်ကိုလက်ထဲက ပိုကီမွန်ကတ် တစ်ထပ်ကြီးကိုတွေ့ပြီး ဝမ်းသာအားရနှင့်....

'ဟာ ကိုပြည့် လန်းလှချည့်လား....သားတို့ ဂိမ်းအရင် ကစားမယ်၊ ပြီးမှ ပိုကီမွန်ကတ် ထပ်ကြမယ်နော်'

ပြောပြောဆိုဆို သူ့အစ်ကို လက်ကိုဆွဲပြီး ကွန်

ပျူတာရှေ့ ဂိမ်းဆော့ဖို့
တော့သည်။ သူတို့ ညီအ
လည်း လမင်းတို့ ငယ်
တုန်းကလိုပဲ ချစ်ကြသ

'အိမရေ ငါတို့ငယ်ငယ်
ဩဇာစေ့တွေ၊ ကုလာ
စည်းဒိုးတွေ ဥစ္စာခြောက်
သိမ်းသလိုပဲ၊ သူတို့က
အဲ့ဒီကတ်တွေကို တယု
သိမ်းနေကြတယ်၊ သူ
ဆော့တာကြည့်တော့ ဖဲ
နည်း မဟုတ်ပေမဲ့ ဒီ
တွေကို ဖဲချပ်တွေလို
ဖျပ်နဲ့ ရိုက်ဆော့နေတာ
ဟယ်၊ ငါဖြင့် နားကိုမ
နိုင်ဘူး'

'တူတူပါပဲ မမလ
ရယ်၊ တစ်နေ့တော့ အိ
ကောင် လွယ်အိတ်ကို
ကြည့်လိုက်မိပါတယ်၊
ကတ်တွေ ထွက်လာ
နည်းနည်းနောနော မဟုတ်
သူနိုင်လာတာဆိုပဲ၊ အ
မရ အဖတ်မရနဲ့ မုန့်ဖိုး
မုန့်မစားဘဲ ဖြန့်းတီး
လေ'

အိမက သူ့သာ
အတန်းကျောင်းတင်
အင်္ဂလိပ်စာ၊ တရုတ်စာ
သင်ခိုင်းထားသည်။

'သူ့အဘွားက သ
မျက်နှာ မှတ်တောင်
တော့ဘူးလို့ ညီမလေး
နေတယ်၊ ပြောလည်း
စရာ၊ တစ်နေ့တစ်နေ့
ပြီးကျူရှင်နဲ့ ညီမလေး
အလျဉ်မီအောင် လုပ်
တာ တစ်နေ့တစ်နေ့ လုံး
ချာလည် လိုက်နေတာ
မမလမင်းရယ်'

'ဟုတ်ပ အိမရေ
တုန်းက မိဘကို အိ
တောင်မှ ကူညီ



www.burmeseclassic.com

www.burmeseclassic.com

ယ်နော်၊ သူတို့မှာတော့
ဖို့ဝေးစွ၊ သူတို့ဟာနဲ့ သူတို့
ောင် အချိန်မလောက်ဘူး
ဖြစ်နေကြတာ'

ငယ်ရုပ်မပျောက်သေး
သည့် အပြုံးမျက်နှာနှင့် ပြော
နေသော အိမကို သည်နေ့
တ်၏ မိဘပီပီ လမင်းစာ
နားလည်ပေးနိုင်နေသည်။
ည်လောက် ပင်ပန်းနေတာ
ောင် မေးနှစ်ထပ်နှင့် ဝတို
သည့် အိမကိုကြည့်ပြီး
ငယ်တုန်းက ပိန်ပိန်နှင့်
င်းသန်သည့် မျက်နှာလေး
မြင်ယောင်နေမိသည်။
င်းတို့ ငယ်စဉ်ကလို
ဘာဝကျကျ လွတ်လပ်
ါးစွာ ဆော့ကစားခွင့်
သည်နေ့ ကလေးတွေမှာ
ော့ပေ။

လမင်းနဲ့အိမ ချိန်း၍
လတစ်ခေါက်လောက်
ညီအစ်ကိုနှစ်ယောက်
ိုက်ဆံပေးကစားရသည့်
ားကွင်းတွေဆီ ပို့ပေးရ
ည်။ ဝင်ကြေးတွေပေး၊
ကြွစေ့တွေ ဝယ်ယူပြီး
ာကစားရသည့် အီလက်
ရောနစ်ဂိမ်းတွေကို သူတို့
အစ်ကိုသာမက ကလေး
ခုံခုံမင်မင် ကစားကြ
ကို တွေ့နေရသည်။
လေးများကို လမင်းတို့
ငယ်ကလို မြေကြီးမှာ
တလူးလူးနှင့် ငြင်းခုံကာ
ရိုးရာ ကစားနည်းတွေ
ကစားစေချင်မိသည်။
လုံးဝါသနာပါသော်လည်း
င်းတို့နေသည့် တိုက်ခန်း
က်မှာ ဘောလုံးကန်ဖို့
ည်း ရပ်ထားသည့်
နှင့် ဘယ်လိုမှ မဖြစ်
သည်တော့ ဝါသနာပါ
သည့် ဘောလုံးကစားနည်း
ကို ပီအက်စ်တူးဟုခေါ်သည့်
ဂိမ်းမှာ သူတို့ ကစားကြ
သည်။ လမင်း၏ သားကိုယ်
တိုင်က ဘောလုံးကစားလို့
သူ့ခြေထောက် ဗွက်ပေမှာ
ကြောက်နေသူ ဖြစ်နေလေ
တော့ အခက်သားလား။

'ငါတို့ ငယ်ငယ်တုန်း
က ဘာအားဆေးမှ မလိုဘူး၊
စားလိုက် အိပ်လိုက်တာများ
ဘာပြောကောင်းမလဲနော်၊
အခု သူတို့ကျတော့ အားဆေး
တွေ တိုက်နေတာတောင်
ထမင်းကို မနည်းချော့ကျွေး
နေရတယ်ဟယ်'

လမင်းလည်း အိမကို
ညည်းပြောပြောမိသည်။
လမင်းနှင့်အိမတို့၏ သားနှစ်
ယောက်လုံး စာတော်ကြ
သည်။ သည်အရွယ်လေးတွေ
နဲ့ ကွန်ပျူတာ၊ အင်တာနက်
ဆိုတာတွေ သုံးတတ်နေပြီ။
သို့သော် အစားကောင်းကောင်း
မစား၊ အအိပ်အနေ နည်းကြ
၍ ကျန်းမာသန်စွမ်းမှု အား
နည်းကြသည်ဟု မြင်မိသည်။
လမင်းတို့ ကိုယ်တိုင်လည်း
ကလေးတွေကို ဟိုတုန်းက
သူတို့မိဘတွေလို အချိန်မပေး
နိုင်တော့။ မနက်ဆို ကလေး
က ကျောင်းကားပေါ်ရောက်
သည်နှင့် မိဘတွေကိုယ်တိုင်
လည်း အလုပ်ကို သုတ်ခြေ
တင်ရသည်။ စက်ရုပ်တွေလို
နိစ္စဓူဝ ကျင်လည်နေရသည့်
ဘဝမှာ သားသမီးတွေကို
အနီးကပ် အချိန်မပေးနိုင်တော့
သူတို့လေးတွေက ကျောင်း၊
ကျူရှင်ပြီးသည်နှင့် ကောင်
တာစထရိုက်တွေ၊ ဒိုတာဒုတ်
တာတွေ၊ ဂိမ်းဆိုင်တွေဆီသာ
စိတ်ရောက်ကုန်တော့သည်။

ကိုကြီးယု ကတော့
ကလေး ငယ်သေးတော့သည်
လို အတွေ့အကြုံတွေနဲ့ ရင်မ
ဆိုင်ရသေး။ အသက်လေး
ဆယ်နားနီးမှ မိန်းမငယ်ငယ်
နှင့် အိမ်ထောင်ကျပြီး သူ့
သားလေးက အခုမှ လေးနှစ်
သာသာ ရှိသေးသည်။ ကို
ကြီးယု သင်္ဘောမတက်ခင်
အိမ်လာလည်သွားတုန်းက…

'ငါတို့အိမ် ခုနစ်လွှာ
ပေါ်ရောက်ရင် အမောဆို့နေ
တာပါပဲ လမင်းရယ်၊ ငါ့
သားလေးကလည်း ငါတို့
ငယ်ငယ်တုန်းကလိုပဲ အရမ်း
ဆော့တာ။ ငါတို့မှာက နင်
သိတဲ့အတိုင်း လူခွဲလည်းမရှိ
ဘူး၊ တိုက်ခန်းထဲမှာဆိုတော့
ဟို ဆွဲ ဒီ ဆွဲနဲ့၊ ငါတို့ငယ်
ငယ်တုန်းက ရဲရဲတို့လို ခြံထဲ
လွှတ်လွှတ်လပ်လပ် လွှတ်ထား
ချင်တာ၊ သားကတစ်ယောက်
တည်း အဖော်မရှိတော့ ငါပဲ
ကူ ဆော့ပေးနေရတာပေါ့၊ သူ့
အမေကတော့ ငါသင်္ဘော
ပြန်တက်မှာတောင် စိုးရိမ်နေ
တယ်'ဟု ပြောသည်။

လမင်းတို့ ငယ်စဉ်က
အတူတကွ တပျော်တပါးဆော့
ကစားကြသည်။ ကလေး
အချင်းချင်း ကစားရင်း ငြင်း
ခုံကြသည်။ ရန်ဖြစ်လည်း
အငြိုးအတေးမရှိ။ အပြန်
အလှန် ခံစားချက်ရှိသည်။
တစ်ယောက်နှင့်တစ်ယောက်
အလျှော့ပေး၊ ညှိနှိုင်းကစား
ကြသည်။ အချိန်တန်ပြန်ခေါ်
ကစားကြရင်း တစ်ယောက်
နှင့်တစ်ယောက် ရင်းနှီးနွေး
ထွေးမှု ရှိလာသည်။

ယခုခေတ် ကလေးများ
၏ အီလက်ထရောနစ် ကစား
စက်များကတော့ ညှိနှိုင်းခွင့်
မရှိ၊ နွေးထွေးမှုမပေး၊ ဖန်တီး
ခွင့်မပေး၊ ခံစားချက်မရှိ။
မှတ်ဉာဏ်သွင်းထားသည့်
စက်နှင့်ကစားရသဖြင့် အနိုင်
ရလိုစိတ် လွန်ကဲလာကာ ထိုင်
ရာမထ ကစားရင်းကနေ
ကလေးများမှာ အတ္တစိတ်
များပါ ခိုတွယ်မှန်း မသိ ခို
တွယ်လာတော့သည်။

'သားရေ မေမေတို့ ပြန်
ကြစို့၊ နောက်နာရီဝက်လောက်
ဆို သားရဲ့တရုတ်စာသင်တဲ့
ဆရာမ ရောက်တော့မယ်၊
မမလမင်း ပြန်ဦးမယ်ဟာ၊
နောက်မှ တွေ့မယ်'

အိမက နှုတ်ဆက်ရင်း
က သူ့သားကို လှမ်းခေါ်
သည်။

'မေမေကလည်း မြန်
လိုက်တာ၊ သားတို့က ဒီမှာ
ပိုကီမွန်ကတ်တောင် မထပ်ရ
သေးဘူး'

ဂိမ်းကစားနေရာမှ မထ
ချင်ထချင် ထလာသည့် အိမ
၏သားကို လမင်း၏သားက
မျက်မှန်လေးပင့်ကာ အိမ်
တံခါးအထိ လိုက်ပို့ရင်း….

'ကိုကြီး အိမ်ရောက်လို့
အားရင် ညကျ အွန်လိုင်းပေါ်
တက်ခဲ့နော်၊ သားတို့ ဒိုတာ
ဆက်ခုတ်ကြမယ်'

လမင်းနှင့် အိမတို့ နှစ်
ယောက် တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်လိုက်မိရင်း
သက်ပြင်းကိုယ်စီချကာ ပခုံး
လေးတွေ ပြိုင်တူ တွန့်လိုက်မိ
ပါသည်။ စိတ်ထဲမှာတော့
'မေမေတို့ ငယ်ငယ်က ဘယ်
လိုကစားခဲ့တယ်ဆိုတာ သား
တို့ကိုပြလိုက်ချင်တယ် သား
တို့ရယ်'ဟု မချင့်မရဲသာ
ပြောနေမိရုံမှတစ်ပါး။ ။ ■

မြသွေးနီ



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြော အင်္ဂလိပ်ပြော (၄)

မောင်ခင်မင်၊ ဓနုဖြူ

ကုန်းဘောင်ခေတ်တွင် မြန်မာတို့သည် အင်္ဂလိပ်နှင့်ဆက်ဆံရသည်ကိုအကြောင်းပြု၍ အင်္ဂလိပ်ဝေါဟာရများကို မြန်မာ့အာလျှာနှင့်လိုက်ဖက်အောင် အသံဖလှယ်ခြင်း၊ မြန်မာဘာသာပြန်ဆိုခြင်းတို့ဖြင့် မြန်မာဝေါဟာရများ တိုးပွားလာကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်လက်အောက်သို့ ရောက်ပြီးချိန်တွင် ထိုအလေ့အလာများသည် ပို၍ တွင်ကျယ်လာပါသည်။ လုပ်ငန်းဆိုင်ရာ၊ ပညာရပ်ဆိုင်ရာနယ်ပယ်များတွင် မြန်မာဝေါဟာရများ တိုးပွားလာရာ အချို့ဝေါဟာရများမှာ ဝေါဟာရသစ်များ ပေါ်လာသည့်အတွက် တိမ်မြုပ်သွားသော်လည်း အချို့ဝေါဟာရများမှာ ယခုခေတ်တိုင် အသုံးတွင်နေဆဲဖြစ်သည်။

ဤနေရာတွင် သာဓကတစ်ခုကို မူတည်၍ ဖော်ပြလိုပါသည်။ မြန်မာတစ်နိုင်ငံလုံး အင်္ဂလိပ်ကိုလိုနီဖြစ်ပြီးနောက် နှစ် ၂၀ အကြာ ၁၉၀၆ ခုနှစ်တွင် အင်္ဂလိပ်လူမျိုးပညာရှင်တစ်ဦးက စာအုပ်တစ်အုပ် ပြုစုထုတ်ဝေသည်။ စာအုပ်အမည်မှာ The Burmese Manual (မြန်မာစကားလက်စွဲ)ဖြစ်ပြီး ရေးသည့်ပုဂ္ဂိုလ်မှာ အငြိမ်းစား အိုင်စီအက်အရာရှိ Mr.J.E. Bridges (မစ္စတာဘရစ်ဂျက်)ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် မြန်မာဘာသာစကားကို ခြေခြေမြစ်မြစ် လေ့လာပြီး ထိုစာအုပ်ကို ပြုစုခြင်းဖြစ်သည်။ ပြုစုသည့် ရည်ရွယ်ချက်မှာ အင်္ဂလန်တွင် မြန်မာဘာသာစကားလေ့လာနေကြသော I C S (Indian Civil Service) အိန္ဒိယပဋိညာဉ်ခံ ဝန်ထမ်းလောင်းများအတွက် အထောက်အကူဖြစ်စေရန်ဖြစ်သည်။ မစ္စတာဘရစ်ဂျက်သည် အောက်စဖို့တက္ကသိုလ်တွင် မြန်မာစာကထိကအဖြစ်ဆောင်ရွက်ကြောင်းလည်း အမှတ်အသားရှိသည်။ ထိုစာအုပ်မှာ အဓိကအားဖြင့် မြန်မာသဒ္ဒါဖြစ်သော်လည်း နောက်ဆက်တွဲတွင် အစိုးရဌာနများမှ အလုပ်အကိုင် ရာထူးအခေါ်များကို အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် အသေးစိတ်ဖော်ပြထားသည်ကို တွေ့ရပါသည်။ ထိုစာအုပ်ပေါ်ထွက်သည့် ခုနှစ်အရ လွန်ခဲ့သော အနှစ်တစ်ရာကတည်းက ထိုအခေါ်အဝေါ်များကို အတည်တကျ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

အခေါ်အဝေါ်များတွင် ဘုရင်ခံ...
ကစ၍ အုပ်ချုပ်ရေးရာထူး ...
အဝေါ်များကို အရင်ဖော်ပြပြီး ...
တော၊ အကောက်တော်၊ စာပို့...
ကြေးနန်း၊ စာရင်း၊ ငွေစက္ကူ၊ ...
ရာဇဝတ်၊ အကျဉ်း၊ ပုလိပ်၊ ရေကြော...
ပညာ၊ အထွေထွေ၊ နိုင်ငံခြား၊ ...
အလုပ်၊ သာသနာရေး၊ မြေတိုင်း...
သော ဌာနအသီးသီးမှ အခေါ်အဝေါ်...
ကို ဖော်ပြထားပါသည်။

Governor General (ဘုရင်ခံချုပ်...
Lieutenant Governor (ဘုရင်ခံ ...
သော အခေါ်အဝေါ်များမှာ ထိ...
ပုဂ္ဂိုလ် ၂ ဦးကို ခေါ်ဝေါ်သော အခေါ်...
အဝေါ်များဖြစ်သည်။ "အိန္ဒိယနိုင်ငံ...
ကို အစိုးရတော်မူသော ဘုရင်ခံချုပ်...
မင်းမြတ်၊ မြန်မာနိုင်ငံတော်ကို ...
အုပ်ချုပ်တော်မူသော ဘုရင်ခံမင်း...
အပြည့်အစုံ ဖော်ပြသည်။ (နောက်...
တွင် Lieutenant Governor ကို ...
ဘုရင်ခံ၊ Governor ကို ဘုရင်ခံဟု ...
သည်။)

Secretary (အတွင်းဝန်)၊ Priv...
Secretary (အပါးတော်မြဲအတွင်း...
Commissioner (ဝန်ရှင်တော်မင်းကြီး...
Deputy Commissioner (အရေးပိုင်...
Extra Assitant Commissioner (ခ...
Subdivisional Officer (နယ်ပိုင်...
ထောက်)ဟူသော အခေါ်များ...
ထိုစဉ်ကပင် သုံးနေပြီဖြစ်သည်...
ထိုအခေါ်များသည် နှောင်းခေတ်...
တွင်လည်း ဆက်လက် တွင်ကျယ်...
သည်။ (အပါးတော်မြဲ အတွင်းဝန်...
နောက်ပိုင်းမှာ "အတွင်းရေး အ...
ဝန်" ဟုခေါ်သည်။ ယခုခေတ်...
"ကိုယ်ရေးအရာရှိ" ဖြစ်နေပါပြီ...
"မြို့အုပ်"ကို Myook ဟုပင်မြန်မာ...
အတိုင်း သုံးသည်ကို တွေ့ရသည်...
Ranger (တောအုပ်)၊ Forester (...
ခေါင်း)ဟူသော သစ်တောဌာန အ...
များလည်း အသုံးတွင်ကျယ်သ...
Postmaster ကို "စာပို့တိုက်အုပ်...
ခေါ်သည်။ (ယခုခေတ်တွင်စာတိုက်...



www.burmeseclassic.com

www.burmeseclassic.com

…ဟုသုံးသည်။) Commissioner of …per Currency ကို 'ငွေစက္ကူဝန်'ဟု …သည်။ နောက်ပိုင်းတွင် ထိုအသုံး …တွင်တော့ပါ။

Chief Judge ကို 'လွှတ်တော် …ရားဝန်ကြီးချုပ်'ဟုခေါ်သည်။ လွတ် …ရေးခေတ်အထိ 'တရားဝန်ကြီး …'ဟူသော အသုံးကို ဆက်သုံးသည်။ …စဉ်ပါတီခေတ်ကစ၍ 'တရားသူ …ချုပ်'ဟု ပြောင်းသုံးပါသည်။ Ses…Judge ကို 'စက်ရှင်တရားသူကြီး' …ခေါ်သည်။ 'စက်ရှင်'ဆိုသော အခေါ် …ဝေါ်မှာ ဆက်လက်အသုံးတွင်ပါ …သည်။

Superintendent of Jail (ထောင် …)၊ Inspector General of Police (…တော်ဝန်ကြီး)ဟူသော အသုံးများ …ည်း တွင်ကျယ်ပါသည်။ Inspector … မြန်မာဘာသာမပြန်ဘဲ 'အင်စ …တော်'ဟု ထိုစဉ်ကပင် အသံလှယ် …ကြောင်းတွေ့ရသည်။ Port Officer … 'ရေဝန်'ဟုခေါ်သည်။ လွတ်လပ် …ခေတ်အထိ သုံးနေဆဲဖြစ်သည်။

ပညာရေးဌာနဆိုင်ရာ အခေါ် …ဝေါ်များတွင် Inspector of Schools (…ညာဝန်)၊ Deputy Inspector of …ools (ပညာအုပ်)ဆိုသော အခေါ် …ဝေါ်များ တွင်ကျယ်သည်။ Lecturer … 'စာပို့ဆရာ'ဟု မြန်မာပြန်သည်။ …ချသူဟူသော အဓိပ္ပာယ်ဖြစ်သည်။ …ာက်ပိုင်းတွင်မှ 'ကထိက'ဟူသော …သုံး တွင်ကျယ်လာသည်။

အစိုးရဘာသာပြန်ဌာနမှ Gover…r Translator ကို စာတော်ပြန်ဝန် …တော်၊ Archaeologist ကိုကမ္ပည်း …ကျောက်စာဝန်ဟု မြန်မာပြန်သည်။

President, Education Syndicate … ပညာမှုဆင်ဒီကိတ် ပြီစီဒင်အကြီး၊ …ဌ'ဟုခေါ်သည်။ 'ပြီစီဒင်'မှာ …ident ကို အသံလှယ်ထားခြင်းဖြစ် …ည်။ ဥက္ကဋ္ဌဟု အသုံးမတွင်သေးမီ …ဒင်'ဟု သုံးလေ့ရှိပါသည်။ Hon…y Magistrate ကို 'သူကောင်းဖြစ် ရာဇဝတ် တရားသူကြီး'ဟုခေါ်သည်။ Honorary ကို 'သူကောင်းဖြစ်'ဟု မြန်မာမှုပြုပုံမှာ မှတ်သားဖွယ်ပင်။

Political ကို နိုင်ငံခြားဌာနဟု မြန်မာပြန်သည်။ Political Officer (နိုင်ငံခြားအရေးပိုင်)၊ Southern Shan States (ရှမ်းပြည်ဒက္ခိဏဌာန)၊ Northern Shan States (ရှမ်းပြည်ဥတ္တရဌာန) ဟု မြန်မာပြန်သည်။ Adviser on Chinese Affairs (တရုတ်နိုင်ငံမှုမင်းတိုင်ပင်အရာရှိ)ဟူသော ထိုခေတ်ရာထူးအခေါ်တစ်ခုကိုလည်း တွေ့ရသည်။

Civil Surgeon ကို ဆရာဝန်၊ Hospital Assistant ကို သူနာရုံလက်ထောက်ဆေးဆရာဟု မြန်မာပြန်သည်။ 'သူနာရုံ'ဆိုသော အခေါ်အဝေါ်မှာ 'ဆေးရုံ'ဟူသော အခေါ်အဝေါ်မပေါ်မီက သုံးသော အခေါ်အဝေါ်ဖြစ်သည်။ ('သူနာတန်း'ဟုလည်း အသုံးတွေ့ရသည်။)

PublicWorks Department ကို အလုပ်ဌာနဟု မြန်မာပြန်သည်။ နောက်ပိုင်းတွင် 'ဆောက်လုပ်ရေးဌာန' ဖြစ်လာသည်။ Executive Engineer ကို 'အလုပ်ဝန်'ဟုပြန်သည်။ 'အင်ဂျင်နီယာ'ဟု အသံဖလှယ် မသုံးသေးပါ။ Overseer ကို လမ်းဗိုလ်ဟု မြန်မာပြန်သည်မှာ နောက်ခေတ်များအထိ အသုံးတွင်ကျယ်ပါသည်။

ခရစ်ယာန်ဘာသာဆိုင်ရာ Bishop, Archdeacon, Chaplain တို့ကို 'ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ကြီး၊ သင်းအုပ်ကြီး' ဟု ပြန်ဆိုထားသည်မှာလည်း အသုံးတွင်ပါသည်။ Survey Department ကို မြေတိုင်းဌာနဟု ပြန်ပါသည်။

ကိုလိုနီခေတ် အင်္ဂလိပ်အုပ်ချုပ်ရေး အခြေတကျရှိပြီးနောက် လွန်ခဲ့သော နှစ်တစ်ရာက ရာထူးအခေါ်အဝေါ်များကို အသံလှယ်ခြင်း၊ ဘာသာပြန်ခြင်း တို့ဖြင့် မြန်မာမှုပြုကာ 'မြန်မာပြော' ပြောကြသော သာဓကဖြစ်ပါသည်။

■

**မောင်ခင်မင်၊ဓနုဖြူ**

မြန်မာတစ်နိုင်ငံလုံး
အင်္ဂလိပ်ကိုလိုနီဖြစ်ပြီး
နောက်နှစ် ၂၀ အကြာ
၁၉၀၆ ခုနှစ်တွင်
အင်္ဂလိပ်လူမျိုး
ပညာရှင်တစ်ဦးက
စာအုပ်တစ်အုပ်
ပြုစုထုတ်ဝေသည်။
စာအုပ်အမည်မှာ
The Burmese Manual
(မြန်မာစကားလက်စွဲ)
ဖြစ်ပြီး
ရေးသည့်ပုဂ္ဂိုလ်မှာ
အငြိမ်းစား
အိုင်စီအက်စ်အရာရှိ
Mr.J.E. Bridges
(မစ္စတာဘရစ်ဂျက်)
ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com

# ထွက်ပေါက်

**ခင်သန္တာ**

၁။

'သမီးရေ ညီမလေး ငြိမ်း
ဘာမှ သတိမရတော့ဘူး။
သမီးတစ်ယောက်တည်းကိုပဲ
မေးနေတယ်။ မနက်ကျရင် လာခဲ့ပါဦး'
ဦးလေးရဲ့အသုဘ လိုက်ပို့ပြီး
နှစ်ရက်မြောက်ညမှာပဲ အဒေါ်အကြီးဆုံးက
ဖုန်းဆက်ခေါ်လာပါတယ်။ ဦးလေးဆိုတာ
အဒေါ်အငယ်ရဲ့ယောကျ်ားပါ။
ညီမလေး ငြိမ်းဆိုတာကတော့
အဒေါ်အငယ်ရဲ့ တစ်ဦးတည်းသောသမီး။
အမေ့ဘက်က တော်ကြတဲ့ အဒေါ်တွေပါ။
ကျွန်မအမေရဲ့အမျိုးရော၊ အဖေ့ဘက်မှာပါ
ယောကျ်ားလေးတွေ ပေါပါတယ်။
ဘောလုံးတစ်သင်းစာတော့ အသာလေး
ထောင်လို့ရတယ်။ မိန်းကလေးနည်းပါးတဲ့
ကျွန်မတို့ ညီအစ်မဝမ်းကွဲတွေက
ညီအစ်မအရင်းလိုပဲ ချစ်ခင်ကြပါတယ်။
အခု အဒေါ်ငယ်ရဲ့ယောကျ်ားက
အသက် ၅၀ ကျော်လေးမှာ ဆုံးတာဆိုတော့
အသက်မကြီးသေးဘူးလို့ ပြောရမှာပေါ့။
ညီမလေး ငြိမ်းတောင် ကျောင်းပြီးတာ
တစ်နှစ် မပြည့်သေးဘူး။
အမျိုးတွေအားလုံးက အဖေချစ်သမီး
ငြိမ်းအတွက် စိုးရိမ်တကြီးဖြစ်နေကြတာ။
မူးများလဲမလား၊ ငိုနေရင်း
သတိလစ်တော့မှာလားနဲ့။
ဒါပေမဲ့ အသုဘချတော့ ငြိမ်းပုံစံက
တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေး
ပါပဲ။ မီးမသင်္ဂြိုဟ်ခင် အခေါင်းကိုဖွင့်ပြီး
နောက် ဆုံးအနေနဲ့ သူ့အဖေအလောင်းကို
ကန်တော့ခိုင်းတော့ ငြိမ်းက မငိုတော့ဘဲ-
'အဖေ့တာဝန်ကျေပြီ။ စိတ်ချလက်ချ



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

သွားတော့၊ ကျန်တာတွေ သမီးတာဝန်ထား သမီး လုပ်နိုင်ပါတယ်' တဲ့။

သူ့အဖေမျက်နှာကို ကြည့်ပြီးပြောနေတာ ကျွန်မတောင် အံ့သြသွားတယ်။ 'ငါ့ညီမ တယ်ဟုတ်ပါလားပေါ့' အခုမှ ဘယ်လိုဖြစ်တာပါလိမ့်။

ဦးလေးရတဲ့ ဝန်ထမ်းအိမ်ရာက စက်ရုံဝင်းကြီး ဝင်ဝင်ချင်းမှာပဲ ရှိတယ်။ ကနားဖျင်းအောက်မှာ အမျိုးသမီးတွေ ဟိုနားတစ်စု၊ ဒီနားတစ်စုနဲ့ အလုပ်လုပ်နေကြတယ်။ ကြက်သွန်နွာသူ နွာ၊ ငါးအရိုးနှင်သူ နှင်နဲ့ ရက်လည်သပိတ်သွတ်အတွက် အလုပ်ရှုပ်နေကြတယ်။ အလုပ်ရှုပ်နေတဲ့ လူအုပ်ကြားထဲ ငြိမ်းတစ်ယောက်ကတော့ ကြောင်စီစီနဲ့ လူတွေကို လိုက်ကြည့်နေတယ်။ လမ်းလျှောက်တဲ့ ဟန်ကလည်း စက်ရုပ်တွေလိုပဲ။ အသိသာဆုံးက မျက်လုံး၊ အငြိမ်မနေဘဲ အကြည့်တွေကတစ်နေရာကနေ တစ်နေရာကို ရွေ့ကြည့်တာ မြန်လွန်းနေတယ်။ ကျွန်မ ဝင်သွားတော့ လှမ်းကြည့်ပြီး 'မမ လာတယ်'လို့ တစ်ခွန်းပြောတယ်။ ဘယ်သူ့ကို လှမ်းပြောနေမှန်းတော့ မသိဘူး။ ငြိမ်းနဲ့ စကားမပြောသေးဘဲ အဒေါ်တွေ အရင်မေးကြည့်ရတယ်။ ငြိမ်းမအိပ်တာ သူ့အဖေဆုံးတဲ့ ညကတည်းကတဲ့။ ဆေးခန်းသွားပြီး အိပ်ဆေးတိုက်တာလည်း မအိပ်၊ အိပ်ဆေးထိုးပေးတာတောင် မအိပ်ဘဲ တစ်ညလုံး ထိုင်နေတာတဲ့။

'အစားလည်း ဘာမှ ဟုတ်တိပတ်တိ မစားဘူး သမီးရယ်။ သူ့အဒေါ်တွေ ဦးလေးတွေကိုလည်း မမှတ်မိဘူး။ ဒေါ်လေးကိုတောင် အမေ ဟုတ်လို့လားနဲ့ မေးနေတယ်။ ယောကျ်ားက ဆုံး၊ သမီးက ရူးနဲ့ ဒေါ်လေးတော့ သေသာ သေချင်တော့တာပဲ'

ကျွန်မကိုလည်း မြင်ရော အဒေါ်အငယ်က ငိုသံပါနဲ့ ပြောတော့တာပဲ။

'ဒေါ်လေးကလည်း ငြိမ်းကို ရူးတယ်လို့ မပြောပါနဲ့။ ဘာဖြစ်တယ်ဆိုတာ ဒေါ်လေး သေချာ သိသေးတာလည်း မဟုတ်ဘဲနဲ့၊ အလကား ပတ်ဝန်းကျင်ကကလေးကို အထင်လွဲအောင် လျှောက်ပြောမနေနဲ့။ သမီး ငြိမ်းနဲ့ စကားပြောကြည့်ဦးမယ်'

ကျွန်မ ဒေါ်လေးကို ပြောပြီး ငြိမ်းဆီကို ထွက်ခဲ့လိုက်ပါတော့တယ်။

❑

၂။

'ငြိမ်း ဘာတွေလုပ်နေတာလဲ' နှုတ်ဆက်စကားလည်း မကျ၊ အမေးဝါကျလည်း မဟုတ်တဲ့ စကားတစ်ခွန်းနဲ့ ကျွန်မ ငြိမ်းကို စကားစလိုက်ပါတယ်။

'မျက်နှာသစ်တဲ့ ဆပ်ပြာကို လက်ဆေးနေကြလို့ သိမ်းထားမလို့ လုပ်နေတာ'

လက်ထဲက အမွှေးဆပ်ပြာခဲကို ကိုင်ရင်း ကျွန်မကို ငြိမ်းက စကားပြန်ပါတယ်။

'မျက်နှာသစ်တဲ့အချိန် မျက်နှာသစ်ဆပ်ပြာ၊ လက်ဆေးတဲ့အချိန် လက်ဆေးဆပ်ပြာပေါ့ ငြိမ်းရဲ့။ ဘာကွာလို့လဲ'

ကျွန်မရဲ့စောဒက တက်သံအဆုံးမှာ ငြိမ်းက-

'အဲဒီလို ရောပြီး သုံးတာ အဖေက မကြိုက်ဘူး' တဲ့။

'ဒြော် အဖေက မကြိုက်ဘူးလား'

ငြိမ်းရဲ့ စကားအတိုင်း ကျွန်မ သံယောင်လိုက်လိုက်ပါတယ်။

'မမကို ငြိမ်း ပြောစရာရှိတယ်'

လေသံကို နိမ့်လိုက်ပြီး ပတ်ဝန်းကျင်ကိုလည်း တစ်ချက် အကဲခတ်သလို ငြိမ်းက ကြည့်လိုက်ပါတယ်။ သူ့ပုံစံက တစ်ခုခုကို လျှို့ဝှက်ပြီး ပြောတော့မလို၊ လုပ်တော့ မလို ပုံစံလေးနဲ့ပါ။

'အင်း ပြောလေ ငြိမ်းရဲ့' ကျွန်မက စိတ်ဝင်စားတဲ့ပုံနဲ့ ပြောလိုက်ပါတယ်။ ငြိမ်းက ပတ်ဝန်းကျင်ကို စိတ်မချသလို လုပ်နေပါသေးတယ်။ ခပ်လှမ်းလှမ်းက ကျွန်မတို့ကို ကြည့်နေတဲ့ အမျိုးသားကိုလည်း ငြိမ်းက ရှိစေချင်ပုံ မရတာနဲ့ ကျွန်မကပဲ 'ငြိမ်းရေ ငြိမ်းအခန်းထဲမှာ သွားပြောကြရအောင်'လို့ အရင် ပြောလိုက်ပါတယ်။ သဘောကျသလိုပုံစံမျိုးနဲ့ 'ဟုတ်တယ် မမ လာ'ဆိုပြီး ကျွန်မလက်ကို ဆွဲသွားပါတော့တယ်။ အခန်းထဲရောက်တော့ ငြိမ်းက ကျွန်မနဲ့ မျက်နှာချင်းဆိုင် ထိုင်ချလိုက်ပြီး 'မမရေ အခု အမေဆိုတာလေ ငြိမ်းအမေ မဟုတ်ဘူး။ အဲဒါ ငြိမ်းရဲ့ အစ်မ သိလား'

'အဘိုးဆုံးတော့ ဒေါ်လေးက ငါးနှစ်သမီးပဲ ရှိသေးတယ်။ အဘွားက လည်း နောက်အိမ်ထောင် ထပ်မပြုဘဲနဲ့ ဘယ်လို ငြိမ်းရဲ့အစ်မ ဖြစ်နိုင်မှာ ကျွန်မကလည်း သူ့စကား ဆုံးအောင် မစောင့် ချက်ချင်း ဖြေရှင်းလို တယ်။

ငြိမ်းက ခဏ ငြိမ် ပြီး-

'ဟုတ်တယ် မှား လို့ အဲဒါ ငြိမ်းအမေ၊ အ တယ်ဆိုတာက ငြိမ်းအ မဟုတ်တာ။ အဲဒါကို သိလား'

'ဒါဆို ငြိမ်းအ ဘယ်သူလဲ' ငြိမ်းရဲ့ အ စကားကို ကျွန်မက အမေးနဲ့ပဲ တုံ့ပြန်လို တယ်။ ငြိမ်း ချက်ချ အဖြေပြန်ပေးပါတယ်။

'ဘာဘလေ မမရဲ့'

ငြိမ်း အဖြေစ ကြောင့် ကျွန်မဆံပင် ထောင်သွားသလို ခံစား ရပါတယ်။ သူတို့ ဝန် အိမ်ရာတွေရဲ့ အခန်းခွဲ ပုံက ပျဉ်ပါးပါး တစ်ချ ခြားတာမို့ အခန်းအပြ ကပ်ထိုင်နေတဲ့ အဒေါ် ဦးလေးတွေများ ကြ ပြီလားလို့ ကျွန်မ သွားပါတယ်။ ပြီးတော့ ပြောတာ တကယ်မှ လို့လည်း သံသယ ပါတယ်။ ငြိမ်းကတော့ ပြုံးလေး ကျွန်မကို ကြည့် နေပါတယ်။ ငြိမ်း တဲ့ ဘာဘဆိုတာ အဖေ ဖြစ်နေလို့ပါပဲ။

❑

၃။

ညီအစ်မနှစ် ခဏ စကားစပြ



www.burmeseclassic.com

www.burmeseclassic.com

…တယ်။ ကျွန်မလည်း ငြိမ်း …ကို ဘာပြန်ပြောရမလဲဆိုတာ …ကာ ငြိမ်းပြောတဲ့ စကား …ကယ်ဟုတ်နိုင်၊ မဟုတ်နိုင် …တာကိုပဲ စဉ်းစားနေမိ …တယ်။ ငြိမ်း အခုလို ဖြစ် …တာရဲ့ အဓိက ပြဿနာက …လဲဆိုတာ ကျွန်မလည်း …ချမသိပါဘူး။ သူ့အဖေ …သွားလို့ စိတ်ကယောက် …ယက် ဖြစ်တာနေမှာလို့ပဲ …မှန်းမိပါတယ်။ အမှန် …ပြောရရင် ကျွန်မတစ် …တက်တည်းကိုပဲ ငြိမ်းက …နေတာကို ကျေနပ် …လို့ ဖြစ်မိပါတယ်။ …ကြောင့် ငြိမ်းကို ပုံမှန်အသိ …ရောက်အောင် ကျွန်မ …ပေးနိုင်မယ်လို့ထင်နေပါ …။ ကျွန်မနဲ့ စကားတွေ …ရင်း သတိပြန်ရလာနိုင် …ပေါ့။ ငြိမ်သက်မှုကို …တာ အရင် ဖြိုခွင်းလိုက် …တယ်။

'ဘာနဲ့ မေမေနဲ့ ရတဲ့ …က ငြိမ်းပေါ့'

'…'

'အင်း ဒါဆို ငြိမ်းနဲ့ မမ …ညီအစ်မအရင်းတွေ ဖြစ် …'

'…'

'ဒါပေမဲ့ မမက မေမေ …တူနေတယ်နော်'

'…'

'စက်ရုံမှူးကြီး ပြော …ဟုတ်တယ်'

တစ်ယောက်တည်း …တဲ့ ငြိမ်းက နောက်ဆုံး …ကို ဆုံးအောင် ဆက် …တော့ဘဲ ရပ်လိုက်ပါ …။ မျက်လုံး နှစ်ဖက် …လည်နေပြီး ကျွန်မ …ကြည့်နေပါတယ်။

သူ့အကြည့်တွေရယ်၊ နားစိမ်းနေတဲ့ သူ့ရဲ့စကားလုံးတွေရယ်ကြောင့် ကျွန်မစိတ်ထဲ တစ်မျိုးချည်း ခံစားလာရပါတယ်။ တစ်ခုခုတော့ ပြန်ပြောမှ ဖြစ်မယ်လို့ တွေးမိပြီး-

'ငြိမ်းနဲ့ မမက တစ်ဝမ်းကွဲဖြစ်တာတောင် ချစ်ကြတာပဲ၊ အခု ညီအစ်မအရင်းဆိုတော့ ပိုကောင်းတာပေါ့'

လို့ ပြောမိပြောရာ ပြောလိုက်ပါတော့တယ်။

'အဲဒါ လက်ခံတယ်နော်။ မမက ငြိမ်းရဲ့အစ်မကြီးပဲ၊ ဒါဆို ငြိမ်းနဲ့ မေမေရဲ့ တာဝန်တွေကို မမက ဆက်ပြီး ယူတော့ ရပြီ'တဲ့။

ငြိမ်းက ဝမ်းသာအားရ အသံနဲ့အော်ပြီး မျက်နှာကလည်းပြုံးလာပါတယ်။ မျက်လုံးတွေကလည်း အရောင်တောက်လာပါတော့တယ်။ ဒီတော့မှ ငြိမ်းဘာဆိုလိုချင်မှန်း ကျွန်မ သိလိုက်ပါတော့တယ်။ ငြိမ်းအဖေ ဆုံးတဲ့အချိန်တုန်းက အဒေါ်အလတ်က ကျွန်မကို ဖုန်းဆက်လာပါတယ်။ ဦးလေးနေတဲ့အိမ်က ကျွန်မနေတဲ့နေရာနဲ့ ပိုနီးတာမို့ အသုဘအိမ်ကို ကျွန်မတို့ဇနီးမောင်နှံက အရင်ဆုံးရောက်သွားကြပါတယ်။ ကျွန်မတို့ရောက်သွားတဲ့ အချိန်မှာ အလောင်းကို ရေချိုးပြီးခါစ၊ အလောင်းပြင်ဆင်ပြီး နာရေးကူညီမှုအသင်းက ကားကို စောင့်နေကြပါတယ်။ အဲဒီအချိန် ဦးလေးတို့ရုံးက စက်ရုံမှူးကြီးက ရောက်လာပါတယ်။ ကျွန်ရစ်သူမိသားစုအတွက် ဘာတွေလိုအပ်လဲ လာမေးတာပေါ့။

ဦးလေးက ဆေးဝါးထုတ်လုပ်ရေး စက်ရုံကြီးတစ်ခုမှာ အားကိုးရတဲ့ အင်ဂျင်နီယာ တစ်ယောက်ပါ။ ညနေရုံးအဆင်း အိမ်ပြန်ရောက်ပြီး မကြာခင်မှာဘဲ ခေါင်းမူးတယ်ဆိုပြီး ငြိမ်းက ပွေ့ထားတုန်း သူ့လက်ထဲမှာတင် သူ့အဖေက အသက်ထွက်သွားတာပါ။ ဦးနှောက်သွေးကြောပြတ်ပြီး ရုတ်တရက် သေဆုံးသွားတာ ဆိုတော့ မနက်ကမှ စက်ရုံမှာ အတူအလုပ်လုပ်ခဲ့ကြတဲ့ ဝန်ထမ်းတွေကလည်း မယုံနိုင်ဖြစ်ပြီး ရောက်လာကြပါတယ်။

အဲဒီမှာ စက်ရုံမှူးဆိုသူက ကျွန်မကို ကြည့်ပြီး အဒေါ်အငယ်ကို လှမ်းပြောပါတယ်။

'သြော် သမီးကြီးက ဒီအရွယ်ရှိနေပြီပဲ။ အားကိုးရပါပြီ။ အစ်မကြီး သိပ်လည်း အားမငယ်ပါနဲ့'

'သူက တူမပါ စက်ရုံမှူးကြီး၊ ကျွန်မ အစ်မအကြီးဆုံးက မွေးတာ။ သမီးက ဒီတစ်ယောက်တည်းပါ'

အဒေါ်အငယ်က ငြိမ်းကို လှမ်းဖက်လိုက်ရင်း ရှင်းပြနေပါတယ်။ စက်ရုံမှူးကြီးက-

'တူမက အစ်မကြီးနဲ့ တော်တော်တူတာပဲ။ သားအမိဆို ယုံတယ်၊ သမီးကမှ တူမနဲ့ တူနေသေးတယ်'တဲ့။

အဲဒီနေ့က ပြောခဲ့တာတွေကို ငြိမ်းစိတ်ထဲမှာ စွဲသွားပြီး ကျွန်မသာ တကယ် သူ့အစ်မကြီးဖြစ်ခဲ့ရင် နောက်ဆက်တွဲ ဖြေရှင်းရမယ့် မိသားစုအရေးကိစ္စတွေအတွက် ကျွန်မအပေါ် ပုံချ

အားကိုးလိုက်ချင်တာနေမှာပါ။ ငြိမ်း အခုလိုဖြစ်နေတာက တာဝန်ယူချင်တဲ့စိတ်ကြောင့်လား၊ တာဝန်ယူရမှာ စိုးတဲ့စိတ်ကြောင့်လားလို့ ငြိမ်းကိုကြည့်ရင်း ကျွန်မ တွေးမိနေပါတယ်။

❑

၄။

ဦးလေး ရက်လည်တဲ့နေ့ ငြိမ်းဆီ ကျွန်မ ရောက်သွားတော့ သူ့မှာ ပြောစရာတွေ ကျန်နေသေးတယ်လို့ ဆိုပါတယ်။ ကျွန်မအလာကို စောင့်နေတဲ့ပုံပါပဲ။ ကျွန်မ ရောက်ရောက်ချင်းပဲ ငြိမ်းက-

'မမကို ငြိမ်း လိမ်ထားတာရှိတယ်'

'ဘာတွေများ လိမ်ထားတာလဲ ပြောပါဦး'

ကျွန်မရဲ့ အလိုက်သင့် အပြော။

'မမက ငြိမ်းမှာ ချစ်သူရှိပြီလားလို့ G.T.C ပထမနှစ်တုန်းက မေးတယ်လေ။ ငြိမ်းက မရှိသေးပါဘူးပြောခဲ့တာ မှတ်မိလား။ အဲဒါ ငြိမ်းလိမ်တာ။ အဲဒီတုန်းက တည်းက ငြိမ်းမှာ ချစ်သူရှိနေပြီ'

အထူးလျှို့ဝှက်ချက်ကို ထုတ်ပြောနေတဲ့ အလား ငြိမ်းက ခေါင်းလေးစောင်းပြီး ပြောနေပါတယ်။

'မမလည်း ငြိမ်းအရွယ်တုန်းက လူကြီးတွေက မေးလာရင် အဲဒီလို လိမ်ပြောခဲ့တာပဲ။ လိမ်ပေါ့ ငြိမ်းရဲ့ ဘာဖြစ်လဲ၊ သူတို့ကို လေးစားသမှုနဲ့ လိမ်တာလို့ သဘောထားလိုက်'

ဖေးဖေးမမ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com

ပြောပေမဲ့လည်း ငြိမ်းက တော့-

'ဒါဆို မမကို ငြိမ်း မကျေနပ်တာတွေ ရှိသေးတယ် ပြောမယ်ရလား'တဲ့။ ကျွန်မက အမူအရာနဲ့ပဲ 'အို ကေ' ဆိုတဲ့ပုံ လုပ်ပြလိုက်ပါတယ်။

'ငြိမ်းလိုချင်တယ် ပြောလို့ မမ ပေးလိုက်တဲ့ ကွာတား ဂျင်းဘောင်းဘီလေးလေ အဲဒါ ပေးလိုက်ကတည်းက အိတ်ကပ်မှာ ချုပ်ရိုးတွေ ပြုတ်နေတယ်'

'မမ သတိမထားလိုက်မိဘူး။ ဟုတ်မှာပေါ့ အသစ်မှ မဟုတ်တော့တာ၊ ငြိမ်းကြိုက်တယ်ဆိုလို့ ပေးလိုက်တာ'

ကျွန်မရဲ့ ဝန်ခံစကားကြောင့် ခဏငြိမ်သွားပါတယ်။ ပြီးမှ-

'ငြိမ်းကို အဒေါ်တွေ၊ ဦးလေးတွေက မမနဲ့ ယှဉ်ပြီး ပြောကြတာ၊ ဆုံးမကြတာကို မခံချင်ဘူး၊ မကြိုက်ဘူး'

'ကိုယ့်ကို သူများနဲ့ နှိုင်းယှဉ်ပြောတာ မမဆိုလည်း ဘယ်ကြိုက်မှာလဲ၊ မခံနဲ့ပေါ့ ငြိမ်းရဲ့၊ ငြိမ်းမှာလည်း ကိုယ့်အရည်အချင်းနဲ့ ကိုယ်ပါလို့ ပြန်ပြောလိုက်'

သူပြောသမျှ မဆန့်ကျင်တဲ့ ကျွန်မကို မကျေနပ်သလို ကြည့်နေပါတယ်။ အဲဒီအချိန် တံခါးပေါင်ပေါ်က အိမ်မြှောင်တစ်ကောင်က စုတ်ထိုးလိုက်ပါတယ်။ ငြိမ်းက မော့ကြည့်လိုက်ပြီး-

'အဲ့ဒီ အိမ်မြှောင်လေးက ဖေဖေလေ ဒီနေ့ ရက်လည်ဆွမ်းကပ်လုပ်လို့ ရောက်နေတာ'တဲ့။ ဒီတစ်ခါတော့ ငြိမ်းရဲ့ မှတ်ချက်ကို ကျွန်မ မထောက်ခံတော့ပါဘူး။ ခေတ်ပညာတတ်တစ်ယောက်ဖြစ်တဲ့ ညီမကို ကြောင်းကျိုးဆက်စပ်ပြီး အကျယ်တဝင့် စကားတွေပြောနေမိပါတယ်။ ငြိမ်းက ကျွန်မ မျက်နှာကိုပဲ ကြည့်နေတာမို့ သူစိတ်ဝင်တစား နားထောင်နေတယ်လို့ပဲ ထင်မိတာပါ။ ကျွန်မတို့တွေက စားပွဲဝိုင်းအပုလေးပေါ်မှာ ကြက်သွန်လှီးသူလှီး၊ အချိုပွဲ ပြင်သူပြင်နဲ့ လုပ်နေကြရင်း စကားပြောနေတာပါ။ ကျွန်မနဲ့ ငြိမ်းက မျက်နှာချင်းဆိုင် ထိုင်နေပါတယ်။ ကျွန်မဘေး ကပ်လျက်မှာ ထိုင်နေတဲ့ ကောင်မလေး တစ်ယောက်က-

'အစ်မရေ ငြိမ်းလက်မှာ သွေးတွေ၊ သူ့လက်ကို သူ ဓားနဲ့ လှီးနေတာ၊ လုပ်ပါဦး'လို့ အော်လိုက်တော့မှ ကျွန်မလည်း ကျွန်မရဲ့ တရားကို ရပ်လိုက်ရပါတော့တယ်။

❑

၅။

ငြိမ်း စဖြစ်တဲ့ရက်ကတည်းက စိတ်ကျန်းမာရေးဆေးခန်းမှာ ပြကြည့်ဖို့ ဦးလေးတွေ၊ အဒေါ်တွေကို ကျွန်မ အမျိုးသားက အကြံပေးခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျွန်မကတော့ ကျွန်မနဲ့ စကားပြောကြရင်း ပြန်သတိရလာမှာလို့ ကိုယ့်ကိုယ်ကို အထင်တကြီးနဲ့ ယုံခဲ့မိပါတယ်။ ပြီးတော့ အဲဒီလို ဆေးခန်းတွေကို ပြလိုက်ရရင် ပတ်ဝန်းကျင်က ကျွန်မ ညီမကို အရူးလို့ မြင်သွားကြမှာလားလို့လည်း စိုးရိမ်တာ ပါပါတယ်။ အခု အဖြစ်အပျက်ကို မြင်လိုက်ရတော့မှ ကျွန်မ လန့်သွားပါတယ်။ စိတ်ရောဂါ ကျွမ်းကျင်သူတွေနဲ့ ပြဖို့ လိုပြီဆိုတာကိုလည်း လက်ခံလိုက်ရပါတော့တယ်။ ငြိမ်းရဲ့ ရောဂါက စိတ်ဖိစီးမှု အပြင်းစားလို့ ပြောရမှာပေါ့။ သူ မမှတ်မိချင်တဲ့ အရာတွေ မှတ်မထားဘဲ မှတ်မိချင်တာတွေကျတော့ အသေးစိတ်က အစ မှတ်မိနေပြန်ရော။ ဆေးခန်းရောက်သွားတော့ အလှည့်ကျဖို့ စောင့်နေချိန်မှာ ငြိမ်းအနားက ကောင်မလေး တစ်ယောက်ကို ငြိမ်းက အရင် စပြီး နှုတ်ဆက်နေပါတယ်။ အဲဒီ ကောင်မလေးက သူ့အမေကို ဆေးခန်းလာပြတာပါ။ သူက ငြိမ်း နှုတ်ဆက်တာကို ရုတ်တရက် မမှတ်မိဖြစ်နေတယ် ထင်ပါတယ်။ ငြိမ်းက-

'သူငယ်တန်းကနေ ငါးတန်းထိ ကမာရွတ်မှာ အတူတူ တက်ခဲ့ကြတာ၊ A ခန်းက အဆင့်တစ်ဆယ်ထဲမှာ နှစ်ယောက်စလုံးရှိနေကြတာလေ၊ နင် မမှတ်မိဘူးလား'ပါတဲ့။ အဲဒီတော့မှ ဟိုကောင်မလေးက သူ့ကို မှတ်မိသွားပါတယ်။

ဆရာဝန်ကြီးနဲ့ စကားပြောကြည့်တော့လည်း ငြိမ်းက နည်းပညာတက္ကသိုလ်မှာ သင်ကြားခဲ့ရတဲ့ ဘာသာတွဲတွေ၊ စာတွေကိုပါ ကောင်းကောင်း မှတ်မိနေပါတယ်။ ဆေးကုသမှု ခံယူပြီး သုံးလလောက် အကြာမှာတော့ ငြိမ်း တစ်ယောက် အရာအားလုံးကို ပုံမှန် ပြန်ဖြစ်သွားတော့ပါတယ်။ ပုံမှန်ဖြစ်ပြီး မကျန်

ခဲ့တာက ကျွန်မပါ။ ငြိ[...]
ပြန်နေကောင်းလာတော့ [...]
နေမကောင်းစဉ်က ပြော[...]
စကားတွေကို မမှတ်မိ[...]
ပါဘူး။ ကျွန်မကတော့ [...]
ပြောခဲ့သမျှကို တကယ်[...]
စိတ်မှာထင်နေပြီး အကြ[...]
အရာတွေနဲ့ သူ့အမူအရာ[...]
ကို မပျောက်နိုင်ဖြစ်[...]
တယ်။ အတွေးထဲမှာ[...]
တစ်ချိန်လုံး ရှိနေပါ[...]
တယ်။ ကျွန်မ အမျိုးသား[...]
တောင် နေ့ခင်းဘက်[...]
ရုံးကနေဖုန်းဆက်ပြီး '[...]
အကောင်းအတိုင်း [...]
သေးတယ်နော်'လို့ [...]
တတ်ပါတယ်။ ငြိမ်း[...]
ကျွန်မတို့တွေ ကျန်းမာ[...]
ဗဟုသုတ နည်းခဲ့ကြ[...]
စိတ်ကျန်းမာရေးဆေးခ[...]
သွားပြဖို့ အမျိုးသား[...]
တွန်းခဲ့တာကို လက်[...]
ကြပါဘူး။ အချိန်နည်[...]
ကြာလို့ မရနိုင်မှန်း သိ[...]
မှ သွားခဲ့ကြတာပါ။ စိတ်[...]
မာရေး ဆေးခန်းလို့ဆို[...]
ရင် စိတ်ပေါ့သွပ်တဲ့သူ[...]
လွယ်ပြောကြရင် ရူးမှ [...]
ကြတယ်လို့ ထင်ခဲ့မိ[...]
အဲဒီလိုသွားပြရတာကို[...]
ရှက်စရာလို့ ထင်နေ[...]
ပါတယ်။

တကယ်တော့ [...]
မှာ စိတ်ကျန်းမာဖို့က [...]
ကြီးပါတယ်။ စိတ်[...]
များတဲ့အခါ၊ အိပ်မပျော်[...]
များလာတဲ့အခါ၊ မလို[...]
ထိတ်လန့်တုန်လှုပ်မှု[...]
ကြတဲ့အခါ၊ အတွေး[...]
အလွန်အကျွံ တွေးဖြ[...]
အခါ၊ လိုတာထက် [...]
တွေကို သံသယ [...]
လာတဲ့အခါ စိတ်[...]



www.burmeseclassic.com

...ကို ထိနိုက်လာပြီလို့ ...တ်မှတ်လို့ရပါတယ်။ ဒီလို ... စိတ်ကျန်းမာရေး ဆေး ...တွေကို သွားပြပြီး ကျွမ်း ...ျင်သူတွေနဲ့ ဆွေးနွေးတိုင် ...သင့်ပါတယ်။ အဲဒီလို ...ိုင်ပင်ရတာကို ရှက်စရာ ...တ်ဘူးဆိုတာလည်း သိ ...သင့်ပါတယ်။ ဒါတွေ ...တော့ ငြိမ်းနဲ့ပတ်သက်ပြီး ... ရခဲ့တဲ့ ကျန်းမာရေး ...သုတနဲ့ ကျန်းမာရေး ...တွေပါ။

❑

၆။

'ကိုယ့်ကိုယ်ကို De-...ion ဝင်နေတယ်လို့ ...လိုသိတာလဲ၊ ဘယ်လို ... ခံစားနေရတာကို De-...on လို့ ခေါ်တာလဲ။ ...ပါဦး၊ တကယ် မသိ ...'

...နားလည်နိုင်ဖို့ ခက်ခဲ ... နိုင်ငံရေး အလှည့် ...ပြောင်းတွေကြား တာဝန် ...ကြီးကို ယူထားရတဲ့ ... အမျိုးသားက အလုပ်နဲ့ ...သက်တဲ့ စိတ်ဖိစီးမှုတွေ ... မခံနိုင်တော့လို့ဆိုပြီး ...ပ်က ထွက်လိုက်ပါ ...။ ပေးအပ်ခံထားရတဲ့ ...ထူးအရ လွယ်လွယ် ...ခွင့်ရခဲ့တာ မဟုတ်ပါ ... အကြိမ်ကြိမ် တောင်း ...နည်းပရိယာယ် အနည်း ...တောင် သုံးခဲ့ရပါသေး ...။ ဒီလို ခက်ခက်ခဲခဲ ...ထားရတဲ့ အလုပ်ကနေ ...တွေပြီးဆုံးသွားချိန်ထိ ... စိတ်ဖိစီးမှုတွေက ရှိနေ ...တယ်။ ကိုယ်မလုပ် ...တဲ့ အလုပ်ကို မလုပ် ...တဲ့အခါမှာ ပျော်ပျော်ရွှင်ရွှင်ရှိနေသင့်ပြီလို့ ကျွန်မက တွေးထင်သူပါ။ ဒါပေမဲ့လည်း မကြည်လင်တဲ့ သူ့အမူအရာတွေက ကျွန်မနဲ့ သမီးလေးကိုပါ ကူးစက်စေပါတယ်။ ကျွန်မဘက်က ဂရုစိုက်မှုတွေ၊ နွေးထွေးမှုတွေကိုပေးပြီး တစ်ပတ်လောက် စောင့်ကြည့်သည်ထိ တိုးတက်မလာတဲ့ သူ့အမူအရာတွေကြောင့် အထက်ပါ စကားတွေကို ကျွန်မနှုတ်ဖျားက ထွက်သွားရပါတော့တယ်။

'အတွေးတွေက ဆက်တိုက်တွေးနေတာ ရပ်လို့ မရဘူး။ အဲဒီတော့ ကောင်းကောင်း အိပ်မပျော်ဘူး ဖြစ်နေတယ်'

အမျိုးသားက သူခံစားနေရတာကို ခပ်တိုတိုပဲ ရှင်းပြပါတယ်။

'ဘာတွေကို တွေးနေတာလဲ သိလား'

ကျွန်မရဲ့ ထပ်ဆင့်အမေး။

'အစုံပါပဲ အလုပ်ထဲက အကြောင်းတွေလည်း ပါတယ်။ ရှေ့ဆက်လုပ်ရမယ့် အလုပ်တွေလည်း ပါတယ်'

မပွင့်တပွင့်နဲ့ အဖြေပေးပါတယ်။

'အလုပ်ထဲက အကြောင်းတွေဆို တွေးတာတော်သင့်ပြီလေ၊ အနားယူလိုက်ပြီပဲ။ ဘာတာဝန်မှ ဆက်ယူစရာ မလိုတော့ဘူး။ ရှေ့ဆက်ရမယ့် အကြောင်းကတော့ တွေးရမယ်။ ဒါကို စိတ်ဖိစီးတယ်လို့ မခေါ်ဘူးထင်တာပဲ။ အလုပ်တွေ အကုန်လုံးက အတွေးကနေ တစ်ဆင့် ဖြစ်လာတာပဲ။ အရင်ဦးဆုံး တွေးမကြည့်ဘဲ ဘယ်အလုပ်မှ လုပ်လို့ မရပါဘူး။

'စိတ်ဖိစီးမှု (Depression) ဆိုတဲ့ ဒီစကားလုံးကို အဆင်အပြေဆုံး အဓိပ္ပာယ်ဖွင့်ရရင် အလကားနေရင်း ဝမ်းနည်းပြီး စိတ်ပူနေတာမျိုး၊ အဲဒီလိုဖြစ်တော့ လူက ကောင်းကောင်း အိပ်မပျော်တော့ဘူး။ အိပ်ရေးပျက်တော့ ဘာမှ လုပ်ချင်ကိုင်ချင်စိတ် မရှိတော့ဘူးပေါ့။ ဒါပေမဲ့ အတွေးတွေ များတိုင်းသာ စိတ်ဖိစီးတာဆို ကျွန်မလည်း Depression ဝင်နေတာ ကြာပြီလို့ ပြောရလိမ့်မယ်'

ကျွန်မရဲ့လေသံမှာ စိတ်မရှည်မှု အနည်းငယ်ပါဝင်သွားပါတယ်။ ငြိမ်သွားပြီး ဘာမှ ပြန်မပြောတဲ့ သူ့ကို ကြည့်ရင်း ညီမလေး ငြိမ်းတုန်းက အမူအရာတွေကို ကျွန်မမျက်စိထဲ ပြန်ပေါ်လာပါတယ်။ အစကတည်းက သူက စကားနည်းပြီး ခံစားချက်တွေကို ရင်မဖွင့်တတ်တဲ့သူ။ ကျွန်မကတော့ စိတ်ထဲရှိတာ အကုန်ဖွင့်ပြောတတ်ပြီး ပြီးလွယ်၊ ပျောက်လွယ်သွားတာမျိုး။ သူက ကျွန်မစိတ်မရှည်နိုင်လောက်အောင် စိတ်ရှည်တတ်ပြီး၊ ကျွန်မကတော့ ကိုယ့်ကိုယ်ကိုတောင် စိတ်မရှည်တတ်သူ။ ဒီတော့ အခုလိုအချိန်မှာ ကျွန်မ စကားများများပြောလို့ မဖြစ်ဘူး။ ငြိမ်းတုန်းက လူတတ်ကြီးလုပ်ပြီး စကားတွေ အများကြီး ပြောခဲ့မိတာ ပြန်သတိရနေတယ်။ စကားနည်းတဲ့ သူကလည်း စိတ်ဖိစီးနေချိန် ဘာမှပြောထွက်မှာ မဟုတ်သလို၊ စိတ်မရှည်တတ်တဲ့ ကျွန်မစရိုက်ကိုလည်း ချက်ချင်း ပြင်ဖို့ဆိုတာ မလွယ်ဘူးလေ။ ရခဲ့ဖူးတဲ့ အတွေ့အကြုံအရ ကျွမ်းကျင်သူ စိတ်ပညာရှင်တွေနဲ့ တိုင်ပင်ဆွေးနွေးသင့်တယ်လို့ ကျွန်မက ဆုံးဖြတ်လိုက်တယ်။ ကျွန်မ ဆုံးဖြတ်ချက်အတိုင်း အမျိုးသားကို ဆေးခန်း ခေါ်ခဲ့လိုက်တော့တယ်။

❑

၇။

ဆေးခန်းမှာ ကျွန်မတို့ရှေ့ ပြမယ့် လူနာ တော်တော်နည်းတာမို့ သိပ်မစောင့်လိုက်ရပါဘူး။ အခန်းထဲကို ကျွန်မပါ လိုက်ဝင်ခွင့်ရတယ်။ စိတ်ပညာ ဆရာဝန်ကြီးက အသက် ၇၀ နီးပါးလောက်ရှိပြီ။ ဥပဓိရုပ် ကောင်းကောင်းအပြောချိုချိုနဲ့။ ဆရာဝန်ကြီးက လူနာစာအုပ်က အမည်ကိုကြည့်ပြီး အမျိုးသားကို ဘာတွေခံစားနေရလဲ ပြောပါဦးလို့ ဆိုပါတယ်။ ကျွန်မကို အမူအရာနဲ့ဘာမှ ဝင်မပြောနဲ့ဆိုတဲ့ ပုံစံမျိုး လုပ်ပြပါတယ်။ အမျိုးသားက အလုပ်ထဲက စိတ်ဖိစီးမှုတွေအကြောင်း အရင်စပြောပါတယ်။ ဌာနအမည်၊ လုပ်ရတဲ့ တာဝန်တွေအကြောင်း ပြောရင်းနဲ့ ဆရာဝန်ကြီးကလည်း ဌာနက သူသိတဲ့ လူကြီးအမည်တချို့ကို ပြောပါတယ်။ အဲဒီလိုနဲ့ အလုပ်အကြောင်း၊ နိုင်ငံရေးအပြောင်းအလဲတွေအကြောင်း၊ နိုင်ငံတကာဆက်ဆံရေးအကြောင်းတွေထိ ပါရောက်ကုန်ကြတယ်။ အမျိုးသားကလည်း

www.burmeseclassic.com

သူ့စိတ်နဲ့ မကိုက်ညီတော့တဲ့ နေရာဖြစ်နေလို့သာ ထွက်လိုက်ရတာ အလုပ်အကြောင်း သာပြောရမယ်ဆိုရင် မျက်နှာကလည်း ပြုံးရွှင်လာပြီး စကားတွေကလည်း သွက်နေပါတယ်။ ၄၅ မိနစ်လောက် သူတို့နှစ်ယောက်သား ပြောဆိုဆွေးနွေးနေလိုက်ကြတာ အနားမှာရှိနေတဲ့ ကျွန်မကို လုံးလုံး မေ့နေကြပါတော့တယ်။ ဘာမှဝင်မပြောနဲ့ ဆိုထားတော့ ကျွန်မကလည်း နည်းနည်းမှ မဟရဲ။

တစ်နာရီ နီးပါးလောက်ကြာသွားမှ ဆရာဝန်ကြီးက သတိရသွားသလိုဖြစ်ပြီး-

'နေပါဦး၊ ခင်ဗျားက ကျုပ်ဆီကို ဘာလို့ လာရတာလဲ'တဲ့။

အမျိုးသားက ကျွန်မဘက်ကို လှည့်ကြည့်ပြီး-

'သူက ဆေးခန်းပြစေချင်တယ်၊ လိုက်ခဲ့ဆိုလို့ လိုက်လာတာပါ'တဲ့။

ဇနီးမယားကို အလိုလိုက်လေ့ရှိတဲ့ ခင်ပွန်းသည်တစ်ယောက်ပုံစံမျိုးနဲ့ ကျွန်မကို ပြုံးပြီး ကြည့်နေပါသေးတယ်။ အဲဒီတော့ ဆရာဝန်ကြီးက 'ဒါဆို......'ဆိုပြီး ဘာမှ ဆက်မပြောတော့ဘဲ ရပ်လိုက်ပြီး ကျွန်မကို စိုက်ကြည့်နေပါတယ်။ ဆရာဝန်ကြီးက ခင်ဗျားမဟုတ်ရင် သူလားဆိုတဲ့ ပုံစံမျိုးနဲ့ပါ။ လူနာထင်ထားတဲ့ ကျွန်မအမျိုးသားနဲ့ စကားပြောပြီးတဲ့အခါမှာ စိတ်ကျန်းမာနေတယ်လို့ သိလိုက်ရတော့ လိုက်ပို့ပေးရတဲ့ ကျွန်မက လူနာဖြစ်ရတော့မယ့် အခြေအနေပါ။ ငြိမ်းတုန်းကလည်း ကျွန်မ ဆရာကြီးလုပ်မိလို့ လွဲပြီးပြီ။ အခုတစ်ခါလည်း အရင်အတွေ့အကြုံကို ယူပြီး ဆရာကြီး ထပ်လုပ်တာ လွဲရပြန်ပါပြီ။ ဆရာဝန်ကြီး ပုံစံကိုကြည့်ပြီး ကျွန်မတော်တော် ရယ်ချင်သွားပါတယ်။ ဒါပေမဲ့ ကျွန်မ ရယ်လိုက်လို့ မဖြစ်ဘူး၊ အဲဒါဆို သေချာသွားပြီလို့ ထင်လိမ့်မယ်။ စကားပြောမှ ဖြစ်တော့မယ်ဆိုပြီး အမျိုးသားနဲ့ပတ်သက်ပြီး ကျွန်မရဲ့စိတ်ပူပင်မှုတွေ၊ ပြီးတော့ ငြိမ်းအကြောင်းတွေကိုပါ နည်းနည်း ထည့်ပြောလိုက်ရတယ်။ ဒီတော့မှ-

'အေးဗျာ ခင်ဗျားတို့က နှစ်ယောက်စလုံး Insight ရှိတာပဲ၊ ကောင်းပါတယ်။ ဒါပေမဲ့ နည်းနည်းလေးဖြစ်တိုင်း လာမပြနဲ့ဗျ၊ အရူးလို့ အထင်ခံရတာ မကောင်းပါဘူးဗျာ'တဲ့။ Insight ဆိုတာ အခုလို လာပြရမယ်ဆိုတဲ့ ကျန်းမာရေး အသိရှိနေတာကို ပြောတာပါ။

ကျွန်မတို့သုံးယောက်စလုံး အားပါးတရ ရယ်မောလိုက်ကြပါတော့တယ်။ အဲဒီအချိန်မှာ တာဝန်ကျ သူနာပြုဆရာမလေးက တံခါးကို ခေါက်ပြီး တစ်ဆက်တည်း တွန်းဖွင့်ဝင်လာပါတယ်။ လူနာကြည့်နေကျ သတ်မှတ်ချိန်ထက် တော်တော်ကျော်နေတာကြောင့် သတိပေးသလိုလာလုပ်တာပါ။ ဒီတော့မှ အပြင်မှာ စောင့်နေတဲ့ လူနာ တော်တော်များနေတာကို တွေ့လိုက်ရပါတယ်။ ဒါပေမဲ့ ဆရာဝန်ကြီးက စကားစ မဖြတ်သေးဘဲ-

'ဘာပဲပြောပြော ခင်ဗျားတို့ကို ကျေးဇူးတင်တယ်။ နေ့တိုင်း လူနာတွေပြောတာချည်း နားထောင်နေရတာ။ ဒီနေ့တော့ ကျွန်တော်ပြောချင်တာတွေ တော်တော် ပြောလိုက်ရတယ်'တဲ့။

အခန်းအပြင်ရောက်တော့ ဆေးကောင်တာက ကောင်မလေးတွေက စာအုပ်ကိုကြည့်ပြီး ဆေးညွှန်းလည်းမပါ၊ ဆေးလည်း မဝယ်ခိုင်းတာမို့ အံ့သြသလိုကြည့်နေကြပါတယ်။ ကျွန်မက-

'ဟုတ်တယ် ဆေးဝယ်ဖို့မလိုဘူး။ ဆရာကြီးနဲ့ စကားပဲ လာပြောတာပါ'လို့ ပြောလိုက်ရတယ်။ ကောင်တာက အကြံပေးဆွေးနွေးခ ၆၅၀၀ ပဲ ယူလိုက်ကြတယ်။ ဆေးခန်းအပြင်ဘက် လမ်းမပေါ်ပြန်ရောက်တော့ ကျွန်မက-

'ကိုကြီးရေ တန်ပါတယ် ၆၅၀၀ ပေးပြီး တို့တွေ ဆရာဝန်ကြီးပြောချင်တာတွေ လာနားထောင်ကြတာပဲ'လို့ ဆိုလိုက်တော့ အမျိုးသားက လွတ်လွတ်လပ်လပ်ရယ်မောပါတော့တယ်။ ပြီးတော့မှ-

'ဆရာကြီးလည်း သနားပါတယ်။ သူပြောချင်တာတွေကို နားထောင်ပေးမယ့်သူ ရှိမှာ မဟုတ်ဘူး။ ဘာပဲပြောပြော ကိုကြီးလည်း ဆရာကြီးနဲ့ စကားပြောလိုက်ရတာ စိတ်ကတော်တော်ပေါ့သွားတယ်။ တချို့အကြောင်းအရာတွေ ကျတော့ မိသားစုကို အပူကူးမှာစိုးလို့ အကုန် မပြောချင်ဘူးလေ'တဲ့။ ဩော် ဖြစ်မှ ဖြစ်ရလေလို့ပဲ စိတ်ထဲ... ညည်းလိုက်ပါတော့တယ်... သူ ဆရာဝန်ကြီးကို ပြော... နေတဲ့အချိန် ကျွန်မ မကြား... လိုက်ရတာ ကျနေတာ... ဒါပေမဲ့ ဒီနေ့အခြေအနေ... ကျွန်မလည်း စိတ်ကျေနပ်... ပါ တယ်။

❑

၈။


ကျွန်မတို့ ရောဂါ... နာ ခံစားရရင် သွားပြ... ဆရာဝန်တွေ ကိုယ်တိုင်... မှာလည်း ရောဂါမဖြစ်အောင်... နေထိုင်လို့မရ၊ အမှုအခင်း... ဖြစ်လို့ ဆုံးဖြတ်ပေးရ... တရားသူကြီးမင်းများကိုယ်... တိုင်လည်း မတရားမှုတွေ... ဘယ်လိုလွတ်ကင်းအောင်... နေမှာလဲ၊ စိတ်ကျန်းမာ... စောင့်ရှောက်မှု ပေးနေ... စိတ်ပညာရှင်တွေကိုယ်တိုင်... မှာလည်း စိတ်အခန့် မသင့်... တွေက ရှိနေမှာပဲလော... သည်ကပင် လောကသဘာ... လား။ ဆေးခန်းက အပြန်... ကျွန်မ တွေးမိတဲ့ အတွေး... တချို့ပါ။ ကျန်းမာရေး အသိ... ဗဟုသုတရှိတာကော... တယ်ဆိုပြီး လျှောက်လုပ်... ကျွန်မက လူနာ ဖြစ်သွား... အဖြစ်ကို ပြန်တွေးရင်း... လမ်းလုံး ပြုံးမိနေပါတယ်... ကွက်ကြည့် ကွက်ကြည့်... လုပ်သွားကြတဲ့ လူအချို့... ကျွန်မ ပျော်ရွှင်စွာပဲ ပြုံး... မိပါတယ်။ ဘယ်လိုပုံ... ကြည့်ကြပါစေ။ ပုထုဇဉ်... ဥမ္မတ္တကောလို့ ဆိုထား... ပဲဟာ။ ကျွန်မ စိတ်ဆိုး... အကြောင်း မရှိပါဘူးလေ...

ခင်သ...



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



လင်သည်
မိန်းမ၏ အဝတ်မည်ပါသည်
မိန်းမတစ်ယောက်အဖို့
အဖိုးတစ်ထောင်
ထိုက်သော အဝတ်ကို
ဝတ်နေရစေကာမူ
လင်နှင့်ကင်းလျှင်
အချည်းနှီးသာဖြစ်ပါသည်

# အမှီအရာ

**လှမိုးသစ်** (ကျောက်ဆည်)

မြနှင်း
ပြောလေ့ရှိတဲ့
စကားတစ်ခွန်းကို
ကျွန်တော့်အနေနဲ့
လက်မခံနိုင်တာမျိုးလည်း
မဟုတ်ပါဘဲ ရင်ထဲမှာ
ခုလုခုလုဖြစ်ပြီး
ဘဝင်မကျ ဖြစ်မိတာ
အမှန်ပဲ။ တကယ်ဆိုရင်
ပိုးနဲ့ နရီဟာ
ကျွန်တော့်နှလုံးသားမှာ
ကွဲပြားခြားနားလွန်းတဲ့
နှင်းဆီနဲ့ ဒေါနပန်းပါ။
ပန်းချင်းတူသော်လည်း
မျိုးစိတ်ရော၊
အရောင်အသွေးပါ
မတူကွဲပြားလွန်းပါတယ်။
နှင်းဆီကအနီ၊
ဒေါနကအစိမ်းလေ။
ပိုးဟာနှင်းဆီဆိုရင်
နရီက ဒေါနပါ။
နှင်းဆီနဲ့ ဒေါနမှာ
ဘယ်ပန်းက ပိုပြီး
တန်ဖိုးရှိတယ်ဆိုတာ
လူတွေက သတ်မှတ်
ပြီးသားဖြစ်သလို
ကျွန်တော့်
နှလုံးသားမှာလည်း
ဘယ်ပန်းဟာ ကျွန်တော့်အတွက်
တန်ဖိုးအနန္တထိုက်တဲ့ပန်း
ဆိုတာ သတ်မှတ်ပြီးသားပါ။
ဒါကိုပဲ မြနှင်းက အတူတူပဲလို့
ပြောလာတာကတော့
ကျွန်တော်အတ္တကြီးတယ်ပဲ ဆိုဆို၊
သဝန်ကြောင်တယ်ပဲ ပြောပြော
ရင်ထဲမှာ ခုလုခုလုနဲ့
ဘဝင်မကျနိုင်ဘူး။
'ဒီမယ် အစ်ကိုမိုး ပိုးရော နရီပါ
နှစ်ယောက်စလုံးဟာ မြနှင်းရဲ့
သမီးတွေပါ။ ပိုးဟာ မြနှင်းဝမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

လွယ်မမွေးရဘူး ဆိုပေမဲ့ မီးတွင်းထဲကတည်းက မြနှင်းလက်ပေါ်မှာ ကြီးလာတာလေ'

မှန်ပါတယ်။ ကျန်တာအားလုံး မှန်ပါတယ်။ ဒီကလေးကို မြနှင်းနို့တိုက်ပြီး မွေးလာရတယ်ဆိုတာလည်း မှန်တာပဲ။ ဒါပေမဲ့ အဓိကက အဓိကဆိုတာလို အဲဒီ့အဓိကကျတဲ့ မြနှင်းဝမ်းနဲ့ လွယ်မမွေးရတာကိုက အဓိကအကြောင်းဖြစ်နေတယ် မဟုတ်လား။ မြနှင်းဝမ်းနဲ့ လွယ်မမွေးရဘူးဆိုမှတော့ ကျွန်တော့်သမီးမဟုတ်တော့ဘူးပေါ့။ ကျွန်တော့်သွေးမဟုတ်တဲ့ ကိတ္တိမသမီးတစ်ယောက်ကိုတော့ ကျွန်တော့်နှလုံးသွေးက ဖူးပွင့်ဝေဆာလာတဲ့ သမီးအရင်းထက်၊ သမီးအရင်းနဲ့ထပ်တူ နေရာမပေးနိုင်တာဟာ အတ္တဆိုရင် အဲဒါဟာ အဖေတစ်ယောက်ရဲ့အတ္တပဲ ဖြစ်မှာပါ။ ဒါကို မြနှင်းလက်မခံနိုင်တာ အရမ်းအံ့သြတယ်။

❑

ပိုးနဲ့ နရီကို ပတ်ဝန်းကျင်က အမြွှာလားလို့ မေးကြတယ်။ အဲဒီလို မေးရလောက်အောင်လည်း ပိုးနဲ့ နရီကရုပ်ချင်းဆင်တယ်လေ။ တကယ်တော့ ပိုးနဲ့ နရီဟာ ဝမ်းကွဲအမြွှာတွေပါ။ ဘယ့်နှယ် ဝမ်းကွဲအမြွှာရယ်လို့ပဲ။ ဝမ်းကွဲနေပါတယ်ဆိုမှ အမြွှာဖြစ်နိုင်ပါ့မလားလို့ မေးစရာရှိရဲ့။ ဒီလိုပါ။ ပိုးက မြနှင်းအမေ ဒေါ်စိမ်းမြက မွေးတာပါ။ မြနှင်းရဲ့ ညီမတော်ပါတယ်။ မြနှင်းတို့က မအေတူမျိုးတွေလား မသိပါဘူး။

လင်မရှိသော
မယားသည်
တံခွန်မရှိသော
ဘုရားကဲ့သို့
မတင့်တယ်
အဆွေအမျိုး
မရှိသောသူသည်
တစ်ကောင်တည်း
သော
ကြွက်ကဲ့သို့
မတင့်တယ်
သားမရှိသော
အမိသည်လည်း
ရေခန်းသော
အိုင်ကဲ့သို့
ခြောက်သွေ့လှ၏

မြနှင်းရုပ်ရည်က သူ့အမေ ဒေါ်မြစိမ်းနဲ့တူတယ်။ ဒေါ်မြစိမ်းရဲ့ နောက်ထပ်မွေးတဲ့ ပိုးကျတော့လည်း ဒေါ်မြစိမ်းနဲ့တူတော့ မြနှင်းနဲ့လည်းတူတာပေါ့။ အဲဒီမှာ မြနှင်းက နရီကိုမွေးတော့ နရီက မအေတူသမီးပီပီ မြနှင်းနဲ့ ချွတ်စွပ်တူပြန်ရော။ ဆိုတော့ကာ နရီနဲ့ ပိုးက ရုပ်ချင်းဆင်နေတော့တာပေါ့။ ရုပ်ချင်းဆင်ရတဲ့ အထဲအရွယ်ကလည်း နို့စို့တာတောင် အတူတူဆိုတော့ အမြွှာလား မေးတာဆန်းတော့ မဆန်းပါဘူး။ ဘယ့်နှယ်ကြောင့်မို့ မြနှင်းမှာ ညီမဖြစ်သူနဲ့ ကိုယ်တိုင်မွေးတဲ့ သမီးတို့ဟာ ရွယ်တူတွေ ဖြစ်နေရတာလဲလို့ မေးရင်တော့ လောကကြီးမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ မထူးဆန်းတဲ့ အဖြစ်တစ်ခုကိုပဲ ပြန်ပြောရမှာပါပဲ။

ဒီလိုပါ ကိုတိုးဆိုသူကို 'ခံတွင်းပျက်ကြောင်' လို့ပဲ ရင့်ရင့်သီးသီး အလင်္ကာဆင်ရမလိုပါဘဲ။ ကိုတိုးဟာ ကျွန်တော့်အုတ်ဖို (အုတ်လုပ်ငန်း)က ဖိုသူကြီးတစ်ယောက်ပါ။ ကျွန်တော့်ရဲ့ အုတ်ဖုတ်လုပ်ငန်းက လုပ်သားဆိုပေမဲ့ ကိုတိုးဟာ သူတာဝန်ယူထားတဲ့ အုတ်စိမ်းတွေ ကျက်တဲ့အခါ ကြားပေါက်အနေနဲ့ အခြားဖိုတွေကိုလည်း လှည့်လည်ပြီး ဖိုသူကြီးလုပ်လေ့ ရှိပါတယ်။ တစ်ခေါက်သွား အခြားဖိုတွေ လှည့်လည်ပြီး ကျွန်တော့်ဖိုကို ပြန်အလာမှာတော့ ကလဖုံ(ကုလားဖုံ)ရင်ခုန်သံသစ်တွေနဲ့ ပြန်ရောက်လာပါတယ်။

'ဟီးဟီး မောင်မိုး ငါ့မိန်းမခိုးလာတယ်ကွ ဟီးဟီး'

ကိုတိုးကို ခံတွင်းပျက်ကြောင်လို့ ပြောရတာကတော့ ကိုတိုးရဲ့ ဇာတိရပ်ရွာမှာ မယားကြီး ရှိသေးတယ်။ ကျွန်တော်သိသလောက် ကျွန်တော့်ဆီရောက်ကတည်းက ကိုတိုးရွာမပြန်တာ ၄၊ ၅ နှစ်တော့ ရှိရောမယ်ထင်တယ်။ ကျွန်တော်က မေးရင်တော့ ကွဲသွားတာလို့ ပြောလေ့ရှိတာပဲ။ ဒါကြောင့်

သူ့ကို ခံတွင်းပျက်နေ...
ကြောင်လို့ ပြောတာပါ။ အ...
ကိုတိုးခိုးလာတာက တော...
ပ်ကျိုးနေတဲ့ ဆက်ရက်...
ကြောင်ခံတွင်းပျက်နဲ့ ဆ...
ရက်တောင်ပံကျိုး ဇာတ်လ...
တစ်ပုဒ်ဟာ ကျွန်တော့်...
ပေါ် ကျလာရုံတွင်မက နှ...
သားပေါ်၊ ထိုမှတစ်ဆင့်အ...
တစ်ခုလုံး ပေါ်ပါအထိ ...
ပိကျလာခဲ့ပါတယ်။

တောင်ပံကျိုး ဆ...
ရက်ကတော့ အသက် ...
လောက်အရွယ် ဒေါ်စိ...
ပါ။ ကိုတိုးနဲ့ရွယ်တူလော...
ဖြစ်မယ်ထင်ပါရဲ့။ ...
ထပ် တောင်ပံကျိုးသ...
ငှက်ငယ်လေးကတော့ ...
ပါ။ အဲဒီတုန်းက ...
အသက်ဟာ(၁၉-၂...
သွေးကြွယ်ပေါ့။ ကျွ...
မြနှင်းကို စတွေ့တော့ ...
လျှလျှလှနေတဲ့ ကောင်...
တစ်ယောက်ကို အသ...
ကာ ချစ်သွားမိတာ ...
မှာပါပဲ။ ဒေါ်မြစိ...
ယောကျာ်းဆုံးသွား...
တည်းက နောက်အိမ်...
မပြုဘဲ မြနှင်းဒီအရွယ်...
တဲ့အထိ ကြံ့ရာကျပန်း ...
မျိုးစုံလုပ်ကိုင်ရင်း နော...
အုတ်ဖုတ်လုပ်ငန်းထဲ ...
အုတ်သယ်ဖြစ်လာခဲ့...
မြနှင်းကလည်း အ...
လေရာ ဖဝါးထပ်မျှ ...
လာခဲ့ရတယ်ပေါ့။ ...
အထားမျိုးမှာ ကိုတိုးနဲ့...
သစ္စာထားခဲ့ကြတယ်...
ရဲ့။ ဘဝက မောလှ...
တစ်ပင်လဲခဲ့တာလည်း...
ပြီ မဟုတ်လား။ တ...
တော့လည်း လေး...
အရွယ်ဟာ ...



www.burmeseclassic.com

www.burmeseclassic.com

…ချစ်လို့ကောင်းတုန်း …ယ်ရှိသေးတာ မဟုတ် …။

တိုတိုပြောရရင်တော့ …င်းအုတ်သယ်လုပ်နေတဲ့ …င်းကို ကျွန်တော် ခွင့် …င်းပြီး လက်ထပ်ခဲ့တယ် …တော့။ ကျွန်တော်နဲ့ …င်းဟာ သဘာဝအတိုင်း … မသွေဖည်ဘဲ သီးချိန် …သီး၊ ပွင့်ချိန်တန်ပွင့် …နိ်အခါ အတီအကျ …င်းပဲ မြနှင်းမှာ သားဦး …ကိုယ်ဝန်ရှိလာတယ်။ …တည်းမှာပဲ သဘာဝ …န်သလား၊ ဖြစ်ရပ်ကပဲ …ကြယ်သလားတော့ …တတ်ဘူး။ ဒေါ်မြစိမ်း … လေးဆယ်ကျော်မှ ကံ … သူ့မှာလည်း ကိုယ် …လာတယ်။

မွေးဖွားချိန်ကျတော့ …မြစိမ်းနဲ့ မြနှင်းတို့ဟာ …ကွာဘဲ ရှေ့ဆင့်နောက် …သလိုမွေးတယ်။ ကံ …ဆရာက ဇာတ်နာအောင် …သက် ခေါက်ရိုးကျိုးနေ … ဇာတ်ကွက်ကြီးကို စီမံ … ဒေါ်မြစိမ်းဟာ အသက် … သုပ်ရိုးက ကျဉ်းနေပြီ …င်ဘူး၊ အချိန်တွေများ …ကြာသွားတယ်။ နောက် …သုပ်ရိုးကျဉ်းတဲ့ ဒဏ်နဲ့ပဲ …မြစိမ်းဟာ ပိုးကိုမွေးပြီး …သွားခဲ့တယ်။ (ထိုစဉ် …အခါက အခုခေတ်လို …ကက် ခွဲစိတ်မွေးဖွား … ခေတ်မစားသေးပါ) …လား၊ ကံကောင်း …တော့ မသိဘူး၊ ပိုး … နုနုနယ်နယ်ကိုတော့ …ယ်ထဲ လုပယူရရှိခဲ့ …

ကိုတိုး ဘဝလောင်း ကစားပွဲမှာ ခွက်ခွက်လန် အောင် ရှုံးသွားသူ။ အိပ်မက် တွေ ကျွမ်းထိုးမှောက်ခုံ ကျ ကွဲသွားတဲ့ တစ်မနက်ခင်းမှာ ဟောင်းလောင်းပွင့်ရင်ကို ချည့်နဲ့စွာ သယ်မရင်း လာရာ လမ်းအတိုင်းပြန်သွားတယ်။ မယားဟောင်းနဲ့ သားအပေါင်း ရှိရာ ဇာတိရွာကို ဖြစ်မှာပါ။

ဒီလိုနဲ့ ကျွန်တော့် အသိုက်ကလေးဟာ လေသံ၊ မိုးသံတွေကြားကပဲ ဆည်း လည်းသံ တသွင်သွင်၊ *မိတ္တီ လာကန်တော်အောက်က ဖားကောက်ခဲ့ပါ* သားချော့ တေးတဝေဝေနဲ့ ကကြိုး,က ညစ်ပေမှာခြစ်ရင်း ခ,ခရာ အသံသာခဲ့တယ်။ ကျွန်တော် ပျော်ပါတယ်။ ကျွန်တော် ကြည်နူးခဲ့တယ်။ တကယ် ပါ။ သမီးလေး နရီကို ရရှိ လိုက်ချိန်မှာ တစ်ပြိုင်တည်း နောက်ထပ်သမီးလေးတစ် ယောက် ပိုင်ဆိုင်ခွင့်ရလိုက် တာဟာ ထူးခြားတဲ့ ကံကြမ္မာ ရဲ့လက်ဆောင်လို့ နရီလေး အတွက် ဘုရားပေးတဲ့ ဘဝ အဖော်မွန်အဖြစ် အကျေနပ် ကြီး ကျေနပ်နေခဲ့မိသေး တယ်။

ပိုးနဲ့ နရီ တောက် တောက်နဲ့ ပြေးလွှား ဆော့ ကစားနေကြတာကို ကြည့် ရင်း၊ ပိုးနဲ့ နရီ *ခရားဆူးချုံ ဟိုအထဲက မျှော့နက်မည်း ကြီး တွယ်တတ်တယ်* ကဗျာ ရွတ်သံကို နားဆင်ရင်း ဆင် တူဝတ်စုံ ဂါဝန်အစိမ်းကလေး နဲ့ စက်ဘီးကိုယ်စီစီးလို့ ကျောင်းသွား၊ ကျောင်းပြန်ချိန် တွေကို ငေးမောမဝ ဖြစ်ကြ ရတဲ့ ကျွန်တော်နဲ့ မြနှင်း။

အဲဒီအချိန်အထိ ကျွန် တော့်ရင်ထဲမှာ ပိုးနဲ့ နရီဟာ အတူတူပဲ ရှိနေပါသေးတယ်။ ရင်ကသားနဲ့ ကျောကသား ရယ်လို့ လက်ညှိုးနဲ့ထောက် ပြစရာ လက်ညှိုးတစ်ထောက် စာ ကွက်လပ်လေးတောင် ခွဲခြားမမြင်မိပါဘူး။ ဒါဟာ မှန်သော သစ္စာစကားပါ။ ဒါ ပေမဲ့ ကျွန်တော့်ရဲ့ တူခြင်း ဟာ စစ်မှန်ခြင်း ဟုတ်မဟုတ် ကျွန်တော် မခွဲခြားနိုင်ပါဘူး။ ကျွန်တော့်ရဲ့တူခြင်းဟာ ရုပ် ဝါဒသက်သက်လည်း ဖြစ် ကောင်း ဖြစ်နေနိုင်ပါတယ်။ သူတို့နှစ်ယောက်စလုံးကို ဖွံ့ထွားဝေဆာလာအောင် ပြုစုပျိုးထောင်ခဲ့တာ၊ အဝတ် အစား ဆင်မြန်းတာကအစ လိုအပ်တာမှန်သမျှ ဘယ်သူ့ ကိုမှ မပိုဘဲ တန်းတူညီမျှ ပေးဆပ်ခဲ့ပါတယ်။

ဒါပေမဲ့ မျက်စိက မမြင် နိုင်စွမ်းတဲ့နေရာ တစ်နေရာမှာ တော့ နှလုံးသွေး အစစ်သာ လျှင် ပိုမိုနီရဲတောက်ပနေမှာ ကို ဖခင်တစ်ယောက်ဆိုတဲ့ စိတ်နဲ့ စာနာပေးကြပါဗျာ။ အဲဒါကိုပဲ မြနှင်းက…

❑

ဘာမှတော့ မပြောပ လောက်ပါဘူး။ အဲဒီနေ့က မြနှင်းနဲ့ကျွန်တော် စကား ရည်လုပွဲလေးတစ်ခု မထင် မှတ်ဘဲ ဖြစ်သွားတယ်။ အဲဒီ အချိန်ကစပြီး ကျွန်တော့် အမြင်မှာ စနိုးစနောင့်၊ ရင်ထဲ မှာ ခိုးလိုးခုလု ခဲသေးသေး လေးတစ်လုံးစတင်ပင်ရောက် နေခဲ့တယ်။ ကျွန်တော် လျှာ ရှည် မိရာကစတဲ့ ဇာတ်လမ်း ပါ။

'မြနှင်း ပိုးနဲ့ ကိုယ်တို့ သမီးလေးနရီ ဘယ်သူ့ကို ပိုချစ်လဲ'

မမေးသင့်တဲ့ မေးခွန်း ပါ။ မေးစဉ်အခါက ဘာရယ် မဟုတ် မေးလိုက်မိပြီးကာမှ မှားသွားမှန်းသိပြီး နောင်တရ သလို ဖြစ်မိတယ်။

'ဘယ်လိုမေးလိုက် တာလဲ အစ်ကိုမိုး၊ တကယ် ဆိုရင် ပိုးရော နရီပါ မြနှင်း တို့ရဲ့သမီးတွေပါ၊ အတူတူပဲ ချစ်ပါတယ်'

'ဟုတ်ပါတယ်၊ ကိုယ် ပြောတာက…'

'မပြောနဲ့တော့ အစ်ကို မိုး၊ အစ်ကိုမိုးပြောမယ့် စကား ဟာ တစ်ချိန်ချိန်မှာ ကလေး တွေအတွက် စိတ်အနာရစရာ တွေ ဖြစ်လာနိုင်တယ်'

'ဒါတော့ ကိုယ်လည်း နားလည်ပါတယ် မြနှင်း၊ ကိုယ် အဲဒီလောက် မမိုက်ပါ ဘူး။ အဲဒီလောက်လည်း အသိဉာဏ်မတုံးသေးပါဘူး။ ဒါက နှစ်ယောက်တည်း ရှိ တုန်းမို့ တိုးတိုးတိတ်တိတ် မေးတဲ့ သဘောပါ'

'မမေးပါနဲ့တော့ အစ် ကိုမိုး ဒီစကား ဒီမှာတင်ရပ် ပါ၊ အမြဲတမ်း အစ်ကိုမိုး မှတ်ထားရမှာက နှစ်ယောက် စလုံးဟာ မြနှင်းအတွက် အတူတူပဲ'

'ဒါပေမဲ့ အဲတာကို ကိုယ် လက်မခံနိုင်ဘူး'

ကျွန်တော်ပြောတာကို မြနှင်းဟာ ဘာမှ မတုံ့ပြန်ပါ ဘူး။ ကျွန်တော့်ကို ငေးငေး ရီရီ ပြန်ကြည့်နေတယ်။ မြနှင်းရဲ့မျက်ဝန်းမှာတော့ ဝမ်းနည်းရိပ်တွေသန်းလို့။ ကျွန်တော် ဘာကို လက်မခံ နိုင်တာလဲဆိုတာ မြနှင်း



www.burmeseclassic.com

www.burmeseclassic.com

**အရွယ်**
**ကောင်းသော**
**မိန်းမ**
**တစ်ယောက်အဖို့**
**လင်အစား**
**ရနိုင်ပေသေးသည်**
**လင်အစားရသော**
**မိန်းမ**
**အဖို့ရာမှာလည်း**
**လင်ရှိလျှင်**
**သားအစား**
**ရနိုင်ပါသည်**

သိပါလျက်နဲ့ ကျွန်တော့်ခံစားချက်ကို မြနှင်းနားလည်မပေးနိုင်တာဟာ ဘာကြောင့်လဲ။

'တကယ်လို့ မင်းဟာ အမေတစ်ယောက်အနေနဲ့ တစ်စုံတစ်ခု အရေးတကြီးဆုံးဖြတ်ဖို့ကြုံလာရင် မင်းဘယ်လို ရင်ဆိုင်ဖြေရှင်းမလဲ ငါသိချင်တယ် မြနှင်း'

ဒီစကားဟာ နှုတ်ကမထွက်ဘဲ ရင်ထဲမှာပဲ ပြောဖြစ်ခဲ့တဲ့ အတွေးစကားပါ။ ကျွန်တော့် အတွေးစကားဟာ နိမိတ်တစ်ခုများ ဖြစ်လေရော့သလား။ ရင်ထဲက မေးခွန်းကို အတိအကျအတိုင်း မေးခွန်းထုတ်ရမယ့် နေ့တစ်နေ့ဟာ မမျှော်လင့်ပါဘဲ ကျွန်တော်နဲ့ မြနှင်းဆီကို ရောက်လာခဲ့ပါတယ်။

❑

စက်ဘီးကိုယ်စီနင်းရင်း အိမ်ပြန်ရောက်ပြီဆိုတာနဲ့ စက်ဘီးတွေကိုသိမ်း၊ ကျောင်းစိမ်းဝတ်စုံ ကပျာကယာလဲ၊ ဆိုင်ကယ်ထုတ်ပြီး နှစ်ယောက်သား ကျူရှင်တွေ၊ သင်တန်းတွေ လှည့်တက်နေရတဲ့ ပိုးနဲ့ နရီကိုကြည့်ရင်း သူတို့အစား စိတ်မောမိပေမဲ့ အဲဒီအချိန်အထိ ကျွန်တော့်ရင်ထဲမှာ အကျေနပ်ကြီး ကျေနပ်နေခဲ့မိတယ်။ မှန်တာပြောရရင် အဲဒီအချိန်မှာ သူတို့ငယ်စဉ်တုန်းကလို အဖေ ဒါမှမဟုတ် အမေ၊ တစ်ယောက်ယောက်က လိုက်ပါစောင့်ရှောက်စရာမလို၊ သူတို့ပညာရေးကိစ္စအတွက် (အရေးတကြီးကိစ္စ မဟုတ်လျှင်)သူတို့ဘာသာသူတို့ လုပ်ဆောင်နိုင်တဲ့အရွယ်တွေ ရောက်နေကြပြီမို့ ကျွန်တော်ရော မြနှင်းပါ အိမ်မှုကိစ္စ၊ လူမှုရေး၊ စီးပွားရေး ကျွန်တော့် အုတ်ဖိုလုပ်ငန်းတွေနဲ့ သူတို့ကို မေ့မေ့လျော့လျော့ ရှိနေခဲ့မိတယ်ဆိုတာ ဝန်ခံရမှာပါ။

ဖြစ်ချင်တော့ အဲဒီနေ့က ကျွန်တော်နဲ့ မြနှင်းဟာ အုတ်ဖိုစက်ဝန်းထဲကို ရောက်နေပါတယ်။ အုတ်ဖိုစက်ဝန်းဟာ မြို့နဲ့ ၅ မိုင်လောက်ဝေးတဲ့ သာဂရရွာ အနောက်ဘက်က တောကွင်းမှာပါ။ ရိုက်ပြီးသား အုတ်အစိမ်းတွေမီးစတင်တဲ့နေ့မို့လို့လည်း ကိုယ်တိုင် စောင့်ကြည့်နေကြရတာကြောင့် ညမိုးချုပ်တဲ့အထိ စက်ဝန်းက မပြန်နိုင်ကြသေးပါဘူး။ ညကိုးနာရီဝန်းကျင်လောက်မှာတော့ အိတ်ထဲက လက်ကိုင်ဖုန်းက မြည်လာပါတယ်။

ကျွန်တော် ရင်ထိတ်သွားပါတယ်။ ပိုးနဲ့ နရီ ဆိုင်ကယ် Accident ဖြစ်လို့တဲ့။ ခပ်သုတ်သုတ်ပဲ မြနှင်းကို အကျိုးအကြောင်းပြော၊ ဆိုင်ကယ်ပေါ် အပြေးတစ်ပိုင်းတက်၊ မြနှင်းလည်း ပျာယာခတ်သွားပြီး ဆိုင်ကယ်နောက်မြီးပေါ် ကသုတ်ကရက်တက်၊ အရေးထဲ တရုတ်ဆိုင်ကယ်က 'စတတ်'မရ၊ နင်းနှိုးလို့ မနိုးဖြစ်နေသေးတယ်။ အရေးအကြောင်းဆို ဒီတရုတ်ဆိုင်ကယ်တွေက အမြဲတမ်း ဖောက်လွဲဖောက်ပြန် လုပ်တတ်တယ်။ ဟင် သမီးတို့စီးနေတဲ့ ဆိုင်ကယ်ကလည်း တရုတ်ဆိုင်ကယ်ပဲ။ ဘုရား ဘုရား သမီးတို့ ဘာမှ မဖြစ်ပါစေနဲ့။

ကျွန်တော် ဆုတောင်းမပြည့်ခဲ့ပါ။ ကျွန်တော်နဲ့ မြနှင်း ဆေးရုံရောက်တော့ သမီးလေးနရီနဲ့ ပိုးတို့ဟာ အရေးပေါ် လူနာခန်းမှာ အောက်ဆီဂျင် ပေးထားရတယ်။ ဖြစ်ရလေ သမီးလေးရယ်။ ကျူရှင်ကအပြန် သမီးတို့ဆိုင်ကယ်ကို ကားနဲ့ တိုက်မိတာတဲ့။ နှစ်ယောက်စလုံး ဒဏ်ရာ အပြင်းအထန်ရသွားသတဲ့။ အရေးပေါ် ဆရာဝန်၊ ဆရာမတွေ၊ နာ့စ်မတွေ ဝိုင်းနေတယ်။

ဆရာဝန်ကြီးက အရေးတကြီး သွေးသွင်း
လိုအပ်ကြောင်း ပြော
တာနဲ့ ဆေးရုံရှိ ဝန်
အတော်များများ အ
အလွှား အလုပ်တွေ ရှု
ကြတယ်။ လိုအပ်တဲ့
အမျိုးအစား ရှာကြ
ဒါပေမဲ့…

❑

ဒါပေမဲ့ ကျွန်တော်
က်ဆိုးလွန်းတယ်။ ဆေး
အရန်သင့် လှူပြီးသား
အမျိုးအစားတွေက လို
တဲ့ သွေးအမျိုးအစား
ဘူး။ ပြင်ပ သွေးလှူ
ဆီ အလှူခံရအောင်က
အချိန်က အတော်ကြီး
နက်နေပြီ။ ပိုပြီးဆိုး
သမီးတို့အတွက် လို
တဲ့ သွေးက ရှားပါး
အမျိုးအစား။ ကျွန်
ဘာလုပ်ရမလဲ။

ကျွန်တော် တွေ
ပါ။ သမီးတို့ အသ
သန်ရေးအတွက် ကျွ
သွေးကိုဖောက်ပြီးလှူ
ကျွန်တော်က ဖခင်
ယောက်ပဲ။ ကိုယ့်သား
တွေအတွက် ဘာတွေ
စရာလိုသလဲ။ ကျွန်
ကိုယ်တိုင် သွေးလှူ
ဒီနေရာမှာလည်း
မကောင်းပြန်ဘူး။ ကျွ
နဲ့သမီးဟာ သွေးချင်း
ဘူးတဲ့။ အံ့ရော။ လော
ကမောက်ကမ နိုင်လိုက်
သားအဖချင်းတောင်
က မတူဘူးတဲ့။ ဘယ်
သလဲ လောကဓံရယ်
သွေးချင်းမတူတာတော့
ပါတော့။ သမီးအရင်း
သွေးချင်းမတူဘူး
ကျတော့…။



www.burmeseclassic.com

'ဒါက ဒီလိုပါဦး၊ ဦးနဲ့ ...း သွေးအမျိုးစားချင်း ...တာက သမီးဟာ မိခင် ...ကို စီးဆင်းလို့ပါ။ မိခင် ...ကို စီးဆင်းလေ့ရှိတဲ့ ...ဟာ ဖခင်သွေး စီးဆင်း ... မရှိတတ်ဘူး။ ဒါမျိုးက ...တတ်ပါတယ်။ ဖြစ် ...ောင့်ဖြစ်ခဲပေါ့လေ'

ဖြစ်တောင့်ဖြစ်ခဲ ကိစ္စ ...ခုက ကျွန်တော်တို့ကျမှ ...ဖြစ်ရသတဲ့လား။ နောက် ... လိုအပ်နေတဲ့ သွေးအမျိုး ...းက မတူရင် လှူလို့မရ ... သွေးအုပ်စုလို့ ဆရာဝန် ...လေးက ပြောပါတယ်။ ...နည်းနဲ့မှ ကျွန်တော့် ...ဖောက်ပေးလို့ မရနိုင် ...ပါဘူး။ အုပ်စုတူ၊ အမျိုး ...းတူသွေးကလည်း ရှား ...န်းသတဲ့။

အဲဒီအချိန်မှာပဲ သွေး ...ရှင်တစ်ဦး ပေါ်လာခဲ့ ...တယ်။ ကျွန်တော် အရမ်း ...ာသွားခဲ့တယ်။ သမီးနဲ့ ...အမျိုးအစားချင်းတူတဲ့ ... သူကတော့ ကျွန်တော့် ... မြနှင်းကိုယ်တိုင်ပါပဲ။ ... ကျွန်တော်တို့သမီးလေး ... ဘယ်လိုနည်းနဲ့မှ မဆုံး ...င်တော့ဘူး။ ဒီအချိန်မှာ ...င်းဟာ သူ့အလုပ်သင့်ဆုံး ...ုပ်တစ်ခုကိုသတ္တိရှိရှိလုပ် ...တာပဲ။ သမီးအတွက် ...င်တစ်ယောက်ရဲ့မေတ္တာ ...ာနဲ့ လောကကြီးကို ...ါလိုက်တာပဲ။ လေးစား ...ယ် မြနှင်း၊ မင်းလိုအမေ ...ာ တကယ့်ကို ရှားပါး ...င်ကောင်းတစ်ယောက်ပါ။ ...ဲ့မေတ္တာကြောင့် တို့ ...လေး ရှင်သန်ခွင့်ရမှာ ...

မြနှင်းသွေးကို ဖောက် ပြီးချိန်မှာတော့ ဆရာဝန်က မေးလာပါတယ်။ ကျွန်တော့် ကို အံ့သြစေတဲ့ မေးခွန်းပါ။

'ဘယ်သူ့ကို ဦးစားပေး ရမလဲ'

ကျွန်တော့်ကို မေးတာ မဟုတ်ပါဘူး။ မြနှင်းကိုမေး တာပါ။ ဘယ်သူ့ကို ဦးစား ပေးရမှာလဲ ဆရာရယ်။ ဒါ မျိုး မေးစရာလား။ ကျွန် တော်တို့သမီးလေး နရီပေါ့ ဆရာဝန်ရယ်။ မေးနေဖို့ လို လို့လား။

ဒါက ကျွန်တော့်ဘက် က မတိမ်းမစောင်း လုံးဝ တိကျတဲ့အဖြေ။

❑

'တကယ်လို့ မင်းဟာ အမေတစ်ယောက်အနေနဲ့ တစ်စုံတစ်ခု အရေးတကြီး ဆုံးဖြတ်ဖို့ ကြုံလာရင် မင်း ဘယ်လိုရင်ဆိုင်ဖြေရှင်းမလဲ ငါသိချင်တယ် မြနှင်း'

နိမိတ်တစ်ခုအလား ကျွန်တော့်အတွေးစကားကို နှုတ်နဲ့ဖွင့်ဟ မေးခွန်းထုတ်ဖို့ အချိန်ရောက်လာပြီထင်ရဲ့။ ဒါမှမဟုတ် ဆရာဝန်ရဲ့ 'ဘယ်သူ့ကို ဦးစားပေးရ မလဲ'ဆိုတဲ့ မေးခွန်းဟာ ကျွန် တော့် ရင်ထဲက အတွေးစကား ကိုယ်စား မေးခွန်းလည်း ဖြစ် နေပါတယ်။ မြနှင်း ဘယ်လို ဖြေရှင်းမလဲ။

ကျွန်တော်သိပါတယ်။ သေသေချာချာကို ကျွန်တော် သိနေပါတယ်။ တစ်ချိန်က အထူးသဖြင့် အခုလို အရေး တကြီးမဟုတ်ခင်က မြနှင်း ဘာတွေပဲပြောခဲ့ပြောခဲ့ ဒါက တကယ့်ကိစ္စ အကြီးကြီး လေ။ ပြီးတော့ သူ့ကိုယ်တိုင်

ဝမ်းနဲ့ လွယ်မွေးထားတဲ့ သမီး။ မြနှင်း ဘယ်သူ့ကို ရွေးမယ်ဆိုတာ...။

ဒီလို ဘာဖြစ်လို့ရွေး ချယ်ဖို့ ဖြစ်လာရတာလဲဆိုရင် တိုက်ဆိုင်လွန်းတဲ့ ကံတရား ကြောင့်လို့ ပြောရမှာပဲ။ အဲဒါ ကတော့ မြနှင်းတို့မျိုးရိုးဟာ မအေတူမျိုးရိုးတဲ့။ မျိုးရိုး လိုက်ပြီး မိခင်သွေးကို စီး ဆင်းသတဲ့။ မြနှင်းဟာ ဒေါ်မြစိမ်းသွေးကိုတူသလို ဖအေမတူဘဲ မွေးလာတဲ့ (အဖေကွဲ) ပိုးဟာလည်း ဒေါ်မြစိမ်းသွေးကိုတူတယ်။ အစ်မမြနှင်း သွေးနဲ့လည်း တူနေတယ်။ မိခင်မျိုးရိုး လိုက်ပြီး သွေးအမျိုးအစား စီးဆင်းတာဆိုတော့ နရီကျ တော့လည်း မြနှင်းတို့ကိုပဲ သွေးက တူနေပြန်တယ်။

သွေးအမျိုးစားတူနှစ် ယောက် အခုလို တစ်ပြိုင် တည်း အသက်ကယ်သွေး လိုအပ်နေချိန်မှာ သွေးလှူ နိုင်တာကတစ်ယောက်တည်း။ လိုအပ်တဲ့သွေးပုလင်း အရေ အတွက်က အနည်းဆုံး နှစ်ပု လင်း။ တစ်ချိန်မှာ လူတစ် ယောက် လှူနိုင်တာက တစ် ပုလင်းတည်း။ တစ်ပုလင်း တည်းသောသွေးနဲ့ တစ်ပြိုင် တည်း လူနှစ်ယောက်ကို ဘယ်လိုကယ်မလဲ။

ဆရာဝန်က ဒါမှမဟုတ် ကျွန်တော် ရွေးချယ်ခွင့်မရှိ ပါ။ အခု ရွေးချယ်ခွင့်ရှိသူ သွေးလှူရှင် မြနှင်းဆန္ဒကို ဆရာဝန်က မေးနေပါပြီ။ အခု မြနှင်းဟာ ကျွန်တော့်မေးခွန်း ဖြစ်တဲ့ 'တကယ်လို့ မင်းဟာ အမေတစ်ယောက်အနေနဲ့ တစ်စုံတစ်ခု အရေးတကြီး

ဆုံးဖြတ်ဖို့ကြုံလာရင် မင်း ဘယ်လိုရင်ဆိုင်ဖြေရှင်းမလဲ ငါသိချင်တယ်မြနှင်း'ဆိုတာ ကို အရေးတကြီး ဆုံးဖြတ် ရမယ့် အချိန်ရောက်လာ ပါပြီ။

သွေးလှူပြီးစ မြနှင်းရဲ့ နွမ်းယဲ့ယဲ့အသံဟာ ကျွန်တော့် အတွက်တော့ မိုးကြိုးပစ် သလို ကျယ်လောင်လွန်းလှ ပါတယ်။ အံ့သြလွန်းလို့ လည်း သေမိန့်ချခံရသူပမာ တောင့်တောင့်ကြီး ဖြစ်သွား ပါတယ်။ ကျွန်တော့်နားကို ကျွန်တော် မယုံနိုင်ပါ။ ဒါ အမေတစ်ယောက်ရဲ့အဆုံး အဖြတ်တဲ့လား။ ဒါဟာ မိခင် တစ်ယောက်ရဲ့မေတ္တာနဲ့ဆုံး ဖြတ်လိုက်တာတဲ့လား။ မြနှင်းရဲ့ ရွေးချယ်မှုက...

အသံတိုးတိတ်လွန်း ပြီး မျက်တောင်တွေ မှေးစင်း ကျသွားတဲ့ မြနှင်းကို၊ ပြီး တော့ ပါးပြင်ပေါ် မျက်ရည် ဥကလေး လိမ့်ဆင်းကျလာ တဲ့ မြနှင်းကို ကျွန်တော် ဘယ်လို နားလည်စွာ ကြည့် ရမှာလဲ။ ဘာကြောင့်များ မင်း ဒီလိုရွေးချယ်လိုက်ရတာ လဲ မြနှင်းရယ်။

ဆရာဝန်က သွေးပု လင်းကိုကိုင်ပြီး အရေးပေါ် အခန်းထဲ တရွေ့ရွေ့ ဝင်သွား ပြီးပါပြီ။ မင့်အဆုံးအဖြတ် တွေ မပြင်နိုင်တော့ဘူးလား မြနှင်းရယ်။

❑

'မြနှင်းကို ခွင့်လွှတ်ပါ အစ်ကိုမိုး၊ အစ်ကိုမိုးနဲ့ မြနှင်း တို့အတွက် နရီလို နောက် ထပ် နရီတွေ အများကြီး အစားရဦးမှာပါ။ ပိုးကတော့ မြနှင်းတို့ နောက်ထပ် အစား

www.burmeseclassic.com

မရနိုင်တော့တဲ့ ကြီးမားတဲ့ ဆုံးရှုံးမှုပါ။ မြနှင်းတို့မှာ အမေ မရှိတော့ဘူးလေ။ ပြီးတော့ ပိုးဟာ မြနှင်းရဲ့ ညီမဖြစ်သလို သမီးလည်း ဖြစ်နေတယ်။ မြနှင်းရွေးချယ်ရတဲ့ အဓိကအကြောင်းကတော့ မြနှင်းဟာ ပိုးရဲ့အစ်မကြီး ဖြစ်နေလို့ပါပဲ။ အစ်မကြီး အမိအရာတဲ့'

သြော် အစ်မကြီး အမိအရာတဲ့လား မြနှင်းရယ်။ အံ့သြစရာကောင်းလေစွ။ တကယ်ပါ ကိုယ်အစက မြနှင်းကို ဒီလောက်အထိ ထင်မထားခဲ့ရိုး အမှန်ပါမြနှင်း။ မင်းဟာ တောကြိုအုံကြားမှာ ရွှံ့မြေနင်းရင်း၊ အုတ်သယ်ရင်း ကြီးပြင်းလာတဲ့ စာမတတ်၊ ပေမတတ်၊ ပညာမတတ်တဲ့ ကောင်မလေး တစ်ယောက်လို့ ထင်ခဲ့မိတာကိုယ့်အမှားပါ။

အစ်မကြီးတစ်ယောက်ရဲ့အမိမေတ္တာဆိုတာ တကယ့်မိခင်တွေနဲ့ထပ်တူ(သို့မဟုတ်) ထို့ထက်မက ပိုချင်ရင်တောင် ပိုနိုင်သေးတဲ့အကြောင်း ကမ္ဘာလောကမှာ ဒါမျိုး တကယ်ရှိတယ်ဆိုရင် ဘယ်သူယုံနိုင်မလဲ။ ကျွန်တော့်အတွက်တော့ မြနှင်းက သက်သေပါပဲ။ မြနှင်းလို အစ်မကြီး အမိမေတ္တာတွေ လောကထဲ နောက်ထပ် ဘယ်နှယောက်လောက်များ ရှိနေလေမလဲ။

ဖတ်ခဲ့ဖူးတဲ့ ငါးရာ့ငါးဆယ်လာဉစ္စာဂ်ဇာတ်တော်မှာ မိန်းကလေးတစ်ယောက်ဟာ လူထုဟစ်တိုင်ကနေပြီး ရှင်ဘုရင်ကြားအောင် 'အဝတ်ပေးပါ'လို့ အော်ဟစ်နေသတဲ့။ အဲဒီ အော်သံကြောင့် မင်းချင်းတွေက အဝတ်အစားတွေ ပေးသတဲ့။ အဲဒီမိန်းမက 'ကျွန်တော်မျိုးမသည် ဤအဝတ်ကိုမတောင်း၊ လင်နှင့်တူသော အဝတ်ကိုသာ တောင်းခြင်းဖြစ်သည်'လို့ ပြောပါသတဲ့။ ဒါကို ဘုရင်ကြီးကကြားတော့ 'ဒီမိန်းမ စကား ဝိသေသ ထူးခြားလှတယ်'ဆိုပြီး အော်ပုံဆန်းတဲ့ မိန်းမကို 'သင်သည် လင်နှင့်တူသော အဝတ်ကို တောင်းသလော'ဟု မေးမြန်းတဲ့အခါ ထဘီရင်ရှား၊ ဆံပင်ဖားလျားနဲ့ အရုပ်သူမိန်းမဟာ 'အရှင်မင်းကြီး လင်သည် မိန်းမ၏ အဝတ်မည်ပါသည်။ မိန်းမတစ်ယောက်အဖို့ အဖိုးတစ်ထောင်ထိုက်သော အဝတ်ကို ဝတ်နေရစေကာမူ လင်နှင့်ကင်းလျှင် အချည်းနှီးသာဖြစ်ပါသည်' လို့ လျှောက်တင်တဲ့အခါ မင်းကြီးက အဖြစ်မှန်ကို မေးမြန်းတယ်ပေါ့။ ဒီအခါ မိန်းမကလည်း 'အရှင်မင်းကြီး၏ မင်းချင်းများသည် ကျွန်တော်မျိုးမ၏ အဝတ်နှင့်တူသော လင်နှင့်တကွ သားကိုလည်းကောင်း၊ တစ်အူထုံ့ဆင်း မောင်အရင်းကိုလည်းကောင်း တောအုပ်စပ်၌ လယ်လုပ်စားရသည်ကို တောတွင်းပုန်းအောင်းခိုးသား၊ ဓားပြအသွင် စွပ်စွဲပြီး ဖမ်းဆီးချုပ်နှောင်ထားပါသည်။ လင်မရှိသော မယားသည် တံခွန်မရှိသော ဘုရားကဲ့သို့ မတင့်တယ်။ အဆွေအမျိုးမရှိသောသူသည်တစ်ကောင်တည်းသော ကြွက်ကဲ့သို့ မတင့်တယ်။ သားမရှိသော အမိသည်လည်း ရေခန်းသော အိုင်ကဲ့သို့ခြောက်သွေ့လှ၏။ သို့ကြောင့် ကျွန်တော်မျိုးမကို အဝတ်ပေးပါဟု အော်ရပါသည် အရှင်မင်းကြီး'လို့ လျှောက်တင်ပြန်ပါသတဲ့။

အဲဒီလို သူဆင်းရဲမ အရုပ်သူရဲ့စကားကြားတော့ ဘုရင်ကြီးက 'ဒီမိန်းမ အရုပ်သူဆင်းရဲသားပေမဲ့ ပညာရှိပုံရတယ်။ သူ့ပညာကို စမ်းလေဦးမှပဲဆိုပြီး 'ကောင်းပြီ သူဆင်းရဲမ၊ သင့်ကို ထောက်ထားစာနာသောအားဖြင့် တစ်ယောက်သောသူကို ငါပေးမည်၊ မင်းအာဏာတို့မည်သည် ရာဇဝတ်သင့်သူကို လွှတ်ရိုးထုံးစံ မရှိသည့်အတွက် သုံးယောက်စလုံးကိုကား ငါမပေး၊ သင်နှစ်သက်ရာ တစ်ယောက်ကို ရွေးပေတော့ သူဆင်းရဲမ'တဲ့။

အဲဒီဇာတ်မှာ သူဆင်းရဲမ ဟိုအရုပ်သူဟာ တကယ့်အံ့ဖွယ်ရွေးချယ်မှုကို ရွေးချယ်ခဲ့ဖူးပါတယ်။ သူဆင်းရဲမ ရွေးတာက 'မောင်'တဲ့။ မောင်ဖြစ်သူကို ရွေးချယ်ရတဲ့အကြောင်းကို ဘုရင်ကြီးက မေးတဲ့အခါ သူဆင်းရဲမက 'အရှင်မင်းကြီး ကျွန်တော်မျိုးမသည် အရွယ်ကောင်းသေး၏။ သို့ပင်သော်လည်း အမိအဖတို့ မရှိတော့။ သေလွန်ကြပြီ။ အရွယ်ကောင်းသော မိန်းမတစ်ယောက်အဖို့ လင်အစားရနိုင်ပေသေးသည်။ လင်အစားရသော မိန်းမအဖို့ ရာမှာလည်း လင်ရှိလျှင် သားအစား ရနိုင်ပါသည် အရှင်မင်းကြီး။ သို့ဖြစ်သောကြောင့် အမိအဖ နှစ်ဦးစလုံး မရှိတော့သော ကျွန်တော်မျိုးမအတွက် 'မော[illegible] အစားမရနိုင်တော့ပါ။ [illegible] မရနိုင်သော မောင်[illegible] ကျွန်တော်မျိုးမကို [illegible] ပါတော့'တဲ့။

ဒီစကားကို ကြ[illegible] ဘုရင်ကြီးဟာ အ[illegible] မှုလွန်းလို့ ဒီသူဆင်း[illegible] 'ပညာရှိပေတာပဲ'လို့[illegible] လင်ရော၊ သားရော၊ [illegible] ရော တစ်ယောက်မှ [illegible] ဘဲ လွှတ်ပေးခဲ့ပါတယ်[illegible] ဟာ ကျွန်တော်ဖတ်[illegible] ငါးရာ့ငါးဆယ်ဇာတ်[illegible] လာပါ။ အခု မြနှင်းဟာ[illegible] သူဆင်းရဲပညာရှိမိန်း[illegible] နှလုံးမှုပြီး ရွေးချယ်[illegible] မှန်သော်လည်း ဒါကို [illegible] ရွေးချယ်တာမျိုး မဟု[illegible] ဆိုတာ ကျွန်တော်[illegible] ပြောပြနိုင်ပါတယ်။ [illegible] ကြောင့်လဲဆိုရင် မြနှ[illegible] အဲဒီ'ပညာရှိသူဆင်းရဲမ[illegible] အကြောင်း ဇာတ်[illegible] မဖတ်ခဲ့ဖူးသူ၊ ဖတ်နိုင်[illegible] မရှိသူ ဖြစ်နေလို့ပါပဲ။ [illegible] က စာမတတ်ဘူးလေ[illegible]

ဒါဆိုရင် ဒီရွေး[illegible] မှုအတွက် မြနှင်းကို [illegible] အရာတွေက စေ့ဆော်[illegible] လဲ။ ဘယ်လိုအသိဉာဏ်[illegible] စေ့ဆော်ခဲ့တာလဲ။ နှလုံး[illegible] မှတစ်ပါး အခြားမရှိ[illegible] နှလုံးသားရဲ့ ရွေးချယ်[illegible] ရင်တော့ မြနှင်းရဲ့ နှလုံး[illegible] ဟာ သာမန်တော့ မဟု[illegible] ဘူး။ အမိထက်ပိုသော [illegible] ကြီးတစ်ယောက်ရဲ့ [illegible] မေတ္တာအဖြစ် ကမ္ဘာ[illegible] ရစ်မှာပါလေ။

လ[illegible]

၊ရှော[illegible]



www.burmeseclassic.com

www.burmeseclassic.com


အရှယ်သုံးပါးသုံးစွဲများ

# မြွေကုလား

ဆေးတိုက်မှထုတ်လုပ်သော




မှတ်ပုံတင်အမှတ် ၀၆၀၁(ပိုင်)၂၀၂၂

★ စားမဝင်၊ အိပ်မပျော်၊ နှလုံးတုန်၊ ရင်ခုန်၊ မူးဝေ၊ မောပန်းဖြစ်သူများ
★ ဝမ်းဖော၊ ဝမ်းရောင်၊ အပူဝမ်း၊ အစာဝမ်းဖြစ်သူများ
★ ချောင်းဆိုး၊ ရင်ကြပ်၊ လေထိုး၊ လေအောင့်ဖြစ်သူများ
★ မီးယပ်နှင့်ဒူလာ ရောဂါအမျိုးမျိုး ဖြစ်သူများ
★ ကျား/မများ၏ ပင်ကိုအားတိုးပွားစေရန်အတွက် အထူးသင့်လျော်ပါသည်။
★ ကျန်းမာဝဖြိုး အလှတိုးစေသည်။




မှတ်ပုံတင်အမှတ် ၀၃၀၁(ပိုင်)၀၃၂

★ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ရင်မချောင်ပါက ဆေးအတိုင်းလျက်ပါ။
★ ချောင်းဆိုးရင်ကြပ်၊ သလိပ်ကပ်၊ သလိပ်ပုတ်ထခြင်းများကို ကွမ်းရွက်စိမ်းရည်၊ သံပုရာရည်၊ ရှောက်ရည် ရရာနှင့်သောက်ပါ။
★ လေထိုးလေအောင့်၊ လေပို့လေအန်ပါက သံပုရာရည် သို့မဟုတ် ရှောက်ရည်နှင့်သောက်ပါ။
★ အစာစားပြီးတိုင်း ဆေးအနည်းငယ်စားပေးခြင်းအားဖြင့် အစာကြေလေသက်၍ အစာအိမ်၌ဖြစ်တတ်သော ရောဂါများကို ပျောက်ကင်းစေပြီး အပူငြိမ်းစေသောလျက်ဆားဖြစ်ပါသည်။

**သေးဆေး၊ လျှက်ဆား၊ တိုင်းရင်းမြန်မာဆေးခန်းသုံးဆေးမျိုးစုံ ဘယဆေးကုန်ကြမ်းနှင့် ဘယဆေးမှုန့်မျိုးစုံ လက်လီ/လက်ကားရရှိနိုင်ပါသည်။**


---

အမှတ်(၃၇၃-၅၆၉-၅၇၄) အေရုံ၊ သိမ်ကြီးဈေး၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ဆိုင်-၀၁-၃၇၇၁၇၅၊ ၀၁-၃၇၀၆၂၂ (လိုင်းခွဲ-၂၅၉)၊ ၀၁-၃၇၁၇၂၂ (လိုင်းခွဲ-၅၄၁)
☎ အိမ်-၀၁-၅၅၃၉၂၇၊ စက်ရုံ-၀၁-၅၄၇၃၅၉




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၁။

င်ထဲ၌ ပန်းချီကားတစ်ချပ် ရေးဆွဲပြီး
သင့်ရှိနေပြီဟု မိမိကိုယ်မိမိ
မိလိုက်သည်။ သို့ရာတွင်
ပန်းချီကားမှာ ဘယ်ပုံဘယ်ပန်း
သည်ဟုကား တိတိကျကျ
ပြောနိုင်ဘဲ ရှိသည်။
န်းချီကားကို ကျွန်ုပ် မြင်နေမိသည်။
ရာတွင် ရိုးတိုးရိပ်တိပ်မျှသာ။
ရောင် ဘယ်ပုံသွင်းရမှန်းကို
ပြောနိုင်။ အစိမ်းလည်း ပီသည်မထင်။
လည်း ပီသည်မထင်။ အဝါလည်း
သည်မထင်။ ဘယ်အရောင်ကိုမှ
န်ုပ်သည် ပီပီမမြင်သေး။
တဝါး ထွေးယှက်လျက်ရှိသည်။
ဝိုးတဝါးအရသာကို ကျွန်ုပ်သည်
ရှက်လျက်ရှိသည်။ သို့သော်
စ်ခုတော့ သေသေချာချာ
ပြောနိုင်ပါသည်။
င်ထဲမှာ ပန်းချီကားတစ်ချပ် ရေးဆွဲပြီး
သင့်ရှိနေပြီဟူ၍။

❑

၂

ဦးကာလ၌ ကျွန်ုပ် အချိန်အတော်ကြာ
မိသည်။ မြူကလေးများသည်
ဆိုင်းစပြုပြီ။ လေပွေကလေးများ
ည်း ခရုပတ်လှည့်စပြုပြီ။
အချိန်တွင် ပွင့်သစ်လာကြသော
တကလေးများကို မြင်သည်။
န်ုပ်မည်မျှ အကြည်
က်နေမိသည်ကိုပင် သတိမပြုမိ။
ခြဲဆိုင်းဆိုင်းသည်
တ်ခံအရောင်ဖြစ်သည်။
မှုန်၊ ဝေပြာပြာ လေပွေကလေး
မြူးလှည့်ပတ်နေဟန်သည်
လောကကို
သက်သွင်းလိုက်သကဲ့သို့ပင်။
ပင်များ မျက်စိမှိတ်နေကြသည်
င်သည်။ ဖုန်များ၊ စက္ကူအစအနများ၊
ရွက်အစအနများ၊ အိမ်မိုးပေါ်၊
ကိုင်းပေါ်၊ စပါးကျီပေါ် ငြိလျက်၊
လျက်၊ ချိတ်လျက်။ ထိုမှုန်ဝါးဝါး
င်းထဲတွင် တစ်ခုကို ပီပီမြင်နိုင်သည်။


အမှတ် ၂၉၀၊ ဇန်နဝါရီ၊ ၂၀၁၄

ရှုမဝ

ရုပ်စုံမဂ္ဂဇင်း

## ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာ တင်မိုး ရေးသားပြီး ၁၉၆၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ်(၉၂)တွင် ဖော်ပြပါရှိခဲ့သည့် 'ပန်းဖြူတစ်ပွင့်' ဝတ္ထုကို ပြန်လည်ဖော်ပြပါသည်။*



၂၀၁၄ ဇန်နဝါရီ ရွှေအမြုတေ

www.burmeseclassic.com

www.burmeseclassic.com

နွေဦးပန်းဖြူတစ်ပွင့်တစ်ပွင့်ကား လေပွေနှင့် မြူခြေကို ကျော်ခံ၍ ရဲရဲပွင့်လိုက်ပုံ၊ ဟုတ်ကဲ့။ ရဲရဲပွင့်လိုက်ပုံပါပဲ။

ကျွန်ုပ်မှာ အတောမသတ် နှစ်သက်မိသည်။ ဤပန်းကလေးသည် မည်သူ့ကို အားကိုး၍ ရဲတင်းစွာ ပွင့်လိုက်ပါသနည်း။ ပန်းဖြူကလေးသည် မည်သူ့ကိုမျှ အားမကိုး။ သူ့အင်အား သူ့ဘဝကို အားကိုး၍ ပွင့်လိုက်ခြင်းဖြစ်လေဟန် ကျွန်ုပ်သည် စိတ်ကူးဖြင့် မှန်းဆ၍ အဓိပ္ပာယ်ကောက်ကြည့်ရာ ပန်းကလေး၏ အဖြူရောင်မှာ ပိုမိုတောက်ပ ထွန်းလင်းသွားလေသည်။

❑

၃။

စင်စစ်အားဖြင့် ကျွန်ုပ် ပန်းချီမဆွဲဖြစ်သည်မှာ အချိန်ညောင်းခဲ့ဟန်တူသည်။ ပန်းချီသွေးသည် ကျွန်ုပ်ထံမှ ထွက်ပြေးခဲ့ပုံရသည်။ ပန်းချီအနုပညာကို စောင့်သောနတ်သည် ကျွန်ုပ်ထံမှ ခွာခဲ့သည်မှာ ကြာခဲ့ပြီ ထင်၏။ ပန်းချီဆွဲစရာ အကြောင်းအရာတို့သည် ကျွန်ုပ်၏ သတိမေ့လျော့ခြင်းကို ပြက်ရယ်ပြုနေကောင်း ပြုနေပေလိမ့်မည်။ သို့မဟုတ် ကျွန်ုပ်၏ အနီးသို့ သီလာကောင်းမှ သီလာပေလိမ့်မည်။ ကျွန်ုပ်လည်း အမှတ်တမဲ့သာ ဖြစ်ချေသည်။

ကျွန်ုပ်သည် ပန်းချီကားများကို တစ်ကားပြီးတစ်ကား ရေးဆွဲခဲ့သည်။ ကျွန်ုပ်သည် နာမည်ကျော် ပန်းချီဆရာ ဖြစ်ခဲ့သည်။ ပြပွဲတွေမှာ ပြခဲ့သည်။ ကားများကို လက်မလည်အောင် ရောင်းခဲ့သည်။ ပန်းချီဈေးသည် ဖြစ်ပေလိမ့်မည်။ သို့သော် ကျွန်ုပ်သည် ကျွန်ုပ်၏ နာမည်ကျော် ပန်းချီဈေးသည် ဘဝကို မေ့စပြုပြီ။ ထိုပန်းချီကားများ အကြောင်းကိုပင် သတိမရတစ်ချက်၊ ရတစ်ချက်။ မည်သည့်ပန်းချီကားများကို ရေးဆွဲခဲ့မိမှန်း ကောင်းကောင်း မသိတော့ချေ။ ကြာလှပြီဖြစ်မည်။ ကျွန်ုပ် ခေတ်ကောင်းချိန်သည် ခပ်လှမ်းလှမ်းမှာ ကျန်ရစ်ခဲ့ပြီဖြစ်သည်။

ကျွန်ုပ်ကို 'ပန်းချီဆရာကြီး' ဟု အများက ခေါ်ကြသောအခါ ကျွန်ုပ်သည် အမှတ်မဲ့ အံ့အားသင့်မိလျက်သား ဖြစ်သွားသေးသည်။ 'ငါဘယ်တုန်းက ဘာပန်းချီဆွဲခဲ့မိဖူးပါလိမ့်' ဟု တွေးမိလျက်သားရှိသည်။

သို့သော် ကျွန်ုပ်၏ သတိကား အလွန် မဆိုးလှသေးပါ။ ဟုတ်မှာပဲ၊ ငါ့အိမ်မှာ စုတ်တံတွေ၊ ဆေးခွက်တွေ၊ ပန်းချီကားအစအနတွေရှိသားပဲ။ ငါ ပန်းချီဆရာပဲ ဖြစ်ခဲ့မှာပါပဲ။ မလွဲနိုင်ပါဘူး။ ဟုတ်မှာပေါ့။

မေ့လျော့တတ်ခြင်းကြောင့် အများက ကျွန်ုပ်ကို မသနားမီ ကျွန်ုပ်ကိုယ်ကျွန်ုပ် ပန်းချီဆရာပါဟု ဝန်ခံလိုက်နိုင်ခဲ့ပါသည်။

❑

၄။

အမှန်ပင်။ ကျွန်ုပ်သည် နိုင်ငံကျော် ပန်းချီဆရာ ဖြစ်ခဲ့သည်။ လက်ဖျား၌ ငွေသီးခဲ့သည်။ နိုင်ငံ၏ မျက်နှာဖုံးပန်းချီ
ကျော်အဖြစ် စာနယ်ဇင်းများက အကြိမ်ကြိမ်ချီးကျူးကြသ...
ကိုခံခဲ့ရသည်။ သံရုံးများကဧည့်သည်တော်များသည် ကျွ...
ပန်းချီကားကို အလုအယက်လာရောက်ဝယ်ခဲ့ကြသည်။ ...
ရတတ်မျက်နှာကြီးပုဂ္ဂိုလ်များ၏အိမ်တိုင်းတွင် ကျွန်ုပ်၏...
ကားမချိတ်သည့်အိမ်ဟူ၍မရှိသလောက်ပင်။ ကျွန်ုပ် ...
ကားသည် အိမ်၏ဂုဏ်သရေအထိမ်းအမှတ်တစ်ခုဖြစ်ခဲ့လေ...

ကျွန်ုပ်သည် တော်ဝင်အနုပညာတံခွန်အသင်းကြီး...
ချီးမြှင့်သောဆုတံဆိပ်များ အကြိမ်ကြိမ်ရခဲ့ရုံမျှမက ထိုအသ...
ကြီး၏ဂုဏ်ထူးဆောင်အဖွဲ့ဝင်လည်း ဖြစ်ချေသည်။ သံ...
တကာ ဧည့်ခံပွဲများတွင်လည်းကောင်း၊ တော်ဝင်အနုပညာ...
အသင်းကြီး၏ ဆုနှင်းသဘင်အခမ်းအနားများတွင်လည်းကော...
ကျွန်ုပ်အမည်သည် လူတိုင်း၏နှုတ်ဖျားပေါ်က ပျံသန်းနေသော...
လိပ်ပြာကလေးဖြစ်ခဲ့သည်။

ကျွန်ုပ်၌ ဘာလိုတော့သနည်း။ နာမည်မလို။ ဂုဏ်မ...
ငွေလည်း မလိုတော့ပြီ။ လိုသည်မှာ အနုပညာပင် ဖြစ်သ...

မှန်သည်။ ဤအချက်ကို မြို့တော်၏ အစွန်အဖျားမှ...
ထုတ်ဝေသော သတင်းစာကလေးတစ်စောင်တွင် အညာ...
ပန်းချီဝေဖန်ရေးသမားတစ်ယောက်က ထောက်ပြခဲ့သည်...

ကျွန်ုပ်သည် အကြီးအကျယ် စိတ်ဆိုးခဲ့သည်။ ဆ...
ပုရွက်ဆိတ် အကိုက်ခံရသကဲ့သို့ ဆတ်ဆတ်ခါ နာခဲ့သည်...
ကျွန်ုပ် အတ္တမာန ဟုန်းဟုန်းထခဲ့သည်။ မိမိဂုဏ်ကိုငဲ့၍ ...
ဝေဖန်ရေးသမားလေးကို လူသိရှင်ကြား မချေပခဲ့သော်လည်း...
စိတ်ထဲတွင် အနာတစ်ခုကဲ့သို့ ခံစားခဲ့ရလေသည်။

ယင်းသို့ ခံစားရတိုင်း မိမိကိုယ်ကို မေးခွန်းထု...
သည်။ သူက… 'ဤပန်းချီဆရာ၌ ကျော်ကြားမှုကလွဲ၍ ...
မျှမရှိ။ သူသည် ပန်းချီကား အရောင်းအဝယ်ပြုနေသော ...
သည်တစ်ဦးမျှသာ ဖြစ်၏။ သူ့၌ ခံစားမှုအစစ်အမှန်...
ယုံကြည်မှု အစစ်အမှန် မရှိ' ဟူ၍ ရက်ရက်စက်စက် ေ...
သည်မှာ မှန်သလော။

အချိန်အတန်ကြာသောအခါ ကျွန်ုပ်သည် အမှန်ကို သိ...
ခဲ့သည်။ ကျွန်ုပ်သည် အနုပညာကို ကုန်ထုတ်လုပ်ငန်း...
ကဲ့သို့ ထုတ်လုပ်နေသူတစ်ဦးသာဖြစ်ကြောင်း သဘောပေါ...
သည်။ ဒေါသပြေ၍ မာန်လျှော့လိုက်သောအခါတွင် အညာ...
ဝေဖန်ရေးသမားကလေးတစ်ဦး၏ စကားသည် အမှန်ပင်...
ကြောင်း သိနားလည်ခဲ့ရလေသည်။

ထိုသို့ နားလည်သည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်သည် ...
လောကမှ တစ်စတစ်စ ဖဲခွာခဲ့လေပြီ။ ဧည့်ခံပွဲများကို ...
ရှောင်လေပြီ။ သတင်းစာမျက်နှာဖုံးတွင် ပါတတ်သော ...
ပညာပွဲလမ်းသဘင်တို့တွင် ကျွန်ုပ်၏အမည်ပျောက်စပြုေ...

ကျွန်ုပ်သည် ပန်းချီလောကကို စွန့်ခဲ့၏။

❑

၅။

ကျွန်ုပ်၏ ကလေးငယ်သည် အလွန်အဆော...



www.burmeseclassic.com

www.burmeseclassic.com

[illegible]၏ပစ္စည်းပစ္စယတို့မှာ သူဆော့သည်နှင့်ပင် မကျန်သ[illegible]က် ပျက်စီးကုန်ခဲ့သည်။ သို့သော် ကလေးငယ်၏လွတ်[illegible]ခြင်းသည် ပစ္စည်းပစ္စယတို့ထက် အဖိုးထိုက်သည်မဟုတ်[illegible] ဆော့ပါစေ၊ ကစားပါစေ။ ပစ္စည်းများကို လွှင့်ပစ်ပါ[illegible]။ လွတ်လပ်မှု၊ ဖွံ့ဖြိုးမှုနှင့် ကြည်နူးမှုအတွက် ကျွန်ုပ်၏[illegible]ည်းများကို စိတ်ကျေနပ်လောက်အောင် လွှင့်ပစ်ပါစေ။ [illegible]ကား ကျေနပ်လှသည်။ ပီတိဖြစ်လှသည်။ ထို့ကြောင့် [illegible]သည် လွတ်လွတ်လပ်လပ် ခုန်ပေါက်လွှင့်ပစ် ကစားနေ[illegible]လေးငယ်ကို အပြုံးကြီးပြုံးကာ ကြည့်နေမိသည်။ ကလေး[illegible]သည် ပစ္စည်းတကာတို့ထက် အဖိုးတန်သောသက်ရှိပစ္စည်း[illegible]ကား။ ကျွန်ုပ်သည် ပီတိ၌ ကြာကြာနစ်ခွင့်မရပါ။

'ဟဲ့ကလေး ဘယ့်နှယ် မင့်အဖေရဲ့ပစ္စည်းတွေ ဖျက်ဆီး[illegible]လဲ လူကလေးရဲ့၊ လာလာ··· ဒီကို၊ အမေ့ဆီကို'

သူ့အမေသည် ကလေးကို ပွေ့ခေါ်၍ မုန့်ကျွေးချော့မော့[illegible]လသည်။

အခုမှပင် သတိရသည်။ သူ့အမေ အလုပ်က ဆင်းလာခဲ့[illegible] ကလေးအမေသည် ရုံးတစ်ရုံးတွင် စာရေးမ ဝင်လုပ်နေ[illegible]မှာ နှစ်နှင့်ချီခဲ့လေပြီ။ ကျွန်ုပ် ပန်းချီမဆွဲဖြစ်ကတည်းက[illegible] ဝင်ငွေနည်းခဲ့သည်။ တစ်စထက်တစ်စ စားရေးသောက်[illegible] ကျပ်တည်းလာခဲ့သည်။ ကျွန်ုပ် ဝင်ငွေမရှိတော့သည့်[illegible]က် အိမ်က မိန်းမသည် ပစ္စည်းနှင့်ပရိဘောဂအချို့ကို[illegible]ရောင်းချစားသောက်ခဲ့ရသည်။ ထုခွဲရောင်းချစရာ မရှိ[illegible]သည့်နောက် အိမ်စရိတ်ရအောင် ရုံးစာရေးမ ဝင်လုပ်ခဲ့[illegible] အတော်ကြာပြီ။ မိန်းမငွေကိုမှီ၍ ချို့ချို့တဲ့တဲ့ စား[illegible]က်နေထိုင်ရသည်မှာ အတော်ကြာလောက်ပြီ။ ထိုအခက်[illegible]ကိုပင် အမှုမဲ့ အမှတ်မဲ့ ဖြစ်ခဲ့သည်။ မိန်းမဖြစ်သူသည်[illegible]ခထဲကဖွဲ့၍ ပန်းချီပစ္စည်းများကို ဆင်းဆင်းရဲရဲ ဝယ်ပေးခဲ့[illegible]ပေသည်။ သို့ရာတွင် ကျွန်ုပ်ကား ပန်းချီဆွဲဖို့ ဝေးစွ။ မိမိ[illegible]ကို ပန်းချီဆရာဟုပင် အမှတ်မရတော့ပါ။ ပန်းချီ။ မိမိ[illegible]ကို ပန်းချီဆရာဖြစ်ခဲ့သည်ဟုပင် အတော် စဉ်းစားယူနေ[illegible]တော့သည်။

❑

၆။

အိမ်ရှေ့မြောင်းငယ်ထဲတွင် ပန်းချီဆေးခွက် ရောက်နေ[illegible]။ စုတ်တံကိုလည်း ကလေးငယ် ရိုက်ချိုးပစ်ခဲ့လေပြီ။

မိန်းမဖြစ်သူသည် အလွန်နှမြောနေပုံရသည်။ ကလေး[illegible]ကို တတွတ်တွတ် ဆိုမြည်နေသည်ဟု ကျွန်ုပ်ထင်၏။

ကျွန်ုပ်၏ ကလေးငယ်မှာ ကစားစရာဟူ၍ မည်မည်ရရ[illegible]သည် မဟုတ်ပါ။ ဝယ်လည်း ပေးနိုင်သည် မဟုတ်ပါ။ [illegible]တ်ဝန်းကျင်တွင် ကစားစရာဟူ၍ စုတ်တံနှင့်ဆေးခွက်များ[illegible] ဖြစ်ပေလိမ့်မည်။

ထိုအချိန်၌ ကျွန်ုပ်သည် အိမ်ရှေ့သို့ ငေးမျှော်လိုက်မိပါ[illegible]။ ထွန်းတောက်သည့် အရောင်တစ်ခုသည် ကျွန်ုပ်၏

ကျွန်ုပ်သည်
အကြီးအကျယ်
စိတ်ဆိုးခဲ့သည်။
ဆင်ကို
ပုရွက်ဆိတ်
အကိုက်ခံရ
သကဲ့သို့
ဆတ်ဆတ်ခါ
နာခဲ့သည်
ကျွန်ုပ်
အတ္တမာန
ဟုန်းဟုန်းထ
ခဲ့သည်
မိမိဂုဏ်ကို
ငဲ့၍
ထို
ဝေဖန်ရေး
သမားလေးကို
လူသိရှင်ကြား
မချေပခဲ့သော်လည်း
စိတ်ထဲတွင်
အနာတစ်ခု
ကဲ့သို့
ခံစားခဲ့ရလေသည်

မျက်စိကို ဟပ်လိုက်သကဲ့သို့ ရှိသည်။ ဟုတ်သည်။ ပန်းဖြူတစ်ပွင့်။ စင်ကြယ်သော ပန်းဖြူတစ်ပွင့်။

ကျွန်ုပ်၏ စိတ်တွင် လေပွေရိုင်းတစ်ခု ဝင်မွှေလိုက်သကဲ့သို့ ရှိသည်။ သားနားခြင်း၊ နှစ်သက်ခြင်းဟူသော ရသသည် ကျွန်ုပ်၏စိတ်နှလုံးကို ဦးခေါင်းဖြင့်တိုးဝှေ့ကစားလာဘိသကဲ့သို့ ဖြစ်သည်။

ရုတ်တရက် ကျွန်ုပ် ဘာကိုမျှ မမြင်၊ ဘာကိုမျှ သတိမရ။ ပီတိစဲသွားသောအခါ မျက်စိရှေ့တွင် ပန်းချီကားတစ်ချပ်ပေါ်နေသည်ကို မြင်လိုက်ရသည်။

နွေဦးကပန်းသည် ကျွန်ုပ်၏ကလေးငယ်ကို ဝင်ရောက်ပူးကပ်လိုက်လေပြီ။ ပန်းဖြူနှင့် ကလေးငယ်သည် တစ်ထပ်တည်းကျလာသကဲ့သို့ဖြစ်သည်။ ပွင့်ချပ်ပွင့်ဖတ်ကလေးတို့သည် ကလေးငယ်၏လှုပ်ရှားခြင်းမျိုးဖြင့် လှုပ်ရှားလာသည်။ ထိုမေတ္တာစိတ်သည် အနုပညာကို အစစ်အမှန် ဖန်တီးလေပြီ။

ကျွန်ုပ်သည် ယနေ့ပန်းချီကားတစ်ချပ်ကို စတင်ရေးဆွဲမိသည်။ ကျွန်ုပ်မှာ စုတ်တံလည်းမရှိ။ ဆေးခွက်လည်း မှောက်ခဲ့ပြီ။ သို့သော် ကိစ္စမရှိ။ ကျွန်ုပ်တွင် ပန်းချီကားတစ်ကား ရပြီ။ ရုပ်ပုံသည် ကျွန်ုပ်၏ နှလုံးသားအိမ်၌ အရိပ်ပေါ်ပြီ။

ကျွန်ုပ်သည် ပန်းချီဆရာဘဝသို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့၏။

■


တင်မိုး



www.burmeseclassic.com

www.burmeseclassic.com

တိုင်းပြည်ကြီး ဒီမိုကရေစီရသွားသောကြောင့်လော၊ စာပေစိစစ်ရေးဆိုသည်ကြီး မရှိတော့သည့်အတွက်ကြောင့်လော မပြောတတ်။ ပေါတောတောအရေးအသားများနှင့် ဖြီးဖြန်းရေးသော အရေးအသားအတော်များများကို ဖတ်လာရပြန်သည်။ လူတိုင်းသည် ဒီမိုကရေစီနှင့်ပတ်သက်၍




# တတ်လို့ရေးတဲ့စာ

မြင့်သန်း

ချန်ပီယံများ ဖြစ်လာကြကုန်တော့သည်။ ဒီမိုကရေစီဆိုသည်မှာ ဋ္ဌတိ-ဤသို့ဖြစ်သည် ဟူ၍သာမက ဖက်ဒရေးရှင်းဆိုသည်မှာ ငါ ပြောသလိုဟုဆိုသော ဖြာစီး-ဖြီးစာများမှာ မယုံနိုင်စရာ ကောင်းလောက်အောင် ပေါများလာလေသည်။ ပြည်တွင်း၌ချည်းသာ မဟုတ်။ နိုင်ငံရပ်ခြားက ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွင်ပင် တစ်စုံတစ်ရာသော အဆိုတစ်ရပ် မတည်ဆောက်ပြနိုင်ဘဲ ရာထူး... သုံးစွဲကာ ဝင်ရောက်ဖိန်းပြသွား... ပင် ဟားစရာ ကြားလာရပြန်... (လက်သိပ်ထိုး၍ ရယ်စရာတစ်ခု... လာပြန်သည်)။ ရေးကသော် ကြ... နားဝကို သမိုင်းစာယောင်ယောင်... ကြုံလောက်သာဖြစ်သည်။ ငါနှင့်... ထားမတူ ငါ့ရန်သူဟု သဘောထား... အထောက်အထားမပါသော ... မျိုးလောက်သာ ဖတ်ရသည်။ ... သော် ထောက်ထောက်ထား... လောက်လောက်လားလားမရှိသော အ... အသားများထက် နိုင်ငံခြားဘာသာ... တစ်မျိုးမျိုးဖြင့် ရေးထားသော အ... အသားများကို (ကိုယ်ကိုယ်တိုင်... အခြေခံတစ်စုံတစ်ရာကိုမျှ နားမလည်... လျက်)ကိုယ်နားလည်သလို ပြန်ဆို... သော အရေးအသားများကို အလွှဲအ... ဖတ်လာနေရသည်။ မြို့ပြပြည်ရွာ မြ... လည်ထူထောင်ရေးကာလတွင် ... ရေးသားဖော်ထုတ်မှု အခြေခံ ပျော... ဆရာများ အများအပြားပေါ်လာကြ... သည်။

ထိုထိုသော အောက်ဂလီ... အရေးအသားများအကြားမှ ထူးခြား... သောစာတစ်အုပ်ကို ဖတ်ရပါသည်... ဝမ်းမြောက်ရပါသည်။ ရေးသူ၊ ... သူနှင့်ထုတ်ဝေသူတို့ကိုလည်း ကျေး... တင်ရလေသည်။ ထို-စာအုပ်မှာ ဦးမြင့်... ကြည်၏ **စာပေနှင့်ဂီတ/ ဂီတနှင့်စာ...** ဟု အမည်ပေးထားသော စာအုပ်... သည်။ ထို-စာအုပ်ကို ရာပြည့်တိုင်... စုစည်းကာ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်... အမှာ သို့မဟုတ် မိတ်ဆက်ကို ရန်... တက္ကသိုလ်မြန်မာစာဌာန၏ ပါမောက္ခ... ဟောင်းဒေါက်တာခင်အေး(စာရေးဆ... မောင်ခင်မင်-ဓနုဖြူ)က **ပူဇော်...** **တော့အပ်ပါသည်**(စာ၊၉-၁၄။)ဟူ... ခေါင်းစဉ်ဖြင့် ရေးသားထားသည်၊ ... သားရာတွင် မြန်မာစာပါမောက္ခဟော... အဖြစ် ရေးသားထားခြင်းမဟုတ်ဘဲ ... မန်စာရေးသူတစ်ဦးဖြစ်သော ... ခင်မင်(ဓနုဖြူ)"အဖြစ် ရေးသားခဲ့သည်...



www.burmeseclassic.com

www.burmeseclassic.com

…ည်ရေးသားထားခြင်းများမှာ စာရေးသူကို မိတ်ဆက်ပေးခြင်းဖြစ်လေသည်။ အရေးအသားပါ အကြောင်းအရာနှင့်အကြောင်းရပ်များအပေါ် မိတ်ဆက်ပေးခြင်းမဟုတ်လှ။ သို့…တွင် ဒေါက်တာ ခင်အေးအနေဖြင့် ကာလတရားအားဖြင့်…က်လျော်ညီထွေသော အပြုအမူတစ်ရပ်ကို ပြုခြင်းဖြစ်သည်…မြင်မိသည်။ အကြောင်းတစ်ချက်မှာ မျက်နှာလွှဲခဲပစ် ဒီမိုက…စ်နှစ်ကြီးဖြင့် ပြန်လည်တည်ဆောက်နေသော ယနေ့မြန်မာ…အဖွဲ့အစည်းအတွင်း သမ္မတအကြံပေးပုဂ္ဂိုလ်ဆိုသူများမှအစ…ပြမယ်၊ စံပြမယ်၊ လှန်ပြမယ်ကလေးများအထိ မြန်မာ…သာစကားသည် ဝေါဟာရနွမ်းပါးလှသည့်ဘာသာစကား…မြင်မှတ်လက်ခံထားကြသောကာလတစ်ခု ဖြစ်နေပါသည်။…လုံးတစ်လုံးစ နှစ်လုံးစ ညှပ်ပြောကာမှပင် လူရေးလူရာဝင်…ည်ကဲ့သို့ ဖြစ်နေသည်။ ထိုထိုသော ကာလကြီးအတွင်း…ကြီး ဦးမြင့်ကြည်ကို သိသူ(ဆိုလိုသည်မှာ ကြားဖူးသူ…) ရှားကောင်းရှားနေပေမည်။ ကျွန်တော်တို့ကိုယ်တိုင် ခပ်…မ်းလှမ်းက တစ်ကြိမ်နှစ်ကြိမ်သာ ဖူးခဲ့ရဖူးပါသည်။ သို့ဖြစ်…ား ဒေါက်တာ ခင်အေးက စာရေးဆရာ မောင်ခင်မင်…ဖြူ)နေရာမှရပ်ကာ မိတ်ဆက်ပေးသည်မှာ အသင့်လျော်…အပြုအမူတစ်ရပ်ပါပေ။

ဤစာအုပ် **စာပေနှင့်ဂီတ/ ဂီတနှင့်စာပေ** ကို လူမျိုးခြား…ညာရှင်တစ်ယောက်က ညွှန်းသဖြင့် ဖတ်ဖြစ်ပါသည်။ ဝယ်…သဖြင့် ရာပြည့် ဦးစိုးညွန့်ထံ အလှူခံရာမှ ဒါနအပြုခံရ…ာကြောင့် ဖတ်ရပါသည်။ ပထမအကြိမ် ဖတ်သည်ကပင်…ထဲတွင် ဝမ်းမြောက်မိသော အချက်တစ်ခုပေါ်လာပါ…သည်။ ထို-အချက်မှာ **စာပေနှင့်ဂီတ/ ဂီတနှင့်စာပေ** သည် **…တ်လို့ရေးသည့်စာ** ဟု ခေါ်ရမည့်အရေးအသားမျိုးဖြစ်သည်…သော သိမှုဖြစ်သည်။ **တတ်လို့ရေးတဲ့စာ** ဟူသောအချက်…စပ်လျဉ်း၍ စိုးစဉ်းမျှ ရှင်းပြလိုပါသည်။ စာပေကို ပညာ…တစ်ခုအဖြစ် လေ့လာစဉ်ကာလက ပါမောက္ခကြီးတစ်ဦး…ကြားပို့ချရာတွင် ပါဝင်ခဲ့သော အချက်ဖြစ်ပါသည်။ ထို-…မောက္ခကြီးက ဆိုသည်မှာ ပညာရပ်ဆိုင်ရာ အခြေခံဖြင့်…သော အရေးအသားများတွင် 'တတ်၍ရေးသောအရေးအသား'၊ 'တတ်သည်ထင်၍ ရေးသောအရေးအသား' နှင့် '…ရေးချင်၍ရေးသော အရေးအသား' ဟူ၍ လွယ်လွယ်ခွဲခြား/…ခြမ်းကြည့်နိုင်လေသည်။ 'ရေးချင်၍ရေးသော အရေးအသား' မှာ ပညာရပ်အခြေခံအရေးအသားများ တည်ဆောက်…ထုတ်ရာ ရပ်ဝန်းအတွင်းတွင် နေရာမရှိ။ သို့သော် ဖန်တီး…သားဖော်ထုတ်မှုအပိုင်းတွင် နေရာအကျယ်ကြီးရှိသည်။…ညာရပ်အခြေခံဖြင့် တည်ဆောက်ဖော်ထုတ် ရေးသားသော…က်အတွင်း မကြာခဏ တွေ့ရသည်မှာ 'တတ်သည်ထင်…၍ ရေးသောအရေးအသား' များဖြစ်သည်။ အလွန်အန္တရာယ်…နိုင်သော အရေးအသားမျိုးဖြစ်သည်။ ပညာရပ်ဆိုင်ရာ…ဆောက်အအုံကြီးများအတွင်းသို့ စတင်ဝင်ရောက်လာကြသော ပညာသင်ကလေးများအနေဖြင့် မသိနားမလည်သောကြောင့် ဝယ်ယူဖတ်ရှုတတ်ပြီး စာအုပ်အဟောင်းဆိုင်များဆီသို့ ပြားနှစ်ဆယ်ခန့်ဖြင့် ပြန်ရောင်းပစ်ကြသော စာအုပ်မျိုးများဖြစ်သည်။ 'တတ်၍ရေးသော အရေးအသား' မျိုးမှာ အထိုက်အလျောက် ရှားသည်။ ပထမဦးဆုံး ပုံနှိပ်သော အုပ်ရေငါးထောင်မှာ ပညာရှင်များ၏ ပုဂ္ဂလိကစာကြည့်တိုက်များ

ပညာအရာတွင်
ကျွမ်းကျင်မှု၊ နိုင်မာမှုသည်
ဤ–စာအုပ်တစ်အုပ်လုံး၌
ပေါ်လွင်စွာ တည်နေခဲ့သော
အနေအထားတစ်ရပ် ဖြစ်ပေသည်
ပျို့နှင့်ပတ်သက်သော
(အခြားတစ်နည်း၊ ပျို့အကြောင်း
ရေးသားထားသော)
အရေးအသားကို
နမူနာပြလိုသည်
ထို–အရေးအသားများတွင်
'ပျို့ဆိုတာ ဒါပဲ'ဟု
စကားနောက် တရားပါ
ပြောသည်ကဲ့သို့ မရေး
ပျို့များကို မျိုးတူစုပြုကာ
ဆင့်ကဲဖြစ်ပေါ်မှုတွင်
အခြေခံကာ
ပျို့၏ပြောင်းလဲလာပုံနှင့်
ပုံစံနှင့်အတွင်းသဘော
နှစ်ခုစလုံး၏
ပြောင်းလဲမှုတွင် တည်ကာ
ပြောင်းလဲခဲ့သောပျို့၏
အနေအထားကို
ရှင်းပြခဲ့ခြင်းများဖြစ်သည်

အတွင်းမှ ပြန်လည်ထွက်မလာတော့။ အကြောင်းမှာ ထို-စာအုပ်မျိုးသည် တစ်ကြိမ်နှစ်ကြိမ် ဖတ်ရန်သာမက ကိုးရန်၊ ညွှန်းရန်နှင့် အကြိမ်ကြိမ်ဖတ်ရမည့် အရေးအသားမျိုး ဖြစ်နေသောကြောင့်ဖြစ်သောဟူ၏။ ကျွန်တော့်အဖို့မှာကား ဆရာကြီး ဦးမြင့်ကြည်၏ **စာပေနှင့်ဂီတ/ ဂီတနှင့်စာပေ** စာအုပ်သည် 'တတ်၍ရေးသော အရေးအသား'သာ ဖြစ်ပါသည်။ စွယ်ယောင်ပြမပါသော အရေးအသားမျိုးသာ ဖြစ်ပါသည်။

ဆရာကြီး ဦးမြင့်ကြည်၏ **စာပေနှင့်ဂီတ/ဂီတနှင့်စာပေ**



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ကို ဖတ်ရှုရာတွင် ရေးသားထားသောပုံစံနှင့် ရေးသားထားသော အကြောင်းအရာ၊ အကြောင်းရပ်ဟု ခေါ်ဆိုရမည့် *အတွင်းသားကိုလည်း ဂရုပြု ဖတ်ရှုမိပါသည်။* ဤ-စာအုပ်မျိုးကို ဖတ်ပြီးသော် 'အရေးအသားကလေးကတော့ဖြင့် အကောင်းသား'၊ သို့မဟုတ် 'စာချောတယ်'၊ သို့တည်းမဟုတ် 'ဖတ်ပျော်သားပဲ' စသည်ဖြင့် ကောက်ချက်ချရန် မဖြစ်ပါ။ ကောက်ချက်ချသူများ ရှိခဲ့လေသော် 'တောမှာသွားပြော'ဟု ပြောရန်သာရှိပါသည်။ ဆရာကြီး ဦးမြင့်ကြည်မှာ မြန်မာစာဆရာဖြစ်ခဲ့လေရာ အရေးအသားအပိုင်းတွင် လူပြန်တော်ငှားကာ စာစစ်ခိုင်းရန် မဖြစ်တော့။ ဤ-စာအုပ်တွင် ရေးသားထားပုံမှာ ကျွန်တော်ကဲ့သို့သော လမ်းပေါ်ကလူများ၊ သာမန်လူများအတွက် ရည်ညွှန်းကာ ရေးသားထားပုံဖြစ်သည်။ နားလည်လွယ်သည်။ သို့ရာတွင် ပညာရပ်ဆိုင်ရာ ပရိဂ္ဂဏ်အတွင်း၌လည်း အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ်သာမက အရည်အသွေးကြောင့် သီးခြားရပ်တည်နိုင်သော အရေးအသားမျိုးလည်းဖြစ်သည်။ နေလည်းနေမည်ဟု ယုံကြည်မှတ်ယူမိသည်။ သာမန်စာဖတ်သူများအတွက် ရည်ရွယ်၍ရေးသောကြောင့် အညွှန်း၊ အကိုး၊ ရှင်းလင်းချက်နှင့် မှတ်စုများကို စနစ်တကျဖော်ပြမထား။ ထို့အတွက်မူ ပညာရပ်တစ်ခုအဖြစ် လေ့လာသူတို့အတွက် နှောင့်နှေးစရာဖြစ်သည်။ သို့ရာတွင် စာကိုးအများစုကို စာကိုယ်စာရင်း၏ အတွင်း၌ တွေ့ရနိုင်လေသည်။ တစ်နည်းဆိုရသော် သာမန်စာဖတ်သူအတွက် ဦးတည်ထားသော အရေးအသားဖြစ်လေရာ ပညာရပ်အခြေခံ ဘောင်အတွင်းမှ 'စာအုပ်တစ်အုပ်ဖြစ်ခြင်း'အနေအထားကို တင်းကျပ်စွာ စောင့်စည်း၍ ရေးသားခဲ့ခြင်း မဟုတ်သည်ကို လက်ခံရမည်ဟုထင်သည်။ စာပေကို ပညာရပ်တစ်ခုအဖြစ် လေ့လာစရာလိုသည်ဟု လက်ခံထားကြသော ရပ်ဝန်းအတွင်းကမူ ဤသို့ရေးရန်မှာ လိုအပ်မှုတစ်ခုကဲ့သို့ တည်နေပေဦးမည်။

## ဆရာကြီး ဦးမြင့်ကြည်၏
## **စာပေနှင့်ဂီတ / ဂီတနှင့်စာပေ စာအုပ်သည်**
## 'တတ်၍ရေးသော အရေးအသား'သာ ဖြစ်ပါသည်
## စွယ်စုံယောင်ပြမပါသော အရေးအသားမျိုးသာ ဖြစ်ပါသည်

ဆရာကြီး ဦးမြင့်ကြည်မှာ မြန်မာဘာသာစာ၊ မြန်မာဘာသာစကားတွင် ကျွမ်းကျင်သော ပညာရှင်ဖြစ်သည်သာမက ဂီတဘက်သို့ ငြိခဲ့သူတစ်ဦးဖြစ်ကြောင်း ဒေါက်တာ ခင်အေး၏ အရေးအသားအရ သိကြရနိုင်သည်။ သို့ဖြစ်ရကား မြန်မာဘာသာစာ အရေးအသားဖြင့် ဖန်တီးဖော်ထုတ်တင်ပြခဲ့သော ပျို့၊

ရကန်၊ ကြိုး၊ ဘောလယ် စသည့် အရေးအသားအများတွင်
လည်း ကျွမ်းနေခဲ့တော့သည်။ **စာပေနှင့်ဂီတ/ဂီတနှင့်စာပေ**
*စာအုပ်တွင် ဖော်ပြထားသော 'ဂီတ'အပိုင်း(စာ၊ ၁၉၄-*
၃၁၉)မှာ ဆရာကြီးဦးမြင့်ကြည်၏ အရေးအသား၌ တည်ထား
သော အစဉ်အလာ မြန်မာဂီတ အနုသုခုမပညာ အနုစ်ပိုင်းဖြ
လေသည်။ သို့ရာတွင် 'စာပေ'ဟု မျိုးတူစုပြုထားသော အပိုင်း
(စာ၊ ၁၇-၁၉၃။)တွင်လည်း အစဉ်အလာ မြန်မာဘာသာ
အခြေခံဖန်တီးစာ အရေးအသားများနှင့် ၎င်းတို့နှင့် ဆက်စပ်
သော အရေးအသားများအကြောင်းကို တွေ့ရပြန်သည်။ ဥပမာ
'ထိုနှစ်ပါး' (စာ၊ ၁၇-၂၉။)၊ 'ကျမ်းညီနောင်' (စာ၊ ၃
၄၀။)နှင့် 'ကိုးခန်းပျို့(စာ၊ ၄၁-၄၇။)မှ သားတို့အမေ' အ
အသားများမှာ ပျို့နှင့်ဆက်စပ်သော (သို့မဟုတ်၊ ပျို့ကို အ
ခံထားသော)အရေးအသားများဖြစ်လေသည်။ ထို-အပိုင်း
တွင် ကိုယ်တွေ့မှတ်တမ်းတိုကလေးများပါသည်။ ဘဝအ
အကြုံကိုဖတ်သာအောင် ပြန်လည်တင်ပြထားသည်။ 'ပြ
လည်တင်ပြထားသည်'ဟု ဆိုရသည်မှာ မိမိ၏အကြော
မိမိ၏အတွေ့အကြုံ တစ်စုံတစ်ရာတို့ကို ရေးသားတင်ပြ
မှန်သမျှတို့မှာ ဖတ်ရှုသူတို့ ဖတ်သာအောင် ဖန်တီးရေးသား
သည်ဖြစ်၍(ဆိုလိုသည်မှာ သတင်းထောက်က သတင်း
ပုဒ်ရေးသည်ကဲ့သို့မဟုတ်မူ၍) တင်ပြခြင်းသက်သက် မ
တော့ဘဲ ပြန်လည်တင်ပြခြင်းတစ်ရပ်သာ ဖြစ်ခဲ့လေသ
ဆရာကြီး ဦးမြင့်ကြည်ကမူ သူ၏အတွေ့အကြုံများကို '
မြတ်စိုး'မှတစ်ဆင့် ပြန်လည်တင်ပြခဲ့လေသည်။ ထို-အ
အသားများတွင် 'မြန်မာစာ'ကို ဘာသာစကားကို ပညာ
တစ်ခုအဖြစ် လေ့လာသူ
ဖတ်သင့်သော အရေးအ
ဟု မြင်မိသည်။ အကြော
ယနေ့ကာလတွင် ဘာ
စကား အခြေခံပြောဆို
သားဖော်ထုတ်မှုများကို
ခြမ်းစိတ်ဖြာ လေ့လာကြ
ပညာရှင်များ၊ ဘာသာ
သုံးစွဲမှုကို တစ်ဖန်ပြန်
စိစစ်လေ့လာကြသူများ
နွေးတင်ပြလေ့ရှိသော ပြဿနာတစ်ခုဖြစ်သည်။ ဆိုလို
မှာ ဘာသာစကား၏ လွတ်လပ်ခြင်း၊ မလွတ်လပ်
ပြဿနာဖြစ်လေသည်။ 'မြန်မာစာဆရာ'တွင်သော ဆရာ
ဦးမြင့်စိုးက 'ဘာသာစကား'နှင့် 'အစဉ်အလာယဉ်ကျေး
အကြားတွင် ရှိနေခဲ့သော ပြဿနာတစ်ခုကို ပြဆိုခဲ့သ
အချို့က Conflict of interest ဟု ဆိုတတ်ကြသော အ
အထားဖြစ်သည်။ ဆိုလိုရင်း အနက်ပေါက်စေရန် သွေဖ
သုံးစွဲရသော ဘာသာစကား၏ အနေအထားဖြစ်သည်
ချုပ်ထားခြင်းခံနေရသော ဘာသာစကား၏ လွတ်မြော



www.burmeseclassic.com

www.burmeseclassic.com

ည်းလမ်းမှာ ဘာသာစကားကိုပင် ကျွမ်းကျင်စွာ လှည့်ဖြားနိုင်းစေခြင်းပင်ဖြစ်သည်။ ဆရာကြီး ဦးမြင့်ကြည်ကမူ ခပ်လွယ်လွယ်၊ ခပ်ပေါ့ပေါ့ ရေးသားခဲ့သော်လည်း အကြောင်းအရာနှင့် ဆိုလိုရင်းအကြောင်းရပ်တို့မှာ အလွန်နက်နဲလှပါသည်။ ဖတ်သာအောင် ရေးပြနိုင်ခြင်းသည်ပင်လျှင် ပညာအရာတွင် ကျွမ်းကျင်မှုဟု မဆို၍မဖြစ်နိုင်။

ပညာအရာတွင် ကျွမ်းကျင်မှု၊ ခိုင်မာမှုသည် ဤ-စာအုပ်အစ်အုပ်လုံး၌ ပေါ်လွင်စွာ တည်နေခဲ့သော အနေအထားတစ်ခုဖြစ်ပေသည်။ ပုံ့နှင့်ပတ်သက်သော(အခြားတစ်နည်း၊ ပုံ့အကြောင်း ရေးသားထားသော)အရေးအသားကို နမူနာပြလိုသည်။ ထို-အရေးအသားများတွင် 'ပုံ့ဆိုတာ ဒါပဲ'ဟု စကားဆောက် တရားပါပြောသည်ကဲ့သို့ မရေး။ ပုံ့များကို မျိုးတူပြကာ ဆင့်ကဲဖြစ်ပေါ်မှုတွင် အခြေခံကာ ပုံ့၏ ပြောင်းလဲသာပုံနှင့် ပုံစံနှင့်အတွင်းသဘော နှစ်ခုစလုံး၏ ပြောင်းလဲမှုတွင်တည်ကာပြောင်းလဲခဲ့သော ပုံ့၏ အနေအထားကို ရှင်းပြခြင်းများဖြစ်သည်။ ဥပမာအားဖြင့်သော်…

ပုံ့ကို အဓိကအားဖြင့် နှစ်မျိုးတွေ့နိုင်ပါသည်။ တစ်မျိုးမှာ အရွယ်သုံးပါး၊ အမျိုးလေးပါး လူအများတို့ မှတ်သားဖွယ်၊ သိက်နာဖွယ်၊ ဆင်ခြင်ဖွယ် အကြောင်းအချက်များကို လမ်းညွှန်ပြသလိုသည့် စေတနာဖြင့် ရေးဖွဲ့သည့် ပုံ့မျိုး၊ ဓာတ်လမ်းဆက်ကွက်မနှောဘဲ နီတိသဘောသက်သက် ရေးဖွဲ့သော ပုံ့မျိုးဖြစ်ပါသည်။ ဤပုံ့များတွင်…(စာ၊ ၄၁။)

ဟု ရေးသားထားကြောင်း ဖတ်ရှုရသည်။ အလားတူပင် 'ရကန်'ကို ရှင်းလင်းတင်ပြရာတွင် အရေးပါလှသော 'အကန်'အပိုင်းကို ဤသို့ ဆိုခဲ့ပြန်သည်။

ရကန်ဟုဆိုလျှင် အကန်မပါဘဲ မပြီးမပြည့်စုံပါ။ အကန်ရှိသည့်အတိုင်း အခြားစာဆိုပြိုင်ဘက်များကို နှိပ်နယ်ကန်ကျောက် ရေးဖွဲ့လေ့ရှိပါသည်။…(စာ၊ ၅၀။)

ထို-အရေးအသားပါ အချက်များသည် သာမန်အချက်များပင် ဖြစ်သည်ဟု ဆိုလိုသော် ဆိုနိုင်ပါသည်။ သို့ရာတွင် ထိုသို့သော 'သာမန်'အချက်များကိုပင် မသိသော မြန်မာများ တွေ့ကြက်၍ မရနိုင်လောက်အောင် ရှိနေကြသေးသည်။ ထို့ပြင် အခြေခံ၌တည်ထားသော သိစရာအကြောင်းများကို အခြေခံ(သို့မဟုတ်) အရင်းခံ(သို့တည်းမဟုတ်)ပဓာနကျသောအပိုင်းမှ ကောင်ဖော်ထုတ်ပေးခြင်းမှာ ပညာရပ်တစ်စုံတစ်ရာကို အရင်းခံအစေ ပိုင်နိုင်စွာ သိသူတို့၏သဘော အပြုအမူတစ်ခုသာ ဖြစ်သည်။ ဘုမသိဘမသိဖြင့် ချော်လဲရောထိုင်ပြထားသော အရေးအသားတစ်ခုဖြင့် ယှဉ်၍ကြည့်စေချင်သည်။ မြန်မာရသပညာဟူ၍ ဘေးလူအထင်ကြီးအောင် ရေးပြထားသော စာအုပ်တွင် 'မြန်မာမှုက ငြိမ်းချမ်းရေးလက်နက်ပစ္စည်းအဖြစ် သတ်မှတ်ကြသည်။ ဦးစိန်မြင့်၏ လောကနတ် ရွှေချည်ထိုး ငွေချည်ထိုးခန်းချီကားကြီးကို ကုလသမဂ္ဂအထွေထွေညီလာခံအခန်းတွင် ချိတ်ဆွဲထားရာ'(မြန်မာရသပညာ၊ စာ၊ ၈၂။)ဟူ၍ ဖော်ပြထားလေသည်။ စင်စစ် ထိုအရေးအသားမျိုးမှာ ရှေးဘုန်းတော်ကြီးများ၊ ပညာတတ် လူပြန်တော်များက ညွှန်းကြလေ့ရှိသော 'ဖြာစီး'(ဖြီးစာ)မျိုးသာ ဖြစ်ကုန်တော့သည်။ တတ်သဖြင့် ရေးသောစာမျိုးမဟုတ်မူ၍ ယှဉ်တွဲနှိုင်းယှဉ် ဖော်ပြရသည်မှာပင် သိက္ခာကျစရာ ဖြစ်နေပေသေးသည်။

တတ်၍ရေးသည်ဆိုသောအချက်ကို ထောက်ကူပြုလိုသဖြင့်(သို့မဟုတ်၊ ၍) **စာပေနှင့်ဂီတ/ဂီတနှင့်စာပေ** စာအုပ်လာ အရေးအသားနှစ်ခုကို ညွှန်းလိုပြန်သေးသည်။ ယင်းတို့မှာ 'ရှေးခေတ်ဘောလယ်'(စာ၊ ၂၀၈-၂၁၄။)နှင့် 'ဘောလယ်နှင့် လိုင်ထိပ်ခေါင်တင်'(စာ၊ ၂၁၅-၂၂၀။)ဖြစ်သည်။ ဤ-အရေးအသားနှစ်ခုတွင်သော် 'ဘောလယ်'နှင့်စပ်လျဉ်း၍ မူရင်းစာလုံး/စကားလုံး၏ အနက်ရင်းနှင့် သွေဖည်ပျံ့နှံ့ခဲ့သော အနက်တို့ကို ယှဉ်တွဲ၍လည်းကောင်း၊ နှိုင်းယှဉ်(နှိုင်းဆ)၍လည်းကောင်း လေ့လာတင်ပြခဲ့သည်။ ထိုသို့ လေ့လာရာတွင် စနစ်တကျ ပညာအခြေခံဖြင့် ခွဲခြမ်းစိတ်ဖြာ စိစစ်လေ့လာခဲ့ခြင်းအတွက် ဖြစ်ရပ်နှင့် ဖြစ်ခြေတို့ကို ခွဲခြားစိစစ်ထားခဲ့ကြောင်း တွေ့ရပြန်သည်။ ထို့ပြင်၊ ကာလ-ဒေသပယောဂတို့၏ ရှိနေခြင်းများကို ယာယီအဆိုများ ပြုကာ နိဂုံးဆွဲယူရန်အားထုတ်ခဲ့သေးသည်။ သို့ဖြစ်ရကား ပထမအရေးအသားဖြစ်သော 'ရှေးခေတ်ဘောလယ်'(စာ၊ ၂၀၈-၂၁၄။)၏ နိဂုံးတွင် 'နိဂုံးချုပ်အနေဖြင့် ပြန်လည်ချုပ်ရသော်'(စာ၊၂၁၃။)ဟုဆိုကာ နိဂုံးအချက်သုံးချက် (စာ၊ ၂၁၃-၄။)ကို တင်ပြခဲ့လေသည်။ တစ်ဖန် ဒုတိယအရေးအသားဖြစ်သော 'ဘောလယ်နှင့် လိုင်ထိပ်ခေါင်တင်'(စာ၊ ၂၁၅-၂၂၀။)တွင်သော် ဆရာကြီး ဦးမြင့်ကြည်က အလွန်အရေးပါသော နိဂုံးတစ်ခုကို ပြုထားသည်။ ထို-နိဂုံးမှာ အရေးပါသော အဆိုတစ်ရပ်ဖြစ်လာသည်။ ၎င်းမှာ 'ထို့ကြောင့် ဘောလယ် အရပ်တွင် စတင် ပေါ်ပေါက်သီဆိုကြသော သီချင်းဖြစ်၍ ထိုသီချင်းကို 'ဘောလယ်သံ'ခေါ်သည်ဟု ကျွန်တော်ယူဆပါသည်'ဟူ၍ဖြစ်၏။ ထို-အဆိုမှာ ပညာရပ်တစ်စုံတစ်ရာ အခြေခံဖြင့် ရေးသားဖော်ထုတ်တင်ပြခြင်းနှင့် ပြန်လည်တင်ပြခြင်းများတွင် အရေးကြီးလှသော အချက်တစ်ခုဖြစ်သည်။ အရေးကြီးသည်ဟု ဆိုရခြင်းမှာ ပညာရပ်ဆိုင်ရာ အရေးအသားတစ်ခုတွင် ရေးသားသူ(ဖော်ထုတ်တင်ပြသူ)၏ ခါးကြားတွင် တောက်လျှောက်ထိုးထားသော ပေတံကို ထုတ်ပြလိုက်သောကြောင့်ဖြစ်သည်။ ပညာရပ်အခြေခံအရေးအသားတွင် ဖော်ထုတ်ရေးသားသူ၏ ဖော်ထုတ်ပြဆိုအတည်ပြုချက်ပါရန် လိုအပ်သဖြင့် ဖြစ်လေသည်။ အင်္ဂလိပ်ဘာသာစကားဖြင့် လွယ်လွယ်ဆိုသော်Own Contribution ဖြစ်သည်(တပည့်တပန်းများက ဝိုင်းဝန်းရေးသားပေးသော စာတမ်းကို ရာထူးအရှိန်အဝါ သုံးစွဲ၍ စင်ထက်တက်၊ ဖတ်ပြတတ်သော ဝန်မင်းတို့၏ စာများတွင် ပါရှိမလာတတ်သော အပိုင်းဟု ဆိုရပါစေ။ 'နင်တို့ရွာကဘုရားမှာ တို့ရွာကဘုန်းကြီးရေးထားတဲ့ စာတွေရှိတယ်'ဆိုသည်မှာ နွားကျောင်းရင်း၊ ဆီး



www.burmeseclassic.com

www.burmeseclassic.com

သီးကောက်ရင်း ကလေးများ ပြောသော စကားမျိုးသာဖြစ်ပါသည်။ ပညာရပ်ဆိုင်ရာ စာတမ်းမဟုတ်ပါ)။ ဆရာကြီး ဦးမြင့်ကြည်သည် သူရယူထားသော နိဂုံးတစ်စုံတစ်ရာကို သူ့ဘာသာ တာဝန်ယူပြထားခဲ့သည်။ ဖြည့်လို၊ ဖျက်လို၊ စောဒကတက်လိုသူတို့ အားထုတ်ပြုမှုသာစေရန် 'ယူဆပါသည်'ဟု ရေးသားထားကြောင်းလည်း တွေ့ရသည်။

မြဝတီမင်းကြီး ဦးစကိုမူ ဆရာကြီး ဦးမြင့်ကြည်အနေဖြင့် ညွှတ်ရုံသာမက လေ့လာမှုတွင် ပိုင်နိုင်လှသည်ဟု ဆိုရပေမည်။ 'ဦးစ၏ မျက်ဖြေရတုများ'(စာ၊ ၆၁-၇၀။) 'ဦးစ၏ အိမ်ထောင်ရေး'(စာ၊ ၇၁-၇၆။)တို့မှာ မင်းကြီးဦးစအကြောင်း သီးသန့်ရေးသား တင်ပြထားသည်ဖြစ်သော်လည်း **စာပေနှင့်ဂီတ/ ဂီတနှင့်စာပေ** စာအုပ်တစ်အုပ်လုံးတွင် ဦးစအကြောင်း တို့တို့တိတိ ပါနေတတ်သေးသည်။ စိတ်ဝင်စားမိသော အချက်တစ်ခုမှာ စာမျက်နှာ ၇၆ ၏ နောက်ဆုံးပိုင်းအဖြစ် ဖော်ပြထားသော 'စာကြွင်း'ဖြစ်သည်။ သဘောကျမိသည်မှာ ထို-စာကြွင်း၌ ဖော်ပြထားသော အကြောင်းမဟုတ်။ လေ့လာပုံ လေ့လာနည်းဖြစ်သည်။ လေ့လာနည်းဟု ဆိုရသည်မှာ ယနေ့ကာလတွင် အသိပညာ ရှာဖွေရယူခြင်းနှင့်ပတ်သက်၍ ကွယ်လွန်သူ ပြင်သစ်တွေးခေါ်ရှင် ဖူကိုး (Michel Foucault) ၏ အသိပညာ ရယူပုံကို သုံးစွဲလာတတ်ခြင်းနှင့် ယှဉ်တွဲကာ ဆိုလိုခြင်းဖြစ်သည်။ မူရင်းအရေးအသားတစ်ခုက အရေးတယူပြုကာ ဖော်ထုတ်တင်ပြထားခြင်း မရှိသောအကြောင်း(များ)မှ သိမှု/အသိ ပညာတစ်ခုကို ရယူနိုင်သော အယူအဆ/အမြင်ဖြစ်သည်။ ဆရာကြီး ဦးမြင့်ကြည်က ဦးစီး၏ဖန်း

ဆရာကြီး ဦးမြင့်ကြည်က
အလွန်အရေးပါသော နိဂုံးတစ်ခုကို ပြုထားသည်
ထို-နိဂုံးမှာ အရေးပါသော အဆိုတစ်ရပ်ဖြစ်လာသည်
၎င်းမှာ 'ထို့ကြောင့် ဘောလယ်အရပ်တွင်
စတင်ပေါ်ပေါက်သီဆိုကြသော သီချင်းဖြစ်၍
ထိုသီချင်းကို 'ဘောလယ်သံ' ခေါ်သည်ဟု
ကျွန်တော် ယူဆပါသည်'ဟူ၍ဖြစ်၏

မအေးနှင့် စပ်လျဉ်းသည့် စဉ်းစားစရာအချက်တစ်ခုကို 'မြစ်မှာလေ ငါးထွေကို မမြင်မိစမ်းစေရ၊ တမ်းယောင်မိတယ်'ချီ၊ လေးဆစ်သဖြန့်မှ ထုတ်ယူပြခဲ့သည်။ ဤတွင် ကျွန်တော့်အနေဖြင့် ထောက်ပြချင်သော အချက်မှာ ဆရာကြီး ဦးမြင့်ကြည် တင်ပြထားသော အချက်၏ မှန်ခြင်း၊ မှားခြင်း မဟုတ်ပါ။ ဆရာကြီး၏ လေ့လာနည်းဖြစ်သည်။ ထို-နည်းမှာ အနောက်နိုင်ငံ ပညာရှင်များ တင်ပြလေ့ရှိသော Close reading ပင်ဖြစ်ပါသည်။ စာတစ်ပုဒ်၊ စာတစ်အုပ်ကို ထဲထဲဝင်ဝင် ဖတ်ရှုလေ့လာခြင်းမည်သော နည်းဖြစ်ပါသည်။ လပေါ်သရေ ဖတ်

သောနည်းမျိုးမဟုတ်ပါ။ ခရေ့စေ့တွင်းကျ၊ အသေး
အတွင်းထိပေါက်အောင် (ကြိုက်သလိုခေါ်ပါ။)ဖတ်ရှု
ဖြစ်သည်။ ၎င်း၏ အကျိုးတရားများတွင် သိမှု/အသိ
(သစ်)တစ်စုံတစ်ရာ ရရှိနိုင်ခြင်းသာမက ဆက်စပ်သိမြင်
ခြင်းလည်း ဖြစ်စေလာပေသည်။ ထိုသို့ ဆက်စပ်သိမြင်
များကို **စာပေနှင့်ဂီတ/ ဂီတနှင့်စာပေ** စာအုပ်၏နောက်ပိုင်း
ဖော်ပြထားသော **ကုန်းဘောင်မဟာဂီတ**(စာ၊ ၂၃၄-
**မြန်မာတေးဂီတ နှစ် ၅၀ ခရီး** (စာ၊ ၂၆၆-၃၁၉။)
အရေးအသားများတွင် တွေ့လာရသည်။ စာပေကို ပညာ
တစ်ခုအဖြစ် လေ့လာလိုသူများအနေဖြင့် အကြောင်းအရာ
နည်းပညာနှင့်ချဉ်းကပ်ပုံကို နမူနာယူ လေ့လာသင့်ပေ
'ကုန်းဘောင်မဟာဂီတ'အရေးအသား၌ မင်းကြီး
အကြောင်းကို စာမျက်နှာ ၂၄၁ မှ ၂၄၇ အထိ ဖော်ပြထား
မင်းကြီးဦးစနှင့် ပြင်စည်မင်းသားတို့၏ အဆက်အ
ပြထားခဲ့သည်။

အရေးအသားများကို အသေးစိတ်ဖတ်ရှုခြင်းမှ ပေါ်
လာသော ရလဒ်များကို ဆပွားလေ့လာလိုသူများ သိရှိ
သဖြင့် **စာပေနှင့်ဂီတ/ဂီတနှင့်စာပေ** စာအုပ်လာ အရေးအ
နှစ်ခုကို နမူနာအဖြစ် ပြပါရစေ။ 'ခွဲခွဲခြားခြားကြိုး'(စာ၊
၁၉၈။)တွင် အစဉ်အလာ မြန်မာသီချင်းများအား မှတ်ယူ
ခံရာတွင် တွေ့ရှိရတတ်သော ဝိဝါဒကွဲပြားမှုများနှင့်ပတ်သ
၍ 'ဖြစ်သင့်ကြောင်း'နှင့် 'ဖြစ်နေခြင်း'အနေအထားတင်
ပြဆိုခဲ့သည်။ စာမျက်နှာ ၁၉၄ မှ စာပိုဒ်နှစ်ပိုဒ်ကို ကောက်
တင်ပြပါရစေ။

အတွင်းတီးဖြေကြိုး
အမည်ရှိပါလျက်
မခေါ်ဘဲ ခွဲခွဲခြားခြားကြိုး
ခေါ်ရသည်မှာလည်း အ
ရှိပါသည်။ အတွင်း
ဖြေကြိုးအမည်နှင့်
ခြားခြား အစချီကြိုး
သာမဟုတ်၊ 'ဝမ်းကွဲဝမ်း
'ညီးညီးလင်းလင်း'၊
ဝါးဝါး'အစချီသောကြိုး

သည်လည်း ရှိသေးသည့်အတွက် အတွင်းတီးဖြေကြိုး
လိုက်လျှင် ခွဲခွဲခြားခြားလော၊ ဝမ်းကွဲဝမ်းပါးလော၊ ညီး
လင်းလင်းလောဟု တိတိကျကျမသိနိုင်။ ခွဲခွဲခြားခြား
လိုက်လျှင်ကား မှားဖွယ်မရှိတော့ပေ။

ဤအကြောင်းကြောင့်ပင် မြန်မာသီချင်းကြီး
အမည်အားဖြင့် မခေါ်ကြဘဲ သီချင်းအစချီအားဖြင့်သာ
ခေါ်ကြသည်။ 'ပတ်သီချင်းခံ'ဟုဆိုလျှင် 'ထူးမခြား'
ဖြစ်နိုင်၏။ 'များမဝေးလွန်း'လည်း ဖြစ်နိုင်၏။ '
လောအင်း'လည်း ဖြစ်နိုင်ပေသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

အမည်များဖြင့်မခေါ်ဘဲ သီချင်းအစချီအားဖြင့် ခေါ်ကြ ည်မှာ ကောင်းသည်ဟုပင်ဆိုရမည်။ ထို-အချက်မှာ သိပ် ကြီးကျယ်တာမျှ မဟုတ်ဘဲဟု ပြောကောင်းပြောကြမည်။ ရာတွင် မှတ်သားပုံစနစ်အရ ကြီးကျယ်သည်၊ ခိုင်မာသည် ဆိုရမည်။ 'တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း' ဖြင့် ကြီးပြင်းလာသော အစဉ်အလာ မြန်မာ့ယဉ်ကျေးမှု အတွင်း စံစနစ်မရှိဘဲ ငါ့စကားနွားရ များလှပါသည်။ တွင်သော် ဆရာကြီး ဦးမြင့်ကြည်က အသာလှစ်ပြလိုက် လက်ခံမှတ်ယူပုံစနစ်ကို ပညာအရာတွင် လိုလားသူတို့ အသိအမှတ်ပြုရင်း ရိုင်းပင်းစွာ လက်ခံထားနိုင်ကြလေ ကောင်းလေစွဟု ဆိုရကောင်း၏။

ထို-'ခွဲခွဲခြားခြားကြီး'အရေးအသား၌ပင် စိတ်ဝင်စား တွေ့ ရှိရသည်မှာ ဆရာကြီး ဦးမြင့်ကြည်၏ အသေးစိတ် ရှုခြင်း၌ အခြေတည်ထားသော နှိုင်းယှဉ်လေ့လာမှုဖြစ် ည်၊ ယနေ့ ကမ္ဘာကြီး၏ ပညာရပ်ဆိုင်ရာ လောကအတွင်း နှိုင်းယှဉ်လေ့လာမှုသည် အားကောင်းနေ(ခဲ့)သည်။ တ်က အရေးအသားများကို ပြန်လည်လေ့လာ စိစစ်ကြည့် သည် ဆိုကာမျှ မည်ကာမျှ အပြုအမူတစ်ရပ်မဟုတ် ထို့ကြောင့်ပင် အတိတ်သမိုင်းကို လေ့လာခြင်း(အခြား နည်း၊ ပြန်လည်ဖတ်ရှုကြည့်ခြင်း)သည် ယနေ့ကာလ၏ ဖြင့် ကြည်လင်လာစေခြင်း၊ အသုံးတည့်မှု၏ အနေ ားကို ပြုပြင်လာနိုင်ခြင်းများလည်း ဖြစ်ပေါ်လာနိုင်စေ ည်၊ ဤနေရာတွင် ယေးလ်တက္ကသိုလ်မှ ပါမောက္ခ နယ် (Lowry Nelson Jr.) ၏ အရေးအသားထဲမှ စာတစ် ကြောင်းကို ထုတ်နုတ်ပြလိုပါသည်။ ၎င်းမှာ…

History is not simply what we know of the past; it also how our living in the present- as part of continu- history-clarifies and 'perspectives' the past.

ဟူ၍ ဖြစ်၏။ 'ခွဲခွဲခြားခြားကြီး'တွင်သော် မမြလေးနှင့် ာဝတီမင်းကို ယှဉ်တွဲလေ့လာမှုများဖြင့် ရှင်းပြခဲ့သည်။ တူပင် 'မာလာဂန္ဓာ'(စာ၊ ၁၉၉-၂၀၇) အရေးအသား ာလာဂန္ဓာကို မင်းကြီးဦးစ ရေး၊ မရေးပြဿနာ(ဤတွင် နာကို ဆက်လက်နှီးနှောဖွယ်ဟူသော အနက်ဖြင့် ရေး ဖြစ်သည်။)ကို ဖြေရှင်းပြပြန်သည်။ ဤသို့ ရှင်းပြနိုင် ည်မှာ အရေးအသား အထောက်အထားများကို ဖတ်ရှုရာ အသေးစိတ်၊ အတွင်းကျကျပေါက်အောင် ဖတ်သဖြင့်သာ သည်။ ဆူးခါးတိုက်ဆရာတော်ကြီး ဦးဝိသုဒ္ဓ သုံးလေ့ရှိ ော စကားဖြစ်သည့် 'စာကိုကျေရုံကလေး ဖတ်တာမျိုး ဘူး။ ညက်အောင်ဖတ်ဖို့ လိုတယ်'ဟူသောစကားကို ရမိပါသည်။

ိုမို၍ စိတ်ဝင်စားမိသော အရေးအသားနှစ်ခုမှာ ္ကသိုလ်ကျောင်းသားများ စာပေဝေဖန်အကဲဖြတ်ခြင်း' ၇၇-၉၀။)နှင့် 'ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်လေ့ လာနည်း'(စာ၊ ၉၁-၁၃၇။)ဖြစ်သည်။ ထို-အရေးအသားများ နှင့်စပ်လျဉ်း၍ 'ဆက်လက်ဖတ်ချင်ကြရင်'ဟုဆိုကာ အင်္ဂလိပ် ဘာသာဖြင့် ရေးသားထားသော စာအုပ်လေးအုပ်ကို စာမျက် နှာ ၁၃၇ တွင် ညွှန်းထားသည်ကို တွေ့ရသည်။ ကနဦးဖတ်ရှု စဉ်က ထို-အရေးအသားနှစ်ခုကို ၆၀ ခုနှစ်နှင့် ၇၀ ခုနှစ် အကြား ရေးခဲ့ပုံရသည်ဟု တွက်ဆကြည့်မိသော်လည်း၊ စာ မျက်နှာ ၁၃၇ တွင် ညွှန်းထားသောစာအုပ်တစ်အုပ်၏ ပုံနှိပ် ထုတ်ဝေသော ကာလမှာ ၁၉၉၆ ခုဟုတွေ့ရသဖြင့် ထို- အရေးအသားများမှာ ၁၉၉၆ ခုနှစ်ထက် စောပုံမရဟု တွေး ကြည့်မိရပြန်သည်။ အကယ်၍နှင့် အကယ်၍သာလျှင် ထို- အရေးအသားများမှာ ၉၀ ခုနှစ်၏ ဒုတိယကာလအတွင်း ရေးသားခဲ့သည် (သို့မဟုတ်၊ ဟောပြောခဲ့သည်)ဟုဆိုလျှင် မြန်မာနိုင်ငံတွင် စာပေကို ပညာရပ်တစ်ခုအဖြစ် လေ့လာသည့် အပိုင်းတွင် အထိုက်အလျောက်(သို့မဟုတ်၊ အထိုက် အလျောက်သာမက)နှောင့်နှေးကျန်ရစ်ခဲ့လေသည်လားဟု ချိန် ထိုးတွေးဆကြည့်မိပါသည်။ အထူးသဖြင့် ပို့စ်မော်ဒန်ကာလ သို့မဟုတ် ပို့စ်မော်ဒန်ဖြစ်ရပ် အခြေခံပတ်ဝန်းကျင်များ၏ ရှိနေခြင်းကို အသိအမှတ်မပြုဘဲလျက် ဖယ်ချန်ပလပ်ထားခဲ့ပုံရ လေသည်(ထို-အချက်မှာ အလွန်စဉ်းစားစရာကောင်းသည်။ မြန်မာနိုင်ငံမှ ပညာရှင်လူကြီးပိုင်းသည် ပို့စ်မော်ဒန်၏ ရှိနေခြင်း နှင့် ရှိလာခဲ့ခြင်းအပိုင်းကို သိမိကြပုံမပေါ်သေး။ အထူးသဖြင့် တက္ကသိုလ်နှင့် ပညာရပ်ဆိုင်ရာ အဆောက်အအုံများတွင် (သို့မဟုတ်များအတွင်း) လေ့လာကြရန်သင့်ပြီထင်သည်)။ ထိုသို့ဆိုရသည်မှာ 'ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်လေ့ လာနည်း'အရေးအသားမှ ခေါင်းစဉ်ငယ်တစ်ခုဖြစ်သော 'ဝတ္ထု အင်္ဂါရပ်များ'(စာ၊ ၉၂။)တွင် အဓိက အင်္ဂါရပ်များအကြောင်း ရှင်းလင်းရာ၌ 'ကာလနဲ့ဒေသ ရှေ့ဆုံးက လာတယ်'(စာ ၉၃။)။ 'ပြီးတော့မှ အဲဒီဇာတ်ကောင်တွေရဲ့ ကာယကံမှု၊ ဝစီ ကံမှု၊ မနောကံမှု လှုပ်ရှားချက်တွေကနေပြီး ဇာတ်လမ်းဖြစ်ပေါ် လာတယ်။ ဇာတ်ဆောင်ချင်း အားပြိုင်လာတယ်။ ပဋိပက္ခတွေ ဖြစ်လာတယ်'(ယင်း)စသည်ဖြင့် ရေးသားထားကြောင်း တွေ့ရ လေသည်။ ထို့ပြင် 'ဇာတ်လမ်း'ဟူသောအပိုင်း၌ 'ဇာတ်လမ်း ကျောရိုးဆိုတာရှိတယ်'(စာ၊ ၉၅)ဟု အခိုင်အမာ အဆိုပြုထား ကြောင်း ဖတ်ရှုရပြန်သည်။ ထို-အချက်များသည် မမှားပါ။ မှားသည်ဟူ၍လည်း ကျွန်တော်မဆိုလိုပါ။ သို့ရာတွင် ယနေ့ ကာလကြီးအတွင်း ထိုရွေ့ ထိုမျှ လောက်သော သိမှု/အသိ ပညာမျှဖြင့် ရပ်တန့်နေ၍ မဖြစ်တော့ပါ။ ကျောရိုးမရှိသော ဝတ္ထုအရေးအသားများ ပေါ်ခဲ့သည်မှာ ကြာခဲ့ပါပြီ။ ဘာသာ စကား အခြေခံရေးသားဖော်ထုတ် တင်ပြမှုများသည် နှေ့စဉ် ဘဝနှင့် ပိုမိုနီးစပ်လာခဲ့သည်ဖြစ်လေရာ ကာလနှင့်ဒေသ၏ အရေးပါမှုသည် နေ့စဉ်ဘဝအတွင်း မှေးမှိန် လာသည်ကဲ့သို့ အရေးအသားအခြေခံ ဖော်ထုတ်တင်ပြမှုများတွင် နောက် တန်းသို့ ရောက်လာခဲ့လေသည်။ ထို့ကြောင့်ပင် မော်ဒန်နှင့်


www.burmeseclassic.com

www.burmeseclassic.com

ပို့စ်မော်ဒန် ဖန်တီးစာ အရေးအသားများတွင် ကာလနှင့်ဒေသ ပျောက်ဆုံးလာခဲ့သည်။

'တက္ကသိုလ်ကျောင်းသားများ စာပေဝေဖန်အကဲဖြတ်ခြင်း' နှင့် 'ဝတ္ထုရှည်သဘောတရား၊ ဝတ္ထုရှည်လေ့လာနည်း' အရေးအသားများတွင် အလားတူ အချက်အလက်များစွာပါသည်။ ထို-အချက်အလက်များမှာ မမှားပါ။ မလုံလောက်ဟု ထပ်မံဆိုပါရစေ။ ထို-အညွှန်းပြုခံ အရေးအသားမှာ ကျောင်းစာသင်ခန်းများအတွင်း 'အကဲဖြတ်သည်' ဟူသော အဆင့်မျှသာ ဖြစ်သည်ဟု ကျွန်တော် မြင်သည်။ စနစ်တကျ စာပေဝေဖန်ရေးတစ်ခုဖြစ်လာရန်မှာ အရှည်အကျယ် ရေးရန် သာမက ပညာရပ်ဆိုင်ရာ စည်းကမ်းနည်းလမ်းများလည်း ပါဝင်ရန်လိုပေဦးမည်။ စာပေသီအိုရီများဖြင့် ချဉ်းကပ်ပြရန်လည်းလိုမည်။ မြန်မာဘာသာစာ အရေးအသား အခြေခံဖြင့် ဖော်ထုတ်ရေးသားခဲ့ကြသော 'စာပေဝေဖန်ရေး' အမည်ခံ အရေးအသားအများစုမှာ လက်လွတ်စပယ် အရေးအသားများ 'သာ' များခဲ့သည်။ ထင်ရာကြိတ်၊ ဘရိတ်မပါဘဲ ဖြစ်နေခဲ့ကြသည်။ ကျွန်တော့်အနေဖြင့်သော် **စာပေနှင့်ဂီတ/ဂီတနှင့်စာပေ** စာအုပ်လာ စာပေဆိုင်ရာ တင်ပြချက်များကို ဆရာကြီး ဦးမြင့်ကြည်တို့ခေတ်က အမြင်ပဲဟု လက်ခံထားလိုက်မိသည်။ တစ်ချို့တည်းမှာပင်(လမ်းလည်းသင့်နေသဖြင့်) စာမျက်နှာ ၁၀၂-၁၀၃ တွင် ဖော်ပြထားသောအချက်တစ်ခုကို ဖြည့်စွက်တင်ပြလိုသည်။ အနဲ့ခရော့နဇင်း(မှုရင်းသတ်ပုံအတိုင်း) (Anachronism) ဖြစ်သည်။

အနဲ့ခရော့နဇင်လို့ ခေါ်တဲ့ ကာလဖောက်ပြန်မှုသဘော အရေးအသားမျိုးဖြစ်သည်။ ကွယ်လွန်သူ ပါမောက္ခ ... ကမှု to prevent something being 'dated' ဟုဆိုသည်။ ... Used deliberately ဟုလည်း ဆိုခဲ့လေသည်။ ပညာရှင်များ ... Anachronism နှင့်စပ်လျဉ်းပြီး နမူနာပေးကြလေ့တိုင်း ... သွင်းပြောကြားလေ့ရှိသော အရေးအသားတစ်ခုမှာ ရှိတ်စ် ... ယား (William Shakespeare) ၏ ဂျူးလီးယက်ဆီဇာ (Julius Caesar) ထဲမှ နာရီဖြစ်သည်။ ဂျူးလီးယက်ဆီဇာတို့ခေတ် ... ထိုနာရီမျိုးမပေါ်သေး။ အနဲ့ခရော့နစ်ဇင် 'ကြောင့်' '... ယုတ္တိ မတန်မှု(ဖြစ်သည်။)။ ကာလယုတ္တိ မတန်လျှင် ... လမ်းယုတ္တိလည်း မတန်ဘူး။' ဟူသော အဆိုမှာမူ သံသယ ... ဖွယ် ဖြစ်နေသည်ဟု မြင်မိသည်။

**စာပေနှင့်ဂီတ/ဂီတနှင့်စာပေ** စာအုပ်ကို အကြိမ်ကြိမ် ... ဖတ်ရှုပြီးနောက် လက်စွဲထားရမည့် စာအုပ်တစ်အုပ်ဟု ... မိပါသည်။ နောင် အချိန်ရသော် ထပ်မံ၍ အရှည်အကျယ် ... ရေးလိုပါသေးသည်။ အကယ်၍နှင့် အကယ်၍သာလျှင် ... စာအုပ်ကို ထပ်မံပုံနှိပ်ထုတ်ဝေမည်ဆိုလျှင် မေတ္တာရပ်ခံလို ... အချက်တစ်ခုရှိပါသည်။ ၄င်းမှာ စာအဆုံးရှင်းလင်းချက် ... End notes နှင့် အောက်ခြေမှတ်စု Foot note များနှင့် ... ကျမ်းကိုးစာရင်း ထည့်ပေးစေချင်သည်။ ရာပြည့် ကဲ့သို့ ... ပုံနှိပ်တိုက်အတွက် ခက်ခဲလှသော အလုပ်တစ်ရပ်မ ... ဆရာကြီး ဦးမြင့်ကြည်ကိုယ်တိုင်ကပင်ဖြစ်စေ၊ တပည့် ... အချို့တို့နှင့် နှီးနှော၍ဖြစ်စေ ဆောင်ကြဉ်းပေးနိုင်လျှင် ... သင့်လျော်ပေမည်။ ဆပ္ပားလေ့လာလိုသူတို့အတွက် ... အကျိုးများဖွယ်ဖြစ်၏။ **စာပေနှင့်ဂီတ/ဂီတနှင့်စာပေ** စာ ... (ရှေ့တွင် အကြိမ်ကြိမ်ဆို ... သည့်အတိုင်း) တတ် ... သောအရေးအသားမျိုး ... ပညာရပ်အခြေခံဖြင့် ... ရေးသောစာအုပ်မျိုး ... ကာမျှသာရှိနေသေးသော ... မာဘာသာစာဖြင့် ပုံနှိပ် ... ဝေသည့် မြန်မာဘာသာ ... အုပ်လောကတွင် တင့် ... နေစေချင်သည်။ ပညာ ...

ပညာတတ်တို့၏လက်ထဲတွင် ရှိနေစေချင်သည်။ ... ဘာသာစကားကိုမျှ လုံးရေပြည့်အောင်(စေ့အောင်) ... တတ်ကြကုန်သော ကာလကြီး၊ မြန်မာဘာသာစကား ... ဘာသာခြားစကားဖြည့်ပြောမှ အရသာရှိသည်ဟု ထင် ... ကာလကြီး၊ ဒီမိုကရေစီသံသောသောညံနေသော ... ကြီးအတွင်း ဆရာကြီး ဦးမြင့်ကြည်၏ **စာပေနှင့်ဂီတ/ဂီတနှင့်စာပေ** စာအုပ်မှာ လိုအပ်မှုတစ်ခုကြောင့် ပေါ် ... လာခဲ့သော စာအုပ်တစ်အုပ်သာဖြစ်တော့သည်။

ဖြိုး ...

> မြန်မာဘာသာစကားကို ဘာသာခြားစကားဖြည့်ပြောမှ
> အရသာရှိသည်ဟု ထင်သော ကာလကြီး
> ဒီမိုကရေစီသံသောသောညံနေသော ကာလကြီးအတွင်း
> ဆရာကြီး ဦးမြင့်ကြည်၏
> **စာပေနှင့်ဂီတ/ဂီတနှင့်စာပေ** စာအုပ်မှာ
> လိုအပ်မှုတစ်ခုကြောင့် ပေါ်ပေါက်လာခဲ့သော
> စာအုပ်တစ်အုပ်သာဖြစ်တော့သည်


(စာ၊ ၁၀၂။)...

ကာလယုတ္တိ မတန်မှု၊ ကာလယုတ္တိ မတန်လျှင် ဇာတ်လမ်းယုတ္တိလည်း မတန်ဘူး(စာ၊ ၁၀၃။)ဟု ရေးသားတင်ပြထားသည်ကို ဖတ်ရှုရသည်။ စာမျက်နှာ ၁၀၃ တွင်သော် နမူနာပေးကာ ရှင်းပြထားလေသည်။ ကျွန်တော်နားလည်ပုံနှင့် အထိုက်အလျောက် ကွဲနေသည်။ ကျွန်တော်နားလည်ထားသည်မှာ Anachronism သည် ကန့်သတ်လက်ခံထားသော ကာလတစ်ခုံတစ်ရာ၏ ရှိနေခြင်းကို ငြင်းဆိုရန်၊ အသိအမှတ်မပြုရန်ရည်ရွယ်၍ တမင်သက်သက် ရေးထားသော




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



'နေဝန်း

ကပ်ပမာသို့၊ ရော

တွင်သ

တလှိုင်းဆန်

ဓလွှမ်န

ထင်ကွယ် မြ

သက္ကယ်

ဝိသုဒ္ဓါရုံ၊ စမ်းချောင်း

တင့်ပုံထူးချွန်၊ စေတ

ကျောင်းခွ

သောဌာနာဝ

ရှ

လော်စ

ရူးရူးရှရှထွက်

အသံ

ဘိုးလေး

မှေးခနဲ အိပ်ပျော်

ဆ

ထထိုင်လိုက်မိ

ရုတ်တရ

အလျှ

ထထိုင်လိုက်

လှုပ်ခနဲဖြစ်

ရင်ဘတ်ကို ညာ

အသာဖိလို့၊ အိပ်

အကြမ်းအိုးလေး

ရေးနွေးကြမ်းတစ်ခွ

www.burmeseclassic.com

www.burmeseclassic.com



# ဖိုးစေတက့ သင်္ချိုင်းသား

ောက်ပြီး
ပ်ခနဲ
ောက်လိုက်ရသေးတယ်။
က်နှိပ်
းလေးရဲ့ဘုသီးလေးကို
က်မထိပ်လေးနဲ့
သောတွန်းတင်ပြီး
ိုင်ကပ်နာရီလေး
ိုတ်ဆွဲထားရာကို
ကြည့်မိတော့
ာရီလက်တံတွေက
ိုးနာရီထိုးဖို့
အပြေးအလွှား
ုပ်ရှားနေကြတာကို
တွေ့လိုက်တယ်။
ိုးနာရီဆိုတဲ့အချိန်က
အဘေကြီး
ှိနေသေးတယ်လို့
ဆရင်
ဆနိုင်ပေမဲ့

ဘိုးလေးထွန်းအုံကတော့
တစ်ရေးနိုးပြီလို့တောင်
ပြောလို့ရနေပြီ။
ဘိုးလေးထွန်းအုံသာ
တစ်ရေးရတာ
ဒီသင်္ချိုင်းရွာထဲက
လူတွေကတော့
အိပ်မယ်တောင်
မထင်သေးပါဘူး။
အခုတလော
ဘိုးလေးထွန်းအုံ
တစ်ယောက်
ဆတ်ခနဲ အိပ်ပျော်၊
ဆတ်ခနဲ နိုးလာလိုက်
ဖြစ်နေတာကြာပြီ။
အဲဒီလို
ဖြစ်နေတာကလည်း
အသက် ၈၂ နှစ်ဆိုတဲ့
ကြက်အိပ်၊ ကြက်နိုး
အရွယ် ဖြစ်နေတာ

ဒီရက်
ဒီအချိန်ကျမှ
သဲဖြူဆိုတဲ့ သင်းက
သင်္ချိုင်းရွာကို
ပြန်ရောက်
လာရတယ်လို့ကွာ. . .
တောက်
သင်းတစ်သက်လုံးနေနေတဲ့
ရန်ကုန်မှာပဲ သေလိုက်ပါ
တော့လား။ အခုတော့
ဇာတိချက်မြှုပ်ကို ပြန်ပြီး
အရိုးထုတ်တာလို့တောင်
ကြွေးကြော်နေလိုက်သေးတဲ့
မိန်းမ

အမှတ် ၂၉၀၊ ဇန်နဝါရီ၊ ၂၀၀၄

ရုပ်စုံမဂ္ဂဇင်း

ဝတ္ထုရှည်၈/ဆုံး





www.burmeseclassic.com

www.burmeseclassic.com

မို့လည်းပါတယ်။ မေးခနဲ အိပ်ပျော်သွားလိုက်တာနဲ့ ပြိုက်ခနဲအောင် ချွေးတွေ ထွက်လာတဲ့ ပူလောင်ပြင်းပြ နွေညတွေ ဖြစ်နေတာကြောင့် လည်းပါတယ်။ ပြီးတော့… မသဲဖြူ…။

ဘိုးလေးထွန်းအုံရဲ့ စိတ်ထဲမှာ လက်ခနဲပေါ်လာတဲ့ အတွေးတစ်ခုရဲ့နောက်က နာမည်တစ်ခုဟာ၊ ဘိုးလေးထွန်းအုံကိုင်ထားတဲ့ အကြမ်းပန်းကန်ထဲက ရေနွေးကြမ်း တချို့ကိုတောင် ဘိုးလေးထွန်းအုံရဲ့ အိပ်ရာဖျာကြမ်း ပေါ်ကို တတောက်တောက် ကျကုန်စေတယ်။ ဘိုးလေးထွန်းအုံလည်း ဘယ်ဘက်လက်ညှိုးလေးနဲ့ တဒေါက်ဒေါက်ခေါက်ရင်း သင်ဖြူးဖျာကြမ်းလေးရဲ့အောက်ကို ရေနွေးတွေ စိမ့်ဝင်သွားအောင် လုပ်လိုက်ရတယ်။

'မသဲဖြူ…မသဲဖြူ'

ဘိုးလေးထွန်းအုံလည်း ဒီနာမည်တစ်ခုကိုပဲ ပါးစပ်က တိုးတိုးလေး အသံထွက်လာတဲ့အထိ ရေရွတ်ကြည့်နေမိတယ်။

'ငယ်စိတ်နဲ့သာဆိုရင် ဒီမိန်းမ စိစိညက်ညက် ကြေပြီ'

ဆက်တွေးရင်း အကုသိုလ်စိတ်ကို ခေါင်းအကြိမ်ကြိမ်ယမ်းခါရင်း ဘိုးလေးထွန်းအုံ ဖြေဖျောက်ပစ်ရတယ်။ ဒီရက်၊ ဒီအချိန်ကျမှ သဲဖြူဆိုတဲ့ သင်းက သင်္ကြန်ကျွန်းရွာကို ပြန်ရောက်လာရတယ်လို့ကွာ…တောက်။ သင်းတစ်သက်လုံးနေနေတဲ့ ရန်ကုန်မှာပဲသေလိုက်ပါတော့လား။ အခုတော့ ဇာတိချက်မြှုပ်ကိုပြန်ပြီး အရိုးထုတ်တာလို့တောင် ကြွေးကြော်နေလိုက်သေးတဲ့ မိန်းမ။ သင်း ဒီရွာကိုပြန်ရောက်တာ တစ်လတောင် ပြည့်သေးလို့လား။ ဒါပေမဲ့ တစ်သက်လုံး မသေမချင်း ဒီရွာမှာပဲနေ၊ ဒီရွာမှာပဲ ခေါင်းချဦးမယ်ဆိုတော့ သင်းက သင်္ကြန်ကျွန်းသူကြီးစစ်စစ်ပေါ့။ မုန်းဖို့၊ ရွံဖို့များ ကောင်းလိုက်လေခြင်း။ သင်းရဲ့အသက်က ငါ့ထက် ၆ လ လောက်ကြီးနေတာကို ဒီရွာက နောက်ပေါက်တွေက သိနေလိုက်ကြတာကလည်း အော့နှလုံးနာစရာနော်။ အခုတော့ သင်းက သင်္ကြန်ကျွန်းရဲ့အထင်ကရ သက်ကြီးပူဇော်ပွဲလှည့်တဲ့အခါမှာ ရှေ့ဆုံးကနေ ပြုံးပြုံးကြီး ကြွတော့မှာပေါ့။ အနှာပေါ် တုတ်ကျလိုက်လေခြင်းကွာ…တောက်။ တွေးရင်း၊ ငေးရင်း၊ မဲ့ရင်း၊ ပြုံးရင်း နောက်ဆုံးမှာ မချင့်မရဲဖြစ်တည်လာတဲ့ 'တောက်'ဆိုတဲ့ အသံက ရှေ့သွားတွေတစ်ချောင်းမှ မရှိတော့တဲ့ ဘိုးလေးထွန်းအုံရဲ့ပါးစပ်ကနေ 'ကလောက်' ဆိုတဲ့ မြည်သံနဲ့အတူ ထွက်လာတယ်။ ဒါကို အတူနေမြေးလေးဖြစ်တဲ့ အေးမောင် များကြားသွားမလားလို့ စိတ်က တွေးပြီး ဘိုးလေးထွန်းအုံ အမှောင်ထဲမှာ စိုးရိမ်သွားမိသေးတယ်။ ဒါပေမဲ့ ဒီအချိန်ဆိုရင် အေးမောင်က အိမ်ကို ပြန်ရောက်သေးတာမှ မဟုတ်တာ။ အသက်ရှစ်ဆယ်ကျော်အဘိုးဖြစ်သူနဲ့ နေတယ်ဆိုပေမဲ့လည်း ညက သန်းခေါင်အတွင်းကို ချင်းနင်းမဝင်ရောက်မချင်း အေးမောင်က အိမ်ကို ပြန်ရောက်လာတယ် ရယ်လို့မှ မရှိတာ။

ပြီးတော့ အခုလို ရွာရိုးကိုးပေါက်လျှောက်ပြီး သက်ကြီးပူဇော်ပွဲအတွက် နှိုးဆော်နေကြတဲ့ လော်စပီကာအဖွဲ့ထဲမှာတောင် အေးမောင်က ပါချင်ပါနေဦးမှာ။

'အဘိုးလေးရေ၊ ဘိုးရင်တုတ်ကြီး သေသွားပြီဆိုတော့ ဒီနှစ် သင်္ကြန်ကျွန်းရဲ့ သက်ကြီးပူဇော်ပွဲလှည့်တဲ့အခါမှာတော့ အဘိုးလေးပဲ ရှေ့ဆုံးက ကြွရတော့မှာ။ အဘိုးလေးထိုင်မယ့် ဝေါကုလားထိုင်ပြင်ဖို့နဲ့ အဲဒီဝေါကုလားထိုင်ကို ထမ်း… တောင် ရွာထဲမှာ စီစဉ်… ပြီ ကြားတယ်'

လွန်ခဲ့တဲ့နှစ်လ… မှတ်မှတ်ရရပြောရရင် … မှာအကြီးဆုံးဖြစ်လို့ … နှစ်သက်ကြီးပူဇော်… သက်ကြီးရွယ်အိုတွေ… ဝေါကုလားထိုင်တွေနဲ့ … စီလှည့်တုန်းက ရှေ့ဆုံး… မှာထိုင်ရတဲ့ ဘိုးရင်တုတ်… ဆုံးပြီးခါစမှာ မြေး… အေးမောင်က ဘိုးလေး… အုံကို ပြောခဲ့တဲ့ စကား… ဒီတုန်းက ဘိုးလေးထွ… စိတ်ထဲ ကြည်နူးသ… ပျော်သလိုလိုဖြစ်လာ… ရှေ့ဆုံးက ဝေါကုလား… ပေါ်မှာ ထိုင်နေတဲ့ ကို… ကိုယ်ပြန်မြင်ယောင်… ရင်း ဘိုးလေးထွန်းအုံ … နေတဲ့ ကွမ်းသီးစိတ်… လက်ထဲကလွတ်ကျ… သေးတာ။

ဒီရွာမှာ အသက်အ… ဆုံးဖြစ်ပြီး၊ သက်ကြီးရွ… ပူဇော်ပွဲရောက်တဲ့အခါ… ရှေ့ဆုံးက ဝေါပေါ်တက်… ရမယ်လို့ စိတ်ကူးယဉ်… အသက် ခုနစ်ဆယ်ကျော်… သေကုန်ကြသူတွေ ဒီရွာ… ဘယ်နှယောက်တောင် … ကြပြီလဲ။ အသက်ကိုး… နားကပ်နေပြီးဖြစ်တဲ့ ဘိုး… တုတ်ကြီးပဲ ရှေ့ဆုံးက … ကုလားထိုင်ပေါ်မှာ ပြုံး… မရှိ တစ်ယောက်တည်း … ခဲ့ရတာ နှစ်ကာလတွေ… တောင် ရေနိုင်တော့… မဟုတ်တာ။ ဘိုးရင်တု… ကြီးရဲ့နောက်က ဝေါ… ထိုင်ပြီးလိုက်ကြရတဲ့ သ… ကြီး ရွယ်အိုတွေပဲ ရှေ့ဆုံး…

**အောက်စည်း
အထက်စည်း
နဂါးစည်း
ကုလားစည်းပါ
မကျန်
ခဆိုသလို
စည်းမှန်သမျှ
လုံလေမှ
ထိုးလို့ရတဲ့
တုတ်ပြီး၊ ခားပြီး
လောက်စာလုံးပြီး
ခဆေးတွေ
ထိုးလိုက်တာ
ဟိုနားတစ်ကွက်
ဒီနားတစ်ကွက်နဲ့
တစ်ကိုယ်လုံးမှာ
ကျူထရံကာ
နေအိမ်လိုတောင်
အကွက်တွေ
ဖြစ်ကုန်တာ**



www.burmeseclassic.com

www.burmeseclassic.com

ပေါ်မရောက်ဘဲ ဘိုးရင် ကြီးထက် အရင်သေ ကြတာ နည်းမှ မနည်း တာ။ တကယ်ဆိုရင် ခဲ့တဲ့နှစ်ကတည်းက ယဝေါပေါ်မှာ လိုက်ရ ဘိုးလေးထွန်းအုံဟာ ယနေရာက ဝေါမှာလိုက် ဘယ်လိုမှ လိုက်ချင်စိတ် တာနဲ့ သက်ကြီးပူဇော်ပွဲ ည့်တဲ့ နှစ်ဆန်းတစ်ရက် မှာ ဗိုက်ထဲက ရုတ်တရက် အောင့်လာချင်ဟန်ဆောင် အိမ်ထဲမှာပဲ နေနေလိုက် ။ အိမ်ရှေ့လမ်းမပေါ်ကို က်ကြီးပူဇော်ပွဲလှည့်ကြတဲ့ တန်းရှည်ကြီးရောက်လာ မှ အိမ်ထဲကနေပြီး လေးထွန်းအုံ မသိမသာ င်းကြည့်ခဲ့ရတာသေး ကို မှတ်မိနေသေးတယ်။ ယနေရာဆိုတာ ဘိုးလေး အုံရဲ့ နေရာမဟုတ်ဘူး။ လေးထွန်းအုံက အဲ့ဒီလိုပဲ မှတ်တာ။

သက်ကြီး ပူဇော်ပွဲလှည့် ဝေါကုလားထိုင်မှာ ထိုင် ဆယ်ယောက်စာရင်းမှာ လေးထွန်းအုံစပြီး ပါခဲ့ က ပြီးခဲ့တဲ့နှစ်နဲ့မှ သုံးနှစ် သေးတာပါ။ ပြောရမယ် င် အဲ့ဒီသုံးနှစ်လုံးမှာ ကြောင်းအမျိုးမျိုးပြပြီး လေးထွန်းအုံ ငြင်းခဲ့တာ ပဲ။ အဲ့ဒီအချိန်တွေက ည်းက ဘိုးလေးထွန်းအုံ ခဲ့ရတဲ့အိပ်မက်ဟာ ပထမ ဝေါပေါ်မှာထိုင်ရဖို့ပဲ။ စောက ပြောခဲ့သလို ယနေရာဟာ ဘိုးလေး အုံရဲ့နေရာ မဟုတ်ဘူး။ င်တုတ်ကြီးမရှိတော့တဲ့ မှာ ရှေ့ဆုံးဝေါပေါ်ကို ဘိုးလေးထွန်းအုံ ရောက်ကို ရောက်ရ မှာ။ အခုတော့…။

အပျိုအရွယ်ကတည်းက ဆွေမျိုးသားချင်းတွေရှိတဲ့ ရန်ကုန်မြေကို သွားနင်းနေလိုက်တာ၊ ကြားထဲ ငါးနှစ်မှ တစ်ခေါက်ဆိုသလို သက္ကယ်ကျွန်းကို ခဏပြန်လာတတ်တဲ့ ဘွားသဲဖြူက ဒီနှစ်ရယ်ကျမှ ဘာဖြစ်ရတာရယ် မသိပါဘူး။ ရွာမှာပဲ သေတော့မယ်တွေ ဘာတွေနဲ့ ရွာခြေကို ပြန်ကပ်လာတော့တယ်။ ဒေသည့်သည်ဆိုရင်တောင် သက္ကယ်ကျွန်းရဲ့သက်ကြီးပူဇော်ပွဲနဲ့ အကျုံးမဝင်တဲ့ကိစ္စမှာ အခုတော့၊ ဒီသက္ကယ်ကျွန်းရွာသား တော်တော်များများကလည်း-

'ဒေါ်သဲဖြူကြီးက သက္ကယ်ကျွန်းသူအစစ်ဖြစ်တော့ သက်ကြီးပူဇော်ပွဲအတွက် မဖြစ်မနေကို ထည့်ပြီးစဉ်းစားရမယ်' ဖြစ်ကုန်ရော။

ရောက်တတ်ရာရာ တွေတွေးရင်း ပြန်အိပ်မရတော့တဲ့ တစ်ရေးနိုး ကိုးနာရီအချိန်ဟာ နွေလယ်ည တစ်ညမို့လား မသိပါဘူး၊ ဘိုးလေးထွန်းအုံအတွက်တော့ စပ်ဖျဉ်းဖျဉ်း အိုက်စပ်စပ်ကြီးဖြစ်နေတယ်။ ရွာထဲမှာ ၂ ပေ မီးချောင်းနှစ်ချောင်းထွန်းရင် တစ်ညကို နှစ်ရာကောက်ခံလေ့ရှိတဲ့ ကိုယ်ထူကိုယ်ထ မီးစက်က ညဆယ်နာရီထိ ပေးထားတယ်ဆိုပေမဲ့လည်း၊ လျှပ်စစ်မီးကိုယူမထားတဲ့ ဘိုးလေးထွန်းအုံရဲ့အိမ်လေးကတော့ မှောင်နဲ့မည်းမည်းပါပဲ။ အတူနေ မြေးဖြစ်သူ အေးမောင်ကလည်း ပြန်မလာသေးတာမို့ မှောင်မည်းမည်း၊ ပူစပ်စပ် အိမ်ကလေးထဲကနေပဲ စောစောက အသံလာရာဆီကို ဘိုးလေးထွန်းအုံ နားစွင့်နေလိုက်တယ်။ ပြီးတော့ ဘိုးလေးထွန်းအုံထက် ခြောက်လသာကြီးတဲ့ ဘွားလေးသဲဖြူရဲ့အကြောင်းက ဘိုးလေးထွန်းအုံရဲ့ အာရုံထဲကို တစ်ကန့်စီ၊ တစ်ကန့်စီ ဝင်လာကြတော့တယ်။

❑

၂။

ဒီရွာကလေးရဲ့နာမည်က သက္ကယ်ကျွန်းတဲ့။ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်ထဲမှာရှိတဲ့ ရွာလေးတစ်ရွာဆိုတော့ ဝေးလံခေါင်သီလှတဲ့ ရွာလေးတစ်ရွာလို့တော့ မဆိုနိုင်ပေမဲ့ လမ်းပန်းဆက်သွယ်ရေးကျပြန်တော့ သိပ်ပြီးကောင်းလှတာမဟုတ်ဘူး။ ကျောက်ခင်းလမ်းဆိုတာရှိလို့ နွေရာသီမှာ ဆိုင်ကယ်၊ ထော်လာဂျီအစရှိတဲ့ယာဉ်တွေ တဖွတ်ဖွတ်သွားနိုင်ပေမဲ့၊ ရေတွေပေါင်းလန်တဲ့ မိုးရာသီလို အချိန်ကျတော့ စက်တပ်လှေလေးတွေ တဘုတ်ဘုတ်နဲ့ ရေလမ်းခရီးကိုသာ တွင်တွင်ကျယ်ကျယ် အသုံးပြုရတော့တာ။

ကုက္ကိုမြစ်တွေလို ရှုပ်ယှက်ခက်ဖြာနေတဲ့ ဧရာဝတီမြစ်ရဲ့မြစ်ခွဲပေါင်း များစွာဖြစ်တည်နေတဲ့ နေရာမှာ ရွာကလေးက တည်ရှိထားတော့ မြစ်ကမ်းနဖူးက ကျွန်းရွာလေးလို့တောင်ပြောလို့ ရလောက်မယ်ထင်ရဲ့။ ဧရာဝတီရဲ့ မြစ်ခွဲ တိုတိုလေးတွေက အဲ့ဒီရွာနားမှာ ယှက်ဖြာနေပေမဲ့ နာမည်ရယ်လို့လည်း သီးသန့်ရှိနေကြတာရယ် မဟုတ်တော့ သက္ကယ်ကျွန်းရွာရဲ့အရှေ့ဘက် ထွက်လည်း ဧရာဝတီ၊ အနောက်ဘက်ထွက်လည်း ဧရာဝတီဆိုသလို ဖြစ်နေတာ။ ပြောရမယ်ဆိုရင်တော့ သက္ကယ်ကျွန်းဆိုတာ ဧရာဝတီမြစ်ခွဲတွေ သိုင်းခြံရစ်ပတ်ထားတဲ့ ရွာကလေးပေါ့။

မြစ်ခွဲတွေရဲ့ ခွကြားမှာ ဖင်ခုထိုင်ထားတဲ့ရွာလို့ ပြောလို့ရသလို၊ မြေနုကျွန်းဆိုတာတွေကလည်း ဟိုတစ်ကွက် ဒီတစ်ကွက် ပေါလေတော့၊ ရာသီပင်သီးနှံမျိုးစုံ စိုက်လို့ရသလို၊ ငါးပုစွန်ဆိုတာလည်း မလိုချင်မှအဆုံးလို့ ပြောရလောက်အောင် သက္ကယ်ကျွန်းမှာ ပေါများနေတာ။

'ဟော့၊ ဒီသက္ကယ်ကျွန်းရွာရဲ့ ရွာဦးရွာတော်ရှင် နတ်ကွန်းကနေပြီး၊ ရွာအနောက်ဘက် သင်္ချိုင်းကုန်းက မဖဲဝါရဲ့မြေအထိ ဘိုးဘွားဘီဘင်ကတည်းက ပိုင်ဆိုင်ခဲ့တာ ဟောဒီက ထွန်းအုံရဲ့အဘိုးပဲ။ ဒီသက္ကယ်ကျွန်းက ငါတို့မျိုးရိုးစဉ်ဆက်ကနေ ဖြစ်လာတယ်လို့တောင် ပြောလို့ရတယ်။ ဒီစကားကို ဘယ်သူမကျေနပ်ဘူးလဲ၊ မကျေနပ်တဲ့သူ ထွက်ခဲ့'

ထွန်းအုံဆိုတာ အဲ့လိုမျိုး။ ရန်ဖြစ်စရာမရှိ မှန်ထောင်ပြီး ရန်ဖြစ်ချင်ဖြစ်၊ ပြဿနာရှာစရာမရှိ ကိုယ့်အရိပ်ကို ဓားနဲ့ တရှပ်ရှပ်ပိုင်းပြီး ပြဿနာရှာနေတတ်တယ်ဆိုတဲ့လူမျိုး။

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးခါစ အလံဖြူ၊ အလံနီတွေ နိုင်ငံရေးလောကမှာ



www.burmeseclassic.com

www.burmeseclassic.com

တွင်ကျယ်လာတဲ့အချိန်မှာ ထွန်းအုံတို့က အရှယ်ကောင်းဆိုတော့ ဘာပြောကောင်းမလဲ နိုင်ငံရေးသည် ဒို့အရေး၊ နိုင်ငံရေးသည် ထွန်းအုံအရေးဖြစ်လာတာ။ ဖြူရင်ကောင်းမလား၊ နီရင်ကောင်းမလားဆိုတဲ့ အလံဖြူနီတွေရဲ့ နိုင်ငံရေးဝိဝါဒတွေထဲမှာ ထွန်းအုံတို့ကတော့ ခပ်လွယ်လွယ်၊ ခပ်သွက်သွက်ပဲ ရဲရဲတောက်အောင် နီပစ်လိုက်တာပါပဲ။ အလံနီနဲ့ပတ်သက်လို့ နိုင်ငံရေးခံယူချက် ပြင်းပြင်းထန်ထန်များရှိသလားမေးရင် ထွန်းအုံမှာက အဖြေတောင် မည်မည်ရရရှိတာ မဟုတ်ဘူး။

မူအားဖြင့် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အင်အားကြီးသူသာ ဗိုလ်လုပ်ကြစတမ်း ဆိုတာက အဲဒီ့ အချိန်မှာကတည်းက မြန်မာနိုင်ငံမှာ ခေတ်စားလာတာဆိုတော့ အင်အားတွေကြီးတယ်လို့ ဆိုရလောက်တဲ့ ထွန်းအုံတို့ အလံနီအဖွဲ့ဟာ သက္ကယ်ကျွန်းတစ်ဝိုက်မှာတော့ ဘုရင်ပါပဲ။

ရန်ကုန်လိုနေရာ မပြောနဲ့၊ သက္ကယ်ကျွန်းကနေ လော်စပီကာတပ်ပြီး အော်ရင်တောင်ကြားရလောက်တဲ့ ဇလွန်ကိုတောင် ရောက်ဖူးတဲ့သူ ခပ်ရှားရှားတွေက အဲဒီအချိန်ရဲ့သက္ကယ်ကျွန်းမှာ ဖွံ့စည်း ဖြစ်တည်နေကြတာတွေဆိုတော့ ထွန်းအုံကို ကြောက်ကြတဲ့သူတွေ တော်တော်များများက ထွန်းအုံ နီလို့သာလိုက်ပြီး နီလိုက်ကြရတဲ့သူတွေက ခပ်များများ။ နီတာမှ ကောင်းတယ်ဆို

နင့်မျက်ခွက်ကြီး
ကြည့်ပြီး
နင့်ကို ငါက
ဘယ်လိုစိတ်နဲ့
လင်လုပ်လို့ရမှာလဲ
ဒီလိုပဲ
နင်လည်း ငါ့ကို
မယားလုပ်ပြီး
ပေါင်းဖို့
ဘယ်လို
စိတ်ကူးမလဲ
ပြီးတော့
နင်နဲ့ ငါဟာ
နို့စို့ဖက်မောင်နှမ
ငါ့အမေဟာ
နင့်ရဲ့နို့တိုက်
အမေ
ငါဟာနင့်ထက်
ခြောက်လကြီးတဲ့
နို့စို့ဖက်
အစ်မလေ

တော့လည်း နီလိုက်ကြတာပါပဲ။ အခြားအရောင်တွေရဲ့ မူတွေဘာတွေကို လည်း သက္ကယ်ကျွန်းရွာသား တော်တော်များများက လေ့လာနေကြချိန် မရပါဘူး။ ထွန်းအုံရဲ့ စက္ကန့်နဲ့အမျှ ပြောင်းလဲခက်ထန်နေတဲ့ စိတ်ကိုရှုမှတ်နေရတာနဲ့ အနီရောင်သင်္ကေတရဲ့ အတိမ်အနက်ကိုလည်း ထွန်းအုံရဲ့နောက်လိုက် သက္ကယ်ကျွန်းသားတွေက မှတ်မနေနိုင်ခဲ့ပါဘူး။

ထွန်းအုံကလည်း စွမ်းသင့်သလောက်တော့ စွမ်းတယ်လို့ဆိုရမှာ။ အောက်စည်း၊ အထက်စည်း၊ နဂါးစည်း၊ ကုလားစည်းပါ မကျန်ဆိုသလို စည်းမှန်သမျှ လုံလေမှုထိုးလို့ရတဲ့ တုတ်ပြီး၊ ဓားပြီး၊ လောက်စာလုံးပြီးဆေးတွေထိုးလိုက်တာ၊ ဟိုနားတစ်ကွက်၊ ဒီနားတစ်ကွက်နဲ့ တစ်ကိုယ်လုံးမှာ ကျူထရံကာနေအိမ်လိုတောင် အကွက်တွေဖြစ်ကုန်တာ။ ဓားကဘယ်လောက်ပဲ ထက်နေပါစေ၊ ထွန်းအုံရဲ့လက်ကို ခုတ်လိုက်လို့ကတော့ ဓားသွားဟာ လေထဲကိုထင်ခနဲ ပြန်တက်လာတော့တာ။ အဲဒီ့တော့ ထွန်းအုံရဲ့နောက်မှာ နီတာတွေ၊ ဖြူတာတွေ ကြည့်စရာမလိုဘဲ၊ ထွန်းအုံမျက်နှာကို ကြည့်ပြီးဖြစ်တည်လာတဲ့ နောက်လိုက်တွေဆိုတာကိုက အခေါပဏီတပ် တစ်သိန်းချီတက်လာသလို တစ်သီတစ်တန်းကြီးရယ်။

'သဲဖြူကို မန်ကျည်းကုန်းရွာဘက်က အလံဖြူကောင်က လာပိုးနေရတယ်လို့ကွာ။ ရာဇဝင်ရိုင်းလိုက်တာ။ မြွေကို မျှော့ကလာကိုက်လေခြင်း။ ဒီကိစ္စ···ငါကိုယ်တိုင်မရရအောင် ကိုင်မယ်'

မသဲဖြူ အပျိုပေါက်ဖြစ်တော့ သတင်းတစ်ခုက အထက်ပါအတိုင်း ထွက်လာတယ်။ တကယ်တမ်း ပြောရရင် မသဲဖြူကိုပိုးဖို့ သက္ကယ်ကျွန်းရွာကို ရောက်လာပါတယ်ဆိုတဲ့ မန်ကျည်းကုန်းသားကို မသဲဖြူမှာ ဖြူသလားမည်းသလားတောင် သိရတာမဟုတ်ပါဘူး။ မသဲဖြူတို့ရဲ့ အစ်ကိုဝမ်းကွဲတော်သူတစ်ယောက်က မြန်မာနိုင်ငံ

လွတ်လပ်ရေးတိုက်ပွဲ...
တုန်းက မော်ကွန်းဝင်...
အဆင့်ထိ ရှပ်ရှပ်ချွံခဲ့တ...
ပေမဲ့၊ အဲဒီအစ်ကိုဝမ်း...
သက္ကယ်ကျွန်းမှာ ချွန်...
မဟုတ်ဘဲ၊ ရန်ကုန်ဘ...
သွားချွန်တာဆိုတော့ ...
တို့မှာ နီးရာဓားကို ကြော...
တာလေ။ မသဲဖြူမှာ...
အဖေ၊ အမေရှိတယ်ဆို...
အဖေအမေတွေက ကိုင်း...
ယာလုပ်လောက်သာ သ...
ကျွန်းရွာမှာ စွမ်းနိုင်ဖြ...
အဆင့်ဆိုတော့ ကိုယ်နဲ့...
မဆိုင်လေတဲ့ စော...
သတင်း စကားတွေရဲ့...
မှာ မသဲဖြူ နေစရာ ...
ဘူး။

'ဟော့၊ သက္ကယ်...
သားတဲ့ကွ၊ ရာဇဝင်...
ခေါင်ရမ်းပန်းပွင့်သလို ...
ထိုးအဖြစ်မခံနိုင်ဘူး၊ ...
မတူသလို အထာချင်း...
တဲ့ သူ့ရဲ့လက်ထဲကို...
ရွာသူရဲ့ ဆံချည်တ...
တောင် အပါမခံနိုင်...
သဲဖြူကို နောက်တစ်ခါ...
ဆိုတဲ့အသံကြားကြည့်...
ကောင်ကို ငါးခူကိုစဉ်း...
လုပ်သလို နုပ်နုပ်စဉ်း...
သဲဖြူကို ငါကိုယ်တိုင်...
ပစ်မယ်'

ထွန်းအုံရဲ့ထွက်လာ...
အသံတွေကြားမှာ မမြင်...
ဓားကိုကြောက်ရတာလ...
သဲဖြူဖြစ်သလို၊ နီးရာ ...
ကြောက်ရတာလည်း ...
ဖြစ်လာတယ်။ ဒီကြား...
ရွာတောင်ဘက်က ...
မြစ်ထဲ ရေသွားချိုးနေ...
ဘယ်က ဘယ်လိုထွက်...
အသံမှန်းမသိတာက...
'သဲဖြူက မန်ကျည်း...



www.burmeseclassic.com

www.burmeseclassic.com

…သားနဲ့ ချိန်းပြီးတွေ့နေ…ယ် ဆိုတဲ့စကားပဲ။ အဲဒီမှာ …န်းအုံတို့အဖွဲ့က သဲဖြူကို …က်ရခဲ့တယ်။ တဒင်္ဂ …ကွင်းမှာပဲ သက္ကယ်ကျွန်းရွာ …လေးဟာ မြင်းခွာသံတွေနဲ့ …သွားတယ်။ မြေလှန်ရှာ… ဆိုတာမဖြစ်နိုင်ပေမဲ့ မြေ…မှာတော့ ထွန်းအုံတို့ …တစ်စုနဲ့ပဲ ပြည့်နှက်သွား…သည်။

တကယ်တမ်းပြောရ…ဆိုရင် မသဲဖြူကလုံးကြီး…က်လှနဲ့ ဖွံ့ဖွံ့ထွားထွားလှ…သားဆိုရင်တော့ မလှပါ…။ အသားအရေ ဖြူတာ…တစ်ခုကလွဲလို့ မသဲဖြူ…ကိုယ်မှာ အလှရှာကြည့်…လည်း လှတဲ့နေရာဆိုလို့ …ချိုးရေစရာတောင် မရှိ…ဘူး။ ရင်ညွှန့်အထက်၊ ပခုံး…ကြားက ညှပ်ရိုး…တွေဆိုတာများ ထောင်… မျက်နှာပြင်အစိတ်အပိုင်း…တာလည်း မျက်လုံး၊ မျက်… နှာတံ၊ ပါးစပ်အစရှိသဖြင့် …ချင်းများ ဖြုတ်ကြည့် …ူးခြားတဲ့ အလှရှိတဲ့ …ပြောလို့လည်း မရပါ…။

ဒါပေမဲ့ စောစောက …လာတဲ့ သတင်းရဲ့အောက် … ထွန်းအုံတို့အဖွဲ့က မသဲဖြူ…လိုက်ရှာကြတဲ့ ဖြစ်ရပ်က …သက္ကယ်ကျွန်းတစ်ရွာ… ခြောင်းဆန်သွားတယ်လို့ …င်ပြောရမှာ။ ဝါဒမတူ…တစ်ယောက်ရဲ့လုပ်ရပ် …ချင်တဲ့စိတ်နဲ့သာ စီးထား…မြင်း လျှာထွက်တဲ့အထိ …နှ်ရှာတဲ့ ထွန်းအုံရဲ့ရင်ထဲ …ရော မသဲဖြူက ရှိနေသလား …တော့ အဆင်သင့်ရှိမနေပါ ဘူး။ ထွန်းအုံ ကြုံးဝါးခဲ့သလို 'သဲဖြူကိုငါကိုယ်တိုင် သိမ်းပစ်မယ်' ဆိုတဲ့စကားက မသဲဖြူအတွက် ကြောက်စရာကောင်းတဲ့ စကားတစ်ခွန်းဖြစ်နေခဲ့တာမှန်ပေမဲ့ ထွန်းအုံ အတွက်ကျတော့လည်း အဲဒီစကားဟာ ပြန်မျိုလို့မရတဲ့ အဆိပ်ရည်ပါပဲ။

မသဲဖြူကို ထွန်းအုံတို့ တွေ့ကြတော့ ရွာရဲ့အလယ်၊ မန်ကျည်းပင်တွေ ကန်ပေါင် အပြည့်ပေါက်နေတဲ့ ရေကန်တစ်ကန်ထဲမှာပါ။ အဲဒီ ရေကန်ဟာ တစ်ရွာလုံးက သောက်ရေအဖြစ် အသုံးပြုရတဲ့ကန်ဆိုရင်လည်း မမှားဘူးပေါ့။ ကန်ထဲမှာက ပဒုမ္မာကြာပင်တွေလည်း ရှိနေလေတော့ မြစ်ထဲက ရေချိုးပြီး ထဘီရင်ရှားနဲ့တက်လာတဲ့ မသဲဖြူဟာ ထွန်းအုံတို့လိုက်ရှာနေတယ်ဆိုတဲ့ အသံလည်းကြားရော နီးရာ အဲဒီရေကန်ထဲကိုပဲ ဆင်းပုန်းနေလိုက်ပြီး ကြာဖက်တွေနဲ့ကွယ်နေရပေမဲ့ ကြောက်စိတ်တွေ၊ ရှက်စိတ်တွေ၊ ဒေါသစိတ်တွေနဲ့ ဒူးတွေ တဆတ်ဆတ်တုန်နေရင်း ရှူးရှူးတွေတောင် ရေကန်ထဲ ထွက်ကျကုန်ရတဲ့အထိ။

'ထွန်းအုံရယ် နင်စဉ်းစားကြည့်။ နင်နဲ့ငါက တစ်ရွာတည်းနေ တစ်ရေတည်း သောက်ကြီးလာရတဲ့ဥစ္စာ၊ ပြီးတော့နင့် မျက်ခွက်ကြီးကြည့်ပြီး နင့်ကို ငါကဘယ်လိုစိတ်နဲ့ လင်လုပ်လို့ရမှာလဲ။ ဒီလိုပဲ နင်လည်း ငါ့ကိုမယားလုပ် ပြီးပေါင်းဖို့ ဘယ်လိုစိတ်ကူးမလဲ။ ပြီးတော့ နင်နဲ့ငါဟာ နို့စို့ဖက်မောင်နှမ၊ ငါ့အမေ ဟာ နင့်ရဲ့နို့တိုက်အမေ။ ငါဟာနင့် ထက် ခြောက်လကြီးတဲ့ နို့စို့ဖက် အစ်မလေဟာ'

ထွန်းအုံသာ မခံချင်စိတ် တစ်ခုနဲ့ရအောင် ယူလိုက်လို့ ကတော့ မြွေပွေးလင်လုပ်ရ သလိုဖြစ်တော့မှာပဲဆိုတဲ့ အတွေးဟာ ထွန်းအုံကို ရှုံ့ ကြောက်ကြီးဖြစ်နေပေမဲ့ စောစောက စကားတွေကို မသဲဖြူရဲ့ပါးစပ်က လျှောခနဲ ပြောထွက်သွားစေတယ်။ တကယ်တမ်းမှာလည်း အဲဒီ အချိန်ချော်လဲလို့ ရော်ပြီးထိုင် ချလိုက်ရတဲ့ ထွန်းအုံရဲ့ဖင် ထိုင်ကျသံဟာ ဗုန်းခနဲတောင် မြည်နေမှာပါ။ မသဲဖြူလို စပုတ်တိုင်၊ ထဘီပတ်၊ တုတ် ထိုးရုပ်ကို တခြားရွာသားကို မခံချင်စိတ်တစ်ခုသာ မရှိလို့ ကတော့ ထွန်းအုံရဲ့ပါးစပ်က နေပြောထွက်ဖို့ တော်တော် ခဲယဉ်းမှာပါ။ အဲဒီတော့ မသဲဖြူ ရှင်းပြတဲ့ နို့စို့ဖက် မောင်နှမဆိုတဲ့ စကားကိုပဲ ထွန်းအုံရဲ့ပါးစပ်က သံယောင် လိုက်လိုက်တော့တာ။ ဟုတ် တော့လည်း ဟုတ်တယ်။ ထွန်းအုံခြောက်လသား၊ မသဲ ဖြူတစ်နှစ်သမီးအရွယ် လောက်မှာ ထွန်းအုံအမေ အဖျားကြီးလို့ ထွန်းအုံကို နို့ မတိုက်နိုင်ခဲ့တဲ့ရက်တွေမှာ မသဲဖြူရဲ့အမေက ထွန်းအုံကို နို့တိုက်ဖူးခဲ့တယ်လို့ ထွန်းအုံ အမေက ပြောခဲ့ဖူးတယ်။

'အေး နင်ပြောသလို နင်က ငါ့ရဲ့နို့စို့ဖက်အစ်မ ဖြစ်နေလို့ သက်သာသွားတယ် မှတ်၊ မဟုတ်လို့ကတော့ သဲဖြူဆိုတာ ဒီနေ့ပဲ ထွန်းအုံ ရဲ့ခြင်ထောင်ထဲကိုရောက်ပြီ သာ မှတ်လိုက်တော့'

ပဒုမ္မာကြာတွေရှိတဲ့ ရေကန်ထဲကနေ မသဲဖြူကို ပြန်တွေ့တယ်ဆိုပြီး၊ ရာဇဝင်ထဲ က ရွှေဖရုံမယ်ကို အစွဲပြုလို့ အဲဒီနေ့ကစပြီး မသဲဖြူကို သက္ကယ်ကျွန်းရွာမှာ ရွှေကြာဖက်မယ်လို့ ခေါ်ကြတယ်။ တကယ်တမ်း မသဲဖြူတွင် သွားတဲ့ ရွှေကြာဖက်မယ်ဆိုတဲ့ နာမည်က သက္ကယ်ကျွန်း မှာကျန်ခဲ့တာမဟုတ်ဘဲ–

'မသဲဖြူနဲ့ ထွန်းအုံနဲ့က နို့စို့ဖက် မောင်နှမ၊ မသဲဖြူ က အကြီး၊ ထွန်းအုံက အငယ်' ဆိုတာကပဲ သက္ကယ်ကျွန်းမှာ တွင်သွားတော့တာ။ သက္ကယ် ကျွန်းမှာ အခုလိုသက်ကြီးပူ ဇော်ပွဲလည်းလုပ်ရော၊ အဲလို တွင်သွားခဲ့တဲ့စကားဟာ…။ ❑

၃။

'ဟေ့ ကောင် အေး မောင် ငါ့မြေး။ အဘိုးလေး တော့ တိုတိုတုတ်တုတ်နဲ့ လိုရင်းကိုပဲ ပြောချင်တယ် ကွာ။ ဒီနှစ် သက္ကယ်ကျွန်းရဲ့ သက်ကြီးပူဇော်ပွဲ လုပ်ညတဲ့ အခါမှာ အဘိုးလေးထိုင်မယ့် ဝေါက ရှေ့ဆုံးကဖြစ်ချင် တယ်'

နေဝင်ရီတရော နွား ရိုင်းသွင်းချိန်လေးမှာ နောက် ဖေးနွားတင်းကုပ်ကနေ နွား စာစဉ်းပြီးအိမ်ပေါ်တက်လာ တဲ့အေးမောင်ကို အသံနိမ့်ရင်း ဘိုးလေးထွန်းအုံ ပြောလိုက် တယ်။ ဘိုးလေးထွန်းအုံရဲ့ စကားအဆုံးမှာ အေးမောင် တစ်ယောက် မှင်တက်သွား ပေမဲ့ ခဏပါပဲ။

'ဟ၊ အဘိုးလေးရ၊ ဒီကိစ္စက ဘယ်လိုဖြစ်မှာတုံး။ အသက်တစ်ရက်၊ တစ်မနက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးရင်တောင် သက်ကြီးပူဇော်ပွဲလုပ်ရင်တွဲအခါ ရှေ့ဆုံးက နေရတာကို အဘိုးလေးလည်း မသိတာကျ နေတာပဲ။ အခုကိစ္စက အဘိုးလေးတို့ ငယ်ငယ်က ရွာသူကြီးနေရာ လုသလို နွားတစ်ရှဉ်း၊ လယ်တစ်ကွက်နဲ့ အထက်လူကြီးကို လာဘ်ထိုးလို့ရတာ မဟုတ်ဘူးလေ။ ပြီးတော့ ဟိုတုန်းက အဘိုးလေးပြောတော့ ဘွားသဲဖြူက အဘိုးလေးရဲ့ နို့စို့ဖက် အစ်မဆို'

ဟုတ်တော့ ဟုတ်တယ်လေကွာဆိုတဲ့ စကားလေးတောင် ဘိုးလေးထွန်းအုံရဲ့ပါးစပ်က ထွက်မလာဘူး။ စိတ်ထဲမတင်မကျဖြစ်နေတဲ့ ကိစ္စမို့အကြံဉာဏ်လေး ဘာလေး ရမလားလို့မြေးဖြစ်သူကို တိုင်ပင်ကြည့်ပါတယ်။ သူက တရားတောင်ပြန်ပြီး ဟောနေလိုက်သေး။ တွေးရင်းဘာရယ်မဟုတ်ဘဲ ဘိုးလေးထွန်းအုံ ကိုယ်တိုင်ဖော်ထားတဲ့ လျက်ဆားပုလင်းထဲက လျက်ဆားတစ်တို့ကို ကောက်ပြီးလျက်လိုက်တယ်။ အခုတလော ဘိုးလေးထွန်းအုံ ဝမ်းချုပ်ချုပ်နေလို့ ဒီလျက်ဆားလေးက ဝမ်းသွားမှန်အောင် ဖော်ထားတာဆိုတော့ သတိရတိုင်းဆိုသလိုပဲ ဘိုးလေးထွန်းအုံလျက်နေရတယ်။

'ဟာ အဘိုးလေး လုပ်ပြန်ပြီ၊ အဘိုးလေးကတော့ စောစောလေးကမှ အဘိုးလေး နွားနို့တွေ သောက်ထားတာ မဟုတ်လား။ အဘိုးလေးပြောတော့ ဒီလျက်ဆားထဲမှာပါတဲ့ ဝမ်းနုတ်ဆေးမှုန့်က နွားနို့နဲ့ မတည့်ဘူးဆို'

ပြောရင်း ဆရာဝင်ပြီး လုပ်ပြန်တဲ့ မြေးဖြစ်သူ အေးမောင်ကိုကြည့်ရင်း ဘိုးလေးထွန်းအုံသက်ပြင်းပဲ ချလိုက်မိတော့တယ်။ ဘိုးလေးထွန်းအုံ ကိုယ်တိုင်ဖော်ထားတဲ့လျက်ဆားပဲ၊ ဘိုးလေးထွန်းအုံ မသိဘဲနေမလား။ ပြီးတော့ ဒီလျက်ဆားထဲမှာပါတဲ့ ဝမ်းနုတ်ဆေးမှုန့်က နွားနို့နဲ့ မတည့်တာတော့ဟုတ်ပါတယ်။ ဒါပေမဲ့ ဘိုးလေးထွန်းအုံ နွားနို့သောက်ထားတာပဲကြာလှပြီ။ ဒါကို အေးမောင်ရယ်က ဆရာလုပ်နေတာလေ။ ငါသိပါတယ်ကွာလို့ ပြောလိုက်တော့မှ သင်းက စောစောက စကားကို ပြန်ဆက်နေသေးတော့တာ။

> သင်းက သမိုင်းကြောင်း ဆိုတာနဲ့တောင် ကိုင်ပေါက် နေလိုက်သေး ဘာဖြစ်တုံးကွ သမိုင်းကြောင်း ဒီရွာအတွက် ဘာအကျိုးမှ မပြုခဲ့ဖူးလည်း ဒီရွာမှာပဲ မွေးပြီး ဒီရွာမှာပဲ အခု သေတော့မယ့် အချိန်ထိ နေနေတဲ့ ကောင်က ထွန်းအုံကွ မှတ်ထား

'အဘိုးလေး၊ ကျုပ်က အဘိုးလေးသမီးက မွေးထားတဲ့ အဘိုးလေးရဲ့မြေးစစ်စစ်ပါဗျာ။ တစ်ရပ်လုံးတစ်ရွာလုံးက အဘိုးလေးအကြောင်းကိုသိတယ်ဆိုရင် ကျုပ်က သူတို့ရဲ့နှစ်ဆပိုသိတယ်။ ကျုပ်အများကြီးတော့ မပြောတတ်ဘူး။ အဘိုးလေးလည်း အသက်ကြီးပြီ၊ တရားသဖြင့်နဲ့နေပြီး တရားသဖြင့်နဲ့သေဖို့ ကြိုးစားတော့ အဘိုးလေးရေ။ နေရာတစ်ခုအတွက် အဘိုးလေး အခုအချိန်အထိတောင် တပ်မက်နေတုန်းပဲလား'

'တိတ်စမ်း'

ဆက်စရာစကားက လောလောဆယ်မှာ ရှာမတွေ့တာနဲ့ပဲ 'တိတ်စမ်း' ဆိုတဲ့ စကားနဲ့ပဲ ဘိုးလေးထွန်းအုံ ပါးစပ်ကရပ်တန့်သွားတယ်။ ဒီကောင်ပါးစပ်ဟာကတည်းက ဘယ်အကြောင်း ဦးတည်နေတယ်ဆိုတာကို ဘိုးလေးထွန်းအုံ သဘောပေါက်နေတယ်။ ဘိုးလေးထွန်းအုံ ဆက်ပြောပြန်ရင်လည်း-

'ကျုပ်က အဘိုးလေး အိမ်မှာ စေတနာရှိလို့ကို နေနေတာ၊ တာဝန်အရနေနေတာ မဟုတ်ဘူး။ ကျုပ်ရဲ့အမေ၊ အဘိုးလေးသမီးအရင်းကတောင် အဘိုးလေးကိုပစ်ထားတာ။ ကျုပ်ကအနေသာကြီး' လို့ ပြောလာဦးမှာ။

အေးမောင်ပြောမှပဲ အေးမောင်ရဲ့အမေ ကျော့စိန်ကို ဘိုးလေးထွန်းအုံ ပြေးသတိရမိတယ်။ သင်းကလည်း ဘိုးလေးထွန်းအုံမှာရှိတဲ့ နို့စားနွားမနှစ်ကောင် အပါအဝင် လယ်တွေ၊ ကိုင်းတွေထဲက တစ်ခုမှမပေးနိုင်ဘူးလို့ ဘိုးလေးထွန်းအုံ ကြေညာလိုက်တဲ့အချိန်က... အဖေဆိုတာကို လှည့်တော... ကြည့်တော့တဲ့ ကောင်... မဟုတ်ဘူး။ ဘိုးလေးထွ... မှာက သားသမီးဆိုလို့ သ... တစ်ယောက်တည်းရှိ... လေ။ သင်းက လင်ယူ... လည်းလောက်လောက်... လား၊ တူတူတန်တန်... ယူထားတာ မဟု... ခပ်ရွှရွှပဲလှော်က ကုလား... တန်ဆိုသလို ဘိုးလေး... အုံရဲ့ သူရင်းငှားနဲ့ လိုက်... တဲ့ကောင်မ။ သင်းက ... မောင်ဆိုတဲ့ ကလေး... ယောက်တည်းမွေးထား... ရယ် မဟုတ်ပါဘူး။ ... သားပေါက်သလို တ... ပွတ်နဲ့မွေးထားလိုက်... ဘယ်နှယောက်ရှိနေ... တောင် ဘိုးလေးထွန်းအုံ... ပါဘူး။ အေးမောင်... ယောက်သာ ဘိုးလေးထွ... ဆီကို ငယ်ငယ်ကတည်း... ဝင်ထွက်နေကျမို့ ဘိုး... ထွန်းအုံက အေးမောင်... တောင်ဝေးတစ်ခုအဖြစ်... ကသုံးထားရတဲ့ သဘော... ကျော့စိန်ကိုတော့ ဘိုး... ထွန်းအုံထည့်ကို မတွက်... ဘိုးလေးထွန်းအုံ မသေ... တော့ ဒီကောင်မကျော့... ဘိုးလေးထွန်းအုံရဲ့ ပိုက်... ကိုမပြောနဲ့၊ ဟင်း... တောင် မရဘူးမှတ်။

'ကျုပ်လည်းအခု... အကြောင်းကိုပြော... အဘိုးလေးလုပ်ပုံကို ... ကရပ်တော့။ ဘ... ဒီရွာမှာ မွေးခဲ့ပမဲ့ ဒီရွာ...



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာမဟုတ်ဘူး။ ဒီရွာရဲ့ ရေးရွာရေးကို ဘာတစ်ခုမှ ခဲ့တာမဟုတ်ဘူး။ အခု ခါနီးမှ ရွာကိုပြန်လာတယ် တာတို့၊ ငါတို့နှစ်ယောက် နှစ်နဲ့ချီပြီးအသက်ကွာ တာ မဟုတ်ဘူး။ လပိုင်း ကွာတာလောက်တော့၊ ကံကြီးတဲ့ယောကျ်ား ဖြစ်တယ်၊ ငါက မွေး တည်းက အခုသေတော့ အချိန် အိုကြီးအိုမ အရိုး ကဂက်ဖြစ်တဲ့အထိ ရွာ နေတာမို့ သက်ကြီးပူဇော် ငါက ရှေ့ကနေသင့် ဆိုတာတို့ကို ရွာထဲပတ် အဘိုးလေး ပြောနေတာ ကျုပ်မသိဘဲမနေဘူး။ ဒီ မှာပဲ တစ်သက်လုံးနေ ဆိုပေမဲ့ သမိုင်းကြောင်း းလေးရေ၊ သမိုင်း ကြောင်း…။ ဒီရွာနဲ့ဒီရွာက တွေအပေါ်ထားတဲ့ အဘိုး ရဲ့သမိုင်းကြောင်း'

'တိတ်စမ်း' လို့ ပိတ်ပြီး သားတာတောင် မပြီးနိုင် အေးမောင်ရဲ့စကားသံ ဟာ ဘိုးလေးထွန်းအုံ ကတော့ ရှက်ရွံ့ခြင်းဆို ဆက် ဒေါသထွက်ခြင်း ာ တိုးလို့ဖြစ်စေတယ်။ ကောင်၊ ဒီကောင် ငါကျွေး ကမသေဘဲ လူ့လောက အဖတ်တင်လာတဲ့ ကောင် ။ သင်းက သမိုင်း ကြောင်းဆိုတာနဲ့တောင် ကိုင် က်နေလိုက်သေး။ ဘာ ကွ သမိုင်းကြောင်း။ အတွက် ဘာအကျိုးမှ ပုံးလည်း ဒီရွာမှာပဲ မွေး ဒီရွာမှာပဲ အခုသေတော့ အချိန့်ထိ နေနေတဲ့ကောင် ထွန်းအုံကွမှတ်ထား။ ဟို မိန်းမလို အရွယ်လေးရှိတုန်း အချိန်ကတော့ ကိုယ့်ရွာ၊ ကိုယ့် ဒေသမှာမနေနိုင်ဘဲ ကော့ကော့ နဲ့ရန်ကုန်ကိုတက်၊ အမျိုးတွေ အိမ်မှာ အိမ်ဖော်သာသာသွား လုပ်နေပြီး၊ အခုကိုယ့်ခြေ ကိုယ့်လက်မသယ်နိုင်တော့ တဲ့ အချိန်ကျမှ မွေးရပ်မြေကို ချစ်လွန်းလှချည့်ရဲ့ဆိုပြီး ရွာ ရင်ခွင်ကို ပြန်ရောက်လာတဲ့ မိန်းမကိုများ မင်းအပါအဝင် ရွာသားတွေက တလေးတစား၊ တရေးတယူ ရှိနေတာက လည်း အံ့သြစရာများတောင် ကောင်းလိုက်သေးတော့။ အံ့မယ်၊ ဟိုမိန်းမကလည်း သူ့အရိုးသာသူ မသယ်နိုင် တော့တာ။ ရွာထိပ်လမ်းက မြောင်းကူး ကွန်ကရစ်တံတား လေးဆောက်ဖို့အတွက်တဲ့ သိန်းချီပြီးများတောင် ထည့် လိုက်သေးတယ်။ ဒီပိုက်ဆံ တွေက ရန်ကုန်မှာ အနှစ်နှစ် အလလက သင်းကျွန်ခံလာ တဲ့ ပိုက်ဆံတွေပဲဖြစ်မှာ။ ထွင် လုံးတွေ။ လိမ့်လုံးတွေ။ ဒီ မိန်းမသေတဲ့အချိန် သူ့မသာ ပွဲကိုလိုက်ပို့ကြမယ့် လူစည် အောင်လုပ်ချင်နေတာများ ထွန်းအုံကို မသိဘူးမှတ်နေ လား။ ထွန်းအုံတို့ကတော့ ဟေ့…ရှင်းတယ်။ ငယ်ငယ် ကတည်းက ကိုင်လာတဲ့ဝါဒ ကို အခုလို အရိုးငေါ်နေတဲ့ အချိန်ကျမှတော့ မပြင်နိုင် ဘူး။ ရွာရေးရပ်ရေးလုပ်ဖို့က တော့ ငါ့လာမပြောနဲ့။ သေ တောင်မလုပ်ဘူး။ ငါ့အရေး ဟာ ငါ့အတွက် အဓိကပဲ။ အေး၊ ဒါပေမဲ့ ငါက မွေးက တည်းက ရွာကို ဖက်ပြီးကြီး လာတဲ့ကောင်။ ငါ့ရွာကို ငါ ချစ်တယ်။ ငါလုပ်ချင်တာ ဘာပဲလုပ်လုပ် ငါဟာ ဒီရွာ သားပဲ။ ဘိုးထွန်းအုံ က သက္ကယ်ကျွန်းသားပဲကွ၊ မှတ် ထား။ ဟားဟား…။

'အသက်ကြီးလို့ လူကြီးဖြစ်တာ မဆန်းပါဘူး အဘိုးလေးရာ၊ လူကြီးဖြစ် လာပြီး အသက်မကြီးရင်သာ ဆန်းတာ။ ကျုပ်က အဘိုး လေးကို အသက်ကြီးတဲ့ လူကြီး တစ်ယောက်ဖြစ်စေချင်တာ'

'ဟမ်'

ဘိုးလေးထွန်းအုံရဲ့ တွေးနေတဲ့အတွေး ရေလျှဉ် ကြောဟာ အေးမောင်ရဲ့ထူး ထူးဆန်းဆန်းစကားကြောင့် မြစ်ဝမှာ ဆည်ပိတ်ဆောက် လိုက်သလို စီးဆင်းမှုပြတ် တောက်သွားတယ်။ စကား တွေသိပ်တတ်နေတဲ့ အေးမောင် ရဲ့အမူအရာဟာ ဘိုးလေး ထွန်းအုံအတွက် အံ့သြစရာ ပါ။ ဒီကောင် ဘယ်ကဘယ် လို ဒီစကားတွေ တတ်လာ တာပါလိမ့်။ ဒါ…သွေးရိုး သားရိုးမှဟုတ်ရဲ့လား။ ဟို မိန်းမရဲ့လက်ချက်များ ဖြစ်နေ လေမလား။

❑

၄။

'ထွန်းအုံရယ်၊ မတွေ့ရ တဲ့ နှစ်များစွာမှာနင်က အရင် က အတိုင်းပါပဲလား ငါ့ မောင်ရယ်…၊ နင်ကဘယ် လောက်ပဲ အသက်ကြီးကြီး ငယ်ရုပ်မပျောက်ဘူးဟဲ့ သိ လား။ ငါတို့များဖြင့်ဟယ်… နားက ထိုင်း၊ ခါးက ကိုင်း၊ မျက်စိက မှုန်းပြီးဇရာကို မတွန်းလှန်နိုင်တော့ပါဘူး'

သင်္ကြန်တွင်းကြီးမို့ ဥပုသ်စောင့်သွားရင်း ရွာ လမ်းမတစ်နေရာမှာ ဘိုးလေး ထွန်းအုံကို ဘွားသဲဖြူကပြော လိုက်တယ်။ တကယ်ဆိုရင် ဘိုးလေးထွန်းအုံရဲ့ အာရုံက ဘွားသဲဖြူရဲ့စကားထဲမှာလည်း ရှိမနေပါဘူး။ ဘိုးလေးထွန်း အုံရဲ့ အာရုံရှိနေတဲ့နေရာက မလှမ်းမကမ်းက ရွာလူကြီး တင်အောင်တို့အိမ်ရှေ့က လူစုလူဝေးတစ်ခုဆီကို။ အဲဒီ လူစုလူဝေးထဲမှာ အေးမောင် လည်း ပါတယ်။

အေးမောင်တို့လူစုလူ ဝေးလုပ်နေကြတဲ့အရာက နှစ် ဆန်းတစ်ရက်နေ့သက်ကြီး ပူဇော်ပွဲလုပ်ညှိတဲ့အခါမှာ သက်ကြီးတွေထိုင်ဖို့ ကုလား ထိုင်တွေကိုပြင်ဆင်နေကြ တာ။ လက်တန်းပါတဲ့ ကုလားထိုင်တွေရဲ့အောက်ခြေ တွေမှာ လူလေးယောက်ထမ်း ဖို့ သစ်သားတန်းတွေ ရိုက်၊ ပြီးရင်ကုလားထိုင်ရော တန်း တွေကိုပါ ဆေးဖြူ သုတ်မယ် ပေါ့။ အဲဒီလိုဆေးဖြူသုတ်ပြီး ဖွေးဖွေးဖြူသွားတဲ့ ဝေါပုံစံ ကုလားထိုင်ပေါ်မှာမှ ကတ္တီပါ ကော်ဇောကို ခင်း၊ ပြီးရင် သက်ကြီးပူဇော်ပွဲလုပ်ညှိတဲ့ နေ့မှာ ကုလားထိုင်လက်တန်း ကိုလည်း ရာသီမှာပွင့်တဲ့ပန်း တွေနဲ့ ဝေနေအောင်အလှဆင် လို့ရွာထဲမှာ အသက်အကြီး အဆုံးက စပြီးရေရင် ဆယ် ယောက်ပြည့်တဲ့အထိ၊ ဝေါ ကုလားထိုင် ဆယ်ခုပေါ်မှာ အဘိုးအဘွား ဆယ်ယောက် က ကြီးစဉ်ငယ်လိုက်ထိုင်ကြ မယ်ပေါ့။

ဒီနေ့ဟာ သင်္ကြန် အကြတ်နေ့တောင် ဖြစ်နေပြီ ဆိုတော့ နှစ်ဆန်းတစ်ရက်နေ့ အတွက် ရွာသားတွေပြင်ဆင် နေကြပြီလေ။ ရွာထဲမှာရှိတဲ့

www.burmeseclassic.com

အသက်အကြီးဆုံးအဘိုး အဘွားဆယ်ယောက်ကို လူထမ်းတဲ့ ဝေါကုလားထိုင်တွေနဲ့ ရွာထဲမှာရှိသမျှလမ်းတွေပေါ်မှာလှည့်၊ အဲ့ဒီအချိန်မှာ ရွာထဲက ဗျိုဗျိုအိုအို လူအရွယ်စုံကလည်း အဘိုး၊ အဘွားတွေရဲ့ ဝေါယာဉ်တွေနောက်ကနေ ဝတ်ကောင်းစားလှတွေဝတ်ပြီး လိုက်ကြတာပေါ့။ အိုးစည်ဒိုးပတ်ဝိုင်းတွေကလည်း လူတန်းရှည်ကြီးရဲ့နောက်ဆုံးကနေ အကအလှအဖွဲ့တွေနဲ့အတူ လိုက်ပြီး ရွာထဲက ရှိသမျှ အိမ်တွေက ထွက်ပြီးကျွေးတဲ့ အစားအသောက်တွေကိုလည်း စားသောက်ရသေးတာ။

အဲ့ဒီလို ရွာလမ်းအကုန်လှည့်ပြီးတဲ့အခါကျမှ ရွာဦးဘုန်းတော်ကြီး ကျောင်းကိုသွားလို့ အဘိုး၊ အဘွားတွေကို ဘုန်းတော်ကြီးကျောင်းမှာ ရွာရဲ့ကျောင်းထိုင်ဘုန်းကြီးက သီလပေး၊ တရားနာလုပ်တာ။ အဲ့ဒါတွေပြီးမှ ရွာထဲကလိုက်လာတဲ့ ပရိသတ်က အဘိုးအဘွားဆယ်ယောက်ကို လျှော်ဖွယ်ဝတ္ထုအစုစုနဲ့ကန်တော့၊ ခေါင်းလျှော်၊ ရေချိုးသနပ်ခါးလိမ်းပေးပြီးတဲ့အခါကျမှ စောစောက ဝေါကုလားထိုင်တွေပေါ်မှာ အဘိုး၊အဘွားတွေကို ပြန်ထိုင်စေပြီး နေအိမ်အသီးသီးကို ပြန်ပို့ပေးကြတာ။ အဲ့ဒီလိုပြန်ပို့တဲ့အခါမှာလည်း စောစောက လှည့်ခဲ့တဲ့အတိုင်းပဲ အဘိုးအဘွားတွေက ကြီးစဉ်ငယ်လိုက်ပြန်ထိုင်ကြရတာ။ ဒါက သင်္ကြန်ကျွန်းရဲ့နှစ်စဉ် သက်ကြီးပူဇော်ပွဲကျင်းပပုံ ဓလေ့တစ်ခု။

‘ငါသေရင်တော့ ဒါမှမဟုတ် ငါမကျန်းမမာဖြစ်လို့ သက်ကြီး ပူဇော်ပွဲလှည့်တဲ့အထဲ မလိုက်နိုင်ရင်တော့ ဒီရွာရဲ့ဒီပွဲမှာ နင်ရှေ့ဆုံးက သွားရမှာပေါ့ ထွန်းအုံရယ်’

‘ဟင် ဘာပြောလိုက်တာ သဲဖြူရဲ့ ငါမရှင်းဘူး’

‘ထွန်းအုံရယ်၊ နင်ကလဲ၊ နင့်ကိုမပြောင်းလဲသေးပါဘူးလို့ပြောကာမှ နားကလေးပြနေလိုက်သေး’

ဘွားသဲဖြူက ဘိုးလေးထွန်းအုံ မကြားလိုက်ဘူးအထင်နဲ့ သူ့ရဲ့စကားကို ဒုတိယအကြိမ်ထပ်ပြီး ပြောနေတယ်။ တကယ်တမ်းမှာ ဘွားသဲဖြူ ပြောခဲ့တဲ့စကားကို ဘိုးလေးထွန်းအုံက မကြားခဲ့တာမဟုတ်ဘူး။ နောက်တစ်ခေါက်ထပ်ပြီး ကြားချင်တာ။

‘ငါတို့နှစ်ယောက်က ငယ်ငယ်ကတည်းက နို့စို့ဖက်မောင်နှမတွေဆိုတော့ ငါ့ရဲ့ထမ်းစင်ပြီးရင် နင်က ငါ့နောက်ကလိုက်ရမှာဆိုတော့ ပျော်စရာ ကောင်းလိုက်တာဟယ်…အင်း…ငါတို့တွေလည်း ဒီထမ်းစင်ပေါ်ကို ဘယ်နှနှစ်များ ထိုင်ရပါ့မလဲ မသိလေဘူးနော်’

‘နို့စို့မောင်နှမ၊ နို့စို့မောင်နှမ’

‘ငါ မကျန်းမမာဖြစ်လို့’

စတဲ့စကားတွေဟာ ဘိုးလေးထွန်းအုံရဲ့အာရုံမှာ အစီအစဉ်မကျစွာ ရစ်ဝဲနေတယ်။ ပြီးတော့ ဘိုးလေးထွန်းအုံ ရဲ့ အာရုံမှာ နောက်ထပ်ရစ်ဝဲလာတဲ့အာရုံကတော့ မြေးဖြစ်သူ အေးမောင်ရဲ့အကူအညီတစ်ခုပဲဖြစ်နေတယ်။

❑

၅။

ခပ်လှမ်းလှမ်းက ဒူဝေ၊ ဒူဝေမြည်နေတဲ့ ကြေးစည်သံလေးကို အေးမောင်ကြားနေရတယ်။ ဘိုးလေးထွန်းအုံကို ထမ်းဖို့အဆင်သင့်ဖြစ်ပြီလားလို့လည်း အေးမောင်ကိုယ်တိုင် စစ်ဆေးကြည့်ရသေးတယ်။ ဒီရွာဘက်တွေရဲ့ထုံးစံလိုလိုဖြစ်နေတာက အဲ့ဒီလို ထမ်းလာပြီဆိုရင် ထမ်းစင်ကိုထမ်းလာတဲ့လူ လေးငါးယောက်ဟာ ရွာပြင်ရောက်တာနဲ့ ထမ်းစင်ကို နိမ့်ချည်၊ မြင့်ချည်လုပ်လိုလုပ်၊ ဒါမှမဟုတ် ဝေးခနဲ အော်သံတွေနဲ့အတူ ပြေးရင်းလွှားရင်း ပတ်ချာလည်လှည့်လို့ ထမ်းစင်ကို ဆော့ကြသေးတာလေ။ ဒီဓလေ့ကြီးက ဒီနယ်ဘက်မှာ ဘယ်ကဘယ်လို စခဲ့တယ်ရယ်လို့ အေးမောင်လည်း မသိပါဘူး။

မတော် အခေါင်းတလားထဲက အသုဘကြီး ပြုတ်ကျကုန်ရင် ဘယ်လိုလုပ်မလဲ။ ခေါင်းတလားထဲက အသုဘကြီးက ပုပ်ပွနေပါပြီတဲ့။ ဒါကြီးကို ခေါင်းထဲကို ဘယ်သူက ကောက်ထည့်ချင်မှာတဲ့တုံး။ ဒါပေမဲ့ ဘိုးလေးထွန်းအုံရဲ့ ရုပ်ကလာပ်ကတော့ ပုပ်ပွနေစရာအကြောင်းမရှိဘူး။ ဘာလို့လဲဆိုတော့ ဘိုးလေးထွန်းအုံ ဆုံးသွားတာက တစ်ရက်တောင်မပြည့်သေးတဲ့ နာရီပိုင်းပဲရှိသေးတာလို့ ပြောရမှာ။

ဘိုးလေးထွန်းအုံရဲ့ တစ်ဦးတည်းသောသမီး ဒေါ်ကျော့စိန်ရဲ့ ဟည်းတိုက်ငိုသံကို အသုဘလာသူတော်တော်များများက ကြားနေရပေမဲ့ အခြားငိုမယ့်သူရယ်လို့ မရှိ

သလောက်ရှားနေတယ်
မယ့်သူဆိုတာထက် ဘိုး
ထွန်းအုံရဲ့ အသုဘကို
ပြီးပို့တဲ့သူတွေတောင်
ချိုးရေလို့ရအောင်ရှား
ရွာထဲကလူတွေ မအား

ဒီအချိန်ဆိုရင် ရွာ
ဝေါကုလားထိုင်တွေစီ
သက်ကြီးပူဇော်ပွဲလှည့်
လောက်ပြီ။ ဘိုးလေး
ရဲ့ရုပ်ကလာပ်ကို ထမ်း
ထမ်းလာတဲ့ လူတစ်
တဖြည်းဖြည်းနဲ့ ရွာအ
ရောက်လာတယ်။ မ
မှာ သင်္ချိုင်းကုန်းကိုရော
တော့မယ်။

ဘိုးလေးထွန်းအုံ
ကလာပ်ထမ်းစင်ကိုထမ်း
အေးမောင်တစ်ယောက်
နေတာတွေက အများ
ဆက်စပ်တွေးတောလို့
တွေ ရှိသလို၊ ရလာတဲ့
စပ်တွေးတောမှုတွေ
မှာလည်း အေးမောင်
ယောက်အဖြေက ခပ်
ရယ်ပါ။

‘အဘရေ၊ နှစ်
တစ်ရက်နေ့ကြီးတဲ့
သေတာတောင် ရွာ
ကြာကြာမနေရပါလား

အမေဖြစ်သူ ဒေါ်
စိန်ရဲ့အော်ငိုသံတွေကို
မောင်ကြားနေရတယ်၊
မောင်ရဲ့ဆက်စပ် တွေး
မှုတွေက ပေါ်လာလို
ပျောက်သွားလိုက်နဲ့
မှာ ဆပ်ပြာပူဖောင်း
မိသလိုအဖတ်ဆယ်မရ
နေတယ်။ အခေါင်း
နောက်က ထမ်းလာတဲ့
နှစ်ယောက်က အရ
လည်း သောက်ထား
အခေါင်းကို သူ့ဆော့



www.burmeseclassic.com

www.burmeseclassic.com

...သည်၊ အေးမောင်က ထိန်း ...သေးတယ်။ အဲဒီတော့ အေးမောင်ရဲ့ အာရုံတွေက ...စပ်တွေးတောမှုတွေဆီမှာ ...ပဲ ကပ်မနေနိုင်ကြဘူး။

'ဟေ့ ကောင် အေး ...င်၊ မင်း မသဲဖြူဆီကို ...နဲ့တစ်ပုလင်း သွားပို့ချေ ...၊ နို့စို့ဖက်အစ်မအတွက် ...က ကျေးဇူးပြုတာလို့လည်း ...ခဲ့ဦး…ကြားလား'

အေးမောင်တို့ အိမ်မှာက ...လေးထွန်းအုံအပိုင် နို့စား ...မနစ်ကောင်ရှိနေတော့ ...တွေက နေ့စဉ်လိုလို ရနေ ...။ ရွာဦးကျောင်းဆရာ ...ကိုတောင် နွားနို့လှူရမှာ ...ဘိုတတ်တဲ့ ဘိုးလေး ...အုံရဲ့လောကွတ်ဟာ အေး ...င်အတွက်တော့ သံသယ ...ယ်တစ်ရပ်ပါ။

သကြံန်အကြတ်နေ့ ...ကလည်း သက်ကြီးပူဇော် ...တွက် ဝေါကုလားထိုင်တွေ ...ဆင်နေတဲ့ အေးမောင်တို့ ...မှာ ဘိုးလေးထွန်းအုံနဲ့ ...သဲဖြူတို့ စကားတွေပြော ...ကြသေးတာ။ ဘွားသဲဖြူ ...နေသေးတာလေ။ သူ ... မရှိတော့ရင်၊ ဒါမှမဟုတ် ...သာ မကျန်းမမာဖြစ်ခဲ့ရင် ...။

ဟာ…။

တွေးရင်းဘိုးလေး ...အုံရဲ့ထမ်းစင်ကိုထမ်း ...တဲ့ အေးမောင်ရဲ့ခြေထောက် ... သွတ်ခွေချင်သလိုဖြစ် ...တယ်။ အဘိုးလေးထွန်း ...ဘကယ်ပဲ လုပ်လိုက်လေ ...။ အေးမောင်ဆက် ...နေပေမဲ့ အဖြေတွေက ...ရာဘူး။ ဖြစ်နိုင်ရင် ...ခါင်းထဲက အဘိုးလေး ထွန်းအုံကိုသာ အေးမောင်နှိုး ပြီး မေးလိုက်ချင်တော့တယ်။

'အဘိုးလေးကနေ ဘွား သဲဖြူဆီကို ပို့နိုင်းတဲ့နွားနို့ ပုလင်းဟာ…အဘိုးလေး နေ့တိုင်းကျိုသောက်နေတဲ့ နွားနို့ပုလင်းနဲ့များ အေး မောင် မှားသွားလေသလား။ ပြီးတော့…ဘွားသဲဖြူအတွက် ဆိုတဲ့ နွားနို့ပုလင်းထဲမှာ အဘိုးလေး ဝမ်းချုပ်တိုင်းဖော် စပ်ပြီး သောက်နေကျ ဝမ်း နုတ်ဆေးအတွက် လိုအပ်တဲ့ ဆေးမှုန့်တချို့အကြောင်း ကြောင်းကြောင့်ကပ်ပြီးပါနေ လေရော့သလား…နွားနို့နဲ့ မတည့်ဘူးဆိုတဲ့ အဲ့ဒီဝမ်းနုတ် ဆေးမှုန့်တွေက…'

အေးမောင် ဆက်တွေး တယ်။ ဘိုးလေးထွန်းအုံက ဒီလောက်အထိ ရည်ရွယ်ခဲ့ သလားဆိုတာကိုလည်း အခု အချိန်ထိ အေးမောင်ဝေခွဲလို့ မရဘူး။ ဘာမှန်းမရေရာပေမဲ့ အေးမောင်ဒေါသတွေက ဝါ ဆိုလမှာ ရောဝတီမြစ်ထဲ ရေ သဘင်တက်လာသလို အလိပ် လိုက် အလုံးလိုက်တက်လာ တယ်။ အဘိုးလေးဆုံးတာ ဝမ်းသွားမရပ်လို့ ဆေးရုံကို တောင်မရောက်ဘဲ ရွာမှာတင် ဆုံးသွားခဲ့တာကို တွေးမိတော့ အေးမောင်ခြေတွေ တဆတ် ဆတ်တုန်လာတယ်။

သက်ကြီး ပူဇော်ပွဲလှည့် တဲ့ ညနေအချိန်နဲ့တိုက်နေလို့ ရွာထဲကလူတော်တော်များ များ မလိုက်ပို့နိုင်တဲ့ ဘိုးလေး ထွန်းအုံရဲ့ နောက်ဆုံးခရီးဟာ ကျိုးတိုးကျဲတဲ၊ ချောက်တီး ချောက်ချက်နဲ့ ရွာအနောက် ဘက်က သင်္ချိုင်းကုန်းကို ရောက်လာတယ်။ လူတစ်စုနဲ့ အတူပါလာတဲ့ ကြေးစည်သံ လေး ဒူဝေဝေကြားမှာ ဘိုး လေးထွန်းအုံကလည်းထမ်း စင်ပေါ်မှာ လိုက်ပါလာလို့ ပေါ့။

'သက်ကြီးပူဇော်ပွဲ လှည့်တဲ့အခါမှာ ရှေ့ဆုံးဝေါ ပေါ်မှာပဲ ထိုင်ချင်တယ်ဆို တဲ့ အဘိုးလေးရေ…. အခု တော့လည်း လူထမ်းစင်အပေါ် မှာ အဘိုးလေးတစ်ယောက် တည်း ရှေ့ဆုံးကနေပြိုင်ဘက် ကင်းမဲ့စွာ သွားရမယ့်ခရီးကို ချီတက်နေရပေါ့ဗျာ'

အေးမောင်ရင်ထဲမှာ အသံတချို့တစ်ဆို့နေတယ်။ ဒီအချိန်ဆိုရင် အခုလိုကြေး စည်သံလေး ဒူဝေဝေအစား၊ အိုးစည်ဒိုးပတ်သံတွေ မြိုင် မြိုင်ဆိုင်ဆိုင်နဲ့ ရွာလယ်လမ်းမ တစ်နေရာမှာလည်း သက်ကြီး ပူဇော်ပွဲ လှည့်နေလောက်ရော ပေါ့။ ရွာထဲကလူတော်တော် များများကလည်း အပြုံးပန်း တွေဝေဆာစွာနဲ့ သက်ကြီးပူ ဇော်ပွဲလှည့်တဲ့နေရာမှာ လိုက် ပါနေကြရောပေါ့…။

'ဟော…ဟော'

အနောက်မှာကျန်ခဲ့တဲ့ မှိုင်းပျပျရွာညီညီလေးဆီကနေ အိုးစည်၊ ဒိုးပတ်သံတွေကို ကြားနေရပြီ။ သက္ကယ်ကျွန်း ရွာရဲ့အထင်ကရ သက်ကြီးပူ ဇော်ပွဲလည်းရွာလယ်လမ်းမ မှာလှည့်နေခဲ့ပြီလေ။ သက် ကြီးပူဇော်ပွဲလှည့်တဲ့ ဝေါကု လားထိုင်ရဲ့ ရှေ့ဆုံးတစ်နေ ရာမှာ ပါဝါနှစ်ရှေ့ချပြီး ထိုင်နေတဲ့ ဘွားသဲဖြူရဲ့ မျက် ဝန်းအိမ် တစ်နေရာမှာတော့။

အလို…မျက်ရည်စ တွေနဲ့ပါလား။ ■

**မင်းဝေဟင်**

ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၀၀၁၁၅
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

# ငှက်ကလေးရေ

ကျော်သူရိန်သွင်/ကျောက်ဆည်


ကျွန်တော် ငယ်ငယ်က
အတောင်ကျိုးနေသော
ငှက်ကလေးတစ်ကောင်ကို
တွေ့ခဲ့ဖူးပါသည်။
ငှက်ကလေးက
အတော်ကလေးပင်
ကြောက်လန့်နေပြီး
အဝေးသို့ ပျံသန်းနိုင်ခြင်း
မရှိတော့ဘဲ
ခုန်ဆွခုန်ဆွဖြင့်
သူ့အတွက်
လုံခြုံမည့်နေရာကို
ရှာဖွေနေဟန် ရှိပါသည်။
အသွေးအရောင်စုံပြီး
မျက်လုံး ပြူးပြူးဝိုင်းဝိုင်း
ကလေးနှင့်
အတောင်ကျိုးနေသော
ငှက်ကလေးကိုကြည့်ပြီး
ကျွန်တော်
သနားသွားမိသည်။
ကျွန်တော် ငှက်ကလေးကို
လိုက်ဖမ်းဖို့
ကြိုးစားခဲ့ပါသည်။
သူ့ဘာသာသူ နေနေသော
ငှက်ကလေးက
ကျွန်တော်
လိုက်ဖမ်းတော့မှပင်
ပို၍ကြောက်လန့်
တကြားဖြစ်သွားကာ
ခုန်ဆွ ခုန်ဆွဖြင့်
ပြေးထွက်သွားပါသည်။
ငှက်ကလေး
ကျွန်တော့်ကို
ကြောက်လန့်သွားမည်ကို
ကျွန်တော်
မလိုလားပါ။
သူနားလည်အောင်
မည်သို့ပြုရမည်
ဆိုသည်ကိုလည်း
ကျွန်တော် မသိ။
ကျွန်တော့်စကားကိုလည်း
သူ နားလည်မည် မဟုတ်။
သူ့ကို ဖမ်းမိရန်အတွက်သာ
ကြိုးစားရပါတော့သည်။
ဒါကိုပင်
ငှက်ကလေးက
ကျွန်တော့်အား
သူ၏ ရန်သူဟု
ထင်မှတ်သွားပြီး
အတောင်ကျိုးနေသည်ကို
ဂရုမပြုတော့ဘဲ
အားစိုက်၍
ပျံသန်းပါတော့သည်။
သို့သော် ဝေးဝေးသို့
ရောက်အောင်တော့
မပျံသန်းနိုင်ပါ။
အောက်ကို ပြန်ပြီး
ပြုတ်ကျလာပါသည်။
အောက်ကို ပြုတ်ကျလာ
သည်နှင့်ပင် ကျွန်တော်က
အပြေးကလေးသွားပြီး
ကောက်ဖို့ ကြိုးစားလိုက်

ကျွန်တော်၏
အိပ်မက်တွေထဲ
အထိ
ငှက်ကလေးက
ညစဉ်ညတိုင်း
လိုလို
လိုက်ပါ
လာပါသည်
အိပ်မက်ထဲမှာ
မြွေကြီးက
ငှက်ကလေးကို
ရစ်ပတ်ထားပြီး
သူ၏
ပါးစပ်ကြီးကို
အစွမ်းကုန်
ဟဖြဲထားပါသည်
အစွယ်တွေက
တပြွေးပြွေးနှင့်
ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျွန်တော်ကောက်ဖို့ ကြံရွယ်စဉ်မှာပင် ငှက်ကလေးက ထပျံသွားပါသည်။

ဒီလိုနှင့်ပင် ကျွန်တော်က လိုက်ဖမ်းလိုက်၊ ငှက်ကလေးက ထပျံသွားလိုက်နှင့် ကျွန်တော် မောဟိုက်လာသလို ငှက်ကလေးလည်း ပင်ပန်းလှပြီ ဖြစ်ပါသည်။ ကျွန်တော့်ရင်တွေ လှိုက်ဖိုနေသကဲ့သို့ ငှက်ကလေး၏ ရင်အစုံသည်လည်း ဖိုလှိုက် နေပါသည်။ ငှက်ကလေးကို ကြည့်ပြီး ပို၍ပင် သနားလာမိသည်။ မည်သို့ လုပ်ရမည်ဆိုသည်ကို မသိတော့။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ငှက်ကလေးကိုရအောင်ဖမ်းပြီး သူ၏ ဒဏ်ရာကိုပျောက်ကင်းအောင် ကုသပေးဖို့ ဆုံးဖြတ်လိုက်ပါသည်။

အောက်သို့ ပြုတ်ကျလာသော ငှက်ကလေးက တော်တော်ကလေး မောနေပြီဖြစ်သည်။ ကျွန်တော် သူ့အနား ကို အညင်သာဆုံး ချဉ်းကပ်လိုက်ပါသည်။ လှုပ်ရှားတယ်ဆိုရုံကလေး လှုပ်ရှားပြီး တရွေ့ရွေ့တိုးသွားလိုက်သည်။ တဖြည်းဖြည်းနှင့် နီးကပ်လာပါသည်။ ကျွန်တော် အသက်ကို ပြင်းပြင်း မရှူရဲ။ လက်တစ်ကမ်းအကွာအထိ ရောက်လာပါသည်။ ကျွန်တော် သူ့ကို ဖမ်းမိဖို့ကသေချာသလောက် ဖြစ်သွားသည်။ ဖျတ်ခနဲ ဖမ်းလိုက်သည်။ ငှက်ကလေးက တဖျပ်ဖျပ်နှင့် ထပျံသွားပါတော့သည်။ ဒါပေမဲ့ အောက်ကို ပြန်ကျလာပါသည်။ ကျွန်တော့်မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားမိသည်။ ဒီတစ်ခါ ပြန်ကျလာသည်က မြေပြင်ပေါ်ကို မဟုတ်ဘဲ မန်ကျည်းပင်ကြီး၏ သစ်ခေါင်းပေါက်အတွင်းသို့ ကျရောက်သွားခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ စိုးရိမ်ပူပန်မှုတို့သည် အဆုံးစွန်အထိ ရောက်ရှိသွားတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုသစ်ခေါင်းပေါက်ထဲတွင် မြွေကြီးတစ်ကောင် ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ထိုမြွေကြီးသည် သူ၏ သစ်ခေါင်းအတွင်းသို့ ဝင်လာသော ငှက်ကလေးများ၊ ပုတ်သင်ညိုကလေးများအား သူ၏ ကိုယ်လုံးနှင့် ရစ်ပတ်ကာ ညို့ယူဖမ်းမျိုတတ်ခြင်းကြောင့် ဖြစ်သည်။ ယခုဆိုလျှင် ထိုသစ်ခေါင်းပေါက်အတွင်းတွင် မြွေကြီး ရှိနေမည်၊ မရှိနေမည်ကို ကျွန်တော် မသိပါ။ မြွေကြီး ရှိမနေပါစေနှင့်ဟု ဆုတောင်းမိလိုက်သည်။ ဒါပေမဲ့ မြွေကြီး မရှိလျှင်ကော ငှက်ကလေးက သစ်ခေါင်းပေါက်ကြီး အတွင်းမှ ပြန်လည် လွတ်မြောက်နိုင်ပါမည်တဲ့လား။ သစ်ခေါင်းပေါက်အတွင်းသို့ နှိုက်ယူရဲလောက်သည့် သတ္တိမျိုးတော့ ကျွန်တော့်တွင် ရှိမနေပါ။

စိုးရိမ်ပူပန်မှုနှင့်အတူ ယှဉ်ကျူးမရသော စိတ်တို့က ကျွန်တော့်ကို လွှမ်းခြုံလာပါသည်။ ကျွန်တော့် မျက်လုံးအိမ်ထဲမှာ မျက်ရည်တို့က ရစ်ဝဲလာကြသည်။ ငှက်ကလေးအတွက် ဝမ်းနည်းကြေကွဲသောစိတ်က ရင်ဝအထိ ထိုးတက်လာတော့သည်။ ကျွန်တော် မည်သို့မျှ ထိန်းချုပ်ထားနိုင်စွမ်း မရှိတော့ဘဲ စိတ်လွတ်ကိုယ်လွတ်ဖြင့်ပင် အော်ဟစ် ငိုယိုဟစ်ခေါ်မိလိုက်တော့သည်။

'အီး…ဟီး…ဟီး…ငှက်ကလေးရေ…ငှက်ကလေးရေ…ငှက်ကလေး…ရေ…'

ကျွန်တော် မည်မျှအထိ ကြာအောင် ငိုနေမိသည်ကို မသိပါ။ ကျွန်တော့်အမေက ကျွန်တော့်ကို ချော့မော့ခေါ်ယူတော့မှသာ ကျွန်တော် အိမ်သို့ ပြန်ရောက်ပါတော့သည်။ ဒါပေမဲ့ ကျွန်တော်၏ အော်ဟစ် ငိုယို ခေါ်ယူနေမှုသည် ပြီးဆုံးသွားခြင်း မရှိပါ။ အမေက မည်သို့ပင် ချော့သော်လည်း ကျွန်တော် အငိုမတိတ်။ အမေက အခြားငှက်ကလေးတစ်ကောင် ဝယ်ပေးမည်ဟု ပြောပါသည်။ သို့သော် ကျွန်တော်က ငှက်ကလေးကို လိုချင်သူမဟုတ်။ ငှက်ကလေးကို သနားနေမိခြင်းသာ ဖြစ်ပါသည်။ ငှက်ကလေးကို ကယ်တင်လိုခြင်းသာ ဖြစ်ပါသည်။ ငှက်ကလေး လွတ်မြောက်သွားသည်ကိုသာ ကြည့်မြင်ချင်သူဖြစ်ပါသည်။

ကျွန်တော်၏ အိပ်မက်တွေထဲအထိ ငှက်ကလေးက ညစဉ်ညတိုင်းလိုလို လိုက်ပါလာပါသည်။ အိပ်မက်ထဲမှာ မြွေကြီးက ငှက်ကလေးကို ရစ်ပတ်ထားပြီး သူ၏ ပါးစပ်ကြီးကို အစွမ်းကုန် ဟဖြဲထားပါသည်။ အစွယ်တွေက တဖွေးဖွေးနှင့် ဖြစ်သည်။ ထိုအိပ်မက်ကို မြင်မက်တိုင်း ကျွန်တော် ယောင်ယော…

အော်ငိုနေမိပါသည်။ …
ယောင်ပြီး ဟစ်အော် …
နေမိပါသည်။

'ငှက်ကလေး…
ငှက်ကလေးရေ…ငှ…
…လေး…ရေ…'

ကျွန်တော် ငယ်…
ဖြစ်ပါသည်။

❑

အချိန်တွေ ကြာ…
ခဲ့ပြီဖြစ်ပါသည်။ ယခု…
ကျွန်တော်သည်ပင် …
ကုမ္ပဏီတစ်ခုမှာ ဝင်…
လုပ်ကိုင်နေပြီဖြစ်…
ကိုယ့်ဝင်ငွေနှင့်ကိုယ် …
မတ်မတ် ရပ်တည်နိုင်…
အချိန်မှာတော့ ကျွ…
ခင်မြတ်မွှန်ကို ချစ်မိနေ…
ပါသည်။ ဒါပေမဲ့ ရုံ…
များတွင် ငှက်က…
သတိရနေမိတတ်သေး…
လည်း မေ့မေ့ပျောက်…
ဖြစ်နေသည်က များပါ…
လုံးဝကြီး မေ့ပျောက်…
ခြင်းတော့ မဟုတ်ပါ။ …
ရေး တစ်ရေး၊ ကိုးရေ…
ရာဟု ပြောရမည် …
သည်။

တစ်ခုသော …
ရာသီကလေးတွင်ဖြစ်…
မထင်မှတ်ပါဘဲနှင့် ကျွ…
အဝေးမြို့သို့ ဆောက်လု…
တာဝန်ဖြင့်သွားရောက် …
ကိုင်ရန် ဖြစ်လာပါ…
ကျွန်တော် မငြင်းနိုင်ခဲ့…
ကျွန်တော်သွားရောက်…
ကိုင်ရမည့် မြို့ကလေး…
ကျွန်တော်တစ်ယောက်…
ပင် ထွက်လာခဲ့ပါ…
မိသားစုနှင့် မခွဲခွာဖူး…
ချစ်သောသူနှင့် မ…
ဖူးသော ကျွန်တော့်အဖို့…



www.burmeseclassic.com

www.burmeseclassic.com

မ်းဆွေးသောဝေဒနာကို တင် ခံစားမိပါတော့သည်။ ကျွန်တော်သွားရမည့် မြို့က လေးက တောင်ပေါ်မြို့က လေး ဖြစ်နေခြင်းကပင် ကျွန်တော်၏ အလွမ်းအဆွေး ဒနာကို ပို၍ တိုးစေခဲ့သည် ဖြစ်ပါ သည်။

ကျွန်တော် အလုပ်လုပ် သောနေရာမှာ ထိုတောင် ပေါ်မြို့ကလေးနှင့် ၈ မိုင်မျှ ဝေးသော မြို့အစွန်နေရာတွင် ဖြစ်ပြီး ထိုနေရာတွင်ကျွန်တော် ၏ ကုမ္ပဏီမှ အဆောက်အဦ ကြီးတစ်ခုဆောက်လုပ်နေခြင်း ဖြစ်ပါသည်။ ထိုဆောက်လုပ် ရေးလုပ်ငန်းတွင် ကျွန်တော် က စာရင်းဇယားများကို ပြုစု ရသူဖြစ်သည်။ လုပ်ငန်းခွင်မှ နေ၍ အဝေးတစ်ခုကို လှမ်း မျှော်ကြည့်လိုက်တိုင်း စိမ်း ညို့ညို့တောင်တန်းကြီးများ ကို မြင်နေရပါသည်။ တစ်ခါ တစ်ရံတွင် ထိုတောင်တန်း ကြီးများက နှင်းမှုန်တို့၏ နောက်တွင် မသဲမကွဲ ရှိနေ တတ်ပြီး တစ်ခါတစ်ရံတွင်မူ စိမ်းမြှင်တိမ်တန်းများက တောင်တန်းကြီးများကို ရစ် ပိုင်းထားတတ်ကြပါသည်။ ချို့သော တောင်ယာတဲ ကလေးများဆီမှ တောင်ယာ မီးခိုးများက တလူလူ လွင့် တက်နေကြသည်။ တောင် ခင်ခြေလျှောနေရာများတွင် တော့ ပန်းနှမ်းဝါဝါ အခင်း များက နေရာယူထားကြပါ သည်။ ထို့ကြောင့် ကျွန်တော် ခင်မြတ်မွန်ကို လွမ်းပါသည်။

ဆောက်လုပ်လျက်ရှိ သော အဆောက်အဦကြီး၏ လှမ်းမကမ်းတွင် ရွာကလေး တစ်ရွာရှိပြီး ထိုရွာကလေး တွင် ငါးရက်တစ်ကြိမ်ဖြစ် သော ငါးရက်ဈေးကလေးရှိ ပါသည်။ ထိုငါးရက်ဈေး ကလေး၏ ဈေးနေ့သို့ ရောက်တိုင်း ကျွန်တော် ဈေး ကလေးကိုသွားဖြစ်ပါသည်။ ကျွန်တော်၏ လုပ်ငန်းခွင်မှ ငါးရက်ဈေးကလေးရှိရာသို့ မြေနီလမ်းကလေးအတိုင်း သွားရပါသည်။ လူလုံးပင် မကွဲသေးသော နံနက်ဝေလီ ဝေလင်း၏ နှင်းမှုန်ထုအောက် တွင် ဈေးကလေးက ရောင်း သူဝယ်သူတို့ဖြင့် စည်ကား လျက်ရှိသည်။ ငါးရက်ဈေး လေးက နံနက် ၉ နာရီ၊ ၁၀ နာရီလောက်မှာ ပြီးဆုံးသွား တတ်စမြဲလည်းဖြစ်ပါသည်။ နံနက် ၈ နာရီထိုးလျှင်တော့ ကျွန်တော် လုပ်ငန်းဝင်ရပါ သည်။

ငါးရက်ဈေးကလေး ထဲတွင် အသားဖြူဖြူ ပါးအို့ နီနီ၊ စကားသံဝဲဝဲဖြင့် ပြော တတ်သော ဈေးသည်ကလေး များ၏ အသံက ညံစာနေ တတ်ပါသည်။ ထိုဈေးက လေးထဲတွင် ရှမ်းထမင်း၊ ရှမ်းခေါက်ဆွဲ၊ ရှမ်းတိုဟူး ဆိုင်ကလေးများ ရှိသကဲ့သို့ လတ်ဆတ်သော ခြံထွက် သီးနှံရောင်းချသည့် ဈေးဆိုင် ကလေးများကလည်း သူ့ နေရာနှင့်သူ နေရာယူထားကြ ပါသည်။ မုန်လာဥ၊ မုန်လာ ထုပ်၊ ခါချက်ဥ၊ ကိုက်လန်၊ ဂေါ်ရခါးသီး၊ အာလူးသီး၊ ပဲတောင့်ရှည်၊ ပိန်းဥ၊ မျှစ် ချဉ်၊ ပဲပုပ်၊ ပဲငါးပိ စသော ဟင်းသီးဟင်းရွက် အသီးအနှံ တွေက စုံလင်လှသည်။

ထိုဈေးဆိုင်တန်းက လေးနှင့် မလှမ်းမကမ်းနေရာ တွင် ထိုဈေးကလေးနှင့် ပတ် သက်သော်လည်း ထိုဈေးက လေးနှင့် မတူသည့် ဆိုင်တစ် ဆိုင် ရှိပါသည်။ ထိုဆိုင်မှာ ကျေးရွာကလေးနှင့်သော် လည်းကောင်း၊ ငါးရက် ဈေးကလေးနှင့်သော်လည်း ကောင်း မည်သို့မျှ မသက် ဆိုင်သော စားသောက်ဆိုင် ကြီး ဖြစ်ပါသည်။ ထိုစား သောက်ဆိုင်ကြီးက မြို့ ကလေးပေါ်မှ လာရောက်ဖွင့် လှစ်ခြင်းဖြစ်ပြီး၊ ဈေးက လေးက နံနက် ၉ နာရီ၊ ၁၀ နာရီတွင် ပြီးဆုံးသွား တတ် ပေမဲ့ စားသောက်ဆိုင်ကြီးက တော့ ည ၈ နာရီ၊ ၉ နာရီ လောက်အထိ ဖွင့်ထားတတ် ပါသည်။ သို့သော် ထိုစား သောက်ဆိုင်ကြီးသည်ပင် လျှင် ဈေးနေ့ကလေး၏ အစည်ကားဆုံးနေရာနှင့် ရောင်းအကောင်းဆုံး ဆိုင် တစ်ဆိုင် ဖြစ်နေပါသည်။

ထိုစားသောက်ဆိုင် ကြီးတွင် လက်ဖက်ရည်၊ ကော်ဖီနှင့် မုန့်ပဲသရေစာများ အပြင် အဖျော်ယမကာမျိုးစုံ လည်း ရှိသည်။ အစား အသောက် မျိုးစုံရှိသည့်အပြင် လိုချင်တာ အကုန်ရနိုင်သော စတိုးဆိုင်ကြီးလည်း ဖြစ်ပါ သည်။ ကျွန်တော်သည် ဈေး နေ့ကလေးသို့ရောက်တိုင်း ထို စားသောက်ဆိုင်ကြီးသို့ ရောက်ဖြစ်ပါသည်။ တစ်ခါ တစ်ရံ ညပိုင်းများတွင်မှာပါ ရောက်ဖြစ်ခဲ့ပါသည်။ ကျွန်တော်၏ အလွမ်းအဆွေး ဝေဒနာကို ဤနည်းဖြင့်ပင် ကုစားခဲ့ပါသည်။ ဤနည်း ဖြင့်ပင် နေသားတကျဖြစ် အောင် ကြိုးစားခဲ့ပါသည်။ ဤနည်းဖြင့်ပင် ခင်မြတ်မွန် ကို လွမ်းသည့်စိတ်အား ဖြေ ဖျောက်ခဲ့ပါသည်။ ဤသို့ဖြင့် ပင် သူမ ဟုသာ ကျွန်တော် သိသော ထိုသူမကို စတင် တွေ့ရှိခဲ့ခြင်းလည်း ဖြစ်ပါ သည်။

❑

တစ်နေ့သော ဈေးနေ့ ကလေး၏ ညပိုင်းတွင်ဖြစ် သည်။ စားသောက်ဆိုင်ကြီး အတွင်းမှာ မီးစက်ဖြင့် ထွန်း ထားသော လျှပ်စစ်မီးရောင် တို့ဖြင့် လင်းထိန်လျက်ရှိပါ သည်။ စားပွဲတိုင်းလိုလိုမှာ ပင် စားသောက်သူများဖြင့် ပြည့်နှက်လျက်ရှိပြီး ဆိုင်ကြီး ၏အတွင်း နောက်နားတွင် အရက်မျိုးစုံ တင်ထားသော ကောင်တာကြီး ရှိပါသည်။ ကောင်တာ၏ နောက် ထိုင်ခုံ အမြင့်ကြီးပေါ်တွင် ဆိုင်ရှင် လား၊ ဆိုင်မန်နေဂျာလား မသိ ရသော အသားနီစပ်စပ်နှင့် လူကြီးတစ်ယောက်က ခံ့ခံ့ ညားညားကြီးထိုင်နေပါသည်။ ထိုလူကြီး၏အနီးတွင် ယို့ယို့ ကလေး ရပ်နေသူမှာ သူမဖြစ် သည်။ ထိုမှစ၍ သူမကို စတင်တွေ့ရှိခြင်းဖြစ်သည်။ အသားဖြူဖြူ၊ ပါးအို့နီနီနှင့် စကားဝဲသော တိုင်းရင်းသူ များကြားတွင် သူမ၏ပုံစံက ထူးထူးခြားခြား ဖြစ်နေပါ သည်။

သူမသည် ဤဆိုင်သို့ လာရောက်စားသုံးသူတစ် ယောက် မဟုတ်သည်က တော့ သေချာပါသည်။ ကျွန်တော် တွေ့မြင်ရစဉ် အချိန်က သူမသည် ကောင် တာ၏နံဘေးတွင် ရပ်နေခြင်း ဖြစ်ပြီး လူကြီးထံမှ အမိန့်

www.burmeseclassic.com

တစ်စုံတစ်ရာကို ငုံ့လင့်နေဟန် ရှိသည်။ ကြောက်ရွံ့နေဟန်လည်း ရှိပါသည်။ ဤဆိုင်သို့ လာရောက်အလုပ်လုပ်ကိုင်နေသူတစ်ယောက်သာ ဖြစ်ပါလိမ့်မည်။ ဒါပေမဲ့ ယောကျ်ားကလေးများချည်းသာရှိသော ဤဆိုင်တွင် သူမက ဘာကြောင့် ဝင်ရောက်လုပ်ကိုင်နေသည်ကိုတော့ မသိပါ။ သူမလည်း စားဖိုမှူးတစ်ယောက် ဖြစ်မည်ထင်ပါသည်။

သူမသည် လည်ကုပ်ပေါ်တွင် ဝဲကျနေသော ဆံပင်များကို သပ်ရပ်စွာ ဖြီးသင်ထားခြင်း မရှိပါ။ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် ကပိုကရိုရှိနေပေမဲ့ ပင်ကိုအလှက ပေါ်လွင်နေပါသည်။ ရုတ်တရက် ကျွန်တော့်အား လှမ်းကြည့်လိုက်သဖြင့် သူမနှင့် ကျွန်တော် အကြည့်ချင်းဆုံ သွားပါသည်။ သူမက ချက်ချင်းပင် ခေါင်းငုံ့ပစ်လိုက်ပါသည်။ သူမက ညှိုးငယ်သောမျက်နှာ၊ အရည်မလဲ့သော မျက်လုံးအကြည့်ကို စတင်တွေ့ရှိလိုက်ရခြင်းလည်း ဖြစ်သည်။ သူမကို ရုတ်တရက် မြင်တွေ့လိုက်ရပြီး ချက်ချင်းဆိုသလို သူမက နောက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။ ထိုတဒင်္ဂမျှ မြင်တွေ့လိုက်ရသည်ကိုပင် ကျွန်တော့်ရင်တွေ လှုပ်ရှားသွားခဲ့ရပါသည်။ ကျွန်တော့်ကို ဖမ်းစားလိုက်သည်က သူမ၏မျက်လုံးအကြည့်ပင် ဖြစ်သည်။ ထိုအကြည့်ကြောင့်ပင် ကျွန်တော် သူမကို စိတ်ဝင်စားသွားမိခြင်းလည်း ဖြစ်သည်။ နောက်ထပ် စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ သူမသည် မြန်မာမိန်းကလေးတစ်ယောက်ဖြစ်နေခြင်းပင် ဖြစ်ပါသည်။

ကျွန်တော်၏ လုပ်ငန်းခွင်မှာ ည ၈ နာရီ ထက်ပို၍ အပြင်ထွက်ခွင့် မရှိပါ။ ကျွန်တော်၏ အဆောင်နေရာသို့ ရီဝေစွာဖြင့်ပင် ပြန်လာခဲ့ပါသည်။ ထိုညက အစားအသောက်များကို ကျွန်တော် မည်သို့စားပြီး၊ မည်သို့သောက်ခဲ့သည်ကိုပင် အမှတ်မရတော့ပါ။ ကျွန်တော် အမှတ်ရနေသည်မှာ သူမကိုသာ ဖြစ်သည်။ သူမ ဘာလဲ၊ ဘယ်လဲ။ ဘာဖြစ်လို့ ဒီလိုနေရာမျိုးကို ရောက်နေရတာတဲ့လဲ။ ဘာဖြစ်လို့ ကျွန်တော့်ကို လှမ်းကြည့်ရတာတဲ့လဲ။ သူမ ဘာကို ပြောချင်နေတာတဲ့လဲ။ ထို လဲပေါင်းများစွာက ကျွန်တော့်ကို ဖိဖိစီးစီး နှိပ်စက်ပါတော့သည်။ သူမကို မြင်တွေ့လိုက်ရသည့်အချိန်က တိုတောင်းလွန်းလှပေမဲ့ ကျွန်တော်၏ အတွေးများကတော့ ရှည်လျားလွန်းလှပါသည်။ သူမကို နောက်ထပ် တွေ့ချင်မြင်ချင်နေသည့်စိတ်ဖြင့်ပင် ရှည်လွန်းသောညများကို ကျွန်တော် ပင်ပန်းကြီးစွာ ဖြတ်ကျော်ခဲ့ရပါသည်။ နောက်တစ်ကြိမ် ဈေးနေ့ကို မရောက်မချင်း သူမက ကျွန်တော့်ကို ကြိမ်ဖန်များစွာ နှိပ်စက်ခဲ့သည်မှာ အိပ်မက်တွေထဲမှာအထိ ဖြစ်သည်။ ကျွန်တော် ကြိတ်မှိတ်စောင့်စားခဲ့ရပါသည်။

❑

ကျွန်တော် ရင်ခုန်လှိုက်မောစွာ စောင့်မျှော်ခဲ့ရသော ဈေးနေ့ကလေးက ရောက်ရှိလာခဲ့ပါသည်။

ကျွန်တော် သူမကို တွေ့မြင်ချင်ဇောဖြင့် နံနက်ပိုင်းကြီးမှာပင် ထိုစားသောက်ဆိုင်ကို အလောတကြီး သွားရောက်ခဲ့ပါသည်။ လက်ဖက်ရည်တစ်ခွက်၊ အီကြာကွေးတစ်ချောင်း၊ ဆေးလိပ်တစ်ပွဲကို မှာလိုက်ပြီး စားသောက်ဆိုင်ကြီးအတွင်းကို အကဲခတ် ကြည့်နေမိလိုက်သည်။ စားသုံးသူများက အရင်ဈေးနေ့များထက်ပင် စည်ကားနေသည်ဟု ထင်ပါသည်။ ကြည့်နေကျ အကြည့်ဖြင့်ပင် သူမ ရှိနိုင်မည့်နေရာကို ကြည့်မိလိုက်သည်။ သို့သော် သူမက ရှိမနေခဲ့ပါ။ စားပွဲထိုးကလေးတစ်ယောက်သာလျှင် ကျွန်တော် မှာထားသော အစားအသောက်များကို လာချပေးခဲ့ပါသည်။ အချိန်ကြာမြင့်သည်အထိ တွေ့မြင်ရနိုးဖြင့် မျှော်လင့်နေမိပေမဲ့ သူမကို တွေ့မြင်ရခြင်း မရှိခဲ့ပါ။ အလုပ်ဝင်ရဦးမည်ဖြစ်သဖြင့် ကျွန်တော် စိတ်ပျက်လက်ပျက်ဖြင့်ပင် ပြန်လာခဲ့ရပါသည်။

သူမ ဘာလဲဆိုတာ ကျွန်တော် မသိပါ။ ထိုမသိသော အကြောင်းအရာကိုပင် သိချင်စိတ်က ကျွန်တော့်ကို နှိပ်စက်ပါတော့သည်။ ဒီဈေးနေ့ကလေးကို ရောက်အောင် ကျွန်တော်မည်မျှအထိ ကြိတ်မှိတ်သည်းခံ စောင့်စားခဲ့ရသည်ဆိုသည်ကို သူမ ... ချင်သည်။ ရင်ခုန်လှိုက်... စွာ ပြေးလာခဲ့ရပြီး ... မည်ဆိုတော့မှ ပန်းတိုင်... ပျောက်ဆုံးနေခြင်းဖြစ်... ဘာများကော တတ်နိုင်... မည်တဲ့လဲ။ လုပ်ငန်းခွင်... မှာ အလုပ်လုပ်နေရ... ကျွန်တော် ပြုလုပ်နေ... စာရင်းဇယားများက ... အယွင်းတွေ များနေ... မကြာခဏဆိုသလို ... နေရခြင်းဖြင့် အချိန်တွေ ... ဆုံးသွားရပါသည်။

❑

ညနေ လုပ်ငန်းသိမ်း... ချိန်တွင် ကျွန်တော် ... သောက်ဆိုင်ကြီးဆီကို ... ရကောင်းနိုး၊ မသွားဘဲ ... ကောင်းနိုးဖြင့် ထွေပြား... သည်။ မသွားတော့ဘူး... ဆုံးဖြတ်လိုက်ပြီး ရေချိုး... စင်ပစ်လိုက်တော့မှ ... လန်းဆန်းသွားပါသ... ဒါပေမဲ့ မှောင်ရီပျိုး... ကလေးမှာပင် ကျွန်တော်... ခြေလှမ်းများက ဆိုင်... ဘက်ဆီသို့ ခြေဦးလှည့်... သား ဖြစ်နေခဲ့ပါသည်။ ... အတိုင်းပင် ထိုင်နေကျ... တွင်ထိုင်ပြီး မှာနေကျ ... အသောက်များကို မှာ... ပါသည်။

လက်ထဲတွင် ကိုင်... သော အရက်ဖန်ခွက်... အဓိပ္ပာယ်မဲ့စွာဖြင့်ပင် ... ပတ်ကြည့်နေမိပြီးမှ ... သောက်ပစ်လိုက်ပါသ... ရီဝေမူးနောက်စွာဖြင့်... နောက်ထပ်တစ်ခွက်က ... လျက်သား ဖြစ်သွားပြ... သည်။ စားပွဲခုံပေါ်တ... သော စားစရာများကို ...



www.burmeseclassic.com

www.burmeseclassic.com

သက်မပါဖြင့်ပင် စားနေ ပြီး၊ ကျွန်တော့် ကိုယ် ကျွန်တော် ဒေါသဖြစ်လာရ ပါသည်။ ဘာမဟုတ်သည့် ...းကလေးတစ်ယောက် အတွက် ဘာကြောင့် စိတ်ဒုက္ခ ...မိရတာတဲ့လဲဟု တွေး ...စဉ်မှာပင် နောက်ထပ် ...က်ဖန်ခွက်တစ်လုံးက ...က်ရှိလာခဲ့သည်။ အရက် ...ခွက်ကို လာချပေးနေသော ...က တုန်ယင်နေသဖြင့် ကျွန်တော် ဖျတ်ခနဲ မော့ ကြည့်လိုက်သည်။

ကျွန်တော့်ရင် 'ဒိန်း…' ...မြည်အောင်ပင် တုန်ခါ သွားရပါသည်။ ထိုလက်ပိုင် ...မှာ သူမ ဖြစ်နေပါသည်။ ...ပေမဲ့ သူမက ဖန်ခွက်ကို ...ပေးပြီး ချက်ချင်းပင် ပြန် ...က်သွားခဲ့သည်။ ကျွန်တော့် ...အဖို့ အံ့အားသင့်ချိန်ကလေး ...င် လုံလောက်စွာ မရရှိခဲ့ ...၊ အံ့အားသင့်မှုနှင့် ဒေါသ ဖြစ်မှုကတစ်ပြိုင်တည်း ...ပေါ်လာပါသည်။

ကျွန်တော် ခေါင်းရှုပ် သွားမိသည်။ စားပွဲခုံပေါ်က ...ခွက်ကို ကောက်ကိုင် ...က်တော့ လုံးခြေထားသော ...ူခေါက်ကလေးက ဖန် ခွက်အနီးမှာ ရှိနေခဲ့သည်။ သူမ ဘာကြောင့် ရေးကြီး ...တ်ပျာ ဖြစ်နေခဲ့သည်ကို ...ခုမှပင် ကျွန်တော် သဘော ...ါက်မိတော့သည်။ သဘော ...ါက်မိသည်နှင့် အမျှ ကျွန်တော်ကိုယ်တိုင် စိတ် ...ပ်ရှားသွားပါသည်။

ယခုမှပင် ပတ်ဝန်း ...ျင်ကို သတိထားရမည့် အသိက ဝင်လာခဲ့သည်။ ...ပ်ရှားသောစိတ်၊ တုန်ယင် သောလက်ဖြင့် စာရွက် ခေါက်ကလေးကို အမြန်ယူ လိုက်ပြီး အဆောတလျင်ဖြင့် ပင် ဖတ်လိုက်မိသည်။ စာကို ဖတ်မိလျှင် ဖတ်မိချင်း ကျွန်တော်၏ ရီဝေမူးနောက် နေမှုအားလုံး လွင့်စဉ်သွားပါ တော့သည်။

'ကျွန်မကို သူတို့ ဖမ်း ထားကြတယ်။ အပြင်မထွက် ရဘူး။ စကားမပြောရဘူး။ နှိပ်စက်ကြတယ်။ ထွက်ပြေး ချင်တယ်။ ကျွန်မကို ကယ် ပါ'

ကျွန်တော့်နှလုံးသား တည့်တည့်ကို အရှိန်အဟုန် ပြင်းသော ကျည်ဆန်တစ် တောင့် ဝင်မှန်သည်ထက်ပင် ဆိုးဝါးနာကျင်စွာ ခံစားလိုက် ရပါသည်။ ကျွန်တော့်ရင် တစ်ပြင်လုံးတုန်ခါသွားတော့ သည်။ မည်သို့မျှမျှော်လင့် မထားသော၊ ထင်မှတ်မထား သော အနေအထားပင် ဖြစ် သည်။ ကျွန်တော်ဘာလုပ် လို့ ဘာကိုင်ရမည်ကို မသိ နိုင်အောင် ဖြစ်သွားပါသည်။ ကောင်တာကြီးဆီကို လှမ်း ကြည့်လိုက်တော့ အသားနီ စပ်စပ် လူကြီး မဟုတ်တော့ ဘဲ အသားနီစပ်စပ်နှင့် ဆံပင် တွေ တွန့်လိမ်ကောက်ကွေး နေသော မိန်းမကြီးတစ် ယောက် ထိုင်နေသည်ကို တွေ့လိုက်ရပါသည်။ လူကြီး နှင့် မိန်းမကြီးတို့အချိန် အပြောင်းမှာ အလစ် ထွက် လာလိုက်ဟန် တူပါသည်။ မည်မျှ စွန့်စားလိုက်ရမည် လဲဟု တွေးမိလိုက်သည်။

'ဘုရား ဘုရား သူတို့ အားလုံး မရိပ်မိကြပါစေနဲ့' ဟု ကျိတ်ပြီး ဆုတောင်းမိ လိုက်သည်။ မလုံမလဲသော စိတ်ဖြင့် ဆိုင်အတွင်းကို ဝေ့ဝဲ ကြည့်မိလိုက်သည်။ ဆိုင် အတွင်းမှလူများက ကျွန်တော် ၏အနေအထားကို မသိရှိ ကြပါ။ ကျွန်တော်ကလည်း ဆိုင်အတွင်းမှ လူများကို မသိ။ ကျွန်တော့်ရင်တွေ တဒိန်းဒိန်းခုန်လာပါသည်။ စိုးရိမ်မှု၊ ထိတ်လန့်မှု၊ အံ့ဩ မှု၊ တုန်လှုပ်မှုတွေက တစ် ပြိုင်တည်းလိုလို ဝင်ရောက် လာခဲ့သည်။ ကျွန်တော်ပင် ယခုလောက် ဖြစ်နေမည်ဆို လျှင် သူမအဖို့ မည်သို့နေမည် မသိ။ ဒီစာကလေးပေးဖို့ အတွက် သူမ ဘယ်လောက် အထိ စွန့်စွန့်စားစား ကြိုးစား ခဲ့ရမည်ကို ကျွန်တော် နား လည်မိလိုက်သည်။

'လူကုန်ကူးမှု'

ရုတ်တရက် ဝင်ရောက် လာသောအသိက ကျွန်တော့် ဦးခေါင်းကြီးတစ်ခုလုံး အတိုင်းအဆမရှိ ကြီးမား သွားသည်ဟု ထင်လိုက်မိ သည်။ သတင်းစာ၊ ဂျာနယ်၊ စာစောင်များတွင် အကြိမ် ကြိမ်ဖတ်ခဲ့မိစဉ်က ယခု လောက် မတုန်လှုပ်မိခဲ့။ ယခု ဒီအဖြစ်အပျက်က ကျွန်တော် နှင့် ထိပ်တိုက်တိုးလာပြီ ဆိုတော့ ထူပူသွားခဲ့သည် မှာ အမှန်ပင်ဖြစ်သည်။ ကျွန်တော် ဦးနှောက်ကို တရ စပ်ပင် အလုပ်ပေးမိလိုက် သည်။ မည်သူ့ကို အကူအညီ တောင်းရမည်လဲ။ ဒီမြို့က လေးမှာ ကျွန်တော်နှင့်သိသူ ဟူ၍ တစ်ယောက်မျှ မရှိ။ သက်ဆိုင်ရာကို ဆက်သွယ် ဖို့ ဆိုတာက ကျွန်တော့်မှာ …။

ကျွန်တော် နာရီကို အလျင်စလို ကြည့်လိုက် သည်။ ၇ နာရီကျော်ကျော် ပဲ ရှိသေးသည်။ ဒီအချိန်မှာ ကျွန်တော်၏ဆရာက မြို့ထဲ ကို မပြန်လောက်သေး။ အချိန်မီနိုင်သေးသည်။ ကျွန်တော် စားပွဲထိုးကလေး ကို ခေါ်ပြီး ကျသင့်ငွေကို ရှင်းလိုက်သည်။ ပြီးတော့ ကျွန်တော့်ဆရာရှိရာကို အမြန်ပင် သွားလိုက်တော့ သည်။

❑

ကံအားလျော်စွာပင် ကျွန်တော် ဆရာနှင့် တွေ့ပါ သည်။ အခြေအနေအားလုံး ကို အလောတကြီး ရှင်းပြ လိုက်ပြီး သူမပေးလိုက်သော စာရွက်ခေါက်ကလေးကိုပါ ဆရာ့ထံ အပ်လိုက်သည်။ ဆရာ့မျက်လုံးတွေ ပြူး ကျယ်သွားပြီး-

'ဒီကိစ္စက အမြန်ဆုံး ဆောင်ရွက်မှ ဖြစ်မှာလေ။ ဒါပေမဲ့ မင်းထင်သလို ရောင်းစားခံရတာမျိုး၊ လူကုန် ကူးခံရတာမျိုး ဟုတ်မဟုတ် ဆိုတာကတော့ သေချာစုံစမ်း ရဦးမှာပေါ့။ နောက်ပြီး ဒီကိစ္စ မျိုးဆိုတာက…'

ထိုစဉ်မှာပင် ဆရာ၏ ဟန်းဖုန်းက အသံမြည်လာ ပါသည်။

'ဟဲလို'

'…'

'ဟုတ်ပါတယ်။ ဟုတ် ကဲ့ ပြောပါ'

'…'

'ခင်ဗျာ…'

'…'

'ဟုတ်ကဲ့ပါ။ ဟုတ်ကဲ့ ပါ။ အခုချက်ချင်း လွှတ်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါ့မယ်'

ဆရာက ဖုန်းကိုပိတ်လိုက်ပြီး သူ၏ အနွေးထည် အိတ်ကပ်ထဲမှ လက်ကိုင်ပဝါဖြင့် မျက်နှာကို ပွတ်ချလိုက်ပါသည်။ ပြီးတော့ ကျွန်တော့်ကို သေချာစိုက်ကြည့်ပြီး-

'ပြောရမှာတော့ စိတ်မကောင်းဘူးကွာ'

သူမ၏ ပြဿနာက ဒီအထိအောင်ပင် လိုက်လာခဲ့ပြီလားဟုတွေးမိလိုက်သည်။

'ဟုတ်ကဲ့ ပြောပါဆရာ'

ဆရာက သက်ပြင်းကြီးကိုချလိုက်ပြီး လေးလေးပင်ပင်ကြီးနှင့် ပြောပါသည်။

'ရုံးချုပ်က မင်းတင်လိုက်တဲ့ စာရင်းဇယားတွေ မှားနေလို့ အခုချက်ချင်း လာပြင်လှည့်ပါတဲ့'

'ခင်ဗျာ'

ကျွန်တော် ဘာလုပ်လို့ ဘာကိုင်ရမည်ဆိုသည်ကို မသိလောက်နိုင်အောင်ပင် ဖြစ်သွားရပါသည်။

'မင်း ယူစရာ ရှိတာကို မြန်မြန်ယူပြီး ငါ့ကားနဲ့ မြို့ထဲကို လိုက်ခဲ့ပေါ့ကွာ။ မြို့ထဲရောက်မှ ကားတစ်စီးအော်ဒါငှားပြီး ရုံးချုပ်ကို သွားပေါ့။ လောလောဆယ် မင်းကိစ္စက အရေးကြီးတယ်လေ။ ဟိုကောင်မလေးကိစ္စကိုလည်း သက်ဆိုင်ရာကို အကြောင်းကြားပြီး ချက်ချင်းဆောင်ရွက်သွားမှာပါ။ ဒီကိစ္စကို မင်းခေါင်းထဲ ထည့်မထားနဲ့ဦး။ အားလုံး အဆင်ပြေသွားမှာပါ။ စာရင်းတွေကိုသာ ပြီးအောင်လုပ်ခဲ့။ ဟုတ်ပလား'

ကျွန်တော် ငူငူကြီးဖြစ်သွားပြီး ဆရာ့ကို ငေးကြောင်ပြီး ရပ်ကြည့်နေလိုက်မိပါသည်။ ဆရာက ကျွန်တော့်ပခုံးကို ပုတ်လိုက်ပြီး-

'ဟကောင် ဘာကြောင်ကြည့်နေတာလဲ။ အချိန်မရှိဘူး။ မြန်မြန်လုပ်'

❑

အကွေ့အကောက်များသော တောင်ပေါ်လမ်းကလေးမှာ ကားကလေးက မြွေတစ်စင်း ပစ်ခွင်းလိုက်သလို လျင်မြန်စွာ ပြေးလွှားလျက်ရှိပါသည်။ ကားမီးရောင်ဖြင့် မြင်တွေ့နေရသော မြွေလိမ်မြွေကောက်လမ်းများက ကျွန်တော့်ခေါင်းကြီး တစ်ခုလုံးကို ပိုမို မူးနောက်စေပါသည်။ တောင်ပေါ်မြို့ကလေးမှ မြေပြန့်တွင်ရှိသော ရုံးချုပ်သို့ရောက်အောင် တစ်ညလုံးစီးရမည်။ နံနက် ၄ နာရီလောက်မှာမှ ရောက်နိုင်တော့မည် ဖြစ်ပါသည်။

'ဘုရား ဘုရား။ အားလုံး အဆင်ပြေပါစေ'

ကားကလေးထဲမှာ ကျွန်တော်နှင့် ကားဆရာ နှစ်ယောက်တည်းသာ ရှိသည်။ ကားကလေး၏ အပြင်ဘက်ကို ကြည့်မိလိုက်သည်။ ပတ်ဝန်းကျင် တစ်ခုလုံး မည်းမှောင်လျက် ရှိသည်။ အမှောင်။ အမှောင်ထဲမှာ။ ဟုတ်သည် ဒီလို အမှောင်မျိုးထဲမှာ သူမ မည်သို့ နေရှာပါမည်လဲ။ သူမ သိပ်ပြီး ကြောက်လန့်နေမည်ဖြစ်ပါသည်။ ဒီအမှောင်ထုထဲကနေ သူမ လွတ်ရော လွတ်မြောက်နိုင်ပါ့မလား။ ကျွန်တော့် မျက်လုံးအိမ်ထဲမှာ မျက်ရည်တို့က ရစ်ဝဲလာကြသည်။

ဒီလို ပူပန်ရမှု၊ ဒီလို စိုးရိမ်ကြောင့်ကြမှုမျိုး ကျွန်တော် ပူပန်ခဲ့ဖူးသည်၊ ကျွန်တော် စိုးရိမ်ကြောင့်ကြခဲ့ဖူးပါသည်။ ဒီတုန်းကလည်း ကျွန်တော် ငိုခဲ့ရသည်။ ကျွန်တော် ငယ်စဉ်က ဖြစ်ပါသည်။

❑

ကျွန်တော် ငယ်စဉ်က အတောင်ကျိုးနေသော ငှက်ကလေးတစ်ကောင်ကို တွေ့ခဲ့ဖူးပါသည်။

ငှက်ကလေးက အတော်ကလေးပင် ကြောက်လန့်နေပြီး အဝေးသို့ ပျံသန်းနိုင်ခြင်း မရှိတော့ဘဲ ခုန်ဆွခုန်ဆွဖြင့် သူ့အတွက် လုံခြုံမည့်နေရာကို ရှာဖွေနေဟန် ရှိသည်။ အသွေးအရောင်စုံပြီး မျက်လုံးပြူးပြူးဝိုင်းဝိုင်းကလေးနှင့် အတောင်ကျိုးနေသော ငှက်ကလေးကို ကြည့်ပြီး ကျွန်တော် သနားသွားမိသည်။ ကျွန်တော် ငှက်ကလေးကို လိုက်ဖမ်းခဲ့ပါသည်။

ငှက်ကလေးက သစ်ခေါင်းအတွင်းကို ကျသွားခဲ့သည်။

ကျွန်တော်၏ စိုးရိမ်ပူပန်မှုတို့သည် အဆုံးစွန်အထိ ရောက်သွားခဲ့ပြီဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုသစ်ခေါင်းပေါက်ထဲတွင် မြွေကြီးတစ်ကောင် ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ ထိုမြွေကြီးသည် သူ၏ သစ်ခေါင်းအတွင်းသို့ ဝင်လာသော ငှက်ကလေးများ၊ ပုတ်သင်ညို

ကလေးများအား သူ၏
လုံးနှင့် ရစ်ပတ်ကာ
ဖမ်းမျိုတတ်ခြင်းကြော
သည်။ ယခုဆိုလျှင်
ခေါင်းပေါက်အတွင်း
မြွေကြီး ရှိနေမည်၊
မည်ကို ကျွန်တော် မသိ
မြွေကြီး မရှိပါစေနှင့်ဟု
တောင်းမိလိုက်သည်၊
မဲ့ မြွေကြီးမရှိလျှင်ကော
ကလေးက သစ်ခေါင်း
ကြီးအတွင်းမှ ပြန်လည်
မြောက်နိုင်ပါမည်တဲ့
သစ်ခေါင်းပေါက်အတွင်း
နှိုက်ယူရဲလောက်သည့်
မျိုး ကျွန်တော့်တွင်
ခဲ့ပါ။

❑

စိုးရိမ်ပူပန်မှုနှင့်
ယူကျုံးမရသော စိတ်
ကျွန်တော့်ကို လွှမ်းခြုံ
သည်။ ကျွန်တော့် မျက်
အိမ်ထဲမှာ မျက်ရည်တို့
ရစ်ဝဲလာကြသည်။ ဒီ
ရည်က ငှက်ကလေးအတွ
လား၊ သူမအတွက်
ကျွန်တော် မသိတော့၊
ကျုံးမရ ဖြစ်ရသောစိ
ဝမ်းနည်းကြေကွဲရသော
တို့က ရင်ဝအထိ ထိုး
လာခဲ့သည်။ ကျွန်
မည်သို့မျှ ထိန်းချုပ်ထား
စွမ်း မရှိတော့။ ထိန်းလည်
ထိန်းမထားချင်တော့။
လွတ်ကိုယ်လွတ်ဖြင့်ပင်
ဟစ် ငိုယိုဟစ်ခေါ်မိလို
တော့သည်။

'ငှက်ကလေးရေ-
ငှက်ကလေးရေ…ငှက်
လေး…ရေ…'

■

ကျော်ညီ
၊ကျော



www.burmeseclassic.com

www.burmeseclassic.com

ကျော် မဟာဒွိတိုင်းရင်းဆေး (ထုတ်လုပ်ရေး) မြစ်ပွားနာ ရင်သား၊ သားအိမ်၊ ဆီးကျိတ်၊
င်း အကျိတ်အဖုများအတွက် နာစည်ကျော် တပင်တိုင်မြနန်းအနီ၊ နေ့ဆေး ညဆေး
တွဲနှင့် ထူးထူးခြားခြား ဆေးစွမ်းကောင်းများ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၀၁၁ YR၃၇၀၉

မဟာဒွိဆေး ဆရာကျော် ဆေးသုံးမျိုးတွဲ ကြိုတင်ကာကွယ် သောက်သုံးပါ။



မခံမရပ်နိုင်အောင်နာကျင်ကိုက်ခဲ ကျောက်ရင်းနာများ လေဘက်နာ၊
ကိုးလပြီး လေပြွတ်လေငန်း၊ ကိုယ်တစ်ခြမ်းသေခြင်းများနှင့်
ဝမ်းကိုက်လက်ကြောတက်ခြင်းများ ဖြစ်နေလျှင်

မဟာဒွိဆေး ဒူလေဆေး၊ လိမ်းဆေး
အထူးထုတ်

ချိုရေ ... ဘိုးဘိုး"
ပါလား မတွေ့တာတောင်ကြာပြီနော်"
ဆို သမီးရဲ့ဖေဖေမှာ အဖုအကျိတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့
စ စိတ်တွေပူနေကြတယ်"
အကျိတ်တွေထွက်တိုင်း စိတ်မပူပါနဲ့ကွယ်၊ အဖုအကျိတ် မြစ်
ဆေး မဟာဒွိဆေးတိုက်မှာရှိတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ့

ည်း ဖေဖေ့ကိုခေါ်ပြီး မဟာဒွိဆေးတိုက်သို့သွားရာ ထိုဆေး
ရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ဌေးကြည်တို့ကို တွေ့
ဆရာကြီး ဆရာကျော်သည် ဖေဖေ့ကို သေချာစွာကြည့်ရှုပြီး
များပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ "ဒီဆေးက
အကျိတ် မြစ်ပွားနာ၊ သားအိမ်အလုံး ရင်သားအကျိတ်အနာဆို
က်ခြကြီးများ၊ ကိုယ်တွင်းနာများကို အနိုင်ဆုံးဖြစ်တဲ့ တပင်
ဆေးပင်ဆေးဥ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ်
င်တိုင်မြနန်းဆေးပင်ဟာ အဖြူ အနီနှစ်မျိုးရှိတဲ့အနက် အနီ
ဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကိုပင်
ကြောင်း ကျန်းမာရေးဌာနကထုတ်တဲ့ "လက်တွေ့အသုံးချ
ပင်များ"မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကျိတ်အနာ
လိမ်းပေးရုံနဲ့ ပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖု
နာ ဝေဒနာရှင်တွေဟာ တပင်တိုင်မြနန်းအနီဆေးနဲ့အတူ
ဆေးတိုက်ကထုတ်လုပ်တဲ့ ရုပ်လုံးသွေးသန့်ဆေးအေး၊ ဝမ်းပျော့
လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင်
င်း ထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း
မှမယ်"
ကို ဘာကြောင့်ထိရောက်သလဲဆိုတာ ရှင်းပြပေးပါဆရာကြီး

ိုင်မြနန်းက အဖုအကျိတ်အနာကို ချေဖျက်ပေးတယ်၊ အနီး
တယ်။ ရုပ်လုံးသွေးသန့်ဆေးအေးက သွေးသားကို သန့်စင်
ကိုယ်အပူအအေးကို ထိန်းညှိပေးတယ်။ ဝမ်းပျော့အကြောပြေ
(မလ)အညစ်အကြေးတွေဖြစ်တဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ်၊
ကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။
ကို အဖုအကျိတ် မြစ်ပွားနာ မဖြစ်ရလေအောင် ကာကွယ်ဆေး
နှမျိုဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် မှီဝဲသုံးဆောင်ပေးနိုင်ရန်
ပါပဲ။ မြစ်ပွားနာအဖုအကျိတ်အပြင် နှလုံးလေဖက်နာရောဂါ၊
နှလုံးရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊ လိပ်ခေါင်း၊ အသည်း
ရောဂါ၊ ဆီးချိုရောဂါ အမျိုးမျိုးကိုလည်း ကုသပေးနေပါတယ်။

"မဟာဒွိဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်"

"ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်မြနန်းအနီစစ်စစ် ဆေးပြား၊ လတ်ဆတ်တဲ့ ဆေးနီဥစစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှပနုပျိုစေတဲ့ သီရိဝဏ္ဏရုပ်လှ သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျော့အကြောပြေ အဆီကျပြီး လေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျော့အကြောပြေလေဆေး အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရှုဆေး (Roll On) သွေးတိုးကိုသာ ကျစေပြီး သွေးပေါင်ထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ ဝမ်းလျှောဝမ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး နှလုံးအားတိုးဆေး၊ မျက်စိကြည်ဆေး၊ ရှားပါးသစ်ခေါင်းပျားရည်၊ ရှီးမပျားရည်၊ ရခိုင်ပန်းမြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါတယ်။

"သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး"

ပင်ရင်းဆိုင်ကတော့ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း၊ ရန်ရှင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟာဒွိဆေးတိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးဖြန့်ချိရေး ဦးမြင့်ဆွေနှင့်သားများ။ သိမ်ကြီးဈေး၊ City Mart ရန်ကုန်-မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန်မြန်မာဆေးဆိုင်၊ လှထုမေတ္တာဆေးဆိုင် ၂၄ လမ်း၊ သိမ်ကြီးဈေး၊ ကိုဝင်းမြင့်၊ မဘောဇီ ၁၅ လမ်း၊ ရွှေညာသားဆေးဆိုင်တို့မှ အဓိကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်မြန်မာဆေးဆိုင်၊ လှထုမေတ္တာဆေးဆိုင်၊ ကိုလှမိုးဆေးဆိုင်၊ စိန်စိန်မြန်မာ ၁၃ လမ်း၊ စေတနာဆေးဆိုင်၊ စုပါဝမ်းကုန်တိုက်၊ စိန်ဂေ ဟာစုပါစင်တာ၊ ဗစ်တိုးရီးယားကုန်တိုက်၊ ရွှေဘုံသာလမ်း ကိုမောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ(ဦးလှမြင့်)၊ ရွှေမိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည်စတိုး၊ အောင်ရတနာဆေးဆိုင်၊ ဈေးချိုမှာရှိတဲ့ ပင်မ ဆေးဆိုင်၊ မတူးမစူးဆေးဆိုင်၊ မြင်ဦးလွင်နာရီဆိုင်အနီး အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကေရာဇ်၊ မြစ်ကြီးနားမှာ တစ်ဦးတည်းကိုယ်စားလှယ် ဆရာရန်နိုင်ဘုန်းမြင့်ဆေးကုခန်း၊ ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘဌေး၊ မိုးခွားလေးဆေးဆိုင်၊ ရွှေစွန်ညို၊ ရွှေစီးကွက်၊ အေး ချမ်းဆေးဆိုင်၊ ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရင်တော့ ဖုန်း-၅၅၃၃၃၃ ကို ဆက်သွယ်၍ မေတ္တာဖြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။


ဆရာကျော် မဟာဒွိတိုင်းရင်းဆေးထုတ်လုပ်ရေး ၂၀၁/၃၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်။
ဖုန်း ၀၁- ၅၅၇၁၃၇

www.burmeseclassic.com

www.burmeseclassic.com

# ပန်းဥ

ယဉ်ယဉ်ဦး
(မန္တလေး)



'မောင်ရင်လေး အမှိုက်ထည့်မှာလား' ကျွန်တော်တို့ရပ်ကွက်ရဲ့ အမှိုက်ပစ်၊ အမှိုက်သိမ်းစနစ်က ဆန်းကြယ်လှပါသည်။ မြို့ဧရိယာအတွင်း ကွင်းကွင်းကွက်ကွက် တည်ရှိကာ ရပ်ကွက်ကြီးတစ်ခု အနေဖြင့် သတ်သတ်မှတ်မှတ် ရှိသော်လည်း စည်ပင်သာယာမှ အမှိုက်ကား တစ်ခါမှ မလာဖူးပါ။ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်ဟူ၍ မကြားဖူးပါ။ အမှိုက်ပစ်ရန်အတွက် လူနေအိမ်ခြေလွတ်သော နေရာများတွင် အမှိုက်ပုံကြီးများက ဟည်းထနေပြီး၊ အမှိုက်ပုံ အတော်လေးမြင့်လာလျှင် မြေ ထော်လာဂျီလေး၊ ငါးစီး ဖို့ပြီးသည်နှင့် ထိုမြေက အကွက် ရိုက်ရောင်းရန် အဆင်သင့် ဖြစ်နေပြီး၊ ဝယ်မည့်သူများက တန်းစီနေလေ့ရှိပါသည်။ တချို့က ဆာလာအိတ်များနှင့် အမှိုက်ထည့်၊ ဆိုင်ကယ်နှင့် မသိမသာတင်သွားပြီး၊ ရပ်ကွက်ကိုဖြတ်စီးနေသည့် အထင်ကရ

'ဦးလေး ပန်းတစ်ပွေ့ လောက်' ဟု လာတောင်းသော ရပ်ကွက်သူများက ပန်းသာ မက်မောပြီး ပန်းနှင့်အတူ ပါလာသည့် ကိုင်းကြီးများ အရွက်များကို မမက်မောကြပေ



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ဇန်နဝါရီ ရွှေအမြုတေ

www.burmeseclassic.com

www.burmeseclassic.com

ရေဆိုးမြောင်းကြီးထဲသို့ လူသူကင်းရှင်းချိန်တွင် ကိုယ်နှင့်မဆိုင်သလို ဟန်ဆောင်၍ ပစ်ကြပါသည်။ အိမ်မွေးတိရစ္ဆာန်၊ ခွေးတို့ ကြောင်တို့ သေလျှင်လည်း ထိုနည်းအတိုင်း ခပ်တည်တည် ပစ်တတ်ကြသည်။ ယခုတော့ အမှိုက်ပစ်စရာ နေရာလွတ်မရှိအောင် အိမ်တွေနှင့် ပြည့်နေပြီ။ ရေဆိုးမြောင်းကြီးမှာလည်း ပြုပြင်ရေးစီမံကိန်းတွေ ဝင်နေ၍ပစ်မရ။ ဒီတော့ ပုဂ္ဂလိက အမှိုက်လှည်းလေးများကနေရာယူလာကြသည်။ အမှိုက်ပုံးအရွယ်တော် တစ်ပုံးကိုနှစ်ရာခန့်ဖြင့် ကိုယ့်အမှိုက်ကို ပိုက်ဆံပေး၍ ပစ်နေကြရသည်။ စည်ပင်သာယာကို ပေးရသည့် အမှိုက်ခွန်ပြေစာကတော့ တိုင်မှာ ချိတ်ထားသည့် သံချောင်းတွင် တွဲလွဲခိုရင်း အိပ်ပျော်နေသည်။

'မောင်ရင်လေး ပိတောက်ပင်က အမှိုက်တွေ အပုံလိုက်ကြီး ဖြစ်နေတယ်၊ အဲဒါတွေရော ရှင်းမှာလား'

ကျွန်တော် စဉ်းစားကြည့်သည်။ အိမ်က အမှိုက်မီးဖိုချောင်အမှိုက်က တောင်းတစ်လုံးဆိုတော့ နှစ်ရာ၊ ဒီဦးကြီးက ကျွန်တော်တို့ ပိတောက်ပင်က အမှိုက်ကို ဘယ်လောက်တောင်းမှန်းမသိ။ ပိတောက်ပင်ကလည်း သင်္ကြန်တန်းက အပွင့်ပါသည့် ကိုင်းတွေ ခုတ်ကြပြီး၊ အပွင့်တွေ ချိုးယူသွားကာ အရွက်တွေ အပင်အောက်မှာ ပစ်ခဲ့ကြလို့ အမှိုက်တွေက ပုံနေသည်။ ကျွန်တော်တို့ကလည်း ပိတောက်ပင်ပွင့်သမျှ တစ်ရပ်ကွက်လုံး အလကား

> မြို့ဧရိယာ
> အတွင်း
> ကွင်းကွင်း
> ကွက်ကွက်
> တည်ရှိကာ
> ရပ်ကွက်ကြီး
> တစ်ခုအနေဖြင့်
> သတ်သတ်
> မှတ်မှတ်
> ရှိသော်လည်း
> စည်ပင်သာယာမှ
> အမှိုက်ကား
> တစ်ခါမှ
> မလာဖူးပါ
> ခေါင်းလောင်းတီး
> အမှိုက်သိမ်းစနစ်
> ဟူ၍
> မကြားဖူးပါ

ဝေတော့ လူတိုင်း လာတက်ကြသည်။ ကျွန်တော်တို့က ကိုယ့်အပင်က ပန်းနှင့် တစ်ရပ်ကွက်လုံး နှစ်ဦးကုသိုလ်ဟု သဘောထားနိုင်ကြပေမဲ့ 'ဦးလေး ပန်းတစ်ပွေ့လောက်' ဟု လာတောင်းသော ရပ်ကွက်သူများက ပန်းသာ မက်မောပြီး၊ ပန်းနှင့်အတူ ပါလာသည့် ကိုင်းကြီးများ၊ အရွက်များကို မမက်မောကြပေ။ ပိတောက်ပန်း တစ်ရက်ပွင့်ပြီးသည်နှင့် အိမ်ရှေ့မှာ အမှိုက်တွေ အပုံလိုက် ကျန်ခဲ့မြဲဖြစ်သည်။ ဒါပေမဲ့ ကျွန်တော်တို့ မမှုပါ။ နှစ်တိုင်း ပျော်ပျော်ရွှင်ရွှင် ပန်းလှူမြဲ၊ အမှိုက်ရှင်းရမြဲ ဖြစ်သည်မှာ နှစ်စဉ်အလုပ်ပင် ဖြစ်ပါသည်။

'အဲ ပိတောက်မှိုက်တွေပါ ပစ်ရင် ဘယ်လောက်ပေးရမလဲ'

ဦးကြီးက ပိတောက်အမှိုက်ပုံကို ကြည့်သည်။ ခဏ စဉ်းစားသလိုလုပ်နေပြီး ကျွန်တော့်ကို အားနာပါးနာ ပြန်ကြည့်ရင်း အသံတိုးတိုးဖြင့်–

'ငါးရာတော့ ပေးရမယ်ကွယ်'

'ငါးရာ ပေးမယ်၊ ပေးမယ် ဦးကြီး'

တော်လှချည့် လား။ စိတ်ထဲမှာ တစ်ထောင်လောက်တောင်းမယ် အောက်မေ့နေတာ၊ အခုတော့ ထက်ဝက်ကြီး သက်သာနေသည်။ ကျွန်တော်တို့ အရပ်ထဲကိုလာနေကျ မပိန် အမှိုက်လှည်းဆိုရင် မရ။ ပိတောက်မှိုက်အပုံကြီးလောက်ကို ထောင့်ငါးရာလောက်က စတောင်းပြီး၊ ကျွန်တော်တို့ ဆစ်တာနှင့် တစ်ထောင်လောက်နှင့် ဈေးတည့်လေ့ရှိတာ။ ယခု ဦးကြီးကတော့ ငါးရာသာ တောင်းသည်။ ကျွန်တော် အိမ်ထဲဝင်ပြီး ပိုက်ဆံယူ ပြန်ထွက်လာတော့ ပိတောက်မှိုက်တွေ တစ်စမကျန် ပြောင်ရှင်းနေပြီ။ အမှိုက်စုသည့်နေရာက မောက်နေသည့်မြေကိုလည်း ဖြေပြီး ပိတောက်ပင်အောက်မှာ မညီမညာ အဖုအထစ်မရှိ ပြေပြစ်နေအောင် အသားပြားလေးနှင့် မြေညှိနေသော ဦးကြီးကို တွေ့ရသည်။

'ရော့ ဦးကြီး၊ ဦးကြီးက တော်တော်စေတနာ[...] လုပ်ပေးတာပဲ၊ ကျေးဇူး[...] ပါတယ်ဗျာ'

ဦးကြီးလှည်း [...] သွားတော့ ဒီဘက်အိမ်[...] ဗာဒံပင်အောက်မျက်[...] ရောက်သွားသည်။ [...] မိုးကြီးလို့ ဗာဒံကိုင်း [...] တာကြောင့် အိမ်ရှင်က [...] အမှိုက်လှည်းကိုခေါ်ပြီး [...] ကျိုးတွေ တင်သွ[...] အမှိုက်လေးလည်း ရှင်း[...] ပါဟုဆိုပြီး တစ်ထောင်[...] တစ်ရွက် ထုတ်ပေးသ[...] မပိန် ဘာလုပ်တယ်[...] သလဲ။ ဗာဒံကိုင်းနှစ်ကို[...] အရင်းက ဆွဲမပြီး လှည်[...] တင်ကာ ထွက်သွားသ[...] ကိုင်းဆွဲမစဉ် အရွက်[...] ကြွေကျတာလည်း မ[...] ဗာဒံပင်အောက်က အ[...] ကလည်း ဒီအတိုင်း။ [...] ဆပ်ပြာမှုန့် အခွံတွေ[...] ထဲလွင့်နေတာ အိမ်[...] လိုက်ကောက်ပြီး 'အ[...] ပဲ၊ အလကားပဲ' ဟု [...] တွတ် ရေရွတ်နေသည်[...] သတိရမိသည်။

ထိုစဉ် ဒုန်း [...] အသံ လမ်းထိပ်က [...] အလန့်တကြားလှမ်း[...] တော့ ကျွန်တော့်အိမ်[...] လှည့်သွားသော ဦး[...] အမှိုက်တွန်းလှည်းနှင့် [...] ထဲဝင်လာသော မပိန် [...] တွန်းလှည်းတို့ တိုက်[...] သော အသံဖြစ်သည်။ [...] ဘုရား ဆိုင်ကယ်ချင်း [...] ချင်းမဟုတ်ဘဲ အမှိုက်[...] လှည်းချင်း တိုက်ကြ[...] အံ့သြလိုက်တာဟု လှမ်း[...] မိစဉ်–

'ဖြုတ် ဖြုတ်[...]



www.burmeseclassic.com

www.burmeseclassic.com

...င် ဖြုတ် တော် တမင် ...တာမလား'

မပိန်၏ စွာလောင် စွာ ...င် အသံစူးစူးက ဟိန်း ...လာသည်။

'ငါ တမင်လုပ်တာ ...တ်ပါဘူးဟယ်၊ နင့် ...လာတာမြင်လို့ ငါကွေ့ ...ရှောင်ပေးတာ အသိသာ ... နင် ပွတ်ဆွဲပြီး လိုက် ...တာ'

'တိုက်တယ်လေ၊ တိုက် ... ဘာဖြစ်လဲ တော် ဘာ ...ချင်လဲ၊ ဒီမယ် ကျုပ် ဒီ ...ကွက်ကို အမှိုက်သိမ်းလာ ... အို သေတော့မယ်၊ ...က အခု ကျုပ်ခွင်ကို ဝင် ...း ရှုပ်တယ်၊ ဈေးလည်း ...ရောင်းတယ်၊ ဒါ ...င့် တိုက်ပစ်တာ၊ ကဲ'

'ဟ ငါက ဈေးလျှော့ ...င်းဘူး၊ အမှိုက်ကြည့် ... ဘန်သလောက်ပဲ ယူတာ'

'ဒီအရပ်က ကျုပ်အရပ် ကျုပ်တောင်းသလောက်ရတယ်၊ တော်ရှုပ်လို့'

မပိန်က အော်ရင်း ဟစ်ရင်း အမှိုက်လှည်းကို တရောင်းရောင်းမြည်အောင် ဆွဲလှုပ်ပြီး၊ လှည်းချင်းငြိနေသည်ကို ဖြုတ်သည်။ ငွေကိုသာ အတင်းတောင်းပြီး၊ လှည်းကို တစ်စက်မှ မပြုပြင်သော သူ့ဉာဉ်ကြောင့် မပိန်လှည်းမှာ ဘေးသံဆန်ခါတွေ ပြုတ်ထွက်ကာ ဦးကြီးလှည်းနှင့် ငြိနေခြင်းဖြစ်သည်၊ ရပ်ကွက်ထဲက လူတွေက ဝိုင်းလာကြပြီး ကူညီပေမဲ့ လှည်းချင်းက မပြုတ်၊ နောက်ဆုံး အတင်း ဆောင့်ခါလိုက်မှ မပိန်လှည်း ဘေးသံဆန်ခါ အချပ်လိုက် ပြုတ်ကာ အမှိုက်တွေလမ်းပေါ် အပုံလိုက်ကျကုန်လေသည်။ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေက 'မပိန်ပြန်ကျုံးသွားလေ' ဆိုတာ ဂရုမစိုက်ဘဲ ဦးကြီးကို အံတင်းတင်းကြိတ်ကြည့်ပြီး လှည်းကို ဘယ်ဘက်ချိုး ကွေ့သွားသည်။

'ကြည့်ပါဦး သူ့လှည်းပေါ်က အပုံလိုက်ကျခဲ့တာ'

'ဟုတ်ပါရဲ့ လမ်းလယ်ကောင်ကြီး'

'မပိန်က ဆိုးတယ်နော်'

'နေကြပါဦးဗျာ ကျုပ်ကျုံးပါ့မယ်'

ဦးကြီးက မပိန်ကျသွားသည့်အမှိုက်ကို တစ်မျှင်တစ်စ မကျန်အောင် ကျုံးပြီး သူ့လှည်းထဲကို ထည့်နေသည်။ အမှိုက်အားလုံးကုန်သွားမှ လက်ဝါးနှစ်ဖက်ကို ခါရင်း ကျွန်တော့်ကို လှမ်းကြည့်သည်။

'မောင်ရင်လေးရယ် ဘဝက အကျိုးပေးမကောင်းလို့ ညစ်ပတ်တဲ့အမှိုက်တွေ ကျုံးပြီး စီးပွားရှာနေရတဲ့ လူချင်းအတူတူ ဘာလို့ လောဘရှေ့ဆောင်ပြီး ဒေါသပွားနေရမှာလဲ။ ကျုပ်တို့နေတော့လည်း အမှိုက်ကုန်းမှာ အတူတူ မိုးရွာရင် နံစော်နေရတာ။ ကျုပ်တော့ စိတ်ကောင်းထားတယ် မောင်ရင်လေး။ ဒီဘဝ မကျွတ်တောင် နောက်ဘဝ လွတ်အောင်ပေါ့'

ဦးကြီး လှည်းက ယာဘက်လမ်းကို ကွေ့သွားသည်။ တမင်တကာ မပိန်နှင့် လမ်းခွဲသွားသည် ထင်ပါသည်။ ယခုလမ်းခွဲသွားသလို ဦးကြီးနှင့်မပိန်သည် သံသရာမှာလည်း လမ်းခွဲမှာအသေအချာပါပဲဟု တွေးရင်း ကျွန်တော် အိမ်ဘက်သို့ ပြန်လျှောက်လာခဲ့ပါတော့သည်။ ■

ယဉ်ယဉ်နု၊ မန္တလေး၊


မုံရွာ

ဆရာမိုး

အမှတ်တံဆိပ်

အမောလုံ နှလုံးအားဆေး

စားဝင်အိပ်ပျော် မူးမောကင်းဝေး

မုံရွာ ဆရာမိုး အမောလုံ နှလုံးအားဆေး




တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010736




www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၂၅၀၊ ဇန်နဝါရီ၊ ၂၀၁၄

ဒီလမှာ စာမူ ၅၀ ဖတ်ဖြစ်လိုက်ပါတယ်။ ပေးပို့တဲ့အရေအတွက် ပြန်ပြီးတက်လာတာကြောင့် အချိန်တိုတိုနဲ့ ပြန်ကြားနိုင်ရအောင် တိုးပြီး ဖတ်ဖြစ်ပြန်တာပါ။ အကြမ်းအားဖြင့် တိုးတက်လာကြပေမဲ့ အခုချိန်ထိ အဆင်မပြေသေးသူတွေလည်း ရှိနေပါသေးတယ်။ အရေအတွက် များများပို့ပေမဲ့ ဖော်ပြမခံရသေးသူတွေအနေနဲ့ နောင်ကို ဘယ်လိုစာမူမျိုးတွေ ပေးပို့မယ်ဆိုတာ ကိုယ်တိုင်ပဲ ရွေးချယ်ဆုံးဖြတ်စေချင်ပါတယ်။

၁။ *သမီးအလိမ္မာ*

၂။ *ငို၍ ရယ်၍ မရသောမျက်နှာ*

**ပြုံးနွဲ့နွဲ့ဝါ**

အရေးအသား သင့်ပေမဲ့ ဆွဲဆောင်မှုအားနည်းနေပါတယ်။ အထူးသဖြင့် အပြန်အလှန်စကားပြောကို အားပြုပြီး ဇာတ်ကောင်တစ်ယောက်တည်းနေရာကနေ ရေးသားပေမဲ့ ပထမနာမ်စားကို မသုံးတဲ့အတွက် အားလျော့နေပါတယ်။ ခေါင်းစဉ်တွေ ပေးရာမှာလည်း ရိုးစင်းနေပါတယ်။

၃။ *အလင်းမဲ့ကြယ်ပွင့်များ*

**လင်းရိပ်ဖြူ**

စကားပြေ၊ စကားပြော ရောထွေးနေပြီး ပြောချင်တဲ့အကြောင်းအရာ ရှိတဲ့တိုင်အောင် သရုပ်ဖော်တဲ့အခါမှာ အားနည်းသွားတဲ့အတွက် အနုပညာမမြောက်လှပါဘူး။

၄။ *နေတစ်စင်းရဲ့ဒိုင်ယာယီ*

၅။ *စံ*

၆။ *ရင်ခတ်နွေ*

**နွေမိုးအိမ်(အောင်လံ)**

အသုံးအနှုန်း၊ အမှားအယွင်းတချို့ရှိတဲ့ စာမူတွေ ဖြစ်ပါတယ်။ ၃ ပုဒ်လုံးမှာ အဖွင့်တွေ ဆွဲဆောင်မှုအားနည်းလှပါတယ်။ ဇာတ်ကောင်နေရာပြောင်းပြီး ခံစားရေးဖွဲ့တာမျိုးတွေနဲ့ အရေးအသား မရှင်းလင်းမှုကလည်း ရှိနေပါတယ်။ **နေတစ်စင်းရဲ့…** နဲ့ **စံ** က ဖခင်တစ်ယောက် ခံစားချက်ကို ရေးဖွဲ့တဲ့ စာမူတွေဖြစ်ပြီး **ရင်ခတ်နွေ** က စာသွန်နဲ့ဆန်တဲ့ အချစ်ဝတ္ထုတစ်ပုဒ် ဖြစ်ပါတယ်။

၇။ *ပြန်မဆုံနိုင်တော့ဘူးလား*

**ရွှေစင်ဝင်းရွှေ**

နာဂစ်မုန်တိုင်းနောက်ခံ စာမူတစ်ပုဒ်ဖြစ်ပြီး အရေး

အားနည်းမှုကြောင့် ဆွဲဆောင်မှုမရှိလှပါဘူး။

၈။ *ဆုတောင်းပြည့်ခဲ့တာလားမဟုတ်ဘူး ဆုတောင်း*

*တာပါ*

**ရဲထွဋ်ခိုင် (Arakan Actor)**

စကားပြေ၊ စကားပြော ရောထွေးနေတဲ့ စာမူ

တယ်။ အချစ်နဲ့မေတ္တာအကြောင်း နောက်ခံဖြစ်ပေမဲ့

အသား အားနည်းလှကာ အနုပညာမမြောက်ဘဲ ဖြစ်

တယ်။

၉။ *ပ၊ ဖ၊ ဗ၊ ဘ၊ မ*

**မြတ်သျှိုင်းသွင်**

အရေးအသားသင့်ပေမဲ့ ဖိနပ်နေရာက ရေးဖွဲ့ခံ

ဟာ ဇာတ်ကို ထူးခြားလောက်အောင် အထောက်အကူ

အတွက် အားနည်းသွားတဲ့ စာမူဖြစ်ပါတယ်။

၁၀။ *ချိုမြိန်ခြင်း၏ နောက်ကွယ်*

**မိုးမြင့်မေ**

ကျေးလက်နောက်ခံ စာမူတစ်ပုဒ်ဖြစ်ပြီး စကား

စကားပြောရောထွေးနေသလို ဆွဲဆောင်မှုအားလည်း န

ပါတယ်။

၁၁။ *မိုးရေတွေငိုတဲ့ည*

**ဂျူပီတာ**

အရေးအသား ပြေပြစ်ပြီး ဆွဲဆောင်မှုရှိပါတယ်။

ပြောချင်တာကို စာဖတ်သူ မျှောပါခံစားသွားရလောက်

ထိထိရောက်ရောက် မရေးဖွဲ့နိုင်ခဲ့တဲ့အတွက် အားနည်း

တဲ့စာမူပါ။ ကြိုးစားပါဦး။

၁၂။ *အဖြူရောင်ဖြင့် ဖွဲ့တည်ခဲ့လေသော ထိုကောင်း*

၁၃။ *နှင်းစက်များနှင့်အပြိုင်*

**သံလွင်သစ္စာ(သထုံ)**

အရေးအသား ပြေပြစ်တဲ့စာမူတွေ ဖြစ်ပါတယ်။

ဆွဲဆောင်မှုအားနည်းသလို အကြောင်းအရာက ရိုးစင်း

တယ်။ စာမူနာမည်တွေ တပ်ရာမှာလည်း ဇာတ်လမ်း

အသားဟန်ကို မထင်ဟပ်ဘဲ ဖြစ်နေတာ တွေ့ပါ

ကြိုးစားပေးပါဦး။



www.burmeseclassic.com

www.burmeseclassic.com

၁၄။ *အမှတ်တရ ၁၈ ရက်နေ့*

**ငယ်လေး တော်ဝင်**

အရေးအသားရော တင်ပြပုံပါ အတော်လေးတဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။ စာများများ ဖတ်ပါဦး။

၁၅။ *တစ်ကယ်လို့သာ*

၁၆။ *ပယောဂ္ဂီလရောင်*

၁၇။ *အိမ်ပြန်ငါး*

**ကြာဖြူနွယ်**

စကားပြေ၊ စကားပြော ရောနေတဲ့စာမူတွေ ဖြစ်ပါတယ်။ ပြောချင်တာတွေ ရှိပေမဲ့ ဆွဲဆောင်မှုရှိရှိ အနုပညာမြောက်မြောက် ဆွဲခေါ်မသွားနိုင်သေးပါဘူး။ **တကယ်လို့သာ** က မိသားစုအတွက် အနစ်နာခံရတဲ့ သားဦး၊ သမီးဦးတွေကို ညီရွှယ်ရေးသားပြီး **ပယောဂ္ဂီလရောင်** က အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ကာ **အိမ်ပြန်ငါး** ကတော့ ပြည်ပမှာ အလုပ်လုပ်နေကြတဲ့ သူတွေကို ရည်ရွယ်ပါတယ်။

၁၈။ *အတ္တပါးပါး*

**ကြယ်စင်သစ်(လှိုင်ကော်)**

အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာအရ အိမ်ထောင်ရေးဇာတ်ရှုပ်ကို နောက်ခံထားပေမဲ့ ဇာတ်ကောင်စေားချက်ကို စာဖတ်သူ ပိုနားလည်သဘောပေါက်သွားအောင် ရေးပြနိုင်ခဲ့တာမျိုး မရှိတဲ့အတွက် အားနည်းသွားပါတယ်။

၁၉။ *မောင့်ချစ်သူ အမှတ်း*

**မင်းရက္ခ**

သာမန်အချစ်ဝတ္ထုဖြစ်ပြီး အပြန်အလှန်စကားပြောကို လည်း အားစိုက်ရေးဖွဲ့ထားတာမို့ အနုပညာအားနည်းလှပါတယ်။

၂၀။ *တစ်ကမ္ဘာလုံး ကြားပါစေ*

**သစ်နေမြ**

စကားပြေ၊ စကားပြောရောထွေးနေပြီး အတွေးရှိပေမဲ့ အရေးမလိုက်နိုင်တဲ့ စာမူဖြစ်ပါတယ်။ စာများများ ဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၂၁။ *အတ္တဆူးတောင်များကို ကျော်ဖြတ်မည်*

**အောင်စိုးခိုင်**

စကားပြေ၊ စကားပြောရောနေပြီး မလိုအပ်ဘဲ ဝါကျအရှည်ကြီးတွေ သုံးထားပါတယ်။ ဟိုးအရင်ခေတ်က အရေးအသားမျိုးနဲ့ ရေးဖွဲ့ထားတဲ့ စာမူဖြစ်ပြီး ဆွဲဆောင်မှုအားနည်းလှပါတယ်။

၂၂။ *တစ်ခါက ပုံရိပ်များ*

**ပြည့်စုံစံမြင့်**

ဆောင်းပါးဆန်တဲ့ စာမူတစ်ပုဒ်ဖြစ်ပြီး အရေးအသားမှာလည်း ဆွဲဆောင်မှုအားနည်းပါတယ်။

၂၃။ *ဖြတ်သန်းစီးဆင်းရာ*

**သွန်းဆက်နီ**

အရေးအသားသင့်ပေမဲ့ အကြောင်းအရာမှာ ထူးခြားမှုမရှိဘဲ ရိုးစင်းနေပါတယ်။

၂၄။ *လောကစံ*

**ကိုမောင်စိုး**

ဆောင်းပါးစာမူတစ်ပုဒ်ဖြစ်ပြီး စကားပြေ၊ စကားပြောရောထွေးနေပါတယ်။ ရွှေအသစ်ကဏ္ဍဟာ ဝတ္ထုတိုစာမူများကိုပဲ ရွေးချယ်ဖော်ပြတဲ့ကဏ္ဍ ဖြစ်ပါတယ်။ စာများများ ဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၂၅။ *ခရောင်းလမ်းမှအပြန်*

၂၆။ *ဘိုးတော်လီမ်နဲ့ သူ၏ဖူးစာ*

၂၇။ *ကိုကြီးလို့ပဲ ခေါ်ချင်တယ်*

၂၈။ *မီးအိမ်ရှင်*

**နန်းမိုခမ်း**

ပြောချင်တာတွေ ရှိနေတဲ့စာမူတွေ ဖြစ်နေပါတယ်။ အရေးအသားလည်း သင့်ပါတယ်။ ဒါပေမဲ့ အကြောင်းအရာရွေးချယ်မှုအပိုင်းမှာ ရိုးစင်းနေပါတယ်။ အကြောင်းအရာရိုးပေမဲ့ တင်ပြပုံနဲ့ အတွေးဆန်းမယ်ဆိုရင် စာမူကောင်းဖြစ်လာနိုင်ပေမဲ့ အခုပေးပို့လိုက်တဲ့ ၄ ပုဒ်လုံးမှာ အဖွဲ့အနွဲ့အရမ်းနည်းနေပြီး အနုပညာမြောက်အောင် ဖန်တီးရေးသားမှု အားနည်းနေပါတယ်။ ကြိုးစားပါဦး။

၂၉။ *သေကာမရောက် သက်မပျောက်ခဲ့ရသော လူငယ်တစ်ဦးရဲ့ တန်ဖိုး*

**ခိုင်လေး(ရွှေတောင်)**



www.burmeseclassic.com

www.burmeseclassic.com



စကားပြေ၊ စကားပြောရေးနေတဲ့စာမူ ဖြစ်ပါတယ်။ ဆောင်းပါးဆန်တဲ့အတွေးကို ဝတ္ထုဖြစ်အောင် ရေးထားသလို ဖြစ်နေပါတယ်။ ကြိုးစားပါဦး။

၃၀။ *သခွတ်ပန်းရဲ့ ချစ်ကြည်ရေးရာဇဝင်*

**လွမ်းနောင်**

ဖွဲ့ရေးလွန်းအားကြီးတဲ့အတွက် စာဖတ်သူ ခံစားနားလည်ဖို့ ခက်ခဲသွားရတဲ့ စာမူတစ်ပုဒ်ပဲ ဖြစ်ပါတယ်။ ကိုယ်ပြောချင်တာကို စာဖတ်သူခံစားနားလည်နိုင်စေဖို့ အရိပ်အမြွက်ဖော်ပြပြီး အနုပညာနဲ့ ဆွဲဆောင်မှုရှိရှိ ဆွဲခေါ်နိုင်မှ စာမူကောင်းတစ်ပုဒ် ဖြစ်မှာပါ။

၃၁။ *ဝက်ဖဲ*

၃၂။ *အချစ်ထက် နက်ရှိုင်းသော သံယောဇဉ်*

၃၃။ *ထမင်းတစ်လုတ်*

၃၄။ *ချိုးမွှမ်းခုနှစ်ရက် ကဲ့ရဲ့ခုနှစ်ရက်*

၃၅။ **ခေါင်းစဉ်မှားသော အချစ်နှင့်အတူ**

**သီသီဟာန်(ကျိုက်ထို)**

အရေးအတွက်အများကြီး ရေးနိုင်သလို ဖွဲ့ကောင်းတဲ့ စာရေးသူ ဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်ထိ အဆင်မပြေဖြစ်နေသေးတာကို စိတ်မကောင်းဖြစ်ရပါတယ်။ အကောင်းဆုံးအကြံပေးချင်တာက စာမူတွေကို မပေးပို့ခင်မှာ အနည်းဆုံး တစ်ခေါက် ပြန်ဖတ်ပြီး စကားပြေ၊ စကားပြောရေးနေတာလေးတွေကို ပြင်စေချင်ပါတယ်။ စာလုံးပေါင်းအမှားလေးတွေကို စိစစ်စေချင်ပါတယ်။ အဖွင့်ကို ဆွဲဆောင်မှုရှိရှိ စနိုင်သူဖြစ်ပေမဲ့ အဆုံးသတ်တွေမှာ အားလျော့သွားလေ့ရှိတာကြောင့် အစနဲ့အဆုံး အချိတ်ဆက်မိမိ ဖြစ်မဖြစ်ကိုလည်း ပြန်ဖတ်စိစစ်ကာ ပြင်ဆင်ပြီး စိတ်တိုင်းကျတဲ့ စာမူအနည်းငယ်ကိုပဲ ပေးပို့စေလိုပါတယ်။ ပြန်ကြားချက်ကို အကြံပေးချက်အဖြစ် အလေးအနက် ဖတ်ရှုပြီး နောင်စာမူတွေအတွက် ပြန်လည်တည်းဖြတ်နိုင်ဖို့ အထောက်အကူအနေနဲ့ အသုံးပြုစေချင်ပါတယ်။

၃၆။ *ချည်တိုင်*

**သုတအောင်**

အရေးအသား သင့်ပေမဲ့ အကြောင်းအရာ ရိုးစင်းပြီး ခေါင်းစဉ်ဖတ်ကတည်းက ဘယ်လိုစာမူမျိုးဖြစ်မယ်... မှန်းလို့ရနေတဲ့အတွက် အားနည်းလှပါတယ်။

၃၇။ *ပုဏ္ဏားကြီး ဦးဖိုးမောင်*

၃၈။ *ကန္တာလေ တောခြေဝယ်*

**မင်းတင်သိန်း(ပွင့်လျက်)**

စာစီစာကုံး အရေးအသားမျိုးနဲ့ ရှည်လျားလှတဲ့... ဖြစ်ပါတယ်။ ရွှေအသစ်စာမူတွေရဲ့ သဘောသဘာ... အသေအချာလေ့လာပြီးမှ စာမူပေးပို့စေချင်ပါတယ်။

၃၉။ *မျှော်မျှော်သူ မောရှာပေါ့*

**ကျင်ကိုချန်**

ဇာတ်ကောင်နေရာပြောင်းပြီး ရေးဖွဲ့ထားတဲ့ စာမူ... ပါတယ်။ စာမူတစ်ပုဒ်မှာ ဇာတ်ကောင်တစ်ယောက်တည်း... အပြောကို ဖော်ပြစရာမလိုပေမဲ့ တစ်ပိုဒ်တည်းမှာ ဇာတ်... နေရာပြောင်းပြီး တစ်ဆက်တည်း ရေးတာမျိုးဟာ မဖြ... ပါဘူး။

၄၀။ *ပန်းသီးစိတ်တရား*

၄၁။ *ရွက်ကြွေ*

၄၂။ *ကြောက်တတ်သူ*

၄၃။ *ထွက်ပေါက်*

**ဥသြ(ချယ်ရီမြေ)**

အရေးအသားပြေပြစ်ပေမဲ့ ရသအားနည်းတဲ့စာ... ဖြစ်ပါတယ်။ ပြောချင်တာတွေရှိပေမဲ့ ဆွဲဆောင်မှုရှိရှိ... မရေးနိုင်သေးပါဘူး။ ဒါပေမဲ့ တချို့စာမူတွေမှာတော့ အ... သင့်အဆင်ပြေအောင် ဖွဲ့နိုင်ပါတယ်။ ဆရာ ဦးဝင်းငြိမ်း... **ရွက်ကြွေ** နဲ့ **ထွက်ပေါက်** တို့ကို တင်ပြပေးလိုက်ပါ...

၄၄။ *လိပ်ပြာရှိုက်သံ*

၄၅။ *အရိပ်တစ်ခု၏ကောက်ကြောင်း*

**ဆွေဖင်ဦး**

အရေးအသားသင့်ပါတယ်။ **လိပ်ပြာရှိုက်သံ** က အ... နောက်ခံဇာတ်တစ်ခုဖြစ်ပြီး တင်ပြပုံ ဆွဲဆောင်မှု အတ... အားနည်းနေပါတယ်။ **အရိပ်တစ်ခု၏ကောက်ကြောင်း**... တော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

**ဆရာ ဦးဝင်းငြိမ်းထံ ထပ်မံတင်ပေးဖြစ်တဲ့ စာမူ...**



www.burmeseclassic.com

www.burmeseclassic.com

ကတော့-

လင်းယဉ်နွဲ့(မြို့သစ်ကလေး)ရဲ့ **မြောက်ပြန်လေများအေးစေသား**၊ ရွှေကိုယ်နတ်(UCSM)ရဲ့ **ရပ်စောင့်နေ့စွဲများရာဇဝင်**၊ သံလွင်ကို(မော်လမြိုင်)ရဲ့ **လမ်း**၊ နန်းဟာသာ(မိုးကုတ်)ရဲ့ **ပြုစားခံရသူများ**၊ မိုးရည်နိုင်ရဲ့ **မြစ်တစ်စင်းရဲ့ ခြေရာ**၊ ဆွေဇင်ဦးရဲ့ **အရိပ်တစ်ခု၏ ကောက်ကြောင်း**၊ ကိုဂျီးအဲရဲ့ **ကိုယ်ထင်ပြတဲ့ အရိပ်** တို့ဖြစ်ကြပါတယ်။

❑

ဒီလမှာ ရွှေအသစ် ၉ ပုဒ် ဆန်ခါတင်စာရင်း ဝင်လာပါတယ်။ အားရပါးရပါပဲ။ ကျွန်တော် ဖတ်လိုက်တဲ့အခါမှာတော့ ဆရာ ရွှေကိုယ်နတ် (UCSM) ရဲ့ 'ရပ်စောင့်နေ့စွဲများရာဇဝင်'နဲ့ ဆရာ မိုးရည်နိုင်ရဲ့ 'မြစ်တစ်စင်းရဲ့ခြေရာ'တို့က ရွှေနှလုံးသားကဏ္ဍနဲ့ သက်ဆိုင်နေတာ ဖြစ်လို့ သင့်တော်ရာလများမှာ ဖော်ပြပေးပါမယ်။ ကျွန်တော့်ဆီမှာ ရွှေနှလုံးသားဝတ္ထုတွေကလည်း တော်တော်များများ ရှိနေတာကြောင့် စောင့်ရတော့ လိုပါလိမ့်မယ်။

ကျန်ရွှေအသစ်များထဲက ဆရာ သံလွင်ကို(မော်လမြိုင်)ရဲ့ 'လမ်း'ဝတ္ထုကို ဖတ်ရပါတယ်။ ဆရာ သံလွင်ကိုက ပထမအကြိမ် ရွေးချယ်ဖော်ပြခံရပြီးဖြစ်တာကြောင့် ဒီတစ်ကြိမ်ဝတ္ထုဟာ သူ့အတွက် ရွှေအသစ်ကဏ္ဍရဲ့ ဒုတိယမြောက်ဝတ္ထုဖြစ်ပါတယ်။ စာဖတ်ပရိသတ်အကြိုက်ဆုကို ရရှိခဲ့ဖူးတဲ့ဆရာမ လင်းယဉ်နွဲ့(မြို့သစ်ကလေး)ရဲ့ 'မြောက်ပြန်လေများအေးစေသား'ဝတ္ထုက ဆွဲဆောင်မှုအား ကောင်းပါတယ်။ အတ်ပြိုင်ခံစားချက်လည်း ဖြစ်တာကြောင့် ဆရာမ လင်းယဉ်နွဲ့အတွက် ဒုတိယမြောက် ရွေးချယ်မှုအဖြစ် ဖော်ပြပေးလိုက်ပါတယ်။

မိုးကုတ်မြို့က ဆရာမ နန်းဟာသာ(မိုးကုတ်)ရဲ့ 'ပြုစားခံရသူများ'ဝတ္ထုကို ဖတ်ရပါတယ်။ ပထမပြောချင်တာကတော့ ကွန်ပျူတာစာစီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ စည်းကမ်းကန့်သတ်ချက်က လေးမျက်နှာရှိတာကို ဆရာမက ခုနစ်မျက်နှာအထိ ရှိနေပါတယ်။ ဝတ္ထုတစ်ပုဒ်ကို ရေးဖွဲ့ရာမှာ မလိုအပ်တာတွေကို အကျယ်မချဲ့မိစေဖို့ သတိထားသင့်ပါတယ်။ ဆရာမက ကလောင်မထိန်းနိုင်သေးဘဲ ဝတ္ထုတိုထဲမှာ တချို့အကြောင်းအရာများကို လိုအပ်တာထက်ပိုပြီး ပြည့်ပြည့်စုံစုံ ရှင်းပြနေတာကြောင့် ဖောင်းပွသွားပါတယ်။

ဆရာ ဥဩ(ချယ်ရီမြေ)ရဲ့'ထွက်ပေါက်'နဲ့ 'ရှုက်ကြွေ' တို့က ဆန်ခါတင်စာရင်းမှာ ပါဝင်လာပါတယ်။ ဝတ္ထုတိုရေးဖွဲ့ခြင်းဆိုတာ အတတ်ပညာ လိုအပ်ပါတယ်။ ကိုယ် ပြောချင်တဲ့အကြောင်းအရာကို ရသပါပါ ပြောနိုင်မှသာ စာဖတ်သူက စိတ်ဝင်စားမှာ ဖြစ်ပါတယ်။ 'ထွက်ပေါက်'ဝတ္ထုက လူပျိုဘဝမှာ အဆင်ပြေပေမဲ့ အိမ်ထောင်ကျ ကလေးရလာတဲ့အခါ အဆင်မပြေတော့တဲ့ ဝန်ထမ်းတစ်ယောက် လာဘ်စားရပုံကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ 'ရှုက်ကြွေ'ကတော့ နှစ်လုံးထိ ထိုးတဲ့အတွက် ဒုက္ခရောက်သွားတဲ့ မိန်းကလေးတစ်ယောက်အကြောင်း ဖြစ်ပါတယ်။ နှစ်ပုဒ်စလုံးမှာ ရသမမြောက်ပါဘူး။

ဆရာမ ဆွေဇင်ဦးရဲ့ 'အရိပ်တစ်ခု၏ကောက်ကြောင်း' ဝတ္ထုမှာ စကားပြောနဲ့ စကားပြေတွေ ရောနေပါတယ်။ စာတစ်ပုဒ်ကို ရေးတော့မယ်ဆိုရင် ဘယ်လိုပုံစံနဲ့တင်ဆက်မလဲဆိုတာကို စာရေးသူက အရင်ဆုံး စဉ်းစားရပါတယ်။ စကားပြောနဲ့ ရေးမယ်ဆိုရင် တောက်လျှောက် စကားပြောနဲ့ပဲ ရေးပါ။ စကားပြေမရောပါစေနဲ့။ စကားပြေနဲ့ ရေးမယ်ဆိုရင်လည်း စကားပြောရောလို့ မရပါဘူး။ ဒါကြောင့် ကျွန်တော် မသုံးဖြစ်ပါဘူး။

ကလောင်နာမည်ကို ကျွန်တော် ကြားဖူးနေပြီဖြစ်တဲ့ ဆရာ ကိုဂျီးအဲရဲ့ 'ကိုယ်ထင်ပြတဲ့အရိပ်'ကို ဖတ်ရပါတယ်။ ရွှေတောမှာ သွားရောက်ရွှေတူးကြတဲ့သူတွေအကြောင်း အဓိကထား ရေးဖွဲ့ထားတာပါ။ သက်ဆိုင်ရာ ဒေသသုံး စကားလုံးများကို လှိုင်လှိုင်ကြီးသုံးကာ ရေးဖွဲ့ထားပါတယ်။ တော်တော်များများစကားလုံးတွေက ဒီလုပ်ငန်း၊ ဒီဒေသနဲ့ မရင်းနှီးသူတွေအတွက် နားလည်နိုင်စရာအကြောင်း မရှိပါဘူး။ ကျွန်တော်ကိုယ်တိုင်လည်း တချို့စကားများကို နားမလည်ပါ။ ဒါကြောင့် မသုံးဖြစ်ကြောင်း ပြန်ကြားပါတယ်။


■

ဝင်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်မနက်
လှသေးသော်လည်း
ပတ်ဝန်းကျင်သည်
သိပ်သည်းစွာ
မှောင်နေသည်။
ထစ်ချုန်းရွာသွန်းနေသော
မိုးသည် လွန်ခဲ့သော
နှစ်ရက်ကတည်းက
သည်းထန်နေသော်လည်း
အားပျော့ရပ်တန့်ခြင်း
မရှိသေးဘဲ အငြိုးကြီးနေဆဲ
ဖြစ်သည်။ တစ်ခါတစ်ရံ
လေနှင့်အတူ
လွင့်ပါလာသော
မိုးစက်မိုးပေါက်များသည်
အိမ်ရှေ့ကပြင်သို့ပင်
ရောက်လာတတ်သည်။
အမျိုးသမီးကြီးသည်
နောက်သို့
ခြေလှမ်းအနည်းငယ်
ဆုတ်လိုက်ပြီး တံခါးဝတွင်

ကိုယ်ကို
ရှိတွယ်လိုက်သည်။
သူမသည်
တစ်စုံတစ်ရာကို
စောင့်မျှော်နေဟန်ရှိပြီး
အိမ်ရှေ့သို့
လည်တဆော့ဆော့နှင့်
မကြာခဏ
အကဲခတ်နေသည်။
ထို့နောက်
အိမ်ခေါင်းရင်း၌
ချိတ်ဆွဲထားသော
နာရီအိုကို
လှမ်းကြည့်လိုက်ပြီး
အားမလိုအားမရဟန်ဖြင့်
ခေါင်းယမ်းနေပြန်သည်။
သူမသည်
စောင့်ဆိုင်းခြင်းဖြင့်
ကုန်လွန်သွားသော
အချိန်များစွာအတွက်

# သံလွင်ရိုးဒေသဖြတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



လင်းနှင့်မယား
ပေါင်းသင်း
လာခဲ့သည်မှာ
ဆယ်စုနှစ်
နှစ်စုတာ
တောက်လျှောက်လှုပ်နှိုးပါး
ကြာမြင့်ခဲ့
သော်လည်း
အရိပ်အယောင်
အနည်းငယ်မျှပင်
မပေါ်သော
ရင်သွေး
တစ်ဦးတလေအား
ရှာဖွေ
နေခဲ့ကြသည့်
ယခု
ဝမ်းနင့်
ကျေနပ်ခဲ့ရသော
ရင်သွေးသည်
အိမ်ထောင်သည်
လင်မယားနှစ်ဦးအား
သားမွေးဖို့ကျ
ဘဝထဲသို့
လျှပ်မြန်စွာ
ဝင်ရောက်
လာခဲ့ပြီဖြစ်သည်

အမှတ် ၂၃၁ ဇန်နဝါရီ ၂၀၁၄
ရှုမဝ
ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း ၂၂၇

www.burmeseclassic.com

www.burmeseclassic.com

မကျေမချမ်း ဖြစ်နေသည်။ ထိုစဉ် မိုးသံလေသံများကြားမှ မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရသည်။ သူမ၏မျက်နှာသည် အရောင်တစ်ချက်လက်သွားသည်။ အနည်းငယ် ပြေလျော့နေသောတဘက်ကို ပခုံးပေါ် ဆွဲတင်လိုက်ပြီး မီးအိမ်အလင်းကို မြှင့်လိုက်သည်။ မြင်းလှည်းတစ်စီးသည် အိမ်ရှေ့တွင် ဆိုက်ရပ်လာသည်။ မြင်းလှည်းထက်မှ အသက်ငါးဆယ်အရွယ် လူတစ်ယောက် ဆင်းလာသည်။ ထိုလူကြီးသည် တစ်နှစ်ခွဲခန့် ကလေးငယ်တစ်ဦးကို ပွေ့ချီထားသည်။

အမျိုးသမီးကြီး၏ မျက်နှာထက်တွင် စိတ်လှုပ်ရှားမှုကို အထင်းသား မြင်နေရသည်။ သူမသည် ထီးရှည်တစ်လက်ကို ဆွဲယူကာ ခြံဝသို့ပြေးဆင်းလာပြီး အမျိုးသားကြီး၏လက်ထဲမှ ကလေးငယ်အား ရွှင်ပျသောမျက်လုံးများဖြင့် ကြည့်လိုက်သည်။ သူမ၏အမူအရာသည် တန်ဖိုးကြီးလက်ဆောင်တစ်ခုကို ရလိုက်သည့်အလား တက်ကြွနေသည်။ ထို့ပြင် ပြောင်းလဲသွားတော့မည့် နေထိုင်မှုပုံစံသစ်တစ်ခုအတွက် ကျေနပ်ပျော်ရွှင်နေမှန်း သိသာလှသည်။

အိမ်သို့ တရွေ့ရွေ့ လျှောက်လှမ်းနေကြသော လူနှစ်ယောက်သည် မိုးရေများဖြင့် စိုရွှဲလုနီးပါး ဖြစ်နေသော်လည်း ကလေးငယ်ကိုမူ ၎င်းတို့၏ ကိုယ်နှင့် နွေးထွေးစွာ ကာကွယ်ပေးထားသည်။ မကြာမီ အိမ်တံခါးများအားလုံးပိတ်သွားသည်။ သို့သော် အတွင်း၌ မီးအိမ်အလင်းရောင်

> လင်မယား
> နှစ်ဦးသည်
> ရင်သွေးငယ်အား
> တစိမ့်စိမ့်
> ကြည့်ကာ
> ကျေနပ်ပီတိ
> ဖြစ်နေကြသည်
> ကလေးငယ်သည်
> ရောက်ခါစကလို
> ကြေး
> အထပ်ထပ်နှင့်
> စုတ်တီးစုတ်ချာ
> မဟုတ်တော့ပြီ
> ပတ်ဝန်းကျင်
> သည်
> ကလေးငယ်
> အတွက်
> ဝမ်းသာကြရသည်

ဖျော့ဖျော့ဖြင့် လှုပ်ရှားအသက်ဝင်နေဆဲဖြစ်သည်။ မိုးသည်းည၏ တိတ်ဆိတ်မှုအောက်တွင် ကလေးငယ်၏ ညည်းသံသဲ့သဲ့သည် အိမ်ကလေးဆီမှ တစ်ချက်တစ်ချက်ထွက်ပေါ်လျက်ရှိသည်။ □

ပုံမှန်ပြုလုပ်နေကျ နံနက်ခင်း၌ ဈေးဝယ်ထွက်ခြင်းသည် ကသုတ်ကရိုက်နိုင်လှသည်။ ဆိုင်ထိုင်ကာ စကားစမြည်ပြောရန် မဆိုထားနှင့်၊ လက်ဖက်ရည်သောက်ရန်ပင် အခွင့်လည်း မရှိတော့ချေ။ လိုရာဝယ်ပြီးသည်နှင့် အိမ်သို့ အမြန်ပြန်လာရသည်။

ကလေးငယ်သည် ပုခက်ထဲ၌ အိပ်ပျော်နေဆဲဖြစ်သည်။ ညက ညဥ့်အတော်နက်မှ အိပ်ရခြင်းကြောင့် ဖြစ်မည်ထင်သည်။ အမျိုးသမီးကြီးသည် ကလေးငယ်၏ ဆံပင်တိုများကို လက်ဖြင့် ဖွဖွကိုင်ကြည့်သည်။ အနည်းငယ် ကြမ်းရှသော အထိအတွေ့ကို ရသည်။ အမျိုးသမီးကြီးသည် သက်ပြင်းတစ်ချက်ရှိုက်ကာ ပုခက်ကို ညင်သာစွာ လွှဲလိုက်သည်။

အမျိုးသမီးကြီးသည် မီးဖိုချောင်ထဲ၌ အလုပ်ရှုပ်နေသည်။ အရင်က ခင်ပွန်း ငါးရက်တစ်ပတ်ကြာ ကုန်ကားမောင်းသွားသည့်အခါ မိမိတစ်ယောက်စာအတွက် ဖြစ်သလို ချက်ပြုတ်စားသည် ချည်းဖြစ်သည်။ ယခုမူ ဖွယ်ဖွယ်ရာရာ ပြင်ဆင်နေမိသည်။ ကလေးငယ်နိုးလျှင် ကိုယ်လက်သန့်စင်ပေးကာ ထမင်းခွံ့မည်။ ပြီးလျှင် တီတီတာတာ စကားဆိုခိုင်းရမည်။ ပြီးလျှင် အိုအိုအေးအေး တေးဆိုကာ ချော့သိပ်ရမည်။ အမျိုးသမီးကြီးသည် ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်ပီတိ ဖြစ်နေမိသည်။

ပတ်ဝန်းကျင်သည် ရံဖန်ရံခါ ကြားနေရသော ကလေးငိုသံကိုလည်းကောင်း၊ ချော့မြူနှစ်သိမ့်သံကိုလည်းကောင်း အထူးအဆန်း ဖြစ်နေလေသည်။ အချို့ မနေနိုင်သူများက အိမ်သို့ပင် သတင်းလာမေးနေကြသည်။ မျက်လုံးဝိုင်း ပါးဖောင်းဖောင်းနှင့် ချစ်စဖွယ်ကောင်း[...]

ကလေးငယ်ကို ကြည့်[...]

အားပေးသူက အား[...]

ထောက်ခံသူက ထော[...]

သည်။ အားကျစကား[...]

ကဆိုသည်။ ဤသည်[...]

အမျိုးသမီးကြီးသည် သ[...]

ကျ ကျေနပ်နေလေသည်[...]

ခင်ပွန်း မရှိခိုက်[...]

ခြောက်သွေ့ပျင်းရိခဲ့ရ[...]

အချိန်များသည် ကလေး[...]

၏ ဝေဆာသော ရယ်[...]

ကို ရေတွက်ရင်းနှင့်ပင်[...]

မြန်စွာ ကုန်ဆုံးသွား[...]

သည်။ ယခင်က [...]

တချို့တွင် သန်းရှာ[...]

ဖြစ်သောလက်သည် က[...]

ငယ်ကို တွဲကူကာ [...]

လျှောက်နေခဲ့ပြီဖြစ်[...]

ညဘက်တွင် တိတ်[...]

အဖော်မဲ့လှသောအိမ်က[...]

၌ နွေးထွေးမှုတစ်ခု ဖြစ်[...]

လာသောအခါ အမျိုး[...]

ကြီးသည် ကားမောင်း[...]

သွားသော ခင်ပွန်းကို မ[...]

တမိတော့ချေ။

အိမ်မြဲလာသော အ[...]

သမီးကြီး၏ ပြောင်း[...]

သည် လူတို့အတွက် ထူး[...]

မှုတစ်ခုဖြစ်သည်။ သို့[...]

သူတို့သည် မိခင်ဖြစ်[...]

သွားသော အမျိုးသမီးကြီး[...]

ခံစားချက်ကို နားလည်[...]

သည်။ လင်နှင့်မယား [...]

သင်းလာခဲ့သည်မှာ ဆ[...]

နှစ် နှစ်စုစာ ကျော်လွန်[...]

ပါး ကြာမြင့်ခဲ့သော်လည်း[...]

အရိပ်အယောင် အနည်း[...]

မျှပင် မပေါ်သော ရင်[...]

တစ်ဦးတလေအား ရှ[...]

နေခဲ့ကြသည်။ ယခု ဝ[...]

မလွယ်ခဲ့ရသော ရင်[...]

သည် အိမ်ဝေဝင်သည် [...]



www.burmeseclassic.com

www.burmeseclassic.com

...ယားနှစ်ဦး၏ သမားရိုးကျ ...ထဲသို့ လျှင်မြန်စွာ ဝင် ...ကလာခဲ့ပြီဖြစ်သည်။

❑

အမျိုးသမီးကြီးသည် ...မဝသော ကလေးငယ် ...အား အရိပ်တကြည့်ကြည့် ...သည်။ ကလေးငယ်၏ ...မေ'ဟူသော မပီတပီ ...သံအား ကြားရလျှင်ပင် ...နပ်ပျော်ရွှင်မဆုံး ဖြစ်နေ ...သည်။ အတင်းစကား ...သော ထွက်ကျလေ့ရှိသော ...မျိုးသမီးကြီး၏ ပါးစပ်ဖျား ...သာယာချိုအေးသော သား ...တေးသံကို နားဝင်ပီယံ ...ယ် ကြားရမည်ဖြစ်သည်။

အိမ်ကလေးသည် ရယ် ...များဖြင့် အမြဲတစေ ညံစီ ...တတ်သည်။ ဆည်းလည်း ...ဖြင့် အသက်ဝင်လာသော ...မ်ကလေးတွင် လူသုံး ...ယောက်သာ ရှိသော်လည်း ...စည်ကားကား ရှိလှသည် ...ထင်ရသည်။ အမျိုးသား ...ကြီးသည် ကားမောင်းရာမှ ...လာသောအခါ ခြံဝတွင် ...စောင့်ကြိုနေတတ်သော ...ယားနှင့် ရင်သွေးကြောင့် ...မောပြေရမြဲဖြစ်သည်။

ခြောက်သွေ့နေသော ...ရာတွင် အိုအေစစ်တစ်ခု ...ဖြစ်ပေါ်လာသကဲ့သို့ လင် ...ယားနှစ်ဦးသည် ၎င်းတို့၏ ...ဆက်ငြိမ် အထီးကျန်လှသော ...အိမ်ထောင်သည်ဘဝမှာ ယခု ...ပြည့်စုံသွားသည်ဟု ယူဆ ...ကြသည်။ ညနေခင်းတစ်ခု ...တွင် လင်မယားနှစ်ဦးသည် ...ခေါင်အုံးစွပ်အောက်တွင် ခြစ် ...တတ်သိမ်းဆည်းထားသော ...စက္ကူတချို့ကို ထုတ်ယူရေ ...တွက်ကာ သဘောတူညီစွာ တိုင်ပင်လိုက်ကြသည်။

နောက်ရက်များတွင် အမျိုးသမီးကြီးသည် ကလေးငယ်၏ လက်ကိုဆွဲကာ ညနေခင်းတိုင်း လမ်းလျှောက်ထွက်တော့သည်။ လမ်းရှိ အိမ်စေ့နီးပါးကို လိုက်လံနှုတ်ဆက်ကာ သူမ၏ ရင်သွေးအား ပွဲထုတ်တတ်သည်။ ရပ်ကွက် အတွင်းရှိလူများသည် ကလေးငယ်၏ နားထက်တွင် ကျောက်ပွင့်သေးများနှင့် စီကွပ်ထားသော နားကပ်တစ်ရန် လှပစွာတွယ်ကပ်နေသည်ကို မြင်တွေ့လိုက်ကြရသည်။

လင်မယားနှစ်ဦးသည် ရင်သွေးငယ်အား တစိမ့်စိမ့်ကြည့်ကာ ကျေနပ်ပီတိဖြစ်နေကြသည်။ ကလေးငယ်သည် ရောဂါခါစကလို ကြေးအထပ်ထပ်နှင့် စုတ်တီးစုတ်ချာ မဟုတ်တော့ပြီ။ ပတ်ဝန်းကျင်သည် ကလေးငယ်အတွက် ဝမ်းသာကြရသည်။ နောင်တွင် ကလေးငယ်အပေါ် ယူကျုံးမရဖွယ်ဖြစ်သော ပြစ်ချက်တစ်ခုကို ဖန်တီးလာမည့် ကံကြမ္မာအား ထိုစဉ်က မည်သူကမှ အပြစ်မတင်သေးပါ။

❑

အချိန်သည် ပြက္ခဒိန်ပေါ်တွင် ရာသီလေးခုကို ဖြတ်သန်းစေခဲ့ပြီး ဖြစ်သည်။ လမ်းလျှောက်တတ်စ ကလေးငယ်သည် ကောင်းစွာ ပြေးလွှားဆော့ကစားနေတတ်ပြီ ဖြစ်သကဲ့သို့ လင်မယားနှစ်ဦးအတွက် လုံလောက်စွာ ယုံကြည်ရပြီဖြစ်သော အဖော်မွန်ကောင်း ဖြစ်လာသည်။

တစ်ခါတစ်ရံ ညများတွင် ကလေးငယ်သည် မိခင်၏ ပုံပြောသံကို နားဆင်၍ အိပ်ရာဝင်ရသည်။ တစ်ခါတစ်ရံ မိခင်ကို နိုပ်နယ်နင်းပေးပြီးမှ အိပ်ရာဝင်ရသည်။ ဖခင်အလုပ်အားလပ်သော ညမျိုး၌ မိဘကြားတွင် နွေးထွေးစွာ အိပ်ရသည်။ ထိုညများသည် ကလေးငယ်၏ ပျားရည်ဆမ်းသော ညများ ဖြစ်သည်။ သို့သော် ကြည်နူးစဖွယ် အသိုက်အဝန်းသည် မည်သူမျှ ထင်မှတ်မထားသော အချိန်တစ်ခုတွင် ပျက်ယွင်းသွားတော့သည်။

ပြောင်းလဲမှုများသည် မယုံကြည်နိုင်စရာ ကောင်းစွာပင် ဖြစ်ပေါ်လာခဲ့သည်။ ကလေးငယ်၏ မျက်လုံးအစုံသည် အတွင်းသို့ စတင် တိုးဝင်သွားကြသည်။ ပါးဖောင်းဖောင်းသည် တဖြည်းဖြည်း ပျောက်ကွယ်လာသည်။ ပိန်ချုံးကျသွားသော ကလေးငယ်၏ အသွင်အပြင်သည် အမွေးပြောင်တလင်းခါအောင် နုတ်ခံလိုက်ရသော ဒေါင်းတစ်ကောင်ကဲ့သို့ အကျည်းတန်လာသည်။ လွန်ခဲ့သော လေးနှစ်ခန့်က ကလေးငယ်သည် မြင်ရုံနှင့် မည်သူမျှချစ်စဖွယ်ကောင်းကြောင်း ပြောလျှင် ထိုစကားကို ယုံမည့်သူမှာ အနည်းငယ်သာရှိသည်။

ကလေးငယ်သည် ရွံရှာဖွယ်ကောင်းသော ဖျက်ပိုးတစ်ကောင်၏ ဖုံ့ခြွေကိုက်ခံခြင်းကို ခံစားနေရကြောင်း သိလိုက်ရသောအခါ လင်မယားနှစ်ဦးသည် သွေးပျက်မတတ် တုန်လှုပ်သွားကြသည်။ ထိုအချိန်တွင် ကလေးငယ်၏ကိုယ်၌ အနီရောင် အစက်အပြောက်များသည် နေရာအနှံ့ တွယ်ကပ်နေပြီဖြစ်သည်။ အရည်တစိုစိုဖြစ်လာသော အနာများကို သနပ်ခါးဖြင့် အမြဲတစေဖုံးထားပေးရသည်။

ကလေးငယ်ကို ရေမိုးချိုး သနပ်ခါးလိမ်းပေးတိုင်း ကျီစယ်လေ့ရှိသော အမျိုးသမီးကြီးသည် အခုအခါ အလိုမကျမှုများဖြင့် မြည်တွန်တတ်လာသည်။ သူမ၏ ချစ်ခင်သနားသော အကြည့်သည် စိမ်းကားရွံ့ရှာမှုဖြင့် အရောင်ပြောင်းသွားခဲ့ပြီ။ ကလေးငယ်နှင့် ထိတွေ့ဆက်ဆံရသော အမူအရာမှန်သမျှသည် မသတီဟန်များဖြင့် ပြည့်နှက်လာခဲ့သည်။

'ဒီလိုမှန်းသိရင် မမွေးစားပါဘူးတော်၊ ဘယ့်နှယ်' ဟုလည်း မကြာခဏ မချိတင်ကဲ ရေရွတ်နေတတ်သည်။ အလုပ်ကပြန်လာတိုင်း ပွေ့ချီနှုတ်ဆက်တတ်သော ဖခင်သည် ကလေးငယ်ကို လက်ဖြင့်ပင် မတို့ထိတော့။ လူအချို့က 'ကလေးကို ပစ်တော့ မထားကြပါနဲ့ဟယ်၊ ခများ'ဟု နှစ်သိမ့်သောအခါ 'အို ကိုယ့်ကျမှ သိမယ် အိမ်ခေါ်သွားကြည့်' ဟု ပြန်ပက်သည်။

လင်မယားနှစ်ဦးသည် ကလေးငယ်အား ထိတွေ့ဆက်ဆံရန် ကြောက်ရွံ့လာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဝတ်ကျေတမ်းကျေ သဘောသာဆောင်သော ပြုစုမှုများသည် ရောဂါဆိုးကူးစက်ခံကလေးငယ်အတွက် မလုံလောက်မှန်း သိသော်လည်း ဥပေက္ခာပြုထားကြသည်။

❑

အမျိုးသမီးကြီးသည် ကလေးငယ် မရှိစဉ်ကလိုပင် နေ့နေ့ညည အိမ်လည်ပြန်သည်။ အထူးသဖြင့် အမျိုးသားကြီး ကားမောင်းထွက်သွားသောနေ့မျိုးတွင် အမျိုးသမီးကြီးသည် တစ်နေ့လုံးလိုလို အိမ်၌ မရှိတတ်ပေ။

ချက်ပြုတ်ပြီးသည်နှင့် ထမင်းဟင်းတို့ကို ယူဆောင်ကာ တစ်အိမ်အိမ်သို့ ထွက်သွားသည်။ ကလေးငယ်အတွက် သီးသန့်အစာဟူ၍ ပြင်ဆင်ထားခြင်းလည်း မရှိပေ။ ကလေးငယ်သည် စားချင်စိတ်ရှိလျှင် သူ့ဘာသာ ခူးခပ်စားသည်။ ခံတွင်းမတွေ့လျှင် တစ်နေကုန် ဘာမှမစားဘဲနေသည်။

ညခင်းများတွင်လည်း အမျိုးသမီးကြီးသည် ရေမိုးချိုးပြီးသည်နှင့် ဓာတ်မီးတစ်လက်ကို ဆွဲကာ အပြင်သို့ ထွက်သွားပြန်သည်။ မှောင်မိုက်တိတ်ဆိတ်သော ညရောက်လျှင် ကလေးငယ်သည် ဝရန်တာထောင့်တွင် အဝေးသို့ငေးကာ တစ်ယောက်တည်းထိုင်နေတတ်သည်။

အိမ်မျက်စောင်းထိုးရှိ လှုပ်ရှားယိမ်းခါနေကြသော မိုးမခပင်ကြီး၏ လက်တံများကိုကြည့်ကာ ကြောက်ရွံ့မိသော်လည်း ကြာသောအခါ အမှောင်ထုထဲရှိ လှုပ်ရှားနေသော အရာဝတ္ထုများနှင့်လည်းကောင်း၊ ငြိမ်သက်နေသော အရာဝတ္ထုများနှင့်လည်းကောင်း ကောင်းစွာရင်းနှီးကျွမ်းဝင်လာသည်။ အမှောင်သည် ကလေးငယ်၏ အဖော်ဖြစ်လာသည်။

**မိုးလေ ကင်းစင်သော ညများတွင် မိုးမခပင်ထက်၌ အရောင် တလက်လက်နှင့် ပျံဝဲနေကြသော ပိုးစုန်းကြူး ကလေးများသည် ကလေးငယ်ကို ဖျော်ဖြေ နေကြသော အကသမားများ ဖြစ်သည်**

တစ်ခါတစ်ရံ ကြယ်ကြွေသည်ကို မြင်လျှင် ကလေးငယ်သည် ဝမ်းနည်းသယောင်ယောင်ဖြစ်သည်။ မိုးလေကင်းစင်သော ညများတွင် မိုးမခပင်ထက်၌ အရောင်တလက်လက်နှင့် ပျံဝဲနေကြသော ပိုးစုန်းကြူးကလေးများသည် ကလေးငယ်ကို ဖျော်ဖြေနေကြသော အကသမားများဖြစ်သည်။ စူးစူးရှရှ အော်မြည်တတ်သော ပုစဉ်းရင်ကွဲကောင်များ၏ အသံကို ကြားတိုင်း ကလေးငယ်သည် မိခင်၏ ရင်ခွင်တွင် ခွေခွေကလေး အိပ်နေလိုက်ချင်သည်မှာ ဘာကြောင့်မှန်းမသိ။

တစ်ကိုယ်ရေညများ တဖြည်းဖြည်း ရင့်သန်လာသောအခါ ကလေးငယ်တွင် ကြာမြင့်စွာထိုင်၍ တွေဝေငေးမောနိုင်သော ခွန်အားမရှိတော့ပေ။ ထို့ကြောင့် အေးစက်နေသော တစ်စုံတစ်ရာ၏ပွတ်တိုက်ကျီစယ်မှုမှ လွတ်မြောက်သွားသည်။ သို့သော် ကလေးငယ်သည် သီးသန့်အခန်းမရှိသော အိမ်ထဲတွင် လဲလျောင်းနေရခြင်းထက် ဝရန်တာတွင်ထိုင်ကာ အမှောင်တွင်းသို့ ငေးမောနေရခြင်းကို ပို၍နှစ်သက်သည်။

❑

နေသာသော တစ်မနက်ခင်းတွင်ဖြစ်သည်။ လူတချို့သည် အမျိုးသမီးကြီး၏ အိမ်တွင် စုရုံးရောက်ရှိနေကြသည်။ သူတို့သည် လူမှုရေးရာတွင် အနည်းငယ်နှံ့နှံ့စပ်စပ်ရှိသော ပုဂ္ဂိုလ်တစ်ဦး၏ဦးဆောင်မှုဖြင့် ရပ်ကွက်လူကြီးထံ အကျိုးသင့်၊ အကြောင်းသင့် ရှင်းပြကာ အိမ်ကလေးဆီ ရောက်လာကြခြင်းဖြစ်သည်။

သူတို့၏ သဘောထားကို လင်မယားနှစ်ဦးစလုံး လက်ခံကြလိမ့်မည်ဟု ယုံကြည်ထားကြသည်။ သူတို့သည် ကလေးငယ်အတွက် ယူကျုံးမရ ဖြစ်ရသူများဖြစ်သည်။ ထို့ကြောင့် ကလေးငယ်၏ နေ့စဉ်ရှင်သန်မှုကို
မမြင်ရက်နိုင်တော့သည်
၌ အကောင်းဆုံးအကြံ
ကို ဆုံးဖြတ်လိုက်ကြ
သည်။ လင်မယားနှ
သည် ကလေးငယ်
နှစ်နှစ်ကာကာ တာဝန်
တော့သည်မှာ လူတို
မျက်မြင်ဖြစ်သည်။

ထင်သည့်အတိုင်း
သူတို့၏ တောင်းဆိုမှု
တွင် လင်မယားနှစ်ဦး
တွေဝေစဉ်းစားခြင်းမ
မဆိုင်းမတွပင် ခေါင်း
လက်ခံလိုက်ကြသည်။
ထုပ်ဝန်ပိုးတစ်ခု ပြော
သွားသည်ကို စိတ်သ
ရဟန်မှာ အထင်အရှား
သည်။

သူတို့သည် အော်
ဂါကူးစက်ခံ ကလေး
များအား ထိန်းကျောင်း
ဂေဟာသို့ ပို့ဆောင်ရန်
ဆင်လိုက်ကြသည်။
အခိုက် အမျိုးသမီးကြီး
ကလေးငယ်နား တိုးကပ်
ကာ နားနှစ်ဖက်မှ နား
တစ်စုံကို လျင်မြန်စွာ
ယူပစ်လိုက်သည်။ လူ
သည် မနှစ်မြို့နိုင်စွာ နှာ
ရှုံ့လိုက်သည်။ သို့သော်
သူမှ ကဲ့ရဲ့စကား မဆို

ကလေးငယ်သည်
ဝေးဝေး ရောက်သည်အ
လင်မယားနှစ်ဦးကို မျက်
များဖြင့် ငေးကြည့်နေခဲ့
လည်း ဝမ်းနည်းထိခိုက်
အနည်းငယ်မျှပင် မရှိ
လင်မယားနှစ်ဦးသည်
ကပ်ကြားမှ ကြေးတချို့
ဖယ်သုတ်ကာ ရရှိနိုင်
တန်ဖိုးကို တွက်ချက်
သည်။ ■

**သံလွင်ရှိုးမော်လမြိုင်**



www.burmeseclassic.com

www.burmeseclassic.com


"ချစ်ခင်စွဲလန်းမှုရလိုသူအမျိုးသမီးတို့အတွက်"

✶ အရင်ကချစ်ခဲ့သလောက် ယခုတော့မိမိအပေါ် အေးစက်နေပြီလား
✶ မိမိတစ်ဦးထဲကိုသာ တန်းတန်းစွဲ အမြဲချစ်ခင်ဂရုစိုက်စေဖို့
✶ ဘာပြောပြောနားထောင်လက်ခံခဲ့သူက ခုတော့ဘာပြောပြောဆန့်ကျင်နေပြီလား
✶ မိမိပြောသမျှ တစ်ခွန်းဆိုတစ်ခွန်း အောင်မြင်စေဖို့
✶ အရင်က မိန်းမကိစ္စ အရှုပ်အထွေးကင်းခဲ့သူကခုတော့ ခြေရှုပ်နေပြီလား
✶ မိမိအပေါ် သစ္စာမပျက်ပဲ ဖောက်ပြန်ရှုပ်ထွေးမှုကင်းရှင်းစေဖို့

**ဆရာမထက်နွေးစန္ဒီ** LL.B, LL.M, DBL, DML

(အမျိုးသမီးသီးသန့် လက္ခဏာဗေဒင်ဟောခန်း)

တိုက်- 40 G-2 ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာ၊ (41)ရပ်ကွက်၊ မြောက်ဒဂုံ။
Ph : 09 5164326 , 09 73106180 , 09 43094806



**ဧအားသစ္စာ ဆေးခန်း**

အရိုး၊ အကြော၊ ကျီးပေါင်းတက်၊ အကျိတ်၊ အဖု

* အရိုး၊ အကြော၊ အဆစ်၊ ကျီးပေါင်းရောဂါအမျိုးမျိုး
* အဖု၊ အကျိတ်၊ သွေးမှင်၊ လေမှင်၊ လေးဖက်နာ
* ဒူးနာ၊ ခါးနာ၊ ပေါင်ကိုက်၊ ထုံကျင်ကိုက်ခဲလက်မြောက်မရ၊ ဇနောင့်နာ
* လေငန်း၊လေဖြတ်၊ အကြောဆွဲ၊ အာရုံကြောရောဂါ
* အရိုးကျိုးအက်၊ အဆစ်လွဲ၊ ထိခိုက်ဒဏ်ရာ
* ကလေးများအကြောအားနည်း၊ ခြေမခိုင်၊ မထိုင်မထနိုင်
* ယားနာ၊ နှင်းခူ၊ ခြေခြံ၊ အရေပြားရောဂါ
* လိပ်ခေါင်း၊ ဂရင်ဂျီနာရောဂါများကို

စုတ်အပ်မထိုး၊ မနင်းမနှိပ်၊ မနာမကျင် တိုင်းရင်းဆေးစစ်စစ်ဖြင့်ကုသပေးသည်။
တနင်္ဂနွေနေ့ဆေးခန်းပိတ်သည်။


ဆရာဦးခင်ဇော်+ ဆရာမဒေါ်အေးအေးသိန်း
ဖုန်း – ၀၉ ၇၃၀၁၅၂၁၅

ဂျီအီးစီအပေါ်ထပ်၊ သာကေတမြို့နယ်၊
ရုံရှင်ရုံအနီး၊ မီးသတ်ရှေ့ ရန်ကုန်မြို့။
နံနက်(၁၀)နာရီမှ ညနေ(၆)နာရီအထိ

၃၉၈၊ ရွှေဘုံသာအထက်လမ်း။
သီတာမင်းဆေးခန်း၊ ရန်ကုန်မြို့။
နေ့လည်(၁)နာရီမှ ညနေ(၅)နာရီအထိ။
သောကြာ၊ စနေ

အိမ်အမှတ်(၁၃၀၂)၊ ရွှင်းသာလမ်းကြီး
၆/အရှေ့ရပ်ကွက်၊ ၄၉ အဝိုင်းတိတ်နှင့်
ကြယ်ငါးပွင့်မှတ်တိုင်ကြား သာကေတမြို့ ရန်ကုန်။
သောကြာ၊ စနေ၊ တနင်္ဂနွေ(နံနက် ၉နာရီမှ နေ့လည် ၁၂နာရီအထိ။

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မြောက်ပြန်လေမျှင်း အေးစေသား

## လမ်းပမြင့်ဆွဲ၊ ဖြူသစ်ကာလေး

မွန်းလွဲချိန်
ကျော်လာသည့်တိုင်
နေရောင်
မကျရောက်နိုင်သေးသော
တောင်ပေါ်ဒေသ၏
ဆောင်းနေ့ရက်သည်
ကောင်းကင်ထက်၌
အုံ့ခဲနေသည့်
နှင်းထုအောက်တွင်
အလင်းမှိန်လျက်ရှိသည်။
ရွာ၏သုသာန်ဇရပ်ထဲတွင်
သံဃာတော်ငါးပါး၊
သက်ဆိုင်သူ
မိသားစုနှစ်စုနှင့် ရွာသူ၊
ရွာသား အနည်းငယ်က
ကျဲကျဲပါးပါး ရှိနေကြ၏။
မြောက်ပြန်လေ
ခပ်သုတ်သုတ်အခြေတွင်
နှင်းမှုန်များက
ဖွေးဖွေးလှုပ်
ကြွေဆင်းလာကြသည်။
သံဃာစင်ထက်မှ
တရားပေးနေသော
ဆရာတော်၏အသံကို
ကျော်လွန်ကာ
သည်းအူပြတ်မတတ်
မချိတင်ကဲ
ငိုကြွေးသံတို့က
ဖုံးလွှမ်းသွားတတ်သည်။
အလောင်းစင်ပေါ်တွင်တော့
သက်မဲ့ခန္ဓာနှစ်ခုက
ငြိမ်သက်စွာ
လဲလျောင်းလျက်။
သက်မဲ့ခန္ဓာတစ်ခုစီအား
ဖုံးအုပ်ထားသည့်
စောင်ထည်တို့မှာ
သွေးများက
ဟိုတစ်ကွက်၊ ဒီတစ်ကွက်
စိုရွှဲနေကြဆဲ။
သံပြိုင်ညီညာစွာ
ထွက်ပေါ်လာသော
အမျှဝေသံတို့က
တည်ငြိမ်မှု
ပျက်ပြားနေသည့်
ကျွန်မ၏စိတ်အစဉ်ကို
ထိတ်လန့်ချောက်ချား
စေပြန်သည်။
အမျှဝေပြီးလျှင်…။
အမျှဝေပြီးလျှင်
ကျွန်မ ဆောင်ရွက်ရမည့်
အလုပ်သည့်သာ
ကျန်တော့သည်။
ပြီးလျှင်…။ သူတို့ကို
ကမ္ဘာမြေကြီးထဲမှာ
ထာဝရ
မြှုပ်နှံလိုက်ကြတော့မည်။
ဟင့်အင်း…။
ကျွန်မ မလုပ်ချင်ဘူး။
ကျွန်မ မလုပ်ပါရစေနှင့်။

အမှတ် ၂၂၀ ဖေဖော်ဝါရီ ၂၀၀၄



www.burmeseclassic.com

www.burmeseclassic.com

ရင်အတွင်း၌ ဆန္ဒတို့က ပွက်လောရိုက်မျှ ငြင်းဆန်နေကြသော်လည်း ဆန္ဒတို့၏တောင်းဆိုမှုကို မလိုက်လျောနိုင်သည့်အခြေအနေ။ သက်မဲ့ခန္ဓာနှစ်ခုဦးခေါင်းပြုထားရာဘက်သို့ တဖြည်းဖြည်း ကျွန်မ တိုးကပ်လာနေရသော်လည်း စိတ်တို့ကတော့ အဝေးကိုသာ ထွက်ပြေးနေကြသည်။ ဆောင်းလေကြမ်းတစ်ချက်အဝှေ့မှာ သက်မဲ့ခန္ဓာတစ်ခု၏မျက်နှာကို ဖုံးအုပ်ထားသည့်စောင်လွှာက ဖျတ်ခနဲလန်သွားချိန် သွေးစသွေးနတို့ပေကျံနေသော အပြစ်မဲ့မျက်နှာထက်မှာ မပွင့်တပွင့်ဖွင့်လျက်ရှိနေဆဲ မျက်လုံးလေးကို ကျွန်မ မြင်ဖြစ်အောင်မြင်လိုက်ရသည်။ မျက်လုံးလေးထဲမှာ မယုံကြည်နိုင်သောအရိပ်၊ ထွက်ခွာမသွားလိုသေးသောအရိပ်၊ တောင်းပန်တိုးလျှိုးနေသည့်အရိပ်အယောင်တွေကို ကျွန်မ တွေ့လိုက်ရသလိုလို။ ချည့်နဲ့နေသည့် ခြေအစုံက ရှေ့ကိုဆက်မလှမ်းနိုင်တော့ဘဲ အလောင်းစင်ရှေ့နားတွင် အရုပ်ကြိုးပြတ်ထိုင်ချရင်း ဆို့နင့်ရှိုက်ငင်စွာ ကျွန်မ ငိုကြွေးမိတော့သည်။ ❑

အရွယ်နှင့်
မမျှသည့်
ဓိသားစု
တာဝန်တို့ကို
ထမ်းရင်း
သတ်မှတ်ချိန်
ကျော်လွန်ခါမှ
လွယ်အိတ်
ကိုယ်စီနှင့်
အမောတကော
အပြေး
ရောက်လာကြသည့်
သူတို့လေးတွေကို
ကျွန်မ
မငြူစူ
မမာန်မဲရက်
ခဲ့သလို
ကရုဏာ
ဒေါသနှင့်လည်း
မောင်းမထုတ်ရက်
ခဲ့ဖူးပါ

စိုးထိတ်ကြောင့်ကြမှုတို့ဖြင့် ဖွင့်လှစ်ထားသောနံနက်ခင်းသည် ထုံးစံအတိုင်း ခြောက်ကပ်တိတ်ဆိတ်လျက်သာ။ ဒီလိုနေ့ရက်ပေါင်းများစွာနှင့် မျက်နှာချင်းဆိုင်နေခဲ့ကြရသည်မှာလည်း ကြာရှည်ခဲ့ပြီကောလေ။ လမ်းမပေါ်ကို ကြည့်ကြည့်၊ လူနေအိမ်တွေကိုပဲ ကြည့်ကြည့် လူရိပ် လူယောင်ဟူ၍ စိုးစဉ်းမျှ မတွေ့ရ။ သီချင်းသံတွေ၊ ရယ်မောသံတွေ၊ အပြန်အလှန်စကားပြောဆိုသံတွေ ပျောက်ဆုံးနေသည့် ကမ္ဘာငယ်တစ်ခု။ ဟို… ဝေးဝေးဆီမှ တောင်ယာခင်းလွင်ပြင်တို့ကို ဖြတ်ကျော်လာသည့် ဥတ္တရလေနုအေးသည်လည်း ဒီအရပ်၊ ဒီဒေသရှိ လူသားအားလုံး၏ရင်အစုံကို အေးမြမှုအနည်းငယ်မျှပင် မပေးစွမ်းနိုင်ကြောင်း ကျွန်မ အကြွင်းမဲ့ အာမခံရဲပါသည်။

အလှမ်းမဝေးလှသည့် အရှေ့တောင်တန်းဆီမှ ပေါက်ကွဲသံတို့ကို ကြိုးကြား ကြိုးကြား ကြားနေရပြန်သည်။ ဒီအသံတို့၏ ရိုက်ခတ်မှုကြောင့် ညစဉ်ညတိုင်းမှာ ကျွန်မတို့အတွက်တော့ ကြယ်တွေစုံလေ မျက်လုံးပြူးလေဖြစ်ခဲ့ကြရစမြဲ။ စူးစူးဝါးဝါး ထိုးဟောင်လိုက်သော ခွေးတို့၏အသံသည် ကျွန်မတို့တောင်ပေါ်ရွာလေးအတွက် အန္တရာယ်အချက်ပေး ခေါင်းလောင်းသံများအဖြစ် အားလုံးက နားလည်ထားကြသည်သာ။ ထိုခွေးဟောင်သံတို့နောက်တွင်… အဆက်မပြတ်သော သေနတ်သံများမဟုတ်လျှင် ရွာကလေးနှင့်အနီးဆုံး မီးရထားသံလမ်းဘက်မှ မိုင်းဗုံးပေါက်ကွဲသံတို့က ဒွန်တွဲလာတတ်စမြဲပင်။

မြေပြင်တစ်ခုလုံး အက်ကွဲသွားတော့မတတ် ပြင်းထန်လှသည့်ပေါက်ကွဲသံသည် လေဟာနယ်ကို ထိုးဖောက်ကာ ရင်ဘတ်အတွင်းရှိ ကလီစာတို့ကို ကြမ်းတမ်းသောလက်ကြီးနှင့် ဆုပ်ကိုင်ခါယမ်းလိုက်သည့်နှယ်။ နှလုံးခုန်သံတို့ ဗြုန်းဗြုန်းမြန်ချောက်ချားကြရသည်။ အလင်းရောင်မပြရဲသည့် အမှောင်ထုထဲတွင် ငုတ်တုတ်ထိုင်ကာ အရုပ်လေးမျက်နှာဆီသို့ နားအစုံကို အကြားမလပ် စွင့်ရင်း… အိပ်စက်ခြင်းများ ခိုးယူခံနေရသည့်ညဆိုးများကို မုန်းတီးလွန်းလှကြပါပြီ။ ဘယ်ဘဝက ပြုခဲ့မှန်းမသိသောအတိတ်ဝဋ်ကြွေးတို့ကို ပေးဆပ်နေရခြင်းများလားဟု ကြေကွဲအတွေးတို့ကိုလည်းတွေးနေဖြစ်ဖူးပါသည်။

ရင့်တစ်ခါ ဖျော့တစ်လည့်နှင့် နေရောင်ခြည်ကျရောက်ခြင်း မညီညာမှု… ယူရင်း နေပူဆာလှုံ လဲ… နေသည့် နှစ်ရောင်ပြေ… သော တောင်တန်းပြာကြီး… သို့ အဓိပ္ပာယ်မဲ့ ကျွန်မ… ကြည့်နေမိသည်။ … တန်းပြာကြီးဘက်ကို … လပ်စွာ ပျံသန်းသွားကြ… ဗျိုင်းဖြူတစ်အုပ်၏ … ကြမဲ့မှုကို ကျွန်မ မက်… အားကျမိပါသည်။ … သက်ဖွယ်ရာကာလတို့… ဘယ်အချိန်အထိ သ… ရှည်နေဦးမည်လဲ။ လို… ချက်တွေအတွက် အသုံး… နိုင်သည့် ဦးနှောက်ပိုင်… တွေ၊ အတ္တရင်အုံနှင့် … ဟာ ဘယ်အတိုင်းအ… များ ဆိုးဝါးသည့်နေ့ရက်… ကို ဆွဲဆန့်နေကြဦးမည်… လောကားဆီမှ ခပ်ဖွဖွတ… သောခြေသံကြောင့် … လှည့်ကြည့်လိုက်သည်။ … ရိမ်မှုမျက်ဝန်းတွေနှင့် … ငယ်က ကျွန်မအနားကို … ကပ်ရင်း စကားတီး… သည်။

'စစ်ကြောင်းတွေ … လာတယ်တဲ့၊ ပုန်းကျ… ဝင်နေမှ ဖြစ်မယ်'

သက်ပြင်းတစ်ချ… လေးတွဲ့စွာချရင်း … ထပ်သို့ ကျွန်မ ဆင်း… သည်။ အောက်ထပ်… ထောင်ထားသည့် … သင်ပုန်း (Blackboard) … ခုနှင့် စီတန်းညီညာစွာ … သော ထိုင်ခုံလေးများကို … ရစဉ်အခိုက်မှာ ရင်… ရှုးခနဲ နာကျင်၏။ ထိုင်… နေသည့်ခုံလေးများက … ဆိတ်ငြိမ်သက်လို့။ … ကတော့ ဒီနေ့လေး…

www.burmeseclassic.com

ညနေတိုင်း များစွာတို့မှာ စာအံသံတွေ ကျယ်လောင်နေခဲ့ဖူးသည်။ ရယ်မောငြင်းခုံသံများ ဝေစည်နေခဲ့ဖူးသည်။ ကျွန်မ ဝါသနာ၊ စေတနာ၊ အနစ်နာ ရေစင်တို့ ဖျန်းခဲ့ဖူးသော အခမဲ့ စာသင်ခန်းလေး တစ်ခုဖြစ်ခဲ့ဖူးပါသည်။

❑

'ကျောင်းဆရာမ အနွယ်' ဟု ပတ်ဝန်းကျင်မှ အသိအမှတ်ပြုထားရသည်အထိ ကျွန်မတို့ ဆွေမျိုးစုထဲတွင် ကျောင်းဆရာမများ ဖောခြင်းသောခြင်း ပေါများလွန်းခဲ့သည်။ ဂျပန်ခေတ်တွင် ကျောင်းဆရာမလုပ်ခဲ့သော အဘွားမှစ၍ အဒေါ်များ၊ အစ်မများသာမက ဦးလေးနှင့် အစ်ကိုကြီးတို့ယူသော ဇနီးမများပင်လျှင် ကျောင်းဆရာမများ ဖြစ်နေခဲ့ပြန်သည်။ မျိုးဆက်တာဝန်ကို ဆက်လက် ထမ်းဆောင်ခြင်းဖြင့် ကျွန်မသည်လည်း ကျောင်းဆရာမတစ်ဦး ဖြစ်လာခဲ့ပြန်ပါသည်။

ဇာတိရွာလေးသို့ ကျွန်မ တာဝန်ကျလာသောအခါ တစ်ရွာလုံး၏ ဝမ်းသာမှုနှင့် ကျွန်မ၏ပျော်ရွှင်တို့က ထပ်တူကျခဲ့ကြသည်။ မိုးနည်းရေရှားရပ်ဝန်း၌ ပေါက်ရောက်လာခဲ့ရသော ပျိုးပင်လေးများ အများစုမှာ ဖွံ့ဖြိုးမှုအား နည်းပါးပြီး ကြံလိုမှုအားကသာ များနေတတ်ကြသည်။ ကိုယ့်ရွာ ကိုယ့်ကျောင်း ကိုယ်က ကောင်းအောင် လုပ်ဆောင်ရမည်ဟူသော စေတနာ အသိကြီးထွားနေသော ကျွန်မမှာ ကျောင်းတွင် စာသင်ကြားရသည်နှင့် မတင်းတိမ်နိုင်ဘဲ

နီးရာဓားကိုလည်း ကြောက်ရ ဝေးသည့် ဓားကိုလည်း ရှို့ရနှင့် ဘောင်းဘီရှည် ဝတ်သူတိုင်းကို မော်မကြည့်ရဲ လောက်အောင် ကြောက်လန့် လွန်းသည့် စိတ္တဇတို့က ရင်မှာ အမြစ်တွယ်ခဲ့ကြပြီ

စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်နှင့် ကျောင်းဖွင့်ရက် ညနေ ကျောင်းဆင်းပြီးချိန်တို့တွင် အောက်ထပ်တစ်ခုလုံးကို သိမ်းယူကာ ဒုတိယ စာသင်ကျောင်းအဖြစ် ဖန်ဆင်းခဲ့သည်။

များသောအားဖြင့် သင်ကြားပေးမည့် ကျွန်မကသာ အသင့်အနေအထား အမြဲရှိနေခဲ့သော်လည်း သင်ယူမည့် သူတို့လေးတွေက ရောက်မလာနိုင်ကြ။ ဖွဲ့စည်းမှု အနိမ့်ပိုင်းတွင် တည်ရှိနေကြသည့် သူတို့မိသားစုနှင့် အတူ တောင်ယာခင်းများဆီသို့သာ လိုက်ပါသွားကြရပြန်သည်။ အရွယ်နှင့်မမျှသည့် မိသားစုတာဝန်တို့ကို ထမ်းရင်း သတ်မှတ်ချိန်ကျော်လွန်ခါမှ လွယ်အိတ်ကိုယ်စီနှင့် အမောတကော အပြေးရောက်လာကြသည့် သူတို့လေးတွေကို ကျွန်မ မငြူစူ၊ မမာန်မဲရက်ခဲ့သလို ကရုဏာဒေါသနှင့်လည်း မောင်းမထုတ်ရက်ခဲ့ဖူးပါ။ ဖြည့်သူမဲ့ ကွက်လပ်များစွာကြားမှ ခဲရာခဲစဉ် ပညာဆည်းပူးနေရသည့် သူတို့လေးတွေသည် ကျွန်မနှင့်အတူ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်နေကြသည့် ဆင်းရဲဖော် ဆင်းရဲဖက်များသာ။

သယံဇာတ ပေါကြွယ်ဝဆုံး ပြည်နယ်တစ်ခုမှာ မွေးဖွားလာကြရသော်လည်း ရွှေရောင်၊ ငွေရောင်၊ ကျောက်စိမ်းရောင်တို့ ဆိတ်သုဉ်းနေသော မှောင်မိုက်ကြမ်းတမ်းသည့် လမ်းမကြီးထက်မှာ မှိန်ပျပျ မီးအိမ်ငယ်တစ်လုံးဖြင့်သာ မစားရ အညှော်ခံဘဝနှင့် ခရီးဆက်ခဲ့ကြရသည်။ အရောင်စုံလက်များစွာတို့က ပြည်နယ်ရင်အတွင်းမှ အဆီ၊ အနှစ်တို့ကို သူ့ထက်ငါ အရင်အလုအယက် နှိုက်ယူသွားကြပြီး ကလီစာတွေ ကုန်လုနီးနေသည့် ရင်ဘတ်ဟောင်းလောင်းအတွင်းမှာ လက်လုပ်မှ ပါးစပ်လှုပ်ခွင့်ရသည့် လူနေမှု အဆင့်အတန်း၊ စစ်ရိပ်စစ်ငွေ့တို့ လွှမ်းခြုံလိုက်တိုင်း တစ်ဟုန်ထိုးတက်လာသည့် ကုန်ဈေးနှုန်း၊ ဘက်ပေါင်းစုံ ဆိုးဝါးနိမ့်ကျမှုတွေနှင့် ရုန်းရင်းဆန်ခတ် နပန်းလုံးရင်း ခက်ခဲစွာ ရှင်သန်နေရသည့် ဘဝတွေဟာ ဘယ်သူ ဘယ်သူ့ကြောင့်ဟု လက်ညှိုးထိုး စွပ်စွဲဖို့ရန် မစွမ်းသာသည့် အဆုံးမှာတော့ ကံကိုသာ တရားခံလုပ်ရင်း မချိပြုံးနှင့် အသက်ဆက်နေခဲ့ကြရသည်ပဲလေ။

❑

နယ်စပ်မြို့လေးတစ်မြို့မှ စတင်လိုက်သော စစ်မီးသည် တစ်ခဏအတွင်းမှာပင် အခြားမြို့များကို လျင်မြန်စွာ ကူးစက်လာခဲ့သည်။ တစ်ဖက်နှင့် တစ်ဖက်တို့၏ အားကျမခံ ပြကြသည့် ပညာအစွမ်း၊ အာဏာအစွမ်း အားပြိုင်မှုတို့၏ အောက်မှာ အပြစ်မဲ့သူများကတော့ လူးလိမ့်အောင် ခံစားကြရပြန်သည်။ အရှေ့တောင်တန်းနှင့် အနောက်တောင်တန်းအကြား၌ တည်ရှိခဲ့သော ကျွန်မတို့ ရွာလေးအဖို့ ကျားနှင့် မုဆိုးတို့၏ စစ်ဗျူဟာခင်းရန်နေရာ တစ်ခုအဖြစ် မျက်စိကျခြင်း ခံရလေသည်။

နီးရာဓားကို လည်း ကြောက်ရ၊ ဝေးသည့်ဓားကိုလည်း ရှို့ရနှင့် ဘောင်းဘီရှည်ဝတ်သူတိုင်းကို မော်မကြည့်ရဲလောက်အောင် ကြောက်လန့်လွန်းသည့် စိတ္တဇတို့က ရင်မှာ အမြစ်တွယ်ခဲ့ကြပြီ။ တစ်နေ့ထက် တစ်နေ့ တိုက်ပွဲသံများ၊ မိုင်းဗုံးပေါက်ကွဲသံများစိပ်လာသည့်အကျိုးဆက်မှာ 'နံနက် ၆ နာရီ မထိုးမီနှင့် ညနေ ၆ နာရီကျော် လွန်ချိန်တို့တွင် ဖြတ်သန်းသွားလာခွင့်မရှိ' ဟူသော ကန့်သတ်မိန့်တို့ ထွက်လာခဲ့တော့သည်။ ညနေကျောင်းဆင်းပြီးချိန်မှ ည ၇ နာရီအထိ



www.burmeseclassic.com

www.burmeseclassic.com

သင်ကြားပေးနေသော ကျွန်မ၏ဒုတိယစာသင်ခန်းလေးမှာလည်း အလိုလိုပိတ်ပြီးသားဖြစ်သွားရတော့၏။

'...မြို့မှာ ကျောင်းသားတွေကို ဝင်ဆွဲသွားတယ်'

'....ရွာမှာ နေ့ခင်းကြီးဝင်လာပြီး မိန်းကလေးတွေကို ခေါ်သွားသတဲ့'

ဘူးလေးရာ ဖရုံဆင့်စေသော သတင်းစကားများက အားလုံးကို သွေးပျက်စေပြန်သည်။ ကျောင်းများ ပိတ်ခွင့်ရသည်နှင့် မြေပြန့်ဒေသမှ တာဝန်ကျနေသည့် ဝန်ထမ်းတို့သည်လည်း အချိန်မဆိုင်းဘဲ နေရပ်အသီးသီးကို အပြေးပြန်ကြတော့သည်။ ပြေးစရာ မြေမရှိသော ကျွန်မတို့သာလျှင် စစ်မြေပြင်၊ စစ်တလင်းဝယ် မျက်စိသူငယ်၊ နားသူငယ်ဖြင့် ကျန်ရစ်ခဲ့ကြရ၏။

အချိန်အခါမရွေး ကျရောက်လာတတ်သည့် လက်နက်ကြီး၊ ငယ်တို့၏ ကျည်အန္တရာယ်၊ မထင်မှတ်ချိန်တို့မှာ လူဝင်ဆွဲတတ်သော ကျားအန္တရာယ်တို့ကြောင့် နေ့နေ့ညည ပုန်းကျင်းထဲတွင် ပုန်းခိုရင်း ပွဲရွှေ့နေသည့် မျှော်လင့်ချက်တို့ကို ပွေ့ပိုက်ကာ အနာဂတ်များ တိမ်းပါးနေခဲ့ကြရသည်။

❑

'ပုန်း'

အနောက်တောင်တန်းဘက်ဆီမှ ပေါက်ကွဲသံတစ်ခုက တောင်ပေါ်ရွာလေးကို သိမ့်သိမ့်တုန်အောင် ဆွဲကိုင်ခါယမ်းလိုက်သည်။ ဖရိုဖရဲပြိုကွဲသွားသည့်စိတ်တို့နှင့် နောက်ဆက်တွဲပစ်ခတ်သံတို့ကို နားစွင့်နေကြသော်လည်း မည်သည့် အသံမျှ ထွက်ပေါ်လာခြင်း မရှိ။ သက်မဲ့ကမ္ဘာတစ်ခုပမာ ငြိမ်သက်တိတ်ဆိတ်နေသည်။ အတန်ကြာသည်အထိ ငြိမ်သက်နေမှုကို တဖျပ်ဖျပ် ပြေးလာသော ခြေသံတို့က ခြေဖျက်ကာ သတင်းဆိုးကို ယူဆောင်လာချိန်မှာမှ မုန်တိုင်းတစ်ခုအား မျိုသိပ်ထားသည့်ပင်လယ်ပြင်၏ ငြိမ်သက်နေခြင်းမျိုးမှန်း ကျွန်မ သိခွင့်ရလိုက်သည်။

'ဆရာမ... ဆရာမ... အိုက်ပီးနဲ့ ဇော်ယော်တို့ မိုင်းနင်းမိလို့ သေပြီ'

❑

ကျားမှ မုဆိုးကို ဆင်ထားခဲ့သည့် ထောင်ချောက်လား။ မုဆိုးမှ ကျားအား ဆင်ထားသည့် ထောင်ချောက်လေလား။ မည်သူမျှ တိတိကျကျ မသိနိုင်ခဲ့ကြသော်လည်း မုဆိုးနှင့် ကျားတို့၏ ပရိယာယ်ကြားဝယ် သားသမင်တို့မျက်ရည်စို့ခဲ့ကြရပြီ။

သားသမင်တွေ ခန္ဓာကြွေခဲ့ကြရပြီ။ လူသားဆန်သည့်တန်ဖိုးများ ကျဆင်းနေသူတို့၏လုပ်ရပ်ကြောင့် ထုဆစ်ဆဲကာလမှာပင် ရုပ်တုလေးနှစ်ခု အပိုင်းပိုင်း အဆစ်ဆစ် ကျိုးပျက်ခဲ့ရပြီကော။ အားပျော့ပျက်ပြယ်ခြင်းမရှိသေးသော စစ်ပွဲအတွင်း၌ ငါ့ဝမ်းပူဆာ မနေသာတော့သည့်အဆုံး အရဲကိုးကာ တောင်ယာခင်းဆီ စပါးရိတ်သွားရာမှ စစ်၏ သားကောင်ဖြစ်ခဲ့ရလေပြီ။ ရွာသားများ ရောက်ရှိသွားချိန်တွင်... ကြွေမွနေသော ခြေအစုံတို့က တစ်နေရာ၊ ခန္ဓာကိုယ်က တစ်နေရာနှင့် သွေးအိုင်ထဲတွင် လူးလိမ့်နေကြဆဲဟု ရင်နင့်ဖွယ်စကားတို့ကို ခါးသောနားနှင့် ကြားခဲ့ရသည်။ စကားလုံးတို့ လိုက်မမီနိုင်သည့် နာကျင်မှုက ရင်အပြည့် ကျပ်သိပ်နေသည်။

မေတ္တာပို့၊ အမျှအတန်းဝေပြီးသည်နှင့် ဆရာတော်နှင့်တကွ သံဃာတော်များက တည်ငြိမ်စွာ ပြန်ကြွသွားကြပြီ။ အလောင်းမြှုပ်နှံရန် ရွာသားများလည်း ကျွန်မကို စောင့်ဆိုင်းနေကြပြီ။ ရွာအလယ်တန်းကျောင်း၏ တာဝန်ခံဖြစ်သည့် ကျွန်မ၊ အဋ္ဌမတန်း၏ အတန်းပိုင်ဖြစ်သည့် ကျွန်မ ရှောင်လွှဲမရသည့် အလုပ်တစ်ခုကို မဖြစ်မနေ လုပ်ဆောင်ပေးရတော့မည်။ နှုတ်ဖျားမှ စကားလုံးတို့အစား မျက်ဝန်းမှ မျက်ရည်တို့ကသာ ပိုးပိုးပေါက်ပေါက် ကျရောက်နေကြပြန်သည်။

ဆန္ဒတို့က အကြောက်အကန် ငြင်းဆန်နေကြသော်လည်း အချိန်တို့ကြန့်ကြာစေဖို့မလိုလားသည့်မျက်လုံးများက ကျွန်မကို ဖိအားပေးနေကြပြီ။ လေးပင်စေးကပ်နေသောနှုတ်ခမ်းနှစ်လွှာကို အားယူဖွင့်ဟလိုက်စဉ် ကျွန်မ မသိသော၊ ကျွန်မ ကြောက်ရွံ့မုန်းတီးလှသောအသံတစ်ခုက ကျွန်မ၏နှုတ်ဖျားမှ အက်ကွဲထစ်အစွာ ထွက်ကျလာခဲ့၏။

'ဤ...ကျောင်း... နှင့် ...သင်တို့...နှစ်ဦး... သည်... မည်...သို့...မျှ... မသက်ဆိုင်...သင်...တို့... သွားလိုရာ...သွား...နိုင်... ပြီ...' ■

**လင်းယဉ်နွဲ့(မြို့သစ်ကလေး)**

အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

(၁)အောင်နန်းမွေး(သရက္ကုံ) *မညီမျှသော မျဉ်းပြိုင်များနှင့်* ၊စစ်ကိုင်း၊ (၂) အောင်နန်းမွေး(သရက္ကုံ) *စေ့သွန်ရာ* ၊စစ်ကိုင်း၊ (၃) ပွေးဒူးထူးကျော်(မင်းတုန်း) *သိစိတ်မွေးသော မြစ်များ၏ဒဏ်* ၊မကွေး၊ (၄) ဂျူပီတာ *ချို ချဉ်ခါး* ၊ချင်း၊ (၅) စူးရှကို *မှော်ဝင်ကကြိုး* ၊စစ်ကိုင်း၊ (၆) လွမ်းနော် *ထမင်းဝိုင်းပေါ်မှ ကလောင်တစ်ချောင်းရဲ့ ရာဇဝင်* ၊Email (၇) ညီစောရန်နောင် *မျက်ရည်စစ်တမ်း* ၊ရန်ကုန်၊ (၈) ဒီလှိုင်းဝင်း(မန္တလေး) *တယုဉ်နိုင်း၍ မမီသာ* ၊မန္တလေး၊ (၉) မောင်ကျောင်းသား (ပခုက္ကူ) *စတုတ္ထမြောက် ပန်းသီးပိုင်ရှင်* ၊ပခုက္ကူ၊ (၁၀) ကျင်ကိုချန် *အယ်ဂျာရာ* ၊ရန်ကုန်၊ (၁၁) ကျင်ကိုချန် *ရွှေခြည်ငွေခြည်တန်းပါလို့* ၊ရန်ကုန်၊ (၁၂) ကျင်ကိုချန် *အလွဲသုံးစားမှု* ၊ရန်ကုန်၊ (၁၃) ရည်ဝေ(လင်းရောင်ခြည်) *လိပ်ပြာတစ်ကောင်၏ အတ္ထုပ္ပတ္တိ* ၊ရန်ကုန်၊ (၁၄) ရည်ဝေ(လင်းရောင်ခြည်) *အဖွဲ့တွင်း၏သားကောင်* ၊ရန်ကုန်၊ (၁၅) ကျော်ဝဏ္ဏ *တံခါးများ* ၊မန္တလေး၊ (၁၆) ထော်ဦး(ဘားအံ ကွန်ပျူတာ) *ဖေဖေ့သမီး* ၊Email (၁၇) ခွဲနေရောင် *ပျောက်ဆုံးသူ* ၊- ၊ (၁၈) မင်းညို့သွေး *ဘိုဥ်* ၊ပခုက္ကူ၊ (၁၉) ပွေးဒူးထူးကျော် (မင်းတုန်း) *လောကဓံတရားကို စိန်ခေါ်သူ* ၊မကွေး၊ (၂၀) မြတ်သောခေတ် *သတင်းထူးတွေ သတင်းထူးတွေ* ၊ရန်ကုန်၊ (၂၁) ထော်ဦး(ဘားအံကွန်ပျူတာ) *ချစ်ရမ္မက်* ၊Email (၂၂) အလင်း *ကပ်၍မြိုက်ကာ လောင်ကျွမ်းမီး* ၊မန္တလေး၊ (၂၃) အလင်း *မေတ္တာကမ်းပါး ဘယ်သူ့ဖြို* ၊မန္တလေး၊ (၂၄) ကချင်လေး(ဆေး-မန်း) *မျက်မှန်တစ်လက်ဖြင့် ပစ်ခွင်းဝေသာဆုံမှတ်* ၊မန္တလေး၊ (၂၅) ကချင်လေး(ဆေး-မန်း) *ကိုယ်တိုင်ရေးပြီး ကတဲ့ပြဇာတ်* ၊မန္တလေး၊ (၂၆) ကချင်လေး(ဆေး-မန်း) *သံသယဆက်ထုံး* ၊မန္တလေး၊ (၂၇) လင်းလက်အောင်(Y.T.U) *ကမ္ဘာ့သည်းသစ်နှလုံးသား* ၊ရန်ကုန်၊ (၂၈) ဘေဘီဘဲ (ကျောက်ဆည်) *ကျွန်မ၏ ကောင်းကင်တစ်ခြမ်း* ၊ကျောက်ဆည်၊ (၂၉) သုတအောင် *အညာဆွမ်းတော်ကြီးခံ* ၊Email (၃၀) ကိုမောင်မောင်တိုး(တောင်ပို့) *လှုပိ* ၊ချောက်၊ (၃၁) ကိုမောင်မောင်တိုး(တောင်ပို့) *ကျက်ပြီလားဟေ့ ဆွေနွယ်မောင်* ၊ချောက်၊ (၃၂) မိုးဆက်အိမ် (ကြာအင်းဆိပ်ကြီး) *ဝေးရာသို့* ၊ကရင်၊ (၃၃) ရွှေလွမ်းအောင်(နေပြည်တော်) *အတွေ့အကြုံ* ၊မိတ္ထီလာ၊ (၃၄) ရွှေလွမ်းအောင်(နေပြည်တော်) *ဘာတတ်နိုင်သေးလဲ* ၊မိတ္ထီလာ၊ (၃၅) မောင်ခိုင်စု *ကျွန်တော်ညောင်ရေလောင်းတတ်သည်* ၊မကွေး၊ (၃၆) မိုးထက်ကျော်(ကွင်း ကောက်) *ခိုင်မြဲတဲ့ကြိုး* ၊ဟသ်ာတ၊ (၃၇) မိုးထက်ကျော်(ကွင်းကောက်) *လရောင်ဆမ်း-တဲ့ လမ်းကလေး* ၊ဟသ်ာတ၊ (၃၈) ပိုပိုအောင်(ဝန်းသို) *ချစ်ခြင်း မုန်းခြင်းရသ* ၊မြစ်ကြီးနား၊ (၃၉) ခေမံ *ပြဒါးမဲ့ မှန်တစ်ချပ်* ၊ကူမဲ၊ (၄၀) ငြိမ်းချမ်းဇော် *ဟင်းတစ်ခွက်နဲ့ သမိုင်း* ၊ရန်ကုန်၊ (၄၁) ဂျူပီတာ *သို့…အတွက်* ၊ချင်း၊ (၄၂) ဖြူစင်သန့်စင်အောင်(တောင်ကြီး) *စိတ္တဇဖုန်း* ၊တောင်ကြီး၊ (၄၃) လင်းသစ်တည် (ကျုံပျော်) *တောင်တန်းတွေကို ဖျောက်တဲ့မြူ* ၊ကျုံပျော်၊ (၄၄) မြင့်မြင့်ကြည်(မန္တလေး) *ဟိုတုန်းကတို့နှစ်ယောက်* ၊မန္တလေး၊ (၄၅) ပြုံးနွဲ့နွဲ့ဝါ *ပီတောက်တောင်တန်း* ၊သထုံ၊ (၄၆) ဇော်သစ် (စကုကျွန်း) *အစိမ်းသက်သက်အိပ်မက်* ၊တောင်ကုတ်၊ (၄၇) ကျုံပျော်စိုးလွင်(ပညာရေး) *အမြင့်မှ* ၊ကျုံပျော်၊ (၄၈) အားသစ်(ဇဂျမ်း) *မျက်လှည့်* ၊မူဆယ်၊ (၄၉) အပြောချို(လှထုစာကြည့်တိုက်) *တစ်နေ့နေ့တဲ့လား* ၊မန္တလေး၊ (၅၀) သုဒ္ဓ *လူနှင့် သူ၏ဝေဒနာ* ၊Email

■

*အေားမြတ်မြတ်ချို ပြုစုသည်။*

၂၀၁၃ ခုနှစ်
အောက်တိုဘာ
၃၁ ရက်နေ့မှ
၂၀၁၃ ခုနှစ်
ဒီဇင်ဘာ
၄ ရက်နေ့အထိ

www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ၂၀၁၃ ခုနှစ်ထဲမှာ ရွှေအသစ်ကဏ္ဍ ရေးသားပေး
ရွှေချစ်သူမှ ရွှေချစ်သူကဏ္ဍကလည်း ယခင်ကလို မမြိုင်တာကြော
အခုစာမူကို ရေးမိခြင်း ဖြစ်ပါတယ်။ ပြောရရင် လက်ရှိ ရွှေအသစ်တွေ
အရင်ကလို 'နှစ်ပေါက်'စောင့်ရတဲ့ အနေအထားမျိုး မရှိတော့ပါဘူး။ ဆရာ
မသီတာလည်း ဖတ်အား'နိုင်'လာပြီ ဖြစ်သလို ဆရာ ဦးဝင်းငြိမ်းအနေနဲ့လည်း
ခံတွင်းတွေ့ရင် တွေ့သလို လေး ငါးပုဒ်အထိ ဖော်ပြပေးနေပါ
ဒါကို သိပါလျက် ရွှေအသစ်တွေ အားပျော့လာခြင်းအပေါ်
မအားလပ်သည်လား၊ ဖန်သားပြင် ယဉ်ကျေးမှုကြောင့်လား၊ အားလျော့တာလား
စသည်ဖြင့် မောင်အင်းတွေးမိရာက'အားလျှော့'တာမျိုး ဖြစ်မှာစိုးတဲ့အတွက်
'အားဆေး' တစ်ခွက် တိုက်ချင်တဲ့စိတ်လည်းပါတာပေါ့။ အထူးသဖြင့်
ဆရာမ မသီတာ ပြန်ကြားချက်မှာ စာမူတချို့က ကောင်းတယ်
ဒါပေမဲ့ ဝတ္ထုရှည်ဖြစ်နေတယ်။ တချို့ကတော့ ဆောင်းပါးဆန်နေတယ်
စသည်ဖြင့် တွေ့ရတဲ့အခါ 'ပစ်မှတ်လွဲ ချော်သွားပြီ'လို့ တွေး
အဲဒီစာမူကို နမြောမိတယ်။ နမြောမိတဲ့နောက်မှာ ကပ်ပါလာတာ



ရွှေကလောင်သစ်ရဲ့ အားစိုက်မှု
အားစိုက်ခဲ့ပေမဲ့ လွဲချော်သွားရင် တချို့
အားပျော့သွားတတ်ပါတယ်
ဒါကိုလည်းပူလို့ အကြံပေးတဲ့အနေ
ရေးလိုက်တာပါ။ ရွှေကလောင်သစ်
တို့အနေနဲ့ မိမိရဲ့ကဗျာတစ်ပုဒ်
စာတစ်ပုဒ်ကို ဘယ်လိုသဘောထား
မောင်အင်း မသိပါဘူး
မောင်အင်းကတော့ မောင်အင်း
စာတစ်ပုဒ်ကို 'လေးညို့ပေါ်တင်လိုက်တဲ့
မြားတစ်စင်း'ကဲ့သို့ သဘောထား
တယ်။ မြားဦးချွန်မြမှုက မောင်အင်း
စိတ်ကူးစိတ်သန်းဖြစ်ပြီး ပစ်မယ့်အား
ကတော့ လေ့လာသင်ယူခဲ့မှု
မောင်အင်းယူဆပါတယ်။ သိ
သင့်တာကတော့ မိမိကိုယ်
ချွန်မြလှပြီ၊ အဟုန် ပြင်းလှပြီ
ယူဆခဲ့ပါလျက် ပစ်မိတဲ့ မြား
ပစ်မှတ်လွဲချော်ခြင်း၊ ပစ်မှတ်
ထိပါလျက် စိုက်မဝင်ခြင်း
ရှိတယ်ဆိုတဲ့ အချက်ပါပဲ
ဒီနေရာမှာ သတိချပ်ရ
မောင်အင်းတို့လို ရွှေကလောင်သစ်တွေဟာ ပစ်မှတ်ရွေးချယ်တတ်ဖို့
ပစ်မှတ်ဆိုတာကတော့ မဂ္ဂဇင်းအသီးသီးရဲ့ 'အယ်ဒီတာ'တွေပဲ
နောက်တစ်ချက် သိထားရမှာကတော့ မဂ္ဂဇင်းအယ်ဒီတာ
စားပွဲနောက်မှာ ပြုံးပြုံးကြီး ထိုင်နေပေမဲ့ အဲသည့်ပုဂ္ဂိုလ်ကြီး အသီး
ရင်ဘတ်ဟာ 'ဒိုင်း'လိုပဲ မာတယ်ဆိုတဲ့ အချက်ပါပဲ။ တော်ရုံမြားစိုက်
မလွယ်မှန်း သိသာလွန်းပါတယ်။ ပိုဆိုးတာက 'ရွှေ'မှာဆိုရင် 'ဒိုင်း'
နှစ်ခုရှိနေခြင်းပေါ့။ ဒါကြောင့် မိမိမြားက ဘယ်ပစ်မှတ်မျိုးကို ပစ်ရ

www.burmeseclassic.com

www.burmeseclassic.com

မြားလဲဆိုတာ မိမိကိုယ်တိုင် ဦးစွာခွဲခြား
နိုင်ဖို့ လိုပါတယ်။ မြားလည်းချွန်၊ အဟုန်
ပြင်းအောင်လည်း အားစိုက်ပြီးပြီဆိုရင်
တော့ ပစ်မှတ်အမှန်ကို ချိန်ပြီးပစ်စမ်း
ပါ။ ဟာသဆို ဟာသပစ်မှတ်၊ သုတဆို
သုတ ပစ်မှတ် ပစ်မှတ်သာမှန်ခဲ့ရင်
ဒိုင်းရင်ဘတ်ကြီးတွေ မခံနိုင်ပါဘူး။
အဲသည့် ဒိုင်းရင်ဘတ်တွေကို ဖောက်ပြီး
ရင်တော့ စာမျက်နှာကတစ်ဆင့် စာဖတ်
သူရဲ့ရင်ဘတ်ကိုလည်း စိုက်ဝင်နိုင်ပါ
ပြီ၊ ခေတ်အဆက်ဆက်မှာလည်း ချွန်
ပြီး အဟုန်ပြင်းတဲ့မြားတွေဟာ ဒီနေ့
အထိ စာဖတ်သူရဲ့ရင်ဘတ်တွေကို
ဆက်တိုက်ဖောက်နေတာကတော့ သက်
သေပဲပေါ့။ (ဥပမာ-ဆရာ ဇော်ဂျီရဲ့
ဓာဒါလမ်း၊ ဆရာ မောင်ထင်ရဲ့ ငဘ)။

လက်ရှိအခြေအနေမှာတော့ ဒိုင်း
ရင်ဘတ်ကြီးတွေကိုပဲ ကြောက်လို့လား၊
ပစ်ရတာပဲ လက်ပန်းကျလို့လား မသိပါ
ဘူး ရွှေကလောင်သစ် မြားအစင်းရေ
တွေ လျော့နည်းလာတယ်လို့ မောင်အင်း
ထင်ပါတယ်။ ဒါကြောင့် အားဆေးတစ်
ခွက်ထပ်တိုက်ချင်ပါသေးတယ်။ 'အား
ဆေး'ဆိုတာကတော့ မောင်အင်းရဲ့
အကြောင်းလေး ပြောပြချင်တာပါ။
ယူသင့်တာလေးယူပြီး မြားအစင်းရေ
တွေ တိုးလာမယ်ဆိုရင် မောင်အင်း
အတွက် အမြတ်ပေါ့။

မောင်အင်း စာစရေးတော့ ၁၉၇၉
ခုနှစ်ပါ။ အထက်တန်းကျောင်းသား
ဘဝဆိုတော့ 'ကျွန်တော်တို့၏ကျောင်း
သား' ဆိုတဲ့ စာစီစာကုံးလေးနဲ့ ရွှေသွေး
ဂျာနယ်မှာ တိုးဝင်ခဲ့ပါတယ်။ နောက်
တော့ 'တိုင်းရင်းမေ'၊ 'မြဝတီ'စသည်
တို့ ခြေချဖို့ ကြိုးစားကြည့်တယ်။
မြားမချွန်၊ အဟုန်မပြင်း၊ ပစ်မှတ်လွဲ
နေခဲ့ခြင်းတွေကြောင့် မြားတွေ အလ
ဟဿဖြစ်ပြီး မောင်အင်း အားပျော့သွား
ပါတယ်။ ပြောရရင် ကျောင်းမဂ္ဂဇင်းနဲ့
ဂျာနယ်မဂ္ဂဇင်းကလွဲပြီး မရေးဖြစ်တော့
ဘူး။ နောက်ကုန်သွယ်လယ်ယာ ဝန်
ထမ်း ဘဝမှာလည်း စာမျက်မှန်းဘဝနဲ့ပဲ
[illegible] တွေ တန့်နေခဲ့ပါတယ်။

၈၈ မှာ အလုပ်ပြုတ်တော့
စာမရေးဖြစ်ဘဲ စာဖတ်တဲ့ဘက်ကို
ရွေ့သွားပါတယ်။ တော်တာက
မြန်မာ့ရေမြေကိုချစ်တော့
မြန်မာ့တောတောင် ရေမြေအကြောင်း
လေ့လာထားတာရယ်၊
နိုင်ငံခြားဘာသာစကား
နည်းနည်းပါးပါး တီးခေါက်မိတာ
ရယ်ကြောင့် ၁၉၉၁မှာ(AMOCO)
'အမိုကိုကုမ္ပဏီ' ရဲ့
ရေနံလုပ်သား ဖြစ်ခဲ့ခြင်းပါ။
ဒါပေမဲ့ တောတောင်ထဲမှာ
နေထိုင်ရတာမို့ 'စာ'နဲ့
အလှမ်းဝေးခဲ့ရပါတယ်။
၁၉၉၅ မှာတော့
မော်တော်ယာဉ်လိုင်း
တာဝန်ခံဘဝနဲ့
စာတွေပြန်ဖတ်ရင်း
စာရေးဖို့ပါ
တာစူခဲ့ပါတယ်။
ဒါပေမဲ့
တကယ့်တကယ်
စာပြန်ရေးဖြစ်တာက
၂၀၀၃ ခုနှစ်မှာပါ။
ရေးဖြစ်ချင်တော့
အဲသည့်နှစ်မှာ
မောင်အင်း
လေဖြတ်တာပါ။
ညာဘက်
တစ်ခြမ်းပေါ့။
ဒီနေရာမှာ အထူးပဲ
ကျေးဇူးတင်မိတာက
ရန်ကုန်မြို့
ငါးထပ်ကြီးဘုရားလမ်းမှာရှိတဲ့
မြန်မာတိုင်းရင်းဆေးရုံကြီးက
ဆရာ၊ ဆရာမတွေကိုပါပဲ။
ကဲ...မောင်အင်းရဲ့
'အားဆေး'အကြောင်း စပါပြီ။
ညာသန်ဖြစ်တဲ့ မောင်အင်းကို
ညာဘက်တစ်ခြမ်းလုံး
လှုပ်ရှားနိုင်ဖို့အတွက်
*ဆေးကုသပေးရင်း အဲ့ဒီဆရာ၊*
ဆရာမတွေက ပေးပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

'နားနားနေနေ လေ့ကျင့်ခန်းလုပ်ရင်း ပိုတဲ့အချိန်မှာ ညာလက်နဲ့ ဘာလုပ်ချင်သေးသလဲ' တဲ့။ အဲဒီမေးခွန်းကို ဗလုံးဗထွေးနဲ့ မောင်အင်းဖြေတာ 'စာရေးချင်တယ်'လို့ပါ။ ပထမတော့ မပီသတဲ့ စကားသံကြောင့် ဆရာ၊ ဆရာမတွေက နားမလည်ပါဘူး။ နောက် ခြေဟန်လက်ဟန်နဲ့ ရှင်းပြမှ သဘောပေါက်သွားကြတယ်။

မကြာပါဘူး၊ လက်ညှိုးလက်မကြားမှာ ဘောလ်ပင်ကို ပတ်တီးနဲ့တွဲချည်ပြီး စာရေးလေ့ကျင့်ခန်း မောင်အင်းစခွင့်ရခဲ့တယ်။ ဒီနေရာမှာ ကြားဖြတ်ပြီးပြောချင်တာက လေဖြတ်ဝေဒနာရှင်ဟာ မျက်ရည်လွယ်တဲ့ အချက်ပါ။ ပြောရရင် 'အမှန်တရား' ဆိုတာကြီးကို ကိုယ်တိုင်သတ်မှတ်ခဲ့တာကြောင့် ဘဝအထွေထွေမှာ မျောပါပြီး အခြေတကျ မရှိခဲ့ပေမဲ့ တစ်ကြိမ်တစ်ခါမှ မောင်အင်း မတုန်လှုပ်ခဲ့ဖူးဘူး။ အဲ လေဖြတ်ဝေဒနာ ခံစားအပြီးမှာတော့ မောင်အင်းဟာ လေတိုက်ရင်လည်း ငိုချင်တယ်၊ သစ်ရွက်ကြွေတွေမြင်ရင်လည်း အကြောင်းမဲ့ မျက်ရည်ကျတတ်လာခဲ့ပါတယ်။ ဒီအခါမှာ ရင်းနှီးသူတွေက ရယ်စရာများများတွေးဖို့နဲ့ စာရေးရင်လည်း ရယ်စရာတွေရေးဖို့ တိုက်တွန်းကြတော့တာပေါ့။ ဒါကြောင့်လည်း ၂၀၀၃ ခုနှစ်ကစလို့ သောကြာ၊ ဟာဒယ၊ သောင်းပြောင်းထွေလာနဲ့ ရယ်စရာမဂ္ဂဇင်းတွေမှာ မောင်အင်း နေရာရခဲ့တာပေါ့။ အဲဒီမှာ ထပ်ပြီး ကျေးဇူးတင်တာက မောင်အင်းရဲ့ ကတုန်ကယင်လက်ရေးတွေကို အချိန်ပေး အားစိုက်ဖတ်ပေးလေ့ရှိတဲ့ 'ဆရာ ဝေသာ'၊ 'ကိုမိုး'၊ 'ဆရာရဲစတိုင်း'၊ 'ဆရာမောင်စနေ' တို့ကိုပါပဲ။

နောက်တော့ ဖြတ်သန်းခဲ့ဖူးတဲ့ ကုန်သွယ်လယ်ယာဝန်ထမ်းဘဝ၊ ရေနံလုပ်သားဘဝ၊ ဆေးပေါ့လိပ်ခုံ ဆေးလိပ်စည်းခဲ့တဲ့ဘဝ၊ ယာဉ်လိုင်းတာဝန်ခံဘဝစတဲ့ ဘဝအထွေထွေမှာ ရခဲ့တဲ့ ဟာသတွေကို တစိုက်မတ်မတ် ရေးဖြစ်ခဲ့သလို၊ Fashion image, ပိတောက်မြေ၊ ပန်း

မဂ္ဂဇင်းအယ်ဒီတာ
ဆိုပြီး
စားပွဲနောက်မှာ
ပြုံးပြုံးကြီး
ထိုင်နေပေမဲ့
အဲသည့်
ပုဂ္ဂိုလ်ကြီး
အသီးသီးရဲ့
ရင်ဘတ်ဟာ
'ဒိုင်း'လိုပဲ
မာတယ်ဆိုတဲ့
အချက်ပါပဲ
တော်ရုံ
မြားစိုက်ဝင်ဖို့
မလွယ်မှန်း
သိသာလွန်းပါတယ်

အလင်္ကာ၊ ပေဖူးလွှာ၊ ရနံ့သစ်၊ အလင်္ကာဝတ်ရည်စတဲ့ မဂ္ဂဇင်းတွေအပြင် 'ဆရာအောင်ပြည့်'ရဲ့ ဖတ်စရာ ဂျာနယ်အထိ မောင်အင်း ဝင်ရောက်ခဲ့ပါတယ်။ ဒီနေရာမှာ မောင်အင်းရဲ့စာရေးချင်သော စိတ်၊ ညာလက် ပြန်လည်သန်စွမ်းချင်သော စိတ်ကြောင့် မိတ်ဆွေတွေ ကူညီသော လက်နှိပ်စက်၊ လက်တော့ပ် စတာတွေကို မောင်အင်းငြင်းပယ်ခဲ့ဖူးပါတယ်။

ရွှေအသစ်ကဏ္ဍကို မောင်အင်းစတင်ပို့ချိန်မှာ ရေးပြီးစာမူ ၇၀ ကျော်ဖော်ပြခံပြီးပါပြီ။ ဒါကြောင့် ရေးဖော်ရေးဖက်တွေက 'ရွှေအသစ်လား' လို့ မောင်အင်းကိုတွေ့တိုင်းရယ်ပွဲဖွဲ့တတ်ပါတယ်။ မောင်အင်းနားလည်တာကတော့ ရွှေမှာလည်း သူ့'မူ'နဲ့သူရှိတယ်ဆိုတဲ့အချက်ပါ။ ရွှေအသစ်ကိုပို့၊ နှစ်ကြိမ်ရွေးချယ်ပြီးရင် တိုက်ရိုက်ပို့ဆိုတဲ့ အချက်ကို လိုက်နာပြီး ရွှေအသစ်ကဏ္ဍကို မောင်အင်း တိုးဝင်ခြင်းဖြစ်ပါတယ်။

ပြောရရင် ၂၀၀၉ ခုနှစ်မှာ 'သင်မောင်းလိုင်စင်' ကလေး 'ရွှေ' က... ပါပြီ။ 'အနီ' မဟုတ်တောင် ... မောင်နှင်ခွင့် 'လိုင်စင်အနက်' က... အောင် မောင်အင်းလည်း အကြိ... ဖြေနေဆဲပါ။ အားမလျှော့ဘူး၊ ဆ... ဖြေနေဦးမှာပါ။ အဓိကကတော့ ... ဝါသနာပါရာကို လုပ်နိုင်တုန်း၊ ... ရတုန်းမှာ မောင်အင်းလည်း လု... ရေးဖော်ရေးဖက်ဖြစ်တဲ့ ရွှေက... သစ်တွေ၊ ရေးဖို့ တာစူနေတဲ့ ... ကလောင်တွေကို နောက်မတွန့်ဖို့ ... ပေးလိုပါတယ်။

ဒီနေရာမှာ နာမည်ကြီးဖို့၊ ... မြင်ကျော်ကြားဖို့ဆိုတာထက် ဝါသ... ရာကို လုပ်ခွင့်ရခိုက်မှာ လုပ်... တယ်။ မောင်အင်းလည်း ငယ်... တော့လွတ်ပြီး အောင်မြင်ချင်တာ... နောက်ပိုင်းမှာတော့ ဝါသနာကိုပဲ ... တည်ခဲ့တယ်။ ပြောရရင် ဘော... တစ်ချောင်းတောင်ကိုင်ဖို့ရာ ခက်... ကနေ နှစ်ဆယ့်လေးကောင် တ... အင်ဂျင်ကို ညာလက်နဲ့လှည့်ပြီး ... စက်နှိုးလာနိုင်ခဲ့တဲ့ မောင်အင်းဟာ ... သနာဖြစ်တဲ့ 'စာရေးချင်' စိတ်ကြ... ကျေးဇူးတင်လို့ မဆုံးပါဘူး။

ဒါကြောင့် 'ကလောင်စော... အစ်ကိုကြီးတစ်ယောက်အနေနဲ့ (မော... အင်းထက်ကြီးသူပါရင်လည်း ခွင့်... ပါ) ပြောချင်တာက ဝါသနာပါ... ပညာသင်ရင်း၊ စီးပွားတွေရှာကြ... လုပ်ကြစမ်းပါ။ မရေးဖြစ်ရင် ... မဖတ်ဖြစ်ရင်ရေးရာက ကိုယ်ပိုင်အ... အစရှိသူတိုင်းကို အားကျလိုက်စ... ပြီးရင် ကိုယ့်အစွမ်းအစ ထုတ်ပြ... ပါ။ ထင်ရှားတဲ့ ကြယ်ကြီးတွေ ... လာတောင် မထင်မရှား တောက်... အာကာသကို အလှဆင်နိုင်တဲ့ ကြ... ကလေးတွေ ဖြစ်လာပါလိမ့်မယ်။

ကဲ အဲဒီကြယ်ကလေးတွေ အ... နဲ့ပဲ ရွှေရဲ့ စာမျက်နှာပေါ်မှာသာ... 'ရွှေကောင်းကင်' ကြီးမှာ 'အများ... လို ဆုံချင်စမ်းပါဘိ။ ။

မောင်အင်း...



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓံ ဓမ္မံ သံဃံ

လားရှိုးမြို့ နက္ခတ်သိဒ္ဓိရှင် **ဆရာတော် ဦးပဏ္ဍိတာဓိဇ** ၏ သမီးတပည့်

ဆန်းကျမ်းဗေဒင် **ဆရာမ ဒေါ်နန်းခမ်းလန်**

မိတ်ဟောင်းကို စောင့်မျှော်ဖိတ်ခေါ်ရင်း မိတ်သစ်ကိုလည်းကြိုဆိုပါတယ်ရှင်။

အမှတ် (၆၈၆)၊ မဟာဗန္ဓုလလမ်း ၄၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
[ဒဂုံမောင်လှကျော်ရည်ဆိုင်ဘေးကပ်]
ဖုန်း – ၀၉ ၃၁၃၄၃၁၃၉၁

ကိုယ်စိတ်ချမ်းသာ၊ လိမ္မာယဉ်ကျေး
အတွေးထက်မြက်၊ တိုးတက်ကြီးပွားစေဖို့
မဖတ်မဖြစ် ဖတ်ရမည်။

**အနန္တဂုဏ်ရည်**

(ဘာသာရေးမဂ္ဂဇင်း)

လစဉ်ထွက်ပါပြီ
ဗုဒ္ဓ၏အဆုံးအမကို လိုက်နာကျင့်သုံးခြင်းဖြင့်
လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ
နှစ်ဖြာတို့ပြည့်ဝစေမှာ
အမှန်မလွဲပဲနော် ....

မြင်းခြံစာပေ၊ အမှတ်(၂၅၆) ၃၉လမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၂၅၃၅၈၇

www.burmeseclassic.com

*(ယခင်လမှအဆက်…)*

၂၅။

ဦးသြဘာတည်ထောင်သော 'လှမင်းအောင်' ဇာတ်ကို ဥသြသံအေးရောက်လာသည့်နှစ်က ၁၃၃၄ ခုနှစ်။ အမေမဗိုင်းတောင့်တစ်လျှောက်လုံး ပြောခဲ့ပုံအရတော့ ဥသြသံအေးက ၁၃၁၂ ခုဖွားဆို၏။ ဥသြသံအေးကို ညောင်ခါးရွာ ဘုရားပွဲကြီးပြီးသည့် မနက်က ကောက်ရခဲ့သည်ဆိုတော့ ထိုနှစ်ကိုတည် နောက်ကို တစ်နှစ်ဆုတ်ပြီး ၁၃၁၂ခုလို့ ပြောခဲ့ခြင်းဖြစ်သည်။

တကယ်တော့ ဥသြသံအေး၏ မွေးနေ့နှင့်ပတ်သ ကာယကံရှင် ဥသြသံအေးရော၊ ကောက်ရခဲ့သူ မဗိုင်းတောင့်ပါ ဘယ်နှခုဖွား၊ ဘယ်ရက် ဘာနေ့သမီးရယ်လို့ သိကြတာ မဟုတ်။ ဘာပဲဖြ အမေမဗိုင်းတောင့်က ညည်းက ၁၃၁၂ ခုဖွား ပြောဖူးလေတော့ ၁၃၁၂ ခုဖွားပေါ့။ ဒါ ဥသြသံအေး အသက်၂၂ ပြည့်ပြီပေါ့။ လူ ရောက်တာ အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီဆိုတာကို ပြန်တော့ တစ်ခါတစ်ခါ သူ့ကိုယ်သူအံ့သြမိရ





www.burmeseclassic.com

www.burmeseclassic.com

# တောမင်းသမီး

**ခင်ခင်ထူး**

အမှတ် ၂၉၀၊ ဇန်နဝါရီ၊ ၂၀၁၄

ရုပ်စုံမဂ္ဂဇင်း

အခန်းဆက် ၀ တ္ထု ရှည်

ဘယ်လိုများ သည်အရွယ်ကို လူးကာလွန့်ကာ ရောက်လာရတာပါလိမ့်။ ငယ်စဉ်တောင်ကျေး ဝါခေါင်မိုးဘဝတုန်းကတော့ ရှေ့ဆုံးအလုံး 'ဝ'ကို တည်ပြီး ဗုဒ္ဓဟူးသမီးလို့ မေးသူရှိတိုင်း ဖြေခဲ့ဖူးသည်။ ဓာတ်ထဲရောက်လို့ ဥသြသံအေးဖြစ်လာတော့ 'ဥ'ကိုတည်ပြီး တနင်္ဂနွေသမီးလို့ ဖြေလေ့ရှိသည်။ ဥသြသံအေး အရွယ်ကလေးရကာစက ရွာမှာ အမေဗေဒင်မေးဖူးတာ သတိရသည်။ ဗေဒင်ဆရာက ရွာခံဗေဒင် ဆရာကြီးဦးဘအုန်း ဖြစ်သည်။






www.burmeseclassic.com

www.burmeseclassic.com

ဘကြီးအုန်းက ကလေးအတွက် မေးတာတော့ ဟုတ်ပါရဲ့၊ ရက်ချုပ်ဇာတာလေးပါမှ အဟောအထွက် မှန်တော့မပေါ့ ဆိုတော့ အမေ မဗိုင်းတောင့်က ရက်ချုပ်ပျောက်နေလို့လို့ ဖြေတာကိုလည်း မှတ်မိသည်။

'ကျုပ်မွေးသာ မဟုတ်ဘူး ကိုကြီးအုန်းရဲ့။ ကျုပ် တူမက မွေးသာ'

'အေးပါ ဘယ်သူက မွေးမွေးပါ။ ကလေးမအမေက ရက်ချုပ်တော့ လုပ်ထားမှာပါ။ မွေးရက်မွေးချိန် သေချာမှ အဟောအထွက် မှန်မှာပေါ့'

'မရှိလို့ထင်ပါရဲ့ ကိုကြီးအုန်းရယ်။ တွက်ကြည့်ပါဦး ဗေဒင်ထဲမှာ ဘာနေ့သမီးတဲ့တုံး'

'ခက်တော့သာပဲဟာ'

ဉာဏ်သံအေးကိုလည်း တစ်လျှောက်လုံး ပြောချင်သလို ပြောခဲ့တာမှတ်မိသည်။ တနင်္ဂနွေသမီးဖြစ်လိုဖြစ်၊ ကြာသပတေးသမီး ဖြစ်လိုဖြစ်။ တစ်ခါတစ်ခါတော့ ဗုဒ္ဓဟူးသမီးတဲ့။ သည်အရွယ်ရောက်မှ ပြန်စဉ်းစားတော့လည်း သည်အဖြစ်က ရယ်စရာလည်းကောင်းသည်။ ကြေကွဲစရာလည်းကောင်းသည်။ ကိုယ့်မွေးနေ့မှ ကိုယ်မသိရတဲ့ဘဝ။ ထားပါလေ။ လူရယ်လို့ဖြစ်လာမှတော့ ဘာနေ့မွေးမွေး အရေးမကြီးတော့ပါဘူးလို့လည်း တွေးမိတာ ရှိပါရဲ့။

လှမင်းအောင်ဇာတ်ထဲကို ခေါ်လာသူက အမေ ယုဇနမစိမ်းခင်ဖြစ်၏။ ဝဲကြီးနှင့်မြေနီကျင်း နှစ်ရွာသားတို့ သွေးသံရဲရဲ ခုတ်ကြထစ်ကြသည့်နေ့က ဉာဏ်သံအေးလက်ကိုဆွဲပြီး ဘုန်းကြီးပျံကွင်း အနောက်က အဝေရာပင် အုပ်အုပ်ထဲ ပြေးခဲ့ကြသည့် နောက်ပိုင်း မစိမ်းခင်ကပဲ သူက,နေသည့်ဇာတ်ထဲ အပါခေါ်လာခြင်းဖြစ်၏။ ထိုနေ့ကကံကြီးလို့ လွတ်ခဲ့ခြင်းဖြစ်သည်။ ယုဇနမစိမ်းခင်ထက် ဉာဏ်သံအေးကို လူကြိုက်များမှန်းသိတော့ မြေနီကျင်းသားတွေကစခဲ့သည့် ရန်ပွဲမှာ သေသူ သေကြသည်။ ကျိုးသူကျိုး၊ ပဲ့သူပဲ့ကုန်ကြသည်။ လက်ပြတ်သူပြတ်၊ မျက်လုံးထွက်သူထွက်နှင့် နှစ်ဖက်နှစ်ရွာ အထိနာခဲ့ကြတာထားတော့။ ရန်မီးက ဉာဏ်သံအေးကို ကူးစက်လာနိုင်တာကို မြင်တော့ ယုဇနမစိမ်းခင်ကပဲ ဉာဏ်သံအေးလက်ကိုဆွဲပြီး ပြေးခဲ့ခြင်းဖြစ်သည်။ ယုဇနမစိမ်းခင်က အဝေရာတောက တစ်ဆင့်သူ့တည်းအိမ်ကိုရောက်တော့ ဝါခေါင်မိုးကို လုံခြုံသည့် တစ်နေရာကိုပို့စေသည်။ ထိုနေရာမှာ နှစ်ရက်သုံးရက် ခိုပြီးမှ စိတ်ချရသူတွေနှင့်ပြန်ပို့သည်။ ဆိုင်းဆရာစိန်ကျော်ဋ္ဌေးနှင့် လူပြက်တွေက ငါတို့လည်းဆိုင်းပစ္စည်းတွေပစ်ပြီး ကိုယ်လွတ်လက်လွတ်ပြေးခဲ့ရသာပါဟာဆိုလို့ ဘယ်သူမှ အထိအခိုက်မရှိတာကိုဘဲ ဝမ်းသာရပါ၏။ တစ်ရက်မှာ မစိမ်းခင်ကိုယ်တိုင် အဖေသီလတို့အိမ်ကိုလှည်းတစ်စီးနှင့် ရောက်လာခဲ့သည်။ ရောက်သခိုက် နှစ်ရက်လောက်နေသေးတာဆိုတော့ ဉာဏ်သံအေးက အသက်သခင်ကို ငွေနှင့် ကန်တော့သည်။

'အမေက အဲသည်ရွာမှာ နှစ်ရက်လောက်နေခဲ့လို့ သိသာ

ပြောရရင် နှစ်ရွာရန်ပွဲက ရက်ရက်စက်စက်ကြီးပါအေ။ ဝဲကြီးနဲ့ မြေနီကျင်း နှစ်ရွာကလူတွေဆိုသာ ပွဲမစခင်ကတည်း... ငှက်ကြီးတောင်ဓားတွေ မြေလှန်ပြီးဝှက်ထားကြသာတဲ့။ နှစ်ရွာသူကြီးတွေလည်းပြုတ်၊ အဖမ်းခံရသူတွေလည်း နကြိုးနဲ့ ... ပြီး ပုလိပ်တွေကခေါ်သွားသာမြင်ခဲ့ပါ့။ အမေက ငါ့သမီး... ရန်ရှာမယ်ထင်လို့ခေါ်ပြေးသာ။ အဲသည်နေ့က ညည်းကလည်း... ကောင်းလိုက်သာအေ။ ညည်းက ခွင်ကိုအပျော်နဲ့ထပြီး အ... ရိုက်ချသာများ ငါဖြင့်ကြက်သီးတောင် ထမိသယ်'

အမေမစိမ်းခင် ကိုယ်တိုင်က ကောင်းလှချည့် ချီးမွမ်း... တော့ ဝမ်းသာမိသည်။ သူအားကျခဲ့ရသည့် ပညာပြည့်... သမီးကြီးက ကြက်သီးထမိတယ်ဆိုတော့ကျေနပ်သည်။ အ... ပြန်ရင် တို့ကတဲ့ ဇာတ်ထဲလိုက်ခဲ့ပါလားတဲ့။ ဉာဏ်သံအေး... ကလည်း လိုက်ဖို့စိတ်ကူးပြီးသား။ အဖေသီလနှင့် အမေသ... တို့ကိုခွင့်ပန်၊ လက်အုပ်ချီကန်တော့တော့ စိတ်မကော... ဖြစ်ကြရှာသည်။

အမေကြီးပိတုန်းကိုလည်း ကန်တော့ရပါ၏။ အမေကြီး... က မျက်ရည်တွေတွေကျရင်း ဉာဏ်သံအေး ဆံပင်တွေကို ... သပ်နေခဲ့သည်။

'ညည်းနဲ့နောက်ထပ် တွေ့စရာမရှိတော့ပါဘူး ငါ့မြေး... အမေကြီးကအသက်ကြီးပြီ။ အောက်မေ့တော့လည်း ညည်း... လာတွေ့မှတွေ့ရမှာပါအေ။ တို့ဇာတ်သမားတွေဆိုသာက ... များလို တစ်ကိုင်းနားပြီးတိုင်း ကိုယ်နားမိတဲ့ကိုင်းကို ထား... သာမျိုးပဲ။ ရှေးက မယင်းတော်တို့ မဆင်ခိုးတို့လို သဘင်... ဦးခန်းထိုင်စမ်းရှောဟဲ့။ ငါ့မြေးက ဖြစ်ထွန်းမှာပါအေ။ မျိုး... က မခေဘဲကိုးအေ့'

မျိုးရိုးက မခေဘဲကိုးအေ့တဲ့။ ဘာကိုပြောတာပါလိမ့်... တစ်ခါကလည်း သည်လိုပြောဖူးတာ သတိထားမိသည်။ ... တော့ မမေးဖြစ်ခဲ့ပါ။

'ဟုတ်ကဲ့ပါအမေကြီးရယ်၊ ကျုပ်ကိုယ်တိုင်ကလည်း... ဆီးဆူးကို ဆီးပင်ကပဲ ချွန်သလို၊ ခံဆူးကိုခံပင်ကပဲ ချွန်သ... ကျုပ်ဆူးကိုကျုပ်ကိုယ်တိုင်ချွန်ရမယ်ဆိုသာသိပါသယ်။ ကျု... က ဇာတ်ခုံပေါ်ရောက်ရဖို့ အိမ်မြှောင်များလို တွားတက်ခဲ့ရ... ပါတော်'

'အေးပါအေ။ ပြောသာ ပြောရသာပါ၊ စိမ်းခင်လည်း... ရှိသားပဲ။ စိမ်းခင်က စွန်များ၊ သိမ်းများလို ကောင်းကင် ဝဲ... တဲ့မိန်းမပါ။ စိမ်းခင်၊ ဉာဏ်မကို စောင့်ရှောက်ပါအေ'

'စိတ်ချပါ။ ကျုပ်တို့ဇာတ်က ဇာတ်ကြီးပါ အမေကြီး... ရယ်။ အခုက ကျုပ်ကသာ လိုက်ခဲ့ခေါ်နေသာ ဇာတ်ထော... ဦးသြဘာတောင် မသိသေးပါဘူး။ ကျုပ်က အာမခံပြီးခေါ်... သာက ခေါ်ဝံ့လို့ခေါ်သာပါ။ ကျုပ်မှာစောင့်ရှောက်ရမယ့်... ဝတ္တရားလည်း ရှိပါသယ်။ သဘင်ပညာတော့ ကျုပ်ကလည်း... ပေး၊ သူကလည်း ယူရုံပေါ့'

သည်လိုနှင့်ပင် ဒုတိယအကြိမ်ဇာတ်ခုံပေါ် ရောက်ရ...



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လာခဲ့သည်။ လမ်းမှာ အမေမစိမ်းခင်က စကားတစ်ခွန်း မေးသည်။ ညည်း ဘာနေ့သမီးလဲတဲ့။ ဉာဉ်သံအေး ဘယ်လို ပြောရပါ့။ အမေ မစိမ်းခင်က သူကနေသည့် ဇာတ်ကိုခေါ်တာ ဟုတ်ပါရဲ့။ နေ့တွေ၊ နံတွေကလိုလို့လား။ ဒါကလည်း ထူးထူး ဆန်းဆန်းတော့ မဟုတ်။ ပါးစပ်ထဲရှိရာ ပြောလိုက်ရုံပင်။ ဒါပေသိ ဉာဉ်သံအေးသိချင်သည်။ အကြောင်းရှိလို့သာ မေး တာ ဖြစ်လိမ့်မည်။

'ကျုပ်က တနင်္ဂနွေ သမီးရယ်၊ ဘာဖြစ်လို့တုံး'

'ကောင်းပါလေ့အေ။ ညည်းမှာ ထဖူး(ထန်းဖူး) ဇာတာ ကောရှိရဲ့လား'

'မပါဘူးအမေ။ ကျုပ်မှာ မွေးကတည်းက ဇာတာရယ် လို့ရှိကိုမရှိသာ။ တနင်္ဂနွေသမီးဆိုသာ အမေပြောလို့ ပြောရ သာ။ နေ့တွေ၊ နံတွေ လိုလို့လား အမေရဲ့'

'တို့ဇာတ်ထောင် ဦးဩဘာက လူတစ်မျိုးအေ့။ သူက နေ့သား၊ စနေသမီးဆိုရင်သိပ်ကြောက်သာရယ်။ ကားဆွဲ သမ်းဆင့်ကအစ မင်းသားကြီး၊ မင်းသမီးကြီးများအထိ စနေ မွေးဆိုသိသာနဲ့ မောင်းထုတ်သာပဲ။ သူ့အစွဲထင်ပါရဲ့။ သူက မသင်္ကာရင် ထဖူးဇာတာ တောင်းကြည့်ရင်ကြည့်သာ'

'ကျုပ်မှ မရှိသာ ဘယ့်နှယ့်လုပ်ပါ့။ အမေတို့ဇာတ်ထောင် ကလည်းတော် ဘယ့်နှယ့် ထဖူးဇာတာ စစ်ရသယ်လို့။ ဘယ် သူက ထဖူးဇာတာကြီး တကိုင်ကိုင်လုပ်နေမှာတုံး မဟုတ် သာ'

'ဦးဩဘာက လူတစ်မျိုးပါဆို။ သဘောတော့ ကောင်း ပါသယ်'

အမေမစိမ်းခင်ပြောတာ အဟုတ်ပင်။ ဇာတ်ကို ရောက် သည်နှင့် ငါ့သမီးက ဘာနေ့သမီးလဲ စမေးသည်။ တနင်္ဂနွေ သမီးဆိုတော့ သေချာရဲ့လားတဲ့။ များများတော့ မမေးပါ။ မင်းသမီးကြီး ယုဇနမစိမ်းခင်က ကောင်းလှချည့်အာမခံတော့ သည်း ထူးထူးထွေထွေ မပြောသာတော့။ သည်လိုနှင့်မင်းသား လှမင်းအောင်က,သည့် ဇာတ်ခုံပေါ် ရောက်ခဲ့ရသည်။ သည် ဇာတ်ခုံပေါ်မှာ ထူးခြားသူနှစ်ယောက်ကို ဉာဉ်သံအေး တွေ့ခဲ့ရ သည်။ တစ်ဦးက အဘ ဦးရွှေဖိတ်ဖြစ်၍ တစ်ဦးကပြဇာတ် ဆရာ မောင်သက္ကဆိုသူ ဖြစ်လေ၏။

❑

ဦးဩဘာတည်ထောင်သော လှမင်းအောင်ဇာတ်ကအဖေ သီလတို့ ဇာတ်ထက် နာမည်အရှိန်ကြီးသည့်ဇာတ်ဖြစ်သည်။

အဖေသီလ ဇာတ်က တောဇာတ်၊ ဦးဩဘာ ဇာတ်က မြို့ဇာတ်မဟုတ်လား။ ထိုးကား၊ တိုက်ကား၊ နန်းကားတွေ လို ဇာတ်ခုံအခင်းအကျင်းတွေလည်း ပိုပြီးပြည့်စုံသည်။ ပိုပြီး သစ်လွင်သည်။ ဆိုင်းက စိန်ကျော်ငွေးဆိုင်းလောက် ပညာ ပြည့်ပေသိ သူ့ဇာတ်နှင့်သူ့ခွင် အဆင်ပြေပါ၏။ မင်းသမီးကြီး တောင့်တောင့်နှစ်လက်နှင့် နှစ်ပါးမင်းသမီး ခပ်ရွယ်ရွယ် လေး သက်ပါလို့ အုံတောင့်သည်။

အမေရေယဉ်
ဇာတ်ထုပ်ကမယ်
ဆိုရင်
ဇာတ်ထဲက
ဓားတွေ မသုံးနဲ့
ကိုယ်ပိုင်ဓားရည်
တစ်လက်ဝယ်ထား
ရေယဉ်မယ်တော်
ကိုအပ်
အပြိုင်အဆိုင်
ကိစ္စရှိလာရင်
ခေါင်းပေါ်ဓားဝဲရုံနဲ့
ပြေပျောက်သွယ်
ဓားကို
အားတဲ့အခါတိုင်း
မယ်တော်ကို
ရည်စူးပြီး
သုံးခါသွေး
ပထမတစ်ခါ
သွေးသာက
ရန်ကင်းသယ်
ဒုတိယတစ်ခါ
သွေးသာက
ဥစ္စာရသယ်
တတိယ
တစ်ခါသွေးသာက
ကိုယ်စိတ်နှစ်ပါး
ရွှင်လန်းသယ်

အော်ပရာတွေက ခေတ် ဟန်တွေပါလာသည်။ အော် ပရာနှင့် ပြဇာတ်ကို ပြဇာတ် ဆရာမောင်သက္ကက ရေးပေး သလို နောက်ပိုင်းဇာတ်ကြီး သီးသန့်ကို အဘဦးရွှေဖိတ်က ရေးပေးသည်။ အဖေသီလ၏ ခါတော်မီ မောင်သီလဇာတ် ထဲတုန်းကတော့ ပြဇာတ်ပဲ ဖြစ်ဖြစ်၊ အော်ပရာပဲဖြစ်ဖြစ်

နဂိုရှိပြီးသားအရိုးပေါ်မှာ အခက်အလက်တပ်ကြခြင်း သာဖြစ်၍ သည်ဇာတ်လို ဇာတ်စာရေးဆရာသီးသန့် ခေါ်မထားနိုင်။ အဖေသီလ ကပဲ ဖြည့်စရာရှိတာဖြည့်၊ နုတ်စရာရှိတာနုတ်။ သည် လိုနှင့် ပြည့်ရခြင်းဖြစ်၏။

လှမင်းအောင် ဇာတ်ထဲ မှာ သုံးလေးလလောက် ရှိ လာတော့ ဇာတ်အထာကလေး သိလာခဲ့ပြီ။ ဉာဉ်သံအေးကို ဇာတ်ထောင်ဦးဩဘာက အော်ပရာမှာရော၊ ပြဇာတ်မှာ ပါသုံးကြည့်သည်။ မင်းသား လှမင်းအောင်ကသျှောင်နှင့် ဆိုတော့ လူငယ်ပြဇာတ်မင်း သားရဲမြင့်ဦးက ပြဇာတ်ပင် တိုင်။ နောက်ပိုင်းကတော့ မင်းသားလှမင်းအောင်။ သည်ဇာတ်ထဲမှာ ယိမ်းမင်း သမီးကလေးတွေ ဆယ်လက် လောက်ပါကြပေသိ ပညာ အားဖြင့်ရော ရုပ်ရည်အားဖြင့် ပါ စိတ်တောင်းခွဲတောင်း လောက်သာ ရှိကြသူကလေး တွေဖြစ်၏။ တစ်ခါတော့ ဇာတ်ထောင်ဦးဩဘာက စိတ်လိုလက်ရ ပြောနေခဲ့ သည်။

'အဖေတို့ဇာတ်က ချာ များ၊ ရဟတ်များ အပေါ် တက်လိုက်၊ အောက်ဆင်း လိုက်လည်နေရသာမျိုး ငါ့ သမီးရဲ့၊ မိုးအခါတော့ ညည်း တို့အညာဘက် တက်ကြရ သယ်။ ဥတုကလေးကောင်း တော့ အောက် ရေး၊ မြိတ်၊ ထားဝယ်အထိတောင် သွား ကြရသယ်။ ဘိုကလေး၊ ကျိုက်လတ်၊ မော်ကျွန်း ဘက်ကော၊ မြန်အောင်၊ ကြံ ခင်း၊ ဟင်္သာတဘက်ခြမ်းပါ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရသာများသယ်။ အောက်ပြည်မှာ နံကရိုင်းမယ်တော်ဇာတ်၊ စောင်းမောင်ရှင်ဇာတ်တွေ လူကြိုက်များသယ်။ အထက်ပိုင်းတော့ နတ်ဇာတ်ထုပ်တွေထဲက ရှင်မအောင်ဖြူဇာတ်၊ ယန်းပဲမင်းဦးတင့်တယ်ဇာတ်၊ မောင်ပိုးတူ ဇာတ်တွေပေါ့အေ။ ညည်းကဖူးသလား'

'နတ်ဇာတ်ထုပ်တွေထဲတော့ များများ မကဖူးဘူး အဖေ။ ကျုပ်တို့ဇာတ်က တောဇာတ်ဆိုတော့ သူ့ရပ်နဲ့ သူ့ရွာဆိုသာလို ရွာကြိုက်ရပ်ကြိုက် ကခဲ့ရသာ များသယ်။ ကန်တော်ရှင်ဇာတ်၊ ကိုတာလော မငွေပေါ နတ်ဖြစ်ဇာတ်၊ မမယ်မှန် ထင်းခွေရင်း နတ်ဖြစ်တဲ့ ဇာတ်တွေလောက် ကခဲ့ကြသာပါ'

'အေးလေ၊ အဖေက ငါ့သမီးပညာအကဲခတ်ရသလောက် ညည်းကနောက်ပိုင်း ဖြစ်လောက်လို့ပြောသာ အဘ ဦးရွှေဖိတ်နဲ့ အပ်ချင်သယ်။ အဘဦးရွှေဖိတ်က လူရိုးစိတ်တိုအေ့။ ဒေါသတော့ကြီးသယ်။ ကြိမ်းသာ၊ ငေါက်သာလည်း သူ့ဝသီပဲ။ သည်းတော့ ခံရမှာပေါ့။ ပြဇာတ်ဆရာမောင်သက္ကကလည်း ညည်းကို သဘောကျလို့ လာမယ့်နှစ်ဇာတ်ရာသီမှာ ပြဇာတ်သစ်နှစ်ထုပ်သုံးထုပ်ရေးပေးမတဲ့။ ညည်းပင်ပန်းတော့ညကြေးလည်း ကောင်းကောင်းရမှာပေါ့။ ညည်းက ဖြစ်မှာပါ။ တနင်္ဂနွေသမီးဆိုတော့ အောင်ဓာတ်ပါပြီးသားကပဲ'

အဘဦးရွှေဖိတ်က ဘယ်သူ့ကိုမှ အလိုမကျသလို မျက်နှာကြီးနှင့်ဆိုတော့ သည်အဘိုးကြီးနဲ့ ဘယ်လိုစခန်း သွားရပါ့မလဲလို့တော့ ဥသြသံအေး တွေးမိသား။ ပြဇာတ်ဆရာကကော၊ မထူးပါ။ လူက အသက်သုံးဆယ်လောက် ငယ်ငယ်ရွယ်ရွယ်ဆိုပေသိ မုတ်ဆိတ်သန့်သန့်၊ ဆံပင်က ကုပ်ထောက်၊ ညှဉ်းသိုးသိုးထဲက ဖြစ်၏။ ဆေးပေါ့လိပ်တွေ အဖွာများတော့ အနားကဖြတ်သွားတာတောင် ဆေးချေးစော်တွေ နံလွန်းလှသူ။ အပြင်ထွက်လျှင် လွယ်အိတ်တစ်လုံး ပခုံးချိတ်တတ်သည်။ လွယ်အိတ်ကလည်း ညစ်စုတ်စုတ်။ အဆိုးဆုံးက ညနေဘက်တွေမှာ အရက်သောက်ခြင်းဖြစ်၏။ ခွက်ကိုင်မော့တာမျိုး မမြင်ဖူးပေသိ ထွေထွေကလေး မူးတာတော့မူးသည်။ ကောင်းတာကိုလည်း ပြောပါဦးဆိုလျှင်တော့ ယဉ်ကျေးနူးညံ့သောအမူအရာကိုပြောရမည်။ ကောလိပ်ကျောင်းက တစ်ဝက်တစ်ပျက်ထွက်သူလိုလို ဇာတ်ထဲက ပြောကြတာလည်းရှိ၏။ သူ့ကိုယ်သူတော့ ကျုပ်က ဘုန်းကြီးကျောင်းထွက်ဗျ ပြောချင်လည်း ပြောနေလို့ အတည်ယူဖို့တော့ခက်၏။ ဥသြသံအေး ရောက်စက ပြဇာတ်မကရသေးပေသိ တစ်ခါတစ်ရံ တစ်ပုဒ်စ၊ နှစ်ပုဒ်စ ဝင်ကရတာ ရှိသည်။ အဖေသီလဇာတ်မှာ ပြဇာတ်အတွေ့အကြုံရှိခဲ့သူဆိုတော့ ဥသြသံအေးအဖို့ရာထူးပြီး ရင်ကျိုးရင်ကြေမရှိ။ တတ်နှင့်သကောရယ်လို့ ပေါ့ပေါ့တန်တန်လည်း မဟုတ်လေတော့ ဥသြသံအေး ပြဇာတ်ကတာ သဘာဝနှင့် ပိုနီးသလို ရှိရသည်။ ပြဇာတ်ဆရာက ဒါကို ကြိုက်လှသည် ဆိုပါ၏။

သည်လိုနှင့် နောက်ပိုင်းဇာတ်အဖို့ရာ အဘဦးရွှေဖိတ်နှင့်သင်ရသည်။ ပြဇာတ်ပိုင်းမှာ ပြဇာတ်ဆရာကိုသက္ကနှင့်နီး… သည်။ အဘဦးရွှေဖိတ်က ဇာတ်စာရေးတတ်သူ၊ ငိုချင်း… တတ်သူ၊ အသံပါသင်ပေးနိုင်သူဆိုပေသိ တောနယ်တစ်န… သာမန်ဗေဒင်ဟော၊ အကြောပြင်လုပ်စားသူဖြစ်သည်။ အ… ဦးရွှေဖိတ်ဝါသနာအရ ရေးထားသည့် နောက်ပိုင်း ဇာတ်… တွေကပင် အထုပ်နှစ်ဆယ်လောက် ရှိသည်။ အဘဦးရွှေဖိတ်… နောက်ပိုင်း ဇာတ်စာ၊ ဇာတ်သီချင်းတွေက ကုန်ထုပ်… စက္ကူညိုကြီးတွေကို ညီညီညာညာ လှီးဖြတ်ပြီး ကြိုးနှင့်ချု… ထားသည့်စာအုပ်တွေဖြစ်သည်။ ဒါမျိုးမတွေ့ဖူးတော့ ဖြ… လေ အောက်မေ့မိသည်။ ရေးတာကလည်း ခဲတံနှင့် ရေး… ခြင်းဖြစ်လို့ မှိန်တာကမှိန်ပြီး ဝါးတာက ဝါးပြီး အမေရေး… နတ်ချင်း နတ်စာတွေ၊ မောင်ပိုးတူဇာတ်က နတ်ချင်း၊ နတ်… တွေကူးတော့ မရှင်းတာကို မေးရသည်။ နှစ်ခါက သုံးခါ… ပြန်တော့ ငေါက်ပြန်ပါ၏။

'အဘ၊ ဒါက ဘာရေးထားသာတုံး၊ မရှင်းလို့'

'ဘယ်ဟာတုံး မရှင်းသာ။ နင့်ကို စာလုံးတွေ ရွှေ… ရဦးမှာလား။ နင်က ဘာကောင်မမို့တုံး'

'စက္ကူအညိုမှာ ခဲတံနဲ့ ဘယ်နခုနှစ်က ရေးထား… မသိတဲ့စာတွေ ဝါးနေသာ ကျုပ်က ဘယ့်နှယ့်လုပ်ကူးမှာ… အဘရဲ့။ အလကားနေရင်း ငေါက်နေတော့သာပါလား အ… ဦးရွှေငေါက်ရဲ့။ အဘနဲ့တော့ ခက်ပါသယ်'

'အံမာ၊ ငါ့များ ကာပြန်လို့။ ဘောင်းလန်မ၊ ဘယ်… တုံး၊ ပြစမ်း'

'ဟောသည်မယ်၊ သည်စာ'

အဘဦးရွှေဖိတ်က သူ ရေးထားသည့်စာကို မျက်မှေ… ကြုတ်ပြီးဖတ်သည်။ သူ့စာကိုသူ သဲသဲကွဲကွဲမဖတ်နိုင်… ဥသြသံအေးက ခိုးခိုးခစ်ခစ်ရယ်သည်။ သည်လို ရယ်… အဘဦးရွှေဖိတ်က ဒေါသတွေ ပိုထွက်ပြန်သည်။ ပြီးမှ တို… အဟောင်းထဲက မှန်ဘီလူးကလေးတစ်လက် ထုတ်ပြီး ဖတ်… ပါ၏။

'ရေးစမ်း။ အကြောင်းဆုံလို့ မောင်းတုံကနေ ကြွခဲ့… ဖင်အောက်မှာကျား၊ လက်မှာ ဓားနှင့်။ မြွေပွေး မြွေဟော… ငန်းခြောက်တစ်သွယ်။ လူကိုပင်လည်း လူသည်းစား၍၊ ကျား… ကိုပင်လည်း ကျားသည်း စား၍၊ မြွေ၏အရိုး ဆံထိုးထိုး… စပါးကြီး၊ စပါးအုံး ခေါင်းအုံးလုပ်လို့'

'ရပါပြီအဘ။ ဟောသာက ဘာတုံး'

*'မြမြေပြင် နေသွင်လျှမ်း၊ ရွှေစင်နန်းတော်မဟာ၊ ရေ… နန်းနဲ့ စံ… မှာ။ ရေယဉ်နန်းနဲ့ စံခန်းပေါ်မှာ။ မျှော်ကာ… ဆုတောင်း။ …ရှင်နှစ် မသွေခင်သော်။ အမေရေယဉ်ကတော်… ကြွလှမ်း ပျော်ပါ့လေး'*

'ဒါကကော'

'မှန်းစမ်း။ အစ်မကြီး ငါးစီးဆင်ရ ယောရှင်မ…'

'ဒါက'

www.burmeseclassic.com

'အဲသာက သိဒ္ဓိအကုန်ပေါက်တဲ့ မြောက်ဘက်ရှင်မ ...အငယ် ရေယဉ်မယ်'

'အဘစာတွေက မှန်ဘီလူးပါမှ ဖြစ်မှာပါ။ ကျုပ်တို့က ...ခုံပေါ်ကတဲ့အခါ လည်ပင်းမှာ မှန်ဘီလူးချိတ် ကရမလို ...နေပြီ'

'အံမာ၊ ဗိုင်းတာမ လူက ငှက်ပျောအူပွလောက်နဲ့ ငါ့များ ...ရော်မသေ။ နင်က'

'အဘကို ချစ်လို့ခင်လို့ စသာပါ။ မရော်မသေရှိပ့် ...သား။ ကန်တော့ပါအဘရယ်'

'မကန်တော့နဲ့။ နင်တို့ ကန်တော့ရင် ရှိထားတဲ့ သီလ ...ောင် ကမ်းပါးပြိုသလို ပြိုရသေး'

'အဘရယ် စိတ်မဆိုးပါနဲ့။ သည်ဘက်က သီလ ကမ်း ...ပြိုပေသိ တစ်ဖက်မှာ ပညာသောင်ထွန်းရသာမျိုး မဟုတ် ...သား အဘရဲ့။ ကျုပ်တို့က အဘနဲ့ရင်းရင်းနှီးနှီးရှိမှ စိတ် ...နီးကြတော့မပေါ့။ ကျုပ်က အဘဝမ်းထဲက ပညာတွေ ...ချပြီးသောက်ချင်သာပါတော်'

သည်စကားကြားတော့ အဘဦးရွှေဖိတ်လို လူစိတ်တို ...ပင် မခံနိုင်တော့ပြီ။ သူ့မြေးလောက်ရှိသော ဥဩသံအေးကို ...ကြည့်နေပြန်ပါ၏။ သည်ဇာတ်စာရေးဆရာကြီးကို ဇာတ် ...ဇာတ်သားတိုင်းက လူတစ်မျိုးရယ်လို့ ကြောက်ကြသည်။

စိတ်မထင်လျှင် မထင်သလို အော်တတ်သော အငေါက် ...မ်းကြောင့် ဇာတ်ထောင်ကပင် စကားအချေအတင် ပြောဝံ့ ...မဟုတ်။ မင်းသမီး၊ မင်းသားဆိုတာတော့ဝေးရော။ အမြဲ ...မ်း ဒေါသကြီးတာ မဟုတ်ပေသိ ရေးပေးသည့် စာမရသည့် ...ါ၊ တလွဲဆိုနေသည့်အခါ၊ မင်းသား၊ မင်းသမီးက သူရေး ...းတာ ထက်ပိုပြီး အိုင်ကျင်းဖွဲ့လွန်းသည့်အခါ သည်းမခံ ...တ်ခြင်းဖြစ်သည်။ ဇာတ်ဆရာဦးဩဘာက ဦးရွှေဖိတ်စိတ် ...တတ်မှန်းသိသည့်ကြားက အာမခံနှင့် ခေါ်လာရသည်ဆို၏။

အဘရေးတဲ့ဇာတ်ထုပ်ချည်း သက်သက်ရောင်းပါဆို ...တော့လည်း မရောင်းပြန်။ အဘကိုယ်တိုင်ဇာတ်ခုံပေါ် လိုက် ...င်ပေးပါဆိုတော့လည်း ငါထမင်းငတ်နေတာ မဟုတ်ဘူး ...ပြန်သတဲ့။ နောက်တော့ ဦးဩဘာခေါ်ရာ လိုက်လာတာကို ...ဇာတ်တိုင်းက အံ့ဩကြသည်။ နောက်ပိုင်းမှာ အဘဦးရွှေဖိတ် ...ယ်တိုင်က ဥဩသံအေးကို လှမ်းခေါ်ကာ စကားတွေပြော ...၊ သီချင်းချပေးတာ၊ အသံတင် အသံချကအစ သင်ပေးတာ ...တွေ့ရှိလာခဲ့သည်။

'အမေရေယဉ် ဇာတ်ထုပ်ကမယ်ဆိုရင် ဇာတ်ထဲက မား ...တွေ မသုံးနဲ့ ကိုယ်ပိုင်မားရှည်တစ်လက်ဝယ်ထား။ ရေယဉ်မယ် ...ကိုအပ်။ အပြိုင်အဆိုင်ကိစ္စရှိလာရင် ခေါင်းပေါ်မားဝဲရုံနဲ့ ...ပျောက်သယ်။ မားကို အားတဲ့အခါတိုင်း မယ်တော်ကို ရည် ...ပြီး သုံးခါသွေး။ ပထမ တစ်ခါသွေးသာက ရန်ကင်း ...ယ်။ ဒုတိယတစ်ခါသွေးသာက ဥစ္စာရသယ်။ တတိယ ...စ်ခါသွေးသာက ကိုယ်စိတ်နှစ်ပါး ရွှင်လန်းသယ်' ဆိုတာ

လူပျိုကြီး
နတ်ဆိုသာရှိသယ်
အထက်
မြစ်ညာဘက်မှာ
တကယ်ရှိသာ
ငါ့မြေးရဲ့
လင်မရတဲ့အပျိုကြီး
အပျိုဟိုင်းတွေက
အဲသည်နတ်ကို
ပူဇော်ရသယ်
ဘယ်လိုပူဇော်
ရသတုံးဆိုတော့
အပျိုကြီးတွေစု
တောထဲသွားပြီး
ခါချဉ်ထုပ်ဖွပ်
ကြရသယ်
တွေ့တော့
ခါချဉ်ထုပ်ထဲက
ခါချဉ်ဥတွေကို
ငှက်ပျောဖက်ထဲ
ထည့်
မီးနဲ့အုံ့ရသယ်
မကျက်မကျွမ်း
ရှိလာတော့
သစ်ပင်ခွကြားပေါ်
ခါချဉ်ဥ
မီးကင်ကိုတင်ပြီး
ဆုတောင်းကြရသာ

မျိုး ပြောလာလို့ ဥဩသံအေး နတ်ဆက်မားရှည်တစ်ချောင်း ဝယ်ထားရပြီ။ စိတ်ကလေး ညစ်စရာ ကြုံပြန်တော့ ခေါင်းပေါ်မားဝဲရတာ အမော။ တစ်ခါတစ်ခါတော့ အဘဦးရွှေဖိတ်က စိတ်လိုလက်ရ ပြောတတ်သည်။

'လူပျိုကြီးနတ်ဆိုသာ ရှိသယ်။ အထက်မြစ်ညာဘက်မှာတကယ်ရှိသာ ငါ့မြေးရဲ့။ လင်မရတဲ့အပျိုကြီး၊ အပျိုဟိုင်းတွေက အဲသည်နတ်ကို ပူဇော်ရသယ်။ ဘယ်လိုပူဇော် ရသတုံးဆိုတော့ အပျိုကြီးတွေစု တောထဲသွားပြီး ခါချဉ်ထုပ်ဖွပ်ကြရသယ်။ တွေ့တော့ ခါချဉ်ထုပ်ထဲက ခါချဉ်ဥတွေကို ငှက်ပျောဖက်ထဲထည့် မီးနဲ့အုံ့ရသယ်။

မကျက်မကျွမ်းရှိလာတော့ သစ်ပင်ခွကြားပေါ် ခါချဉ်ဥမီးကင်ကိုတင်ပြီး ဆုတောင်းကြရသာ။ ပြီးရင် ခါချဉ်မကိုက်ပါဘဲနဲ့ ကိုက်တဲ့ပုံပေါ့ကွယ်။ ထဘီထဲ လက်နှိုက်၊ ပေါင်ခြံတွေကုတ်၊ ကျောတွေကုတ်၊ ရင်တွေကုတ်လုပ်ကြရသယ်။ ပြီးမှ တောပန်းတွေခူးပြီး ရွာက ဘုရားစေတီ တင်ကြသယ်'

'လင်ရဖို့မလွယ်လိုက်သာ အဘရယ်။ ဟုတ်ကော ဟုတ်ကဲ့လား'

'လုပ်ပြန်ပြီ အိုးကွဲမ။ ငါ ပါးချပြန်ရော။ ငါက မဟုတ်သာ ပြောပါ့မလား'

'လူပျိုကြီးနတ်က ဘယ်လိုဖြစ်ရသာတုံး အဘရဲ့'

'အပျိုတွေဝါဆိုပန်းခူးထွက်ကြတဲ့အခါ တောထဲ တောင်ထဲ မိန်းမသားသဘာဝ လွတ်လွတ်လပ်လပ် နေကြသာကိုး မယ်ဩရဲ့။ ဒါကို လူပျိုကြီးတစ်ယောက်က သစ်ပင်ပေါ်က ချောင်းသယ်။ ခါချဉ်ထုပ်အမှတ်တမဲ့ နင်းမိတော့ ခါချဉ်တွေ ဝိုင်းတုပ်သာနဲ့သစ်ပင်ပေါ်က ပြုတ်ကျသာသေရော။ သေတော့ နတ်ဖြစ်ကရော'

'အဲသာ ဘာနတ်တုံး'

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုး ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံအတွက် အလှူ (၁၁) မျိုး၊ ဘက်စုံအလှူ (၁၃၁၀၀၀/ -)နှင့်
ထာဝရငွေပင် ငွေကျပ် ၅သိန်းနှင့်အထက် ထူထောင်လှူဒါန်းလိုပါက အောက်ပါနေရာဌာနများနှင့်
နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

## ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ ကျစွာချောင်
ဖုန်း ၀၇၂-၂၂၀၃၄၊ ၀၇၂-၂၁၅၄၁၊ ၀၉-၆၄၆၁၆၉၉၊ ၀၉-၉၁၀၄၃၇၃၇

### မန္တလေး

ဦးမြင့်စိုး(စိုးပုလဲပွဲရုံ) ဖုန်း ၀၉-၉၁၀၂၃၇၈၇၊ ဒေါ်တင်ဝင်း(လူထု)ဖုန်း ၀၂-၃၉၇၁၇၊ ဒေါ် ရီရီမြင့်(သွင်စက်မှု)ဖုန်း ၀၉-၂၀၀၁၇၁၇

### ရန်ကုန်

သီရိသုဓမ္မသီဂီဒေါ်ခင်သန်းမြင့်(ပဝင်းရတနာ၊ ဗိုလ်ချုပ်ဈေး။ ဖုန်း ၀၉-၇၃၂၀၂၈၁၀)၊
ဒေါ်ယဉ်သန်း(အမှတ် ၁၊ ငွေကြာရုံအိမ်ရာ၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း ၀၉-၅၁၅၂၂၇၇)
ဒေါ်ခင်စန်း(အမှတ် ၇၊ AMBO Hotel, ဆရာစံလမ်း၊ ဗဟန်းမြို့နယ်။ ဖုန်း ၀၉-၅၁၂၂၀၀၃)
ဒေါ် မြင့်မြင့်ကြည်(အမှတ် ၁၆၊ ကွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဖုန်း ၀၁-၂၂၀၅၁၉၊ ၀၉-၇၃၀၇၂၄၉၂)
ဒေါ်မြင့်မြင့်စန်း(အမှတ် ၈၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်။ ဖုန်း ၀၁-၅၁၉၅၀၉၊ ၀၉-၇၃၁၀၉၁၃၄)
ဒေါ်စန်းစန်းခိုင်(Real Gems)(အေ-၁၀၊ အမှတ် ၂၃-၂၅၊ ရွှေဂုံတိုင်ရိပ်သာ၊ ရွှေဂုံတိုင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁-၂၅၂၂၇၂၊ ၀၉-၅၀...
ဒေါ်စန်းစန်းမေ(မဟာမြိုင်ဆေးတိုက်)(အမှတ်-၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဖုန်း ၀၁-၂၃၀၀၄၂၇၊ ၀၁-၂၃၀၀၄၂၈)
ကလျာမဂ္ဂဇင်းတိုက်(ရုံးချိန်)(အမှတ် ၁၆-ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ သိမ်ဖြူကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁-၂၉၀၁၇၆)

## လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၁၁၃။ ဖခင်ကြီး ဦးရွှေအုံ(ကွယ်လွန် ၃၂ နှစ်)အား ရည်စူးအလှူ ဒေါ်ခင်စိန်၊
သမီး ဒေါ်မြတ်သွယ် မြန်မာ့ဆက်သွယ်ရေး၊ စာရင်းကိုင်ချုပ်(ငြိမ်း)နှင့် မောင်ညီမ မိသားစု။ ၁,၀၀၀,၀၀၀/-
၅-၁(F), ကုန်မြင့်ရိပ်သာ၊ မရမ်းကုန်းမြို့နယ်။ (ဆယ်သိန်း)

၁၁၄။ အငြိမ်းစား စာရင်းကိုင်ချုပ် ဒေါ်မြတ်သွယ်ကို အမှူးထားလျက် ၅၀၀,၀၀၀/-
မြန်မာ့ဆက်သွယ်ရေး(ငွေစာရင်း)မိသားစု။ (ငါးသိန်း)

၁၁၅။ ၁၀.၆.၁၃ ရက်နေ့တွင် ကွယ်လွန်သွားသော ဒေါ်ကြည်(စာရင်းစစ်ချုပ်ရုံး-ငြိမ်း) ၅၀၀,၀၀၀/-
အသက် ၈၅ နှစ်၏ဆန္ဒအရ ဒေါ်မေသန်းဝင်းမှ လှူဒါန်းသည်။ (ငါးသိန်း)

၁၁၆။ ဦးမြရှိန်(မန်နေဂျာ-ငြိမ်း၊ MFTB)-ဒေါ်လှလှမြတ် သားသမီး မိသားစု ၅၀၀,၀၀၀/-
တိုက် ၂၆၊ အခန်း ၁၊ ကြို့ကုန်းရိပ်သာ၊ အင်းစိန်မြို့နယ်။ (ငါးသိန်း)

www.burmeseclassic.com

www.burmeseclassic.com

၁၁၇။ ကွယ်လွန်သူ အဒေါ် ဒေါ်လှမြင့်အား ရည်စူး၍ Dr.ဦးကြည်ဝင်း-ဒေါ်ဇင်မာ၊
(သား) မောင်လင်းသစ် 'ကြည်ဇင်လင်း' မိသားစု — ၅,၀၀၀,၀၀၀/-
အမှတ် ၁၈၁၊ ၈၀(ဘီ)၊ သံလွင်လမ်း၊ ရွှေတောင်ကုန်းရိပ်သာ၊ ဗဟန်းမြို့နယ်။ — (သိန်းငါးဆယ်)

၁၁၈။ ဦးဇာနည်ထွန်း-ဒေါက်တာ ဒေါ်သီဂီရဲမြင့်၊ (သား) မောင်ဘုန်းခန့်ဇာနည် မိသားစု။ — ၅၀၀,၀၀၀/-
အမှတ် (စီ-၃)၊ ကမ္ဘာအေးဗီလာ၊ မရမ်းကုန်းမြို့နယ်။ — (ငါးသိန်း)

၁၁၉။ ဦးအောင်ဇော်ရဲမြင့်-ဒေါ်နန်းအိကေခိုင် — ၅၀၀,၀၀၀/-
အမှတ် (စီ-၃)၊ ကမ္ဘာအေးဗီလာ၊ မရမ်းကုန်းမြို့နယ်။ — (ငါးသိန်း)

၁၂၀။ ဦးအောင်သန်း-ဒေါ်မာလာခိုင်(ရွှေရည်ဦးရွှေဆိုင်)မိသားစု — ၅၀၀,၀၀၀/-
အမှတ် ၁၄(A), River View Garden, ကမ်းနားလမ်း၊ အလုံမြို့နယ်။(မွေးနေ့အလှူ) — (ငါးသိန်း)

၁၂၁။ (ဦးသိန်းဖေ)-ဒေါ်တင်လှိုင်မိသားစု — ၅၀၀,၀၀၀/-
အမှတ် ၄၄၅၊ သရဖီ(၆) လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်/ဒဂုံမြို့နယ်။ — (ငါးသိန်း)

၁၂၂။ ဒေါ်ပန်းကြင်၊ တူမ Dr.ဒေါ်မြတ်မွန် — ၅၀၀,၀၀၀/-
Assnmption University, Bangkok, Thailand. — (ငါးသိန်း)

၁၂၃။ ဆရာကြီး ဦးကျော်၊ ဆရာမ ဒေါ်ထွေးတင်တို့အား ရည်စူး၍
(သမီး) ဒေါ်မြင့်မြင့်ခင်၊ (သား) ဦးအေးကျော်၊ ဦးမြင့်သောင်း မောင်နှမတစ်စုကောင်းမှု — ၅၀၀,၀၀၀/-
အမှတ် ၄၅၊ သမိုင်းဘူတာရုံလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။ — (ငါးသိန်း)

၁၂၄။ နှစ်ဖက်သော မိဘများအား ရည်စူး၍
ဦးဇော်မင်း-ဒေါ်လှဲ့လှဲ့အေး၊ (ဦးဇော်မင်း၏ ၅၅ နှစ်ပြည့်မွေးနေ့အလှူ) — ၅၀၀,၀၀၀/-
အမှတ် ၂၄၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်။ — (ငါးသိန်း)

၁၂၅။ ဦးစန်းလွင်ဦး-ဒေါ်နန်းဆိုင်ဖူး၊ (သမီး) မငြိမ်းနွယ်ခင်၊
(သား) မောင်စိုင်းခွန်စစ်၊ မောင်စိုင်းသန့်မင်းထက် — ၅၀၀,၀၀၀/-
(ငွေလရောင်ကုမ္ပဏီ) မိသားစု၊ ရန်ကုန်မြို့။ — (ငါးသိန်း)

၁၂၆။ မိခင်ကြီး ဒေါ်တင်ရွှေ၊ ဒေါ်ခင်နု၊ ဒေါ်တင်နု၊ ဒေါ်ရင်မြ(ရွှေငွေး)မိသားစု — ၂,၀၀၀,၀၀၀/-
အမှတ် ၉၀၀၊ အနော်ရထာလမ်း၊ ၁ ရပ်ကွက်၊ ဒဂုံ/အရှေ့မြို့နယ်။ — (သိန်းနှစ်ဆယ်)

၁၂၇။ ဦးကျော်ထွန်းဦး-ဒေါ်ခင်မြင့်ရီ၊ (သား) မောင်အာကာမင်း မိသားစု — ၅၀၀,၀၀၀/-
အမှတ် ၁၈၊ ရွှေဘိုလမ်း၊ ကျောက်မြောင်း။ — (ငါးသိန်း)

၁၂၈။ ဦးကျော်ထွန်းအောင်-ဒေါ်ဝင်းဝင်းမူ၊ (သား) မောင်ကျော်စွာမင်း မိသားစု — ၅၀၀,၀၀၀/-
အမှတ် ၃၊ ကံ့ကော်လမ်း၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာဝင်း၊ ဒဂုံ/အရှေ့မြို့နယ်။ — (ငါးသိန်း)

၁၂၉။ Dr. Hla Tun & Lily Tan Tun, (သား) Eric Lynn Tun မိသားစု
New York, U.S.A. (ဒေါ်မိုးမိုးအေး (ခေါ်) Lily Tan Tun နှင့် — ၅၀၀,၀၀၀/-
သား Eric Lynn Tun တို့၏ ၁၁.၁၀.၁၃ မွေးနေ့အလှူ) — (ငါးသိန်း)

၁၃၀။ (ကွယ်လွန်သူ ဦးဘိုနီ)-ဒေါ်ခင်ကြည်နှင့်
(ကွယ်လွန်သူ ဦးမြသောင်း)-ဒေါ်ခင်မာကြည်တို့အား အမျှထား၍
မောင်မြင့်ဇော်-မချိုချိုမာ မိသားစု ကောင်းမှု — ၅၀၀,၀၀၀/-
တိုက် ၈၊ အခန်း ၄၀၅၊ အင်ကြင်းမြိုင်အိမ်ရာ၊ ဗိုလ်ချုပ် (၁) ရပ်ကွက်၊ ဗဟန်းမြို့နယ်။ — (ငါးသိန်း)

၁၃၁။ မိဘများအား ရည်စူး၍ (ဦးဝိန်အေး(BD), ဇနီး ဒေါ်လှလှသောင်း(RASU),
ဒေါ်ခင်လေးမူ(BD) စိန်မိသားစု၊ ဒေါ်တင်တင်ဝင်း(BD), ညီမ ဒေါ်ခင်မြရီ(MAI),
ဒေါ်စန်းစန်းဝင်း(BD), ညီမ ဒေါ်စုစုဝင်း(Law), — ၅၀၀,၀၀၀/-
ဦးသိန်းဆွေ(RMO) ဇနီး ဒေါ်ပွင့်ပွင့်ရီ(BD), သာကီဝင်မိသားစု — (ငါးသိန်း)

၁၃၂။ Dr. ဦးမြင့်သိန်း-ဒေါ်ခင်စု (စုမြင့်သိန်း) မိသားစု
ABAC, Bangkok, Thailand (၂၁.၁၁.၂၀၁၃ တွင်ကျရောက်သည့် — ၅၀၀,၀၀၀/-
၄၂ နှစ်ပြည့်မင်္ဂလာအမှတ်တရ ၁၉.၁၀.၁၃ တွင် စိုက်ထူလှူဒါန်းသည်။) — (ငါးသိန်း)

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

'လူပျိုကြီးနတ် ခေါ်သာပဲ'

တစ်ခါတစ်ခါတော့အညည်းကလေးတွေ စိတ်လိုလက်ရ သင်ပေးတတ်သည်။ အမူအရာ မှင်မောင်းတွေပါပါသေးသည်။

'သုဝဏ္ဏသာမမင်းသား ရေချိုးအခပ်သွားတဲ့အခါ အချိန်နဲ့ ပြန်မရောက်ဘူး။ မိဘနှစ်ပါးက မျက်စိကလည်း မမြင်ကြ လေတော့ သားကိုမျှော်ကြသယ်။ မအေက မျှော်ရင်းညည်းတဲ့ အခါ ညည်းစာရှိသယ်။ *မွေးအမေ ရှာဖွေမရ၊ တောသစ်ရွက် ရေစက်ကကျသနဲ့။ သားလှမောင်ငွေပုလဲ သဲငွေသောင်ပေါ် တကြော်ကြော်ခေါ်မကြား နွားသူငယ်မအေကွဲ ဂူးဝဲမဆည်နိုင် ပေါင်။ သည်မြိုင်ချောင်ချေစိုင်ပြောင်ဆတ်။ တောင်ကလပ်နဲ့ ချောင်ပြာသာဒ်ကြီး။ သားဆင်တွေ့ ကျားခြသေ့်များဆီးရော့ လား သားရယ်။* စသည်ဖြင့် ညည်းကြသယ်မှတ်လား ငါ့မြေး ရဲ့။ သည်လိုစာတွေရွတ်တော့ ပွဲကြည့်တွေက မျက်စိထဲမြင် သယ်။ မင်းသမီးဆိုသာ ပွဲကြည့်ကို အနုသယနဲ့ ချုပ်။သူတို့ စိတ်တွေ လောကအပြင် တစ်စက်ကလေးမှ မထွက်စေရဘူး။ ကြားလား၊ ငါပြောသာ။ ငါ့မြေးရဲ့ ရူပါရုံ၊ သဒ္ဒါရုံကို ဂီတနဲ့ တကွ လောလောနယ်ပြီး ရူပစိတ္တဇ၊ သောတစိတ္တဇဖြစ်အောင် လုပ်ယူနိုင်ရသယ်။ အဲသာ သဘင်ပညာပဲ။ ငါ့မြေးမှတ်ထား ခြောက်ဆယ့်လေးပြားပြည့်မှ တစ်ကျပ်တင်းတင်း ဖြစ်ရသယ်။ တစ်မူးတစ်ပဲလျော့သာနဲ့ ကျပ်မပြည့်ဘူးခေါ်ကြသယ်ဟုတ်ကဲ့ လား။ ခြောက်မူးမင်းသမီး၊ မူးတင်းမင်းသမီး မဖြစ်စေနဲ့'

ပြဇာတ်ဆရာ ကိုသက္ကကတော့ အဘဦးရွှေဖိတ်နှင့် ပြောင်းပြန်။ အေးလိုက်စက်လိုက်ပုံများ ရေခဲတုံးနှင့်ပင်တူ တော့သည်။ ဆေးလိပ်တဖွာဖွာရှိတတ်သူဆိုတော့ ပါးစပ်က မီးခိုးထွက်နေမှ နေသာသူဖြစ်၏။ လောကဓာတ်ပညာတွေ ဘယ်ရွေ့ဘယ်မျှ တတ်သလဲဆိုတာတော့ ဇာတ်ထဲက ဘယ်သူ မှ ရေရေရာရာ မသိကြပေသိ ပညာရှိလက္ခဏာတော့ ရှိသူပင်။ ဆရာကိုသက္ကစကားပြောသည့် လေသံကို ဖမ်းရတာ အညာ သားတော့ ဟုတ်ပုံမရ။ သည်ဇာတ်ကိုရောက်မှ ဆရာကိုသက္က ရေးသည့် ပြဇာတ်တွေကိုကြည့်ဖူးတာဆိုတော့ ဉာဏ်သံအေး တို့ ကခဲ့သည့်ပြဇာတ်တွေနှင့်တော့ ကွာသည်။ ဘာကွာတာ လဲဆိုတာတော့ ဉာဏ်သံအေးလည်း မသိ။ ဆရာကိုသက္က ပြဇာတ်တွေက အများသား။ *မိုးခရေ လေပိတောက်၊ ရာသီ တော်ဦး၊ မြောက်ကျွန်းသူ၊ နွေဦးအော်ပရာ၊ ဘီလူးမောင့် ကြောင့် စောင့်တော့တယ်၊ ပန်းတသင်းသင်း၊ ပျိုးခင်းထဲက ပုလွေသံ။*

ဉာဏ်သံအေးရောက်လာတော့ ပြဇာတ်တစ်ပုဒ်ရေးပေး သည်။ ပြဇာတ်က 'မုန်တိုင်းသံလား၊ လှိုင်းသံလား'။ သည်ပြ ဇာတ်တစ်ပုဒ်တည်းနှင့်ပင် ဉာဏ်သံအေးအဖို့ရာ ပြဇာတ်မင်း သမီးနာမည် တစ်ဟုန်ထိုးတက်သွားရခြင်း ဖြစ်ပါ၏။

ပြဇာတ်သဘောသွားက မင်းသမီးဖြစ်ချင်လွန်းသဖြင့် တောကနေ မြို့တက်လာသော မခင်ကျေးတစ်ယောက်မြို့မှာ နေထိုင်ရင်း ထမင်းရောင်းသည့် ကိုလူအေးနှင့် အိမ်ထောင်ကျ။ သားကလေးတစ်ယောက်ရ။ တစ်ရက်မှာတော့ မင်းသမီး ဖြစ်ဖို့ အခွင့်အလမ်းပေါ်လာ။ ထမင်းဆိုင်မှာ ထမင်းလာစား သော ဇာတ်ထောင်က ရုပ်ရည်ချောမောသော မခင်ကျေးကို မင်းသမီးတင်ပေးမည်ဆိုတော့ ကိုလူအေး တားမြစ်သည့်ကြား က ဇာတ်နောက်ကောက်ကောက်ပါအောင်လိုက်သွား။

ဇာတ်ထဲမှာ မခင်ကျေး မဟုတ်တော့။ 'ညိုမီလှ'ဆိုသော အမည်ဖြင့် မင်းသမီးဖြစ်လာ။ ဇာတ်ထောင်က သူ့ဇာတ်ဝင် ငွေကောင်းအောင် ညိုမီလှကို သရုပ်ပျက်အက၊ အဖော်အချွတ် များဖြင့် စင်တင်။ ညိုမီလှကလည်း ပရိသတ်လက်ခုပ်သံတွေ ကြားမှာ ကျေနပ်နေခဲ့။ နောက်ဆုံးဇာတ်ထောင်က ခြေတော် တင်၊ ဘဝပျက်သွား။ သားအဖနှစ်ယောက်ဆီ မပြန်ဝံ့တော့ ရရာအလုပ် လုပ်ကိုင်စားသောက်နေရ။ တောင်းရမ်းစားရသည့် ဘဝရောက်။ တစ်ရက်လမ်းဘေးမှာ ပုံလဲနေသခိုက်သားဖြစ် သူရောက်လာ။ သားက ဇရပ်ဟောင်းဆီပြန်ပို့ပြီး အမေ အရွယ် သနားလွန်းသဖြင့် မကြာမကြာလာတွေ့။ ခင်မင်လာတော့ သားမှန်းသိ။ သို့သော် သူ့ကိုသားကလေးက အမေမှန်းသိ သွားမှာစိုးလို့မျိုသိပ်နေခဲ့ရ။ တစ်ရက်လမ်းပေါ်မှာ လူတစ် ယောက်ကို ဝိုင်းဝန်းထိုးကြိတ်နေတာတွေ့လို့ ကြည့်လိုက်တော့ သားဖြစ်နေ။ အကူအညီအော်ဟစ်တောင်းသော်လည်း ဘယ် သူမှ ရောက်မလာ။ နောက်ဆုံးပါလာသည့် ဓားမြှောင်ဖြင့် ထိုးသတ်လိုက်။ ထိုးကြိတ်ခိုင်းသည့်သူမှာ တစ်ခါက သူ့ကို ဖျက်ဆီးခဲ့ဖူးသော ဇာတ်ထောင်ဖြစ်နေ။ အကြောင်းက ဇာတ် ထောင်သမီးနှင့် သားဖြစ်သူကြိုက်နေကြတာကို သဘောမတူ သောကြောင့်ဟု သိရ။

ဇာတ်ထောင်ကိုဇာတ်ကြောင်းပြန် ပေါက်ကွဲတော့မှ သားက အမေမှန်းသိ။ အမေကို ရဲကဖမ်းသွားခန်းဖြင့် ဇာတ် ကိုသိမ်း။

ဇာတ်လမ်းက ပညာပေးဇာတ်ဆိုသော်လည်း ဒိုင်ယာ လော့တွေက ကောင်းတော့ ပရိသတ်အကြိုက်တွေ့သည့် ဇာတ် မျိုးဖြစ်သည်။ ဉာဏ်သံအေးအတွက်လည်း လုပ်ကွက်တွေ အများကြီးရသည့် ဇာတ်ဆိုတော့ ဆရာကအဝင်အထွက်အနေ အသိမ်းတိတိကျကျချပေးပါ၏။ ဉာဏ်သံအေးကလည်း ဇာတ် ကိုဖတ်ပြီးကတည်းက စိတ်နှင့် သရုပ်ဆောင်နှင့်ပြီ။ ဒိုင်ယာ လော့တွေ တစ်လုံးမကျန်အောင် အရကျက်သည်။ ကိုယ်ထွက် ရမည့်အခန်းကို ဇာတ်ခုံပေါ်ခြေစလှမ်းတက်ကတည်းက ဘယ် နလှမ်းမြောက်မှာ ဘာစဝင်ရမှာအထိ ဆရာကိုသက္ကက စနစ် တကျရှိလှပါ၏။ ပြဇာတ်တိုက်ကတည်းက ကိုသက္ကကလည်း ဇာတ်ညွှန်းစာအုပ်ကိုင်ပြီး တိုက်ပေးသည်။

'စမယ်။ လှမ်းသွား။ တစ်၊ နှစ်၊ သုံး နောက်လှည့် ကြည့်။ ပါးရိုက်၊ ဖောင်း၊ ဘာ၊ ငို'

သည်လို အခန်းကလေးကအစ အသေးစိတ်လွန်းလို့ ဉာဏ်သံအေးတို့ တစ်တွေကလည်း မပေါ့ဆဝံ့ကြ။ သရုပ် ဆောင်သူတွေ အားလုံးချွေးပေါက်ပေါက်ကျအောင် တိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com

ါ၏။ ဥသြသံအေးကို အနားခေါ်ကာ သိသင့်တာတွေ သင် ပေးရင်း အမူအရာတွေပါ လုပ်ပြနေလို့ လေးစားမိသည်။

'ဥသြက တော်တော်သရုပ်ဆောင်တတ်တာကိုး။ ရုပ်ရည် ာရုံနဲ့ ပြဇာတ်သရုပ်ဆောင်ဆိုတာ မဖြစ်နိုင်ဘူး။ မျက်နှာပေး ျက်နှာခံ လေပေးလေခံကောင်းရတယ်။ ဥသြက အဆက် အပေါက်လည်းကျတော့ မျက်နှာနဲ့ ခန္ဓာကိုယ်က ပရိသတ် ကို တစ်ဝက်ဖမ်းစားနိုင်ပြီ။ အဲဒါက ပညာတော့ မဟုတ်သေး ဘူး။ အရုပ်ကြိုက်ခေါ်တယ်။ အရုပ်ကြိုက်လောက်နဲ့တော့ ါလှသဟဲ့ရယ်လို့ ပြဇာတ် မကချင်နဲ့။ ညည်းမှာ ပြင်စရာတွေ အများကြီး။ သန္ဓေမမှန်ဘူး။ အခြေမမှန်သေးဘူး။ ဒါကိုကျင့် ဦးမယ်။ ပြဇာတ်မှာ အလှည့်ရှိတယ်။ ဆိုင်းက လေပြေတို့ရှိ ့သေးတယ် တမြုန်းမြုန်းတက်ကချင်တဲ့ မင်းသမီးလို လုပ်လို့ ရဘူး။ ဆိုင်းအလှည့် လူပြက်အလှည့် ကိုယ့်အလှည့်ရှိမှခွင် ာ့ရသလိုပေါ့။ အသံနဲ့ပြောရင် သံမှန်ကိုပြန်ပြန် ဆင်းရတာ ည်း ရှိတယ်။ ညည်းတို့ မင်းသမီးတွေ ယေင်ကျူးတဲ့အခါ ်ချင်းရှည်ကြီးဆိုတယ်ဆိုပါတော့။ ငါးပေါက်ချနဲ့ သံမှန်ချမှာ ါးပေါက်ချလိုက်ရင် သီဂါသံနဲ့ ရောတတ်သလိုပေါ့။ သံမှန်ကို ြန်ချမှ ရှေ့ကိုကူးလို့ကောင်းတယ်။ ပြဇာတ်တစ်ခွင်လုံးမှာ သရုပ်ဆောင်သူတွေ အသံကျတွေညီမှ ကောင်းမှာပေါ့။ အမူ အရာနဲ့ စိတ်ခံစားမှုက ခိုင်းလို့ အသံတင်ရချရတာလည်း ရှိ ာပေါ့။ ပြီးရင် တင်ထားတဲ့အတိုင်း ထားခဲ့လို့ မရဘူးမဟုတ် ား။ ညည်းတို့မင်းသမီးတွေ ပြဇာတ်ကရင် ကျုပ်က အသံ ကို ကြောက်တာ။ မင်းသမီးသံ မပျောက်ရင် ပြဇာတ်က မဖြစ် ဘူး။ ဆိုပါတော့၊ မင်းသမီးများ ယေင်ကျူးကြတဲ့အခါ ဆရာ ာ်ဘုရားကြီး ကျောင်းကိုအသွား ခလုတ်တိုက်တယ်။ ဆရာ ာ်ကြီးကလည်း မကျန်းမာဘူး။ ခလုတ်ကလည်း တိုက် ာယ်ဆိုတော့ စိတ်ထဲမချမ်းသာဘူး။ သည်တော့ သီချင်းဝင် ာယ်။

*တစ်ခဏ ကျုပ်စိတ်အကြံမှာလေ×××ရတနာ့သုံး ပရိတ် ံ သရဇ္ဈာယ်လို့ပေးလိုက်ပါရဲ့×××ဆရာတော်ဘုရား အာ ာ:×××ဘေးလွတ်စေကြောင်း* 'လို့ ဆိုလိုက်ရင် ဆိုင်းက င်းသမီးဆိုလိုက်တာမှာ အမယ်လေးဆိုတာ မပါဘူး။ ငိုချင်း ဟုတ်ဘူး ထင်ပါရဲ့ဆိုပြီး 'ဂျိ' ဆိုပြီး ပတ်မကြီးနဲ့ ဆို့လိုက်ရင် ည်းဘာဆက်လုပ်မလဲ။ ဆိုင်းဆရာက အမယ်လေးမပါရင် ်ချင်းမထင်လို့ ငိုချင်းအဆင်းကလေးတီးမပေးရင် မင်းသမီး ှ ရောက်ရတာမျိုးပဲ။

တချို့ရှိသေးတယ်။ ဆိုင်းဆရာများ ညံ့တာ။ *ကြားရတဲ့ ကားတွေရယ် နားဝမှာ မချမ်းသာလိုက်ပုံက အို၊ ဘုရား ာန္တာ ကယ်တော်မူပါဦး×××အုံး ဟုံး ဟုံး*…ဆိုတာမှာ 'အုံ' ဆိုတဲ့အသံကို အမြင့်ဆုံးပစ်တင်တယ် မဟုတ်လား။ အဲဒါ အမယ်လေးလို့ ဆိုရိုးဆိုစဉ်စကားလုံးကို အိုနဲ့အစားသုံးလိုက် ာ။ ဒါကို မသိတဲ့ဆိုင်းက အမယ်လေး မပါရင် ငိုချင်း ထင်လို့ 'ဂျိ' ဆိုပိတ်လိုက်တာပဲ။ မင်းသမီးခမျာကော့ပြီပေါ့။

ပြဇာတ်မှာ ဇာတ်ကောင်တွေရဲ့ အသံမိတ်တွေရှိတယ်။ ထားနေ ကျအသံမှာ မြဲရတယ်။ အသံသဘောမသိတဲ့ ဆိုင်းဆရာလို လည်း မဖြစ်ရဘူး။ မှန်ချီ၊ ငါးပေါက်၊ သံမှန်၊ ခြောက်ပေါက်၊ လေးပေါက် သိလွန်းတဲ့မင်းသမီးလိုလည်း ချွန်မထွက်ရဘူး။ နွားရှိတဲ့လူက နွားနဲ့ရုန်း၊ စက်ရှိတဲ့လူက စက်နဲ့ရုန်းဆိုတာ လို အရုန်းမမျှလို့လည်း မဖြစ်ဘူး။ အချိန်တန်တော့ ချည်တိုင် ပြန်လာရသလို တစ်ထုပ်လုံး အသံမိတ်ညီမှ ပြဇာတ်မှာ ပြေပြစ် တယ်'

သည်လိုစကားတွေ ပြောတိုင်း ဆရာကိုသက္ကကို လူက မှုန်သုန်သုန် ညစ်ထပ်ထပ်ပေသိ သူ့ပညာသူ့အလုပ်မှာတော့ တော်သားပဲလို့ ဥသြသံအေး တွေးမိခဲ့သည်ချည်းပင်။ ပြဇာတ် တွေကခဲ့ဖူးသော ဥသြသံအေးအဖို့ရာ သည်လိုရှင်းပြခဲ့သူ မရှိ ခဲ့။

ညည်းက ကျောင်းဆရာမ၊ ညည်းက သည်ပြဇာတ်မှာ မာနကြီးတဲ့သူဌေးသမီး၊ ညည်းကအိမ်ဖော်၊ ညည်းက တောသူ ဆိုတာလောက်နှင့် ပြီးခဲ့ရတာ များသည်။ မျက်နှာခံ၊ လေယူ လေသိမ်း၊ မျက်စချီမျက်စသိမ်း ကိုယ်လုပ်တတ်သလို လုပ်ခဲ့ တာများသည်။

မဖြစ်ခဲ့တာတော့ မရှိ။ ပြဇာတ်မင်းသမီးဥသြသံအေး ကို ကြိုက်လိုက်ကြတာမှ။ အခုတော့ သစ်ကြမ်းကို ယမင်း ရုပ်ဖြစ်အောင်ထုနိုင်သော ပန်းပုဆရာနှင့်တွေ့ရပြီ။ အဆို ပညာအနေနှင့် အဖေကြီးဝံသာနုအောင်ကြိုင်ဆီမှာ အခြေခံ လောက်တော့ သင်ခဲ့ဖူးပါ၏။

သည်အခြေခံကပင် တန်ဖိုးကြီးလှသည်။ သင်ဆရာ၊ မြင်ဆရာ အဖေသီလ ကျေးဇူးကြောင့် ဇာတ်ခုံပေါ်မှာ ဇာတ်ကို ဦးဆောင်ကနိုင်သည့် ပညာကိုရခဲ့သည်။ အကမှာတော့ကော။ သင်ဆရာထက် မြင်ဆရာတွေက များခဲ့သည်။ ဘယ်လို ကြောင့် စင်ရော်လက်ပစ်ရသလဲ။ ဘယ်လိုကြောင့် ယိုးဒယား ကျောက်ကောက်ရသလဲ၊ ဘယ်လိုကြောင့် မှန်တော်ရှုရသလဲ။ မသိခဲ့ရိုး အမှန်ပင်။

ဆရာကိုသက္ကကတော့ လှူသဘော လှူသဘာဝတွေကို ပါ နှိုက်ပြတတ်သူဖြစ်သည်။ ပြဇာတ်ခုံပေါ်မှာဝတ်ရသည့် အဝတ်အစားတို့၏ အရောင်သဘော၊ ပြောရသည့်လေ သဘော၊ လိမ်းရသည့်မျက်နှာချေသဘော၊ ချီရသည့်မျက်နှာ ခံသဘော၊ လှမ်းရသည့် ခြေလှမ်းတွေရဲ့ သဘော၊ နောက်ခံ အခင်းအကျင်းတွေမှာ အလင်းပေးရသည့်သဘော၊ နောက်ခံ ဂီတသံတို့၏ အပို့သဘောတွေကို ပြောပြသည့်အခါ ဥသြသံ အေး ဆရာကိုသက္ကကို လေးစားချစ်ခင်ရသည်။ အင်္ကျီနှစ် ထည်၊ ပုဆိုးသုံးထည်၊ ဆေးလိပ် လေးငါးခြောက်လိပ်နှင့် ဘဝလုပ်နေတတ်ရှာသော ဆရာ့ကို သနားစိတ်ဝင်ခဲ့ရသည်။

တစ်ခါ တစ်ခါ ဆရာ ကိုသက္ကက ပြဇာတ်ကမည့် သူ တွေကို စည်းဝိုင်းကြီးတစ်ဝိုင်းလို ဝိုင်းထိုင်ခိုင်းတတ်သည်။

ဇာတ်ကောင်တွေ ကျက်ထားရမည့်စာတစ်ပိုဒ်ပိုဒ်ကို

www.burmeseclassic.com

ဖောက်ပြီးရွတ်ခိုင်းတတ်သည်။ စာမရမချင်း မထိုင်ရ။ သည်လိုနှင့် စိတ်ထဲရှိတိုင်း မေးတတ်လို့ ဘယ်သူကမှပေါ့ပေါ့ လျော့လျော့ မနေဝံ့။ မင်းသားရဲမြင့်ဦးနှင့် ဉာဉ်သံအေး ကတော့ပင်တိုင်။ လူကြမ်းကျောက်ခဲကလည်း အရေးကြီးသည့်ဇာတ်ကောင်ပင်။

'ကျောက်ခဲ ထ၊ မင်းသမီး ထ၊ မင်းသမီးမိသားစုရဲ့ လျှို့ဝှက်ချက်တွေကို လူဆိုးကျောက်ခဲက သိသွားလို့ လာဖော်တဲ့အခန်း လုပ်ကြည့်စမ်း'

သည်လိုခိုင်းလျှင် ဇာတ်ခုံစွန်းအဖြစ် စည်းသားထားသောမျဉ်းနှင့် တစ်ပေအကွာမှာ ဉာဉ်သံအေးက ရပ်နေရသည်။ လက်တွေကို ဆုပ်ခြေလိုက် ဖြန့်လိုက်။ မျက်နှာက ဒေါသရိပ်။ ဉာဉ်သံအေးနောက်ခပ်လွှဲလွှဲမှာ လူကြမ်းကျောက်ခဲ။ မျက်နှာက မဲ့မဲ့ရွဲ့ရွဲ့။

'နင်က အများရှေ့မှာ ရသေ့မ လုပ်နေပေမဲ့ တကယ်တော့ မြွေပွေး၊ မြွေဟောက်မ။ နင့်အဖေက ဓားပြ။ လူကြီးလူကောင်း အယောင်ဆောင်ထားတဲ့ ဓားပြခေါင်းဆောင်ဗိုလ်မြသီး။ နင့်မောင်က ထရေဝိုင်းမှာ လူသတ်ပြီး ပြေးနေတဲ့ ဝါးရမ်းပြေး။ ငါပုလိပ်ကို လက်တို့လိုက်ရင်၊ ဟင်း…ဟင်း…ဟင်း…ဟင်း'

'ဘာ…'

ဉာဉ်သံအေးက 'ဘာ' လို့ တစ်ခွန်းတည်းအော်ကာ ကျောက်ခဲကိုလှည့်ကြည့်၊ ချက်ချင်းပရိသတ်ရှေ့ မျက်နှာပြန်လှည့်။ ကိုသက္ကက သည်လိုခိုင်းလို့ အဆင်မပြေလျှင်ပြေသည်အထိ ပြန်ခိုင်းတတ်သည်။ တစ်ယောက်ယောက်က လျော့နေလျှင် မကောင်းမချင်း တိုက်ကြရပါ၏။ စိတ်တိုင်းကျတော့မှ လွှတ်သည်။

'ကျောက်ခဲ မင်းပြောရမယ့်စကားက ပြဇာတ်မှာ အရေးကြီးတယ်။ အဲဒါ ဖြတ်လုံး။ လေသံမလျော့စေနဲ့။ ပီပီသသနဲ့ အလုံးကွဲအောင်ပြော။ ဉာဉ်သံအေးက 'ဘာ' ဆိုတဲ့ အသံနည်းတယ်။ ဘာ၊ ဘာ…ပြန်လုပ်…ဉာဉ်သံအေးမျက်နှာက ပရိသတ်ဘက် လှည့်ထားတုန်းမှာ ဒေါသ။ ငါပုလိပ်ကို လက်တို့လိုက်ရင် ဆိုတဲ့စကားကြားတော့ မျက်လုံးတွေလည်၊ နဖူးကြောတွေ ရှုံ့ထား၊ ထိတ်သွားတဲ့မျက်နှာ။ 'ဘာ' ဆိုပြီး ပြန်လှည့်တဲ့အခါ ပရိသတ်ကိုပေးရမယ့် မျက်နှာက အဖေ့အတွက်၊ မောင်အတွက် ပူပန်တဲ့မျက်နှာ။ ဟုတ်ကဲ့လား။ ဘာဆိုပြီး ပြန်လှည့်လိုက်တာက ကျောက်ခဲရဲ့စကား မဆုံးသေးဘူး။ ဆက်ပြောဆိုတဲ့သဘောပါအောင် စကားတစ်လုံးတည်းနဲ့ ခံထားတာ။ ဟုတ်ကဲ့လား။ စကားလုံးနဲ့ အမူအရာတစ်ထပ်တည်း ကျပစီ။ ကျောက်ခဲက အလှူပ်ဖြစ်ပစီ၊ ဉာဉ်သံအေးက အငြိမ်နဲ့ ခံထား။ အဲဒါ ဆန့်ကျင်ဘက် အားပြိုင်နေတဲ့သဘော ဟုတ်ကဲ့ လား'

ပြဇာတ်တစ်ထုပ်လုံး သည်လိုခွင်ကျ လေ၊ မျက်နှာ၊ စကား၊ အလှုပ်အရှား တိကျအောင်လုပ်ထားတာ ဆိုတော့ ပြဇာတ်အချိန်ကကွက်တိ။ အိုင်သွားတာ၊ မျောသွားတာ၊ အ… ကျဲသွားတာမရှိ။ အခန်းကူးအခန်းပြောင်းက အစ ဇာတ်… သီချင်း၊ နောက်ခံဂီတကိုပါ အတိအကျပေးထားတတ်သည်… ပိုမပြောနဲ့၊ ပိုမတီးနဲ့ ဆိုသည့်စကားပင် ဇာတ်ထဲမှာ 'တွင်'… သည် အထိပင်။ ဇာတ်ထမင်း၊ ဇာတ်ဟင်းဝေတော့ လူပြ… တွေက ထမင်းဝေသူကို ပိုမထည့်နဲ့လို့ နောက်တတ်ကြသည်… ဇာတ်ထောင်က ညကြေးဖြတ်တော့လည်း ပိုမဖြတ်နဲ့… သည်လိုကြားရတိုင်း ဉာဉ်သံအေး ရယ်မိသည်။ ဟုတ်… လည်း ဟုတ်ပါရဲ့။ အခန်းဝင်၊ အခန်းထွက်တောင် ခြေလှမ်း… တစ်နှစ်သုံးလေး ရေထားနှင့်ရသည်။ တစ်၊ နှစ်၊ သုံး… ငါး လှည့်။ ခြောက်မှာ စကားစပြောဆိုတာမျိုး မဟုတ်…

'မာနနတ်သမီး နတ်သက်ကြွေ' ပြဇာတ်တစ်ဟု… နာမည်ရလာခြင်းနှင့်အတူ လှမင်းအောင်ဇာတ် နာမည်ကြ… ခဲ့သည်။ ရောက်လေရာ မြို့ရွာတိုင်းက သည်ပြဇာတ်ကို… ညထည့်ပြီး ကပြဖို့ရာစာချုပ်ထဲမှာပင် ထည့်ချုပ်ကြသည်… သည်ပြဇာတ်ချည်းကြောင့်တော့ မဟုတ်။ အဘဦးရွှေဖိ… နောက်ပိုင်းဇာတ်တွေကိုလည်း နှစ်ခြိုက်ကြသည်။ ဇာတ်အ… အသားပါသောကြောင့် နောက်ပိုင်းအထိ ပရိသတ် တောင့်ခံ… တတ်ပါ၏။ သည်လိုဆိုပြန်တော့ ဉာဉ်သံအေး အလုပ်… တာ အားရှိသည်။ တစ်ခါတော့မထင်မှတ်သော အဖြ… ကြုံရသည်။ 'မာနနတ်သမီး နတ်သက်ကြွေ' ပြဇာတ်… လူကြမ်းအဖြစ် သရုပ်ဆောင်သူ ကိုကျောက်ခဲကို ပရိသ… အချို့က မုန်းတီးစိတ်ကြီးရာက မုရိုးခေါက်နှင့် ပစ်ကြသည်… သို့ပေသိ မုရိုးခေါက်က ကျောက်ခဲကိုမမှန်ဘဲ ဖြတ်ဝင်… သော ပြဇာတ်မင်းသား ရဲမြင့်ဦး၏မျက်လုံးကို တည့်တည့်… မှန်သွားရာက ဒဏ်ရာပြင်းပြင်း ရသွားခဲ့သည်။ မုရိုးခေါ… ဆိုတာက မုရိုးစေးပင်က ကွမ်းရိုးသာသာ အတက်ကလေး… ကို လက်တစ်ဆစ်စီလောက်ဖြတ်ပြီး ခေါက်ကွေးလိုက်… သားရေပင်မာမာနှင့် ထည့်ပစ်လို့ရသည့်လက်နက်ဖြစ်ရသည်… ထိုမုရိုးခေါက်အကွေးကို မုရိုးခေါက်ခေါ်ကြခြင်း ဖြစ်… ထိလိုက်လျှင်အလွန်စပ်သည်။ အထိပြင်းလျှင် အသားမှာ… ခြည်ပင် ဥတတ်သည်။ ရဲမြင့်ဦးခမျာ ပြဇာတ်ကို မနည်း… ကာကရာပေသိ ပြဇာတ်ပြီးချိန်မှာတော့ မုရိုးခေါက်ဒဏ်ကြေ… မျက်လုံးကြီး ရောင်ကိုင်းလာခဲ့ပါ၏။ ရဲမြင့်ဦး ပြဇာတ်… နိုင်တော့ ဇာတ်ထောင်ဦးညွှဘာလည်း ပျာသွားခဲ့သည်။

'ကိုင်း မောင်သက္က၊ မင်းပဲ ပြဇာတ်မင်းသားလုပ်… ကွာ။ စကားလုံးတွေက မင်းကိုယ်တိုင်ရေးထားသာဆို… အထူးသင်စရာ မလိုတော့ဘူး။ ပြဇာတ်မင်းသားကြေးပါ… ပေးပါ့မယ်။ လုပ်ပါဦး ငါ့တူရာ လက်ခံထားသာ မနည်း… ကွ။ ရဲမြင့်ဦးက တစ်လနဲ့ မျက်လုံးမကောင်းလောက်ဘူး…

'ကျုပ် မကချင်ဘူး။ ကျုပ်က ပြဇာတ်မင်းသား… မဟုတ်ဘူး။ ဇာတ်ခုံပေါ် တက်ရမယ့်အလုပ် ကျုပ် … လို့ ပြဇာတ်ရေးနေတာ။ တစ်ယောက်ရာဇ္ဇာ။ ကျုပ် လ…



www.burmeseclassic.com

www.burmeseclassic.com

ကြက်သင်ပေးမယ်'

'လက်ပူတိုက်နဲ့တော့ မဖြစ်ဘူးလေကွာ။ မဟုတ်သာ'

'ခင်ဗျားက ပိုက်ဆံပေးတာနဲ့ လုပ်မယ်ထင်တာက မှားတာပဲဗျာ။ ကျုပ်က ဘယ်တုန်းကမှဇာတ်ခုံပေါ်တက်ပြီး ပြဇာတ်မင်းသား လုပ်ပေးမယ် မပြောခဲ့ပါလား။ ကျုပ် မလုပ်ဘူး။ ဘယ်တော့မှလည်း လုပ်မှာမဟုတ်ဘူး'

'တစ်သက်လုံးမဟုတ်ပါဘူး ငါ့တူရာ။ ရဲမြင့်ဦး မျက်လုံးက တော်တော်ဖြစ်သွားသာ မင်းလည်းသိလျက်နဲ့။ မျက်လုံးသက်သာတော့ ပြန်ဆင်းပါကွာ။ ဇာတ်က အရှိန်ကောင်းတုန်းမှာ ဇာတ်သူဇာတ်သားတွေ အားလုံးအတွက်ပြောသာပါ'

'တော်ပြီဗျာ။ ကျုပ် ထွက်မယ်'

တစ်ဇာတ်လုံးက တစ်ယောက် နှာသခိုက် တစ်ယောက် ခင်လိမ့်မယ်ရယ်လို့ အဖြေဝင့်တွေးထားကြပေသိ အဖြေဝင့်ဖြစ်မလာ။ ပြဇာတ်ဆရာ ကိုသက္ကက ဇာတ်စင်ပေါ် မတက်နိုင်ကြောင်း ခါးခါးသီးသီးငြင်းနေတာကို နားမလည်နိုင်ကြ။ ဆုထဲမိုးထဲ ဘယ်ကမှလည်း ပြဇာတ်မင်းသား ရှာမရနိုင်။ ပြဇာတ်မှ မကနိုင်လျှင် ပွဲခွင်တွေမှာ ယူထားသည့် စရန်ငွေကလည်း နှစ်ဆပြန်လျော်ရတော့မည်။ ဥသြသံအေး ကိုယ်တိုင်ပင် ပြဇာတ်မင်းသား ရဲမြင့်ဦး မျက်လုံးဒဏ်ရာရတာကို စိတ်ကောင်းဖြစ်ရပေသိ ဆရာကိုသက္က ဝင်သရုပ်ဆောင်ဖို့ ကမ်းလှမ်းတာကိုတော့ ဝမ်းသာပါ၏။ ဆရာကိုသက္ကက ကလျှင်ပြဇာတ် သူ့လေ သူ့လှုပ်ရှားမှု ပိုကောင်းနိုင်တာပဲ မဟုတ်လား။ အခုတော့ ပြဇာတ်ဆရာက ငြင်းနေပြီ။ ဘာဖြစ်လို့ပါလိမ့်။ ဘာသဘောပါလိမ့်။ တစ်ဇာတ်လုံးကလည်း ဖျောင်းဖျကြပါ၏။ ကိုသက္ကက လက်မခံ။ လူတကာကို ငေါက်နေကျ၊ ငမ်းနေကျ အဘဦးရွှေဖိတ်ကပင် သည်တစ်ခါတော့ ဝင်ကောင်းပန်သည်။ ကိုသက္ကက တွင်တွင်သာ ငြင်းတော့သည်။ ငြင်းသည်အထိက ကိစ္စမရှိ။ ဇာတ်က ထွက်မယ်ဆိုတာကိုတော့ ဥသြသံအေး တုန်လှုပ်သွားခဲ့သည်။ မုတ်ဆိတ်ပါးမြိုင်းမွေးတွေ၊ ကုပ်ထောက်ဆံပင်တွေအောက်က မျက်နှာပုံချောချောကို နှမြောတာမဟုတ်။ ညစ်ထေးထေး နေတတ်သောသူ့အဝတ်အစားတွေအောက်က သူ့ပညာနှင့် နူးညံ့သော စိတ်နှလုံးကို နှမြောခြင်းဖြစ်၏။ ဥသြသံအေး သည်ဇာတ်ထဲရောက်တာပင် နှစ်နှစ်ရှိခဲ့ပြီ။ ဥသြသံအေးအတွက် သီးသန့်ပြဇာတ်တွေရေးပေးခဲ့တာပင် ငါးထုပ် ရှိခဲ့ပြီ။ ပြဇာတ်တွေ အားလုံးအောင်မြင်ခဲ့သည့် ပြဇာတ်တွေ။ ထူးခြားတာက ဆရာကိုသက္ကက ဂီတကိုလည်း နားလည်သည်။ စာကဗျာတွေလည်း စပ်နိုင်လှသည်။ လူ့သဘော လူ့သဘာဝတွေကို ဇာတ်ဖွဲ့ရာမှာ ကျွမ်းကျင်လှသူ။

ထိုညကဆရာကိုသက္က အရက်မူးနေမှန်း ရိပ်မိပေသိ ဥသြသံအေး အသာထလာခဲ့သည်။ ဇာတ်ခုံက ဘုန်းကြီးကျောင်းဝင်းထဲမှာဆိုတော့ ဇာတ်ခုံနောက်မှာ အုတ်အင်္ဂတေ သင်ပုတ်ခုံကလေးရှိသည်။ သင်ပုတ်စင်ဘေးက တရုတ်စံကားပင်ခြေမှာ ကိုသက္ကထိုင်နေခြင်းဖြစ်၏။ ညနေစောင်းနေက မဝင့်တဝင်။

'ဆရာ ထမင်းစားတော့လေ'

'ကျုပ် မဆာဘူး'

'ဥသြလည်း မဆာသေးပါဘူး။ ပြီးတော့မှ ဆရာနဲ့စားမယ်လေ။ ဆရာ ဘာဖြစ်နေသာလဲ။ ဆရာ့ကို အားလုံးက ပြဇာတ်မင်းသား လုပ်စေချင်နေကြသာပါ။ ဇာတ်ထောင်က သူ့အကျိုးတစ်ခုတည်းအတွက် ကြည့်ပြီးပြောသာ မဟုတ်ဘူးဆိုသာ ဥသြ သိပါသယ်။ ဆရာစင်ပေါ်တက်ပါ။ ဥသြ တောင်းပန်ပါသယ်'

ကျနေရောင် ပုစွန်ဆီသွေးက ဥသြသံအေး မျက်နှာကလေးပေါ်မှာ နနွင်းရည် ဆမ်းထားသလို ရှိနေပါ၏။ ကိုသက္ကက ဥသြသံအေးမျက်နှာကိုငေးကြည့်နေခဲ့သည်။ ဇာတ်တွေမှာ မိန်းမသားများနှင့် ကြုံရလှပြီ။ သည်မိန်းကလေးလောက်လှတာ မတွေ့ပါလားလို့များ တွေးနေလေသလား။ ဇာတ်ခုံအောက်မှာလည်း ကျက်သရေရှိသူကလေး။ ပြင်လိုက်ဆင်လိုက်တော့လည်း မင်္ဂလာရှိ သူကလေးလို့များ တွေးနေလေသလား။

'ဆရာနဲ့ ဥသြနဲ့ ဒီဇာတ်ထဲရောက်မှ ဆုံကြရသာပေသိ ဥသြက လေးစားနေမိသာပါ ဆရာ။ ဆရာက ဇာတ်ထဲက ထွက်မယ်ဆိုတော့ ဥသြအသည်းတွေ၊ အူတွေ ဆွဲနုတ်လိုက်သလိုပဲ။ တကယ် ထွက်မှာလား ဆရာ။ ဒါဆို ဥသြလည်း ဇာတ်က ထွက်မယ်။ ဥသြက ဆရာရေးတဲ့ပြဇာတ်တွေ ကချင်သေးသာလေ'

'ကိုယ့်ဘဝနဲ့ကိုယ်ပါ ဥသြရယ်။ ဘယ်သူ့ကြောင့် ဘယ်လိုဖြစ်ရတယ်ဆိုတာ ကံတိုက်တုန်းခဏပါ။ ပြီးရင် ကိုယ့်လမ်းကိုယ် သွားကြရတာပဲ။ ကျုပ်နဲ့ ဥသြ သည်ဇာတ်ထဲမှာ ဆုံတာ နှစ်နှစ်တောင်ရှိပြီပဲ။ ပြဇာတ်တွေရဲ့သဘော သိလောက်ပါပြီ။ ကျုပ် မကချင်တာ ဦးသြဘာ လောဘကြီးတယ်ထင်လို့ မဟုတ်ပါဘူး။ ကျုပ် စင်ပေါ်တက်ချင်စိတ်မရှိလို့သာ အောက်မေ့ပါ'

'ဆရာပဲ ပြောခဲ့သာပဲ။ ဇာတ်စင်တွေဟာ လူတွေကိုအသိအလိမ္မာပေးသယ်။ တရားသံဝေဂပေးသယ်။ လောကမှာ စိတ်ကောင်းထားခြင်းသာ အကျိုးပေးသယ်ဆိုတဲ့စိတ်[illegible] အောင်းစေသယ်ဆို။ ဇာတ်စင်ဆိုသာ လောကရဲ့ကျောင်း[illegible] ဆရာ'

'ကျုပ် ပြောခဲ့ပါသယ်။ ဟုတ်လည်း ဟုတ်[illegible] ဒါပေမဲ့ ကျုပ် ဇာတ်ခုံပေါ် မတက်ချင်တာနဲ့တော့ [illegible] လေ။ ကျုပ်မှာ အကြောင်းရှိတယ်။ ကျုပ်ပြော[illegible] အဖေက ဇာတ်ဆိုင်းဆရာကြီး။ ကျုပ်အမေက [illegible] အရပ်သူပါ။ အမေက သီလရှင်ဘဝနဲ့ [illegible]

'အဖေကကော'

'အဖေက ဇာတ်ခုံအောက်က [illegible]



www.burmeseclassic.com

www.burmeseclassic.com

ရင်းဆုံးရှာသာ။ အဖေ့ပတ်လုံးသံ ထွက်မလာတော့မှ လူတွေက သိကြတာလေ။ အဲသည်ကျမှ အဖေဆိုင်းဝိုင်းခွေတွေကြားက ထွက်ရတော့တာပဲ။ ကျုပ်တို့သားအမိကို သူ့လက်ချောင်းလေးတွေ အသားမာထအောင် ဆိုင်းတီးပြီး ကျွေးခဲ့ရှာတယ်။ ဥဩတို့ ပြဇာတ်ကနေရင် ကျုပ်ကရုံထဲက ကုလားထိုင်တစ်လုံးမှာ ထိုင်ကြည့်တာ။ ပြဇာတ်တိုက်ရင် ဇာတ်ခုံဘေးက မြေကြီးပေါ် စည်းသားပြီး တိုက်တာ။ အဖေ့အမူအကျင့်တွေပဲ ဥဩရယ်'

'ဆရာရယ်…'

အလင်းရောင်နည်းလွန်းလှလေပြီ။ ဇာတ်သူ ဇာတ်သားတွေပင် ရေချိုးသူက ချိုးကြပြီ။ တချို့က သူတို့နှစ်ယောက်ကို လှမ်းကြည့်ကြသည်။

'ဇာတ်ထွက်ရတော့မယ် ဆရာ။ ဥဩ ရေချိုးလိုက်ဦးမယ်နော်။ ဆရာရယ်၊ ဇာတ်သမားဆိုသာ ဇာတ်ခုံပေါ် ဇာတ်ခုံဘေးမှာပဲ ဘဝကုန်ကြရသာ မဆန်းလှပါဘူး။ ဥဩကတော့ ဇာတ်ခုံပေါ်မှာပဲ ကိုယ့်ငိုချင်းနဲ့ကိုယ် ငိုရင်းက ဘဝကုန်လိုက်ချင်သေးသယ်။ ဆရာ့ကို တစ်ခုတော့ ပြောပါရစီ'

'ပြော'

ဥဩသံအေးက ချက်ချင်းမပြောသေးဘဲ ပြဇာတ်ဆရာကိုသက္ကကို စိုက်ကြည့်နေခဲ့သည်။ ကိုသက္ကကလည်း တမ်းတမ်းမက်မက် ကြည့်ရှာပါ၏။ သည်အချိန်မှာ အမေ ယုဇနမစိမ်းခင်က 'ဥဩရေချိုးတော့လေ' လို့ လှမ်းအော်သည်။ ဥဩသံအေး၏ပစ္စည်းထိန်း သောင်းသောင်းက တဘက်နှင့်ဆပ်ပြာခွက်ကိုင်ကာ မနီးမဝေးက ရပ်စောင့်နေလေပြီ။ 'ဟုတ်ကဲ့အမေရေ' လို့ အသံပြန်ပေးရင်းက ပြောရမည့်စကားကို ပြောခဲ့ပါ၏။

'ဆရာ။ ဥဩကိုချစ်ရင် မှတ်ဆိတ်တွေရိတ်ပါ။ မနက်ဖြန် ဆံပင်တိုတိုညှပ်လိုက်ပါ။ ပြဇာတ်အတွက် အဝတ်အစားတွေ ဦးဩဘာက သူ့ဝယ်ပေးချင်သယ် ပြောရှာပါသယ်။ ဥဩလည်း ဆရာ့ကိုအကြောင်းဆိုက်တုန်း ကန်တော့ချင်ပါသယ်ဆရာ။ အစ်ကို ပြဇာတ် ကမယ်မှုတ်လား'

ကိုသက္ကကက ဘာမှတော့မပြော။ မျက်လုံးတွေနှင့် အဖြေပေးသည်။ ဥဩသံအေး အပြေးထွက်လာခဲ့ပါ၏။ အပြင်မှာမှောင်ပြီ။ တစ်အောင့်ဆိုလျှင် ပွဲခေါ်သံ တထိတ်ထိကြားရတော့မည်။

❑

မှတ်ဆိတ်ကျင်စွယ်တွေ ပြောင်စင်အောင်ရိတ်ထားပြီး ကျေးတစ်ရာပုဆိုးနှင့် လည်ကတုံးအင်္ကျီ အရောင်ဖျော့ဖျော့ကလေးဝတ်ထားသော ဆရာကိုသက္ကကို ကြည့်ရင်း ဥဩသံအေးအသံထွက်အောင်ပင် ရယ်မိသည်။ သည်လိုဆိုတော့လည်း လူက လူပုံချောပါလား။ ဥစ်ထေးထေး၊ ပေတေတေနေတတ်သည့်ဉာဉ်နှင့် ဆေးလိပ်တွေ နှုတ်ခမ်းပြာအောင်သောက်လို့ ဆေးချေးစော်နံတာတွေသာ ဖယ်လိုက်လျှင် လူက လူရည်သန့်ပင်။ ဇာတ်မျိုးရိုးဆိုတော့ သူ့လုပ်ရားပုံ၊ ပြီး လှမ်းပုံတွေက ခပ်နွဲ့နွဲ့ပင်။ ဇာတ်ခုံပုဏ္ဏားကွယ်ဘေးမှာ ဖအေဆိုင်းဝိုင်းထဲမှာ ဘယ်လောက်တောင် ငုတ်တုတ် မိုးလင်း ရှိခဲ့ပါလိမ့်။ ဆရာကသူ့အကြောင်းတော့ ပြောခဲတာ သတိ မိသည်။ ပြဇာတ်ပညာတွေကကော ဘယ်သူကများ သင်ပေး ခဲ့သလဲ။ မေးတော့လည်း အဖေ့ဇာတ်ထဲကပါပဲလော့ သာဖြေသည်။ ဥဩသံအေးကိုယ်တိုင်က သည်ဆရာ၏ အရိ အပြင်အောက်မှာ ပြဇာတ်မင်းသမီးကောင်းတစ်လက်ဖြစ် ခဲ့ရသည်။ ဆရာ့ကျေးဇူးတွေကြီးလှသည်။ ဆရာက တစ်ခါ တစ်ရံ ဥဩသံအေးကို ခိုးကြည့်တတ်သည်။ ဥဩသံအေး လည်း မသိချင်ယောင်ဆောင်နေရာက ဆရာ့မျက်လုံးတွေ ချောင်းဖမ်းတတ်သည်။ သည်လိုအခါမျိုးမှာ ဆရာရော ဥဩ သံအေးရော ရင်ခုန်မိကြသည်။ ဆရာနှင့် ပြဇာတ်တွဲကရ ပိုလို့ပင် အဆင်ပြေသည်။ ပြဇာတ်မင်းသား ရဲမြင့်ဦး မျက် ပြန်ကောင်းတော့လည်း အားလုံးက ဆရာမောင်သက္ကကို ဇာတ် ဆက်ကစေချင်ကြသည်။ သို့သော် ဆရာကလက် ခဲ့ပါ။ တစ်ခါတော့ ဥဩသံအေးကို ပြောသည်။

'ရဲမြင့်ဦး မျက်လုံးပြန်ကောင်းပြီဆိုမှတော့ ကျုပ် ဆင်းရမှာပေါ့။ ကျုပ်ဆက်ကနေရင် ကောင်လေးအ မတရားရာကျမယ်။ ဥဩကော ဘယ်လိုသဘောရှိသ'

'ဥဩကလား၊ ဆရာနဲ့ပဲ ကချင်သယ်။ ဆရာက ဥဩ မကချင်လို့လား'

'မဟုတ်တာ။ ကချင်ပါတယ်။ ဥဩနဲ့ ကရတာ–'

'ပြောလေ'

'သြော်။ ဥဩနဲ့ကရင် ပြဇာတ်ကနေတယ်ဆိုတဲ့ စိတ် ပြန်ပြန်ခေါ်နေရတယ်။ တစ်ခါ၊ တစ်ခါ အပြင်မှာ တ ဖြစ်နေတယ် ထင်မိလို့လေ'

'ဆရာပဲပြောသာပဲ။ ပြဇာတ်ကရင် အပြင်လော ဖြစ်ပျက်နေသာလို စိတ်သွင်းရမယ်ဆို'

'ကျုပ်က စိတ်သွင်းရုံမကဘူး ဥဩရဲ့…'

'ပြောလေ'

မိန်းကလေးက ပြောလေ၊ ပြောလေလို့ လုပ်နိုးတာ ကိုယ်တော်က မကြွလေတော့ ဖြစ်ရလေလို့သာ အောက် ၏။ သည်လိုနှင့် နှစ်ကာလနှင့်အတူ ဥဩနှင့်ဆရာ ရင် တွေပိုလာခဲ့သည်။ စကားတွေ ကျွံလာခဲ့သည်။ ဥဩသံ မကြိုက်ဘူးဆိုလို့ ဆေးလိပ်လည်းပျောက်ပြီ၊ အရက် မှောက်ပြီ။ တစ်ဇာတ်လုံးကလည်း သူတို့နှစ်ယောက်ကို ခတ်ရ ခက်နေကြရာက အကဲခတ်ရတာလွယ်လာသလို သည်။ ဥဩနဲ့ ဆရာ ဘယ်ခါမှနီးကြပါ့လို့ တွေးခဲ့ကြ

တစ်ခါမှာတော့ ချင်းတွင်းရွာတစ်ရွာမှာ ကကြ ဘုရားပွဲမဟုတ်ဘဲ မိုးခေါ်ပွဲမှာကကြရခြင်းဖြစ်၏။ က ရာသီက ပူပူလောလော။ ထိုနယ်တစ်ဝိုက် ဝါအစိုက် သည်ဖြစ်၍ အမေမနှင်းဆီနတ်ခေါ်ကြသည့်



www.burmeseclassic.com

www.burmeseclassic.com

အဆက်အကပ်ရှိကြသည်။ မနှင်းဆီက ဝါကောက်ထွက်ရာက ဝါခင်းစောင့် ဖိုးအောင်ကျော်နှင့် ရည်ငံမိကြသည်။ မနှင်းဆီကို တစ်ဖက်သတ်ကြိုက်သော မောင်သက်နံ့က ပျူမင်း၊ ပြုံးမင်းတို့ထံ ကုန်းချောလေရာ ဝါခင်းစောင့်တဲကို မင်းချင်းတွေက ဝိုင်းကြသည်။ မင်းချင်းတို့က ရိုက်နှက်ဖမ်းကြသည်တွင် ဖိုးအောင်ကျော်က ထွက်ပြေးရင်း ချောက်ထဲကျ၊ ဖိုးအောင်ကျော့်တဲတွင် မိုးခိုမိသူ မနှင်းဆီကလည်း သူ့ကြောင့်သေရသည်ဟု စွဲလမ်းကာ ရင်ကွဲနာကျ။ ဖိုးအောင်ကျော်နတ်၊ မနှင်းဆီနတ် ဖြစ်ရသည်။

သည်မိုးခေါ်ပွဲတွင် ဝါကောက်ခြင်းကြားကို မိန်းမဝတ်ဝတ်ပေးပြီး ကန်တော့ပွဲ ပေးကြသည်။ ခြင်းကြားကိုယိမ်း၊ ရွှေလက်တောက်နှင့် ခြင်းကြားကိုတောက်။ ဒါကို ဝါပခြင်းနတ် ခေါ်ကြခြင်း ဖြစ်၏။

*'ဝါဖတ်ကလေး ဖြူဖြူစင်စင်×××ရွှေလက်တောက်နှင့်ဝင်×××သမင်ဂျီမယ်ဘဏ္ဍာ×××ဖော်ဂျီရှင်မနတ်ကယ်လေး×××တီမ်းပေတော့၊ ယိမ်းပေတော့'*

သည်လို မယ်တော်မနှင်းဆီကို ဝါပခြင်းနတ်ပင့်ပြီး မိုးခေါ်လျှင်ရွာသည်ဟု ယုံကြည်ကြသည်။ ရွာလျှင်လည်း သဲကြီးမဲကြီး ရွာတတ်သည်ဆိုပါ၏။ ဥသြသံအေးတို့ဇာတ်ကြီးက မွန်းလွဲနှစ်နာရီလောက်မှာ မိုးခေါ်ပွဲဇာတ်ခုံကို ရောက်လာကြသည်။ ထိုညက မကရသေးတော့ ပစ္စည်းတွေ နေရာချကြသည်။ ဇာတ်ခုံက အမြဲတမ်းဇာတ်ခုံဆိုပေသိ ဝါးကတ်မိုးတွေက ဆွေးလှပြီ။ ညဦး ထမင်းစားပြီးကြချိန်မှာတော့ မထင်မှတ်ဘဲအခါမဲ့ မိုးကြီး ဖြန်းဖြန်းရွာချလေသည်။ ဇာတ်ခုံထဲမှာ အိပ်မဖြစ်ကြတော့ ကိုယ့်သေတ္တာ၊ ကိုယ့်ပစ္စည်းကို ပါလာသည့် ဘာလပတ်စကလေးတွေ အုပ်ကာဆိုင်းကာ ထားခဲ့ကြရင်းပြေးကြရသည်။ အားလုံးလိုလိုက မိုးထဲလေထဲမှာ ရွာဘက်ဆီပြေးမဖြစ်တော့။ အနားက မနက်ခင်းတိုင်းမှာ ရွာဈေးထွက်ကြသည့် ဈေးတန်းရှည်ကြီးကို အားကိုးကြရပါ၏။ ဈေးတန်းမှာ ရောင်းကုန်ခင်းသည့် ဝါးစင်ကလေးတွေက အိပ်စရာခင်းခုတင်ဖြစ်ရတော့သည်။

ဈေးတန်းက ရှည်လှပေသိ ကျယ်ကျယ်ဝန်းဝန်းလုံလုံခြုံခြုံတော့မဟုတ်ပါ။ ရှေ့မှာအမြိတ်နှစ်တောင်လောက်ချ ထားပြီး နောက်ကို ခပ်ကုပ်ကုပ်ဖောင်းချထားသော သက်ငယ်မိုး ဝါးတိုင်ထူဈေး တန်းကလေးသာ ဖြစ်၏။ ဈေးခင်းရာနေရာကို ဝါးလုံးတွေအလုံးလိုက်စီကာ နှီးချက်တုပ်ထားလို့ ကျယ်ကျယ်ဝန်းဝန်းတော့ရှိသည်။ မိုးကြီးရွာပြီဆိုကတည်းက ကိုယ့်စောင်၊ ကိုယ့်ခြင်ထောင်ကလေးဖြုတ်ပြီး ပြေးခဲ့ကြတာဆိုတော့ ဘယ်သူ့ဘယ်သူကိုမှ မငဲ့နိုင်။ ဒုက္ခရောက်ရချိန်မှာ ဘယ်သူ့ဘယ်သူမှ ဦးစားမရှိ။ ဇာတ်ထောင်မရှိ။ မင်းသားမရှိ။ မင်းသမီးမရှိ။ ကိုယ့်နေရာကလေးကိုယ်ဦးသူက နေကြေး။ ဥသြသံအေးက တဲတန်းအစွန်မှာနေရာရသည်။ အမေယုဇနမစိမ်းခင်က သူနှင့်လာအိပ်ဖို့ ခေါ်ရှာပါ၏။

'အမေ၊ ကျုပ်အဆင်ပြေပါသယ်၊ တစ်ညတလေပဲ၊ အမေက ဘယ်နားမှာတုံး'

'အလယ်လောက်မှာ။ ညည်းဖြစ်ကဲ့လားအေ အစွန်အဖျားမှာ'

'ရပါသယ် အမေရယ်။ ဆရာလည်း ထန်းကုလားထိုင်သွားရှာသယ်။ သည်နားမှာ ခင်းအိပ်မှာတဲ့'

'မိုးထဲလေထဲ သူ့လည်း စိုရွဲကုန်ရောပေါ့'

'အင်း၊ ဟုတ်ပါရဲ့။ မပြောတတ်ပါဘူး အမေရယ်'

'အေးအေး၊ ကိုင်း တစ်ညတလေပဲ။ သည်လိုပေါ့အေ ရောက်ရာပေါ့။ အမေ သွားမနော'

'ဟုတ်ကဲ့'

ဥသြသံအေးတစ်ယောက် ဈေးခင်းခုံပေါ်မှာပဲ ခြင်ထောင်ကလေးဖြစ်သလိုချိတ်ရင်း မိုးသံလေသံတွေကြား ကွေးကွေးကလေး လှဲရပါ၏။ မိုးကလေးတစ်တုံပါးသနိုက် ဆရာနှင့်ဇာတ်ခုံတာဝန်ခံ ကိုကျော်လှ ရောက်လာကြသည်။ ကိုကျော်လှက ထန်းပက်လက်ကုလားထိုင်ဟောင်းကို ထမ်းလို့။ ဥသြသံအေးနှင့် မလှမ်းမကမ်းမှာ ချပေးသည်။ ဆရာကိုသက္ကက တိုက်ပုံတစ်ထည်နှင့် ပုဆိုးဟောင်းတစ်ထည်ပါလာလို့ အဝတ်စိုတွေလဲသည်။ ကိုသက္ကက ထန်းကုလားထိုင်ပေါ် ထိုင်လိုက်သည်။

'ကျော်လှ ဇာတ်ခုံဘက် ဂရုစိုက်။ မင်း တုတ်မီး ကောင်းရဲ့လား'

'ကောင်းပါ့။ ဇာတ်ထောင်ရော၊ မင်းသားရော၊ အဘဦးရွှေဖိတ်ရော မနက်ဖြန်မှလာကြမှာဆိုတော့ သည်ည ကျုပ်ဗိုလ်ပါဗျာ။ စိတ်ချ ကျုပ်မအိပ်ဘူးရယ်'

ကိုကျော်လှ ထွက်သွားတော့ မိုးကြီးတစ်မ ရွာပြန်လေ၏။ မိုးထဲရေထဲမှာ ညသည်ပင် ခါတိုင်းထက် မှောင်မည်းနေခဲ့သည်။ ညတစ်ချက် ထိုးကာနီးတော့ ဇာတ်ခုံစောင့် ကိုကျော်လှက ဈေးဆိုင်တန်းဘက်တစ်ခေါက် ရောက်လာကာ ဓာတ်မီးနှင့်ဝေ့ကြည့်သည်။ ထန်းကုလားထိုင်ပေါ်မှာ ပြဇာတ်ဆရာ အိပ်နေတာကိုမြင်ရသည်။ မနက်သုံးနာရီလောက်မှာ တစ်ခေါက်ရောက်လာခဲ့ပြန်၏။ ထန်းကုလားထိုင်ကို ဓာတ်မီးနှင့် ထိုးကြည့်သည်။ မရှိ။ ပြဇာတ်ဆရာ ကုလားထိုင်မှာ မရှိ။ ကျော်လှက မိုးဖြန်းဖြန်းကြားမှာပဲ လေပြေထိုးလေ၏။

*'ကိုင်း၊ ပြောနေလျှင် ကြာရော့မည်×××တာဝတိံသာပြာသာဒ်ဆောင်သို့×××ငါနတ်မောင် ယခုပင်မြန်းပါတော့×××ရှုမခန်းအသွင်ဖြစ်တဲ့×××ပင်ကသစ်ရွှေအဖူးက လေလူး၍ကြွေသံ××× ဝေဖန်ရင်း ဆိုင်းမယ်ဗျာ'*

နွေခေါင်ခေါင် မိုးက အတိုးချရွာဆဲပင်။ ထိုညက ဥသြသံအေးဆိုသော ပင်ကသစ်ရွှေအဖူးကလေး လေလူး၍ ကြွေခဲ့လေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

■ ခင်ခင်ထူး



www.burmeseclassic.com